http://www.dhammadownload.com

ပင်လယ်ပြင်သည်
လေအဟုန်ကြောင့်
အလွန်များသော
ရေမြှုပ်အစိုင်အခဲများ
ဖြစ်လို့နေပါသည်။
ဤခန္ဓာကိုယ်သည်
ရေမြှုပ်ပမာ
ကာလမရှည်
ပျက်တတ်ပါပေတော့သည်။

**ရူပက္ခန္ဓာ**

ရုပ်(၂၈)ပါး
ရေမြှုပ်နှင့်တူ၏။
ဘာမျှမသိတတ်၊
ဖောက်ပြန်တတ်၏။
မခိုင်မာသောသဘော...။

လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၈)

မေတ္တာရှင်(ရွှေပြည်သာ)

ခန္ဓာ ငါးပါး အနိစ္စ

လူငယ်များအတွက်

# ဂမ္ဘီရဝိပဿနာ

## အတွဲ(၈)

## မေတ္တာရှင်

(ရွှေပြည်သာ)

GRAPHIC:KYAYTHAR

http://www.dhammadownload.com

# လူငယ်များအတွက် ဓမ္မရဝိပဿနာ

## အတွဲ(၈)

ဖြန့်ချိရေး
မန္တလေးကျောင်း
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း။
ရွှေပြည်သာမြို့၊ ရန်ကုန်
ဖုန်း/ ၀၁- ၆၁၁၆၂၂၊ ၀၁- ၆၁၁၄၅၇

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း၊

စာမူခွင့်ပြုချက်

၆၀၀၀၂၃၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်

၆၀၀၀၅၈၀၃၁၁

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးစိုးတင့်(ညီမေတ္တာပုံနှိပ်တိုက်)၊ သုဒ္ဓဝိပဿနာရိပ်သာ၊

မှော်ဘီမြို့နယ်၊ ရန်ကုန်။

ထုတ်ဝေသူ

ဦးစိုးတင့်(ရွှေပြည်သာစာပေ)၊ မန္တလေးကျောင်းတိုက်၊

၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်။

စီစဉ်သူ

ဦးစိုးတင့်၊ ဦးဆန်းထွန်း

မျက်နှာဖုံးပန်းချီ၊ ကွန်ပျူတာစာစီဓာတ်ပုံနှင့် ဒီဇိုင်း

ဝင်းမောင်မောင်၊ လွှကြီး၊ ကြေးသား

အတွင်းဖလင်

စတားအင်ပါယာ

ထုတ်ဝေခြင်း

ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၁၁

အုပ်ရေ

၃၀၀၀၀

တန်ဖိုး

၁၅၀၀ ကျပ်

စာအုပ်ကတ်တလောက်အညွှန်း (CIP)

မေတ္တာရှင်၊ ရွှေပြည်သာ ၊ ၂၉၄.၃

လူငယ်များအတွက်ဂမ္ဘီရဝိပဿနာအတွဲ(ဂ)/မေတ္တာရှင်(ရွှေပြည်သာ)၊ ရန်ကုန်။

ရွှေပြည်သာစာပေ၊ ၂၀၁၁။

၄၆၂ စာ၊ ၁၀ . ၁၆ X ၁၄ .၇၃ စင်တီ။

(၁) လူငယ်များအတွက်ဂမ္ဘီရဝိပဿနာအတွဲ(ဂ)

http://www.dhammadownload.com



# အမှာစာမလိုသောစာအုပ်

ပဋ္ဌမအဘိဓဇ မစိုးရိမ်ဆရာတော်ဘုရားကြီး ရှိစဉ်က၊ နာမည်ကြီး ရိပ်သာဆရာတော်တစ်ပါးက စာအုပ်ရေးပြီး သူ့စာအုပ်အတွက် မစိုးရိမ်ဆရာတော်ဘုရားကြီးမှ အမှာစာ ရေးပေးရန် လျှောက်ထားဖူး၏။

မစိုးရိမ်ဆရာတော်ဘုရားကြီးက။ ။ 'ရှင်မဟာဗုဒ္ဓဃောသဟာ အဋ္ဌကထာကျမ်းစာအုပ်ပေါင်း (၃၀)ကျော် ရေးသားခဲ့တယ်။ ဘယ်စာအုပ်မှာမှ အမှာစာ မပါ ပါ။ ရှင်ဗုဒ္ဓဃောသ ပြုစုသော စာအုပ်များက လေ့လာဖတ်ရှုသူတို့အား လောကီ၊ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုးကို ပေးစွမ်းနိုင်သောကြောင့် လေ့လာဖတ်ရှုသူတို့ ပေါများလှပါသည်။ ယခု ဆရာတော်ရေးသည့်စာအုပ်လည်း လေ့လာဖတ်ရှုသူများအတွက်၊ လောကီ၊ လောကုတ္တရာ ကောင်းကျိုး တစ်မျိုးမျိုးကို ပေးစွမ်းနိုင်သည်ဟုဆိုလျှင် လေ့လာဖတ်ရှုသူ ပေါများပါလိမ့်မည်၊ တပည့်တော်ထံမှ အမှာစာ မလိုပါ' ဟု ပြောကြားခဲ့ဖူး၏။

ယခုလည်း မေတ္တာရှင်၊ အရှင်ဇဝနက လူငယ်များအတွက် ဂမ္ဘီရဝိပဿနာစာအုပ်အတွက် မိမိအား လျှောက်ထား၏။ ပဋ္ဌမ မစိုးရိမ်ဆရာတော်ကြီး အမိန့်ရှိခဲ့ဖူးသည့်အတိုင်း အမှာစာမလိုသော စာအုပ်ဟု ထင်ပါသည်။

အနည်းငယ်ပြောရန်ရှိသည်ကား။ ဂမ္ဘီရဟု နာမည်တပ်ထားသော်လည်း အခမ်းအတိုင်း နက်နဲသည် မဟုတ်ပါ။ အချို့အခမ်းများ၌ ပေါ့ပေါ့ပါးပါး အကြောင်းအရာများသာဖြစ်သည်။ (ဂမ္ဘီရဝိပဿနာ အတွဲ ၇၊ နာ– ၆၆ ကြည့်)

http://www.dhammadownload.com



ခေတ်လူငယ်များ မိဘကျေးဇူးကို သိပြီး ကျေးဇူးဆပ်ကြအောင် ရွှေဟင်္သာတောရ စံကျောင်းဆရာတော်ကြီး၏ မိဘကျေးဇူးကဗျာကလေးကို ကိုးရှမ်းမီးမောင်းထိုးပြထား၏(ဂမ္ဘီရဝိပဿနာ အတွဲ ၈၊ နှာ- ၆၈၊ ၆၉ ကြည့်)။ စံကျောင်းဆရာတော်ကြီး၏ကဗျာကလေးကား အများစုနားလည်နေသည့် မင်္ဂလာကဗျာမျိုးပင်ဖြစ်သည်။

အနန္တဂိုဏ်းဝင် အဓိကထားရသည့်
မိဘနှစ်ပါး ကြီးကျယ်စွာ
လက်ဦးဆရာ ဖြဟ္မာအလားသို့
ဘဂဝါဘုရား ဟောခဲ့တာ
သူတို့မွေးတဲ့ ကျေးဇူးအမြတ်ကို
ကြွေးအထူးဆပ်ဖို့ နားလည်ပါ
စွမ်းနိုင်လျက်သား အိုမင်းငြား
ပစ်ထား လူယုတ်မာ
အဲဒါကြောင့် ဗုဒ္ဓထုတ်ဟော အယုတ်သဘော ကင်းစေရာ။

အထက်ကဗျာကလေးကား သုတ္တနိပါတ်၊ ပါဠိတော် ဝသလသုတ်မှာ ဟောကြားထားချက်နှင့်အညီဖြစ်သည်။

## - တောနှင့်မြို့ ကွာဟချက်နည်းအောင် -

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည့် အရေးအရာအားလုံး တောနှင့်မြို့ ကွာဟချက်နည်းအောင် ဟု အစိုးရတိုင်း ကြုံးဝါးခဲ့ကြ၏။ ယနေ့အထိလည်း ကွာဟချက်မှာ ကြီးမားနေဆဲပင်ဖြစ်သည်။ ဓမ္မကထိက အကျော်အမော်များ တောတရားပွဲနှင့် မြို့တရားပွဲ ဘယ်သင်းက များသည်ကို စဉ်းစားကြည့်ကြစေလို၏။ အရှင်ဇဝနကမူ

http://www.dhammadownload.com



ဝေးလံ သီခေါင်လှသည့် တောရွာတရားပွဲများကို ဦးစားပေးလိုက်ကြောင်း (ဂမ္ဘီရဝိပဿနာစာအုပ်၊ နှာ-၃၁၁)တွင် ရေးထား၏။ ဂမ္ဘီရ(နက်နဲသည်)ဟူသော နာမည်နှင့်လိုက်အောင်၊ စာမျက်နှာ(၃၁၈)၌ လောဘကို လေးစိပ်-စိပ်၍ မဂ်လေးပါးက အသီးသီး ပယ်သတ်ရကြောင်း၊ လူပြိန်းများ နားလည်အောင် ရေးထားသည်ကို တွေ့ရ၏။ သည့်ပြင်သည့်ပြင် စိတ်ဝင်စားစရာကောင်းသည့် အကြောင်းအရာများကို စာအုပ်တွင် ရှာဖွေဖတ်ကြည့်ကြပါတော့ဟု တိုက်တွန်းလိုက်ရပါသည်။

အရှင်ရာဇဓမ္မာဘိဝံသ
သကျသီဟနှင့် အစိုးရဓမ္မာစရိယ
မဟာနာယကဆရာတော်
ဓမ္မဒါယာဒကျောင်း
မစိုးရိမ်တိုက်သစ်
မဟာအောင်မြေမြို့နယ်၊
မန္တလေး။
၁၃၇၂ ခု- ပြာသို၊
လပြည့်ကျော် ၁၀ ရက်။
၂၉-၁-၂၀၁၁(စနေနေ့)

http://www.dhammadownload.com

# – စာဖတ်ပရိသတ်သို့ ပန်ကြားလွှာ –

လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၈)၏ ရောင်းဈေးနှုန်းနှင့် ပတ်သက်ပြီး စာဖတ်ပရိသတ်ကြီးသို့ အစီရင်ခံအပ်ပါသည်။ စာဖတ်သူများကို အစဉ်လေးစားစေတနာထားသော ရွှေပြည်သာစာပေသည် စာဖတ်သူများ အရေးတကြီး သိသင့်သည်များကို သိစေလိုသော စေတနာဆန္ဒကြောင့် ယခု ထုတ်ဝေလိုက်သော လူငယ်များအတွက် ဂမ္ဘီရဝိပဿနာအတွဲ(၈)ပါ အကြောင်း အရာအချို့ကို ထုတ်နုတ်ပြီး စာအုပ်ငယ်တစ်အုပ်အဖြစ် ပြုစုကာ "ဗုဒ္ဓဘာသာ ခေါင်းဆောင်းထားသော အရှင်ဒေဝဒတ်၏တပည့်များ"အမည်ဖြင့် ထုတ်ဝေ ခဲ့ပါသည်။

ဤသို့ ထုတ်ဝေခဲ့သည့်အတွက် "ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော အရှင်ဒေဝဒတ်၏တပည့်များ"အမည်ဖြင့် ထုတ်ဝေခဲ့သော စာအုပ်ပါ အကြောင်း အရာများကို ခြွင်းချန်ထားခဲ့မည်ဆိုပါက လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၈)ကို ဖတ်ရှုသူစာပရိသတ်များအနေနှင့် ဟာကွက်၊ လစ်လပ်ကွက်များ ဖြစ်ပြီး ဖတ်ရှု၍ အဆင်မပြေမှုများ ကြုံတွေ့ရမည်စိုး၍ ဂမ္ဘီရဝိပဿနာအတွဲ(၈)မှ ထုတ်နုတ်၍ စာအုပ်ငယ်အဖြစ် ပြုစုခဲ့သော "ဗုဒ္ဓဘာသာခေါင်းဆောင်းထား သော အရှင်ဒေဝဒတ်၏တပည့်များ"စာအုပ်ပါ အကြောင်းအရာများကို ပြန်လည် ထည့်သွင်းဖော်ပြအပ်ပါသည်။

ဤသို့ပြန်လည်ဖော်ပြထားခြင်းကြောင့် သိရှိထားပြီးအကြောင်းအရာ တစ်ခုကို နှစ်ကြိမ် ဝယ်ယူဖတ်ရှုရသည့်သဘော မသက်ရောက်စေရန် ရည်ရွယ် ပြီး ဤလူငယ်များအတွက် ဂမ္ဘီရဝိပဿနာအတွဲ(၈)ထုတ်ဝေရာတွင် အမှန် တကယ် ကုန်ကျမည့်တန်ဖိုး ကျပ် ၂၀၀၀ိ/ ကျော်ဖြစ်ပြီး၊ ၎င်းတန်ဖိုး အစား ကျပ် ၅၀၀ိ/ ကျော်လျှော့ချ၍ ကျပ် ၁၅၀၀ သတ်မှတ်ကာ အတွဲလိုက် ဝယ်ယူ ဖတ်ရှု သိမ်းဆည်းထားလိုသူများ အဆင်ပြေစေရန် အစစအရာရာ စေတနာ ရှေ့ထားကာ စီစဉ်ထားသည့်အကြောင်း အစီရင်ခံအပ်ပါသည်။

http://www.dhammadownload.com

## မာတိကာ


၁။ တစ်သက်လုံး စိတ်ချမ်းသာလိုလျှင်

၂။ ရဟန္တာမ,ကို တပ်မက်သူ

၃။ သမင်မျက်လုံး အလှဆုံး

၄။ ရွှေငွေတို့ရဲ့အပြစ်

၅။ သူတပါးကားနဲ့မာနတက်

၆။ မိုင်သုံးရာကျော် ခြေလျင်လျှောက်သူ

၇။ မြေပြင်ပေါ်က တရားပွဲ

၈။ ပါရာဇိကကျခြင်းဟူသည်

၉။ လောဘကြောင့် မုသားပြောပုံ

၁၀။ ကွဲကွာခြင်းအစ ဆံပင်က

၁၁။ ဗုဒ္ဓ၏စက္ခုနှစ်စုံ

၁၂။ တစ်လောကလုံးနဲ့ ရန်ဖြစ်ချင်သူ

၁၃။ ကျောင်းများတိုင်း လောဘများသလော

http://www.dhammadownload.com



၁၄။ ဓါးပြတို့ ဝေစုခွဲသည့်နေရာ
၁၅။ ညွှံမနစ်စေနှင့်
၁၆။ ခြသေ့ံရေခြုံသော မျောက်
၁၇။ စက်ဘီးနှင့်ရုံးတက်သော သမ္မတ
၁၈။ သက်ပျောက်နတ်ကန္တား
၁၉။ ရေးသင့်သော စာအုပ်တစ်အုပ်
၂၀။ အဝေးကရောင်ကြလော့
၂၁။ မြက်အိမ်နှင့်တိုက်အိမ်
၂၂။ သိ၍ မလောင်ကျွမ်းခြင်း
၂၃။ ကျေးစူးကို ချေဖျက်သူ
၂၄။ အငတ်စံမှအောင်ပွဲရ
၂၅။ ကျဆုံးခြင်း၏အကြောင်းရင်း
၂၆။ ရဟန္တာ ဟုတ်–မဟုတ် တိုင်းတာနည်း
၂၇။ ဆိုက်ကားစီးသော နိုင်ငံကျော်ဆရာတော်
၂၈။ မာနကို ခွာချသော ဆရာတော်
၂၉။ ဘယ်ကောင် ဆာတာလဲ
၃၀။ ဓါးပြကျတဲ့ မျက်ရည်
၃၁။ လက်ခုပ်သံနဲ့ တံတွေးပင်လယ်
၃၂။ အဟိယောဂီ
၃၃။ အစားယောဂီနှင့် တရားယောဂီ
၃၄။ သစ်ပင်နှင့်အရိပ်

http://www.dhammadownload.com



၃၅။ သုံးလှည့်တစ်လှည့်
၃၆။ တရားထူးမြင်သော ဦးဘဂျမ်း
၃၇။ ဘာသာကိုစွန့်ခြင်း
၃၈။ အပြင်မီးနှင့်အတွင်းမီး
၃၉။ နတ်သမီးလက်ညှိုးမြင်ဖူးသူ
၄၀။ ရင်ခုန်မိတာ သေမလို့
၄၁။ အဆွဲဆောင်နိုင်ဆုံးအနံ့
၄၂။ မြေအောက်စခန်းမှာ နှစ်, နှစ်ဆယ်ကြာ
၄၃။ စိတ်သခင်နဲ့ စိတ်ကျွန်
၄၄။ မသိရင် မိုက်ခြင်း
၄၅။ အလှဆုံးအစေခံ
၄၆။ ခေါင်းကွဲသော အိပ်ခြင်း
၄၇။ သစ်ပင်တက်သော ကျွဲ
၄၈။ ဖိနပ်အတွက် အသက်စွန့်သူ
၄၉။ သိန်း–၆၀– အကြွေးရှိလျက် ဒါနပြုသူ
၅၀။ ဓါးပြတွေ ဝေစုခွဲတဲ့နေရာ
၅၁။ ကားကြိတ်ခံချင်သူ
၅၂။ မသေရုံဘုန်းကံရှိသူ
၅၃။ ရဟန်းဒကာနှင့် ရဟန်းတစ်ပါ
၅၄။ ဆင်းရဲသားရဲ့ သိန်း၂၀၀–အလှူ
၅၅။ အနာခံသူ– ၅ ဦး

http://www.dhammadownload.com



တဏှာ ဒုတိယော ပုရိသော၊
ဒီဃ မဒ္ဓါန သံသာရံ။
ဣတ္ထ ဘာဝညထာဘာဝံ၊
သံသာရံ နာတိ ဝတ္တတိ။

(ဣတိဝုတ်ပါဠိတော် ၂၀၁ တဏှာသံယောဇနသုတ်)

တဏှာကို အဖေါ်လုပ်သော ယောကျ်ားသည်
ကာလရှည်လျားစွာ ကျင်လည်ရတတ်သောကြောင့်
လူ့ဘဝ၊ နတ်ဘဝ၊ အပါယ်ဘဝဆိုသော သံသရာကို
မလွန်မြောက်နိုင်။

နိဒါန်း ။ မန္ဓာတုဇာတ်ဆိုတာ တိကနိပါတ်မှာဟောတော်မူခဲ့တာ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေစဉ် ရဟန်းတစ်ပါးဟာ အမျိုးသမီးတစ်ယောက်ကို မြင်ပြီး တပ်မက်မိတဲ့အတွက် သာသနာ့ဘောင်မှာ မပျော်နိုင်ဖြစ်သွားတယ်။ ဒီမထေရ်ကို အခြားသောရဟန်းတွေက ဘုရားရှင်ထံခေါ်ပြီး လာကြလို့ ဘုရားရှင်က အခု မန္ဓာတုဇာတ်ကို ဟောကြားတော်မူခြင်းဖြစ်တယ်။

ဘုရားရှင်က ကာမတဏှာမည်သည် သမုဒ္ဒရာကဲ့သို့ ပြည့်စေခြင်းငှာ မတတ်ကောင်းဘူး။ ရွှေမင်းများဟာ ကျွန်းငယ်နှစ်ထောင် အရံရှိတဲ့ ကျွန်းကြီးလေးကျွန်းတို့မှာ စကြဝတေးမင်းအဖြစ် စံစားရတာ အားမရဘူး။ ဒါ ကြောင့် စတုမဟာရာဇ်တို့၊

http://www.dhammadownload.com



တာဝတိံသာဘုံတို့မှာ စံစားရပြန်သော်လည်း အားရတင်းတိမ် ခြင်းမရှိဘဲ ကွယ်လွန်ရတယ်လို့ မိန့်တော်မူပြီး အတိတ်ကို ဆောင်တော်မူတယ်။

သန်း။ ။ဘုရားရှင်ရဲ့ စကားထဲက သမုဒ္ဒရာကဲ့သို့ ပြည့်စေခြင်းငှာ မတတ်ကောင်းဘူးဆိုတာ ဘာကိုပြောတာလဲဘုရား။

နုပ်။ ။ ဩော် ... အဲဒါက ဒီလိုကွ။ လောကမှာ ရောင့်ရဲခြင်းမရှိတဲ့ အရာသုံးမျိုး ရှိသတဲ့။

အဂ္ဂိကဋ္ဌော သမုဒ္ဒေါစ၊

မဟိစ္ဆော စာပိ ပုဂ္ဂလော။

သကဋေ ပစ္စယေ ဒေန္တု

တယော ဧဝ တေ အတပ္ပိယာ။ တဲ့

လိုရင်းပြန်လိုက်တော့ လောကမှာ မရောင့်ရဲနိုင်တဲ့ အရာ သုံးမျိုးရှိတယ်တဲ့။ ဘာတွေလဲဆိုတော့ မီးပုံကြီးရယ်၊ သမုဒ္ဒရာ ရယ်၊ အလိုလောဘကြီးတဲ့သူရယ်ပေါ့။ မီးပုံကြီးထဲကို လောင် စာထင်းတွေ ဘယ်လောက်ပစ်ထည့်ထည့် တော်ပြီတန်ပြီလို့ မရှိဘူး။ ထည့်သမျှ လောင်နေမှာပဲ။

သမုဒ္ဒရာကြီးထဲကို မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ ချောင်းပေါင်းများစွာက ရေတွေ ဘယ်လောက်ပင် စီးဝင်စီးဝင် တော်ပြီ တန်ပြီလို့ မရှိဘူး၊ ဝင်လာသမျှလက်ခံနေမှာပဲ။ ထို့ အတူ အလိုကြီးတဲ့သူကို ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပေး ပေး တော်ပြီ တန်ပြီလို့ မရှိဘူး။ ပေးသမျှယူနေမှာပဲ။ ဒီသုံးမျိုး ထဲက သမုဒ္ဒရာကို ပြောတာပါပဲ။ ကဲ ... မန္ဓာတုဇာတ်ကို

http://www.dhammadownload.com



ဆက်ကြရအောင်။

လွန်လေပြီးသော ကမ္ဘာဦးကာလက မဟာသမ္မတလို့ အမည်ရတဲ့မင်းဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့တယ်။ မဟာသမ္မတမင်းရဲ့ သားတော်က ရောဇမင်းတဲ့။ ရောဇမင်းရဲ့ သားတော်က ကလျာဏမင်းတဲ့။

ကလျာဏမင်းရဲ့ သားတော်က ဝရကလျာဏမင်းတဲ့။ ဝရကလျာဏမင်းရဲ့ သားတော်က ဥပေါသထမင်းတဲ့။ ဥပေါသထမင်းရဲ့ သားတော်ကိုတော့ မန္ဓာတုမင်းလို့ ခေါ်တယ်။ မန္ဓာတုမင်းဟာ ရတနာခုနစ်ပါး၊ တန်ခိုးလေးပါးတို့နဲ့ ပြည့်စုံတယ်။ လက်ဝဲလက်ကိုခွေ၊ လက်ယာလက်ဖြင့်ခတ်ပြီး ကောင်းကင်ကို ကြည့်လိုက်ရင် ဒူးဆစ်ပမာဏမြင့်တဲ့ ရတနာမိုးကို ရွာစေနိုင်တယ်။

အနှစ်နှစ်သောင်းလေးထောင် သူငယ်ဘဝနဲ့ ကြီးပြင်းခဲ့တယ်။ နောက် အနှစ်နှစ်သောင်းလေးထောင် အိမ်ရှေ့မင်းအဖြစ် စံခဲ့တယ်။ အနှစ်ရှစ်သောင်းလေးထောင် စကြဝတေးမင်းအဖြစ် စံခဲ့တယ်။ ဒီအချိန်က စကြဝတေးမင်းရဲ့သက်တမ်းဟာ အသင်္ချေယျတန်းဆိုတော့ ဘယ်၍ဘယ်မျှလို့ သက်တမ်းကို သတ်မှတ်လို့ မရဘူး။ မန္ဓာတုမင်းဟာ လူ့ဘဝမှာ အမြင့်ဆုံးကာမဂုဏ်အာရုံတွေကို နှစ်ပေါင်းများစွာ ခံစားရသော်လည်း အားရတင်းတိမ်ခြင်း မရှိဘူး။

လောင်းကစား၊ သေအရက်၊ မေထုန် ဒီသုံးမျိုးဟာ ဘယ်သောအခါမှ ရောင့်ရဲခြင်း မရှိနိုင်လို့ အင်္ဂုတ္တိုရ် ပါဠိတော်၊

http://www.dhammadownload.com



တိကနိပါတ်မှာ ဘုရားရှင်ဟောတော်မူထားတယ်။ မန္ဓာတုမင်းကြီးဟာ လူ့ကာမဂုဏ်စည်းစိမ်နဲ့ အားမရနိုင်တဲ့အတွက် စတုမဟာရာဇ်နတ်ဘုံထိတက်ပြီး နတ်စည်းစိမ်ကို ခံစားတယ်။ စတုမဟာရာဇ်နတ်ဘုံဟာ လူ့သက်နဲ့ဆိုရင် နှစ်ပေါင်းကိုးသန်းအသက်ရှည်တယ်။

အဲဒီလို အနှစ်ကိုးသန်း နတ်ကာမဂုဏ်တွေကို ခံစားရသော်လည်း အားရတင်းတိမ်ခြင်းမရှိတဲ့အတွက် ကျန်တာဝတိံသာနတ်သက်ဟာ လူ့သက်နဲ့တွက်ရင် နှစ်ပေါင်းသုံးကုဋေနဲ့ အနှစ်ခြောက်သန်းအသက်ရှည်တယ်။ နှစ်ပေါင်းသုံးကုဋေနဲ့ အနှစ်ခြောက်သန်းအသက်ရှည်တဲ့ သိကြားမင်းပေါင်း ၃၅ ယောက် ပြောင်းတဲ့အထိ နတ်စည်းစိမ်ကို ခံစားရသော်လည်း မန္ဓာတုမင်းကြီးဟာ အားရတင်းတိမ်ခြင်း မရှိဘူး။

၃၆– ယောက်မြောက် သိကြားမင်းကို သတ်ပြီး တာဝတိံသာတစ်ပြည်လုံးကို သိမ်းပိုက်ကာ ကာမဂုဏ် ခံစားဖို့ အားထုတ်လာတယ်။ ဒီအခါ သူ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ဒေါသမီးကြောင့် နတ်ပြည်ကနေ လူ့ပြည်ကို ပြန်ကျလာပြီး သေဆုံးသွားခဲ့ရတယ်။ တကယ်ဆိုရင် မန္ဓာတုမင်းဟာ မသေဘဲ နေမယ်ဆိုရင် နေနိုင်သေးတယ်။ သူ့သန္တာန်မှာ ပေါ်လာတဲ့ ဝိသမလောဘဓာတ်နဲ့ ဝိသမဒေါသဓာတ်ကြောင့် သက်တမ်းမြန်မြန်ဆုတ်ယုတ်ပြီး သေခဲ့ရတာပဲ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘုရားရှင်က ...

http://www.dhammadownload.com



နကာဟာပထာ ဝသေယနု၊
တိတ္တိကာမေသု ဝိန္ဒတိ။
အပသာဒါ ဒုက္ခကာမာ၊
ဣတိဝိညာယ ပဏ္ဍိတော။
အပိဒိဗ္ဗေသုကာမေသု၊
ရတိံ သောနာဓိ ဂစ္ဆတိ။
တဏှက္ခယ ရတော ဟောတိ၊
သမ္မာသမ္ဗုဒ္ဓ သာဝကော။

လို့ ဟောတော်မူခဲ့တာပေါ့။ အဓိပ္ပာယ်က ...

ရတနာ ခုနစ်ပါး မိုးကြီးရွာချပေးသော်လည်း
ကာမဂုဏ်တို့၌ ရောင့်ရဲခြင်း မည်သည် မရှိ။
ဝတ္ထုကာမတရားများသည် အမှန်စင်စစ်
သာယာဖွယ်မရှိ။ များသောဆင်းရဲခြင်း ရှိ၏။
အတွေးအခေါ် ပညာရှိသော ပုဂ္ဂိုလ် တပည့်သည်
နတ်တို့၏ ကာမဂုဏ်ကိုသော်လည်း စုံမက်မွေ့လျော်ခြင်းသို့
မရောက်စေဘဲ၊ တဏှာ၏ ကုန်ဆုံးရာနိဗ္ဗာန်၌သာ
မွေ့လျော်ကြ၏-တဲ့ ...

ပညာမဲ့တွေဟာ လောဘနောက်ကို လိုက်တဲ့အတွက် အမြဲတမ်း ဆင်းရဲရတယ်။ ပညာရှိတွေကတော့ ရောင့်ရဲမှုနောက်ကို လိုက်တဲ့အတွက် အမြဲတမ်း ချမ်းသာရတယ်။ လောဘ တဏှာဆိုတာ အသူတစ်ရာနက်တဲ့ ချောက်ကြီးနဲ့ တူတယ်။ ဒီချောက်ကြီးထဲကို မြေတွေ ဘယ်လောက်ထည့်

http://www.dhammadownload.com



ထည့် မပြည့်နိုင်သလို လောဘနောက်လိုက်တဲ့သူအတွက် ကာမဂုဏ်အာရုံတွေ ဘယ်လောက်ခံစားခံစား အားရတင်းတိမ် သွားတယ်လို့ မရှိပါဘူး။ ချမ်းသာချင်တဲ့သူတွေ ကျင့်သုံးဖို့ ဓမ္မဒဿနလေးတွေ ပြောပြဦးမယ်။

ဘယ်လောက်ပင် စားရ စားရ တစ်ဝမ်း ဝ, ရုံပဲ
ဘယ်လောက်ပင် ဝတ်ရ ဝတ်ရ အရေပြားဖုံးရုံပဲ
ဘယ်လောက်ပင် အိပ်ရ နေရ တစ်ကိုယ်စာလေးပဲ
ဘယ်လောက်ပင် ပစ္စည်းဥစ္စာရှိရှိ
သေလျှင် ထားပစ်ခဲ့ရတာချည်းပဲ
ကုသိုလ်ပြုလျှင် ကိုယ့်ဖို့ ကျန်ခဲ့လျှင် သူများဖို့

<u>တစ်သက်လုံးစိတ်ချမ်းသာလိုလျှင်</u>

ဝတ်မသေရုံ စားရလျှင် အစားအစာဟာ
လုံလောက်ပြီလို့ ခံယူထားပါ
အရှက်လုံရုံ ဝတ်ရလျှင် အဝတ်အစားဟာ
လုံလောက်ပြီလို့ ခံယူထားပါ
မိုးလုံရုံနေရလျှင် နေစရာဟာ
လုံလောက်ပြီလို့ ခံယူထားပါ
နွားကျင်ငယ်ရည်ကို သောက်ရလျှင်
ဆေးဟာ လုံလောက်ပြီလို့ ခံယူထားပါ။
နွားကျင်ငယ်ရည်ဆိုတာ ဘုရားပေးတဲ့ဆေးပါ။ ရောဂါ

http://www.dhammadownload.com



မျိုးစုံကို ပျောက်ကင်းစေပါတယ်။

သန်း။ ။ဒီနေရာမှာ ကာမဂုဏ်ကိုတပ်မက်သူနဲ့ ကာမဂုဏ်ကိုစက်ဆုပ်သူနှစ်ဦးလုံးပါတဲ့ ဇာတ်တော်တစ်ခုလောက်ကို ထုတ်ပြရင် တပည့်တော်တို့ လူငယ်တွေ ပိုပြီးနားလည်သွားမယ် ဆရာတော်။

နုပ်။ ။ ဒါဆိုရင် ထေရီဂါထာပါဠိတော်၊ တိံသနိပါတ်က သုဘာထေရီ ရဟန္တာမအကြောင်းကို ပြောပြမယ်။ ဒီထေရီမလေးဟာ ရုပ်အဆင်း အင်မတန် ချောမောလှပတယ်။ ပုဏ္ဏားမျိုးကနေ ရဟန်းမဝတ်လာတာ။ ငယ်ငယ်ကတည်းက သာသနာ့ဘောင်ဝင်ခဲ့တော့ ငယ်ဖြူလို့ပဲ ပြောရမှာပေါ့။ အသက်နှစ်ဆယ်ကျော် သုံးဆယ်အတွင်းမှာပဲ ရဟန္တာမ ဖြစ်ခဲ့တာဆိုတော့ အရွယ်ဆယ်ပါးနဲ့ ခွဲရင် အလှဆုံးဝဏ္ဏ ဒသကအရွယ်လို့ မှတ်ရမှာပေါ့။

သန်း။ ။အရွယ်ဆယ်ပါးကို အကျယ်ပြောဦးမှပေါ့ ဘုရား။

နုပ်။ ။ အရွယ်ဆယ်ပါးအကျယ်နဲ့ တရားရှုပုံကိုတော့ တို့ရေးတဲ့ 'မင်္ဂလာ ဖိုလ်တား အန္တရာယ်များ' စာအုပ်မှာ ဖတ်ပါ။ ဒီမှာတော့ အကျဉ်းပဲ ပြောပြမယ်။

## အရွယ်ဆယ်ပါး

၁။ မန္ဒဒသက = ဉာဏ်ပညာနုံ့နှေးသောအရွယ် –၁ မှ ၁၀ ထိ

၂။ ခိဍ္ဍာဒသက = မြူးတူးပျော်ပါးကစားသောအရွယ်–၁၀ မှ၂၀ထိ

၃။ ဝဏ္ဏဒသက = အဆင်းအလှဆုံးအရွယ် –၂၀ မှ ၃၀ ထိ

၄။ ဗလဒသက = ခွန်အားအကြီးဆုံးအရွယ် –၃၀ မှ ၄၀ ထိ

http://www.dhammadownload.com



၅။ ဉာဏဒသက = ဉာဏ်ပညာအကြီးဆုံးအရွယ်–၄၀ မှ ၅၀ ထိ

၆။ ဟာနိဒသက= သွေးအားလေအား–ဆုတ်ယုတ်သော အရွယ်– ၅၀ မှ ၆၀ ထိ

၇။ ပဗ္ဘာရဒသက = ခန္ဓာကိုယ် ကိုင်းလာသောအရွယ်– ၆၀ မှ ၇၀ ထိ

၈။ ဝင်္ကဒသက = ခန္ဓာကိုယ်ကုန်းကောက်သွားသောအရွယ် – ၇၀ မှ ၈၀ ထိ

၉။ မောမူဟဒသက= မေ့လျော့တတ်သောအရွယ်–၈၀ မှ ၉၀ ထိ

၁၀။ သယနဒသက= အမြဲလဲလျောင်းနေရသောအရွယ် – ၉၀ မှ ၁၀၀ ထိ

ဒါကအရွယ်ဆယ်ပါးပေါ့။ အနိစ္စာနုပဿနာရှုပွားနည်း အကျဉ်းကတော့ မန္ဒဒသကအရွယ်မှာဖြစ်တဲ့ ရုပ်နာမ်တရား တွေဟာ ခိဍ္ဍာဒသကအရွယ်သို့ ပါမလာကြဘူး။ မန္ဒဒသက အရွယ်မှာပင် ချုပ်ပျောက်ပျက်စီးသွားကြပြီ။ ဒါကြောင့် ပရမတ် ရုပ်နာမ် တရားတွေဟာ အနိစ္စ–အမြဲမရှိပါတကားလို့ အရွယ် ဆယ်ပါးကုန်အောင် ရှုပွားဆင်ခြင်ရတယ်။

အရွယ်ဆယ်ပါးကို ရှုပွားပြီးရင် ဥတုသုံးပါးကို ဆက်လက် ရှုပွားရတယ်။ ရှုပွားနည်းအကျဉ်းကတော့ နွေဥတုမှာဖြစ်တဲ့ ရုပ်နာမ်နှစ်ပါးတို့သည် မိုးဥတုသို့ ပါမလာကြ။ နွေဥတုမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ ထို့ကြောင့် ရုပ်နာမ်နှစ်ပါးတို့ သည် အနိစ္စ–အမြဲမရှိလို့ ပွားများရတယ်။ ဒီနည်းအတိုင်း

http://www.dhammadownload.com



ဥတုသုံးပါးလုံး စုံအောင် ပွားပေါ့။

ဥတုသုံးပါးပြီးရင် လ ၁၂–ပါးနဲ့ ဆက်ပွားရတယ်။ အကျဉ်းကတော့ တန်ခူးလမှာဖြစ်သော ရုပ်နာမ်နှစ်ပါးတို့သည် ကဆုန်လသို့ ပါမလာကြ။ တန်ခူးလမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ရုပ်နာမ်နှစ်ပါးတို့သည် အနိစ္စ–အမြဲမရှိလို့ စိတ်ထဲက ရှုပွားပေးရတယ်။

လဆယ့်နှစ်ပါးကို ရှုပွားပြီးတဲ့အခါ နံနက်၊ နေ့လည်၊ ညဆိုတဲ့ ကာလသုံးပါးကို ဆက်ပြီး ရှုပွားရမယ်။ ရှုပွားနည်းအကျဉ်းကတော့ နံနက်ကာလ၌ဖြစ်သော ရုပ်နာမ်နှစ်ပါးတို့သည် နေ့လည်ကာလသို့ ပါမလာကြ။ နံနက်ကာလမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ရုပ်နာမ်နှစ်ပါးတို့သည်ကား အနိစ္စ–အမြဲမရှိလို့ ရှုပွားပေးရတယ်။

ကာလသုံးပါးကို ရှုပွားပြီးရင် နာရီကို ရှုပွားရတယ်။ ပထမနာရီ၌ ဖြစ်သော ရုပ်နာမ်နှစ်ပါးတို့သည် ဒုတိယ နာရီသို့ ပါမလာကြ။ ပထမနာရီမှာပင် ချုပ်ပျောက်ပျက်စီးကြကုန်၏။ သို့အတွက်ကြောင့် ရုပ်နာမ်တရားတို့သည်ကား အနိစ္စ–အမြဲမရှိလို့ ရှုပွားပေးရတယ်။ ၂၄–နာရီအတွက် ရှုပွားပြီးသွားရင် မိနစ်ခြောက်ဆယ်အတွက် ရှုပွားရတယ်။ မိနစ်ခြောက်ဆယ်အတွက် ရှုပွားပြီးရင် စက္ကန့်ခြောက်ဆယ်အတွက် ရှုပွားပေးရတယ်။ အဲဒါ အနိစ္စာနုပဿနာ ရှုပွားနည်းအကျဉ်းပဲ။ ကဲ–သုဘာထေရီအကြောင်းကို ပြန်ဆက်ရအောင်။

သုဘာထေရီရဲ့ ဘွဲ့တော်အပြည့်အစုံက 'သုဘာဇီဝ

http://www.dhammadownload.com



ကမ္ဘဝနိကာထေရီ'တဲ့။ မြန်မာလိုဆိုရင် ဖိဝကရဲ့ သရက် ဥယျာဉ်မှာနေသည့် တင့်တယ်လှပသော ထေရီမလို့ အဓိပ္ပာယ် ရတာပေါ့။ တစ်ရက် ထေရီမဟာ သရက်ဥယျာဉ်လမ်းအတိုင်း သူသီတင်းသုံးရာ တောကျောင်းလေးရှိရာကို သွားနေတယ်။ ဒီအချိန်မှာ အရက်ထွေနေတဲ့ လူငယ်တစ်ယောက်ဟာ ထေရီ မရှေ့ကနေ ပိတ်ရပ်ပြီး လူပျိုစကားပြောတယ်။

သန်း။ ။မိုက်ရိုင်းလှချည်လား ဆရာတော် ... ဒီသူငယ်ဟာ ရဟန္တာမ ကိုတောင် ချမ်းသာမပေးပါလား ဘုရား။

နုပ်။ ။ ဒီလိုပဲကွ ... ပုထုဇဉ်လူသားဆိုတာ လောဘ၊ ဒေါသ တစ်ခုခု ဦးစီးသွားပြီဆိုရင် ၃၁ –ဘုံမှာ အယုတ်ညံ့ဆုံး ဖြစ်သွားတာပဲ။ တစ်ခါ မေတ္တာ ကရုဏာ ဦးစီးသွားပြီ ဆိုရင်လည်း ဒီလူသား ဟာ ၃၁–ဘုံမှာ အမြင့်မြတ်ဆုံးဖြစ် သွားပြန်တာပဲ။ ဒီနေရာမှာ မှန်ကန်တဲ့ အသိတို့၊ ကုသိုလ်စိတ်တို့၊ မေတ္တာစိတ်တို့ဆိုတာ ဘာသာတစ်ခုနဲ့တင် သက်ဆိုင်တာမဟုတ်ဘဲ လူတိုင်းနဲ့ သက် ဆိုင်ပုံကို ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)က လောက ကျက်သရေဆိုတဲ့ စာအုပ်မှာ အခုလိုရေးထားတယ်။

## မူပိုင်မရှိသော ကုသိုလ်စိတ်နှင့် မေတ္တာစိတ်

မှန်ကန်တဲ့အသိဆိုတာကို တချို့က မှန်ကန်တဲ့အယူဝါဒ လို့ နားလည်မှုမှားနေတတ်ကြသလို၊ ကုသိုလ်ဆိုတာကိုလည်း ဘာသာဝါဒတစ်ခုရဲ့ မူပိုင်လုပ်ငန်းတစ်ခုလို့ အထင်မှားနေ ကြတာကိုလည်း မကြာခဏတွေ့ရတတ်ပါတယ်။ အမှန်က

http://www.dhammadownload.com



ကံနဲ့ ကံရဲ့အကျိုးကို သိတဲ့ အသိဆိုတာ ကောင်းမွန်တဲ့အလုပ်ကိုလုပ်ရင် ကောင်းကျိုးဖြစ်တယ်ဆိုတဲ့ အသိမှန်ကို ဆိုတာပါ။

ဒီလို ကောင်းကျိုးဖြစ်စေတဲ့အလုပ်ကို ဘယ်ဘာသာဝင်က လုပ်မှသာ ကောင်းတဲ့အလုပ်ဖြစ်မယ်လို့ မူပိုင်လုပ်ထားလို့ မရပါဘူး။ မိရိုးဖလာကိုးကွယ်တဲ့ အယူဝါဒအရ ဘယ်ဘာသာဝင်ပဲ ဖြစ်ပါစေ။ ကောင်းတဲ့စိတ်ထားနဲ့ သူတစ်ပါးကို ကောင်းကျိုးပြုတဲ့ အလုပ်မျိုးကို လုပ်နေတာဟာ ကောင်းမှုပါပဲ။

ဒါကို ဗုဒ္ဓဘာသာအရင့်အမာကြီးများလို့ ပြောကြသူများကိုယ်တိုင်ကတောင် သဘောမပေါက်နိုင်ကြတာတွေ တွေ့ရဖူးပါတယ်။ သရဏဂုံ မဆောက်တည်ဘဲ ပြုလုပ်တာဟာ ကုသိုလ်ဖြစ်ပါ့မလားတဲ့။ ဒီလိုပုဂ္ဂိုလ်များကို ကဲ– ဝေဿန္တရာမင်းကြီးရဲ့ ဆင်ဖြူတော်အလှူတို့၊ သားတော်သမီးတော်တို့ကို လှူတဲ့ အလှူတို့ဟာ ကုသိုလ်ဖြစ်သလား၊ မဖြစ်ဘူးလား ဆိုတော့ ဖြစ်ပါတယ်တဲ့။

ဝေဿန္တရာမင်းကြီးဟာ ဘယ်ဘာသာဝင်လဲ ဆိုတဲ့အခါကျတော့ 'အင်း'၊ 'အဲ' ဖြစ်ကုန်ကြရော။ အမှန်က အလောင်းတော်တို့ ပါရမီဖြည့်စဉ်ကာလတွေထဲမှာ သာသနာပ ကာလကြီးက အရှည်ဆုံးအများဆုံးပါ။ ဒီကာလတွေမှာ အလောင်းတော်များဟာ ဘယ်ဘာသာဝင်မှ မဟုတ်သလို ဘယ်ဘာသာရေး အလုပ်မှလည်း လုပ်မနေကြပါဘူး။ သူတစ်ပါးတို့ရဲ့ ကောင်းကျိုးကို စိတ်ကောင်းထားပြီး လုပ်ဆောင်နေတာ သက်သက်ပါ။ ဒီလိုလုပ်နေတာကိုပဲ ပါရမီကုသိုလ် အလုပ်လို့

http://www.dhammadownload.com



ဆိုရတာပါ။

အခုလောလောဆယ် နာဂစ်အလွန် ရက်ပိုင်းအတွင်းမှာပဲ နာဂစ်ဒုက္ခသည်တွေကို နိုင်ငံအသီးသီး အရပ်ဒေသအသီးသီးက ဘာသာဝင်တွေအားလုံး စာနာစိတ်နဲ့ ဝိုင်းဝန်းကူညီကြတာတွေ၊ အလွန်ဝေးလံတဲ့ အရပ်တွေမှာနေကြပြီး ဘာလူမျိုး၊ ဘယ်ဘာသာဝင်မှန်း မသိကြပေမယ့် မေတ္တာနဲ့ယှဉ်တဲ့ စာနာစိတ်၊ ကြင်နာစိတ်အပြည့်နဲ့ ထောက်ပံ့ကူညီကြတာတွေ၊ လူကိုယ်တိုင်လာရောက် အားပေးကြတာတွေ ကြည့်ပေါ့။ ဒီလူတွေထဲမှာ ဘယ်ဘာသာဝင်တွေကသာ ကုသိုလ်ရတယ်၊ ဘယ်ဘာသာဝင်တွေကတော့ ကုသိုလ်မရနိုင်ဘူးလို့ ကန့်သတ်လို့မရဘူး။

အားလုံးဟာ စိတ်ကောင်းနဲ့ ယှဉ်ပြီး ဒုက္ခရောက်သူတို့ရဲ့ ကောင်းကျိုးကို ဆောင်ရွက်ကြသူများဖြစ်လို့ ကောင်းမှုရှင်စစ်စစ်တွေချည်းပါပဲ။ ကုသိုလ်ကောင်းမှုဆိုတာကိုက အများကောင်းကျိုးအတွက် စိတ်ကောင်း၊ စေတနာကောင်းထားပြီး အကောင်းဆုံးလုပ်ဆောင်တဲ့ အလုပ်ကို ဆိုတာပါ။ ဘာသာဝင် အသီးသီးတို့ရဲ့ ဘာသာရေးအလုပ်ကို ဆိုလိုတာမဟုတ်သလို၊ ဘယ်ဘာသာဝင်ကမှ သီးသန့်ပိုင်တဲ့အလုပ်လည်း မဟုတ်ပါဘူး– ဆိုတာ အမြင်ကျယ်ကျယ်၊ အသိကြီးကြီးနဲ့ သဘောပေါက်ကြဖို့လိုပါတယ်။

စိတ်ကောင်း၊ စေတနာကောင်းဆိုတာ ဘယ်လိုစိတ်ထားမျိုးလဲဆိုတာကိုလည်း အားလုံးကျယ်ကျယ်ပြန့်ပြန့် သဘော

http://www.dhammadownload.com



ပေါက်ဖို့ လိုပါတယ်။ အတိုချုပ်ကတော့ ဗြဟ္မစိုရ်စိတ်ထားလို့ လူသိများကြတဲ့ မိမိနဲ့ သူတစ်ပါးကို တစ်သားတည်းခံယူတဲ့ ကိုယ်ချင်းစာစိတ်နဲ့ ဆင်းရဲချမ်းသာကို မျှဝေခံစားတတ်တဲ့ မေတ္တာစိတ်၊ ဒုက္ခရောက်သူကို စာနာထောက်ထား ရိုင်းပင်း ကူညီတတ်တဲ့ ကရုဏာစိတ်။

ချမ်းသာပြည့်စုံသူတို့အပေါ်မှာ မနာလိုဝန်တိုမဖြစ်ဘဲ ကိုယ်တိုင်ချမ်းသာခံစားရသလို ကျေနပ် ဝမ်းမြောက်တတ်တဲ့ မုဒိတာစိတ်နဲ့ သူတစ်ပါးရဲ့အပြစ်နဲ့ ချွတ်ယွင်းချက်များကို ခွင့်လွှတ်လစ်လျူရှုတတ်တဲ့ ဥပေက္ခာစိတ်များကို စိတ်ကောင်း၊ စေတနာကောင်းလို့ ဆိုတာပါ။ စစ်မှန်တဲ့ မေတ္တာစိတ်ထား ဆိုတာ ဗြဟ္မစိုရ်စိတ်ထား လေးမျိုးလုံးကို ကိုယ်စားပြုတဲ့ စိတ်ထားဖြစ်ပါတယ်။

(ဓမ္မဘေရီအရှင်ဝိရိယ၏

လောကကျက်သရေစာအုပ် စာ ၄၃၊ ၄၄)

ဒါက ဓမ္မဘေရီဆရာတော်ရဲ့ ကုသိုလ်စိတ်ဆိုတာကို သဘာဝကျကျ ဖွင့်ဆိုချက်ပေါ့ကွာ။ ဒီဖွင့်ဆိုချက်ကို ထောက်ကြည့်ရင်လည်း လူသားရဲ့သန္တာန်မှာ လောဘ၊ ဒေါသ တစ်ခုခု ဦးစီးရင် ၃၁-ဘုံမှာ အယုတ်မာဆုံးဖြစ်ပြီး မေတ္တာကရုဏာ ဦးစီးပြန်ရင် ဒီလူသားပဲ အမြင့်မြတ်ဆုံး ပြန်ဖြစ်ရတယ်ဆိုတဲ့ သဘောဟာ ပိုမိုထင်ရှားပါတယ်။ အခုအချိန်မှာ သဘာဝထေရီကို တပ်မက်နေတဲ့ လောဘဦးစီးနေတဲ့အတွက် အရက်သမားဟာ ၃၁-ဘုံမှာ အယုတ်ညံ့ဆုံး ဖြစ်နေတာပေါ့။

http://www.dhammadownload.com



ပုဂ္ဂလဓိဋ္ဌာန်နဲ့ ကြည့်ရင် အရက်သမားက ယုတ်မာတာပေါ့။ ဓမ္မဓိဋ္ဌာန်နဲ့ကြည့်တော့ လောဘစာတ်က ယုတ်မာတာပါ။ လူယုတ်မာဖြစ်စေခြင်းရဲ့ အဓိကတရားခံအစစ်ဟာ လောဘပါ။ ထောင်ကျနေတဲ့ ရာဇဝတ်သားအားလုံးဟာ ပကတိစိတ်နေသဘောထားအတိုင်းဆိုရင် ဘယ်သူမှ ရာဇဝတ်မှုကို မကျူးလွန်ချင်ကြပါဘူး။ လောဘ၊ ဒေါသ၊ တစ်ခုခု ဦးစီးသွားလို့သာ ရာဇဝတ်မှုကို ကျူးလွန်မိကြတာပါ။

ပြစ်မှုကျူးလွန်တဲ့ ရာဇဝတ်သားက အကျိုးတရားပါ။ ပြစ်မှုကျူးလွန်တဲ့ အဓိကတရားခံဟာ လောဘနဲ့ ဒေါသပဲ။ ဒါ့ကြောင့်လောဘနဲ့ ဒေါသဟာ ပြစ်မှုကျူးလွန်ခြင်းရဲ့ အကြောင်းတရားပဲ။ မြို့ကြီးပြကြီးတွေမှာ ခါးပိုက်နှိုက်တွေ သူခိုးတွေ မွေးစားတဲ့သူဌေးကြီးတွေ ရှိတတ်တယ်။ ခိုးလို့ရသမျှ နှိုက်လို့ရသမျှ သုံးပုံပုံနှစ်ပုံကို သူဌေးကြီးက ယူတယ်။

တကယ်ခိုးသူက တစ်ပုံပဲ ရတယ်။ ဒါပေမဲ့ သက်ဆိုင်ရာက ဖမ်းမိသွားပြီဆိုရင် ဒီသူဌေးက ငွေထိုးပြီး ထောင်ကထုတ်ယူတယ်။ ဒါ့ကြောင့် သူခိုးတွေ၊ ခါးပိုက်နှိုက်တွေဟာ အမြစ်မပြတ်နိုင်ဖြစ်နေတာ။ အမြစ်ပြတ်ချင်ရင် သူခိုးဂိုဏ်းထောင်တဲ့ သူဌေးကြီးကို ဖမ်းပြီး ထောင်ချပစ်ရမယ်။ ဒါမှ သူခိုးနဲ့ ခါးပိုက်နှိုက် အမြစ်ပြတ်မှာ။

ထို့အတူပဲ ရာဇဝတ်မှု ကျူးလွန်သူကိုပဲ အပြစ်ပေးတာဟာ အကျိုးတရားဖြစ်တဲ့ ခါးပိုက်နှိုက်တွေ၊ သူခိုးတွေကို ထောင်ချတာနဲ့ တူတယ်။ လောဘ၊ ဒေါသကို ပညာနဲ့ သတ်လိုက်

http://www.dhammadownload.com



တာက သူခိုးတွေကိုမွေးထားတဲ့ သူဌေးကြီးကို ထောင်ချလိုက်တာနဲ့ အတူတူပဲ။ ဒါကြောင့် ကမ္ဘာတစ်ဝန်းမှာ ဒုစရိုက်မှုတွေ ပပျောက်ချင်ရင် ဗုဒ္ဓချပေးတဲ့ နည်းလမ်းအတိုင်း ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေကို ပြုလုပ်ဖို့ပဲ ရှိတယ်။ အဓိကကတော့ ဝိပဿနာပေါ့။

ကဲ . . . သုဘာထေရီနဲ့ အရက်သမားအကြောင်းကို ပြန်ဆက်ရအောင်။ သုဘာထေရီဟာ သူ့ရှေ့မှာ မားမားကြီးရပ်ပြီး ရမ္မက်ခိုးလျှံတဲ့ မျက်လုံးနဲ့ သူ့ကို စိုက်ကြည့်နေတဲ့လူရွယ်ကို အခုလို အေးအေးသက်သာ လမ်းဖယ်ခိုင်းတယ်။

"အမောင် . . . သင်သည် အဘယ့်ကြောင့် ငါ၏ သွားရာလမ်းကို ပိတ်ထားပါသနည်း။ ငါသည် သင့်အား တစ်စုံတရာ နှောင့်ယှက်ခြင်းမရှိပါ။ အို . . . အမောင် ယောကျ်ားသည် ရဟန်းမိန်းမအား ထိပါးသုံးသပ်ခြင်း မပြုကောင်းပါ။ လမ်းကို ဖယ်ပေးပါလော့"

သန်း။ ။အဲလို ပြောတော့ ဖယ်ပေးရဲ့လား ဘုရား။

နုပ်။ ။ ဘယ် ဖယ်မှာလဲ။ တောလမ်းက လူပြတ်တဲ့နေရာလည်း ဖြစ်နေတော့ လူရွယ်ဟာ သုဘာထေရီရဲ့ကာမကို မရ အရယူဖို့ ဆုံးဖြတ်ထားပြီးသားကိုး။ သူ့အကြံအစည်က နူတ်နဲ့ရအောင် မြူဆွယ်မယ်၊ နူတ်နဲ့မြူဆွယ်လို့ မရရင် အတင်းကြံမယ်ဆိုတဲ့ အကြံအစည်ပဲ။ ဒါကြောင့် သုဘာထေရီရဲ့ စကားကို ဂရုမစိုက်ဘဲ စိုက်ကြည့်မြဲ စိုက်ကြည့်နေတယ်။ ထေရီက ထပ်မံပြီး တောင်းပန်စကားပြောပြန်တယ်။

http://www.dhammadownload.com



"အို အမောင်ယောက်ျား ... ငါသည် မြတ်စွာဘုရား ၏သာသနာတော်၌ ကျင့်ဝတ်သိက္ခာကို စင်ကြယ်စွာ စောင့်ထိန်းသူပါတည်း။ ရာဂ စသော ကိလေသာ အညစ်အကြေး ကင်းစင်ပြီးသူပါတည်း။ ရာဂ စသော ကိလေသာ အညစ်အကြေး ထုပြောသူ သင်သည် အဘယ့်ကြောင့် လမ်းကို တားဆီးပိတ်ပင်ပါသနည်း"

ဒီအခါကျတော့မှ လူရွှယ်က သူ့ဆန္ဒကို ထုတ်ပြောလာတယ်။

<u>ရဟန္တာမကိုမှ တပ်မက်သူ</u>

"အို- နှမ သင်သည် ငယ်ရွယ်နုပျိုလှပါသေး၏။ ရုပ်အဆင်း လှပတင့်တယ်လှပါ၏။ အဘယ့်ကြောင့် ရဟန်းဝတ်ရပါသနည်း။ လူ့ဝတ်လဲလိုက်စမ်းပါ နှမရယ်။ သင်္ကန်းဆိုးအဝတ်ကြီးကို ချွတ်ပစ်လိုက်စမ်းပါ။ ဒီဥယျာဉ်မှာ ပန်းပေါင်းစုံ လှပဖူးပွင့်နေကြတယ်။ မွှေးကြိုင် သင်းပျံ့နေကြတယ်။ ဒီဥယျာဉ်ထဲမှာ ငါတို့နှစ်ယောက် ပျော်ပျော်ပါးပါးနေကြစို့လား"

"ဤမျှ တိတ်ဆိတ်ပြီး သာယာကြည်နူးဖွယ်ကောင်းလှတဲ့ ဥယျာဉ်ကြီးထဲမှာ နှမငယ်တစ်ယောက်တည်း နေလို့ ဘာအကျိုးရှိမှာလဲ။ ငါတို့နှစ်ယောက် ဒီဥယျာဉ်ကြီးထဲမှာ စိတ်တူကိုယ်တူ ပျော်မွေ့ကြပါစို့လား နှမငယ်"

ထေရီဟာ ခန့်ချောချောတဲ့ ယောက်ျားပျို့ရဲ့ စကားကို ကြားရသော်လည်း တုန်လှုပ်ခြင်းမရှိဘူး။ ဘာကြောင့်လဲဆိုတော့ တရားကို နှလုံးသွင်းနေလို့ပဲပေါ့။ ထေရီမက

http://www.dhammadownload.com



သူ့တရားကို နှလုံးသွင်းပြီး ငြိမ်သက်နေတာကို လူရွယ်က သူ့ဘက်ပါလာပြီလို့ ထင်သွားတယ်။ ဒါကြောင့်လည်း အခုလို ပြောဆိုပြီး ဆက်လက်စည်းရုံးပြန်တယ်။

"အို ချစ်နှမ၊ လူသူကင်းမဲ့သော ဤတောအတွင်းဝယ် သင် နှမတစ်ယောက်တည်း သွားနေခြင်းမှာ ဘေးရန်များလှ ပါတယ်။ ခြင်္သေ့၊ ကျားစသော သားရဲတိရိစ္ဆာန်တို့သည် သင်နှမအား သတ်ဖြတ်ကိုက်ခဲကြလိမ့်မယ်။ သင် နှမသည် ရွှေစင်ရုပ်ကဲ့သို့ လှပတင့်တယ် နုနယ်လှဘိ၏။ စိတ္တလတာ နတ်ဥယျာဉ်၌ နတ်ဒေဝီကဲ့သို့ နှိုင်းတုမရအောင် ချောမောလှပ ပေသော သင်ချစ်နှမအား ငါသည်ချစ်မြတ်နိုးလှပါ၏။ ငါသည် သင်ချစ်နှမမှတစ်ပါး အခြားမည်သူ့ကိုမျှ ယခုကဲ့သို့ ချစ်မြတ်နိုး ခြင်းမရှိခဲ့ပါ"

"ချစ်လှစွာသော အို နှမငယ် ... ငါ၏ချစ်ခွင့်ပန်ခြင်း ကို လက်ခံပါလော။ ချစ်နှမအား ပြာသာဒ်ဘုံထက်၌ ဟင်္သာ တယ်ခမ်းနားစွာ စံစားစေပါမည်။ ကာသိတိုင်းဖြစ် နူးညံ့သော အဖိုးတန်အဝတ်အထည်များကိုသာလျှင် ဝတ်ဆင်မြန်းစေပါ မည်။ ရွှေငွေ ပတ္တမြား ရတနာမျိုးစုံသည် သင် နှမအတွက် လိုတိုင်း ရစေပါမည်။ ခြွေရံသင်းပင်း အခိုင်းအစေတို့ဖြင့် ပြည့်စုံစေပါမည်။ သင် နှမ၏ အလှကျက်သရေ မဆုတ်ယုတ် စေရအောင်၊ အလှကျက်သရေ တင့်ဖြိုးဝေစည်ရအောင် အလို ကျ စီမံပြုစုပါမည်။ ချစ်နှမ– ငါ့အား ချစ်တုံ့ပြန်ပါလော"

"အို ... ချစ်လှစွာသော နှမငယ်။ လူသူမနီးသော

http://www.dhammadownload.com



တောကြီးအလယ် ရေကန်၌ ပေါက်ရောက်သည့်ကြာပန်းသည် မည်သူမျှ မသုံးစွဲရဘဲ ပျက်စီးလေဘိသကဲ့သို့ ရဟာန်းဘဝဖြင့် အကျင့်မြတ်ကို ကျင့်သုံးသော သင်နှမ၏ ရှုမငြီးဖွယ်ရာ တင့်တယ်လှပသော ကိုယ်အင်္ဂါတို့သည် တစ်စုံတစ်ယောက်မျှ အသုံးမပြုရလေဘဲ အိုခြင်းသို့ ရောက်ပေတော့အံ့။ စဉ်းစားပါလော ချစ်နှမ။ ပျော်ရွှင်ဖွယ်ရာ လူ့အဖြစ်သို့ ပြောင်းပြီး ငါ၏အချစ်ကို လက်ခံပါလေလော့"

သန်း ။ ။ လူရွယ်က တော်တော်အပြောကောင်းတာပဲ ဆရာတော်။ ပုထုဇဉ် မိန်းကလေးတစ်ယောက်သာဆိုရင် ပါသွားလောက်ပြီ။ ထေရီမကရော ဘာပြန်ပြောလိုက်သလဲ ဘုရား။

နုပ် ။ ။ ထေရီမက . . . "အိုအမောင်ယောကျာ်း သင်သည် ငါ၏ ရုပ်ခန္ဓာအစုကို ချီးမွမ်း၍နေ၏။ လိုချင်တပ်မက်၍ နေ၏။ စင်စစ်အားဖြင့် ဆံပင်၊ အသား၊ အသွေး၊ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ လက်၊ ခြေစသော ဤရုပ်အစုသည် ယိုယွင်းပျက်စီးတတ်သည်သာတည်း။ ပုပ်သိုးညှီဟောင်သည်သာတည်း။ သချိုင်းသို့ မလွဲမသွေပို့ဆောင်ရမည့် အရိုးစု၊ အသားစုတို့သာလျှင်တည်း။ အို . . . အမောင် သင်သည် ငါ၏ ရုပ်အစုကို မှားယွင်းသောအမြင်ဖြင့် ကြည့်၍ လိုချင်တပ်မက်ဘိ၏။ အဘယ်ရုပ်၊ အဘယ်အင်္ဂါကို သင် နှစ်သက်လေဘိသနည်း"

လို့ မေးလိုက်တယ်။ ဒီတော့ လူရွယ်က . . .

<u>သမင်မျက်လုံး အလှဆုံး</u>

"အို ချစ်နှမ သင်၏မျက်လုံးတို့သည် တင့်တယ်လွန်း

http://www.dhammadownload.com



လှပါကုန်၏။ သမင်မငယ်၏မျက်လုံးပမာ ကြည်လင်တောက်ပပါပေ၏။ ရွှေစင်ယမင်းရုပ်၏ မျက်နှာပြင်နှင့်တူသော သင်နှမ၏ မျက်နှာပြင်ပေါ်မှ ကြာနီပွင့်ချပ်များနှင့်တူသော မျက်တောင်ကော့အနီးရှိ ရွှန်းလဲ့လဲ့မျက်လုံး အစုံသည် ရှုမငြီးနိုင်အောင် ရှိပါဘိ၏''

''ကိန္နရီမငယ်သို့ ညှင်းညှင်းသာသာ ကြည့်ရှုသော သင်နှမ၏ မျက်လုံးရွဲရွဲတို့သည် နှိုင်းတုမရအောင် လှပလွန်းပါ၏။ ထိုမျက်လုံးတို့ကို ငါသည် အမြတ်နိုးဆုံးပါတည်း။ ထိုမျက်လုံးတို့သည် ငါ၏ ချစ်သွေးအဟုန်ကို နိုးကြွစေကုန်၏။ ငါ့အစွဲမက်ဆုံးအရာသည် ချစ်နှမ၏ မျက်လုံးအလှတို့ပါတည်း''

လို့ ပြောလိုက်တယ်။ ဒီတော့မှ ထေရီမက အသုဘတရားကို ဟောတယ်။

''အို အမောင် ... သင်သည် မြတ်စွာဘုရား၏ သမီးတော်ကို လိုချင်တောင့်တနေချေ၏တကား။ ဆူးငြောင့်ဘေးရန်ရှိသော လမ်းကို သွားလိုသကဲ့သို့ သင်သည် အမှားကြီးမှားလေပြီ။ လဗိမာန်ကို ကစားရန် လှမ်းယူ၍ ရပါမည်လား။ မြင့်မိုရ်တောင်မင်းကို ခုန်ကျော်၍ ရပါမည်လား''

''ငါ၏သန္တာန်၌ တပ်စွန်းမှုရာဂသည် မရှိတော့သည်သာတည်း။ ထိုတပ်စွန်းမှုရာဂကို အဘယ်သို့ သဘောရှိသည်ဟူ၍ပင် မသိတော့သည်သာတည်း။ မီးကျီးတွင်း၌ ပစ်ချအပ်သော လောင်စာကဲ့သို့လည်းကောင်း၊ မီးကျီးတွင်း၌ ပစ်ချ

http://www.dhammadownload.com



လောင်ကျွမ်းစေအပ်ပြီးသော အဆိပ်ခွက်ကဲ့သို့လည်းကောင်း။ ငါ၏ စိတ်သန္တာန်၌ တပ်စွန်းမှုရာဂသည် အကြွင်းမဲ့ချုပ်ငြိမ်း ပြီးလေပြီ''

''အမောင် ... ဤခန္ဓာကိုယ်ရုပ်အစုကို မဆင်ခြင် မသုံးသပ်ရသေးသော မိန်းမ၊ မြတ်စွာဘုရားကို မဆည်းကပ် ရသေးသောမိန်းမ၊ ထိုမိန်းမမျိုးကိုသာလျှင် သင်သည် ကာမ ဂုဏ်တို့ဖြင့် ဖြားယောင်းလေလော့၊ ဖြစ်ခြင်းပျက်ခြင်း သဘော တို့ကို မဖောက်မပြန် သိပြီးသော ဤသုဘာထေရီ ဘိက္ခုနီမကို အကြောင်းပြု၍ သင်သည် ပင်ပန်းဆင်းရဲလှချေသည်တကား''

''အို ... အမောင်ယောကျ်ား ငါပြောမည့် ဥပမာစကား ကို ဆက်လက်၍ နားကြားဦးလော့ ... လှပဆန်းကြယ်သော မိန်းမရုပ်တစ်ရုပ်ကို သင် သိထားပါလေလော့။ ထိုမိန်းမပျို့ရုပ် သည် လက်၊ ခြေ၊ ဦးခေါင်း၊ မျက်လုံး၊ မျက်ခုံး စသည့် အင်္ဂါကြီးငယ်တို့ဖြင့် စုံလင်လျက်ရှိပေ၏''

''သစ်သားစိုင်ငယ်များဖြင့် ဖွဲ့၍လည်းကောင်း၊ ကြိုး အသွယ်သွယ်တို့ဖြင့် ချည်နှောင်၍လည်းကောင်း၊ ပကတိ လူကဲ့သို့ လှုပ်ရှားခြင်း ရှိနိုင်သော အရုပ်ဖြစ်ပေ၏။ လှပ တင့်တယ်အောင် ပြင်ဆင်မွမ်းမံထားသော အရုပ်ဖြစ်ပေ၏။ ထိုမိန်းမပျို့ရုပကို ရှုမြင်၍ထားပါ အမောင်''

''အလိုက်သင့်အားဖြင့် ကြိုးကိုဆွဲလျှင် လှုပ်ရှားကပြ သည်မဟုတ်ပါလား။ ရှုချင်စဖွယ်ဟု ထင်ရသည်မဟုတ်လား။ အို ... အမောင် ထိုသစ်သားရုပ်ကို ဖျက်ကြည့်စမ်းပါလော။

http://www.dhammadownload.com



အသီးသီးသော သစ်သားစို့များနှင့် ကြိုးများကို ဖြုတ်၍ ဖြေ၍ ကြည့်စမ်းလော့။ ဦးခေါင်း ခြေ လက် စသည် အင်္ဂါကြီးငယ်တို့ သည် တစ်ခုစီ တခြားစီ ပုံလျက်သားဖြစ်မသွားပေဘူးလား''

''အို အမောင် ... ထိုအစုအပုံထဲမှ လက်ကိုဖြစ်စေ၊ ဦးခေါင်း၊ နားရွက် စသည်ကိုဖြစ်စေ ကောက်ယူ၍ ကြည့်ရှုလိုက်စမ်းပါ။ အရုပ်ဟု ဆိုနိုင်သေးရဲ့လား။ လက်၊ ခြေ၊ ဦးခေါင်းစသော အပိုင်းအစများသာလျှင် ဖြစ်ချေသည် မဟုတ်လား''

''အို အမောင် ... ဆက်လက်၍ နားဆင်ပါဦးလော့။ တိုက်နံရံ၌ ဟင်္သာပြဒါး၊ ဆေးဒါန်းတို့ဖြင့် ရေးခြယ်၍ထားသော မိန်းမပျိုရုပ်ကို ရှုကြည့်စမ်းပါ။ ထိုဆေးရေးအရုပ်ကို မိန်းမဟု ထင်မှတ်ခြင်းသည် မှန်ကန်ပါမည်လား။ မမှန်ကန်သည်သာ တည်း။ အချည်းနှီး အကျိုးမဲ့သာတည်း။

''ထို့အတူ ခန္ဓာငါးပါးခေတ်အစုဖြစ်သော ဤကိုယ် ကောင်ကြီးကို မိန်းမ၊ ယောကျ်ားဟု မှတ်ယူခြင်းသည် မှား ယွင်းပေ၏။ ဖောက်ပြန်ချွတ်ချော်သော အသိအမြင် ဖြစ်ပေ၏။ ပညာမျက်စိမရှိသော အမောင်ယောကျ်ားသည် အနှစ်သာရ မရှိသော ဤခန္ဓာကိုယ်အကောင်ပုပ်ကြီးကို တပ်မက်လိုချင် ဘိသည်တကား''

<u>အလှဆုံးက ရွံစရာအကောင်းဆုံး</u>

''အို အမောင် ... သင် အနှစ်သက်ဆုံးဖြစ်သည့် ငါ၏မျက်လုံးတို့သည် သစ်သားအခေါင်း၌ထားအပ်သော ချိပ်

http://www.dhammadownload.com



လုံးကဲ့သို့သာတည်း။ မျက်လွှာအလယ်၌ မျက်ရည်တို့ဖြင့် ရောပြွမ်းလျက် တည်နေသည်သာတည်း။ မျက်ခမ်းတို့၌ မျက်ချေးများလည်း ရှိသည်သာတည်း။ ထိုမျက်ချေးများသည် ညှီစို့စို့အနံ့ ရှိသည်သာတည်း''

အဲဒီလိုပြောပြီး ထေရီမဟာ သူ့ရဲ့မျက်လုံးတစ်လုံးကို ဆွဲထုတ်ယူလိုက်တယ်။ နောက် သင်လိုချင်နှစ်သက်လှသော ငါ၏မျက်လုံးကို ယူလေလော့လို့ ပြောပြီး လှမ်းပေးလိုက်တယ်။ ဒီအခါကျမှ သေသောက်ကြူးဟာ သူ့ရဲ့အမှားကို မြင်သွားတယ်။ ကြမ်းတမ်းခက်ထန်တဲ့ သူ့ရဲ့နှလုံးသားဟာလည်း နူးညံ့သွားတယ်။ ငါ့ရဲ့ပြစ်မှားမှုကြောင့် ထေရီမရဲ့မျက်လုံးဟာ ပျက်စီးသွားရပြီ။ ငါတော့ ဒီအပြစ်တွေကို ရင်စည်းခံရတော့မှာပဲလို့ တွေးပြီး တုန်လှုပ်ခြောက်ခြားသွားကာ အခုလိုပြန်ပြောတယ်။

''အို အရှင်မ ••• အကျွန်ုပ် မှားမိလေစွ။ အရှင်မ,အား အကျွန်ုပ် ရှိသေစွာကန်တော့ပါ၏။ အကျွန်ုပ်အား ခွင့်လွှတ်ပါလော။ အကျွန်ုပ်သည် ဤသို့သော မကောင်းမှုကို နောင်တွင် ဘယ်သောအခါမှ မပြုတော့ပါ။ အရှင်မသည် ချမ်းသာပါစေသော်။ ဘေးရန်ကင်းပါစေသော်။ အကျင့်မြတ်နှင့် ပြည့်စုံသော အရှင်မအား ပြစ်မှားမိသဖြင့် အကျွန်ုပ်သည် မီးပုံကြီးကို ပွေ့ဖက်ထားရသည်နှင့်မခြား ဆင်းရဲလှပါ၏။ မြွေပွေး၊ မြွေဟောက်ကို ဖမ်းကိုင်ထားရသည်နှင့် တူပါ၏။ အို ••• အရှင်မ အကျွန်ုပ် ရှိသေစွာကန်တော့ပါ၏။ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေ အရှင်''

http://www.dhammadownload.com



သုဘာထေရီဟာ လူရမ်းကားထံမှ ဖယ်ခွာလာခဲ့ပြီး မြတ်စွာဘုရားထံသို့ ချဉ်းကပ်တယ်။ မြတ်စွာဘုရားကို ဖူးမြော်လျှက် တရားတော်ကို နာကြားပြီးတဲ့အဆုံးမှာ ထုတ်ယူခဲ့တဲ့ မျက်စိဟာ ပကတိနေရာမှာ ပြန်လည်တည်ရှိပြီး အကောင်းပကတိဖြစ်သွားတယ်။ ဒီလိုဖြစ်သွားတာဟာ သစ္စာတန်ခိုး၊ တရားတော်ရဲ့တန်ခိုး၊ အဘိညာဉ်ရဲ့ တန်ခိုးသုံးမျိုးအနက် တစ်မျိုးမျိုးကြောင့် ဖြစ်နိုင်ပါတယ်။

ထေရီဂါထာပါဠိတော်၊ ဝိသတိနိပါတ်မှာ သုဘာကမ္မာရ ဓီတုထေရီ ဆိုတာ တစ်ပါးရှိသေးတယ်။ ရဟန္တာထေရီမပါပဲ။ ရွှေပန်းထိမ်သည်ရဲ့ သမီးပေါ့။ အန္ဓပုထုဇဉ်တွေကတော့ ရာထူး၊ အာဏာ၊ စည်းစိမ်စတဲ့ ကာမဂုဏ်တွေမှာ ယစ်မူးသာယာနေကြတယ်။ ရဟန္တာအစရှိတဲ့ အရိယာသူတော်စင်များကျတော့ အဲဒီကာမဂုဏ်တွေကို မစင်ကျင်းကြီးလို ရှုရှာကြတယ်။ အဲဒီကာမဂုဏ်တွေရဲ့ အပြစ်ကို သုဘာကမ္မာရ ဓီတုထေရီမက အခုလို ဟောခဲ့တယ်။ ရဟန္တာမတစ်ပါးရဲ့လက်တွေ့အသိတရားဖြစ်လို့ သေချာစဉ်းစားပြီး နားထောင်ပါ။

ရွှေငွေတို့ရဲ့အပြစ်

ရွှေ ငွေ တို့သည် သစ္စာလေးပါးကို သိမြင်တတ်သော မဂ်ဉာဏ်အကျိုးငှာ မဖြစ်နိုင်ကုန်။ ကိလေသာငြိမ်းအေးရာ နိဗ္ဗာန်အကျိုးငှာ မဖြစ်နိုင်ကုန်။ ရွှေ ငွေစသော စုဆောင်းသိမ်းဆည်းအပ်သည့် ဝတ္ထုပစ္စည်းတို့သည် အရိယာတို့၏ ဥစ္စာ မဟုတ်ကုန်။ ရွှေ ငွေ စသော ဝတ္ထုပစ္စည်းကို ခံယူခြင်းသည်

http://www.dhammadownload.com



ရဟန်းတို့အား မလျှောက်ပတ်ကုန်။ သိမ်းဆည်းအပ်သော ရွှေ၊ ငွေ စသည်ဖြ ဝတ္ထုပစ္စည်းသည် တပ်မက်မှုလောဘကို ဖြစ်စေတတ်၏။ မာန်ယစ်ထောင်လွှားစေတတ်၏။ တွေဝေစေတတ်၏။ ကိလေသာရာဂကို ပွားစေတတ်၏။ တွေးတောရှုံရှာမှု၊ စိုးရိမ်ကြောင့်ကြမှု၊ ဘေးကျမ်းနှင့်တကွ ဖြစ်၏။ ပြုပြင်စီမံ စောင့်ရှောက်မှု စသည်ဖြင့် များစွာပင်ပန်းခြင်းရှိလေ၏။ သိမ်းဆည်းအပ်သော ရွှေ၊ ငွေ စသည်တို့သည် မြဲမြံခိုင်ခန့်မှု မရှိပေ။ တည်တံ့မှု မရှိပေ။

ရွှေငွေစသည်တို့၌ တပ်မက်ခြင်း ရှိကုန်သော သတ္တဝါတို့သည်လည်းကောင်း၊ ကုသိုလ်တရား၌ မေ့လျော့သော သတ္တဝါတို့သည်လည်းကောင်း ညစ်ညူးနောက်ကျုသော စိတ်ရှိကုန်၏။ ထို့ကြောင့် များစွာသောသတ္တဝါတို့သည် အချင်းချင်း ရန်လိုမုန်းထားကြကုန်၏။ ဆန့်ကျင် ငြင်းခုန်ကြ၏။

ရွှေ၊ ငွေဖြင့် အာသဝေါလေးပါးတို့ မကုန်ခမ်းနိုင်ကုန်။ ကာမဂုဏ်တို့သည် အဆွေခင်ပွန်းမဟုတ်ကြကုန်။ သူသတ်ယောက်ျားနှင့် တူကုန်၏။ ရန်သူနှင့် တူကုန်၏။ ရာဂစသော ခြောင့်တံသင်း ငါးစင်းကို ဖွဲ့တတ်ကုန်၏။ ကာမဂုဏ်တို့၌ အကျိုးစီးပွားကို စောင့်ရှောက်တတ်သော သဘောတရားဟူ၍ တစ်ခုမှ မရှိ။ ထိုကာမဂုဏ်တို့သည် မီးပုံကြီးနှင့် တူကုန်၏။ ဆင်းရဲ ပင်ပန်း ကြီးမားကုန်၏။

ကာမဂုဏ်ဟူသည် စွဲကပ်တတ်သောရောဂါအန္တရာယ်နှင့် တူလေသည်။ အလွန်ကြောက်မက်ဖွယ်သဘောလည်း

http://www.dhammadownload.com



ရှိသည်။ မြွေဦးခေါင်းနှင့်လည်း တူသည်။ မြွေဦးခေါင်းနှင့် တူသော ကာမဂုဏ်ကို ပညာမဲ့သော ပုထုဇဉ်လူမိုက်တို့သာ လျှင် နှစ်သက်ကြကုန်၏။ ကာမဂုဏ်တို့သည် စိုးရိမ်ခြင်း၊ ရှူးသွပ်ခြင်းကို ပြုတတ်ကုန်၏။ သတ္တဝါများကို နှိပ်စက်ပူပန် စေတတ်ကုန်၏။ မာရ်နတ်ထောင်ထားအပ်သော မြှုံးသဖွယ် ပေတည်း။ ကာမဂုဏ်တို့သည် မဆုံးနိုင်အောင် အပြစ်အနာ များပြားကုန်၏။ အဆိပ်နှင့် တူကုန်၏။ ဓားသွားဖျားဌ တည်၍ နေသော ပျားရည်နှင့် တူကုန်၏။ သာယာမှုနည်းပါးလှကုန် သည်တကား။

(ထေရီဂါထာပါဠိတော်-ဝီသတိနိပါတ်)

ကာမဂုဏ်အာရုံ စည်းစိမ် ဥစ္စာတွေကြောင့် မာန်ယစ်ထောင် လွှားပုံအကြောင်းတွေကို နောက်အပတ်မှ ဆက်ရအောင်။

## နိဗ္ဗာန်ကို စပြီး ရှုလို့ရသလား

ဒုက္ခနှင့် သမုဒယဆိုတဲ့ ဝဋ်သစ္စာ၊ လောကီသစ္စာ နှစ်ပါး ဌသာ ဝိပဿနာရှုရတယ်။ နိရောဓနှင့် မဂ္ဂဆိုတဲ့ ဝိဝဋ္ဋသစ္စာ၊ လောကုတ္တရာ သစ္စာနှစ်ပါး၌ ဝိပဿနာမရှုရဘူး။ မရှုကောင်း ဘူး၊ ရှုလို့လည်း မဖြစ်ဘူး ...တဲ့။ အဲဒါကို ခိုင်ခိုင်မြဲမြဲ မှတ်ထားကြရမယ်။ လောကုတ္တရာသစ္စာကို ဘာကြောင့် မရှုရ သလဲဆိုရင် အဝိသယတ္တာ = ပုထုဇဉ်တို့ အာရုံမပြုနိုင်တဲ့ တရားဖြစ်သောကြောင့်ပါပဲတဲ့။ ဋီကာက ဖွင့်ပြထားတယ်။ ဟုတ်တယ်။ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်တရားတွေကို လုံးလုံး

http://www.dhammadownload.com



အာရုံမပြုနိုင်ဘူး။ နိဗ္ဗာန်တရားကိုလည်း ဂေါတြဘူဖြစ်ခိုက်မှ ရှေ့အဖို့၌ လုံးလုံးအာရုံမပြုနိုင်ဘူး။ ဂေါတြဘူစိတ်ဆိုတာက ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါကျမှ အနုလောမဉာဏ်၏ အခြားမဲ့မှာဖြစ်တယ်။ အဲဒီဂေါတြဘူစိတ်၏ အခြားမဲ့မှ သောတာပတ္တိမဂ်စိတ်၊ ဖိုလ်စိတ်ဖြစ်တော့တာပဲ။

ဒါ့ကြောင့် နိဗ္ဗာန်အစစ်နဲ့ အရိယမဂ်ဖိုလ်ကို ပုထုဇဉ်တို့ အာရုံမပြုနိုင်ဘူးဆိုတာ အလွန်ထင်ရှားပြတ်သားပါတယ်။ ဒါကြောင့် နိဗ္ဗာန်ကိုစပြီး ရှုဖို့၊ အာရုံပြုဖို့ ဟောပြောညွှန်ပြတဲ့ နည်းလမ်းဆိုလျှင် အမှားစင်စစ်ပဲလို့ သေသေချာချာ မှတ်ထားကြ။ ဒီနေရာမှာ ဥပသမာနုဿတိအနေနဲ့ မရှုကောင်းဘူးလားလို့ မေးစရာရှိပါတယ်။

သမာဓိရအောင် သမထကမ္မဋ္ဌာန်းအနေနဲ့ဆိုရင်တော့ ဝိရာဂ တပ်မက်မှုကင်းခြင်း အစရှိသော နိဗ္ဗာန်၏ဂုဏ်တွေကို ရှုဆင်ခြင်ကောင်းပါတယ်။ အဲဒါက သမာဓိဖြစ်ရုံမျှအတွက် ရှုဆင်ခြင်မှုဖြစ်ပါတယ်။ အရိယမဂ်ဖိုလ်ကို ချက်ချင်းရအောင် ရှုတာ မဟုတ်ပါဘူး။ အဲဒီလို ရှုတာကလည်း နိဗ္ဗာန်ကို သိမြင်ပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်များနှင့်သာ သင့်လျော်ပါတယ်။ သာမန်ပုဂ္ဂိုလ်တွေနဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်း မဟုတ်ပါဘူး။ ဒါကြောင့် မဂ်ရောက် ဖိုလ်ရောက်ကိစ္စပြီးစေရန်အနေနဲ့ နိဗ္ဗာန်ကို စပြီး ရှုတာကတော့ အမှားစင်စစ်ပါပဲ။

(မဟာစည်ဆရာတော်၏ – ဓမ္မစကြာတရားတော်မှ)

သန်း ။ ။ ကာမဂုဏ်အာရုံတွေကြောင့် မာန်ယစ်ထောင်လွှားပုံတွေ

http://www.dhammadownload.com



အကြောင်းကို ဆက်ပါဦးဘုရား။

နုပ် ။ ။ ဖတ်ထားတာ ကြာပြီဆိုတော့ ဘယ်ကျမ်းဆိုတာတော့ မမှတ်မိတော့ဘူး။ ဒါပေမဲ့ ဇာတ်လမ်းကိုတော့ မှတ်မိနေတယ်။ အဲဒီဝတ္ထုမှာ ဘုရားအလောင်းဟာ ပညာရှိ အမျိုးကောင်းသား တစ်ယောက်ဖြစ်နေတယ်။ သူတို့မြို့မှာ အနေအထိုင် အေး ဆေးသိမ်မွေ့တဲ့ မိန်းမပျိုလေး တစ်ယောက်ရှိတယ်။ မာနကင်း ပြီး ဂါရဝနိဝါတရှိတယ်ပေါ့။ တစ်မြို့လုံးကလည်း မာနကင်း တယ်ဆိုပြီး ချီးမွမ်းကြတယ်။ သူမဟာ ဆင်းရဲပါတယ်။ ရက္ကန်း ခတ်ပြီး အသက်မွေးရတယ်။

ဒီအခါ ပညာရှိယောက်ျားက ပြောတယ်။ သူ့မှာ မာန တက်စရာ ဥစ္စာပစ္စည်းမရှိသေးလို့ပါ။ မာနတက်စရာ ဥစ္စာ ပစ္စည်းသာရှိလာရင် မာနတက်လာမှာပဲလို့ ပြောတယ်။ ဒီ စကားကိုတော့ အားလုံးက လက်ခံကြတယ်။ ဒါပေမဲ့ ဆက် ပြောတဲ့စကားကိုတော့ အားလုံးက လက်မခံကြဘူး။

သန်း ။ ။ ဘယ်လိုပြောလိုက်လို့လဲ ဘုရား။

နုပ် ။ ။ ဥစ္စာ ကြေး ငွေဟာ ဘယ်လောက်ထိ မာနတက်စေသလဲ ဆိုရင် ဒီကလေးမ မသိအောင် သူ ရက္ကန်းထိုင်ခတ်တဲ့ ခုံ အောက် မြေကြီးထဲမှာ ဥစ္စာထုပ်ကိုမြှုပ်ထားတာတောင် မာန က တက်သေးတာပဲတဲ့။ ဒီစကားကိုတော့ အားလုံးက မဖြစ် နိုင်ဘူးလို့ ပြောကြတယ်။ ဒါကြောင့် လက်တွေ့ စမ်းသပ်ကြ တာပေါ့။

ညသန်းခေါင် လူတွေအိပ်နေချိန်မှာ ဒီမိန်းကလေး

http://www.dhammadownload.com



အမြဲထိုင်တဲ့ ခုံအောက်မြေကြီးထဲမှာ ဥစ္စာထောင်ထုပ်ကို မြှုပ်ထားလိုက်တယ်။ သိပ်အံ့ဩစရာကောင်းတာပဲ။ ဥစ္စာထုပ် မြှုပ်ပြီးတဲ့နေ့ကစပြီး ဒီမိန်းကလေးဟာ မာနတွေ ကြီးလာတော့တာပဲ။ ဘယ်သူ့မှ တူတယ် တန်တယ် မထင်တော့ဘူးတဲ့။ လာသမျှလူတွေနဲ့ မသင့်မမြတ်ဖြစ်တော့တာပဲ။

ရက်အတန်ကြာ စမ်းသပ်ပြီးတဲ့အခါကျမှ မြေအောက်က ဥစ္စာထုပ်ကို ပြန်ယူလိုက်ကြတယ်။ ဥစ္စာထုပ်လည်း မရှိရော သူ့မာနတွေဟာ ပြန်ပျောက်သွားပြီး အရင်လို သဘောကောင်း သူလေး ပြန်ဖြစ်သွားပြန်ရောတဲ့။

သန်း ။ ။ အဲဒါ ဘယ်လိုသဘောလဲ ဆရာတော် ... စိတ်က ဥစ္စာထုပ်ရှိတာ မသိဘဲနဲ့ မာနက ဘာလို့တက်လာတာလဲ ဘုရား။

## <u>သိမ်မွေ့သော မာန</u>

နုပ် ။ ။ စိတ်ပညာကျမ်းတွေအဆိုအရ စိတ်ဟာ အပြင်စိတ်နဲ့ အတွင်းစိတ်ဆိုပြီး နှစ်မျိုးရှိသတဲ့။ ဒီနှစ်မျိုးမှာ အပြင်စိတ်က တန်ခိုးမရှိဘဲ အတွင်းစိတ်ကတော့ တန်ခိုးရှိသတဲ့။ အပြင်စိတ်က မမှတ်မိတာတွေကို အတွင်းစိတ်က မှတ်မိနေတတ်တယ်။ အပြင်စိတ်က မသိနိုင်တာတွေကို အတွင်းစိတ်က သိနေတတ်တယ်။ အတွင်းစိတ်ဆိုတာ မနောဒွါရမှာဖြစ်တဲ့ စိတ်ကို ဆိုလိုဟန်တူတယ်။

အပြင်စိတ်ဆိုတာကတော့ မြင်စိတ်၊ ကြားစိတ် စတာတွေပေါ့။ ဒီမိန်းကလေးရဲ့ အပြင်စိတ်က ဥစ္စာထုပ်လာထားတာကို မသိသော်လည်း အတွင်းစိတ်ကတော့ သိနေဟန်

http://www.dhammadownload.com



တူတယ်။ ဒါကြောင့် မာနတက်တာနေမှာပါ။ ဒီ ဥစ္စာရွှေငွေဟာ လူမပြောနဲ့။ တိရစ္ဆာန်ကိုတောင် မာနတက်စေသတဲ့။ ဇာတ်တော်တစ်ခုမှာ ဖတ်ရတယ်။ တစ်ခါတော့ ဝိဒေဟရာဇ် မင်းကြီးဟာ တိုင်းခန်းလှည့်လည်ရင်း ဘုရင့်ဉယျာဉ်အနီးကို ရောက်လာသတဲ့။

ဒီအခါမှာ ပုတ်သင်တစ်ကောင်ဟာ အုတ်တံတိုင်းပေါ် တက်လာပြီး အခြားပြည်သူများနည်းတူ ဘုရင်ကို ခေါင်းလေးညိတ်ညိတ်ပြီး ကြိုဆိုနေသတဲ့။ ဒီလို သူလာတိုင်း ပုတ်သင်က ကြိုဆိုနေတာကို မင်းကြီးက သဘောကျနေတာပေါ့။ ဒီအကြောင်းကို ဘုရားအလောင်း ပညာရှိအမတ်ကြီးကို ပြောလိုက်သတဲ့။ ဒီအခါပညာရှိအမတ်ကြီးက ငွေဒင်္ဂါးပြားတစ်ပြားဆုချသင့်ကြောင်း လျှောက်တင်တဲ့အတွက် မင်းကြီးက ငွေဒင်္ဂါးကိုဖောက် ကြိုးထည့်ပြီး ပုတ်သင်ရဲ့လည်ပင်းမှာ ဆွဲပေးလိုက်တယ်။

အဲဒီ ငွေဒင်္ဂါးဆွဲပြားရတဲ့နေ့ကစပြီး ပုတ်သင်ဟာဘုရင်ကြီး ဘယ်အချိန်လာလာ ထွက်မတွေ့တော့ဘူးတဲ့။ ဒီလိုဖြစ်တာ ဘာကြောင့်လဲလို့ မင်းကြီးကမေးတဲ့အခါ ပညာရှိအမတ်က ငွေဒင်္ဂါးပြားရ၍ မာနကြီးသွားသောကြောင့် ထွက်မကြိုခြင်းဖြစ်ကြောင်း၊ ထွက်ကြိုစေချင်ရင် ဆုချထားသော ငွေဒင်္ဂါးပြားကို ပြန်သိမ်းယူသင့်ကြောင်း လျှောက်တင်လိုက်တယ်။

ပညာရှိအမတ်ပြောသည့်အတိုင်း ငွေဒင်္ဂါးပြားကို ပြန်သိမ်းလိုက်သတဲ့။ နောက်တစ်ကြိမ် မင်းကြီးတိုင်းခန်း လှည့်

http://www.dhammadownload.com



လည့်သောအခါ ပုတ်သင်ဟာ အရင်အတိုင်း ပြန်ထွက်လာပြီး ကြိုသတဲ့။

သန်း ။ ။ အံ့ဩစရာပါလား ဆရာတော် . . . တပည့်တော်တို့ လူသားတွေဆိုရင် ပိုပြီး သတိထားသင့်ပါတယ်ဘုရား။ ဘာ ကြောင့်လဲဆိုတော့ မာနတက်စရာ သက်ရှိသက်မဲ့တွေက များလွန်းလို့ပါဘုရား။

## သူတစ်ပါးကားနဲ့ မာနတက်

နုပ် ။ ။ အေး– ဟုတ်တာပေါ့။ မင်းတို့ လူတွေမပြောနဲ့။ တို့ ရဟန်းတွေတောင် မာနကိလေသာကို တော်တော်သတိထား ရတယ်။ နိုင်ငံကျော် ဓမ္မကထိကတစ်ပါးကတော့ သူ့ကိုယ် တွေ့လေးတစ်ခု ဟောသွားတာ တော်တော်ကောင်းတယ်။ သူ နိုင်ငံခြားက ပြန်လာတဲ့အခါ လေဆိပ်မှာ ဝန်ကြီးရဲ့ကားနဲ့ လာကြိုတာခံရသတဲ့။ ကားပေါ်တက်ပြီး မောင်းထွက်လာတာ နဲ့ သူ့ရဲ့မာနဟာ အလိုလိုတက်လာသတဲ့။ ငါမှငါဆိုတဲ့ စိတ် မျိုး ဘယ်လိုကဘယ်လို ဝင်လာမှန်းတောင် မသိလိုက်ဘူးတဲ့။

အတော်ကြာမှ . . . ဩော် . . . ငါဟာ ကိုယ်ပိုင်ကား မဟုတ်ဘဲ သူတစ်ပါးကားစီးပြီး မာနတက်နေတာပါလားဆိုပြီး သတိဝင်သွားသတဲ့။

မာနရဲ့သဘောဟာ ထောင်လွှားတက်ကြွခြင်း သဘောရှိပေမယ့် သူ့ကို လက်ခံထားသူ မှန်သမျှကိုတော့ အောက်တန်းအကျဆုံး သူတောင်းစားဘဝတို့၊ သုဘ ရာဇာဘဝတို့ကို ပို့ပေးတတ်တယ်ဆိုတာ လူတိုင်း သတိ

http://www.dhammadownload.com



ထားသင့်တယ်။ ဗုဒ္ဓလက်ထက်က သုပ္ပိယအမည်ရှိတဲ့ မထေရ်တစ်ပါးဟာ ဒီဘဝမှာ ရဟန္တာဖြစ်ရမယ့် နောက်ဆုံးဘဝပါ။ ဒါနဲ့တောင် သင်္ချိုင်းမှာနေရတဲ့ သုဘရာဇာကတော်ဝမ်းမှာ ပဋိသန္ဓေနေခဲ့ရတာဟာ မာနကို လက်ခံမိခဲ့လို့ပါပဲ။

ကိလေသာဆယ်ပါးထဲမှာ လောဘ၊ မောဟ၊ မာနမှ တစ်ပါး ကျန်ကိလေသာတွေဟာ မဂ်တစ်ပါးချင်း သတ်လို့ သေကြပေမယ့်၊ ဒီကိလေသာသုံးပါးကတော့ ထုထည်ကြီးမားလွန်းလို့ မဂ်လေးပါးက လေးပုံပုံပြီး တစ်ပုံစီ သတ်ပစ်ရတယ်။ တရားစခန်းဝင်တဲ့အချိန်လေး မျက်စိမှိတ်ထိုင်ရုံနဲ့ ဒီကိလေသာသုံးပါးက ကုန်မှာမဟုတ်ဘူး။ အပြင်မှာပါ လက်တွေ့သတ်ပစ်ဖို့ လိုတယ်။

လယ်တီဆရာတော်ကြီးဟာ ကမ္ဘာကျော်ဆရာတော်တစ်ပါးဖြစ်ပါလျှက်နဲ့ စာသင်သား သံဃာတော်တွေ ရေချိုးရအောင်၊ ကုဋီသုံးရအောင် ရေတွေခပ်လှူတာ။ ဝမ်းရောဂါဖြစ်နေတဲ့ ကိုယ်တော်တစ်ပါးရဲ့မစင်တွေ ပေကျံနေတဲ့ သင်္ကန်းကို ကိုယ်တိုင်လျှော်တာဟာ အလုပ်နဲ့ မာနကိလေသာကို ပယ်သတ်နေတာပါ။

စစ်ကိုင်းက ဝါးချက်မင်းကျောင်းဆရာတော်ကြီးဟာ ရောဝတီမြစ်ထဲ ရေချိုးဆင်းတိုင်း ဆောင်းခါဆိုရင် အပြန်မှာ သံဃာတွေ မီးလှုံရအောင် မြစ်ထဲကထင်းတွေ ဆယ်ယူပြီး ထမ်းယူလာတာ။ နွေခါဆိုရင် မြစ်သဲတွေကို ကောသီနဲ့ထုပ်

http://www.dhammadownload.com



ယူထမ်းပြီး ကျောင်းဝိုင်းထဲ ခင်းပေးတာတွေဟာ မာနကိလေသာကို အလုပ်နဲ့ ပယ်သတ်တာပါပဲ။

အလုပ်အကိုင်ကို ကြည့်ပြီး အမျိုးယုတ်တယ်၊ အမျိုးမြတ်တယ်လို့ သတ်မှတ်တာဟာ ဟိန္ဒူဘာသာက လာတာပါ။ ဗုဒ္ဓဘာသာမှာတော့ စိတ်ဓာတ်ကိုကြည့်ပြီး အမျိုးယုတ်တယ်၊ အမျိုးမြတ်တယ်ဆိုတာကို သတ်မှတ်ပါတယ်။ စိတ်ဓာတ်ယုတ်ညံ့ရင် ဘယ်လောက်ရာထူးကြီးကြီး၊ ဘယ်လောက်စီးပွားဥစ္စာ ချမ်းသာချမ်းသာ ယုတ်ညံ့သူလို့ သတ်မှတ်ပါတယ်။ မိလ္လာကျုံးသူပင်ဖြစ်ပါစေ၊ စိတ်ဓာတ်မြင့်မြတ်ရင် မြင့်မြတ်သူလို့ပဲ သတ်မှတ်ပါတယ်။

## <u>အလောင်းကိုင်တာချင်း တူသော်လည်း</u>

အလောင်းကိုင်တာချင်းအတူတူ သုဘရာဇာကို လူ့လောကက ဖယ်ထုတ်ပြီး ဆရာဝန်ကိုတော့ သားမက်ဖမ်းပြီး အိမ်ဦးခန်းမှာထားချင်တာဟာ သဘာဝမကျပါဘူး။ ဝါးချက်မင်းကျောင်းဆရာတော်ကြီးဆိုရင် ဝမ်းလျှောပြီး ပျံလွန်တော်မူသွားတဲ့ကျောင်းက ရဟန်းတော်တစ်ပါးရဲ့ အလောင်းကို ပခုံးပေါ်ထမ်းပြီး ဘယ်သူမှမသိအောင် သင်္ချိုင်းမှာ မီးသင်္ဂြိုဟ်ပေးတယ်။ အခြားတပည့်တွေ စာပေအလုပ်၊ တရားအလုပ် ပျက်မှာစိုးလို့ တစ်ပါးတည်းနဲ့ပြီးအောင် သင်္ဂြိုဟ်ခြင်း ဖြစ်ပါသတဲ့။ ဆရာတော်ကြီးကိုယ်တိုင် ပျံလွန်တော်မူခါနီး အချိန်ရောက်တော့ ဘယ်သူမှမသိအောင် သင်္ချိုင်းထဲက အုတ်ဂူတွေဘေးမှာ သွားပုန်းနေတယ်။

http://www.dhammadownload.com



ဒကာတွေ၊ တပည့်တွေ အလုပ်ပျက်မှာစိုးလို့ ကိုယ့်အလောင်းကို သင်္ဂြိုဟ်ခြင်းဖြစ်ပါသတဲ့။ ဒီအချက်ကို ကြည့်ရင် သူတော်ကောင်းမှန်သမျှဟာ မိမိကိုယ်ကိုသာ လောကအတွက် အသုံးချချင်တာ။ လောကကိုတော့ မိမိအတွက် အသုံး မချချင်ဘူးဆိုတာ အသေအချာပါ။ မိမိကိုယ်ကိုလည်း သူတော်ကောင်း ဟုတ်၊ မဟုတ်ဆိုတာ ဒီပေတံနဲ့ တိုင်းကြည့်နိုင်ပါတယ်။

မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်က ဝေဘူဆရာတော်ကြီးဆိုရင် ညဘက်လူခြေတိတ်ပြီဆိုတာနဲ့ ဝေဘူတောင်တက်လမ်းတွေကို ကိုယ်တိုင် ကျောက်လုံးတွေထမ်းပြီး ပြုပြင်ရှာပါတယ်။ ဒါတွေဟာ အလုပ်နဲ့ မာနကိလေသာအပြင် ခန္ဓာကိုယ်ကို တယုတယထားချင်တဲ့ လောဘကိလေသာကိုပါ အလုပ်နဲ့ လက်တွေ့ပယ်သတ်နေခြင်းပါပဲ။

အလောင်းတော်မြတ်ကြီး ဗုဒ္ဓဂယာမှာ ဘုရားဖြစ်ပြီးတဲ့အခါ၊ မိဂဒါဝုန်မှာ ရောက်နေတဲ့ ပဥ္စဝဂ္ဂီငါးပါးကို ဓမ္မစကြာတရားသွားဟောတဲ့အကြောင်း မင်းကြားဖူးတယ် မဟုတ်လား။

သန်း ။ ။ မှန်ပါ ... ကြားဖူးပါတယ် ဘုရား။

နုပ် ။ ။ ဗုဒ္ဓဂယာနဲ့ မိဂဒါဝုန်နဲ့ မိုင်ပေါင်း ဘယ်လောက်ဝေးမယ် ထင်သလဲ။

<u>မိုင်သုံးရာကျော် ခြေလျင်လျှောက်သူ</u>

သန်း ။ ။ မြတ်စွာဘုရားက ခြေလျင်ကြွသွားပြီး တရားဟောတာဆိုတော့ သိပ်မဝေးဘူးလို့ ထင်တာပဲ ဘုရား။

http://www.dhammadownload.com



နုပ် ။ ။ မိုင်တော့ ဘယ်လောက်ဆိုတာ သေချာမသိဘူးကွာ။ ငါတို့ သွားတုန်းက ဗုဒ္ဓဂယာကနေ မိဂဒါဝုန်ရောက်အောင် လေ အိတ်ကားအကောင်းစားကြီးနဲ့ လမ်းကောင်းတာတောင် တစ်နေကုန်မောင်းရတယ်။ မိုင်ပေါင်းသုံးလေးရာထက်တော့ နည်းမယ် မထင်ဘူး။ ကြည့်စမ်း ‥ အဲသလောက်ဝေးတဲ့နေရာကို ဘုရားရှင်ကိုယ်တိုင် ခြေလျင်ကြွပြီး တရားဟောသေးတာ။ ခုခေတ် ဓမ္မကထိကတွေရော ဘာလို့မသွားနိုင်ရှိရမလဲ။

သံယုတ်ပါဠိတော်ထဲမှာလို့ ထင်တယ်။ ဘုရားရှင်ရဲ့ တရားပွဲ ကျင်းပပုံလေး တစ်ခုပါတယ်။ ဗုဒ္ဓဘာသာ အများစုက မြတ်စွာဘုရား ဘုန်းကံကြီးမားတော်မူတဲ့ အချိန်က တရားပွဲကြီးတွေအကြောင်းသာ ကြားဖူးကြတာ။ ဟောတဲ့ ဆရာတော်တွေကလည်း ကြီးကျယ်ခမ်းနားတဲ့ တရားပွဲကြီးတွေ အကြောင်းသာ ဟောကြတာကိုး။ အခုပြောမှာက မြတ်စွာဘုရား ဘုရားဖြစ်စက တရားပွဲကျင်းပပုံကို ဇီဇာကြောင်လွန်းတဲ့ ဓမ္မကထိကတွေ သိအောင် ပြောချင်တာ။

မြတ်စွာဘုရား ဘုရားဖြစ်စအချိန်က ဗုဒ္ဓဘာသာဆိုလို့ ဘုရားရှင်တစ်ပါးတည်း ရှိတာ။ ကျန်တဲ့ အိန္ဒိယတစ်နိုင်ငံလုံးက ဟိန္ဒူဘာသာဝင်တွေချည်းပဲဆိုတော့ ဗုဒ္ဓကို တရားပွဲကျင်းပပေးမယ့်လူ တစ်ယောက်မှ မရှိပါဘူး။

သန်း ။ ။ ဟုတ်သားပဲ ဆရာတော် ‥‥ တပည့်တော်တို့ အဲဒီအချက်ကို တစ်ခါမှမတွေးဖူးဘူး။ ဒါဆိုရင် ဒီဘာသာခြားတွေ အားလုံးနီးပါးကို ဗုဒ္ဓဘာသာဖြစ်လာအောင် ဘုရားရှင် ဘယ်

http://www.dhammadownload.com



လိုနည်းနဲ့ တရားပွဲတွေကျင်းပပြီး ဟောခဲ့သလဲ ဆရာတော်။

နုပ် ။ ။ အေး . . . အခု အဲဒါကို ပြောပြချင်တာ။ တို့က ဖတ်စရာတွေက များတယ်။ မှတ်စရာတွေကလည်း များတယ်။ ဒါကြောင့် ဖတ်ပြီးတဲ့အခါ အရေးကြီးတဲ့ ဟောကြားချက်ကိုပဲ မှတ်နိုင်တော့တယ်။ ကျမ်းအမည်တို့၊ သုတ်အမည်တို့၊ မြို့နာမည်၊ လူနာမည်တို့ကို အကုန်မမှတ်နိုင်တော့ဘူး။ အခုပြောမယ့် အကြောင်းအရာမှာလည်း ဗုဒ္ဓရဲ့ဟောကြားချက်အချုပ်ကိုသာ မှတ်ထားတာ။ ကျန်တာတွေ မှတ်မထားနိုင်ဘူး။ အချက်အလက်အပြည့်အစုံ လိုချင်ရင်တော့ သံယုတ်ပါဠိတော်မြန်မာပြန်ကိုပဲ ပြန်ကြည့်ပေါ့။

အချိန်မရရင် ဓမ္မာစရိယဦးမောင်မောင်လေးရဲ့ အနှစ်ချုပ်သံယုတ္တနိကာယ်ကို ကြည့်ပါ။ အစိုးရက ပြန်တဲ့ စာအုပ်က ကျယ်လွန်းအားကြီးတယ်။ အဲဒီမှာ ဘယ်လို ပါသလဲဆိုတော့ မြတ်စွာဘုရား ဒေသစာရီကြွချီရင်းနဲ့ ရွာကြီးတစ်ရွာကို ရောက်သွားတယ်။ ဘာသာခြားရွာကြီးလည်းဖြစ်၊ အသိ အကျွမ်းလည်း တစ်ယောက်မှ မရှိဆိုတော့ တရားပွဲ ကျင်းပပေးမယ့်လူ မပြောနဲ့။ တည်းခိုဖို့ အခန်းပေးမယ့်လူတောင် မရှိဘူး။

ကြည့်ရတာ နတ်ကွန်းတို့၊ ဇရပ်တို့တောင် ရှိတယ် မထင်ဘူး။ ဘုရားရှင်ဟာ အရိပ်ကောင်းတဲ့ ရွာထဲက ထွက်လာမယ့်သူတွေလည်း မြင်နိုင်တဲ့သစ်ပင်ကြီးတစ်ပင်ကို ရွေးလိုက်တယ်။ သစ်ပင်ကြီးက ကြွေကျနေတဲ့ သစ်ရွက်တွေကို စုပြီး အိပ်ယာခင်းလုပ်လိုက်တယ်။ ပြီးတော့မှ နှစ်ထပ်သင်္ကန်း

http://www.dhammadownload.com



ကြီးကို လေးခေါက်ခေါက်ပြီး သစ်ရွက်ခြောက်တွေပေါ် ခင်းတယ်။ အဲဒါ မြတ်စွာဘုရားရဲ့ တည်းခိုခန်းပဲ။

ပြီးတော့ သက်နီးခေါက်ပေါ်ထိုင်ပြီး မေတ္တာပွား၊ အာနာပါနရှု၊ သို့မဟုတ် ဖလသမာပတ်ဝင်စားပြီး ထိုင်တော်မူတယ်။ ရောက်စအချိန်ဟာ မိုးချုပ်စဆိုတော့ ရွာပြင်မှာ လူတစ်ယောက်မှ မရှိတော့ဘူး။ အဲဒီလို ဘာဝနာတစ်ခုခုပွားရင်းနဲ့ ညသန်းခေါင်ရောက်လာတဲ့အခါ ကျိန်းစက်တော်မူတယ်။

သန်း ။ ။ အခန်းမရှိ၊ ကုတင်မရှိ၊ စောင်မရှိနဲ့ ဘယ်လိုများ ကျိန်းသလဲ ဆရာတော်။

## မြေပြင်ပေါ်က တရားပွဲ

နုပ် ။ ။ စောစောက ပြောခဲ့တဲ့ သစ်ရွက်ပုံပေါ်မှာ ကိုယ်ကို လှဲချပြီး နှစ်ထပ်သင်္ကန်းကို စောင်လုပ်ခြုံလိုက်တာပဲ။ နှစ်ထပ်သင်္ကန်းဆိုတာ ဆောင်းတွင်းပိုင်းမှာ စောင်အဖြစ်ခြုံလို့ရအောင် ဘုရားရှင်က ခွင့်ပြုထားတာ။ မနက်လေးနာရီလောက်ဆိုရင် ဘုရားရှင်က ဘာဝနာအလုပ်ကို စလုပ်နေပြီ။ မိုးလင်းပြီဆိုတာနဲ့ ရွာထဲကလူတွေ သူ့ကိစ္စနဲ့သူ ရွာပြင်ထွက်လာကြပြီ။

တစ်ချို့ စိတ်ဝင်စားတဲ့လူက ဘုရားရှင်နားသွားပြီး သူတို့သိချင်တာကို မေးတတ်ကြတယ်။ အဲဒီအချိန်မှာ ဘုရားရှင်က သူတို့စိတ်နှလုံးထဲကို ရောက်သွားမယ့် တရားဒေသနာကို ဟောတာပဲ။ ခုကြည့် ... ဘုရားရှင်ရဲ့ တရားပွဲတစ်ပွဲ။ လူဘယ်လောက်စည်သလဲလို့၊ ပရိသတ်ဆိုလို့ လူငယ် တစ်ယောက်ပဲ ရှိတယ်။ အဲဒီ လူငယ်က သစ်ပင်အောက် သစ်ရွက်

http://www.dhammadownload.com



ပုံပေါ်မှာ တည်ကြည်စွာ ထိုင်နေတဲ့ ဘုရားရှင်ကိုမြင်တော့ တော်တော်အံ့ဩသွားတယ်။ သူတို့ခေတ်က ခန္ဓာကိုယ်ကို ညှင်းဆဲပြီးကျင့်တဲ့ အတ္တကိလမထကျင့်စဉ်ကို သိပ်အထင်ကြီးတတ်ကြတယ်။ ဒါကြောင့် ဒီသူငယ်က ဗုဒ္ဓကို အတ္တကိလမထအကျင့်ကို ကျင့်တဲ့သူထင်လို့ အခုလိုလာမေးတာ။

"အသင်ရဟန်း. . . ယခုညဟာ အလွန်အေးပါတယ်။ ကျွန်ုပ်တို့ဟာ တိုက်ခန်းနဲ့ ကုတင်နဲ့ မွေ့ရာနဲ့ စောင်နဲ့ နွေးထွေးအောင် သေချာပြုပြင်ပြီး အိပ်ကြရပါတယ်။ ဒါနဲ့တောင် အိပ်မပျော်တဲ့သူ တချို့ရှိပါသေးတယ်။ အသင်ရဟန်းမှာတော့ အခန်းမပါ၊ မွေ့ရာမပါ၊ စောင်မပါနဲ့ လွင်တီးခေါင်မှာ အိပ်နေရတယ်။ ဘယ်လိုလဲ အသင်ရဟန်း. . . အသင်ရဟန်းညက အိပ်လို့ပျော်ပါရဲ့လား"

လို့ မေးလိုက်တယ်။ ဒီအခါ ဘုရားရှင်က . . .

"တပ်မက်တဲ့ စိတ်၊ သူတစ်ပါးအကျိုးကို ဖျက်ဆီးသောစိတ်၊ အသိအမြင် မှားယွင်းသောစိတ်၊ ထောင်လွှား တက်ကြွသောစိတ် စသည်တို့ နှိပ်စက်ခံနေရမယ်ဆိုရင် အခန်းထဲမှာ မွေ့ရာနဲ့ စောင်နဲ့ အိပ်ခွင့်ရလည်း အိပ်ပျော်မှာ မဟုတ်ပါဘူး။ ငါဘုရားရဲ့ သန္တာန်မှာ အဲဒီစိတ်ဆိုး စိတ်ယုတ်(ကိလေသာ) တွေ မရှိတဲ့အတွက်ကြောင့် အခုလို လွင်တီးခေါင်မြေကြီးပေါ်မှာ အိပ်ရလည်း အိပ်ပျော်ပါတယ်"လို့ ဖြေလိုက်တယ်။

အဲဒီစကားကနေ စပြီး သွားလိုက်တာ။ တဖြည်းဖြည်းနဲ့ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ စတာ

http://www.dhammadownload.com



တွေ့ထိ ရောက်သွားတယ်။ တရားအဆုံးမှာတော့ အဲဒီသူငယ် ဟာ အနည်းဆုံး ဗုဒ္ဓဘာသာတော့ ဖြစ်သွားတယ်။ အများဆုံး ကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ထိ ရသွားတာပဲ။ အဲဒါ ဘုရားရှင် ရဲ့ တရားပွဲကျင်းပပုံပဲ။ ဘုရားရှင်ရဲ့ခေတ်ကို မပြောပါနဲ့၊ လွန်ခဲ့ တဲ့ နှစ်ပေါင်းရှစ်ဆယ်ကျော်လောက်က လယ်တီဆရာတော် တို့ခေတ် တရားဟောပုံကို လေ့လာကြည့်ရင် ခုခေတ် ဓမ္မ ကထိကတွေဟာ အများကြီးသက်သာတာပဲ။

လယ်တီဆရာတော်တို့ခေတ်ကဆိုရင် အသံချဲ့စက် မပေါ်သေးတော့ ဒီလူငါးထောင်ကျော်လောက် ကြားအောင် ပကတိအသံနဲ့ အော်ဟောနေရတာ ဘယ်သက်သာမလဲ။ တစ်ခါကများဆို လယ်တီဆရာတော်ကြီးခမျာ တရားဟော ရင်း ပင်ပန်းလွန်းအားကြီးလို့ ပလ္လင်ပေါ်မှာ မူးမေ့တောင်လဲကျ သွားဖူးတယ်။ အသံချဲ့စက် အကောင်းစားတွေနဲ့ ပါးစပ်လှုပ်ရုံ ဟောနေရတဲ့ ဒီနေ့ခေတ် ဓမ္မကထိကတွေက ပင်ပန်းတယ်လို့ ညည်းရင် လယ်တီဆရာတော်တို့က ရယ်နေမှာပေါ့။

## ချုံပုတ်ထဲမှ ရဟန္တာများ

သံယုတ်ပါဠိတော်ထဲမှာ ဒေဝဒဟလို့ အမည်ရတဲ့ သုတ် တစ်သုတ် ရှိတယ်။ ဒေဝဒဟမြို့အနီးမှာ ဟောလို့ ဒီအမည် ရတာပါ။ တစ်ခါတော့ ရဟန်းတစ်စုဟာ မြို့တစ်မြို့ကို သာသနာပြုကြွခါနီးမှာ ဘုရားရှင်ကို သွားကန်တော့ကြ တယ်။ ဒီတော့ဘုရားရှင်က သင်တို့တစ်တွေ သာသနာပြု

http://www.dhammadownload.com



မကြွခင် သင်တို့ရဲ့နောင်တော်ကြီး အရှင်သာရိပုတ္တရာကို သွား ကန်တော့ကြပါလို့ မိန့်တော်မူတယ်။

သန်း ။ ။ မြတ်စွာဘုရားက ဘာဖြစ်လို့ အရှင်သာရိပုတ္တရာကို သွား ရှိခိုးခိုင်းတာလဲ ဘုရား . . . ရည်ရွယ်ချက်တစ်ခုခုတော့ ရှိမယ် ထင်တယ်။

နုပ် ။ ။ ရှိတာပေါ့။ သာသနာပြုကြွမယ့် ရဟန်းတော်များ အရေး တကြီး သိရမယ့်အချက်အချို့ကို အရှင်သာရိပုတ္တရာက ဘုရားရှင်ကိုယ်စား ဆုံးမဩဝါဒပေးနိုင်မယ်ဆိုတာကို သိလို့ အခုလို လွှတ်တာပါ။

ရဟန်းတွေ အရှင်သာရိပုတ္တရာရှိရာ ခြုံပုတ်ကြီးထဲ ရောက်အောင်သွားပြီး ရှိသေစွာ ကန်တော့ကြတယ်။

သန်း ။ ။ ဆရာတော်စကားများ မှားသွားသလား ဘုရား။ အရှင် သာရိပုတ္တရာဟာ နေစရာရှားလို့ ခြုံပုတ်ထဲ သီတင်းသုံးတာ လား ဘုရား။

နုပ် ။ ။ ဟုတ်တယ်။ ဒီအချိန်က ဘုရားရှင်နဲ့ ရဟန္တာများအတွက် နေစရာ သိပ်ရှားတယ်။ ဘုရားရှင်သာသနာက အခုမှ အားယူ စ အချိန်ပဲ ရှိသေးတာကိုး။ ဘုရားရှင်နဲ့ နောက်ပါရဟန်းတော် ငါးရာတို့ ဒေသစာရီကြွချီတဲ့အကြောင်း၊ ဗုဒ္ဓစာပေတွေမှာ မင်း မကြာခဏ ဖတ်ရတယ်မဟုတ်လား။

သန်း ။ ။ မှန်ပါ ဖတ်ရတယ် ဘုရား။

နုပ် ။ ။ အေး . . . အဲဒီလို ကြွကြွတဲ့အခါ ငါရှေ့မှာ ပြောခဲ့သလို ဗုဒ္ဓဘာသာဆိုတာ အင်မတန်ရှားပါးသေးတဲ့အချိန်ပဲ။ ဒါ

http://www.dhammadownload.com

ကြောင့် ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာကျော်တို့ဟာ များသောအားဖြင့် ဒီ ဒေဝဒဟသုတ်မှာလို ခြုံပုတ်တွေထဲတို့၊ သစ်ပင်တွေအောက်မှာတို့၊ သီတင်းသုံးကြရတာပဲ။ မိုးရွာရင် စို၊ နေပူရင် ခြောက်ပေါ့ကွာ။

ဒီအချက်တွေ ထောက်ထားပြီး ဒီနေ့ခေတ် နိုင်ငံကျော် ဓမ္မကထိကတွေဟာ ဘယ်ကားနဲ့ပင့်မှ၊ ဓမ္မပူဇာငွေ ဘယ်လောက်ရမှ၊ ဘယ်လိုအခန်းနဲ့ နေရမှ တရား ဟောပေးနိုင်မယ်ဆိုတဲ့ ကန့်သတ်ချက်မျိုးတွေ လုပ်မထားသင့်ပါဘူး။ ခြေလျင်ကြွ၊ ချုံပုတ်ထဲနေ၊ မြေကြီးပေါ်အိပ်ပြီး တရားဟော ကြွပေးကြတဲ့ ဘုရားရှင်နဲ့ ရဟန္တာအရှင်မြတ်တွေကို အားနာ ဖို့ကောင်းပါတယ်။

ကဲ ... ဒေဝဒဟသုတ်ကို ပြန်ဆက်မယ်။ ရှိခိုးနေကြ တဲ့ ရဟန်းတွေကို အရှင်သာရိပုတ္တရာက အခုလို မေးတော်မူ တယ်။

"ငါ့ရှင်တို့ ဘယ်လိုအကြောင်းကိစ္စရှိလို့ လာကန်တော့ ကြတာလဲ"

"သာသနာပြု ခရီးကြွခါနီးမှာ အရှင်မြတ်ကို သွား ရှိခိုးကြဖို့ ဘုရားရှင်က စေခိုင်းတော်မူတဲ့အတွက် အခုလိုလာ ရောက်ရှိခိုးရခြင်း ဖြစ်ပါတယ်"

"ငါ့ရှင်တို့ အရပ်တစ်ပါးသို့ ရောက်တဲ့အခါ အတွေး အခေါ်ရှိတဲ့ ဘာသာခြားပုဂ္ဂိုလ်များက ငါ့ရှင်တို့ကို အခုလိုမေး ကြလိမ့်မယ်။ အရှင်မြတ်တို့ ဆရာဗုဒ္ဓ၏ဝါဒသည် အဘယ်

http://www.dhammadownload.com



ဝါဒမျိုး ဖြစ်ပါသနည်း။ အရှင်မြတ်တို့၏ဆရာဗုဒ္ဓသည် တပည့်သာဝကတို့အား အဘယ်ကဲ့သို့ ဆုံးမသြဝါဒ ပေးပါသနည်းဟု မေးခဲ့လျှင်။ ။ ငါ့ရှင်တို့သည် ဗုဒ္ဓ၏ အာဘော်ကျအောင် ဖြေကြားနိုင်ပါသလော''

## ဗုဒ္ဓရဲ့ဝါဒ

''တပည့်တော်တို့ မဖြေကြားနိုင်ပါ ဘုရား''

''အေး ။ ။ ။ အဲဒီအချက်ကို သိစေချင်လို့ ဘုရားရှင်က ငါ့ရှင်တို့ကို တို့များဆီ လွှတ်လိုက်တာပဲ။ ကဲ- သေချာနားထောင်ကြ။ တို့များ နားလည်အောင် ရှင်းပြမယ်။ ဗုဒ္ဓရဲ့ ဝါဒဟာ တဏှာပယ်သတ်ရေးဝါဒဖြစ်တယ်။ တဏှာကို ပယ်သတ်ဖို့ ဗုဒ္ဓဟာ ဆုံးမသြဝါဒ ပေးတော်မူခဲ့တယ်''

''အဲသလို ဖြေလိုက်ရင် သူတို့က နောက်တစ်ဆင့် တက်ပြီး မေးလာကြလိမ့်မယ်။ ဘယ်အရာမှာ စွဲလမ်းတဲ့ တဏှာကို ပယ်သတ်ခိုင်းတာလဲလို့ ဆက်မေးလာရင် အခုလို ဖြေရမယ်။ သဘောတရားဖြစ်တဲ့ ခန္ဓာငါးပါးမှာ စွဲလမ်းတဲ့ တဏှာကို ပယ်သတ်ဖို့ခိုင်းပါတယ်လို့ ဖြေရမယ်။ တစ်ခါ တစ်ဆင့်တက်ပြီး မေးမှာက ဘယ်လို အကျိုးတရားတွေကို မြင်လို့ ဘယ်လိုအပြစ်တွေကို မြင်လို့ ခန္ဓာငါးပါးမှာ စွဲလမ်းတဲ့ တဏှာကို ပယ်သတ်ဖို့ ဆုံးမရတာလဲ ဆိုတာပဲ''

''ဒီအခါမှာ ခန္ဓာငါးပါးအပေါ်မှာ စွဲလမ်းတဲ့ တဏှာကို ပယ်သတ်ထားသူဟာ ဒီခန္ဓာငါးပါးပျက်စီးချိန်ရောက်ပြီ၊ သို့မဟုတ် သေဆုံးမယ့်အချိန် ရောက်လာပြီဆိုရင် စိုးရိမ်ပူဆွေး

http://www.dhammadownload.com



ငိုကြွေးရခြင်း မရှိတော့ဘူး။ ဒီကောင်းကျိုးတရားတွေကို မြင်လို့ ခန္ဓာငါးပါးအပေါ် စွဲလမ်းတဲ့ တဏှာကို ပယ်သတ်ဖို့ ဆုံးမခဲ့တာ ပါလို့ ဖြေရမယ်''

''ခန္ဓာငါးပါးအပေါ်မှာ စွဲလမ်းတပ်မက်တဲ့သူဟာ ဒီ ခန္ဓာငါးပါး ပျက်စီးချိန်၊ သေမယ့်အချိန်ရောက်လာပြီဆိုရင် စိုးရိမ်ပူဆွေး ငိုကြွေးပြီး ဒေါမနဿ အကုသိုလ်နဲ့ သေရပါ တယ်။ (မကောင်းတဲ့စိတ်နဲ့ သေတဲ့အတွက် မကောင်းတဲ့ဘုံ ကိုလည်း ရောက်ရပါတယ်) ဒီအပြစ်တွေကို မြင်တဲ့အတွက် ခန္ဓာငါးပါးမှာ စွဲလမ်းတပ်မက်တဲ့ တဏှာကို ပယ်သတ်ဖို့ ဟောကြားဆုံးမတာပါလို့ ဖြေရမယ်''

ဒီနေရာမှာ မင်းတို့လူငယ်တွေအတွက် လွယ်ကူတဲ့ စိတ္တာနုပဿနာရှုနည်းတစ်ခုကို ပြပေးမယ်။ ဒါမှ အရှင်သာရိ ပုတ္တရာ အမိန့်ရှိသလို ခန္ဓာမှာတပ်မက်တဲ့တဏှာ ကွာမှာပေါ့။ ပိုပြီးမှတ်မိအောင် ဓမ္မပဒကလာတဲ့ ဝတ္ထုတစ်ခုကို ထုတ်ပြ မယ်။ ဆရာကြီးဦးရွှေအောင်ကလည်း ဒီဝတ္ထုကို ဆောင်းပါး အနေနဲ့ ဝိပဿနာကျင့်စဉ်တွေပါ ထည့်ရေးပေးထားတာ သိပ် ဖတ်လို့ကောင်းတယ်။ မင်းတို့ လူငယ်တွေအနေနဲ့ ဝိပဿနာ ဉာဏ်အမြင်တွေ ကျယ်လာဖို့အတွက် ဆရာကြီး ဦးရွှေအောင် ရေးတဲ့ ဓမ္မပဒကို ဆုံးအောင်ဖတ်စေချင်တယ်။

ဆရာကြီးရဲ့ ဓမ္မဒေသနတွေကိုလည်း ဒီမှာ သက်ဆိုင် တဲ့ နေရာရောက်ရင် ပြည့်စုံအောင်ထုတ်ပြမယ်။ ဒီထက် ကျယ်ကျယ်ဝန်းဝန်းသိချင်ရင်တော့ ဆရာကြီးရေးတဲ့ ဓမ္မပဒ

http://www.dhammadownload.com



စာအုပ်ကို ကိုယ်တိုင်ဖတ်ကြပေါ့။ တစ်ခါတော့ မြတ်စွာဘုရား ဟာ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတယ်။ ဒီမြို့မှာ သူဌေးသားတစ်ယောက်ရှိတယ်။ သူဌေးသားဆိုမှတော့ စား၊ ဝတ်၊ နေရေး အဘက်ဘက်က ပြည့်စုံတာပေါ့။ ဒါကြောင့် သူ့ကို အများက ချမ်းသာသူလို့ သတ်မှတ်ကြတယ်။ ဒါပေမယ့် သူက သူ့ကိုယ်သူ ချမ်းသာသူ လို့ မသတ်မှတ်ဘူး။

သန်း ။ ။ စားဝတ်နေရေး ပြည့်စုံနေပါလျက် သူဌေးသားက သူ့ကိုယ် သူ ဘာဖြစ်လို့ ချမ်းသာသူလို့ မသတ်မှတ်တာလဲ ဘုရား။

နုပ် ။ ။ ဆရာကြီးရဲ့ စာတွေ ကောင်းတယ်ဆိုတာ အဲဒါပေါ့။ သူ တစ်ပါး မမြင်တာကို မြင်အောင် ရေးတတ်တယ်။ သူတစ်ပါး မတွေးမိတာကို ဆရာကြီးက တွေးမိတယ်။ ကြည့်– ဆရာကြီး ဖွင့်ပြလိုက်တာ။

## <u>အမြဲဆင်းရဲနေသူများ</u>

*လောက၏ သတ်မှတ်ချက်အရဆိုလျှင် သူဌေးသား သည် ချမ်းသာသူဖြစ်၏။ သို့ရာတွင် သူဌေးသားကမူ သူ့ကိုယ် သူ ချမ်းသာသူဟူ၍ မသတ်မှတ်။ အမြဲဆင်းရဲသူ ဟူ၍သာ သတ်မှတ်၏။ ဤသို့ သတ်မှတ်ချက်ချင်း ခြားနား၏။ လောက က ဗဟိဒ္ဓကို ကြည့်၍ သတ်မှတ်ခြင်းဖြစ်၏။ သူဌေးသားက အဇ္ဈတ္တကို ကြည့်၍ သတ်မှတ်ခြင်းဖြစ်၏။ ကြည့်ပုံချင်းမတူ သောအခါ မြင်ပုံချင်းလည်း ခြားနားသွားစေ၏။ ချမ်းသာခြင်း ဟူသည်မှာ ငြိမ်းချမ်းခြင်းဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက*

http://www.dhammadownload.com



*လည်း အမြင့်ဆုံးချမ်းသာကို သန္တိသုခဟူ၍ သမုတ်ထားခြင်း ဖြစ်၏။ သန္တိသုခ၏အနက်မှာ ငြိမ်းချမ်းမှု ချမ်းသာဟူ၍ ဖြစ်၏။ အဘိ ဓမ္မာဝေါဟာရအရဆိုလျှင် ချမ်းသာခြင်း ဟူသည်မှာ သုခဝေဒနာ၏ အမည်ဖြစ်၏။ သုခဝေဒနာ ဟူသည်မှာ ချမ်းသာကို ခံစားခြင်းဟူ၍ ဖြစ်၏။ သို့ရာတွင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရဆိုလျှင် ဝေဒနာ၊ ပစ္စယာ၊ တဏှာဟူ၍ ဆိုခြင်းကြောင့် သုခဝေဒနာဟူသည် စစ်မှန်သော ချမ်းသာ မဟုတ်။ တဏှာဖြင့် ခံစားရသော ချမ်းသာမျိုးသာဖြစ်၏။ ဝေဒနာပစ္စယာ တဏှာမဟုတ်တော့ဘဲ ဝေဒနာပစ္စယာ ပညာ၊ သမ္မာဒိဋ္ဌိ ဖြစ်ပါမှ စစ်မှန်သော ချမ်းသာသန္တိသုခကို ရမည် ဖြစ်၏။ ဤသို့ သူဌေးသားက နားလည်၏ တဲ့။*

ဆိုလိုရင်းကတော့ ဗီစီဒီ ဓာတ်လမ်းခွေကြည့်ပြီး အဆင်းအရသာနဲ့ အသံအရသာကို ခံစားတယ်လို့ ဆိုကြပါစို့။ အများရဲ့ အမြင်ကအဆင်းနဲ့ အသံရဲ့ အရသာကို ငါက ခံစား တာလို့ ဗဟိဒ္ဓ အပြင်ဘက်အမြင်နဲ့ မြင်ကြတယ်။ ဒါ့ကြောင့် ချမ်းသာတယ်လို့ သတ်မှတ်တာ။ သူဌေးသားက ငါ ခံစားတာ မဟုတ်။ ဝေဒနက္ခန္ဓာက ခံစားတာ။ ဒီဝေဒနက္ခန္ဓာ ဆိုတာ နာမ်တရားလေးပဲ ဖြစ်ပြီးတော့ ပျက်သွားတာလို့ အတွင်း အဇ္ဈတ္တထိ သိတယ်။ ဒါကြောင့် သူက သူ့ဘဝကို ဆင်းရဲသူ လို့ သတ်မှတ်တာပေါ့။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ ဘယ် အာရုံပဲ ခံစား ခံစား၊ စွဲလမ်းတပ်မက်တဲ့ တဏှာက အမြဲပါနေ

http://www.dhammadownload.com



တယ်။ တဏှာပါရင် ပူလောင်နေမှာပဲ။ ပူလောင်မှုနဲ့ တွဲတဲ့ ချမ်းသာဟာ တကယ့်ချမ်းသာမဟုတ်ဘူး။ ချမ်းသာ တစ်ပဲ၊ ဆင်းရဲတစ်ပိဿာ ဆိုတာမျိုးဖြစ်တဲ့အတွက် တကယ့်ချမ်းသာ စစ် မဟုတ်သေးဘူးလို့ သူဌေးသားက နားလည်ထားတယ်။ ချမ်းသာစစ်မှန်ရင် ပူလောင်မှုမပါဘဲ အမြဲငြိမ်းအေးနေရမယ်။ စာမှာတော့ ဒီချမ်းသာမျိုးကို သန္တိသုခလို့ သုံးတယ်။ နိဗ္ဗာန် ချမ်းသာလို့ ဆိုရမှာပေါ့။ တစ်နည်း ပူလောင်တဲ့ လောဘ၊ ဒေါသစတဲ့ ကိလေသာတွေ ကုန်ခမ်းတဲ့နေရာလို့ ဆိုရမှာပေါ့။

ပူလောင်မှုကင်းတဲ့ ချမ်းသာဆိုတာ ရှိနေတယ်လို့တော့ သူဌေးသားက သိတယ်။ ဒါပေမဲ့ အဲဒီပူလောင်မှုကင်းတဲ့ ချမ်းသာကိုရအောင် ဘယ်လို လုပ်ရမလဲဆိုတာကို သူ မသိဘူး။ ဒါကြောင့် သူ့အိမ်ကို ဆွမ်းခံကြွနေကျ ရဟန်းတစ်ပါးကို ဘဝဒုက္ခမှ လွတ်မြောက်မယ့် နည်းလမ်းကို မေးတယ်။ ရဟန်းက သူသိသလောက် ပြောပြတယ်။ စာရေးတံဆွမ်း လှူရင် ဘဝဒုက္ခက လွတ်မြောက်ပြီး ကိလေသာအပူကင်းတဲ့ သန္တိသုခကို ရမယ်တဲ့။

## ချမ်းသာကို ရှာဖွေခြင်း

စာရေးတံဆွမ်းဆိုတာ မဲချပြီး ဆွမ်းလှူတာပါပဲ။ အဲသလို လှူပေမယ့် သူလိုချင်တဲ့ သန္တိသုခကို မရဘူး။ ဒါကြောင့် ရဟန်းကို ထပ်မေးပြန်တယ်။ ဆရာရဟန်းက ဝါဆို သင်္ကန်းလှူခိုင်းပြန်တယ်။ ပြောတဲ့အတိုင်း လှူတယ်။ ဒါပေမဲ့ သူ့ဆန္ဒမပြည့်ဝပြန်ဘူး။ ထပ်ခါထပ်လျှောက်ပြန်တော့ မိမိ

http://www.dhammadownload.com



ပိုင်ပစ္စည်းသုံးပုံတစ်ပုံလှူပါလို့ အကြံပေးပြန်တယ်။ လိုက်လုပ်တယ်။ ဒါပေမဲ့ သူ့ရည်ရွယ်ချက် မပြည့်မြောက်ပြန်ဘူး။ နောက်တစ်ခါမေးပြန်တော့ သရဏဂုံဆောက်တည်ခိုင်းတယ်။ ဒါနဲ့မရပြန်တော့ ငါးပါးသီလလုံအောင် စောင့်ထိန်းခိုင်းတယ်။

ဒါလည်းပဲ သူရောက်ချင်တဲ့ ပန်းတိုင်မဟုတ်သေးဘူးဆိုတော့ ရှစ်ပါးသီလကို စောင့်ခိုင်းတယ်။ အဲဒီကမှ တစ်ဆင့်ဆယ်ပါးသီလထိ ဆက်စောင့်တယ်။ နောက်ဆုံးကျမှ ရဟန်းဝတ်ပါတော့လို့ပြောလိုက်လို့ ရဟန်းပါ ဝတ်လိုက်တယ်။ ဒါနကစပြီး ရဟန်းပြုတဲ့အထိ ကောင်းမှုကုသိုလ်ကို အစဉ်အတိုင်းပြုတဲ့အတွက် ဒီသူဌေးသားကို အနုပုဗ္ဗသူဌေးသားလို့ အများက နာမည်တပ်ကြတယ်။

ဒီနေရာမှာ ဆရာကြီးက ရထားတဲ့ခန္ဓာအပေါ် အများက ငါလို့ မြင်တယ်။ သူဌေးသားက သူတစ်ပါးလို့ မြင်တယ်။ အဲသလို အမြင်မတူပုံ ဓမ္မဒဿနကို ဆရာကြီးက အခုလိုရေးထားတယ်။

*အမှန်အားဖြင့် သူဌေးသားသည် သူ၏ခန္ဓာကို ငါအဖြစ်မြင်သူ မဟုတ်။ သူတစ်စိမ်းအဖြစ်သာ မြင်သူ ဖြစ်၏။ ခန္ဓာကိုယ်သည် သူစိမ်းပြင်ပြင်ဖြစ်လျက် ခန္ဓာကိုယ်၏ ဝေယျာဝစ္စကို မညည်းမညူဘဲ ခဏမစဲ အမြဲလုပ်ကိုင်ဆောင်ရွက်ပေးနေရ၏။ ဘာကြောင့်ပါနည်း အဖြေကို သူဌေးသားသိချင်၏။ နံနက်မိုးလင်းလျှင် မျက်နှာသစ်ပေးရ၏။ ထမင်းဆာလျှင် ထမင်းကျွေးရ၏။ ရေငတ်လျှင် ရေတိုက်ရ၏။ ညောင်းလျှင်*

http://www.dhammadownload.com



*အညောင်းပြေအောင် ရွှေ့ပေးရ၏။ များပြားလှသည့် ခန္ဓာကိုယ်၏ ဝေယျာဝစ္စများပါတကား။*

*ခန္ဓာကိုယ်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေးနေရသည်နှင့်ပင် ဘဝသည်အချိန်ကုန်ခဲ့၏။ ဘာရာဟာဝေပဥ္စက္ခန္ဓာ ဟူသည့်အတိုင်း ခန္ဓာငါးပါးသည် ကြီးလေးလှသော ဝန်ထုပ်ဝန်ပိုးဖြစ်သည်ကို သူဋ္ဌေးသားသည် သဘောပေါက်၏။ အကယ်၍ ခန္ဓာငါးပါးကို ငါဟူ၍ မှတ်ထင်ထားသူများအတွက် ဆိုလျှင်တော့ အတ္တသမံ ပေမံနတ္ထိ ဟူသည့်အတိုင်း ခန္ဓာငါးပါးနှင့် ပတ်သက်၍ ဆောင်ရွက်ရသမျှ အားလုံးသည် သာယာဖွယ်ချည်းဖြစ်ပါ၏။*

*သို့ရာတွင် ခန္ဓာငါးပါးကို သူဟူ၍ မှတ်ထင်ထားသော သူဋ္ဌေးသားအတွက်မှာမူ ခန္ဓာငါးပါးနှင့် ပတ်သက်၍ ဆောင်ရွက်ရသမျှအားလုံးသည် ဆင်းရဲဒုက္ခစင်စစ် ဖြစ်လေ၏။ ထို့ကြောင့် ထိုခန္ဓာဒုက္ခမှ သူဋ္ဌေးသားသည် လွတ်မြောက်လိုခြင်းဖြစ်၏။ အမှန်အားဖြင့် သူဋ္ဌေးသားသည် ဒုက္ခသစ္စာကို အနုမာနဉာဏ်အနေဖြင့်တော့ ရိပ်စားမိသူဖြစ်၏။ သစ္ဆိကရဏဉာဏ်အနေဖြင့်သာ သိဖို့လိုတော့၏။ သို့ဖြစ်၍သာ သူဋ္ဌေးသားသည် ဘဝနှင့်ပတ်သက်၍ အခြားသူများနှင့် အမြင်မတူခြင်းဖြစ်၏။*

ဒီစာပိုဒ်တွေရဲ့ ဆိုလိုရင်းကတော့ သူဋ္ဌေးသားဟာ ဒီခန္ဓာကို ငါ မဟုတ်ဘူးဆိုတာကို မှန်းဆတဲ့ဉာဏ်နဲ့တော့သိနေပြီ။ ဆရာကောင်းတရားကို နာကြားပြီး မျက်မှောက်ပြု

http://www.dhammadownload.com



တဲ့ဉာဏ်(မဂ်ဉာဏ်)နဲ့ သိဖို့ပဲ လိုတော့တယ်လို့ ပြောချင်တာပါ။ ခန္ဓာအဖြစ်အပျက်ကို မဂ်ဉာဏ်နဲ့ သိဖို့အတွက် အင်္ဂါလေးချက် လိုအပ်တယ်။ အဲဒီအင်္ဂါတွေက ...

–သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း

–သူတော်ကောင်း ဟောတဲ့တရားကို နာကြားခြင်း

–သင့်တင့်အောင် နှလုံးသွင်းဆင်ခြင်ခြင်း

–တရားနှင့် လျော်စွာကျင့်ကြံပွားများခြင်း တို့ပါ။

သူဌေးသား ရဟန်းပြုတဲ့အခါ အနီးကပ်ဆုံးမမယ့် ဥပဇ္ဈာယ်ဆရာက ဝိနည်းဓိုရ်ဖြစ်နေတော့ ဝိနည်းသိက္ခာပုဒ်တွေအကြောင်းချည်း ဖိဟောနေတာပေါ့။ ဝိနည်းသိက္ခာပုဒ်က အကျဉ်း ၂၂၇– ပုဒ်ရှိတယ်။ အကျယ်က ကုဋေကိုးထောင်ကျော် ရှိတယ်။ အကျဉ်း ၂၂၇–ပုဒ်မှာ ၂၂၃–ပုဒ်က ကျူးလွန်မိရင် ကုစားလို့ရတယ်။ ဖြေဖျောက်လို့ ရတယ်။ ကျန်တဲ့လေးပုဒ်ကတော့ ကျူးလွန်မိရင် ဖြေဖျောက်လို့ မရတော့ဘူး။ ပါရာဇိကသိက္ခာပုဒ်လို့ ခေါ်တယ်။ အလွယ်ပြောရင် ပါရာဇိကကျသွားတယ်ပေါ့။

## ပါရာဇိကကျခြင်းဟူသည်

ပါရာဇိကကျတယ်ဆိုတာ ဘုရားရဲ့ သာသနာတော်က ဆုံးရှုံးသွားတာပဲ။ သိက္ခာချစရာမလိုဘဲ တစ်ခါတည်း လူဖြစ်သွားတယ်။ ဒီဘဝမှာ တစ်သက်လုံး ရဟန်းပြန်ခံလို့ မရတော့ဘူး။ အဲဒီသိက္ခာပုဒ်လေးခုက ...

– မိန်းမ စတဲ့ အမသတ္တဝါတစ်မျိုးမျိုးနဲ့ မေထုန်ကျူးလွန်တာ

http://www.dhammadownload.com



–ငွေတစ်မတ် သို့မဟုတ် ငွေတစ်မတ်ထက်တန်တဲ့ပစ္စည်းကို ခိုးယူတာ

–လူသတ်တာ၊ ကိုယ်ဝန်ပျက်ကျတဲ့ ဆေးပေးတာ

–ဈာန်မဂ်ဖိုလ်ကို မရမှန်းသိလျက်နဲ့ ရတယ်လို့ လိမ်ပြောတာ တို့ပဲ။

သန်း ။ ။ ဒီအကြောင်းတွေ အကျယ်သိရရင် သိပ်ကောင်းမှာပဲ ဘုရား။

နုပ် ။ ။ အကျယ်သိချင်ရင်တော့ မဟာဂန္ဓာရုံဆရာတော် ရေးတဲ့ ဘုရားဥပဒေတော်ကြီးဆိုတဲ့ စာအုပ်ကိုဖတ်ပါ။ လူပုဂ္ဂိုလ်တိုင်း နားလည်အောင် မြန်မာလိုရေးထားတယ်။ သူငွေးသားရဲ့ ကမ္မဝါစာဆရာက အဘိဓမ္မာဆောင်ဆိုတော့ အကုသိုလ်စိတ် အကြောင်းတွေ ဖိဟောပြန်တာပေါ့။ ဒီတော့ သူဌေးသား ရဟန်းလေးဟာ စိတ်တွေသိပ်ကျဥ်းကြပ်သွားတယ်။

ဒီလောက်များတဲ့ သိက္ခာပုဒ်တွေ ငါ ဘယ်လိုလုပ်ပြီး လုံခြုံအောင် စောင့်ရှောက်နိုင်မှာလဲ။ လုံခြုံအောင် မစောင့် ရှောက်နိုင်ရင် အကုသိုလ်တွေဖြစ်ပြီး အပါယ်ကျတော့မှာ ပဲလို့ တွေးပြီး စိတ်ဆင်းရဲနေရှာတယ်။

သန်း ။ ။ သူ စိတ်ဆင်းရဲမယ်ဆိုရင်လည်း ဆင်းရဲထိုက်တာပဲ ဆရာ တော် . . . ဘာဖြစ်လို့လဲ ဆိုတော့ မဂ်ဖိုလ်နိဗ္ဗာန် ရဖို့အတွက် ဝိသုဒ္ဓိခုနစ်ပါး အစဥ်အတိုင်း ကျင့်ရမယ်လို့ တပည့်တော် မှတ်သားထားဖူးတယ်ဘုရား။ အဲဒီ ဝိသုဒ္ဓိခုနစ်ပါးက . . .

သီလဝိသုဒ္ဓိ = ကိုယ်ကျင့်သီလစင်ကြယ်ခြင်း

http://www.dhammadownload.com



(သီလရှိခြင်း)

စိတ္တဝိသုဒ္ဓိ = စိတ်စင်ကြယ်ခြင်း (သမာဓိရှိခြင်း)

ဒိဋ္ဌိဝိသုဒ္ဓိ = အယူအမြင်စင်ကြယ်ခြင်း (ပညာ)

ကင်္ခါဝိတရဏဝိသုဒ္ဓိ = ယုံမှားခြင်းကို လွန်မြောက်မှု၍စင်ကြယ်ခြင်း (ပညာ)

မဂ္ဂါမဂ္ဂဉာဏဒဿန-ဝိသုဒ္ဓိ = မဂ်ဟုတ်သည် မဟုတ်သည်ကို ဆုံးဖြတ်မှု၍ စင်ကြယ်ခြင်း (ပညာ)

ပဋိပဒါဉာဏဒဿန-ဝိသုဒ္ဓိ = ရုပ်နာမ်အဖြစ်အပျက်ကို တစ်ဖန်ပြန်လည်ရှုပွားမှု၍စင်ကြယ်ခြင်း (ပညာ)

ဉာဏဒဿနဝိသုဒ္ဓိ = မဂ်ဉာဏ်ဖိုလ်ဉာဏ်အပေါ်၌ ဉာဏ်အမြင်စင်ကြယ်ခြင်း

တို့ပါ။ အဲဒီခုနစ်ပါးမှာ သီလဝိသုဒ္ဓိက စထားတော့ သီလစင်ကြယ်မှ စိတ်စင်ကြယ်ပြီး သမာဓိရမယ်။ သမာဓိရမှ ပညာပေါ်လာပြီး မဂ်ဖိုလ်ရမှာဆိုတော့ သီလမှ မစင်ကြယ်ရင် မဂ်ဖိုလ်မရနိုင်ဘူးဆိုတော့ ကုဋေကိုးထောင်ကျော်ရှိတဲ့ သိက္ခာပုဒ်တွေကို လုံခြုံအောင် စောင့်ဖို့ဆိုတာ ပုထုဇဉ်ရဟန်းတစ်ပါး အနေနဲ့မလွယ်ဘူးလို့ တပည့်တော် ထင်တယ်ဘုရား။ အဲ ရဟန္တာလောက်ပဲ ဒီလောက်များတဲ့ သိက္ခာပုဒ်တွေကို လုံခြုံအောင် စောင့်နိုင်မယ်လို့ ထင်တယ် ဘုရား။

နုပ် ။ ။ အဲဒါက မင်းအထင်ပါကွ။ မင်းပြောတဲ့စကားထဲမှာပဲ အဖြေ

http://www.dhammadownload.com



ကပါနေပါပြီ။ ရဟန္တာဆိုရင်တော့ ဒီသိက္ခာပုဒ်တွေကို စောင့်နိုင်မယ်လို့ ထင်ပါတယ်တဲ့။ တကယ်တော့ အဲဒီ ရဟန္တာတွေက လည်း ပုထုဇဉ်ရဟန်းဘ၀က သွားကြတာပါပဲ။ မွေးကတည်းက ရဟန္တာဖြစ်လာတာ မဟုတ်ပါဘူး။ ဒီဝိသုဒ္ဓိခုနစ်ပါးကို အကျဉ်းချုပ်လိုက်ရင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးပဲ ရပါတယ်။

ကျွဲကူးရေပါဆိုတဲ့ စကားအတိုင်း ဝိပဿနာတရားကို စိတ်ဝင်တစား နာယူခြင်း၊ တရားရှုမှတ်ခြင်း ဆိုတဲ့ ပညာအလုပ်ကို သေချာလုပ်နေမယ်ဆိုရင် သမာဓိနဲ့ သီလက တစ်ခါတည်း ပါပြီးသားဖြစ်နေပါတယ်။ သီလဆိုတာ ကိုယ်နဲ့ နှုတ်ကို ထိန်းသိမ်းတာပဲ။ ကိုယ်နဲ့နှုတ်ဟာ မနောကံလို့ ခေါ်တဲ့ စိတ်က သွားတာပါ။

<u>အဓိက, က မနောဒွါရ</u>

ဥပမာ ... ခြင်တစ်ကောင်ကို ရိုက်သတ်လိုက်တယ်ဆိုပါတော့။ ဒါ ပါဏာတိပါတကံကို ကျူးလွန်တာပဲ။ ကာယကံပေါ့။ ဒါပေမယ့် အဲဒီကာယကံဟာ သူ့ဘာသာဖြစ်နိုင်တာ မဟုတ်ဘူး။ မနောကံလို့ ခေါ်တဲ့စိတ်ကြောင့် ကိုယ်က သတ်ဖြတ်လိုက်မိတာ၊ ခြင်က ကိုယ့်ကို လာကိုက်ပြီး သွေးစုပ်တယ်။ ဒီအခါ တဏှာက ဒီခန္ဓာကို ငါ့ဟာလို့ စွဲလမ်းထားတယ်။ မာနက ငါလို့ တက်ကြွနေတယ်။ ဒိဋ္ဌိက ငါ့အတ္တလို့ အယူမှားနေတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိ ဒီသုံးပါးကို ပပဉ္စတတရားလို့ခေါ်တယ်။ မြန်မာလိုတော့ သံသရာကို ချဲ့

http://www.dhammadownload.com



ထွင်တတ်သော တရားသုံးပါးပေါ့။

ဒီအခါမှာ ငါတန်ဖိုးထားတဲ့ ငါ့ကိုယ်ကောင်ကို ကိုက်တဲ့ခြင်ကို သတ်ပစ်ရမယ်ဆိုတဲ့ ဒေါသပေါ်လာတယ်။ အဲဒီဒေါသကို ဒါ ဒေါသပဲလို့ ဝိပဿနာဉာဏ်နဲ့ မသိလိုက်တဲ့အတွက်ကြောင့် လက်ကရိုက်သတ်တဲ့ဆီကို ရောက်သွားတာပဲ။ ဉာဏ်နဲ့ကြည့်လိုက်တော့ ငါက သတ်တာ မဟုတ်ဘူး။ ငါဆိုတာက တကယ်ရှိတာလည်း မဟုတ်ဘူး။ အမှန်က ဒေါသစိတ်က သတ်လိုက်တာ။

အကယ်၍ ခြင်ကို သတ်ချင်တဲ့ ဒေါသစိတ်ပေါ်လာတဲ့အခါ ဒါ ဒေါသစိတ်ပဲလို့ ဝိပဿနာဉာဏ်နဲ့ ရှုသိပေးလိုက်ရင် ဒေါသစိတ်ရဲ့ မမြဲမှု အနိစ္စကို မြင်ရမှာပဲ။ သိတဲ့စိတ်ပေါ်လိုက်တာနဲ့ ခြင်ကို ရိုက်သတ်ချင်တဲ့ ဒေါသစိတ် မရှိတော့ပါဘူး။ ဒါကြောင့် ခြင်ကိုလည်း မသတ်ဖြစ်တော့ပါဘူး။ လေနဲ့ အသာမှုတ်ထုတ်လိုက်မှာပါ။ ဒီအချက်ကို ကြည့်လိုက်ရင် ပညာအလုပ်ကို လုပ်တာနဲ့ သမာဓိနဲ့ သီလဟာ တစ်ခါတည်းပါသွားကြောင်း ထင်ရှားတယ်။

မင်းတို့က လူငယ်တွေဆိုတော့ မြင်သာအောင် ထပ်ပြောဦးမယ်။ ဒေါသစိတ်ရဲ့ မမြဲမှုကို သိလိုက်တာဟာ ပညာပါပဲ။ မဂ္ဂင်အနေနဲ့ ပြောရင် သမ္မာသင်္ကပ္ပနဲ့ သမ္မာဒိဋ္ဌိပေါ့။ ဒီလို ရှုလိုက်တဲ့အချိန်မှာ မိမိရဲ့စိတ်ဟာ ဒေါသစိတ်ရဲ့ မမြဲမှုပေါ်မှာ တည်ကြည်ငြိမ်သက်နေတယ်။ အဲဒါသမာဓိပေါ့။ မဂ္ဂင်စကားနဲ့ပြောရင် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိပေါ့။

http://www.dhammadownload.com



အဲဒီလိုအမှန်ကို သိလိုက်တာနဲ့ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပြီးသား ဖြစ်သွားတယ်။ အဲဒါ သီလပေါ့။ မဂ္ဂင် အနေနဲ့ပြောရင် သမ္မာကမ္မန္တ မဂ္ဂင်ပေါ့။ ဒီအချိန်မှာ ဝစီ ဒုစရိုက်တွေ၊ မိစ္ဆာဇီဝတွေကိုလည်း ရှောင်ကြဉ်ပြီးသားဖြစ်လို့ သမ္မာဝါစာ၊ သမ္မာအာဇီဝလည်း ပါတယ်လို့ မှတ်နိုင်ပါတယ်။

ဒီအချက်တွေကို ကြည့်ပြီး မဟာစည်ဆရာတော် ကြီးက ဓမ္မစကြာတရားတော်မှာ ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါး ပါဝင် ပုံကို အခုလိုဟောခဲ့တယ်။

*ရှုသိတိုင်း ရှုသိတိုင်း သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါးနှင့် သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး၊ နှစ်ရပ်ပေါင်း မဂ္ဂင်ငါးပါးဟာ ပါဝင်နေတယ်။ ဒီမဂ္ဂင်ငါးပါးက တပေါင်းတည်း အညီ အညွတ် ရှုသိမှုကို ပြုလုပ်နေတယ်။ ဒါ့ကြောင့် ဒီမဂ္ဂင်ငါးပါး ကို ကာရကမဂ္ဂင်လို့ အဋ္ဌကထာက အမည်ပေးထားပါတယ်။ အလုပ်သမားမဂ္ဂင်တွေလို့ ဆိုရမှာပေါ့။ ဒါတင်လည်း မကသေးပါဘူး။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝဆိုတဲ့ သီလမဂ္ဂင်တွေလည်း ပါဝင်ပါသေးတယ်။*

*ပါဝင်ပုံကတော့ သီလမပျက်သောအားဖြင့် ပါဝင် ခြင်း၊ ဝိရတိကိစ္စပြီးသောအားဖြင့် ပါဝင်ခြင်းလို့ နှစ်မျိုး ရှိပါတယ်။ သီလမပျက်သောအားဖြင့် ပါဝင်ပုံကတော့ ဝိပဿနာယောဂီဟာ ဝိပဿနာမရှုမီကပင် သီလကို ဆောက် တည်ခဲ့တယ်။ စင်ကြယ်စေခဲ့တယ်။ ရှုမှတ်နေတဲ့ အခါလည်း*

http://www.dhammadownload.com



*အဲဒီသီလဟာ မပျက်ဘူး။ စင်ကြယ်မြဲပင် စင်ကြယ်နေတယ်။ သာပြီးတော့ စင်ကြယ်တယ်လို့တောင် ဆိုနိုင်ပါတယ်။ ဒါကြောင့် အဲဒီသီလမဂ္ဂင်သုံးပါးနဲ့တကွ ဆိုလျှင် ရှုသိတိုင်း ရှုသိတိုင်း မဂ္ဂင်ရှစ်ပါးဖြစ်ပွားနေတယ်။ အဲဒီလိုပါဝင်နေပုံကို ဥပရိပဏ္ဏာသပါဠိတော် မဟာသဠာ ယတနိကသုတ်မှာ ပြထားပါတယ် ... တဲ့။*

ကဲ ... သူဌေးသား မင်္ဂဖိုလ်ရအောင် ရှုပွားပုံ အကြောင်းကို နောက်အပတ်မှ ဆက်ကြရအောင်။

## မြင်သိဆဲ ခဏ၌ မဂ္ဂင်ရှစ်ပါးပါပုံ

### ဥပရိပဏ္ဏာသပါဠိတော်၊ မဟာသဠာယတနိကသုတ်၊ အတိုချုပ်မြန်မာပြန် မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်မှ ကောက်နှုတ်ချက်

"ရဟန်းတို့ မြင်ဆဲခဏ၌ မျက်စိကို ဟုတ်တိုင်းမှန်စွာ သိမြင်လျှင်၊ အဆင်းတို့ကို မြင်သိမှုကို၊ မြင်တွေ့မှုကို၊ မြင်ခံစားမှုကို ဟုတ်တိုင်းမှန်စွာ သိမြင်လျှင် ယင်းမျက်စိ စသည်တို့၌ မတပ်မက်တော့ပေ။ မျက်စိ စသည်တို့၌ မတပ်မက်ဘဲ၊ မယှဉ် တွဲဘဲ မှန်ကန်စွာ သိလျက်၊ အပြစ်မြင်လျက်နေသောသူအား (အာယတိံ–ပဉ္စုပါဒါ နက္ခန္ဓာအပစယံဂစ္ဆန္တိ) နောင်အခါ၌ ဖြစ်မည့် ဥပါဒါနက္ခန္ဓာတို့သည် ပျက်စီးသွားကြလေကုန်တော့၏။ (မရှုမိတဲ့အာရုံနှင့်စပ်၍ ဖြစ်မည့် ဘဝသစ် ခန္ဓာတို့ဖြစ်

http://www.dhammadownload.com



ခွင့်မရှိဘဲ ချုပ်ငြိမ်းသွားကြသည်ဟု ဆိုလို၏။) ပေါ်နောဘဝ ကာ စသည်ဖြင့် ပြဆိုအပ်သော တဏှာသည်လည်း ချုပ်ကင်း သွား၏။ ယထာဘူတသဿဒိဋ္ဌိသ္ဝသ ဟောတိ သမ္မာဒိဋ္ဌိ = ထိုသို့ သိမြင်သူ၏ အသိအမြင်သည် သမ္မာဒိဋ္ဌိပင်။ ယောတ ထာဘူ တဿ သင်္ကပ္ပေါ သွဿ ဟောတိ သမ္မာသင်္ကပ္ပေါ = ထိုသို့ သိမြင်သူ၏သင်္ကပ္ပသည် သမ္မာသင်္ကပ္ပပင်။ ထိုသို့ သိမြင်သူ၏ အားထုတ်မှုသည် သမ္မာဝါယမပင်။ ထိုသို့ အမှတ် ရမှုသည် သမ္မာသတိပင်။ ထိုသို့ သိမြင်သူ၏ သမာဓိသည် သမ္မာသမာဓိပင်။ (ပုဗ္ဗေဝ ခေါပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါဟောတိ) ထိုယောဂီပုဂ္ဂိုလ်၏ ကိုယ် အမှု၊ နှုတ်အမှုနှင့် အသက်မွေးမှုသည် တရားအားမထုတ်မီ ရှေးအဖို့ကပင် ကောင်းစွာစင်ကြယ်ခဲ့သည်။ (ဧဝ မဿာယံ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ ဘာဝနာပါရိသုဒ္ဓိ ဂစ္ဆတိ) ဤဆိုခဲ့ သည့်အတိုင်း ယောဂီမှာ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ် သည် ပွားစေမှု ပြည့်စုံခြင်းသို့ ရောက်လေသည်။

အဲဒါဟာ မြင်ဆဲခဏ၌ သိသင့်သော တရားငါးပါးကို မှန်စွာသိတဲ့ ယောဂီမှာ မဂ္ဂင်ရှစ်ပါး ပါဝင်ပြည့်စုံပုံကိုပြသော ဘုရားစကားတော်ပါပဲ။ လိုရင်းလောက် ချုံးပြီး မြန်မာပြန်ပြ လိုက်ပါတယ်။ အကျယ်သိချင်ရင်တော့ ဥပရိပဏ္ဏာသပါဠိ တော် မဟာသဠာယတနိကသုတ်ကို ကြည့်ရှုပါပဲ။ အဲဒီမှာ မဂ္ဂင်ရှစ်ပါးပြည့်စုံပုံကို အဋ္ဌကထာက အရိယမဂ်ခဏဖြင့် ပြပါ တယ်။ အဲဒါက ဥက္ကဋ္ဌနည်းအားဖြင့် ပြတယ်လို့ ဆိုရမှာပါပဲ။

http://www.dhammadownload.com



ဩမကနည်းအားဖြင့်တော့ ဝိပဿနာခဏာ၌ ပြည့်စုံပုံကို ယူလျှင် အဲဒီစာပိုဒ်၏ မူလအခြေခံစာပိုဒ်မှာ (စက္ခုဥ္စခေါ ဘိက္ခဝေ ဇာနံ ပဿံ ယထာ ဘူတံ) စသည်ဖြင့် ပြထားသော စကားနှင့် တစ်သားတည်း ညီညွတ်သွားပါတယ်။

ညီညွတ်ပုံကတော့ မျက်စိအဆင်း၊ မြင်သိမှု၊ မြင် တွေ့မှု၊ မြင်ခံစားမှုတို့ကို မှန်စွာသိတာဟာ ဝိပဿနာဖြင့် သိတာပဲ။ အရိယမဂ်ကတော့ မျက်စိ စသည်ကို အာရုံ ပြုပြီး မသိဘူး။ သိခြင်းကိစ္စပြီးရုံမျှသာရှိတယ်။ အဲဒီတော့ အစပိုင်းမှာ ပြခဲ့တဲ့ မျက်စိစသည်ကို အမှန်အတိုင်းသိတဲ့ ဝိပဿနာ ခဏာမှာပင် သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါး အပြည့်အစုံ ပါဝင်ပုံကို ပြတယ်လို့ယူရင် ရှေ့နောက် ညီညွတ်ပြီးတော့ တကယ်အလုပ်လုပ်ရတဲ့ ဝိပဿနာမဂ္ဂင် ပွားစေပုံကို ပြခြင်း ကိစ္စလည်း ပြီးသွားပါတယ်။ ဒါကြောင့် ဘုန်းကြီးကတော့ အဲဒီဘုရားစကားတော်နဲ့ ပြလိုရင်းက ဝိပဿနာမဂ္ဂင်ပင်ဖြစ် တယ်။ အဲဒီ ဝိပဿနာမဂ္ဂင် ပြည့်စုံတဲ့အခါ ဖြစ်ပေါ်လာတဲ့ အရိယမဂ္ဂင်ကိုတော့ ဝိပဿနာ၏ ပန်းတိုင်အနေဖြင့်သာ ပြတယ်လို့ သဘောကျပါတယ်။

*(မဟာစည်ဆရာတော်)*

http://www.dhammadownload.com



## သည်းခံခြင်းနှင့်အောင်မြင်ခြင်း

ဤလောက၌ ဆန်းကြယ်များပြားလှသော အာရုံတို့သည်လည်းကောင်း၊ ရာဂနှင့်စပ်သော တင့်တယ်ဖွယ်ရာသည့် ကာမဝိတက်တို့သည်လည်းကောင်း၊ ထွေးလုံးရစ်ပတ် အချင်းချင်း ဆက်စပ်၍ နေကြလေ၏။ နွေဥတု၏ နောက်ဆုံးလ၌ လေကြောင့် တက်ကြွလာသော မြူ၊ ဖုန်တို့ကို မိုးကြီးသည် ရွာသွန်းနှိမ်နင်းပစ်လိုက်နိုင်သကဲ့သို့ အရိယာသူတော်ကောင်းသည် ထိုထိုဆန်းကြယ်သော ကာမဝိတက်အာရုံတို့ကို ပညာဖြင့် ဟုတ်တိုင်းမှန်စွာ ရှုမြင်ခြင်းဖြင့် မိစ္ဆာဝိတက်တို့သည် ငြိမ်းကုန်၏။

ရာဂတည်းဟူသော ကျောက်ကွင်းသည်လည်းကောင်း၊ မြဲမြံခိုင်ခံ့သော ကြောင့်တံသင်းငါးမျိုးတို့သည်လည်းကောင်း၊ ဖောက်ခွဲနိုင်ခဲလှသည့်တောင်နှင့်တူသော အဝိဇ္ဇာသည်လည်းကောင်း ရှိပေ၏။ အကြင်ပုဂ္ဂိုလ်သည် စိတ်၏ ကြောင့်တံသင်းငါးမျိုး၊ ရာဂကျောက်ကွင်း၊ အဝိဇ္ဇာတောင်တို့ကို ဖောက်ခွဲဖြိုဖျက်လျက် ဈာန်ဝင်စားကာ ဩဃလေးပါးကိုကူးမြောက်၏။ နိဗ္ဗာန်

http://www.dhammadownload.com



တည်းဟူသော ကမ်းတစ်ဘက်ဆီသို့ရောက်လေ၏။ ထိုပုဂ္ဂိုလ်သည် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်လေတော့၏။

လျှပ်ပေါ်လော်လီသော ပုဂ္ဂိုလ်သည် ယုတ်ညံ့သော အဆွေခင်ပွန်းတို့ကို အမှီပြု၍ သံသရာတည်းဟူသော ကြီးစွာသော ရေအလျဉ်၌ အမျက်ထွက်ခြင်းစသော လှိုင်းတံပိုးတို့ လွှမ်းမိုး ဖိစီးခံရလျက် နစ်မြုပ်ရ၏။ လျှပ်ပေါ်လော်လီခြင်း မရှိသော မိမိ သူတစ်ပါးအကျိုးစီးပွား၌ လိမ္မာသော ကုသိုလ်ကံတို့ကို စောင့်စည်းထားသော အဆွေခင်ပွန်းကောင်းရှိသော ပညာရှိပုဂ္ဂိုလ်သည် ဆင်းရဲ၏အဆုံးကို ပြုနိုင်လေ၏။

ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ ထိခိုက်ပုတ်ခတ်ခြင်းကို သည်းခံလျက် တစ်ဘက်မှ ရန်သူတို့ကို ဖျက်ဆီးလေသကဲ့သို့ အကြင်ရဟန်းသည် ဆိတ်ငြိမ်ရာ တောအရပ်၌ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ခြင်၊ မှက်၊ ကင်း၊ သန်းတို့ တွေ့ထိကိုက်ခဲမှုကို သည်းခံလျက် ကိလေသာမာရ်စစ်သည်တို့ကို ဖျက်ဆီးရာ၏။

*(အရှင်ကောဏ္ဍညမထေရ်–သောဠသကနိပါတ်–၁)*

သန်း ။ ။ အရင်အပတ်က မနောကံကြောင့် ကာယကံဖြစ်ရပုံကို မဂ္ဂင်ရှစ်ပါးနဲ့ ကိုက်ပြတာ ရှင်းသွားတာပဲ ဘုရား။ ဒီအပတ် မနောကံကြောင့် ဝစီကံဖြစ်ပုံလေးကိုပါ ရှင်းပြပါဦးဘုရား။

နုပ် ။ ။ မောင်ညိုဆီမှာ မောင်ဖြူက ငွေတစ်သောင်းအပ်ထားတယ်။ သူငွေလိုလို့ လာတောင်းတဲ့အခါ မောင်ညိုက အပ်ငွေဟာ ငါးထောင်ပါလို့ လိမ်ပြောပြီး ငါးထောင်ပဲ ပေးလိုက်တယ်။

http://www.dhammadownload.com



လိမ်ပြောတာဟာ ဝစီဒုစရိုက်ပေါ့။ ဒီ မုသားစကားဟာ သူ့အလိုလိုဖြစ်ရတာ မဟုတ်ဘူး။ မနောကံကြောင့် ဖြစ်ရတာ။ မောင်ဖြူရဲ့ ငွေငါးထောင်ကို မတရားလိုချင်တဲ့ ဝိသမလောဘစေတ် မောင်ညိုရဲ့ စိတ်ထဲမှာ ပေါ်လာတယ်။

## လောဘကြောင့် မုသားပေါ်ပုံ

အဲဒီလောဘစေတ်ကြောင့် မောင်ညိုဟာ ငါးထောင်တည်း အပ်ထားတာပါဆိုပြီး လိမ်ညာပြောလိုက်တာပဲ။ မောင်ညိုရဲ့သန္တာန်မှာ ဖြစ်နေတဲ့တဏှာက မောင်ညိုရဲ့ ခန္ဓာကို ငါ့ခန္ဓာလို့ စွဲလမ်းထားတယ်။ မာနက ငါလို့ တက်ကြွနေတယ်။ ဒိဋ္ဌိက ငါ့အတ္တလို့ အယူမှားနေတယ်။ ဒီပပဉ္စတရားသုံးပါးက မောင်ညိုကို အပါယ်သံသရာလည် အောင်လုပ်ပေးဦးမှာပဲ။ ဒီတရားသုံးပါး ဦးစီးထားတော့ ငါ ချမ်းသာရင်ပြီးရော ဘယ်သူ ဘာဖြစ်ဖြစ်ဆိုတဲ့ ယုတ်ညံ့တဲ့ အောက်တန်းစားစိတ်က အလိုလိုဝင်လာတယ်။

ဒါကြောင့်လည်း ငါးထောင်တည်း အပ်တာပါ ဆိုတဲ့ မုသာဝါဒကံကို လွယ်လွယ်နဲ့ ကျူးလွန်လိုက်တာပေါ့။ အပေါ်ယံ ကြည့်ရင်တော့ မောင်ညိုက လိမ်မာတာပေါ့။ သေချာတွေးကြည့်ရင်တော့ လောဘစိတ်က လိမ်လိုက်တာပါ။ လိမ်ပြောချင်တဲ့ လောဘစိတ်ပေါ်လာတဲ့အခါ ဒါ လောဘစိတ်ပဲလို့ သိပေးလိုက်ရင် လောဘစိတ်ရဲ့အပျက်ကို မြင်မှာပဲ။ သိတဲ့စိတ်ပေါ်လိုက်တာနဲ့ လိမ်ပြောချင်တဲ့ လောဘစိတ် မရှိတော့ဘူး။

ဒါကြောင့် လိမ်လည်း မပြောဖြစ်တော့ဘူး။ အမှန်ကို

http://www.dhammadownload.com



ပြောပြီး ငွေတစ်သောင်းလုံးကို ပေးလိုက်မှာပါ။ ဒီအချက်ကို ကြည့်ရင် ဝိပဿနာပညာအလုပ်ကို လုပ်လိုက်တာနဲ့ သမာဓိနဲ့ သီလဟာ တစ်ခါတည်း ပါသွားကြောင်း ထင်ရှားတယ်။ လောဘစိတ်ရဲ့ မမြဲမှုကို သိလိုက်တာဟာ ပညာပဲ။ သမ္မာဒိဋ္ဌိမဂ္ဂင်နဲ့ သမ္မာသင်္ကပ္ပမဂ္ဂင်ပေါ့။ ဒီလို ရှုသိလိုက်တဲ့အခါ မိမိရဲ့ စိတ်ဟာ လောဘစိတ်ရဲ့ မမြဲမှုပေါ်မှာ တည်ကြည်ငြိမ်သက်နေတယ်။ အဲဒါ သမာဓိမဂ္ဂင် သုံးပါးပေါ့။

အဲဒီလို အမှန်ကို သိလိုက်တာနဲ့ လိမ်ညာပြောခြင်းမှ ရှောင်ကြဉ်ပြီးသားဖြစ်သွားတယ်။ ဒါဟာ သီလမဂ္ဂင်ပေါ့။ ဒီအချက်တွေကိုကြည့်ပြီး လောကကိုဒုက္ခပေးမယ့် ကိလေသာတွေ မပေါ်အောင်နေတာ။ ကိလေသာတွေပေါ်ရင် ပေါ်မှန်းသိ, သိပေးတာဟာ တရားရှုပွားနေတာပါပဲ လို့ မင်းတို့ကို ခဏ ခဏပြောနေရတာပေါ့။

သန်း ။ ။ သူဌေးသား ရဟန်းအကြောင်းကို ဆက်ပါဦးဘုရား။

နုပ် ။ ။ သူဌေးသားရဟန်းဟာ ဝိနည်းသိက္ခာပုဒ်တွေအကြောင်း တွေးပြီး၊ အကြီးအကျယ်စိတ်ဆင်းရဲလို့ မစားနိုင် မသောက်နိုင် ဖြစ်ကာ ပိန်ချုံးလာတယ်။ တို့ပြောခဲ့တဲ့နည်းကို သူ့ ဥပဇ္ဈာယ်ဆရာကလည်း မပေးနိုင်ခဲ့ဘူး။ ကောဋ္ဌာသကမ္မဋ္ဌာန်းကိုပဲ ပွားများခိုင်းထားတယ်။ သတ္တဝါတစ်ယောက်ရဲ့ ကိန်းအောင်းနေတဲ့ အလိုဆန္ဒကို သိတဲ့ဉာဏ်ကို အာသယာနုသယဉာဏ်လို့ခေါ်တယ်။ ဒီဉာဏ်ဟာ ဘယ်သာဝကမှာမှ မရှိဘူး။

ဘုရားရှင်မှာပဲ ရှိတယ်။ ဒါ့ကြောင့် သာဝကတွေဟာ

http://www.dhammadownload.com



တရားကို မှန်းပြီးပြကြရတာ၊ မှန်းပြီးဟောကြရတာ။ ဝါးလုံးရှည်နဲ့ သိမ်းရမ်းရသလိုပေါ့။ ထိတဲ့လူလည်း ရှိမယ်။ မထိတဲ့လူလည်း ရှိမယ်။ ထို့အတူ တို့လို ဘုရားရှင်ရဲ့ တပည့်တွေ ဟောတာကျတော့ နာသူစရိုက်နဲ့ကိုက်ရင် တရားရမယ်၊ မကိုက်ရင် မရဘူး။ ဘုရားရှင်ကျတော့ ဘယ်သူ့ကို ဘယ်တရားဟောရင် မဂ်ဖိုလ်ရမယ်ဆိုတာ သေချာသိတယ်။

ဒါ့ကြောင့် ဘုရားရှင်တရားကို နာရရင် မဂ်ဖိုလ်ရသွားကြတာချည်းပဲ။ နောက်ဘဝပါရမီဖြစ်ရုံ ဟောပေးတဲ့ တရားအနည်းငယ်လည်း ရှိပါတယ်။ ဒါမျိုးက နည်းပါတယ်။ ဘုရားရှင်တရားဟောတိုင်း တရားပြတိုင်း မဂ်ဖိုလ်ကို ရသွားကြသူတွေချည်းပါပဲ။ နောက်ဆုံး သူဌေးသားရဟန်းဟာ လူထွက်ဖို့ ဆုံးဖြတ်လိုက်တယ်။

သန်း ။ ။ စောစောက ဆရာတော်ပြောတဲ့ထဲမှာ ကောဋ္ဌာသကမ္မဋ္ဌာန်းဆိုတာ ပါသွားပါတယ်။ အဲဒါက ဘယ်လိုပွားရတာလဲ ဘုရား။

နုပ် ။ ။ ဘုရားရှင်လက်ထက်ကတော့ အဲဒီကောဋ္ဌာသကမ္မဋ္ဌာန်းကို ရွတ်ဆိုပွားများရင်း ရဟန်းကိစ္စပြီးသွားကြသူတွေ အများကြီးပဲကွ။ မင်းတို့ ကြားဖူးနေတဲ့ ညီတော်မင်းနန်ဆိုရင် အဲဒီကောဋ္ဌာသကမ္မဋ္ဌာန်းကို ပွားများရင်း ရဟန္တာ ဖြစ်သွားတာပဲ။ ရုပ်ခန္ဓာကို အပုံပုံလိုက်ရင် ၃၂-ပုံပဲရှိလို့ ၃၂- ကောဋ္ဌာသလို့ခေါ်တယ်။ သူက နှုတ်ကရွတ်ဆိုပြီး ပွားများရတယ်။ မင်းလည်း ပွားချင်ရင် ပွားရအောင် ရွတ်ပြမယ်။

*ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း၊*

http://www.dhammadownload.com



*သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊*
*ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊*
*အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊*
*အစာသစ်၊ အစာဟောင်း၊ ဥန္နောက်၊*
*သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊*
*အဆီ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊*
*အစေး၊ ကျင်ငယ်။*

အဲဒါလေးကို သေချာအာရုံပြုပြီး ရွတ်ရတာပဲ။ ဒီ ၃၂- ကောဋ္ဌာသရဲ့ တည်ရှိပုံတွေ၊ စက်ဆုပ်ဖွယ်ရှိပုံတွေကို အကျယ်သိပြီးမှ ရွတ်ရင် ပိုပြီးထိရောက်တယ်။ အကျယ် သိချင်ရင်တော့ ငါ, ငါးနှစ်ကျော်ကြာအောင် ရေးခဲ့ရတဲ့ 'သညာသိနှင့် ပညာသိ'ဆိုတဲ့ ဝိပဿနာစာအုပ်ကြီးထဲမှာ ဖတ်ကြည့်ပေါ့။ ဒီခန္ဓာကိုယ်ကြီးကို ဘုရားရှင်က အသုဘ-မတင့်တယ်ဘူးလို့ ဟောထားတယ်။ ဒါ့ကြောင့် နေ့စဉ်မျက်နှာသစ်၊ သွားတိုက်၊ ရေချိုး၊ သနပ်ခါးလိမ်း စတာတွေ လုပ်ပေး နေရတာပေါ့။

ဒါပေမဲ့ ပုထုဇဉ်တွေကတော့ သုဘ-တင့်တယ်တယ်လို့ပဲ ယူဆကြတယ်။ အသုဘကို မမြင်အောင် ပလိဗောဓက ဖုံးတယ်တဲ့။ မြန်မာလိုပြောရရင်တော့ မတင့်တယ်မှုကို မမြင်အောင်ပြုပြင်မှုက ဖုံးထားတယ်ပေါ့။ ခန္ဓာကိုယ်မှာ အပေါက်ကိုးပေါက်ရှိတယ်။ ဒီအပေါက်ကိုးပေါက်ကနေ ရွံစရာတွေပဲ နေ့စဉ်အန်ထွက်နေတာပါ။ ခေါင်းပေါ်က ဆံပင်ကို တင့်တယ်

http://www.dhammadownload.com



တယ်လို့ထင်တဲ့အတွက် တန်ဖိုးထားတဲ့အတွက် နေ့စဉ်ခေါင်း လျှော် ဆီလိမ်းလုပ်ပေးနေကြတာ မဟုတ်လား။

<u>အသုဘဖြစ်ကြောင်း သက်သေ</u>

မိန်းကလေးတွေဆိုရင် လက်သည်း၊ ခြေသည်းလေး တွေကို လက်သည်းနီ၊ ခြေသည်းနီ စတဲ့အရောင်တွေ ဆိုး ပေးနေလိုက်တာ နေ့စဉ်ပါပဲ။ အဲဒီဆံပင်တွေ၊ ခြေသည်း၊ လက်သည်းတွေဟာ တကယ်တော့ မတင့်တယ်တဲ့ အရာ တွေပါ။ ဒီအတိုင်းတော့ မတင့်တယ်မှန်းမသိဘူး။ ဘယ်အချိန် ကျမှ သိသလဲဆိုရင် အဲဒီဆံပင်တွေ၊ ခြေသည်းလက်သည်း တွေကို မိမိစားမယ့် ထမင်းပန်းကန်ထဲ ရုတ်တရက် ပစ်ထည့် လိုက်ရင်တော့ မတင့်တယ်တာ ချက်ချင်းသိပါတယ်။

တစ်ခါတည်း ရွံသွားပြီး ပန်းကန်ထဲက ထမင်းတွေကို ဆက်မစားနိုင်တော့ဘဲ အကုန်သွန်ပစ်တော့တာ မဟုတ်လား။ ဒီအချက်နဲ့ပတ်သက်ပြီး စာရေးဆရာမလွန်းထားထား (ဆေး တက္ကသိုလ်)ရေးတဲ့ ဝတ္ထုတိုတစ်ပုဒ် ဖတ်ဖူးတယ်။ သူကတော့ ထူးဆန်းတဲ့ အချစ်ဇာတ်လမ်းတစ်ခုအနေနဲ့ ရေးထားတာ တို့ကတော့ တရားတစ်ပုဒ်လို့ပဲ မြင်လိုက်တယ်။

ဇာတ်လမ်းအကျဉ်းကတော့ ကောင်လေးတစ် ယောက်နဲ့ ကောင်မလေးတစ်ယောက် ချစ်သူတွေ ဖြစ်သွား ကြတယ်။ ကောင်လေး အဓိကစွဲမက်တာက ကောင်မလေးရဲ့ နက်မှောင်ရှည်လျားတဲ့ ဆံပင်တွေပဲ။ သူတို့နှစ်ယောက် ချိန်း တွေ့ကြပြီဆိုရင် ကောင်လေးက ကောင်မလေးရဲ့ဆံပင်တွေ

http://www.dhammadownload.com



ကို သေချာကိုင်ကြည့်ပြီး အမြဲနမ်းလေ့ရှိတယ်။ ဒါကြောင့်လည်း ကောင်မလေးဟာ ကောင်လေးနဲ့တွေ့တော့မယ်ဆိုရင် ဆံပင်ကို သေချာလျှော်ပြီး မွှေးနေအောင်လုပ်ထားရတယ်။

ကာလအတန်ကြာတော့ သူတို့ဟာ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကောင်လေးနဲ့ ကောင်လေးမိဘတွေ နားဖောက်လာရမယ့်ရက်ကိုလည်း သတ်မှတ်လိုက်တယ်။ အဲဒီရက်မှာတော့ ကောင်မလေးက သူ့ချစ်သူနဲ့ ချစ်သူရဲ့ မိဘနှစ်ပါးကို အုန်းနို့ခေါက်ဆွဲကောင်းကောင်း ချက်ကျွေးဖို့ စီစဉ်တယ်။ သူကိုယ်တိုင် တစ်မနက်လုံး ဝင်ချက်တယ်။ အဲဒီလို အုန်းနို့ခေါက်ဆွဲချက်ကောင်းနေတဲ့အချိန်မှာပဲ သူ့ချစ်သူနဲ့ မိဘတွေရောက်လာကြတယ်။

မိတ်ဆက်စကားပြောပြီးသွားတဲ့အခါ မိန်းကလေးက အုန်းနို့ခေါက်ဆွဲ ဆက်ချက်ရအောင် မီးဖိုချောင်ထဲ ဝင်သွားတယ်။ ခဏနေတော့ ကောင်လေးကလည်း မယောင်မလည်နဲ့ ကောင်မလေးရှိတဲ့ မီးဖိုခန်းထဲကို ဝင်လိုက်သွားတယ်။ မီးဖိုထဲရောက်တော့ လူရှင်းနေတာနဲ့ ဘာမပြော ညာမပြော နောက်ကနေ သိမ်းဖက်လိုက်ပြီး ကောင်မလေးရဲ့ ဆံပင်တွေကို အားရပါးရ နမ်းလိုက်တယ်။ အဲဒီလို နမ်းလိုက်တာဟာ သူတို့နှစ်ယောက်ရဲ့ စေ့စပ်လမ်းကြောင်းမှုကို စတင်ဖျက်ဆီးဖို့ လမ်းကြောင်းလိုက်သလိုဖြစ်သွားတယ်။

သန်း ။ ။ ဘာဖြစ်လို့လဲ ဆရာတော်။

နုပ် ။ ။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးက အဲဒီနေ့မှာတော့

http://www.dhammadownload.com



ဆံပင်ကို လျှော်မထားမိသလို အနံ့အသက်ကောင်းအောင်လည်း လုပ်မထားမိဘူး။ ဒါကြောင့် ဆံပင်ဟာ ဆံပင်စော်ပဲနံနေတာပေါ့။ ပြုပြင်မှုနဲ့ ကြိုတင်ဖုံးမထားရတော့ မတင့်တယ်မှု အသုဘဟာ ဘွားဘွားကြီး ပေါ်သွားတာပေါ့။ ကောင်လေးဟာ ဆံပင်ကို နမ်းပြီးတာနဲ့ ...ဟင်- နံလိုက်တာဆိုပြီး မျက်နှာရှုံ့မဲ့သွားတယ်။ သူလာရင် ဒီဆံပင်ကို နမ်းနေကျမှန်းသိလျက်နဲ့ ဆံပင်ကို ဖြီးလျှော် မထားရကောင်းလားဆိုပြီး ကောင်မလေးကို အပြစ်ပြောတယ်။

## ကွဲကွာခြင်းအစ ဆံပင်က

ကောင်မလေးကလည်း အုန်းနို့ခေါက်ဆွဲကိုယ်တိုင်ချက်နေရတဲ့အတွက်ကြောင့် ခေါင်းလျှော်ဖြီးလိမ်းနိုင်ဖို့ နေနေသာသာ အခုထက်ထိ ရေပင် မချိုးနိုင်သေးကြောင်း ဘုကျကျပြန်ပြောတယ်။ ဒီလိုနဲ့ အုန်းနို့ခေါက်ဆွဲစားချိန်ရောက်ပြီ ဆိုကြပါတော့။ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ချင်တော့ ကောင်လေးပထမဆုံး ခပ်စားလိုက်တဲ့ အုန်းနို့ခေါက်ဆွဲထဲမှာ ကောင်မလေးရဲ့ ဆံပင်တစ်ချောင်းပါသွားတယ်။

ဆာကလည်း ဆာ၊ အုန်းနို့ခေါက်ဆွဲကလည်း တအားကောင်းတော့ ကောင်လေးဟာ ပါးစပ်ထဲထည့်ပြီးတာနဲ့ တစ်ခါတည်း မျိုချလိုက်တယ်။ ကောင်မလေးရဲ့ ဆံပင်ဟာ ခေါက်ဆွဲနဲ့အတူ ကောင်လေးရဲ့ လည်ချောင်းထဲကို အတူပါသွားတာပေါ့။ မျိုချပြီးမှ ဆံပင်ပါမှန်းသိသွားတယ်။ ဒါနဲ့ ကမန်းကတမ်းမိုရာကို လှမ်းဆွဲလိုက်တဲ့အခါ ဆံပင်ချည်အစကို ဆွဲမိလိုက်လို့

http://www.dhammadownload.com



တော်သေးတာပေါ့။

ကောင်မလေး အပါအဝင်အားလုံးက မျက်စေ့မျက်နှာ ပျက်နဲ့ ကောင်လေးကို လှမ်းကြည့်နေကြတယ်။ ကောင်လေး ဟာ ဆံပင်ကို ဆွဲထုတ်ရင်း အပြင်ဘက်ကို ထွက်ပြီး မချိမဆန့် အော့အန်နေတော့တယ်။ သူနှစ်သက် လှပါတယ်ဆိုတဲ့ ဆံပင် ဟာ သူစားမယ့်ပန်းကန်ထဲ ရောက်တော့ အန်ထွက်လောက် အောင် ရွံစရာဖြစ်သွားတယ်။ အဲဒါကို အကြောင်းပြုစကားများ ပြီး စေ့စပ်ကြောင်းလမ်းပွဲကြီးတောင် ပျက်သွားရသတဲ့။ ဒါက စပ်မိတုန်း ထိမိတဲ့ အကြောင်းအရာလေးမို့ ထည့်ပြောမိတာပါ။ ကဲ ... သူဌေးသားရဟန်းအကြောင်းကို ဆက်မယ်။

သူဌေးသားရဟန်း လူထွက်တော့မယ့်အကြောင်းကို အခြားရဟန်းတွေက ဘုရားရှင်ကို သွားလျှောက်ကြတယ်။ ဒီအခါမှာ ဘုရားရှင်က အဲဒီရဟန်းကို ခေါ်ပြီး တရားဟော ရတာပေါ့။

သန်း ။ ။ တပည့်တော် မသိလို့ ဖြတ်မေးဦးမယ်ဘုရား။ ဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်ပိုင်ရှင်ပဲဘုရား။ ဒီသူဌေးသားရဟန်း ကျောင်း ရောက်စကတည်းက တရားခေါ်ဟောလိုက်ရင် ရတာပဲဘုရား။ ဘာဖြစ်လို့ အခုလို သူဌေးသားရဟန်းလေး ပိန်ခြောက်ပြီး အရိုးပေါ် အရေတင်ဖြစ်တဲ့အခါကျမှ ခေါ်ပြီး တရားဟောရတာ လဲ ဘုရား။

နုပ် ။ ။ သူဌေးသား ရဟန်းရဲ့ ပါရမီ ဉာဏ်မရင့်ကျက်သေးလို့ပေါ့ ကွာ။ ဘယ်အသီးမဆို မရင့်ခင် နုနယ်တဲ့အရွယ်မှာ ခူး

http://www.dhammadownload.com



အုပ်ရင် ရင့်မှည့်မလာဘဲ ပိန်ခြောက်သွားတတ်တယ်။ ရင့်တဲ့ အရွယ်မှာ ခူးအုပ်မှသာ မှည့်လာပြီး စားလို့ကောင်းတဲ့ ဘဝကို ရောက်တယ်။ ထို့အတူ ဒီဝေနေယျတွေမှာလည်း ပါရမီမရင့် သေးရင် ဘယ်သူတရားဟောဟော မကျွတ်ဘူး။

ပါရမီရင့်လို့ ကျွတ်ချိန်ရောက်ပြီဆိုရင်လည်း ဘယ်သူ့ တရားနာရ နာရ ကျွတ်သွားတတ်တယ်။ ရှေ့မှာလည်း တစ်ခါ ပြောခဲ့ပြီးပြီလို့ထင်တယ်။ အရေးကြီးလို့ အခုတစ်ခါ ထပ်ပြီး ပြောပါဦးမယ်။ ဥဒါန်းပါဠိတော်မှာလာတဲ့ ဗာဟိယဒါရုစိရိယ လို့ အမည်ရတဲ့ လူထူးလူဆန်းကြီး ပင်လယ်ထဲ ကုန်ရောင်း ကုန်ဝယ်သွားရင်း သင်္ဘောပျက်ပြီး ပင်လယ်ထဲမြုပ်သွားတယ်။

ဗာဟိယကတော့ သစ်တုံးတစ်တုံးကို တွယ်မိတဲ့ အတွက်အသက်မသေဘဲ သုပ္ပါရကလို့ အမည်ရတဲ့ ဆိပ်ကမ်း ရွာရောက်သွားတယ်။ ကမ်းရောက်တော့ သူ့မှာ ဘာအဝတ် အစားမှ မရှိတော့ဘူး။ ဒါကြောင့် အနားမှာတွေ့ရတဲ့ မြက်တွေ၊ သစ်ပြားစတွေကို အရှက်လုံရုံ ခါးပတ်ပြီး ရွာထဲမှာ ထမင်း လည့်တောင်းတယ်။ ဝတ်စရာ အဝတ်မရှိလို့ မဝတ်တာကိုပဲ ဒီရွာသူရွာသားတွေက လောဘမရှိလို့ အဝတ်မဝတ်တာလို့ ယူဆပြီး ဝိုင်းကိုးကွယ်ကြတယ်။

နောက်တိုင်းကြီးနှစ်တိုင်းကပါ လိုက်ကိုးကွယ်လို့ အဲဒီ နယ်ထဲမှာ ဘုန်းအကြီးဆုံး သူတော်စင်ကြီးအဖြစ် နာမည်ကြီး သွားတယ်။ အဲဒီအချိန်မှာပဲ အရင်ဘဝက မိတ်ဆွေဖြစ်ခဲ့ဖူးတဲ့ ဗြဟ္မာက လူတွေကို လိမ်စားမနေဘဲ ဘုရားရှင်ရှိရာသွားပြီး

http://www.dhammadownload.com



တရားနာဖို့ တိုက်တွန်းတယ်။ သူဟာ ဆိုဆုံးမလွယ်တဲ့ သုဝစ ပုဂ္ဂိုလ်ဖြစ်တယ်။ ဒါကြောင့် သူပိုင် ကျောင်းကန်တွေကို စွန့်ပစ်ပြီး ညတွင်းချင်း ဘုရားရှင်ရှိရာ သာဝတ္ထိမြို့ကိုသွားတယ်။

<u>ပါရမီရင့်မှ တရားရ</u>

ဗာဟိယဟာ ဆွမ်းခံကြွနေတဲ့ဘုရားရှင်ကို လမ်းမှာ သွားတွေ့တယ်။ ပထမအကြိမ် သူ့ကို တရားဟောဖို့ လျှောက်ထားတယ်။ ဘုရားရှင်က တရားဟောချိန်မဟုတ်သေးဘူးဆိုပြီး ငြင်းတယ်။ ဒုတိယအကြိမ်လျှောက်ထားတယ်။ ငြင်းတယ်။ တတိယအကြိမ် လျှောက်ထားပြီးတဲ့ အဆုံးကျမှ တရားဟောပေးလိုက်တယ်။ တရားအဆုံးမှာ ဗာဟိယ ရဟန္တာဖြစ်သွားပါတယ်။ ဘုရားရှင်ဟာ ရှေ့နှစ်ကြိမ် လျှောက်ထားတုန်းက တရားဟောမပေးဘဲ ဘာဖြစ်လို့ တတိယအကြိမ် လျှောက်ထားမှ တရားဟောပေးရတာလဲလို့ ဆန်းစစ်ကြည့်ရင် အခုလိုတွေ့ရမယ်။

ရှေ့နှစ်ကြိမ်လျှောက်ထားစဉ်အချိန်တုန်းက ဗာဟိယဟာ ဘုရားရှင်ကို ကြည်ညိုတဲ့သဒ္ဓါတွေက လွန်ကဲနေတယ်။ ပြီးတော့ ခရီးကလည်း တစ်ညလုံး လမ်းလျှောက်လာတာဆိုတော့ တအား မောပန်းနေတယ်။ ပြီးတော့ သူ့ရဲ့ ပါရမီဟာ မရင့်ကျက်သေးဘူး။ ဒါကြောင့် မဟောတာ။ တတိယအကြိမ် လျှောက်ပြီးတဲ့အချိန်ကျတော့ သူ့ရဲ့ သဒ္ဓါဟာ အညီအမျှဖြစ်သွားပြီ။ အမောအပန်းလည်း ပြေသွားပြီ။

ပါရမီကလည်း ရင့်သွားပြီ။ အဲဒါကြောင့် တရားဟော

http://www.dhammadownload.com



ပေးတာပါ။ တရားအဆုံးမှာ ရဟန္တာလည်း ဖြစ်သွားပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်တစ်ချက်ကို မင်းတို့ သတိထားရမယ်။ ရှေ့နှစ်ကြိမ်လျှောက်ထားချိန်နဲ့ နောက်ဆုံးတတိယအကြိမ်လျှောက်ထားချိန်ဟာ နာရီနဲ့တွက်ကြည့်မယ်ဆိုရင် အလွန်ဆုံးကွာရင် သုံးမိနစ်ပေါ့။ ဆိုလိုတာက ပါရမီရင့်ဖို့ သုံးမိနစ်လောက်လိုတဲ့အချိန်မှာ တရားဟောရင် ဗာဟိယကြီး တရားမရဘူး။ ဒါ့ကြောင့် ပါရမီရင့်ကျက်လာအောင် တရားနာတဲ့အလုပ်၊ ရှုမှတ်တဲ့အလုပ်ကို ပုံမှန်လုပ်နေဖို့လိုတယ်။ ငွေရှာသလို ရှေ့လောကြီးဖို့မလိုဘူး။

ဒီအချက်နဲ့ ပတ်သက်ပြီး ဆရာကြီးဦးရွှေအောင်က အဲဒီ သူဌေးသားအကြောင်းရေးတဲ့ဆောင်းပါးထဲမှာ အခုလို ဖွင့်ပြထားတယ်။

<u>ဗုဒ္ဓ၏စက္ခုနှစ်စုံ</u>

*အမှန်အားဖြင့် ဘုရားသည် ဗုဒ္ဓစက္ခုအစုံဖြင့် လောကကို အမြဲတမ်းကြည့်နေတော်မူ၏။ မြတ်စွာဘုရားကြည့်တော်မူသော မျက်စိကို ဗုဒ္ဓစက္ခုဟူ၍ ခေါ်၏။ ဗုဒ္ဓစက္ခုမှာ နှစ်လုံးရှိ၏။ မျက်စိတော်တစ်လုံးကို အာသယာနုသယဉာဏ်ဟူ၍ ခေါ်၏။ အခြားသော မျက်စိတော်တစ်လုံးကို ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဟူ၍ ခေါ်၏။ အာသယာနုသယဉာဏ်တော်ဖြင့် ထိုထိုသတ္တဝါတို့၏ ဘဝအမြင်နှင့် အနုသယ ကိလေသာကို ကြည့်တော်မူ၏။ မြတ်စွာဘုရား၏ တရားဒေသနာတော်ကို ကြားနာရတိုင်း သတ္တဝါများ ကျွတ်တမ်းဝင်ကြသည်*

http://www.dhammadownload.com



*မဟုတ်။ ကျွတ်တမ်းဝင်ထိုက်သော ပါရမီရှိမှသာ ကျွတ်တမ်းဝင်နိုင်ကြ၏။ ပါရမီရှိမှလည်း တရားမေ့တို့ကို ထိုးထွင်း၍ သိမြင်နိုင်သော စွမ်းရည်ကို ရ၏။ ဤသည်ကို အာသယဟူ၍ ဆိုရ၏။*

အာသယ၏ အနက်အရင်းမှာ အမြင်ဒိဋ္ဌိဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ဝေနေယျတစ်ဦး တစ်ယောက်၏ ပါရမီအလျောက် မြင်နိုင်စွမ်းရည်ကို ကြည့်ပြီးမှ ထိုက်တန်ရာတရား ဒေသနာတော်ကို ဟောကြားတော် မူခြင်းဖြစ်၏။ အရမ်းမဲ့ ဟောကြားတော်မူသည်မဟုတ်။ ထို့နောက် မြတ်စွာဘုရားသည် ဝေနေယျ၏ ကိလေသာ အထူအပါးကိုလည်း ကြည့်တော်မူ၏။ ထိုသို့ ကြည့်တော်မူပြီးမှ ထိုက်တန်ရာတရားဒေသနာတော်ကို ဟောကြားတော်မူခြင်းဖြစ်၏။ ဤသို့ ဝေနေယျတို့၏ အာသယနှင့် အနုသယနှစ်မျိုးကို မြင်နိုင်စွမ်းသောမြတ်စွာဘုရား၏ ဉာဏ်တော်ကို အာသယာနုသယဉာဏ်တော်ဟူ၍ ဆိုရ၏။ နောက် ဝေနေယျတို့၏ ဣန္ဒြေအနုအရင့်ကိုလည်း ကြည့်တော်မူ၏။ ဣန္ဒြေရင့်ချိန် မရောက်သေးပါကလည်းတရား ဒေသနာတော်ကို ဟောကြားတော်မမူသေးဘဲ ဣန္ဒြေရင့်မည့် အချိန်တိုင်အောင် စောင့်တော်မူ၏။ ဤသို့ ဝေနေယျတို့၏ ဣန္ဒြေအနုအရင့်ကို သိတော်မူသော မြတ်စွာဘုရား၏ ဉာဏ်တော်ကို ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ဟူ၍ သိရ၏။ ဤဉာဏ်တော်နှစ်ပါးသည်ပင် ဗုဒ္ဓစက္ခုမည်၏။ သူဌေးသားရဟာန်းနှင့်ပတ်သက်လျှင် ပါရမီရှိသော်လည်း

http://www.dhammadownload.com



ကြာနေ့ရင့်ချိန်လိုသေးကြောင်း မြတ်စွာဘုရားက သိတော်မူပြီးဖြစ်၏။ ထို့ကြောင့် သူဌေးသားရဟန်းအား သူနှင့်ထိုက်တန်သော တရားဒေသနာတော်ကို ဟောကြားတော်မမူသေးဘဲ အခြားသီတင်းသုံးဖော်များကလာရောက်လျှောက်ထားသည့် အချိန်ထိ မြတ်စွာဘုရားက စောင့်တော်မူနေခြင်းဖြစ်၏။ မသိ၍ ဆိုင်းငံ့နေခြင်းကားမဟုတ်, တဲ့။

သန်း ။ ။ ရှေ့မှာ ဆရာတော် ရှင်းပြခဲ့တာနဲ့ ဆရာကြီးရေးတာနဲ့ တစ်ထပ်တည်းပါပဲဘုရား။ ရှေ့မှာ ဆရာတော်က ပညာလုပ်ရင် သမာဓိနဲ့ သီလတစ်ခါတည်းပါသွားတယ်။ တစ်နည်းအားဖြင့် မနောကံကို စောင့်ထိန်းရင် ကာယကံနဲ့ ဝစီကံကို တစ်ခါတည်း ထိန်းပြီးသားဖြစ်တယ်လို့ ရှင်းပြခဲ့တယ်ဘုရား။ ဒီအချက်နဲ့ ပတ်သက်ပြီးတော့ရော ဆရာကြီးဦးရွှေအောင်က ဆက်ရေးထားသေးလား ဘုရား။

နုပ် ။ ။ အေး ... ရေးထားတာပေါ့။ ဒါလည်း တို့ရှင်းပြထားတာနဲ့ တစ်ထပ်တည်းပါပဲ။ ဒါပေမဲ့ နားလည်အောင် ရှင်းပြတဲ့အခါမှာ ရှင်းပြပုံလေးတော့ ကွာတာပေါ့။ ဘုရားရှင်ကလည်း စိတ်ဆိုတဲ့ သိက္ခာပုဒ်တစ်ခုကို ထိန်းပါ။ ကျန်တဲ့ သီလသိက္ခာပုဒ် ကုဋေကိုးထောင်ကျော်ကို စောင့်ထိန်း ပြီးသားဖြစ်မယ်လို့ ဟောကြားခဲ့ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ဘုရားရှင်ဟောကြားပုံရယ်၊ ဆရာကြီးရဲ့ ဖွင့်ပြပုံရယ်ကို ဆက်လေ့လာရအောင်။ သိပ်စိတ်ဝင်စားစရာ ကောင်းလို့ပါ။

*စိတ်သည်မြင်နိုင်ခဲ၏။ သိမ်မွေ့၏။ မိမိ*

http://www.dhammadownload.com



*နှစ်သက်ရာအာရုံကို အာရုံပြုလေ့ရှိ၏။*
*ပညာရှိသည် မိမိ၏စိတ်ကို စောင့်ထိန်းရ၏။*
*အကယ်၍သာ မိမိ၏စိတ်ကို စောင့်ထိန်းနိုင်ခဲ့သော်*
*ထိုစိတ်သည် ချမ်းသာကိုဆောင်၏။ (ဓမ္မပဒ)*

သူဌေးသားရဟန်းသည် မူလက ကောဋ္ဌာသကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းဖြစ်၏။ သို့ရာတွင် ကောဋ္ဌာသကမ္မဋ္ဌာန်းသည် သူဌေးသားနှင့် မလျော်။ သူဌေးသားရဟန်းနှင့် အသင့်လျော်ဆုံး ကမ္မဋ္ဌာန်းကား စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက သူဌေးသားရဟန်းအား စိတ္တာနုပဿနာကမ္မဋ္ဌာန်းကို ပေးခြင်းဖြစ်ပါ၏။ အမှန်အားဖြင့် ထိုကမ္မဋ္ဌာန်းသည် သူဌေးသားရဟန်းအား သောတာပတ္တိမဂ်၌ တစ်ထိုင်တည်းသော အချိန်အတွင်း၌ပင် တည်စေတော်မူခဲ့ပါ၏။

## <u>စိတ်ကိုပြန်မြင်က မဂ်ဖိုလ်ရ</u>

စိတ်ကို ငါဟူ၍ စွဲလမ်းနေသူများအတွက် မျက်စိသည် အခြားအရာများကိုသာ မြင်နိုင်ပြီး မိမိကိုယ်ကိုမူ ပြန်၍မြင်နိုင်ခြင်းမရှိသကဲ့သို့ ထို့အတူ စိတ်သည်လည်း အခြားအာရုံများကိုသာမြင်နိုင်ပြီး မိမိကိုယ်ကိုမူ ပြန်၍မမြင်နိုင်ပါချေ။ ထို့ကြောင့် စိတ်သည် မြင်နိုင်ခဲခြင်း ဖြစ်၏။ အကယ်၍ စိတ်ကို မြင်လိုပါက စိတ်ကို အမြင်ခံတရား အဖြစ်သို့ရောက်အောင် ပြုလုပ်ဖို့လို၏။ ထိုသို့မလုပ်ပါဘဲ စိတ်သည် မြင်တတ်သောတရားအဖြစ်၌သာ ရှိနေပါက လက်ညှိုးသည် အခြားအရာဝတ္ထုများကိုသာ ညွှန်ပြ

http://www.dhammadownload.com



နိုင်ပြီး မိမိကိုယ်ကိုမူ ပြန်၍ မညွှန်ပြနိုင်သကဲ့သို့၊ ထို့အတူ စိတ်သည်လည်း အခြားအရာများကိုသာ မြင်ပြီး မိမိကိုယ်ကိုမူ ပြန်၍မြင်ရန် မတတ်ကောင်းချေ။ ထို့ကြောင့် စိတ်ကို မြင်တတ်သော ဓမ္မသဘောမှ အမြင်ခံဓမ္မသဘောသို့ ရောက်အောင် ရှေးဦးစွာ အားထုတ်အပ်၏။ ထိုအခါမှသာ စိတ်သည် မိမိ မဟုတ်တော့ဘဲ သူတစ်ပါးဖြစ်သွားမည် ဖြစ်၏။ သူတစ်ပါး ဖြစ်သွားလျှင် အာရုံတို့၏ ဓမ္မတာအတိုင်း မြင်၍ ရပြီဖြစ်၏။ ဤသဘောကို ရည်ရွယ်၍ ခန္ဓာကို သူတစ်ပါး "ပရတော" အနေဖြင့် ရှုရမည်ဟူ၍ ဝိသုဒ္ဓိမဂ်၌ မိန့်ခြင်းဖြစ်၏။

မိမိ၏ မျက်စိကို မိမိ၏မျက်စိဖြင့် မြင်အောင်ကြည့် နိုင်သကဲ့သို့ မိမိ၏စိတ်ကိုလည်း မိမိ၏စိတ်ဖြင့် မြင်အောင် ကြည့်၍ရ၏။ မိမိနှင့် သူတစ်ပါးကွဲသွားသောအခါ မိမိက ကြည့်သူ၊ သူတစ်ပါးက အကြည့်ခံဖြစ်၏။ ထိုနည်းအတူပင် စိတ်တစ်ခုက ကြည့်သူ၊ စိတ်တစ်ခုက အကြည့်ခံ ဖြစ်ရ၏။ ကြည့်သူအဖြစ် ဆောင်ရွက်သောစိတ်က မဂ္ဂင်စိတ်၊ အကြည့်ခံ အဖြစ် ဆောင်ရွက်သောစိတ်က ကမ္မဋ္ဌာန်းအာရုံစိတ် ဖြစ်ရ၏။ မျက်စိက မျက်စိကို မြင်ရာ၌လည်း ထို့အတူ အကြည့်ခံမျက်စိ က ကမ္မဋ္ဌာန်းအာရုံ၊ ကြည့်သူ မျက်စိက မဂ္ဂင်တို့ ဖြစ်ကြ၏။ ဤသို့နှစ်မျိုးစီကွဲပြားသွားရ၏။

ဤနေရာ၌ဉာဏ်(မဂ္ဂင်)ကိုပင် မျက်စိဟု ဆိုခြင်းဖြစ် ၏။ ပကတိမျက်စိသည် မိမိ၏အာရုံကို မြင်၍ ပိုင်ပိုင်နိုင်နိုင် သိသလို ဉာဏ်သည်လည်း မိမိ၏အာရုံကို ရှု၍ ပိုင်ပိုင်နိုင်နိုင်

http://www.dhammadownload.com



သိ၏။ ထိုသို့ ပိုင်နိုင်စွာသိမှုခြင်းတူသဖြင့် ဉာဏ်ကိုပင် မျက်စိဟု တင်စား၍ ဆိုခြင်းဖြစ်၏။ ရုပ်ါရုံသည် မြင်၍ရသလို ဓမ္မာရုံသည် လည်း မြင်၍ ရသည်ဟု ဆိုလိုခြင်းမဟုတ်။ ပိုင်ပိုင်နိုင်နိုင်သိ၍ ရနိုင်ခြင်း တူမှုကိုသာ ဆိုလိုခြင်းဖြစ်ပါ၏။ တရားရှုမှတ်ရာ၌ စက္ခုံဉာဒပါဒိအရ ဉာဏစက္ခုပေါ်လာအောင် အားထုတ်ရ၏။ သမာဓိအား ကောင်းလာသောအခါ ဉာဏ်မျက်စိသည်ပေါ် လာ၏။ ထို့ကြောင့် ဉာဏ်မျက်စိပေါ်လာအောင် သမာဓိကို ထူထောင်ရ၏။ သမာဓိအားကောင်း၍ ဉာဏ်မျက်စိပေါ်လာ သောအခါ ရုပ်ကိုလည်း ကြည့်၍ရ၏။ စိတ်ကိုလည်း ကြည့်၍ ရ၏။ ပကတိမျက်စိဖြင့် မြင်၍ ပိုင်ပိုင်နိုင်နိုင်သိသလို ဉာဏ် မျက်စိဖြင့် ရှု၍ပိုင်ပိုင်နိုင်နိုင်သိလေ၏။

ဤအဆင့်ကို ဉာတပရိညာအဆင့်ဟူ၍ ဆိုရ၏။ ဤ အဆင့်တွင် စိတ်(မဂ္ဂင်) စိတ်အာရုံကို မြင်ပြီ။ ထိုအခါ စိတ် သည် မြင်နိုင်ခဲ့သည် မဟုတ်တော့။ စိတ်သည်မြင်၍ ရလေပြီ။ စိတ်ကို မြင်၍ရသဖြင့် ထိုစိတ်ကို သမာဓိအား ကောင်းသော ဉာဏ်ဖြင့် ကြည့်ပါက စိတ်၏သိမ်မွေ့သော သဘောကိုလည်း တွေ့ရ၏။ မိမိနှစ်သက်ရာ ထိုထိုအာရုံတို့၌ အာရုံပြုတတ်သော သဘောကိုလည်း တွေ့ရ၏။ ဒေါသစိတ်ကလည်း ဒေါသဖြစ် လိုက်ရမှ ကျေနပ်၏။ လောဘစိတ်ကလည်း ခွေးသေကောင် ပုပ်၌ပင်ဖြစ်စေ လောဘဖြစ်ရမှ ကျေနပ်၏။ မောဟစိတ်က လည်း ထို့အတူပင်ဖြစ်၏။ ဤသည်ကိုပင် ဝိပဿနာဝေါဟာရ ဖြင့် ဆိုပါက ရာဂစိတ်ဖြစ်လျှင်လည်း ရာဂစိတ်ဖြစ်မှန်းသိ၏။

http://www.dhammadownload.com


ဒေါသစိတ်ဖြစ်လျှင်လည်း ဒေါသစိတ်ဖြစ်မှန်းသိ၏။ အခြားဘာစိတ်ဖြစ်ဖြစ် ထိုစိတ်ဖြစ်မှန်းသိ၏ ဟူ၍ဆိုရ၏။

ထိုဉာဏ်တပရိညာအဆင့်ကို လွန်သောအခါ တီရဏပရိညာအဆင့်သို့ ရောက်၏။ ထိုအဆင့်၌ကား ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ အားလုံး သင်္ခါရသဘောအရဖြစ် ပျက်ချည်းသာဖြစ်၏။ ဖြစ်ပျက်ကိုချည်း မြင်ရ၏။ ထိုအခါ ရုပ်နာမ်တို့သည် လှိုင်းသဖွယ် တက်လိုက် ကျလိုက်ဖြစ်သလို ဖြစ်လိုက်ပျက်လိုက်ချည်း ဖြစ်ကြလေ၏။ ထို့နောက် လှိုင်းကင်းသော ရေအလျဉ်သဖွယ် ငြိမ်ပြီးစီးဆင်းနေသကဲ့သို့ အဖြစ်မပါတော့ဘဲ အပျက်ချည်းသာ တောက်လျှောက်ပျက်နေသည့် အပျက်အစဉ်ကိုလည်း မြင်ရ၏။ ကြည့်စိတ်(မဂ္ဂင်)အားကောင်းလျှင် အားကောင်းသလို အကြည့်ခံ အာရုံစိတ်များအားလုံး တစ်ပျက်တည်း ပျက်နေသည်ကို မြင်ရ၏။ ဤသည်ကိုပင် ဘင်္ဂဉာဏ်ဟူ၍ ဆိုရ၏။

ထို့နောက် ပဟာနပရိညာ အဆင့်သည် လာ၏။ ပဟာနပရိညာဟူသည် ခန္ဓာတို့၌ စွဲနေသော ကိလေသာများကို ပယ်ခြင်းဖြစ်၏။ ပုထုဇဉ်ဟူသမျှတို့သည် အရာရာတိုင်း၌ ငါ ... ငါ့ဥစ္စာဟူ၍ စွဲကြ၏။ ငါ ... ငါ့လူမျိုး၊ ငါ့နိုင်ငံ ဟူ၍ စွဲခြင်းမျိုးလည်းပါ၏။ မိမိနှင့် ဆန့်ကျင်ဘက်များကိုပင် ငါ့ဖြင့်စွဲလန်း၏။ ငါ့ရန်သူ၊ ငါ့ရန်သူလူမျိုး၊ ငါ့ ရန်သူ နိုင်ငံဟူ၍ စွဲလမ်းခြင်းမျိုးလည်းပါ၏။ ထို့ကြောင့် ပုထုဇဉ်တို့သည် မိမိတို့အနေဖြင့် နှစ်သက်သောအရာ၌ ဖြစ်စေ၊ မနှစ်သက်သော

http://www.dhammadownload.com



အရာ၌ဖြစ်စေ အရာရာတိုင်း၌ ငါဖြင့် သိမ်းပိုက်ကြသည်ချည်း ဖြစ်ကြ၏။ ပဟာနပရိညာ သဘောအရ အရာရာတိုင်း၌ ငါကို ပယ်လိုက်သောအခါ သူလည်း အလိုလိုပယ်ပြီးသားဖြစ်လေ၏။ အမှန်အားဖြင့် ငါရှိ၍သာ သူရှိနေခြင်းဖြစ်၏။ ငါ မရှိလျှင် သူလည်း မရှိတော့။

လောက၌ သူ ငါ ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိ။ အားလုံး ဓမ္မချည်းသာ ရှိလေ၏။ ဝိပဿနာဝေါဟာရအားဖြင့် ဆိုရလျှင် ငါဟူသည်ကား အတ္တဖြစ်၏။ သူဟူသည်ကား အတ္တနိယဖြစ်၏။ ဉာဏ်စဉ်များရင့်ကျက်မှုအရ အတ္တနှင့် အတ္တနိယကို မြစ်ပြတ်ပယ်နိုင်သောအခါ ဘဝဒုက္ခမှ လွတ်မြောက်တော့၏။ မျက်စိနှင့် ရူပါရုံတွေ့ဆုံသည်ဖြစ်စေ၊ နားနှင့်သဒ္ဒါရုံ တွေ့သည်ဖြစ်စေ၊ အခြား ဒွါရတစ်ခုနှင့် အခြားအာရုံတစ်ခု တွေ့သည်ဖြစ်စေ မည်သို့တွေ့တွေ့ ထိုသို့တွေ့ရာ၌ ရာဂလည်း မဖြစ်၊ ဒေါသလည်း မဖြစ်၊ ထိုထိုကိလေသာများ မဖြစ်တော့။ ထိုအခါ မျက်စိ၊ နားစသော အာရုံတံခါးများကို စောင့်ထိန်းပြီး သဘောသို့ ရောက်တော့၏။ တံခါးစောင့် ကောင်းကောင်းကို ရပြီ။ ထိုထိုတံခါးမှ ကိလေသာရန်သူများမဝင်နိုင်တော့ပြီ။ စိတ်သည် လုံခြုံလေပြီ။ ထိုအခါ ဘဝဒုက္ခမှလွတ်ပြီ။ လုံခြုံသော စိတ်သည် ချမ်းသာလေပြီ။ ချမ်းသာဟူသည် နိဗ္ဗာန်ဖြစ်၏။

## <u>သိစရာနဲ့ ပယ်စရာ</u>

ဆရာကြီးက အထက်ပါအတိုင်း ဖွင့်ပြထားတယ်။ ဆရာကြီး ရေးသမျှကို လိုရင်းချုပ်ပြောရရင် အဆင်း၊ အသံ၊

http://www.dhammadownload.com



အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံ ဆိုတဲ့ အတိုက်ခံဓာတ် (၆)ပါး က မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အခံဓာတ် (၆)ပါးကို တိုက်တဲ့အခါ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ တွေးကြံသိစိတ်ဆိုတဲ့ သိတတ်တဲ့ သဘောတရား နာမ်ဓာတ်တွေ ပေါ်လာမှာပဲ။

ဒီလို သိစိတ် နာမ်ဓာတ်တွေမှာ နှစ်သက်စွဲမက်တဲ့ သဘော လောဘဓာတ်နဲ့၊ မနှစ်သက် ဖျက်ဆီးတတ်တဲ့ သဘော ဒေါသဓာတ်တွေ ယှဉ်မလာစေဖို့ သတိပြုနေပါ။ အဲဒီလို သတိပြုနေရင် ဝိပဿနာပွားပြီးသား၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို အားထုတ်ပြီးသားဖြစ်နေပြီလို့ ဆိုလိုတာပါပဲ။

တကယ်တော့ အဆင်း၊ အသံစတဲ့ အာရုံ (၆)ပါးဟာ ရုပ်တရားတွေပါ။ ရုပ်တရားဆိုတာ သစ္စာဖွဲ့ရင် ဒုက္ခသစ္စာထဲပါတယ်။ ဒုက္ခသစ္စာဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိရုံသိရမယ့် တရားပါ။ ပယ်သတ်ရမယ့် တရားမဟုတ်ပါဘူး။ ပယ်သတ်ရမှာက သမုဒယသစ္စာဖွဲ့ရတဲ့ တဏှာလို့ ခေါ်တဲ့ လောဘပါပဲ။ သမုဒယသစ္စာအရ လောဘကို ကောက်ရတယ်ဆိုတာ ပဓာနနည်းအားဖြင့်ပါ။ အပဓာန နည်းအားဖြင့်ဆိုရင်တော့ ကိလေသာဆယ်ပါးလုံး ကောက်ရမှာပါ။ ဘာကြောင့်လဲဆိုတော့ ကိလေသာဆယ်ပါးလုံးဟာ ပယ်သတ်ရမယ့် တရားချည်းဖြစ်လို့ပါပဲ။

ဆရာကောင်းကို ရှာဖွေခြင်းဆိုတဲ့ စာအုပ်ထဲမှာ ဝိပဿနာရှုကွက်လေး တစ်ခုထည့်ရေးဖူးတယ်။ တစ်ခါတော့

http://www.dhammadownload.com



မြောက်ဥက္ကလာက ရွှေဥမင်တောရရိပ်သာမှာ တရားစခန်းဖွင့်နေတဲ့ အချိန်ပေါ့။ ဒီအချိန်မှာပဲ ရိပ်သာအနီးမှာရှိတဲ့ အိမ်တစ်အိမ်က သီချင်းခွေတွေကို အသံချဲ့စက်ကြီးနဲ့ တင်ဖွင့်နေတယ်။ ယောဂီတွေ ရှုမှတ်နေရာမှာ အနှောင့်အယှက်ဖြစ်သင့်သလောက်တော့ ဖြစ်တာပေါ့။

အဲဒီမှာတင် ကပ္ပိယဦးခင်မောင်က ဆရာတော်ကို သွားလျှောက်တယ်။ ''ဆရာတော် တပည့်တော် ရပ်ကွက်လူကြီးတွေ ခေါ်ပြီး သီချင်းဖွင့်တဲ့ အိမ်ကိုသွားပြီး စက်ပိတ်ခိုင်းလိုက်မယ်'' တဲ့။

သန်း ။ ။ ဒီတော့ ဆရာတော်က ဘာပြောသလဲ ဘုရား။ ဆရာတော်ပြောတာ ခဏထားပြီး ...

နုပ် ။ ။ မင်းသာ ဆရာတော်နေရာမှာဆိုရင် ဘာလုပ်မလဲ။

သန်း ။ ။ ဒီလောက် အလိုက်ကန်းဆိုး မသိတဲ့ အိမ်ကလူတွေကို ပတ်ဝန်းကျင်နှောင့်ယှက်မှုနဲ့ တရားစွဲခိုင်းလိုက်မယ်ဘုရား။

နုပ် ။ ။ ကဲ ... ဒီတစ်အိမ်ကို တရားစွဲပြီး ထောင်ချလိုက်ပါပြီတဲ့။ နောက်ထပ်တစ်အိမ်က ထပ်ပြီး စက်ဖွင့်ပြန်ရင်ရော။

သန်း ။ ။ နောက်ထပ်ဖွင့်ရင် အဲဒီ ထပ်ဖွင့်တဲ့ အိမ်ကို ထပ်တရားစွဲမှာပေါ့ ဘုရား။

<u>တစ်လောကလုံးနဲ့ ရန်ဖြစ်ချင်သူ</u>

နုပ် ။ ။ တရားသဘောနဲ့ မကြည့်ဘဲ မဟုတ်တာတွေ့တိုင်း တရားစွဲနေမယ်ဆိုရင် မင်းမှာ ဘယ်လိုလုပ် တရားအားထုတ်ချိန်ရှိတော့မှာလဲ။ တရားစွဲရင်းနဲ့ပဲ မင်းရဲ့သက်တမ်းဟာ ကုန်သွား

http://www.dhammadownload.com



မှာပဲ။ စာရေးဆရာကြီး ရွှေစကြာဦးစိုးမြင့်ဆိုတာ ဘိဝံသအောင် ထားတဲ့ ဘုန်းကြီးလူထွက်ပဲ။ မစိုးရိမ်ဆရာတော်ကြီး တပည့် ပေါ့။ တစ်ရက်တော့ သူက ဆရာတော်ကိုလျှောက်တယ်။

"တပည့်တော်က မဟုတ်မခံဘုရား။ တပည့်တော် အပေါ် မဟုတ်တာလုပ်လို့ကတော့ ပြန်ပြောလိုက်ရမှ ပြန်လုပ် လိုက်ရမှ ကျေနပ်တယ်ဘုရား"တဲ့။ ဒီတော့ မစိုးရိမ်ဆရာ တော်ကြီးက ပြန်ပြောတယ်။

"ဟဲ့ မောင်စိုးမြင့် ... မဟုတ်တာနဲ့ တွေ့တိုင်းသာ ရန်ဖြစ်နေမယ်ဆိုရင် မင်းတစ်လောကလုံးနဲ့ လှည့်ပြီးရန်ဖြစ်နေ ပေတော့။ ဘာဖြစ်လို့လဲဆိုတော့ လောကကြီးထဲမှာ မဟုတ် တာက များတာကိုးကွ။ မိမိသန္တာန်မှာ ကုသိုလ်ဖြစ်ချင်တယ် ဆိုရင်တော့ ဟုတ်ဟုတ် မဟုတ်ဟုတ် သည်းခံရမှာပဲ"တဲ့။

အခုလည်းကြည့်၊ စက်ဖွင့်တဲ့ အိမ်ကို ရန်သွားလုပ်ချင်တဲ့ ဦးခင်မောင်ကို ရွှေဥမင်ဆရာတော်ပြန်ပြောလိုက်တာက ... "ဒကာခင်မောင် အသံကိုပယ်ရမှာလား၊ ကိလေသာကို ပယ် ရမှာလား" တဲ့။

သန်း ॥ ॥ ကောင်းလိုက်တာ ဘုရား။ တပည့်တော် တော်တော် သဘောပေါက်သွားပြီ ဘုရား။ အာရုံဆိုတာ ပယ်လို့ ရကောင်း တဲ့ တရားမှ မဟုတ်ဘဲဘုရား။ ကိလေသာ မဖြစ်အောင် နေဖို့သာ တပည့်တော်တို့အလုပ်ပဲ ဘုရား။

နုပ် ॥ ॥ ဘာသာရေးစာအုပ်တွေတော့ ဖတ်ပြီး ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာတို့ရဲ့ ကိစ္စကိုတောင် ပိုင်းခြားမသိတဲ့ မြိတ်မြို့က

http://www.dhammadownload.com



ဒကာတစ်ယောက်ဟာ ငါ့ကို ဝေဖန်ဖူးတယ်။

သန်း ။ ။ ဘယ်လိုဝေဖန်တာလဲ ဘုရား။

<u>ကျောင်းများတိုင်း လောဘများသလော</u>

နုပ် ။ ။ "ဦးဇဝနဟာ ဝိပဿနာတရားတွေကိုသာ ဟောကြားပြသနေတာ၊ လောဘ အင်မတန်ကြီးတဲ့ ဘုန်းကြီးဖြစ်တယ်။ ကိုယ်ပိုင်ရိပ်သာခွဲကျောင်းတွေ ထူထောင်နေတာဟာ လောဘကြီးလို့ပဲ။ လောဘ ပယ်သတ်ထားသူဆိုရင် ကိုယ်ပိုင်ကျောင်းမထားဘဲ သပိတ်တစ်လုံး သက်န်းသုံးထည်နဲ့ နေရမယ်တဲ့။ ဒီလို လောဘကြီးတဲ့ ဘုန်းကြီးကို မလှူသင့်ဘူး။ အဲဒီလို ကျောင်းမျိုးကို မသွားသင့်ဘူး" ဆိုပြီး အတင်းလိုက်ပြောတယ်။ သူ့စွပ်စွဲချက်ကို မင်းရော ဘယ်လိုသဘောရသလဲ။

သန်း ။ ။ ဒါ သက်သက်အပြစ်ရှာတဲ့သဘောပဲ ဘုရား။ ဆရာတော်မှာ မိန်းမကိစ္စ၊ ငွေကြေးကိစ္စ တခြား ဘာမှပြောစရာ မရှိလို့ ကျောင်းခွဲဖွင့်တဲ့ ကိစ္စကို ပြောတာဖြစ်ပါလိမ့်မယ် ဘုရား။ ဆရာတော်အပေါ် မကျေနပ်ချက်တစ်ခုခုရှိမှာကတော့ သေချာပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဆိုရင် ကောသမ္ဗီပြည်တစ်ခုတည်းမှာတင် ကုက္ကုဋ္ဋာရုံတို့၊ ပါဝါရိကာရုံတို့ ဆိုတဲ့ ကျောင်းတိုက်ကြီး သုံးတိုက်တောင် ရှိတာပဲဘုရား။ အိန္ဒိယတစ်နိုင်ငံလုံးဆိုရင် ကျောင်းတိုက်တွေ ဘယ်ရေတွက်နိုင်မလဲ ဘုရား။ ဒါဟာ သာသနာတော်အတွက် လှူသူရှိလို့ အလှူခံရတာပဲ ဘုရား။ ဘုရားရှင်တစ်ပါးအတွက်ကတော့ ခုတင်တစ်လုံးစာ နေရာရှိရင် လုံလောက်နေပြီပဲ ဘုရား။

http://www.dhammadownload.com



သံဃာအများအတွက် အလှူခံတာဆိုတာ ထင်ရှားပါတယ်။ ဒါကို ဘုရားရှင်က လောဘကြီးလို့ ကျောင်းတွေအများကြီး အလှူခံထားတာလို့ပြောရင် အဲဒီလူ ငရဲကျမှာပေါ့ဘုရား။ ပြီးတော့ ဝေဘူဆရာတော်ကြီးဆိုရင် မြို့သုံးမြို့မှာ ရိပ်သာသုံးခု တည်ထောင်ထားတာပဲ။ မိုးကုတ်ဆရာတော်ကြီးလည်း အမရပူရမှာရော၊ မိုးကုတ်မှာရော ကျောင်းခွဲတွေအများကြီးပဲ ဘုရား။

မဟာစည်ဆရာတော်ကြီးရဲ့ ရိပ်သာခွဲတွေ ဆိုရင် တစ်ပြည်လုံးမှာ ရှိနေတာပဲဘုရား။ ဒါကို လောဘကြီးလို့လို့ မပြောဘဲ ဆရာတော်ရဲ့ ရိပ်သာခွဲလေး သုံးခုလောက်ရှိတာကျမှ လောဘကြီးလို့လို့ ပြောတာဟာ အောက်တန်းစားဆန်ပါတယ် ဘုရား။ ခုပဲ ဆရာတော်ရှင်းပြပြီးပြီပဲ ဘုရား။ ဒီကျောင်းကန်ရိပ်သာဆိုတာတွေက ဒုက္ခသစ္စာတွေပဲ ဘုရား။ ပယ်ရမယ့်တရားမှ မဟုတ်ဘဲ။ သိရမယ့် တရားပဲဟာ။

နုပ် ။ ။ အေး ဟုတ်တယ်ကွ။ သူက ကျောင်းအကျိုးဆောင်အဖွဲ့ထဲမှာ သူ့ကိုမထည့်ရကောင်းလား ဆိုပြီး ငါ့အပေါ်ကို စိတ်ဆိုးနေတာတဲ့။ ငါ့ကျောင်းမှာ ဂေါပကအဖွဲ့လို့ သီးသန့် ဖွဲ့မထားဘူး။ စေတနာရှိတဲ့ လူက လာလုပ်တာပဲ။ အဲဒါကို သူက ဂေါပကဖွဲ့တယ်ထင်ပြီး သူ့ မပါရကောင်းလားဆိုပြီး မကျေမနပ်ဖြစ်နေသတဲ့။ အဲဒီ စေတနာဆိုးကြောင့်ပဲ ထင်တယ်။ သူ့ အခု စီးပွားရေးတွေပျက်ပြီး ဒုက္ခရောက်နေရှာတယ်။

လူတစ်ယောက်မှာ လောဘ သို့မဟုတ် ဒေါသ

http://www.dhammadownload.com



တစ်ခုခုက အသိဉာဏ်ကို ဖုံးလွှမ်းသွားပြီဆိုရင် အမှန်ကိုမမြင်တော့ဘူး။ သူဟာ ကျောင်းအကျိုးဆောင် မခန့်ရကောင်းလား ဆိုတဲ့ ဒေါသကို အမြဲလက်ခံထားတော့ ငါ့အပေါ်မှာ ဘယ်လိုလုပ်ပြီး အမှန်ကို မြင်နိုင်မှာလဲ။ တကယ်တော့ မြို့တ်မြို့နယ်က ကျောက်ဖြူတောင်ရွာ ဆိုတာ အင်မတန်ခေါင်ပြီး ချောင်ကျတဲ့ နေရာပါ။

## ဓါးပြတို့ ဝေစုခွဲသည့်နေရာ

တို့သစ်ညီနောင် ကျောင်းတည်တဲ့နေရာဆိုရင် ဟိုးအရင်က ဓားပြတွေ ဝေစုခွဲတဲ့ နေရာပေါ့။ အရင် ဘုန်းကြီးလေးဆက်လောက်နေဖူးတယ်။ ဆွမ်းကွမ်းကိစ္စ ဒုက္ခရောက်ကြလို့၊ ထွက်ထွက်ပြေးကြလို့ တောကြီးဖြစ်ပြီး ကျန်ခဲ့တာ။ အဲဒီကျောက်ဖြူတောင်ရွာက လူတွေဆိုတာ အင်မတန်ဆင်းရဲကြတာ။ လုပ်ငန်းဆိုလို့ ရော်ဘာစေးခြစ်တာ တစ်ခုပဲရှိတယ်။

တစ်ရွာလုံးက ဆင်းရဲသားတွေကို ငါကပဲ ထောက်ပံ့ထားတာပါ။ သူတို့ရွာက ငါ့ကို ဘာမှပြန်မလှူနိုင်ကြဘူး။ ကျောင်းမနေနိုင်တဲ့ ကျောင်းသားတွေကို ကျောင်းထားပေးတယ်။ အိမ်မရှိတဲ့ ဆင်းရဲသားတွေကို အိမ်ဝယ်လှူတယ်။ ဆေးရုံ မတက်နိုင်တဲ့ ဆင်းရဲသားတွေကို ဆေးရုံမှာ ခွဲစိတ်ကုသနိုင်ဖို့ငွေကြေးကူညီပေးတယ်။ ဒီအကြောင်းတွေကို ဘဝနဲ့ ရင်းရသော အတွေးအမြင်များစာအုပ်ကျမှ အကျယ်ရေးဦးမယ်။

http://www.dhammadownload.com



တစ်ရက် မြိတ်မြို့ရဲ့ ဂုဏ်ဆောင်လေးကျွန်း ဆီမီး စေတီတော်ကြီးမှာ ငါ ညတရားပွဲ သုံးညဆက်ဟောရတယ်။ အဲဒီတရားပွဲကို လာနာတဲ့ဆရာတော်တစ်ပါးဟာ တရားနာပြီးတာနဲ့ ငါ့ကို ကြည်ညိုလို့ဆိုပြီး နောက်နေ့ကျတော့ သစ်ညို နောင်ကျောင်းကို လိုက်လာတယ်။ ငါ့ကို တွေ့တော့ ဘာပြောသလဲဆိုတော့ ''အရှင်ဘုရားရဲ့ အရည်အချင်းမျိုးနဲ့ ဒီလို ချောင်ဂလောင်ထဲမှာ မနေသင့်ဘူး။ ရန်ကုန်မှာပဲ မဖြစ်ဖြစ်အောင် သွားနေပါ။ အရှင်ဘုရားရဲ့ ဒီလိုဟောပြောနိုင်တဲ့ အရည်အချင်းမျိုးနဲ့ဆိုရင် နှစ်အနည်းငယ်အတွင်းမှာ နိုင်ငံကျော်ဖြစ်မယ်ဆိုတာ တပည့်တော်ပြောရဲတယ်။ တပည့်တော် ကိုယ်တိုင်က မဟာစည် နယ်လှည့်မဂ္ဂကထိကတစ်ပါးပါ။ တော်တော်တန်တန် အဟောအပြော ကောင်းတာလောက်နဲ့ဆိုရင် တပည့်တော် အခုလို အပင်ပန်းခံပြီး လာမပြောပါဘူးတဲ့'' ငါ့ရဲ့ ဖြေရှင်းချက်ကို နောက်အပတ် ဆက်ကြတာပေါ့. . . .။

• • •

ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို အကျဉ်းချုပ်အားဖြင့် နာကြားပြီးသိရင် ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းချုပ်အားဖြင့် သိတဲ့ သုတမယဉာဏ်ပြည့်စုံကြောင်း အလွန်ထင်ရှားပါတယ်။ ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ကို စက်ဝိုင်း ဇယားပုံကြီးနှင့်တကွ အကျယ်မသိရင် တရားအားမထုတ်ကောင်းကြောင်း ဟောနေကြတဲ့ စကားဟာ ဒီအဌကထာ၊ ဋီကာတွေနဲ့ ဆန့်ကျင်တဲ့

http://www.dhammadownload.com



ပဋိပတ်သာသနာဖျက်စကားလို့ မှတ်ထားကြရမယ်။

လိုရင်းကတော့ တရားအလုံးစုံဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းပါလို့ ကြားဖူးရုံမျှဖြင့် အရဟတ္တဖိုလ်ပေါက် တရားအားထုတ်ရန် သုတမယဉာဏ်အကျဉ်းချုပ်ပြည့်စုံ တယ်ဆိုတာပါပဲ။ ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ကို အကျယ်မသိရင် တရားအားမထုတ်ကောင်းဘူးလို့ ပြောဆိုတဲ့စကားဟာ ဒီစူဠတဏှာသင်္ခယသုတ်ပါဠိတော်နဲ့လည်း ဆန့်ကျင်တယ်။ တရား အားထုတ်လိုတဲ့သူတွေကို တားမြစ် ဖျက်ဆီးတဲ့အတွက် ပဋိပတ္တိသာသနာဖျက်စကားပဲ ဖြစ်တယ်လို့ မှတ်ကြရမယ်။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်မှ)

**နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံ**

**နာမ်ရုပ်ကွဲပုံ ဘုရားဟောဥပမာ**

ဝိပဿနာဉာဏ်ရဲ့ အခြေခံအစဖြစ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံကို မြတ်စွာဘုရားက ဒီဃနိကာယ်၊ သာမညဖလသုတ် နှာ(၇၂) မဇ္ဈိမပဏ္ဏာသ၊ မဟာသကုလုဒါယီသုတ် နှာ(၂၀၉) တို့၌ ပတ္တမြား ဥပမာဖြင့် ပြထားပါတယ်။ ပြပုံကတော့ ဝေဠုရိယခေါ် ကြောင်မျက်ရွဲ ပတ္တမြားထဲမှာ ကြိုးအညို၊ အဝါ၊ အနီ၊ အဖြူ၊ အဝါနု တစ်ခုခုသီထားပြီး အဲဒီကျောက်သံ ပတ္တမြားကို လက်ဝါးပေါ်တင်ကြည့်ရင် မျက်စိကောင်းတဲ့ သူဟာ ကျောက်က တခြား၊ ကြိုးက တခြား၊ ကွဲပြားစွာ မြင်ရတဲ့အပြင် ကျောက်ထဲမှာ ကြိုးကလေး သီထားတာ၊ ဝင်နေတာကိုလည်း ရှင်းလင်းစွာသိရတယ်။ အဲဒီလိုပဲ

http://www.dhammadownload.com



ရှုသိရတဲ့ ရုပ်က တခြား၊ ရှုသိတဲ့စိတ်ဝိညာဏ်က တခြား ကွဲပြားစွာ သိရတယ်။

အဲဒီဥပမာမှာ ရုပ်ကိုယ်က ကျောက်နှင့်တူတယ်။ ရှုသိတဲ့စိတ်က ကြိုးနှင့်တူတယ်။ ကြိုးက ကျောက်ထဲဝင်နေတာ လိုပင် ရှုသိတဲ့ စိတ်ဝိညာဏ်က ရှုသိစရာ ရုပ်ကိုယ်ဆီသို့ ပြေးပြေး ကပ်သွားတယ်။ အဲဒီလို ရုပ်နာမ်နှစ်ပါးကို ပိုင်းခြား သိကြောင်း ပြထားတယ်။ အဲဒီပြပုံကို အထူးသတိပြုကြရမယ်။ အဲဒီ ပြပုံထဲမှာ ရုပ်က မည်၍ မည်မျှ စိတ်စေတသိက်နာမ်က မည်၍ မည်မျှလို့ သိကြောင်းမပါဘူး။ ရုပ်ကိုယ်နှင့် စိတ်ဝိညာဏ် မျှ သိကြောင်းသာပါတယ်။ အဲဒါကို အထူးသတိပြုသင့်ပါ တယ်။

(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်မှ)

http://www.dhammadownload.com



## ညွှန်မနစ်စေနှင့်

ဤသာသနာတော်၌ ရဟန်းသည် မင်းမျိုး၊ သူဌေးမျိုး စသူတို့ထံသို့ နီးနီးစပ်စပ် မချဉ်းကပ်ရာ။ အကြင်ရဟန်းသည် အရသာ၌ တပ်မက်မောလေသည်ဖြစ်၍ လူ ဒါယကာတို့ထံသို့ ချဉ်းကပ်ငြားအံ့။ ထိုရဟန်းသည် သီလ စသော အကျိုးကို ပျက်ပြားစေလေ၏။

ဒါယကာတို့၏ ပူဇော်သက္ကာရကို ရွံ့ညွှန် ဟူ၍ မှတ်ရာ၏။ အနှုတ်ရခက်သော ငြောင့်တံသင်း ဟူ၍မှတ်ရာ၏။ ထိုပူဇော်သက္ကာရမျိုးကို စိတ်သဘောထားမရင့်ကျက်သေးသော ရဟန်းသည် စွန့်လွှတ်နိုင်ခဲ၏။

## ခြသေ့ံရေခြုံသော မျောက်

အကြင်ရဟန်းသည် ပံ့သုကူသင်္ကန်းကို ဝတ်ရုံလျက် တုန်လှုပ်ပျံ့လွင့်ခြင်း ဖြစ်၏။ လျှပ်ပေါ်လော်လည်ခြင်း ရှိ၏။ ထိုရဟန်းသည် ခြသေ့ံရေခြုံထားသော မျောက်ကဲ့သို့တည်း။ အရိယာတို့၏ တံခွန်ဖြစ်သော ထိုပံ့သုကူသင်္ကန်းဖြင့် မတင့်တယ်သူတည်း။

http://www.dhammadownload.com



သူတစ်ပါးတို့၏ အိမ်တံခါးဝ၌ ရပ်၍ ခံယူရသောဆွမ်းသည် ငါ၏ အာဟာရတည်း။ နွားကျင်ငယ်ရေသည် ငါ၏ဆေးတည်း။ သစ်ပင်ရင်းသည် ငါ၏ကျောင်းနေရာတည်း။ မြေမှုန့်တို့ လိမ်းကျံအပ်သော အဝတ်စုတ်သည် ငါ၏သင်္ကန်းတည်း။ ယင်းသို့လျှင် အကြင်ရဟန်းသည် ထိုပစ္စည်းလေးပါးတို့ကို နှစ်နှစ်ခြိုက်ခြိုက် သုံးဆောင်နိုင်ငြားအံ့။ ထိုရဟန်းသည် အရပ်လေးမျက်နှာသို့ သွားလိုရာသွားနိုင်သော စတုဒိသာရဟန်း မည်၏။

(အရှင်မဟာကဿပ – စတ္တာသီလနိပါတ်–၁)

သန်း ။ ။ ဆရာတော်ဖြေရှင်းချက်ကို ဆက်ပါဦးဘုရား။

နုပ် ။ ။ ရဟန်းဆိုရင် ကိုယ်ကျိုးကို ဦးစားမပေးဘဲ သာသနာအကျိုးကို ဦးစားပေးရမယ်။ လူဆိုရင် ကိုယ်ကျိုးကို ဦးစားမပေးဘဲ လောကအကျိုးကို ဦးစားပေးရမယ်။ တကယ်တော့ ရဟန်းတစ်ပါးဟာ သာသနာအကျိုးကို ဆောင်ရွက်ရင် မိမိအကျိုးကို ဆောင်ရွက်ပြီးသားဖြစ်သွားတာပါ။ လူတစ်ယောက်ဟာ လောကအကျိုးကို ဆောင်ရွက်ရင် မိမိ အကျိုးကိုလည်း ဆောင်ရွက်ပြီးသား ဖြစ်သွားတာပါ။

မင်းတို့ ငါတို့ဟာ ဘဝအဆက်ဆက် ကျင်လည်စဉ်က ဒီလောကကြီးကို ကိုယ့်အတွက်ချည်းပဲ အသုံးချခဲ့ကြတာပါ။ မိမိကိုယ်ကိုတော့ လောကအတွက်အသုံးချဖို့ တစ်ခါမှ စိတ်မကူးခဲ့ကြဘူး။ ဒါကြောင့်လည်း ဂင်္ဂါဝါဠု သဲစုမက ဘုရားရှင်တွေ မရေနိုင် မတွက်နိုင်အောင် ပွင့်ခဲ့ပေမယ့် မင်းတို့ ငါတို့ဟာ အခုထက်ထိ ရဟန္တာမဖြစ်ကြသေးတာပေါ့။



F.6.A

http://www.dhammadownload.com



မိမိကိုယ်ကို လောကအတွက် အသုံးချတယ်ဆိုတာ ဒီဋ္ဌိနဲ့ လောဘကို အလုပ်နဲ့ လက်တွေ့ပယ်သတ်ခြင်း တစ်မျိုးပါပဲ။ အသာစံဖို့နဲ့ အနာခံဖို့ နှစ်မျိုး ကြုံလာတဲ့အခါမှာ အသာစံတဲ့ဘက်က နေမယ်ဆိုရင် လောကကို မိမိအတွက် အသုံးချတာပဲ။ အနာခံတဲ့ဘက်ကနေမယ်ဆိုရင် မိမိကိုယ်ကို လောကအတွက်အသုံးချတာပဲ။ အသာစံတယ်ဆိုတာ ဒေဝဒတ်ရဲ့ကျင့်စဉ်ဖြစ်ပြီး၊ အနာခံတယ်ဆိုတာ ဘုရားရှင်ရဲ့ကျင့်စဉ်ပဲ။

အနာခံတဲ့နေရာမှာလည်း အကြောင်းတရားနဲ့ အကျိုးတရား နှစ်မျိုးလုံးမှာ အနာခံမှ တကယ့်အနာခံရာရောက်တယ်။ လောကအတွက်လည်း တကယ့်အကျိုးရှိတယ်။ နိုင်ငံရေးနဲ့ ဘာသာရေးနှစ်မျိုးလောက် နမူနာထုတ်ပြမယ်။ နိုင်ငံရေးဘက်ကဆိုရင် ဗီယက်နမ်သမ္မတကြီး ဟိုချီးမင်းကို ထုတ်ပြမယ်။

ဟိုချီးမင်းဟာ ကျူးကျော်လာတဲ့ ပြင်သစ်တွေကိုရော၊ အမေရိကန်တွေကိုပါ နှစ်ဦးလုံးကို နှစ်ပေါင်းများစွာကြာအောင် အငတ်အပြတ်ခံ၊ ဒဏ်ရာ အနာတရအဖြစ်ခံပြီး တော်လှန်တိုက်ခိုက်ခဲ့တယ်။

ဒါဟာ အကြောင်းတရားမှာ အနာခံတာလို့ခေါ်တယ်။ ဟော သူ သမ္မတဖြစ်တဲ့နေ့က လွတ်လပ်ရေး ကြေညာ စာတမ်းဖတ်ဖို့ စင်မြင့်ပေါ်တက်ခါနီး အချိန်ထိ သူဝတ်ထားတဲ့ ဝတ်စုံဟာ ဟောင်းနွမ်းစုတ်ပြတ်နေတဲ့ တော်လှန်ရေးကာလက ဝတ်စုံပဲ။ ဗီယက်နမ်ပြည်သူပြည်သား အားလုံး ရှေ့ထွက်

http://www.dhammadownload.com



ရမယ့်အချိန်မှာတောင် သူ့မှာ ဝတ်စုံကောင်း တစ်စုံမှ မရှိဘူး။ နောက်တော့ ဘယ်လိုမှ မသင့်တော်လို့ နီးစပ်သူတွေက ဝတ်စုံတစ်စုံ ချက်ချင်းချုပ်ပြီး ထောက်ပံ့ကြတယ်။ အဲဒီဝတ်စုံနဲ့ လွတ်လပ်ရေးကြေညာစာတမ်းကို ဖတ်ကြားခဲ့ရတယ်။

## စက်ဘီးနှင့် ရုံးတက်သော သမ္မတ

သူ သမ္မတတာဝန် ထမ်းဆောင်တဲ့ ကာလတစ်လျှောက်လုံးမှာလည်း သူကိုယ်ကျိုးအတွက် ဘာမှလုပ်မသွားဘူး။ အိမ်မှာ နေရင် ခုံဖိနပ်ပဲ စီးတယ်။ သစ်ပင်ပန်းပင်တွေ ကိုယ်တိုင်ရေလောင်းတယ်။ သမ္မတစံအိမ်မှာ နေခိုင်းပေမယ့် မနေဘူး။ ရုံးထိုင်ချိန်လောက်ပဲ စံအိမ်မှာနေတယ်။ ကျန်တဲ့အချိန်မှာတော့ သူ့အိမ်သေးသေးလေးမှာပဲ နေတယ်။ သမ္မတ ရုံးကို သွားရင် စက်ဘီးနဲ့ပဲသွားတယ်။

နိုင်ငံ ဆင်းရဲနေတဲ့အချိန်မှာ မလိုအပ်တဲ့နေရာမှာ မကုန်စေချင်တဲ့အတွက် ကားမစီးတာပါ။ တချို့နိုင်ငံက ခေါင်းဆောင်တွေဟာ လူကြီးနေရာရောက်တာနဲ့ သုံးလိုက်ဖြုန်းလိုက်ကြတာ ဘယ်သူမှလိုက်မမီတော့ဘူး။ ယူလိုက်တဲ့ မိန်းမတွေဆိုတာ ဘယ်နှယောက်မှန်းတောင် မသိတော့ဘူး။ ဟိုချီးမင်းကတော့ နိုင်ငံကောင်းစားရေးကိုချည်း တစ်သက်လုံး မနားတမ်းလုပ်သွားလိုက်တာ အိမ်ထောင်ပြုချိန်တောင် မရခဲ့ရှာဘူး။ လူပျိုကြီးဘဝနဲ့ပဲ ကွယ်လွန်သွားရှာတယ်။

အဲဒါ အကျိုးတရားမှာပါ အနာခံတာပေါ့။ ဒါကြောင့်လည်း ဟိုချီးမင်း သေတဲ့အထိ သူတို့ပြည်သူတွေက လေးစား

http://www.dhammadownload.com



ကြည်ညိုနေကြတာပေါ့။ အခု ဗီယက်နမ်နိုင်ငံမှာ ဟိုချီးမင်းရဲ့ ဂူဗိမာန်အကြီးကြီးရှိတယ်။ ဟိုချီးမင်းအလောင်းကိုလည်း မီး မသင်္ဂြိုဟ်ဘဲ ဆေးစီရင်ပြီး ဒီအတိုင်း မှန်ခေါင်းနဲ့ ထည့်ထား တယ်။ ဂူဗိမာန်ကြီးတစ်ခုလုံး နှံ့အောင် ကြည့်မယ်ဆိုရင် တစ်ရက်တောင် အချိန်ပေးရသတဲ့။

အဲဒါအကြောင်းတရား အကျိုးတရား နှစ်ခုလုံးမှာ အနာခံတဲ့အတွက် ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ်ပူဇော်ခံရ တာပေါ့။ တချို့သော နိုင်ငံက ခေါင်းဆောင်တွေကျတော့ နိုင်ငံ လွတ်လပ်ရေးရအောင် သက်စွန့်ကျိုးပမ်း ဆောင်ရွက် တဲ့အကြောင်းတရားမှာတော့ အနာခံခဲ့တယ်။ ဒါပေမဲ့ နိုင်ငံ လွတ်လပ်ရေးရပြီဆိုတာနဲ့ ကိုယ်ပဲ သမ္မတ လုပ်ချင်တယ်။ ကိုယ်ပဲ ဝန်ကြီးချုပ်လုပ်ချင်တယ်။

ဒီလိုလုပ်ချင်တာကလည်း ဒီမိုကရေစီနည်းကျ၊ မျှမျှ တတ ရွေးကောက်ပွဲမှာ အနိုင်ရပြီး လေးနှစ်သက်တမ်း အုပ်ချုပ်မယ်ဆိုတာမျိုးမဟုတ်ဘူး။ သူ့အသက်သေတဲ့အထိ နိုင်ငံကို အုပ်ချုပ်သွားချင်တာ။ ပြီးတော့ ဒီနိုင်ငံထဲက ရသမျှ အကုန်ထုတ်ယူသွားချင်တယ်။ အဲဒီလိုခေါင်းဆောင်မျိုးတွဟာ အကြောင်းတရားမှာသာ အနာခံပြီး အကျိုးတရားမှာ အနာ မခံသူလို့ မှတ်နိုင်တာပေါ့။

အဲဒီလိုခေါင်းဆောင်မျိုးတွေကျတော့ တိုင်းပြည်က လေးစားကြည်ညို ပူဇော်ဖို့ဝေးရော။ ဘယ်အချိန်မှာ ဘယ်လို သေပြီး ဘယ်လိုသင်္ဂြိုဟ်လိုက်မှန်းတောင် မသိကြတော့ဘူး။

http://www.dhammadownload.com



သူ့ရဲ့သားသမီး မြေးမြစ်အစဉ်အဆက်ကလည်း ငါတို့အဖေ၊ ငါတို့အဖိုးဟာ ဘယ်သူပါလို့ ဖွင့်တောင်မပြောရဲတဲ့ ဘ၀မျိုးကို ရောက်သွားကြတယ်။

ဒါက နိုင်ငံရေးနဲ့ ပတ်သက်ပြီးတော့ ပြောတာ။ အခု ဘာသာရေးနဲ့ ပတ်သက်ပြီးတော့ ပြောမယ်။

သူတစ်ပါးအကြောင်းပြောရင် အတိအကျ မှန်ချင်မှ မှန်မယ်။ ကိုယ့်အကြောင်း ပြောရင်တော့ အတိအကျမှန်တယ်။ ဒါ့ကြောင့် ငါ့အကြောင်းကိုပဲ ပြောပြမယ်။ ငါဟာ စာသင်သားဘ၀ကတည်းက အဆင်းရဲ အပင်ပန်းခံပြီး စာရေးနိုင်အောင် တရားဟောနိုင်အောင် ကြိုးစားခဲ့တယ်။ စာသင်တိုက်မှာနေစဉ်အချိန်က ဥပုသ်နေ့ဆိုရင် စာဝါတွေ နားတယ်။ ဒီအချိန်မှာ တချို့စာသင်သားတွေက လျှောက်လည်တတ်ကြတယ်။

ငါကတော့ တိုက်အုပ်ဆရာတော် ဟောတဲ့ ဥပုသ်နေ့ တရားပွဲကို မနက်ကနေ ညနေထိနာတယ်။ တရားနာတယ် ဆိုတာ တရားဟောသင်တန်းတက်နေတာပါပဲ။ ဒီအချိန်က တောင်သာမြို့၊ ကျောင်းသစ်ကျောင်းစာသင်တိုက်မှာ စာသင် သံဃာ ၇၀ ကျော်ရှိတယ်။ ဒါပေမဲ့ တိုက်အုပ်ဆရာတော်ကြီး ဟောတဲ့ တရားပွဲကို လာနာတဲ့ ကိုယ်တော်ဆိုလို့ ငါ တစ်ပါး ပဲ ရှိတယ်။

စာမေးပွဲဖြေပြီးလို့ နွေကျောင်းပိတ်ပြီဆိုရင် စာသင်သားတွေဟာ ကိုယ့်ရပ်ကိုယ့်ရွာပြန်ကြတယ်။ ဒါမှမဟုတ် သူ

http://www.dhammadownload.com



တစ်ပါးရှာကို လိုက်လည်ကြတယ်။ ငါကတော့ ဘယ်မှ မသွားဘူး။ စာချဆရာတော်တစ်ပါး စုထားတဲ့ စာအုပ်သေတ္တာကြီး နှစ်လုံးထဲက မဂ္ဂဇင်း၊ ဝတ္ထု၊ ဘာသာရေးစာအုပ်မျိုးစုံကို ဝဒီနေအောင် ဖတ်တော့ မှတ်တော့တာပဲ။

ညဘက်ဆိုရင်လည်း တချို့စာသင်သားတွေက ရုပ်ရှင်တို့၊ ပွဲတို့ကြည့်ရအောင် ခိုးထွက်ကြတယ်။ တို့ကတော့ ညတရားပွဲရှိပြီဆိုရင် ဘယ်ဆရာတော်လာဟောဟော ဆရာတော်တွေဆီ ခွင့်တောင်းပြီး သွားနာတာပဲ။

<u>စာရေးတတ်ခြင်း အကြောင်းရင်း</u>

နှစ်ပေါင်းများစွာ စာဖတ်လာတော့ အလိုလို စာရေးတတ်လာတယ်။ စာဖတ်တာဟာ စာရေးနည်းသင်တာပါပဲ။ နှစ်ပေါင်းများစွာ တရားနာလာတော့ အလိုလိုတရား ဟောတတ်လာတယ်။ တရားနာတာဟာ တရားဟောနည်း သင်တာပါပဲ။ ရွှေပြည်သာမြို့က မန္တလေးကျောင်းတိုက်ဟာ ဓနိမိုးထရံကာကျောင်းကနေ စခဲ့ရတာပါ။ အဲဒီ ဝါးတွေ၊ ဓနိတွေ၊ ပျဉ်တွေတောင် အလှူရှင်မရှိလို့ အကြွေးဝယ် ဆောက်ခဲ့ရတာပါ။ (၁၅)နှစ်နီးပါး ကြိုးစားအားထုတ်လိုက်တဲ့အခါ နှစ်ထပ်တိုက် တစ်လုံး၊ သုံးထပ်တိုက် တစ်လုံး ပြီးလာတယ်။

အိပ်ခန်းနဲ့ ရေချိုးခန်းနဲ့ အိမ်သာနဲ့ ကောင်းကောင်းနေမယ်လုပ်တုန်းရှိသေးတယ်။ မြိတ်မြို့က တရားပြရအောင်ပင့်တော့တာပဲ။ မြိတ်မြို့က သစ်ညီနောင် ဓမ္မရိပ်သာကျောင်းဟာလည်း ဓနိမိုး ထရံကာက စခဲ့ရတာပါပဲ။ ရွှေပြည်သာမြို့က

http://www.dhammadownload.com



မန္တလေးကျောင်းကြီးကို အခုလို ပြည့်ပြည့်စုံစုံဖြစ်လာအောင် အဆင်းရဲခံပြီး ငါ ကြိုးစားခဲ့တာဟာ အကြောင်းတရားမှာ အနာခံခဲ့တာပဲ။

အခုလို ကျောင်းကန်တွေ ပြည့်စုံလာတဲ့အခါမှာ ဒီကျောင်းကြီးကို ငါ ခက်ခက်ခဲခဲတည်ထောင်ခဲ့ရတာ။ ငါပဲ စိမ်နဲ့ နေမယ်ဆိုပြီး ဘယ်မှမသွားဘဲ နေမယ်ဆိုရင် ငါဟာ အကြောင်းတရားမှာသာ အနာခံပြီး အကျိုးတရားမှာ အနာမခံသူဖြစ်သွားမှာပေါ့။ ငါဟာ အကျိုးတရားမှာလည်း အနာခံခဲ့ပါတယ်။

မန္တလေးကျောင်းတိုက်ကို လက်ထောက်ကိုယ်တော်တစ်ပါးလွှဲအပ်အုပ်ချုပ်ခိုင်းထားပြီးတော့ ငါကတော့ ဘာအဆောက်အဦမှ ကောင်းကောင်းမရှိသေးတဲ့ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာက ချောင်ဂလောင်ထဲမှာ သွားနေပေးခဲ့တယ်။ နာမည်ကျော် ဆရာတော်အချို့ဟာ အခုလို နာမည်ကျော်လာအောင် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ကြတယ်။

ဒါက အကြောင်းတရားမှာ အနာခံတာပေါ့။ နာမည်ကြီးလာပြီ ဆိုတဲ့အခါကျတော့ သိန်းထောင်ကျော်တန် ကားတွေ၊ အဲယားကွန်းတွေ၊ စလောင်းတွေ၊ အောက်စက်တွေနဲ့ အကြီးအကျယ်စိမ်ခံတော့တာပဲ။ အဲဒါက အကျိုးတရားကျတော့ အနာမခံတာပေါ့။ တို့ သိန်းထောင်ကျော်တန် ကားစီးနိုင်တယ်၊ မစီးဘူး။ ဒုက္ခရောက်တဲ့သူတွေကို လှူပစ်လိုက်တာ။ ၂၀၀၈ ခုနှစ် တစ်နှစ်တည်းမှာပဲ သိန်းပေါင်း နှစ်ထောင်

http://www.dhammadownload.com



လောက်ရှိတယ်။

တခြား နာမည်ကြီးဆရာတော်အချို့ တိုက်ခန်းထဲမှာ အဲယားကွန်းနဲ့ ဖိမ်ခံနေတဲ့အချိန်မှာ တို့က သစ်သားကျောင်း လေးပေါ်မှာ ဖျာခင်းပြီး စာရေးနေတယ်။ အဲယားကွန်း မပြောနဲ့။ ပန်ကာတောင် မထားဘူး။ အဲဒါ အနာခံတာပဲပေါ့။ အခု လည်း ငါဟာ ရန်ကုန်မှာနေရင် ကျော်ကြားထင်ရှားဖို့ လွယ်ကူ တယ်ဆိုတာ သိလျက်နဲ့ ဘယ်သူမှ မနေချင်တဲ့ အခုလိုချောင် ကျကျထဲမှာ လာနေပေးနေတာပါ။

## ဆင်းရဲခြင်းနှစ်မျိုး

ငါ့ကို ရန်ကုန်မှာနေသင့်တယ်လို့ ပြောပြနေတဲ့ ဆရာ တော်ဟာ ရန်ကုန်မှာ ငါပိုင်တဲ့ ကိုယ်ပိုင်ကျောင်း တစ် ကျောင်းရှိနေတယ်ဆိုတာ မသိရှာပါဘူး။ အဲဒီကျောက်ဖြူ တောင်ရွာက ရွာသူရွာသားတွေဟာ ဥစ္စာတင် ဆင်းရဲတာ မဟုတ်ဘူး။ အသိဉာဏ်ပါ ဆင်းရဲနေကြတာ။ သူတို့ဟာ ဗုဒ္ဓဘာသာပါလို့ အမည်ခံနေပေမယ့် ရတနာသုံးပါးကို တကယ် မကြည်ညိုဘူး။ အတွင်း ၃၇ မင်း ကိုကြီးကျော်၊ မနဲ့လေး အစရှိတဲ့ နတ်တွေကိုပဲ ကြည်ညိုကြတယ်။

ရွာဦးကျောင်းရှိသော်လည်း နားဝင်အောင် ဆုံးမမယ့် ဆရာတော် ကောင်းကောင်းမရှိတော့ ဘုန်းကြီးကျောင်း မရှိတာနဲ့ အတူတူပါပဲ။ ဘုန်းကြီးကို တစ်ခါမှ မကန်တော့ ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို အဲဒီရွာမှာ တွေ့ရတယ်။ သူကိုယ်တိုင် ငါ့ကို ပြောပြလို့သိရတာပါ။ ငါဟောတဲ့ တရား

http://www.dhammadownload.com



ပွဲနာအပြီးမှာ မျက်ရည်တွေဝဲပြီး ငါ့ကို လျှောက်လို့ သိရတာ။ သူတို့ရွာသူ ရွာသားတွေ အသိဉာဏ်နည်းပုံ ပြောပြဦးမယ်။

တစ်ခါကဆိုရင် အလွန်ဆင်းရဲတဲ့ လင်မယားနှစ်ယောက်မှာ တစ်ဦးတည်းသော သားလေးတစ်ယောက်ရှိတယ်။ တစ်ရက်တော့ သူတို့သားလေးဟာ ရောဂါတစ်ခု ဖြစ်တယ်။ တကယ်ဆိုရင် ရောဂါဖြစ်ရင် ဆရာဝန်သွားပြပြီး ဆေးကုလိုက်ရင်ပျောက်တာပေါ့။ သူတို့က ဆရာဝန် သွားမပြဘဲ သူတို့ရွာထဲက နတ်ကတော်တစ်ယောက်ကို သွားမေးတယ်။ သူတို့ဆီမှာတော့ နတ်သူငယ်လို့ခေါ်တယ်။

နတ်ကတော်က သူ့ဆီရောက်လာတဲ့ ငွေကို ဘယ်မှာပြန်အထွက်ခံတော့မှာလဲ။ အိမ်တွင်းနတ်က မကျေနပ်လို့ မင်းညီနောင်က စိတ်ဆိုးလို့ လုပ်ထားတာ။ နတ်ကန္တား သုံးရက်ပေးရင် ကလေးရောဂါပျောက်မယ်လို့ ပြောလိုက်သတဲ့။ အသိဉာဏ်ပါ ဆင်းရဲတဲ့ လင်မယားဟာ နတ်ကတော် ပြောတာကို တကယ်ယုံပြီး နတ်ကန္တားသုံးရက် ပေးတယ်။

သန်း ။ ။ နတ်ကန္တားသုံးရက်ပေးတယ်ဆိုရင် ငွေတော်တော်ကုန်တယ် ဆရာတော် ဒီလင်မယားမှာ ကန္တားပွဲလုပ်ဖို့ ငွေက ရှိရဲ့လား ဘုရား။

နုပ် ။ ။ ဘယ်ရှိမှာလဲ။ ကလေးရောဂါပျောက်ချင်လို့သာ ဖွတ်မျက်စေ့မှိတ်ပြီး လုပ်နေကြတာ။ ငွေမရှိလို့ အိမ်ပေါင်ပြီး နတ်ကန္တားပွဲလုပ်ကြတယ်။ နတ်ကန္တားပွဲ နှစ်ရက်လုပ်အပြီးမှာ ပျောက်သွားတယ်။

http://www.dhammadownload.com



## သက်ပျောက် နတ်ကန္နား

သန်း ။ ။ ကလေးရဲ့ရောဂါ ပျောက်သွားတာလား ဘုရား။ နတ်ကန္နားပွဲကလည်း စွမ်းသားပဲ။

နုပ် ။ ။ ရောဂါပျောက်တာမဟုတ်ဘူး။ အသက်ပျောက်သွားတာ။ ဖခင်ဖြစ်သူလည်း အတော်ဒေါသထွက်သွားပြီး နတ်ကန္နားပွဲကို ချက်ချင်းရပ်ခိုင်းတယ်။ ဟိုကလည်း ပိုက်ဆံက ယူထားပြီး၊ သုံးထားပြီးသား ပြန်ပေးစရာလည်း မရှိတော့ဘူး။ ဒီတော့ သုံးရက်ပြည့်အောင် ဆက်ကမယ်လို့ တင်းခံပြီး ကလေးအသုဘကို ဂရုမစိုက်ဘဲ နတ်ပွဲကို ဆက်က နေသတဲ့။

သန်း ။ ။ တော်တော်ဆိုးပါလား ဆရာတော်။

နုပ် ။ ။ အေးလေ ... သူတို့ နတ်ကတော်အလုပ် ဆိုတာကိုက လူတွေဆီက ငွေညှစ်ရတဲ့အလုပ်မဟုတ်လား။ ကောင်းတဲ့အလုပ်လို့ ဘယ်လိုလုပ်ပြောလို့ရမလဲ။ နောက်ဆုံးတော့ ဖခင်ဖြစ်သူဟာ ဒေါသကို မထိန်းတော့ဘဲ၊ နတ်ကတော်တွေကိုရော၊ ဆိုတဲ့သူ၊ တီးတဲ့သူတွေရော အတင်းဓားနဲ့ လိုက်ခုတ်တော့တာပဲ။ အဲဒီလိုလုပ်တော့လည်း ကြောက်လိုက်ကြတာ ဝရုန်းသုန်းကား ထွက်ပြေးကြတာ တစ်ယောက်မှ မကျန်ဘူး။ လူတွေ ခုတ်စရာမရှိတော့ ကလေးအဖေဟာ နတ်ရုပ်တွေကို အကုန် ဓားနဲ့ပိုင်းလိုက်တာ ခေါင်းနဲ့ကိုယ် အိုးစားကွဲတော့တာပဲ။

အေး .. အဲဒီရွာဟာ အဲသလောက်ကို အဖြစ်ဆိုးနေတဲ့ရွာ။ ငါဟာ အဲဒီလို ရွာမှာသွားနေပြီး ဒီရွာသူရွာသား

http://www.dhammadownload.com



တွေကို ဆွေကြေးသာမက အသိဉာဏ်ကိုပါ ထောက်ပံ့ ပေးခဲ့တာပါ။ ဆိုလိုတာက ဒီနယ်ကို ငါသွားနေတာဟာ ငါ့ကိုယ်ကျိုးအတွက်မဟုတ်ဘူး။ အများအကျိုးအတွက်ပဲ။

နောက် ရည်ရွယ်ချက်တစ်ခုကတော့ ငါ့အထက်က အစ်မတစ်ယောက်ဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို အလွန်လိုချင်တယ်။ ဒါကြောင့် အသက်ငယ်ငယ် အရွယ်ကောင်းမှာပဲ သီလရှင်ဝတ်ပြီး တရားကို တစ်စိုက်မတ်မတ် အားထုတ်တယ်။ သူတို့ အားထုတ်တဲ့နည်းကတော့ တအားပင်ပန်းတယ်။ အအိပ်လည်း ပျက်တယ်၊ အစားလည်းပျက်တယ်။ ထိုင်ချိန်က တအားများတယ်။ တရားနာချိန်က တစ်ရက်မှ တစ်ချိန်လောက်ပဲ ရှိတယ်။

အဲဒီမှာတင် ငါတို့အစ်မဟာ ကြိယာပုတ်မမျှတဲ့အတွက် သွေးလေလည်ပတ်မှုတွေ မမှန်တော့ဘဲ ရုပ်ပိုင်းဆိုင်ရာ ရောဂါရော၊ စိတ်ပိုင်းဆိုင်ရာရောဂါပါ နှစ်ခုလုံး ဝင်ပြီး အသက် (၂၈)နှစ်အရွယ်မှာတင် ဆုံးသွားရှာတယ်။ သူလိုချင်တာက မဂ်ဉာဏ်ဖိုလ်ဉာဏ်။ သူ တကယ်ရသွားတာက ရောဂါနဲ့ သေခြင်းတရား။ မြန်မာတစ်ပြည်လုံးက ယောဂီတွေ၊ တို့အစ်မလို ရေတိမ်မှာ မနစ်စေချင်ဘူး။ ဒါကြောင့် ဝိပဿနာနည်းပေါင်း (၁၁)နည်းကို လေ့လာ အားထုတ်ပြီး အလွယ်ကူဆုံး အချမ်းသာဆုံးနည်းနဲ့ တရား ရစေချင်လို့ ဒီလိုချောင်ထဲမှာ နေ နေတာပါ။

တို့ရိပ်သာကို ရောက်ဖို့ ကားလမ်းကနေ မိုင်ဝက်

http://www.dhammadownload.com



သာသာတော့ ဝင်ရတယ်။ လမ်းကလည်း မြေလမ်းပဲပေါ့။ ကျောင်းတိုက်အသစ်တည်တယ်ဆိုတာ အလွန်ဒုက္ခများတယ်။ အကုန်လိုအပ်နေတာချည်းပဲ။ ဒါပေမဲ့ အကျိုးဆောင်ဒကာတွေကို တို့က အလှူခံခွင့်မပေးဘူး။ သဒ္ဓါလို့ လာလှူသလောက်နဲ့ပဲလုပ်တယ်။ ငွေမရှိရင် ဆက်မလုပ်ဘဲ ရပ်ထားလိုက်တယ်။

၂၀၀၄ ခုနှစ်လောက်ကပေါ့။ တနင်္သာရီတိုင်း၊ တိုင်းမှူးရဲ့အမေဟာ တို့တရားစခန်းမှာ တရားလာဝင်တယ်။ သူ့အမေ တရားဝင်နေတဲ့ ကျောင်းဆိုတော့ တိုင်းမှူးလည်း အမေကို လာတွေ့ရင်း တို့ကိုလည်း ဝင်ဖူးတာပေါ့။ သိတဲ့အတိုင်းပဲ တိုင်းမှူးလာမယ်ဆိုတော့ ကျောင်းက အကျိုးဆောင်အဖွဲ့တွေက တအားဝမ်းသာကြတယ်။ တိုင်းမှူး ဆိုတာ သူ့တိုင်းမှာတော့ ဘုရင်ပဲလေ။

ရဟန်းဝတ္တရား ခြောက်ပါးက ...

*မကောင်းတဲ့အပြုအမူတွေကို တားမြစ်ပေးခြင်း၊*
*ကောင်းတဲ့လမ်းစဉ်တွေကို ညွှန်ပြပေးခြင်း၊*
*တရားအသစ်တွေကို ဟောကြားပေးခြင်း၊*
*တရားဟောင်းများကိုလည်း စင်ကြယ်အောင် ထပ်ဟောပေးခြင်း၊*
*နတ်ပြည်ရောက်ကြောင်းတို့ကို ညွှန်ပြခြင်း၊*
*မေတ္တာတရားကို နေ့စဉ်ပွားများ ပို့သပေးခြင်းတို့ပဲ။*

တိုင်းမှူးရောက်လာတဲ့အခါမှာ စိတ်သခင်နဲ့ စိတ်ကျွန်

http://www.dhammadownload.com



ဆိုတဲ့ တရားကို ဆယ်မိနစ်အတွင်းမှာ ပြီးအောင် ဟော ပေးလိုက်တယ်။

*လောကီလောကုတ္တရာ နှစ်ဖြာလုံးဆုတ်ယုတ်*
*ပျက်စီးနေသောပုဂ္ဂိုလ်မှန်သမျှသည်စိတ်၏ကျွန်။*
*လောကီ လောကုတ္တရာနှစ်ဖြာလုံး*
*ကြီးပွား တိုးတက်အောင်မြင်နေသော ပုဂ္ဂိုလ်မှန်သမျှသည် စိတ်၏ သခင်*

ဆိုတဲ့ ဒဿနလေးကို နည်းနည်းအကျယ်ချဲ့လိုက်တာပါပဲ။ တရားဆုံးတော့ တိုင်းမှူးက ဆရာတော် ဘာများ လိုအပ်ပါသလဲ ဘုရားလို့ မေးတယ်။ ငါက ဘာမှမလိုအပ် ပါဘူးလို့ ဖြေလိုက်တယ်။ ကျောင်းက အကျိုးဆောင်ဒကာ တွေက ငါ့ကို မကျေနပ်ကြဘူး။ ကျောင်းက တည်ထောင်ကာ စဆိုတော့ အကုန်လိုနေတာလေ။ သူတို့က လိုနေတာတွေ အကုန်ထုတ်ပြောစေချင်ဟန်တူတယ်။ ပုထုဇဉ်တွေဟာ အလို လောဘနောက်လိုက်ရင်း သေသွားကြတာပါ။ အလိုဆန္ဒ ပြည့်ဝပြီး သေသွားတဲ့ ပုထုဇဉ်ရယ်လို့ တစ်ယောက်မှ မရှိပါဘူး။

## ဘာမှမလိုတာ အံ့သြစရာ

ငါက ဘာမှမလိုအပ်ပါဘူး လို့ ပြောလိုက်တဲ့အခါ တိုင်းမှူးဟာ တော်တော်အံ့သြသွားတယ်။ သူ ဒုတိယအကြိမ် ထပ်လျှောက်တယ်။ "တပည့်တော် ... လိုအပ်တာကို တကယ်လှူချင်လို့ပါ ဘုရား။ ဆရာတော် လိုအပ်တဲ့အရာကို

http://www.dhammadownload.com



အမိန့်ရှိပါ'' တဲ့။

ဒီအကြိမ်မှာလည်း ငါက ''ဘာမှမလိုအပ်ပါဘူး''လို့ပဲ ထပ်ပြောလိုက်တယ်။ ဒီတစ်ကြိမ် ထပ်ပြောတာကျတော့ တရားသဘောနဲ့ ဆိုင်သွားပြီ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ သစ္စာလေးပါး ရှိကြောင်း ရှေ့မှာ ပြောခဲ့ပြီးပြီ။

ဒုက္ခသစ္စာအရ ခန္ဓာငါးပါးကို ရတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ သိရမယ့် တရားဖြစ်တယ်။ သမုဒယသစ္စာအရ တဏှာလောဘကို ရတယ်။ ပယ်သတ်ရမယ့်တရားဖြစ်တယ်။ နိရောဓသစ္စာအရ ကိလေသာရော၊ ခန္ဓာရော ချုပ်ငြိမ်းသွားတဲ့ သန္တိသုခကို ရတယ်။ မျက်မှောက်ပြုရမယ့် တရားဖြစ်တယ်။ မဂ္ဂသစ္စာအရ မဂ္ဂင်ရှစ်ပါးကိုရတယ်။ ပွားများရမယ့်တရား ဖြစ်တယ်။ အဲဒီ သစ္စာလေးပါးကို အလုပ်ပါအောင် မှတ်ချင်ရင် အခုလိုမှတ်ရမယ်။

*လိုချင်လျှင် ဆင်းရဲသည်*
*မလိုချင်လျှင် ချမ်းသာသည်*
*လိုချင်တာက သမုဒယသစ္စာ*
*ဆင်းရဲတာက ဒုက္ခသစ္စာ*
*မလိုချင်တာက မဂ္ဂသစ္စာ*
*ချမ်းသာတာက နိရောဓသစ္စာ ... နိဗ္ဗာန်ပဲ။*

နောက်ဘဝကိုပဲ လိုချင်လိုချင်၊ ဒကာ ဒကာမ ပေါ်များတာ ကိုပဲ လိုချင်လိုချင်၊ နိုင်ငံတော်အကြီးအကဲတွေ ကိုးကွယ်

http://www.dhammadownload.com



ခံရတာကိုပဲ လိုချင်လိုချင်၊ တိုက်တာခြံမြေတွေ ပေါ်များတာကိုပဲ လိုချင်လိုချင်၊ ဘွဲ့တံဆိပ်တွေကိုပဲ လိုချင်လိုချင်၊ လိုချင်တာမှန်သမျှ သမုဒယသစ္စာပဲ။ အဲဒီ သမုဒယသစ္စာကြောင့် အခုလိုလူ့ဘဝခန္ဓာကြီး ဆင်းရဲနေရတာပေါ့။ ဒါကို ကြည့်ပြီး လိုချင်လျှင် ဆင်းရဲသည်လို့ ပြောခဲ့တာ။

မိမိခန္ဓာအစ သူတစ်ပါး ခန္ဓာအဆုံး ၃၁ ဘုံ အကုန်လုံးကို မဂ္ဂသစ္စာလို့ခေါ်တဲ့ ဝိပဿနာဉာဏ်နဲ့ ကြည့်လိုက်ရင် ခန္ဓာငါးပါး သို့မဟုတ် ရုပ်နာမ်နှစ်ပါးကိုပဲ တွေ့တော့တယ်။ တွေ့ရတဲ့ ခန္ဓာငါးပါးကလည်း အခုဖြစ်၊ အခု ပျက် ဆိုတော့ တစ်စက္ကန့်တောင် မြဲတယ်ဆိုတာ မရှိဘူး။ အခုလို သိလိုက်ရင် အခုဘဝခန္ဓာရော၊ နောင်ဘဝခန္ဓာရော မလိုချင်တော့ဘူး။

<u>မလိုချင်မှ နိဗ္ဗာန်ရ</u>

အဲဒီလို မလိုချင်တာဟာ မဂ္ဂသစ္စာပဲ။ မလိုချင်တဲ့အတွက် ချမ်းသာသွားတာဟာ နိရောဓသစ္စာလို့ ခေါ်တဲ့ နိဗ္ဗာန်ပဲ။ သင်္ဂဟကျမ်းမှာ 'ဝါနတော တဏှာယနိက္ခန္တတ္တာ–နိဗ္ဗာနန္တိ ပဝုစ္စတိ' လို့ ဖွင့်ပြထားတယ်။ ဆိုလိုရင်းကတော့ နိဗ္ဗာန် ဆိုတာ လိုချင်မှုက ထွက်မြောက်သွားတာ။ တစ်နည်း ဘာမှမလိုချင်တော့တာ နိဗ္ဗာန်လို့ ဆိုလိုတာပါပဲ။ ဒါ ကြောင့် လိုချင်တဲ့စိတ်ကို ခဏ ပယ်သတ်နိုင်ရင် ခဏ ချမ်းသာတယ်။ အကြာကြီး ပယ်သတ်နိုင်ရင် အကြာကြီး ချမ်းသာတယ်။ အမြစ်ပြတ် အရဟတ္တမဂ်နဲ့ အပြီးပယ်သတ်နိုင်ရင်တော့ သံသရာတစ်လျှောက် အပြီး ချမ်းသာသွားတာပေါ့။

http://www.dhammadownload.com



ဒီသဘောတရားကို သိထားလို့ ငါ့ရဲ့ စိတ်မှာ လိုချင်စိတ် အပေါ်မခံဘူး။ ပေါ်ရင်လည်း ပေါ်မှန်းသိပြီး ချက်ချင်းပယ်သတ်ပစ်တယ်။ ဒါ့ကြောင့် စိတ်ထဲမှာရှိတဲ့အတိုင်း ဘာမှအလိုမရှိပါဘူးလို့ ပြောလိုက်တာပဲ။ အဲဒီအခါကျတော့ တိုင်းမှူးဟာ တကယ်လှူချင်လာဟန်တူတယ်။ ကျောင်းက အကျိုးဆောင်ကပ္ပိယတွေဘက်လှည့်ပြီး ‥ ခင်ဗျားတို့ ဆရာတော်ကတော့ ဘာမှမပြောဘူး။ ဒီတော့ ကျောင်းမှာ တကယ်လိုအပ်တာကို ခင်ဗျားတို့က ပြောကြပါလို့ တိုက်တွန်းတယ်။ အဲဒီတော့မှ အကျိုးဆောင်ဦးစိုးကြီးက အမျိုးသမီးယောဂီဆောင် ဆောက်ရာမှာ လိုအပ်နေတဲ့ သစ်သုံးတန်နဲ့ ဘိလပ်မြေအိတ်သုံးဆယ်လိုကြောင်းပြောလိုက်လို့ အဲဒါ ‥‥ တိုင်းမှူးလည်း ပြန်သွားရော အကျိုးဆောင်ဒကာတွေက ငါ့ကို ဝိုင်းပြီးအပြစ်ပြောကြတော့တာပဲ။

သန်း ။ ။ ဘာဖြစ်လို့လဲ ဆရာတော်။

နုပ် ။ ။ ငါက ကျောင်းမှာ လမ်းတွေ၊ အဆောက်အဦတွေ၊ တယ်လီဖုန်းတွေ လိုအပ်နေမှန်းသိရက်နဲ့ ဘာမှ မတောင်းလို့ တဲ့။ ငါ သေချာပြန်ပြောလိုက်တယ်။ "ဒကာကြီးတို့ တရားပြဖို့ ရိပ်သာတစ်ခု တည်ထောင်တယ်ဆိုတာ အဲဒီလောဘ၊ ဒေါသဆိုတဲ့ ကိလေသာတွေ ပယ်သတ်ဖို့ တည်ထောင်တာ။ ရိပ်သာဆိုတာ လောဘ၊ ဒေါသ ပယ်သတ်တဲ့နေရာ၊ လောဘ၊ ဒေါသပယ်သတ်မယ့်တရားကိုပြမယ့် ဆရာတော်က ဟိုဟာလိုချင်၊ ဒီဟာလိုချင်ဆိုရင် ယောဂီတွေကို လောဘကုန်တဲ့

http://www.dhammadownload.com



နည်းလမ်း ဘယ်လိုသွားပြမလဲ'' လို့ မေးလိုက်တယ်။

## ရေးသင့်သော စာအုပ်တစ်အုပ်

၂၀၀၉ ခုနှစ်၊ သုံးလပိုင်းက နေပြည်တော်ကို သာသနာရေးကိစ္စတစ်ခုနဲ့ သွားရတယ်။ မြန်မာတစ်ပြည်လုံးက သံဃာတော်တွေ၊ တော်တော်စုံစုံညီညီလာကြတယ်။ ငါကတော့ ညတရားပွဲဟောဖို့ကိစ္စလည်း ပါတယ်။ ဒီအခါမှာ တို့စာတွေကို ဖတ်ဖူးထားကြတဲ့ သံဃာတော်တွေရော၊ လူပုဂ္ဂိုလ်တွေရော၊ တို့ဆီကို လာတွေ့ပြီး နှုတ်ဆက်ကြတယ်။ မတ္တရာမြို့နယ်၊ ကျောက်တံတားရွာကျောင်းဆရာတော်ကဆိုရင် ဆရာကြီး ဦးရွှေအောင် မရေးနိုင်တော့ဘဲ ကျန်ခဲ့တဲ့ ဓမ္မပဒဝတ္ထုတွေကို ဆရာကြီးရဲ့ရေးနည်းအတိုင်း ဆက်ရေးပေးဖို့ ငါ့ကို တောင်းဆိုတယ်။

ငါလည်း ရေးနိုင်အောင်ကြိုးစားနေပါတယ်။ လွယ်တော့ မလွယ်လှဘူး။ ရေးနိုင်မယ့် အရည်အချင်းရှိလာအောင် စောင့်ရင်းနဲ့ သေသွားမှာလည်း စိုးရသေးတယ်။ ဆင်လည်း ဆင့်အထွာ၊ ဆိတ်လည်း ဆိတ်အထွာဆိုတဲ့ စကားပုံအတိုင်း ကိုယ့်ရှိသမျှ စွမ်းအားနဲ့ မဖြစ်ဖြစ်အောင် ရေးရမှာပဲ။ တို့ကျောင်းက 'မေတ္တာရှင်ဘာသာယဉ်ကျေးမှုဓမ္မမဂ္ဂဇင်း' ထုတ်တော့မယ်။ ၂၀၀၉ ခုနှစ်၊ ရှစ်လပိုင်းလောက် ဆိုရင်တော့ ထွက်နိုင်မယ် ထင်ပါတယ်။ အယ်ဒီတာချုပ်ကတော့ နာမည်ကြီး ပန်းဒကာ ကိုတင်မြင့်ပေါ့။

ဒီမဂ္ဂဇင်းမှာတော့ ဓမ္မပဒ ဝတ္ထုဆောင်းပါးတွေကို

http://www.dhammadownload.com



အဆက်မပြတ်ရေးမယ်လို့ မှန်းထားတယ်။ ဒီဓမ္မပဒကို ဖတ်ရပြီး ဘာသာခြားကနေ ဗုဒ္ဓဘာသာကို ပြောင်းလာကြသူတွေ အများကြီးပဲ။ အားလုံးကြားဖူးပြီးဖြစ်တဲ့ အီတလီ ဘုန်းတော်ကြီး ဦးလောကနာထ ဆိုတာလည်း ဓမ္မပဒ အင်္ဂလိပ်ဘာသာပြန်ကို ဖတ်ရပြီး ဘာသာခြားကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာသူ တစ်ယောက်ပဲ။

ဓမ္မပဒမှာ အခန်းပေါင်း ၂၆ ခန်းရှိတယ်။ ဗုဒ္ဓကိုယ်တွေ့ ဓမ္မဝတ္ထုပေါင်း ၃၀၅ ပုဒ်ပါတယ်။ ဆရာကြီး ဦးရွှေအောင်က အခန်း ၄ ခန်း၊ ဝတ္ထုပုဒ်ရေ ၄၄ ပုဒ်ပဲ ရေးသွားနိုင်ခဲ့တယ်။ ဆရာကြီး အသက်ငယ်ငယ်နဲ့ကွယ်လွန်သွားတာဟာ ဘာသာရေး စာပေလောကအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီး တစ်ခုပဲ။

(မှတ်ချက်)။ ကလောင်နု၊ ကလောင်ရင့်အားလုံး လောကအတွက်၊ သာသနာအတွက် အကျိုးများမည့်အကြောင်းအရာများကို ဆောင်းပါး၊ ဝတ္ထု၊ ကဗျာအဖြစ် ရသမြောက်အောင် ရေးသားပြီး ပေးပို့စေလိုပါသည်။ လူကို မရွေးဘဲ စာကိုသာ ရွေးပါမည်။ ရေးသားပုံ မကောင်းသော်လည်း အကြောင်းအရာကောင်းလျှင် ပြုပြင်ပြီး မူရင်းရေးသူ၏ နာမည်ဖြင့်ပင် မဂ္ဂဇင်းတွင် သုံးပေးပါမည်။

ပို့ရမည့် လိပ်စာ

အယ်ဒီတာ

မေတ္တာရှင် ဘာသာယဉ်ကျေးမှုမဂ္ဂဇင်း

http://www.dhammadownload.com



မန္တလေးကျောင်းတိုက်
ချင်းတွင်းလမ်း
အမှတ်(၆)ရပ်ကွက်
မြို့ဦးစေတီအနီး
ရွှေပြည်သာမြို့၊ ရန်ကုန်။

တို့ဆီလာတဲ့သူတွေထဲမှာ သာသနာရေး ဒုဝန်ကြီး၊ ညွှန်ချုပ်– ညွှန်မှူး စတာတွေ အစုံပါပဲ။ တို့ဟာ လာသမျှ လူတွေအားလုံးကို အချိန်ရသလောက် ဩဝါဒတရားဟော ပေးတယ်။ အိတ်ဆောင်စာအုပ်လေးတွေကို လက်ဆောင် ပေးတယ်။ ဝန်ကြီးလာကန်တော့တော့လည်း ဒီအတိုင်းပဲ ဆက်ဆံသလို တို့တည်းခိုရတဲ့ စည်ပင်ရိပ်သာက လမ်း အလုပ်သမားလေးတွေ လာကန်တော့ရင်လည်း ဒီအတိုင်း တစ်ပုံစံတည်း ဆက်ဆံတယ်၊ မေတ္တာထားတယ်။

သန့်ရှင်းရေးအလုပ်သမားလေးတွေဆိုရင် သူတို့ရှိရာ တို့ကိုယ်တိုင်သွားပြီး စာအုပ်လေးတွေလက်ဆောင်လိုက် ပေးတယ်။ ကြွလာသမျှ သံဃာနဲ့သီလရှင်ငါးရာကျော်အတွက် တို့ရေးထားတဲ့ မေတ္တာဖြင့် စီးပွားရှာခြင်းစာအုပ် တစ်အုပ်စီ လှူလိုက်တယ်။ တို့နဲ့ တစ်ခန်းတည်းကျတဲ့ ဓမ္မကထိက ဗဟုဇနတိတဓရဘွဲ့တံဆိပ်ရတဲ့ မန္တလေးမြို့ မဟာမြိုင်စာသင် တိုက်က အောင်မေတ္တာဆရာတော် ဦးရာဇိန္ဒက တို့ဆက်ဆံ ပုံ ကိုကြည့်ပြီး အခုလိုပြောတယ်။

''မေတ္တာရှင်ဆိုတဲ့အတိုင်း နာမည်နဲ့လိုက်ပါတယ် ဘုရား ...

http://www.dhammadownload.com



အယုတ် အလတ် အမြတ်မရွေး ဘယ်သူလာလာ စာအုပ်လက်ဆောင်ပေးတယ်။ တရားဟောပေးတယ်။ ဒီရောက်လာကတည်းက လာသမျှလူတွေ၊ ရဟန်းတွေကို ဆရာတော်ကချည်း လှူနေတာ တွေ့ရတယ်။ သူတစ်ပါးဆီက ယူတာကို မတွေ့ရဘူး။ ဒီခုနစ်ရက်အတွင်း ဆရာတော် လှူတဲ့စာအုပ်ဖိုးတွေ တန်ဖိုးတွက်ကြည့်ရင် ဆယ်သိန်းဖိုးထက်အောက် ကျမယ်မထင်ဘူး။

ပြီးတော့ ဆရာတော်ကို ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် စာကြည့်တာနဲ့စာရေးတာ တစ်ခုခုကို အမြဲပဲ တွေ့နေရတယ်။ အလုပ်တစ်ခုကနေ အလုပ်တစ်ခုပြောင်းတာကိုပဲ နားတယ်လို့ ယူဆထားဟန်တူပါတယ်။ အနီးကပ်နေကြည့်မှ အလုပ်ကြောင့်အမြင့်ကိုရောက်လာတာဆိုတာကို သေချာသိရပါတယ်။ ခုနစ်ရက်တည်း နေလိုက်ရပေမယ့် တပည့်တော်တို့အတွက် အတုယူစရာတွေ အများကြီးရလိုက်ပါတယ်။ တပည့်တော်တို့ အလုပ်လုပ်တယ်ဆိုတာ ဆရာတော်အနားယူတဲ့ရက် အဆင့်လောက်ပဲ ရှိမယ်ထင်ပါတယ်'' တဲ့။

သန်း။ ။ အဲဒီတုန်းက ဆရာတော် ဘာအကြောင်းအရာတွေ ရေးနေတာလဲဘုရား။

နုပ် ။ ။ အနယ်နယ်အရပ်ရပ်က စာပေဝါသနာရှင်တွေက စာရေးတတ်ချင်လို့ နည်းကောင်းပေးပါဆိုပြီး စာအတန်တန်ရေးကြတယ်။ အဲဒီ စာပေဝါသနာရှင်တွေအတွက် ကလောင်သစ်လမ်းညွှန်ဆိုတဲ့ အမည်နဲ့ ရေးလိုက်တာ ဆောင်းပါး

http://www.dhammadownload.com



တစ်ပုဒ်စာ အမှာစာအနေနဲ့ ရေးတာပဲ။ ကျောင်းက ရဟန်း တစ်ပါးက သူ့ရဲ့ စာအုပ်အတွက် အမှာစာရေးပေးပါဆိုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်အနေနဲ့ အမှာစာထဲမှာ စာရေးနည်း တွေကိုပါ ထည့်ရေးလိုက်တာ။

ရေးလိုက်တာ လျှောက်လွှာစာမျက်နှာ လေးဆယ် ကျော်လောက် ရှိပေမယ့် အနှစ်ချုပ်ရင်တော့ ခုပြောမယ့် လေးချက်ပဲ။ ဘယ်စာရေးရေး အခုပြောတဲ့ အချက်လေး ချက် ပါအောင် ရေးနိုင်ရင် ဂန္ထဝင်မြောက်တဲ့ စာဖြစ်တာပဲ။ အဲဒါတွေက

<u>စိတ်ဝင်စားအောင် ရေးနိုင်ရမယ်</u>
<u>စာလုံးတိုင်းကို နားလည်အောင် ရေးနိုင်ရမယ်</u>
<u>အနှစ်အသားပါအောင် ရေးနိုင်ရမယ်</u>
<u>လိုရင်း တိုရှင်းရေးနိုင်ရမယ်</u>

ဆိုတာတွေပဲ။ ရာထူးရှိန့် ရာထူးမဲ့၊ ဆင်းရဲသားနဲ့ လူ ချမ်းသာကို တန်းတူရည်တူ ဆက်ဆံတယ်ဆိုတာ မိမိကို လောကအတွက် အသုံးချတဲ့ သဘောလည်း ပါသလို ရာထူး ကို မကြည့်ဘဲ လူကို လူအဖြစ်သာကြည့်တဲ့ ဗြဟ္မစိုရ် အမြင် လည်း ပါတယ်။ မိမိကို လောကအတွက် အသုံးချချင်သူများ အတွက် လမ်းညွှန်ချက်အတွေးအမြင်တစ်ခုကို ဆရာကြီး ဦးရွှေအောင်က အဆွေခင်ပွန်း ရဟန်းနှစ်ပါးလို့ အမည်ရတဲ့ ဆောင်းပါးမှာ အခုလို ညွှန်ပြထားတယ်။

*လူ့လောက၌ လူဖြစ်လာရခြင်းသည် လောကကို မိမိအ*

http://www.dhammadownload.com



တွက် အသုံးချရန် မဟုတ်ဘဲ မိမိကိုသာ လောကအတွက် အသုံးချရန်ဖြစ်၏။ လောကအတွက် မိမိကိုယ်ကို အသုံးချဖို့ ဆိုသည်မှာလည်း မိမိ၏ အကျိုးစီးပွားကိုစွန့်လွှတ်နိုင်မှ ဖြစ်၏။ မိမိ၏ အကျိုးစီးပွားကို စွန့်လွှတ်ဖို့ ဆိုသည်မှာလည်း မိမိ၌ ပြည့်စုံမှုဖြစ်၏။ မိမိ၌ အကျိုးစီးပွားပြည့်စုံသူကို တောင်ထိပ်သို့ရောက်အောင် တက်ပြီးသူ ပစ္စတ္တဗုဒ္ဓဟူ၍ ဆို၏။ တောင်ထိပ်သို့ရောက်နေပါမှ ပတ်ဝန်းကျင်ကို မြင်နိုင်မည်ဖြစ်၏။ တောင်ထိပ်သို့တက်ခြင်းဟူသည်မှာ ပါရမီဖြည့်ခြင်း ဖြစ်၏။

ပါရမီဖြည့်ခြင်းဟူသည်မှာလည်း ကူညီတတ်ခြင်း ဒါန၊ ကိုယ်ကျင့်သီလကို စောင့်ထိန်းခြင်း သီလ၊ မိမိ၏လုပ်ငန်း၌သာ စိတ်ဝင်စားပြီး လာမည့်အကျိုးတရားကို မမျှော်ကိုးခြင်း နိက္ခမ။ ဖွဲလုံ့လကို မလျှော့ခြင်း ဝီရိယ၊ ပညာဉာဏ် ထက်မြက်အောင် အားထုတ်ခြင်းပညာ၊ အရာရာ၌ သည်းခံ ခွင့်လွှတ်နိုင်ခြင်း ခန္တီ၊ သစ္စာရှိခြင်း သစ္စာ။ မိမိ၏ ဆုံးဖြတ်ချက်မှ သွေဖည်မသွားခြင်း အဓိဋ္ဌာန၊ အားလုံးကို ချစ်တတ်ခြင်း မေတ္တာ၊ ဘက်မလိုက်ခြင်း ဥပေက္ခာတို့ ဖြစ်၏။ ယင်းဆယ်ပါးသော ပါရမီများကို ဖြည့်ကျင့်ခြင်းသည်ပင်လျှင် တောင်ထိပ်သို့ ရောက်အောင်တက်ခြင်း ဟူ၍လည်းကောင်း၊ မိမိအကျိုးစီးပွားကို ပြည့်စုံအောင် ဆောင်ရွက်ခြင်း ဟူ၍လည်းကောင်း ဆိုရ၏။ တောင်ထိပ်သို့ရောက်ပါမှ ပတ်ဝန်းကျင်ကို အပေါ်ကစီး၍ အားလုံးကို မြင်နိုင်မည်ဖြစ်၏။ အားလုံးကို မြင်နိုင်ခြင်း ဟူသည်မှာလည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော သစ္စာဉာဏ်ကို ရခြင်းဖြစ်၏။ ဤသို့ ကယ်တင်နိုင်ရန် အားထုတ်

http://www.dhammadownload.com



*ခြင်းသည်ပင် လူတစ်ယောက်အနေဖြင့် မိမိ၏ဘဝကို လောက အတွက် အသုံးချခြင်းမည်၏။*

__ပရဟိတ၏နောက်ခံအား__

ဆရာကြီးရဲ့ ဆိုလိုရင်းကတော့ လောကအကျိုးကို တကယ် ထိထိရောက်ရောက် ဆောင်ရွက်ချင်ရင် ကိလေသာ တွေ ကုန်အောင် ဝိပဿနာကို ကြိုးစားအားထုတ်ရမယ်။ ရှင်းအောင်ပြောရရင် ရဟန္တာဖြစ်အောင်လုပ်ရမယ်။ လောဘ၊ ဒိဋ္ဌိစတဲ့ကိလေသာတွေကြောင့် လောကကောင်းကျိုးကို ထိထိ ရောက်ရောက် မလုပ်နိုင်ဘဲဖြစ်နေတာ။ အနည်းဆုံး သောတာ ပန်လောက် တည်တယ်ဆိုရင်ပဲ လောကကောင်းကျိုးကို အတော်လုပ်နိုင်လာပါတယ်။

ဓမ္မပဒမှာလာတဲ့ ရဟန္တာမထေရ်တစ်ပါးအကြောင်းကို ကြည့်လေ။ ဒီအကြောင်းကို ဦးသုခက 'ရဟန်း စားရသော ဆွမ်းတစ်နပ်'ဆိုတဲ့အမည်နဲ့ ရုပ်ရှင်ရိုက်ပြီး မြန်မာ့ရုပ်မြင် သံကြားက လွှင့်ခဲ့ပါသေးတယ်။ ဆရာကြီးက ရဟန်းတွေရဲ့ ဆွမ်းတစ်နပ် ဒုက္ခကိုမြင်အောင်ရိုက်ပြခဲ့တာ။

ငါကတော့ ရဟန္တာတစ်ပါးရဲ့ ကိုယ်ကျိုးကိုစွန့်ပြီး လောကအကျိုး သည်ပိုးပုံကို မြင်အောင် ပြချင်တာ။ ဒီ မထေရ် ဟာ ဘုရင့်ကျောက်သွေးဆရာအိမ်မှာ နေ့စဉ်ဆွမ်းစားကြွရ တယ်။ အဲ့ဒီကျောက်သွေးဆရာအိမ်မှာ ကြိုးကြာတစ်ကောင် လည်း မွေးထားတယ်။ တစ်နေ့ မထေရ်မြတ်ဟာ ပုံမှန်အတိုင်း ဆွမ်းစားကြွလာတယ်။ အိမ်နောက်ဖေးမှာ ကျောက်သွေး

http://www.dhammadownload.com



လင်မယားနှစ်ယောက်က ချက်ကြပြုတ်ကြတုန်းပဲ ရှိသေးတယ်။ ဒါကြောင့် အိမ်ရှေ့ခန်း ခင်းထားတဲ့ နေရာမှာ ထိုင်နေတယ်။

ဒီအချိန်မှာ ရှင်ဘုရင်ထံက ပတ္တမြားတစ်ပွင့်သွေးရအောင် လာပို့တယ်။ ကျောက်သွေးသမားဟာ အိမ်နောက်ဖေးက ကပျာကယာ ထွက်လာပြီး ပတ္တမြားကို လက်ခံယူလိုက်တယ်။ သူဟာ သားငါးတွေခုတ်ထစ်ရင်း ထလာတာဆိုတော့ သူ့လက်မှာ သွေးညှီတွေ ပေကျံနေတယ်။ ဒီလက်နဲ့ ကိုင်လိုက်တာဆိုတော့ ပတ္တမြားပွင့်ဟာ မသိရင် အသားတုံးလိုဖြစ်သွားတယ်။

သွေးတွေက ပေကျံသွားတာကိုး။ ကျောက်သွေးသမားဟာ ပတ္တမြားပွင့်ကို မထေရ်ရှေ့နားက စားပွဲပေါ် ခဏတင်ထားကာ နောက်ဖေးဝင်သွားပြီး အသားကို ဆက်ခုတ်နေတယ်။ ဒီအချိန်မှာ ကြိုးကြာဟာ သွေးညှီနံ့ရတဲ့အတွက် စားပွဲပေါ် ခုန်တက်လာပြီး သွေးတွေပေနေတဲ့ပတ္တမြားပွင့်ကို အသားတစ်အမှတ်နဲ့ ကောက်မျိုချလိုက်ပါလေရော။ ဒါကို ရဟန္တာမထေရ်က သေချာမြင်လိုက်တယ်။

သားငါးခုတ်ထစ်ခြင်းကိစ္စပြီးလို့ ကျောက်သွေးသမားအိမ်ရှေ့ပြန်ထွက်လာတဲ့အခါကျတော့ ပတ္တမြားပွင့်က မရှိတော့ဘူး။ အတိုချုပ်ကတော့ ကျောက်သွေးသမားဟာ မထေရ်ကိုသူခိုးစွပ်စွဲပြီး ပတ္တမြားပွင့်ပြန်တောင်းတယ်။ မထေရ်ကလည်းသူ မယူကြောင်းရှင်းပြတယ်။ ဒီနေရာမှာ လူသားဆိုလို့ မထေရ်

http://www.dhammadownload.com



တစ်ပါးပဲရှိတာဆိုတော့ ကျောက်သွေးသမားကလည်း မထေရ် ယူတာလို့ပဲ အတပ်စွဲတယ်။

သန်း ။ ။ မထေရ်က ကြိုးကြာ မျိုချလိုက်တယ်လို့ ဘာကြောင့်မပြော ရတာလဲ ဘုရား။

နုပ် ။ ။ အဲဒါ သတ္တဝါတွေရဲ့ အကျိုးကိုဆောင်ချင်လို့ပဲ။ အဲဒီလို ပြောလိုက်ရင် ကျောက်သွေးသမားက ကြိုးကြာကို သတ်ပြီး ပတ္တမြားကို ထုတ်ယူတော့မှာ။ သူ့စကားတစ်ခွန်းကြောင့် လူ့ အသက်မပြောနဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့ အသက်ကိုတောင် မသေစေချင်တာဟာ ရဟန္တာမထေရ်ရဲ့ ဆန္ဒပဲ။ လောကကို မိမိအတွက်သာ အသုံးချချင်ကြတဲ့ ပုထုဇဉ်တွေအတွက်တော့ မိမိကိုယ်ကို လောကအတွက် အသေခံပြီး အသုံးချပြကြတဲ့ ရဟန္တာတွေရဲ့ အပြုအမူဟာ နားမလည်နိုင်အောင် ဖြစ်နေကြ တာဟာ မဆန်းပါဘူး။

ကျောက်သွေးသမားရဲ့ သန္တာန်မှာ လောဘမီးကြောင့် ထလောင်လာတဲ့ ဒေါသမီးဟာ အမြင့်ဆုံးအဆင့်ကို ရောက် နေပြီ။ ဒါ့ကြောင့် မိန်းမဖြစ်သူကတားဆီးတာတောင် လက်မခံ တော့ဘဲ မထေရ်မြတ်ရဲ့ ခေါင်း၊ မျက်နှာ၊ ခန္ဓာကိုယ် တစ်ခု လုံးအနှံ့ ရိုက်နှက်ပြီး နှိပ်စက်တော့တာပဲ။ ဒကာနှိပ်စက်တဲ့ ဒဏ်ကြောင့် မထေရ်မြတ်ဟာ မြေပြင်ပေါ် ပက်လက်လန်ပြီး လဲကျသွားရှာတယ်။ ရိုက်နှက်တဲ့ဒဏ်ကြောင့် မထေရ်မြတ်ရဲ့ ခေါင်းက သွေးတွေ၊ နှာခေါင်းက ထွက်တဲ့သွေးတွေ၊ ပါးစပ် ကထွက်တဲ့ သွေးတွေဟာ မြေပြင်မှာအိုင်ထွန်းနေအောင် စီး

http://www.dhammadownload.com



ကျနေတယ်။ အဲဒီလို စီးကျလာတဲ့သွေးတွေကို ကြိုးကြာက လာသောက်တယ်။ ဒီအခါမှာ ဒကာက စိတ်ဆိုးပြီး ကြိုးကြာရဲ့ရင်အုပ်ကို သိမ်းကန်လိုက်တာ ကြိုးကြာသေသွားတယ်။

<u>ဥစ္စာပျောက် ငရဲရောက်</u>

ဒကာကို မေးပြီး ကြိုးကြာသေသွားပြီဆိုတာကို သိမှ မထေရ်က ပတ္တမြားကို ကြိုးကြာ မျိုချလိုက်တာ ဖြစ်ကြောင်း ပြောတယ်။ ဒကာဟာ သူ အမှားကြီးမှားသွားမှန်းသိသွားတယ်။ မထေရ်ကို တောင်းပန်ကန်တော့တယ်။ မထေရ်က တော့ ခွင့်လွှတ်ရှာပါတယ်။ မထေရ်က ခွင့်လွှတ်ပေမယ့် အကုသိုလ်က ခွင့်မလွှတ်ဘူး။ မထေရ်ဟာ သူ ရိုက်နှက်တဲ့ ဒဏ်ကြောင့် ရက်များ မကြာမီမှာ ပျံလွန်တော်မူတယ်။ ဒါကြောင့် ဒကာသေတဲ့အခါ ငရဲကို ကျတယ်။

ဒကာက သူ့အပြစ်တွေကို သည်းခံဖို့ တောင်းပန်တဲ့အခါ မထေရ်က ဘာပြောသလဲဆိုတော့ ဒကာမှာ အပြစ်မရှိပါဘူး။ ငါ့မှာသာ အပြစ်ရှိတာပါတဲ့။ အိမ်ထဲဝင်ပြီး နေ့စဉ်ဆွမ်းစားကြွတာကိုက ငါ့အပြစ်ပါတဲ့။ ဒီနေ့ ဒီအချိန်ကစပြီး ငါ့ခြေထောက်တွေ ကောင်းနေသရွေ့ အိမ်ပေါက်ဝရပ်ပြီး ဆွမ်းခံပဲ စားတော့မယ်။ ဘယ်အိမ်ထဲကိုမှ ဝင်ပြီး ဆွမ်းစား မကြွတော့ပါဘူးတဲ့။

*"မသူတော်တွေက သူတစ်ပါးအပြစ်ကိုပဲ ရှာတယ်။*
*သူတော်ကောင်းတွေက ကိုယ့်အပြစ်ကိုပဲရှာတယ်။*
*သူတစ်ပါးအပြစ်ရှာတဲ့အတွက် အကုသိုလ်ဖြစ်တယ်။*

http://www.dhammadownload.com



*ကိုယ့်အပြစ်ကိုရှာတဲ့အတွက် ကုသိုလ်ဖြစ်တယ်။ သူတစ်ပါးအပြစ်ကို ရှာရင်း သေရင်အပါယ်ကျတယ်။*

*ကိုယ့်အပြစ်၊ အနိစ္စ ဒုက္ခ အနတ္တကိုရှာရင်း သေရင် နိဗ္ဗာန်ရောက်တယ်။ လောက ချောက်တံတား ကူးစဉ် တံတားကို မကြည့်ဘဲ ဘေးကိုကြည့်ကူးရင် ချောက်ထဲကျ သေတတ်တယ်။ သံသရာ ချောက်တံတားကူးစဉ် မိမိအပြစ် မကြည့်ဘဲ သူတစ်ပါးအပြစ်ကြည့်ကူးရင် အပါယ်ချောက်ထဲကို ကျတတ်တယ်။''*

သန်း ။ ။ လူကိုမြင်တဲ့အခါ မိမိကိုယ်ကို လောကအတွက် အသုံးချဖို့ အမြင်ဆိုတာကို သဘောပေါက်ပါပြီဘုရား။ ဗြဟ္မစိုရ်အမြင်နဲ့ မြင်ပုံကို ပြောပါဦး ဘုရား။

နုပ် ။ ။ အဲဒီအချက်နဲ့ ပတ်သက်လို့တော့ ဆရာကြီးဦးရွှေအောင်ရဲ့ အမြင်နဲ့ ငါ့အမြင်ဟာ တစ်ထပ်တည်းပဲ။ ဒါ့ကြောင့် ဓမ္မပဒ – အညတရ ရဟန်းဆိုတဲ့ ဆောင်းပါးထဲမှာ ဆရာကြီး ဖွင့်ပြတာကို သေချာစဉ်းစားဖတ်ကြည့်ပါ။

*မြတ်နိုးမှုနိယာမအရ အမြင့်ဆုံးပုဂ္ဂိုလ်တို့အား မြတ်နိုးခြင်းသည် သမ္မုတိသစ္စာအရ မှန်ကန်ပါ၏။ သို့ရာတွင် အနိမ့်ဆုံးပုဂ္ဂိုလ်တို့အား မြတ်နိုးခြင်းမှာမူ ပရမတ္ထသစ္စာအရ မှန်ကန်လေ၏။ အဘယ့်ကြောင့်ဆိုသော် အနိမ့်ဆုံးပုဂ္ဂိုလ်တို့အားပင် မြတ်နိုးတတ်သူများအတွက် အမြင့်ဆုံးကပုဂ္ဂိုလ်တို့အား မြတ်နိုးတတ်ဖို့ဆိုသည်မှာ တစ်စုံတစ်ရာ မလေ့ကျင့်ရဘဲ အလိုအလျောက် ပြီးပြီးသားကိစ္စ ဖြစ်သောကြောင့် ဖြစ်၏။ ထို့ကြောင့်*

http://www.dhammadownload.com



*ပါရမီရှုထောင့်မှ ကြည့်လျှင် ယောက်ျားကောင်းများအနေဖြင့် အနိမ့်ဆုံးပုဂ္ဂိုလ်တို့အား မြတ်နိုးတတ်သော စိတ်ကို ဖြစ်ပေါ်လာအောင် မိမိကိုယ် မိမိ လေ့ကျင့်ရ၏။ အမြင့်ဆုံးပုဂ္ဂိုလ်များအား မြတ်နိုးနိုင်ရန်အတွက်မှာမူ ထိုပုဂ္ဂိုလ်များ၏ ဂုဏ်ထူးဝိသေသနများကပင် ဆိုင်ရာပတ်ဝန်းကျင်ပရိသတ်ကို မြတ်နိုးတတ်လာအောင် လေ့ကျင့်ပေးပေလိမ့်မည်။ မိမိတို့အနေဖြင့် အထူးကြောင့်ကြစိုက်ပြီး လေ့ကျင့်ရန်မလိုပါချေ။ ဉာဏ်နိယာမအရပင် ဝေဿန္တရာမင်းကြီးသည် အနိမ့်ဆုံးဇူဇကာ ပုဏ္ဏားအပေါ် မိမိနှင့်တကွ မိမိ၏ သားသမီးများကိုပါ မြတ်နိုးတတ်အောင် လေ့ကျင့်ခဲ့ခြင်းဖြစ်၏။*

အပ္ပမာဒတရား၌ မွေ့လျော်သော၊
ပမာဒတရား၌ ဘေးကိုမြင်သော ရဟန်းသည်
ငယ်သော သံယောဇဉ်ကို လည်းကောင်း၊
ကြီးသော သံယောဇဉ်ကိုလည်းကောင်း၊ လောင်မြိုက်၍
မီးသည် ငယ်သောလောင်စာကိုလည်းကောင်း
ကြီးသောလောင်စာကို လည်းကောင်း
လောင်မြိုက်သကဲ့သို့ပင်တည်း။ (ဓမ္မပဒ)

လူသည် ဘဝ၌ အသက်ရှင်နေထိုင်ရေးအတွက် အလုပ်တစ်မျိုး မဟုတ် တစ်မျိုးလုပ်ကြရ၏။ ရဟန်းဖြစ်လျှင်လည်း ရဟန်းအလုပ်ကို လုပ်ရ၏။ လူဖြစ်လျှင်လည်း လူအလုပ်ကို လုပ်ရ၏။ ထိုသို့လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် အသက်ရှင်နေသွားနိုင်ရန် ဖြစ်၏။ ထိုသို့

http://www.dhammadownload.com



အလုပ်ကို လုပ်ရာတွင် ပတ်ဝန်းကျင်တွင် လူသည် ပဓာနဖြစ်၏။ လူလူချင်းဆက်ဆံရာတွင် အပ္ပမာဒတရားကို အခြေခံ၍ ဆက်ဆံပါက အမြင်သည် တစ်မျိုးဖြစ်၏။ ခံစားမှုသည် တစ်မျိုးဖြစ်၏။ ပမာဒတရားကို အခြေခံ၍ ဆက်ဆံပါက အမြင်သည်တစ်မျိုးဖြစ်၏။ ခံစားမှုသည် တစ်မျိုးဖြစ်၏။

ပမာဒတရားဟူသည် ကောင်းမှုပြုခြင်း၌ မေ့လျော့သောအကုသိုလ်ဖြစ်၏။ အပ္ပမာဒတရားဟူသည် ကောင်းမှုပြုခြင်း၌ မမေ့မလျော့သော ကုသိုလ်ဖြစ်၏။ အာရုံသည် တစ်မျိုးတည်း။ တစ်မျိုးတည်းသော အာရုံဟူသည်မှာ လူပင်ဖြစ်၏။ အခြေခံသည့်တရားက နှစ်မျိုး။ တစ်မျိုးက အပ္ပမာဒ။ အခြားတစ်မျိုးက ပမာဒ။ ထို့ကြောင့် တစ်မျိုးတည်းသော လူသည်ပင် ပမာဒနှင့် အပ္ပမာဒကို လိုက်၍ အမျိုးမျိုးကွဲပြားသွားရ၏။ ထို့ကြောင့် တစ်ခုတည်းကိုပင် ပညာရှိတို့က အမျိုးမျိုးဆိုကြသည်ဟူ၍ ဆိုရိုးပြုခဲ့ကြခြင်း ဖြစ်လေ၏။

**<u>အမြင်သုံးမျိုး</u>**

ထိုအမျိုးမျိုးတွင် အပ္ပမာဒကို အခြေခံ၍ဖြစ်သွားသော အမျိုးမျိုးကား ကောင်းသော အမျိုးမျိုးတည်း။ ပမာဒကို အခြေခံ၍ဖြစ်သွားသော အမျိုးမျိုးကား မကောင်းသော အမျိုးမျိုးတည်း။ အပ္ပမာဒတရားဖြင့် လူကိုကြည့်ရာတွင် လူ၌ ဘာမှမပါ။ လူသည် သူ့မူလအတိုင်း လူသာဖြစ်၏။ ကေရာဇ်လည်းမဟုတ်၊ အကျဉ်းစံလည်းမဟုတ်။ ပါမောက္ခလည်း မဟုတ်၊ ကျောင်းသားလည်း မဟုတ်၊ သူဌေးသားလည်း

http://www.dhammadownload.com



မဟုတ်၊ ဆင်းရဲသားလည်းမဟုတ်၊ မြန်မာလည်း မဟုတ်၊ တရုတ်လည်းမဟုတ်။ ဤကမ္ဘာမြေပေါ်တွင် မိမိ၏ မိခင်မှ မွေးဖွားလာသော လူတစ်မျိုးတည်းဖြစ်၏။ ဤသည်မှာ အပ္ပမာဒပေါ် အခြေခံ၍ကြည့်ရန် အစပျိုးခြင်း ဖြစ်၏။ ထိုသို့ကြည့်သောအခါ လူကို လူအတိုင်းမြင်ပါစေ။ ယောကျ်ား မိန်းမဟူ၍ ခွဲပြီး မမြင်ပါစေနှင့် ဟူ၍ ကျမ်းဂန်များ၌ဆို၏။ ဤသဘောကို နနိမိတ္တဂ္ဂါဟီ ဟူ၍ ဆို၏။ အပ္ပမာဒတရား အခြေခံဖြင့် လူကို ကြည့်သောအခါ လူကို လူအဖြစ်သာမြင်၏။ ကြည့်သူက လည်း လူ၊ အကြည့်ခံသူကလည်း လူ။ ဘာခြားနားသနည်း။ လူလူချင်း အတူတူပင်ဖြစ်၏။ ထိုအခါ ဗြဟ္မစိုရ်တရားသည် ဖြစ်ပေါ်လာ၏။ ဗြဟ္မစိုရ်တရားဖြစ်ပေါ်လာလျှင် အနုစား အကုသိုလ် သံယောဇဉ်များသည် ချုပ်ငြိမ်း၏။ ဤအဆင့်တွင် အခြေခံသော အပ္ပမာဒတရားကား အနုစားအပ္ပမာဒတရား ဖြစ်၏။ မြင်သောမျက်စိကလည်း ပကတိမျက်စိပင် ဖြစ်၏။

ထို့နောက် ပို၍ ရင့်သော အပ္ပမာဒတရားကို အခြေခံပြီး လူကို ကြည့်ပြန်သောအခါ လူကို လူဟုပင် မမြင်တော့။ ရုပ်နာမ်ခန္ဓာများကိုသာ မြင်တော့၏။ ပုဂ္ဂိုလ်ဟူ၍လည်း မရှိတော့။ သတ္တဝါဟူ၍လည်း မရှိတော့။ မူလအာရုံကတော့ လူပင်ဖြစ်၏။ အပြောင်းအလဲမရှိ။ အပ္ပမာဒတရား ရင့်ကျက်မှုနှင့် ဉာဏ်အမြင်ရင့်ကျက်မှုသာ ကွာ၏။ ဤအဆင့်တွင် မြင်သောမျက်စိကား သမာဓိဉာဏ်မျက်စိ ဖြစ်၏။ ပကတိမျက်စိမဟုတ်တော့။ ပကတိမျက်စိမဟုတ်သော်လည်း သမာဓိ

http://www.dhammadownload.com



ဉာဏ်မျက်စိသည် ပကတိမျက်စိလိုပင် ရုပ်နာမ်ခန္ဓာများကို ပြက်ပြက်ထင်ထင်မြင်ပါ၏။ တွေးခေါ်၍ မြင်ခြင်းမဟုတ်။ ထိုအဆင့်တွင်မူ ဆိုင်ရာ ကိလေသာ သံယောဇဉ်များသည် လည်း အဆင့်အလိုက် ချုပ်ငြိမ်းလေ၏။

ထို့ထက် ပို၍ ရင့်ကျက်သော အပ္ပမာဒတရားကို အခြေခံ၍ ရုပ်နာမ်ခန္ဓာများကို ကြည့်ပြန်သောအခါ ရုပ် နာမ် ခန္ဓာများကိုပင် မမြင်တော့။ ဖြစ်ပျက်ကိုသာ မြင်တော့၏။ ဤအဆင့်တွင်မြင်သော မျက်စိကား ဝိပဿနာဉာဏ် မျက်စိ ဖြစ်၏။ ဝိပဿနာဉာဏ်မျက်စိသည်လည်း ပကတိ မျက်စိလို ပင်ဖြစ်ပါ၏။ တွေးခေါ်၍ မြင်ခြင်းမဟုတ်။ ထိုအဆင့်တွင်မူ ဆိုင်ရာ ကိလေသာသံယောဇဉ်များသည်လည်း အဆင့်လိုက် ချုပ်ငြိမ်းလေ၏။

ထို့နောက် ပို၍ ရင့်ကျက်သောအပ္ပမာဒတရားကို အခြေခံ၍ ဖြစ်ပျက်ကို ကြည့်ပြန်သောအခါ ဖြစ်ပျက်ကိုပင် မမြင်တော့ဘဲ ဖြစ်ပျက်တို့၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို မြင်တော့ ၏။ မြင်သောမျက်စိကား အရဟတ္တမဂ်ဉာဏ်မျက်စိတည်း။ အရဟတ္တမဂ်ဉာဏ်မျက်စိသည်လည်း ပကတိ မျက်စိလိုပင် နိဗ္ဗာန်ကို ပြက်ပြက်ထင်ထင်မြင်ပါ၏။ မွန်းတည့်ချိန် အလင်း ရောင်၌မြင်ခြင်းမျိုးဖြစ်၏။ ထိုအခါ ကိလေသာသံယောဇဉ် ဟူသမျှသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ အကြွင်းမဲ့ ချုပ်ငြိမ်းလေ၏။ ဤသည်မှာ အပ္ပမာဒတရားကို အခြေခံ၍ လူကို ကြည့်ရာမှ ဗြဟ္မစိုရ်အဆင့်မှသည် အရဟတ္တမဂ် အဆင့်

http://www.dhammadownload.com



တိုင်အောင် အဆင့်ဆင့်သော ကုသိုလ်တရားများ ဖြစ်ပွားလာပုံဖြစ်၏။

တစ်ဖန် ပမာဒတရားကို အခြေခံ၍ လူကို ကြည့်ပြန်သောအခါ လူကို လူအဖြစ်မမြင်တော့ဘဲ ကေရာဇ် အဖြစ်လည်း မြင်တတ်၏။ အကျဉ်းစံအဖြစ်လည်း မြင်တတ်၏။ သူဌေးအဖြစ်လည်း မြင်တတ်၏။ ပါမောက္ခအဖြစ်လည်း မြင်တတ်၏။ ကျောင်းသားအဖြစ်လည်း မြင်တတ်၏။ မြန်မာအဖြစ်လည်း မြင်တတ်၏။ တရုတ်အဖြစ်လည်း မြင်တတ်၏။ ထိုသို့မြင်သောအခါ မြင်သူနှင့် အမြင်ခံရသူတို့သည် အချင်းချင်း မတူဘဲ ကွဲပြားခြားနားသွားကြ၏။ ကွဲပြားခြားနားသွားသည်နှင့်တစ်ပြိုင်နက် သူ့အုပ်စုနှင့် ငါ့အုပ်စုသည် ဖြစ်ပေါ်လာ၏။ ငါ့အုပ်စုကို ချစ်၏။ မြတ်နိုး၏။ အားကိုး၏။ သူ့အုပ်စုကို မုန်းတီး၏။ ရွံရှာ၏။ ပျက်စီးစေလို၏။ ဤသည်မှာ ပမဒတရားကို အခြေခံ၍ လူကို ကြည့်ရာမှ အဆင့်ဆင့်သော အကုသိုလ်သံယောဇဉ်များ ဖြစ်ပွားလာပုံကိုဖော်ပြခြင်းဖြစ်၏။ ဤဒေသနာတော်အရပင် အညတရ ရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်တော်မူသွား၏။

## ကုသိုလ်အကြည့်နှင့် အကုသိုလ်အကြည့်

လူ့လောက၌ နေရသူများသည် နေ့စဉ်ပင် လူများကို ကြည့်နေရ၏။ ထိုသို့ ကြည့်နေရသောအခါ အပ္ပမာဒတရားကို အခြေခံ၍ကြည့်ပါလျှင် ဗြဟ္မစိုရ်တရားမှသည် အရဟတ္တ

http://www.dhammadownload.com



ဖိုလ်တိုင်အောင် တရားမြတ်များကို ရရှိ၏။ ပမာဒတရားကို အခြေခံ၍ ကြည့်ပါက လောဘအုပ်စုရှိ ချစ်ခြင်း၊ တဏှာ။ မြတ်နိုးခြင်း၊ မာန။ အားကိုးခြင်း၊ ဒိဋ္ဌိ တို့သည်လည်းကောင်း၊ ဒေါသအုပ်စုရှိ မုန်းတီးခြင်း၊ ဒေါသ၊ မိမိထက်သာသွားမှာကို စိုးရိမ်ခြင်း ဣဿာ၊ မိမိ ကသာ အမြတ်တမ်းအပေါ်စီးရယူလိုခြင်း မစ္ဆရိယတို့သည် လည်းကောင်း မဖြစ်မနေပေါ်ပေါက်လာမည် ဖြစ်၏။

ထို့ကြောင့် မိမိပတ်ဝန်းကျင်ရှိ လူကို ကြည့်ရာတွင် အပ္ပမာဒတရားကို အခြေခံ၍ ကြည့်ပါမှ မိမိသည်လည်း ကောင်း၊ လောကသည်လည်းကောင်း ငြိမ်းချမ်းပေလိမ့်မည်။ မဂ်ဖိုလ်အဆင့်ကို မရစေကာမူ ဗြဟ္မစိုရ်အဆင့်ကို ရလျှင်ပင် ဤလောကသည် နေချင့်စဖွယ်ဖြစ်လာပေလိမ့်မည်။ ပမာဒ တရားကို အခြေခံ၍ ကြည့်ပါမူကား ဤလောကသည် ငရဲ လောကနှင့် သိပ်ပြီး ခြားနားလှမည် မဟုတ်တဲ့။

အဲဒါ ဆရာကြီးရဲ့ စူးရှထက်မြက်တဲ့ ဖွင့်ဆိုချက်ပဲ။ ဒီလို အရေးအသားမျိုးတွေဟာ တရားသိရုံနဲ့ မရေးနိုင်ဘူးကွ။ တရားရှိမှ ရေးနိုင်တာ။ ခု ပြောခဲ့တာတွေ ပြန်ချုပ်လိုက်ရင် အာရုံငါးပါး ကာမဂုဏ်တရားထဲက မထွက်နိုင်တာဟာ မာရ်ရဲ့ နတ်ရဲ့ တပ်မကြီးထဲက ပထမတပ်မမှာ ကျရှုံးသွားတာပဲကွ။

သန်း ။ ။ မာရ်နတ်ရဲ့ တပ်မကြီးက ဘယ်နှတပ်ရှိသလဲ ဘုရား။

နုပ် ။ ။ ဆယ်တပ်တောင် ရှိတယ်။ ဒီဆယ်တပ်အကျယ်ကတော့ နောက်အပတ်မှပေါ့။

http://www.dhammadownload.com



# မာရ်နတ်ဟူသည်

ဗကဗြဟ္မာဝတ္ထုပါဠိတော်၌ 'မာရောပါပိမာ အညတရံ ဗြဟ္မပါရိသဇ္ဇံ အန္ဝါဝိသိတွာ'လို့ ရှိတဲ့အတွက် မာရ်နတ်က အခြွေအရံ ဗြဟ္မာတစ်ဦးကိုပူးကပ်ပြီး လျှောက်တယ်လို့ ဒီလို တိုက်ရိုက်အားဖြင့် အနက်ရပါတယ်။ ဒါပေမဲ့ ကာမာဝစရ နတ်တွေဟာ ဗြဟ္မာ၏ ပကတိရုပ်ကိုတောင် မမြင်နိုင်ကြောင်း ပြဆိုထားတဲ့ အခိုင်အမာ ကျမ်းဂန်စကား ရှိနေသောကြောင့် (ဒီ၊ ၂၊ ၁၇၀။ ဋီ၊ ၂၂၇) မာရော ဆိုတဲ့စကားဖြင့် အဲဒီအခြွေအရံဗြဟ္မာ၏ သန္တာန်မှာဖြစ်နိုင်တဲ့ အဝိဇ္ဇာ မိစ္ဆာဒိဋ္ဌိ စတဲ့ကိလေသမာရ်ကို ယူလျှင် ပိုပြီးသင့်ပါတယ်။ ငြင်းပယ်ရန်လည်း မရှိပါဘူး။ အဲဒီကိလေသမာရ်၏ အလိုအားဖြင့် အဲဒီအခြွေအရံ ဗြဟ္မာက လျှောက်တာကိုပင် မာရ်နတ်က ပူးကပ်ပြီး လျှောက်တယ်လို့ ယူပြီးတော့ အခြွေအရံဗြဟ္မာတစ်ဦးကလျှောက်တယ် လို့ ဒီလို ပြဆိုလိုက်ခြင်းဖြစ်ပါတယ်။ ယခု လူ့လောကမှာလည်း အဝိဇ္ဇာ မိစ္ဆာဒိဋ္ဌိ အစရှိတဲ့ ကိလေသာတို့၏ အလိုအားဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ကို မရှိမသေပြောနေတာတွေလည်း ကိလေသမာရ်က ပူးကပ်ပြီး ပြောဆိုတယ်လို့ ဆိုသင့်ပါတယ်။ အဲဒါဟာ ပါဠိပညာရှင်များ အထူးသတိပြုစရာအချက် တစ်ခုပါပဲ။ မာရောပါပိမာအရ မာရ်နတ်ကိုပင် ယူရင်တော့ ဒီဗြဟ္မနိမန္တန တစ်သုတ်လုံးကိုပင် ယုတ္တိမရှိဘူးလို့ အချို့ပညာရှိများက ဆိုထားပါတယ်။ အဲဒါလည်း သတိပြုဖို့ပါပဲ။

(မဟာစည်ဆရာတော်၏ အနတ္တ လက္ခဏာသုတ် တရားတော်မှ)

http://www.dhammadownload.com



(မှတ်ချက်) မာရ်သည် သတ်ခြင်းဟု အဓိပ္ပာယ်ရသည်၊ ထိုမာရ်သည်

| | | |
|---|---|---|
| ဒေဝပုတ္တမာရ် | = | အထက်ဆုံးနတ်ပြည်မှ မာရ်နတ်သား |
| ကိလေသမာရ် | = | ကိလေသာဆယ်ပါး |
| ခန္ဓမာရ် | = | ခန္ဓာငါးပါး |
| မစ္စုမာရ် | = | သေခြင်းတရား |
| အဘိသင်္ခါရမာရ် | = | နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေသော ကုသိုလ်ကံနှင့် အကုသိုလ်ကံ- ဟု |

ငါးမျိုးရှိရာ မာရ ဟု တွေ့တိုင်း မာရ်နတ်ကိုချည်း မယူရ။ မာရ် ငါးမျိုး အနက် သင့်လျော်ယုတ္တိရှိရာကို ယူရမည်ဟု မဟာစည်ဆရာတော်ကြီးက ဆိုလိုရင်းဖြစ်သည်။ မာရ်နတ်၏ တစ်မကြီး ဆယ်တပ် အကျယ်ကို သညာသိနှင့် ပညာသိ စာအုပ်ကြီး နိဒါန်းတွင် အကျယ် ရေးပြီးခဲ့ပြီ။ ဤဂမ္ဘီရတွင် သညာသိနှင့် ပညာသိစာအုပ်တွင် မရေးရသေးသောအချက် အချို့ကိုသာ အကျဉ်းအားဖြင့် ပြမည်။

(စာရေးသူ)

http://www.dhammadownload.com



## အဝေးကရှောင်ကြလော့

ဤခန္ဓာကိုယ်သည် မစင်ဖြင့်ပြည့်သော သားရေအိတ်နှင့် တူ၏။ ရင်၌ အိုင်းအမာနှင့်တူသော သားမြွတ်နှစ်ခုသည် အရေဖြင့်ဖွဲ့၍ တည်၏။ ထိုခန္ဓာကိုယ်၌ ကိုးမျိုးသော စက်ဆုပ်ဖွယ်ရာ အရာဝတ္ထု အလျှဉ်တို့သည် ကိုးပေါက်သော ဒွါရတို့မှ အစဉ်မပြတ် ယိုစီးကျနေပေ၏။ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ ချွဲ၊ သလိပ် စသည်ဖြင့် ကိုးမျိုးသော အလျှဉ်ရှိသည့် ခန္ဓာကိုယ်သည် မကောင်းသော အနံ့ကို ပြုတတ်၏။ ကောင်းသောအကျင့်၏ အနှောင့်အယှက် ဘေးရန် ဖြစ်၏။ စင်ကြယ်ခြင်းကို အလိုရှိသူသည် မစင်ကျင်းကြီးကို အဝေးမှ ရှောင်ကြဉ်သကဲ့သို့ တရားနှင့် မွေ့လျော်လိုသူသည် ထိုခန္ဓာကိုယ်ကို ရှောင်ရှားရာ၏။ ပညာနည်းပါးကုန်သောသူတို့သည် ဤသို့သဘောရှိသော ခန္ဓာကိုယ်၌ နှစ်မြုပ်ကြကုန်၏။ နွားအိုကြီးသည် ရွှံ့ညွန်၌ နှစ်မြုပ်သကဲ့သို့ နှစ်မြုပ်ကြရလေ၏။

http://www.dhammadownload.com



## မြက်အိမ်နှင့် တိုက်အိမ်

ဤလောက၌ ခြောက်သွေ့ ဆွေးမြေ့သော မြက်အိမ် ကျူရိုး အိမ်တို့ ရှိကြကုန်၏။ ယောကျာ်းတစ်ယောက်သည် မီးတုတ်ကို ကိုင်လျက် ထိုကျူအိမ်၊ မြက်အိမ်အား မီးရှို့သော် လွယ်ကူစွာလောင်ကျွမ်းနိုင်ပေ၏။ ကျူအိမ် မြက်အိမ်၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဗီလာ၊ မည်သည့်အရပ် မျက်နှာမှဖြစ်စေ လွယ်ကူစွာ မီးရှို့ဖျက်ဆီးပစ်နိုင်ပေ၏။ အုတ်၊ အင်္ဂတေတို့ဖြင့် ခိုင်ခံ့စွာ တည်ဆောက်ထားသော အိမ်၊ ဇရပ်တို့လည်း ဤလောက၌ ရှိကြကုန်၏။ ထိုခိုင်ခံ့သော အိမ်၊ ဇရပ်တို့ကိုမူ မီးရှို့မြိုက်ရန် မလွယ်ကူပေ။ အရှေ့ အနောက် တောင် မြောက် ဗီလာ အရပ်ရှစ်မျက်နှာတို့မှ ဝင်ရောက်၍ မီးတုတ်ဖြင့် ရှို့ မြိုက်သော်လည်း လွယ်ကူစွာ မီးမစွဲနိုင်ပေ။ ဤကား သိသာရန် ဥပမာ စကားတည်း။

## မသိ၍ လောင်ကျွမ်းခြင်း

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မျက်စိဖြင့် အဆင်းကို မြင်လေသော် ထိုအဆင်းသည် နှစ်သက်ဖွယ်ရာဖြစ်လျှင် နှစ်သက်၏။ နှစ်သက်ဖွယ်ရာ မဖြစ်လျှင် အမျက်ထွက်၏။ ခန္ဓာကိုယ်၌ မထင်သော သတိရှိသည်ဖြစ်၍ ယုတ်ညံ့သော စိတ်ရှိလျက်နေ၏။ ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။

ထို့ပြင် ထိုပုဂ္ဂိုလ်သည် နားဖြင့်အသံကို ကြားသော်၊ နှာခေါင်း

http://www.dhammadownload.com



ဖြင့် အနံ့ကို နံသော်၊ လျှာဖြင့် အရသာကို လျက်သော်၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်၊ စိတ်ဖြင့် သဘောတရားကို တွေးထင်သော် နှစ်သက်ဖွယ်ဖြစ်လျှင် တပ်မက်၏။ နှစ်သက်ဖွယ်မဖြစ်လျှင် အမျက်ထွက်၏။ ခန္ဓာကိုယ်၌ မထင်သော သတိရှိသည်ဖြစ်၍ ယုတ်ညံ့သောစိတ်ရှိလျက်နေ၏။ ကိလေသာမှ လွတ်မြောက်သောအရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာမသိ။ ထိုပုဂ္ဂိုလ်သည် ကိလေသာ စိုစွတ်သူမည်၏။ ထိုပုဂ္ဂိုလ်အား မာရ်သည် ကပ်ရောက်နိုင်ပေ၏။ မျက်စိမှလည်း ကပ်ရောက်နိုင်၏။ နား နှာခေါင်း လျှာ ကိုယ် စိတ် တို့မှလည်း မာရ်သည် ကပ်ရောက်နိုင်ပေ၏။ မီးရှို့မြိုက်ရန် လွယ်ကူသော ခြောက်သွေ့ခြွေးမြေ့သည့် ကျူအိမ်၊ မြက်အိမ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးပေတည်း။

**သိ၍ မလောင်ကျွမ်းခြင်း**

ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် မျက်စိဖြင့် အဆင်းကို မြင်လေသော် ထိုအဆင်းသည် နှစ်သက်ဖွယ်ရာဖြစ်လျှင် မတပ်မက်၊ နှစ်သက်ဖွယ်ရာ မဖြစ်လျှင်လည်း အမျက်မထွက်။ ခန္ဓာကိုယ်၌ ထင်သောသတိရှိသည်ဖြစ်၍ မြင့်မြတ်သောစိတ်ဖြင့်နေရ၏။ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။ ထို့ပြင် ထိုပုဂ္ဂိုလ်သည် နားဖြင့်အသံကို ကြားသော်၊ နှာခေါင်းဖြင့် အနံ့ကို ရှူရှိုက်သော်၊ လျှာဖြင့် အရသာကို လျက်သော်၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော်၊ စိတ်ဖြင့် သဘော

http://www.dhammadownload.com



တရားကို တွေးထင်သော် နှစ်သက်ဖွယ်ဖြစ်လျှင်လည်း မတပ်မက်။ မနှစ်သက်ဖွယ် ဖြစ်လျှင်လည်း အမျက်မထွက်။ ခန္ဓာကိုယ်၌ ထင်သော သတိရှိသည် ဖြစ်၍ မြင့်မြတ်သော စိတ်ဖြင့်နေ၏။ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့်အရဟတ္တဖိုလ်ပညာကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏။ ထိုပုဂ္ဂိုလ်သည် ကိလေသာ မစိုစွတ်သူ မည်၏။ ထိုပုဂ္ဂိုလ်အား မာရ်သည် မကပ်ရောက်နိုင်ပေ။ မျက်စိမှလည်း မကပ်ရောက်နိုင်။ နား နှာခေါင်း လျှာ ကိုယ် စိတ်တို့မှလည်း မကပ်ရောက်နိုင်ပေ။ မီးရှို့မြိုက်ရန် ခဲယဉ်းသော အုတ်၊ အင်္ဂတေ တို့ဖြင့် ထူထဲ ခိုင်ခံ့စွာ တည်ဆောက်ထားသည့် အိမ်၊ ဇရပ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးပေတည်း။

<u>(အရှင်မဟာမောဂ္ဂလာန်၏ ဟောကြားချက်)</u>
<u>(သဠာယတနသံယုတ်၊ အာသီဝိသဝဂ်၊</u>
<u>အဝဿုတပရိယာယသုတ်)</u>

သန်း ။ ။ မာရ်နတ်ရဲ့ တပ်မကြီး ဆယ်တပ်ကို အမိန့်ရှိပါဘုရား။

နုပ် ။ ။ ဒီအကြောင်းက သုတ္တနိပါတ် ပါဠိတော်၊ ပဓာနသုတ်မှာ လာတယ်။

ကာမာတေ ပဌမာ သေနာ၊
ဒုတိယာ အရတိ ဝုစ္စတိ။
တတိယာ ခုပ္ပိပါသာတေ၊
စတုတ္ထီ တဏှာ ပဝုစ္စတိ။

http://www.dhammadownload.com



ပဉ္စမံ ထိန မိဒ္ဓံ တေ၊
ဆဋ္ဌာ ဘီရူ ပဝုစ္စတိ။
သတ္တမီ ဝိစိကိစ္ဆာ တေ၊
မက္ခော ထမ္ဘော တေ အဋ္ဌမော။
လာဘော သက္ကာရော သိလော ကော၊
မိစ္ဆာလဒ္ဓေါ စ ယော ယသော၊
ယော စတ္တာနံ သမုက္ကံသေ၊
ပရေ စ အဝဇာနာတိ။

မာရ်နတ်က လူတွေတရားအလုပ် မလုပ်ဖြစ်အောင် ဒီတပ်မကြီး ဆယ်တပ်နဲ့ တားဆီးထားတယ်။ အံ့သြစရာကောင်းတာက လူတွေဟာ မာရ်နတ်ရဲ့တပ်မကြီးများနဲ့ တရားအလုပ်မလုပ်ဖြစ်အောင် အတားဆီးခံနေရသော်လည်း အတားအဆီး ခံရမှန်းမသိကြဘူး။ ဝမ်းသာနေကြတယ်။ ပျော်နေကြတယ်။

မာရ်နတ်နဲ့ တပ်မတွေဟာ ကျွတ်နဲ့တူတယ်။ ကျွတ်အတွယ်ခံရတဲ့အခါ သိမ်မွေ့တဲ့အတွက် မသိကြတာ များတယ်။ တွယ်လာတဲ့ကျွတ်က သွေးတွေဝအောင် စုပ်ပြီး ပြုတ်ကျလာမှပဲ ကိုယ့်ကို ကျွတ်တွယ်လာမှန်းသိကြတယ်။ ထို့နည်းတူပဲ မာရ်ရဲ့တပ်မတွေက ကိုယ့်ကို မင်္ဂဖိုလ်မရအောင် တားဆီးပိတ်ပင်လာတာ။ သံသရာနဲ့ ချီပြီးကြာလှပေ့ါ။ လုံးဝမရိပ်မိဘူး။ အခုလို ဘုရားရဲ့ တရားကို နာရမှသာ ကိုယ့်ကိုယ်ကို မာရ်ရဲ့ ပထမတပ်မှာပင် ကျရှုံးနေမှန်းသိကြရတယ်။ မာရ်မင်းရဲ့ ပထမ

http://www.dhammadownload.com



တပ်မှာ မကျရှုံးဖို့အတွက် လယ်တီဆရာတော်က အခုလို သတိပေးခဲ့တယ်။

*ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုပ်လို့ ရက်ဟုန်၊*
*နစ်မျောလို့ အသက်ကုန်တယ်၊ တွက်ပုံဖြင့် မကောင်း*
*ခုလိုနှင့် သံသာဘွေမှာ၊ ခန္ဓာတွေများခဲ့ စကောင်း*
*သက်မွေးမှုစခန်းပိုအောင် ဝမ်းကိုသာနင်ကျောင်း*
*လေးဆယ်ကျော်အရွယ်နှောင်းခါမှ*
*သူကြွယ်လောင်းလုပ်ချင်၊*
*မိုးကုန်ပြီ ထွန်မချချင်နှင့်၊ ရွံ့စရာ မှားဘို့ဖြစ်အင်*
*နွားအိုကြီး အမော့သင်သလို၊ မလျှော့လျှင်*
*ဘဝဆုံးရှာတော့၊*
*အစတုန်း နှင့်အဆင်၊ လွဲဘို့သာပြင်၊*
*တရားသို့ မသက်ဝင်လျှင်၊ အခက်နင်ကြုံတွေ့ဘို့လေး။*

(လယ်တီဆရာတော်)

မာရ်မင်းရဲ့ ပထမတပ်က အာရုံငါးပါးကာမဂုဏ်တရားပဲ။ ဒုတိယတပ်က တရားနာတဲ့အလုပ်၊ တရားရှုမှတ်တဲ့အလုပ်မှာ မမွေ့လျော်ခြင်းပဲ။ တတိယတပ်က အစားကိုငဲ့ပြီး တရားအလုပ်ကို ပစ်ထားတာပဲ။ စတုတ္ထတပ်က တရားနာဖို့ တရားရှုမှတ်ဖို့ ပျင်းရိနေတာပဲ။ ပဥ္စမတပ်ကတော့ တရားနာတဲ့အခါ တရားရှုမှတ်တဲ့အခါမှာ ငိုက်မြည်းနေတတ်တာပဲ။ ဆဋ္ဌမမြောက်တပ်ကတော့ တရားအလုပ်လုပ်ရင် စီးပွားရေးထိခိုက်မှာ၊ ကျန်းမာရေးထိခိုက်မှာ၊ လူမှုရေးထိခိုက်မှာ ကြောက်ရွံ့နေ

http://www.dhammadownload.com



တာပဲ။ သတ္တမတပ်ကတော့ ကိုယ်အားထုတ်တဲ့ တရား အပေါ်မှာ ယုံမှား သံသယဝင်လာတာပဲ။ ဒီလို တရားနာနေလို့ ဒီလိုရှုမှတ်နေလို့ တရားက ရမှရပါ့မလား. . . စတဲ့ ယုံမှားတွေး တောမှုမျိုးပေါ့။

## ကျေးဇူးကို ချေဖျက်သူ

အဋ္ဌမမြောက်တပ်ကတော့ မက္ခနဲ့ ထမ္ဘပဲ။ မက္ခဆိုတာ ရှေ့က တရားပြခဲ့တဲ့ဆရာတော်တွေရဲ့ ကျေးဇူးကို ခြေဖျက် ပစ်တာ။ ထမ္ဘဆိုတာက မာနနဲ့ တစ်ဂိုဏ်းတစင်ထောင်တာပဲ။ အခု ဓမ္မဝိဟာရီအရှင်ဉာဏ၊ အရှင်ဝိစိတ္တဆိုပြီး နှစ်ပါး ပေါ် နေတယ်။ သူတို့က အရင်ပြခဲ့တဲ့ဝိပဿနာနည်း အားလုံးမှား တယ်။ သူတို့နည်းပဲ မှန်တယ်ဆိုပြီး တရားမဝင်စာအုပ်တွေ ဖြန့်ကြတယ်။ တရားတွေ ခိုးဟောကြတယ်။ အခု နိုင်ငံတော် သံဃာ့နာယကအဖွဲ့က သူတို့ရဲ့ဝါဒကိုအဓမ္မဝါဒအဖြစ် ဝိနိစ္ဆယ ချပြီးပါပြီ။

သူတို့တရားတွေကို ဟောခွင့်လည်း မပြုတော့ဘူး။ စာအုပ်ထုတ်ဖြန့်ဝေခွင့်လည်း မပြုတော့ဘူး။ ခေါင်းဆောင် အရှင်ဉာဏဆိုတာ အရင်ကလည်း သာသနာဖျက်ဆီးမှုနဲ့ ထောင်ဆယ်နှစ် ကျပြီးပြီ။ အခုတစ်ခါကျတော့ မလိမ့်တပတ် နည်းသုံးပြီး သင်္ကန်းရောင်မဝတ်ဘဲ မဟာယာန တရုတ် ဘုန်းကြီးတွေလို မိုးပြာရောင်ဝတ်ရုံပြာကြီး ဝတ်ပြီးနေတယ်။

အကောင်းဆုံးကတော့ သာသနာရေးနဲ့ စိစစ်ရေး က ခွင့်ပြုချက်အမှတ်မပါတဲ့ စာအုပ်တွေကို မဖတ်တာ

http://www.dhammadownload.com



အကောင်းဆုံးပဲ။ သူတို့အဖွဲ့ထဲက ဦးဝိစိတ္တာဘိဝံသဆိုတာ ငါးဘွဲ့ရမှာစရိယပဲ။ ဘယ်နှစ်ဘွဲ့ရရပါ။ ဘုရားမဖြစ်သေးသမျှ ဘယ်သူမှ မပြည့်စုံပါဘူး၊ မှားနိုင်တာပါပဲ။

သူတို့ရဲ့ အသိကို သညာသိ၊ စာသိ၊ ဗဟုသုတသိလို့ ခေါ်တယ်။ သံသရာမှာ ထောက်ရာတည်ရာ ရအောင် အားမကိုးလောက်သေးဘူး။ ပညာသိ၊ ခန္ဓာသိ၊ ပဋိဝေဓသိကိုရောက်မှ တကယ်အားကိုးလောက်တယ်။

တရား အမှားအမှန်ကို ခွဲခြားနိုင်ဖို့အတွက် သံယုတ်ပါဠိတော် မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ ပါဠိတော် မြန်မာပြန်တွေကို သေချာဖတ်ထားသင့်တယ်။ နို့မို့ရင်တော့ ဝိပဿနာတရားနဲ့ ပတ်သက်ရင် ခဏ ခဏ အလိမ် ခံ နေရမှာပဲ။ အချိန်ရရင်တော့ အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန်ကိုပါ ဖတ်သင့်တယ်။

နိုင်ငံတော်က ထုတ်ဝေတဲ့ မြန်မာပြန်စာအုပ်ကြီးတွေက ပါဠိအရှိအတိုင်း မြန်မာပြန်ထားတော့ ဖတ်ရတာ မချောဘူး။ ထောက်တောက်တောက်ကြီး ဖြစ်နေတယ်။ ဖတ်ကာစမှာ ဘာဆိုလိုမှန်းမသိ ဖြစ်နေတတ်တယ်။ ဖတ်သားကျလာရင်တော့ နားလည်သွားပါတယ်။ ဒါတွေဖတ်ဖို့ အချိန်နည်းတယ်ဆိုရင်တော့ ဦးမောင်မောင်လေး အကျဉ်းချုပ်ပြန်တဲ့ အနှစ်ချုပ် သံယုတ္တနိကာယ အနှစ်ချုပ်မဇ္ဈိမနိကာယ၊ အနှစ်ချုပ်ဒီဃနိကာယ၊ အနှစ်ချုပ်အင်္ဂုတ္တရနိကာယ်တို့ကို ဖတ်ရင်အချိန်ကုန်ရော၊ ငွေကုန်ရော နှစ်မျိုးလုံး သက်သာနိုင်တယ်။

http://www.dhammadownload.com



"လူပုဂ္ဂိုလ်တွေ မာရ်မင်းရဲ့ ပထမတပ်ဖြစ်တဲ့ ကာမဂုဏ်ကြားထဲမှာ ကျဆုံးသွားကြတာက ထင်ရှားတော့ ပြောစရာမလိုပါဘူး။ ရဟန်းဝတ်လာပြီး ကာမဂုဏ်တောထဲ ပျံ့တော်မူရတာကတော့ နစ်နာလှပါတယ်။

သန်း ။ ။ ရဟန်းမှာ ကာမဂုဏ် ခံစားတယ်ဆိုတာရှိသလားဘုရား။

နုပ် ။ ။ ရှိတာပေါ့။ မင်းက ကာမဂုဏ်ဆိုရင် ဖိုနဲ့မ တွေ့ထိခံစားတဲ့ ဖောဋ္ဌဗ္ဗာရုံတစ်ခုကိုပဲ သိနေတာကိုးကွ။ ရဟန်းလည်း အောက်စက်တွေနဲ့ ဗီဒီယိုကြည့်တာ။ စလောင်းတွေဖွင့်ပြီး ဖာတ်လမ်းတွေ ကြည့်တာဟာ အဆင်းအရသာနဲ့ အသံအရသာဆိုတဲ့ ကာမဂုဏ်တွေကို ခံစားတာပါပဲ။ အသားကောင်းကောင်း ဟင်းချက်စားတယ်ဆိုတာ ရသာရုံဆိုတဲ့ ကာမဂုဏ်ကို ခံစားတာပါပဲ။ ကားကောင်းကောင်းဝယ်ပြီး ဆိုဖာအိအိကြီးပေါ်ထိုင်ပြီး စီးတာ။ အိပ်ယာခင်းထူထူပေါ် အိပ်တာ။ နူးညံ့တဲ့သင်္ကန်းအကောင်းစားကို ဝတ်တာဟာ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ကာမဂုဏ်ကို ခံစားတာပါပဲ။

တရားအလုပ် ဘာမှမလုပ်လိုက်ရဘဲ စလောင်းကြားထဲ၊ ဆိုဖာကြားထဲ ဇိမ်ခံရင်း ပျံ့တော်မူရတယ်ဆိုရင်တော့ မာရ်မင်းရဲ့ ပထမတပ်မှာ ကျရှုံးရတာပဲပေါ့။ မင်းတို့ လူပုဂ္ဂိုလ်တွေတော့ ပြောမနေနဲ့တော့။ မြန်မာနိုင်ငံမှာ သံဃာတော်ပေါင်း ခြောက်သိန်းကျော်ရှိတဲ့ထဲမှာ မာရ်မင်းရဲ့ ပထမတပ်ကလွတ်တဲ့ သံဃာတော်ဟာ တစ်သောင်းကျော်လောက်ပဲ ရှိမယ်။

http://www.dhammadownload.com



## မဂ်ဖိုလ်အနှောင့်အယှက် ဆယ်ခု

မာရ်နတ်ရဲ့ တပ်မကြီး ဆယ်တပ်ရဲ့ အဓိပ္ပာယ်ကို ဆရာကြီးဦးရွှေအောင် ဖွင့်ပြတာက အလုပ်စခန်းနဲ့ ပိုနီးတယ်။ အရှင်မဟာကဿပဝတ္ထုမှာ ဆရာကြီး ဖွင့်ပြခဲ့တဲ့ မာရ်နတ်ရဲ့ တပ်မကြီးဆယ်တပ်အကြောင်း လေ့လာကြည့်ရအောင်။

*လောက၏အကျိုးစီးပွားကို ဆောင်ရွက်သူတိုင်း၌ အနှောင့်အယှက်သည် တွေ့မြဲဖြစ်၏။ ယင်းကို မာရ်နတ်၏ တပ်မကြီး ဆယ်တပ်ဟူ၍ ဆိုရ၏။ ဤဆယ်တပ်ကို သိဒ္ဓတ္ထမင်းသားလည်းတွေ့ခဲ့၏။ ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့လည်း တွေ့ကြ၏။ အခြားမြင့်မြတ်သူ မည်သူမဆို တွေ့ကြ၏။ လောက၏ အကျိုးစီးပွားကို ဆောင်ရွက်ရန်အတွက် မိမိ၏ အကျိုးစီးပွားကို စွန့်လွှတ်သူတိုင်း တွေ့ကြ၏။ ထိုတပ်မကြီး ဆယ်တပ်ကို နိုင်အောင်တိုက်နိုင်မှသာ အောင်ပွဲကို ရနိုင်မည် ဖြစ်၏။*

*ပထမတပ်မကြီးမှာ ကာမဂုဏ်ဖြစ်၏။ ကာမဂုဏ်တွင် ရာထူး ဂုဏ်သိမ်စည်းစိမ်းဥစ္စာတို့သည် ထင်ရှားကြ၏။ ယင်းတို့အပေါ် ငဲ့ကွက်မှုမရှိဘဲ ဆောင်ရွက်နိုင်ပါမှ လောက၏ အကျိုးစီးပွားအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ရာ ရောက်၏။ တရားအတိုင်း ဆောင်ရွက်ရာလည်း ရောက်၏။ ထိုအခါမှသာ တကယ့်မြင့်မြတ်သူ ဖြစ်၏။ ယခု ပိပ္ပလိနှင့် ဘဒ္ဒကာပိလာနီတို့သည် ဤတပ်မကြီးကို အောင်နိုင်သူများ ဖြစ်ကြလေပြီ။*

http://www.dhammadownload.com



ဒုတိယတပ်မကြီးမှာ မိမိလုပ်ငန်း၌ ရသကို တွေ့အောင် မရှာနိုင်ခြင်းဖြစ်၏။ အမှန်အားဖြင့် ယုတ်နိမ့်သောလုပ်ငန်း၌ ဖြစ်စေ၊ မြင့်မြတ်သောလုပ်ငန်း၌ဖြစ်စေလုပ်ငန်းတိုင်း၌ ရသသည်ရှိ၏။ ထိုရသကို တွေ့အောင် ရှာနိုင်မှ လုပ်ငန်း၌ ပျော်မွေ့၏။ သို့မဟုတ်ပါက လုပ်ငန်း၌ စိတ်မဝင်စားနိုင်ဘဲ ပျင်းရိလာ၏။ ငြီးငွေ့လာ၏။ ယခု ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် တောထွက်၍ တရားအားထုတ်ခြင်း၌ ရသကို တွေ့အောင်ရှာနိုင်ကြ၏။ ထို့ကြောင့် သူတို့သည် မာရ်နတ်၏ ဒုတိယတပ်မကြီးကိုလည်း အောင်နိုင်ကြပြီ။

<u>အငတ်ခံမှ အောင်ပွဲရ</u>

တတိယတပ်မကြီးမှာ ငတ်မွတ်ခြင်း ဖြစ်၏။ မြင့်မြတ်သူများအနေဖြင့် မိမိတို့၏ လုပ်ငန်းကို စသည်ဆိုကတည်းက စွန့်လွှတ်ရန် စခြင်းဖြစ်၏။ သိမ်းပိုက်ရန် စခြင်းမဟုတ်။ ထိုအခါ ငတ်မွတ်ခြင်းသည် မလွဲမသွေပါဝင်လာမည်ဖြစ်၏။ သို့ရာတွင် ငတ်မွတ်ခြင်းကို တကာယ်တမ်း လက်တွေ့ကြုံလာသောအခါ အူမ တောင့်မှ သီလစောင့်နိုင်မည်ဟူသော ကြွေးကြော်သံဖြင့် လုပ်ငန်းကို စွန့်ခွာတတ်၏။ ယခု ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် ဆွမ်းခံရာတွင် ရသမျှနှင့် ရောင့်ရဲ၍ အငတ်ခံနိုင်သူများဖြစ်ကြ၏။ ထို့ကြောင့် သူတို့သည် ဤတပ်မကြီးကိုလည်း အောင်နိုင်ကြ၏။ သူတို့ကို မဆိုထားနှင့်။ သူတို့၏နောက်လိုက် သီဟိုဠ်(သီရိလင်္ကာ) မထေရ်များသည်ပင် စတုတ္ထသင်္ဂါယနာမတင်မီက ကာလအားဖြင့် နှစ်နှင့်

http://www.dhammadownload.com



ချီ၍ ဆွမ်း လုံးဝဘုဥ်းမပေးရသဖြင့် ပိဋကတ်တော်များ မပျောက်ကွယ်ရလေအောင် ဖိုက်ပေါ်သဲတင်ပြီး နှုတ်တက်ရွရွ ရွတ်အံခဲ့ကြ၏။ လေပူမထအောင် စိမ့်ပြီး အငတ်ခံခဲ့ကြ၏။

စတုတ္ထတပ်မကြီးမှာ ပျင်းရိခြင်းဖြစ်၏။ ဓမ္မတာအရ မိမိ၏ လုပ်ငန်း၌ ရသကို တွေ့အောင်မရှာနိုင်သောအခါ ဘာမှမလုပ်ခြင်း၌သာ ရသကိုတွေ့အောင် ရှာတော့၏။ အမှန်အားဖြင့် လောကအတွက်ဘာတာဝန်မှ မယူဘဲ မိမိ အတွက် သက်သာသလို အချောင်ခိုနေရခြင်းသည် ချမ်းသာ၏။ ဟူ၍ ယုတ်နိမ့်သူများက ထင်ကြ၏။ ဤအထင်သည် ပျင်းရိခြင်း အပေါ် အခြေခံသောအထင်ဖြစ်၏။ တစ်ကိုယ်ကောင်းဝါဒ သမား ငပျင်းများ၏ အထင်ဖြစ်၏။ ဤအထင်ကား နွယ်နွယ် ရရမဟုတ်။ မာရ်နတ်၏ စတုတ္ထတပ်မကြီးဖြစ်၏။ ထိုတပ်မကြီးကိုလည်း ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် အောင်နိုင်ကြသည်ပင် ဖြစ်၏။

ပဉ္စမတပ်ကား ငိုက်မျဉ်းခြင်း ထိနမိဒ္ဓ ဖြစ်၏။ လုပ်ငန်းဆောင်ရွက်ရလွန်းသဖြင့် ပင်ပန်းခြင်းအားကြီးသောအခါ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓသည်ဝင်လာတတ်၏။ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓသည် အကုသိုလ်ဖြစ်၏။ အကယ်၍ လုပ်ငန်းသည် ကုသိုလ်ဖြစ်ပါက ထိနမိဒ္ဓကို ပယ်နိုင်သော ပီတိပဿဒ္ဓိ စသော ကုသိုလ် စေတသိက်များရှိ၏။ ယင်း စေတသိက်များကို ပေါ်ရွှင်ထိုက်အောင် ပွား၍ဖြစ်စေ၊ ဝိတက် စေတသိက်ကို ဈာနထိုက်အောင် ပွား၍ ဖြစ်စေ ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကို

http://www.dhammadownload.com



*ပယ်နိုင်၏။ ဤနည်းဖြင့် ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် ငိုက်မျဉ်းခြင်း ထိနမိဒ္ဓကို ပယ်၍ မာရ်နတ်၏ ပဥ္စမတပ်ကို နိုင်အောင်တိုက်ခဲ့၏။*

(မှတ်ချက်)။ တရားနာရင်း၊ တရားထိုင်ရင်း ငိုက်လာလျှင် စကြံ ထလျှောက်ရသည်။ သို့မဟုတ် မျက်နှာထသစ်ရသည်။ သို့မဟုတ် နားရွက်ကို ဆွဲယမ်းရသည်။ သို့မဟုတ် ဟင်းလင်းပြင်ရှိသော နေရာသို့သွားပြီး ကောင်းကင်မှ နက္ခတ်တာရာ များကို ကြည့်ရသည်။ ငိုက်မျဉ်းခြင်း ပျောက်မှ တရားကို ဆက်ရှုမှတ်ရသည်။

## အကြောက်ပယ်မှ နိဗ္ဗာန်ရ

*ဆဋ္ဌမတပ်မှာ အကြောက်ဖြစ်၏။ စိတ်ဓာတ်အားငယ်သူများသည် ကြီးမားသော တာဝန်များကို ယူရန် ကြောက်တတ်ကြ၏။ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ငါကို အမိက ထားသူများသာ ကြောက်ရွံ့တတ်ကြပြီး ငါကို အမိက မထားသူများသည် မကြောက်ကြ။ အမှန်အားဖြင့် ငါရှိသည် ထင်ပြီး ငါကို မြတ်နိုးနေသမျှကာလပတ်လုံး ကြောက်နေမည်သာ ဖြစ်၏။ ငါမရှိဟု သိပြီး ငါကို ပယ်သတ်နိုင်သည်နှင့်အမျှ အကြောက်ကို ပယ်သတ်ပြီးဖြစ်၏။ ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် အခက်ခဲဆုံး အရိယသစ္စာကို ရှာဖွေရာ၌ မာရ်နတ်၏ ဤဆဋ္ဌမမြောက် တပ်မကြီးကိုလည်း အောင်နိုင်ခဲ့ပါ၏။*

သတ္တမတပ်မကြီးမှာ မပြတ်သားမှု ဝိစိကိစ္ဆာဖြစ်၏။



F.9.B

http://www.dhammadownload.com



မိမိ၏လုပ်ငန်း၌ ယုံကြည်မှုမခိုင်မြဲသမျှ မပြတ်သားမှုများ၊ နောက်ဆံတင်းမှုများ၊ တွေဝေမှုများ၊ သံသယများရှိနေမည်သာ ဖြစ်၏။ မြန်မာ့သမိုင်းတွင် ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲသည် နားလည်စရာအကောင်းဆုံး ပြယုဂ်ဖြစ်၏။ ဤသည်မှာ လောကီတိုက်ပွဲသာ ဖြစ်၏။ ထို့ထက် ပြင်းထန်သော လောကုတ္တရာ တိုက်ပွဲ၌ကား ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့သည် မာရ်နတ်၏ ဆဋ္ဌမတပ်မကြီးကို တိုက်ရာ၌ တကယ်ပင် ရှုပ်ရှုပ်ချွံချွံနိုင်အောင် တိုက်ခဲ့ပါ၏။

အဋ္ဌမတပ်မကြီးကား အောက်ခြေလွတ်မှု ဖြစ်၏။ ပါဠိဝေါဟာရအားဖြင့် မက္ခ၊ ထမ္ဘ ဟူ၍ဖြစ်၏။ မက္ခ၏ အနက်ရင်းမှာ ကျေးဇူးကန်းခြင်းဖြစ်၏။ ထမ္ဘ၏ အနက်ရင်းမှာတိုင်ဖြစ်၏။ မိမိတို့၏လုပ်ငန်းများ အောင်မြင်လာသောအခါ အောက်ခြေလွတ်တတ်၏။ တစ်ချိန်က ရောင်းရင်းများအနေဖြင့် မိမိအပေါ် ကျေးဇူးများခဲ့သော်လည်း ယခုအချိန်တွင် မိမိအောက် နိမ့်ကျနေသဖြင့်ဖြစ်စေ၊ မိမိ၏ အားကိုးရာ မဟုတ်တော့သဖြင့် ဖြစ်စေ ပေးရန်း၊ အခွင့်အရေးတောင်းခံရန်း၊ မိမိ၏ သိက္ခာနှင့် အဆင့်ကျနိုး ဟူသော အမြင်ဖြင့် ထိုသူများကို အပေါင်းအသင်း မလုပ်ချင်။ ထိုအခါ ထိုရောင်းရင်းများ၏ ကျေးဇူးကို ကန်းရတော့၏။ ဤသည်ကို မက္ခဟုဆို၏။ ကျေးဇူးကန်းရုံနှင့် မပြီးသေး၊ မိမိကိုယ်ကို ကျောက်တိုင်လို ထင်မှတ်လာ၏။ မည်သူ၏ ပေဖန်ချက်ကိုမှ လက်မခံ။ ဝေဖန်လျှင် တုန့်ပြန်မှု အနေနှင့် ဒဏ်ခတ်တော့၏။ မိမိကား ကျောက်တိုင်၊ မိမိကို



F.9.A

http://www.dhammadownload.com



မည်သူကမှ ယိမ်းယိုင်အောင် မလုပ်နိုင်။ ဤသို့သော ခံယူချက်ကို ထမ္ဘဟုဆို၏။ အမှန်အတိုင်း မမြင်ဘဲ ဤသို့အောက်ခြေလွတ်ခြင်းကို ပိပ္ပလိနှင့် ဘဒ္ဒါကာပိလာနီတို့ ပယ်နိုင်ခဲ့ပြီ။

## ကျဆုံးခြင်း၏အကြောင်းရင်း

နဝမတပ်မကြီးသည် သာယာမှုနိကန္တိဖြစ်၏။ မှန်ကန်သော စိတ်ရင်း စေတနာရင်းဖြင့် လုပ်ငန်းကို ဆောင်ရွက်သောအခါ ယင်း၏အကျိုးတရားအနေဖြင့် ထူးခြားမှုများသည် တကယ်ပင် ဖြစ်ပေါ်လာတတ်ပါ၏။ လာဘ်သပ်ပကာလည်း ပေါ်များလာတတ်၏။ ဂုဏ်သတင်းများလည်း ကျော်စောလာတတ်၏။ လေးစားမှုများကိုလည်း ရတတ်လာ၏။ ကိုယ်ရောင်ကိုယ်ဝါများလည်း ထွန်းပလာတတ်၏။ ပီတိ၊ ပဿဒ္ဓိ၊ သဒ္ဓါ၊ ဝီရိယ၊ သုခ၊ ဉာဏ်၊ သတိ၊ သမာဓိ စသော တရားများလည်း ထူးထူးခြားခြားတက်လာ၏။ ထိုအခါသာယာမှု တဏှာနိကန္တိသည် ပေါ်လာတတ်၏။ ထိုသို့ပေါ်လာသော်လည်း နိကန္တိအနေဖြင့် ပေါ်လာခြင်းမျိုး မဟုတ်ဘဲ တရား၌မွေ့လျော်မှု ဓမ္မရတိ အယောင်ဆောင်ပြီး ပေါ်လာခြင်းဖြစ်၏။ နိကန္တိ ဟူသည်မှာ တပ်မက်တတ်၊ သာယာတတ်သော တဏှာဖြစ်၏။ ဤနေရာ၌ အကုသိုလ်က ကုသိုလ်ယောင်ဆောင်ခြင်းဖြစ်၏။ မူလက စိတ်ကောင်း စေတနာကောင်းတို့ဖြင့် ဆောင်ရွက်သောကြောင့် ထူးခြားသော အကျိုးကို ပေးရာတွင် ထိုစိတ်ကောင်း စေတနာကောင်းတို့ ရှေ့ဆက်ပြီး မဖြစ်ပေါ်စေရန် အကုသိုလ်နိကန္တိက ကုသိုလ်ယောင်ဆောင်

http://www.dhammadownload.com



ပြီးဝင်လာခြင်းဖြစ်၏။ ထိုအခါ ကုသိုလ်ကျိုးရပ်စဲပြီး အကုသိုလ် နိကန္တိကအကျိုးပေးတော့၏။ ထို့ကြောင့် ဘဝတွင် မြင့်ရာမှ နိမ့်ရာသို့ ဝုန်းခနဲကျခြင်းဖြစ်၏။ ဤ နိကန္တိသည် မာရ်နတ်၏ နဝမတပ်မကြီးဖြစ်၏။

ဒသမတပ်မကြီးမှာ မိမိက တော်ကြောင်းနှင့် အခြား သူများက မိမိလောက် မတော်ကြောင်း ပြောဆိုခြင်း ဖြစ်၏။ မိမိက တော်ကြောင်း ပြောဆိုခြင်းကို အတ္တုက္ကံသန ဟုခေါ်၍ သူများက မိမိလောက် မတော်ကြောင်း ပြောဆိုခြင်းကို ပရ ဝမ္ဘန ဟုဆို၏။

အဲဒါဆရာကြီးဦးရွှေအောင်ရဲ့ မာရ်နတ်ရဲ့တပ်မကြီး ဆယ်တပ်အကြောင်း ဖွင့်ဆိုချက်တွေပဲ။ တချို့တရားပြ ဆရာ တော်များကျတော့ သူများကိုသာ တဏှာကို ပယ်သတ်ဖို့ အာပေါင်အာရင်းသန်သန်နဲ့ ဟောနေတာ။ သူ ကိုယ်တိုင်ကျ တော့ ဆေးလိပ်မသောက်ရမနေနိုင်၊ ကွမ်း မစားရမနေနိုင် ဖြစ်နေတယ်။ မြို့တစ်မြို့မှာ တွေ့ဖူးတယ်။ နှစ်ပါးလုံး နာမည် ကြီး တရားပြဆရာတော်တွေပဲ။ ဒါပေမဲ့ တစ်ပါးက ကွမ်းယာ စွဲနေတယ်။ တစ်ပါးက စီးကရက် စွဲနေတယ်။

## <u>စွဲခြင်း၏အဓိကအကြောင်း</u>

သေချာမှတ်ထားတာပေါ့ကွာ။ ကောင်းတဲ့အလုပ် ဖြစ်ဖြစ် ဆိုးတဲ့အလုပ်ဖြစ်ဖြစ် ကြာကြာလုပ်ရင် စွဲတာပဲကွ။ ဒီနှစ်ပါးလုံးဟာ စီးကရက်နဲ့ ကွမ်းဒဏ်ကြောင့် နှစ်ပါးလုံး လည်ချောင်းကင်ဆာရောဂါဖြစ်နေကြတယ်။ ဒါပေမဲ့ စီးကရက်

http://www.dhammadownload.com



နဲ့ ကွမ်းကို မဖြတ်နိုင်ကြဘူး။ ဝေဒနာကနေ တဏှာကို မကူး စေနဲ့လို့ နေ့တိုင်း ဟောနေတာလည်း သူတို့ပဲ။

စီးကရက်ဝေဒနာနဲ့ ကွမ်းယာဝေဒနာကနေ တဏှာ ကို နေ့တိုင်းကူးနေတာလည်း သူတို့ပဲ။ စီးကရက်တရားပြ ဆရာတော်ကတော့ အခုပျံလွန်တော်မူသွားရှာပြီ။ ကွမ်းယာ တရားပြဆရာတော်ကတော့ ကျန်သေးတယ်။ ခုတော့ ကွမ်း ယာ ထပ်မစားရဲတော့ဘူးလို့ ကြားရတယ်။ မြို့တစ်မြို့မှာ လည်း ရိပ်သာဖွင့် တရားပြပြီး နာမည်ကြီးနေတဲ့ ဆရာတော် တစ်ပါး ရှိတယ်။

တစ်ခါတော့ တစ်ဘဝသာသနာကျမ်းပြုဆရာတော် ဦးဃောသိတဟာ အဲဒီဆရာတော်ရဲ့ ကျောင်းမှာ တရား သွား ပြရတယ်။ ဒီအချိန်မှာ ဆရာတော် ဟောတဲ့တရားတွေကို မြဝတီက နေ့စဉ်လွှင့်ပေးနေတော့ တစ်ပြည်လုံးက ဆရာတော် ကို သိပြီး သိပ်ကြည်ညိုနေတဲ့အချိန်ပေါ့။ အဲဒီမြို့က ကျောင်း မှာ တရားလည်းပြရော အဲဒီရိပ်သာက ကျောင်းဒါယိကာမကြီး တစ်ယောက်က ဆရာတော် ဦးဃောသိတကို ကြည်ညိုပြီး သိင်္ကန်းထပ်ဖို့လုပ်တယ်။

အဲဒီသတင်းကို ကြားသွားတဲ့ နယ်ခံကျောင်းထိုင် ဆရာတော်ဟာ ဣဿာမစ္ဆရိယမီးတွေလောင်ပြီး နေထိုင် မကောင်းဖြစ်လိုက်တာ ဆေးရုံတောင် တင်ယူရတယ်။ ဒီ အကြောင်းကို သိသွားတဲ့ ဆရာတော်ဦးဃောသိတက သိင်္ကန်း ထပ်မခံတော့ဘဲ ဒီတိုင်း ပြန်ကြွခဲ့ပါသတဲ့။ ဒါဟာ ဘာကို

http://www.dhammadownload.com



ပြသလဲဆိုရင် ကျောင်းထိုင်ဘုန်းကြီးဟာ တရားသာ ပြနေတာ။ မာရ်နတ်ရဲ့ ပထမတပ်မကို မကျော်နိုင်သေးဘူး ဆိုတာ ထင်ရှားတာပေါ့။

သန်း ။ ။ သတင်းလေး ကြားတာနဲ့တောင် ဆေးရုံတက်ယူရတယ် ဆိုတော့ တကယ်များ သိက္ခာထပ်ဖြစ်ရင် ပျံတော်မူမယ် ထင်တယ် ဘုရား။

နုပ် ။ ။ သေချာတာပေါ့။

ဒေါသက –သူတစ်ပါး အကျိုးစီးပွားကို ဖျက်ဆီးတာ

က္လာသာက –ကိုယ့်ထက်သာလို့ မနာလိုတာ

မစ္ဆရိယက –ကိုယ်ရသလို သူတစ်ပါးမရစေချင်တာ

ဒီသုံးမျိုးလုံးဟာ ဒေါသအုပ်စုဝင်တွေပဲ သိပ်ကြောက်စရာကောင်းတယ်။ အင်မတန်လည်း ပူပြင်းတယ်။ ဘယ်လောက်ထိ ပူပြင်းသလဲဆိုရင် နတ်တွေမှာ ဒီဒေါသ၊ က္လာသာ၊ မစ္ဆရိယ တစ်ပါးပါးဖြစ်ပေါ်ရင် ချက်ချင်းသေသွားတယ်။ နတ်တွေရဲ့ ရုပ်က နူးညံ့တော့ တစ်ခါတည်း သေအောင် လောင်ပစ်လိုက်တာပေါ့။ သေပြီးရင် ချက်ချင်း ငရဲထိကျသွားတယ်။ လူတွေကျတော့ ရုပ်တွေက ကြမ်းတမ်းတယ်။

<u>ရောဂါဖြစ်ခြင်း၏အဓိကအကြောင်းရင်း</u>

ဒါ့ကြောင့် ဒေါသတို့၊ က္လာသာမစ္ဆရိယတို့ ဖြစ်တဲ့အခါ ချက်ချင်းတော့ မသေဘူး။ ဒါပေမဲ့ နှလုံးရောဂါတို့၊ သွေးတိုးရောဂါတို့၊ ကင်ဆာရောဂါတို့ဖြစ်ကျန်ခဲ့တယ်။ သေချာလေ့လာကြည့်။ ဒီရောဂါသုံးမျိုးဟာ ဒေါသကြီးတဲ့ ယောကျ်ား

http://www.dhammadownload.com



တွေ၊ ပူပင်သောကများတဲ့ မိန်းမတွေမှာ အဖြစ်များတယ်။

၂၀၀၇ ခုနှစ်က သုဒ္ဓဝိပဿနာကျင့်စဉ်ဆိုတဲ့ ခေါင်းစဉ်နဲ့ အလုပ်ပေး ဝိပဿနာတရား ၂၄ ည ရန်ကုန်မှာ ဟောတယ်။ စမ်းချောင်း ကံမြင့်ကျောင်းမှာ သုံးည၊ ရွှေတိဂုံဘုရား အရှေ့မုခ်က မင်္ဂလာဈေး ဓမ္မာရုံမှာ (၁၁)ည ရန်ကင်း အရိယာ ဓမ္မာရုံမှာ ၁၀ ညပေါ့။ အဲဒီတရားတော်ကို မြို့နယ် ရိပ်သာ တစ်ခုက ဦးပဥ္စင်းကြီးတစ်ပါးက ၂၄ ညလုံး နာလိုက်ရတယ်။

သူဟာ တရားအားထုတ်နေတာ ကြာပြီဆိုပေမယ့် အခုမှ သေသေချာချာ တရားတွေ့တယ်လို့ ဆိုရမှာပေါ့။ ဒါ့ကြောင့် သူတို့မြို့ကို တရားဟောကြွဖို့ ငါ့ကိုလာပင့်တယ်။ ငါကလည်း တစ်ခါမှ မဟောဖူးသေးတဲ့မြို့ဆိုတော့ ဟောပေးဖို့ လက်ခံလိုက်တယ်။ သူဟာ ဝမ်းသာအားရပြန်သွားပြီး မြို့နယ်လူထုကို တင်ပြတော့ အားလုံးက ဝမ်းသာကြတယ်။ တရားပွဲကြီး အကြီးအကျယ် ကျင်းပဖို့ စီစဉ်ကြတယ်။

သူနေတဲ့ ရိပ်သာကျောင်းဝင်းကြီးထဲမှာပဲ တရားပွဲကို ကျင်းပဖို့ ရည်ရွယ်ထားတယ်။ ပံ့ပိုးမယ့် ဒကာ၊ ဒကာမတွေ ရပြီဆိုတော့ တရားပွဲဖြစ်ဖို့က ကိုးဆယ်ရာခိုင်နှုန်း သေချာပြီလို့ သူက တွက်ထားတယ်။ သူ့ရဲ့ဥပဇ္ဈာယ်ဆရာ ကျောင်းထိုင်ဆရာတော်ကို လျှောက်ပြီးရင် ကိစ္စပြီးပြီလို့ သူက တွက်ထားတယ်။

သန်း ။ ။ သူ တွက်သလိုဖြစ်မလာဘူးလား ဘုရား။

နုပ် ။ ။ ဘယ်ဖြစ်လာမှာလဲ။ သူနေတဲ့ ရိပ်သာကျောင်းဆရာတော်

http://www.dhammadownload.com



က မာရ်နတ်ရဲ့ ပထမတပ်မမှာ ကျရှုံးနေတဲ့သူပဲ။ သူ တရားပြ နေတဲ့ရိပ်သာကျောင်းဝိုင်းထဲကို ဘယ်ဓမ္မကထိကဆရာတော် မှ လာပြီး တရားမဟောရဘူး။ ကုန်ကုန်ပြောမယ်။ တရား ဟောဆရာတော်ဆိုရင် သူ့ကျောင်းမှာလာတောင် တည်းခွင့် မပြုနိုင်ဘူးတဲ့။ ပြီးတော့ ဆက်ပြောလိုက်သေးသတဲ့။ နောက် ကို ဒီကျောင်းဝိုင်းထဲမှာ တရားပွဲလုပ်ဖို့ ကြိုးစားမယ်ဆိုရင် ဦးပဥ္စင်းကြီးကိုယ်တိုင် ဒီကျောင်းက ထွက်သွားရမယ်တဲ့။

ဒီလိုဆရာတော်မျိုးကိုတော့ တရားပြဆရာတော် လို့ မခေါ်သင့်ဘူး။ မတရားပြဆရာတော်လို့ပဲ ခေါ်ရမယ်။ သူ့တရားစခန်းကိုလည်း မတရားစခန်းလို့ပဲ ခေါ်ရမယ်။ သူ့ ပုံစံကြည့်ရတာ ဘုရားရှင်ရှိသေးတယ် ဆိုရင်တောင် သူ့ ကျောင်းဝိုင်းထဲမှာ တရားဟောခွင့်ပေးမယ် မထင်ဘူး။ ဒီလို ဆရာတော်မျိုးတွေကို ကြည့်ပြီး ဝန်းသိုမြို့ ခန္တီးဆရာတော်ကြီး က အခုလိုဩဝါဒပေးခဲ့တယ်။

<u>မဖြစ်မနေ မေးရမည်ဆိုလျှင်</u>

*မေးမည့်မေးလျှင် ကြက်တွေ ဘဲတွေပဲ မေးပါ။*
*မနောလိုစိတ်နှင့် ဝန်တိုစိတ်ကို မမေးပါနှင့်။*
*အကုသိုလ်ဖြစ်တာချင်း၊ အပါယ်ကျတာချင်း*
*တူသော်လည်း ကြက်တွေ ဘဲတွေ မေးတာက ကြက်ဥ*
*ဘဲဥစားပြီးမှ အပါယ်ကျသည်။ မနောလိုစိတ်နှင့်*
*ဝန်တိုစိတ်ကို မေးသူများကား ဘာမှမစားရဘဲ*
*အပါယ်ကျရသောကြောင့်တည်း။* တဲ့။

http://www.dhammadownload.com



. . . မြို့တစ်မြို့မှာလည်း ဝိပဿနာတရား အဟောကောင်းတဲ့ဆရာတော်ကြီးတစ်ပါးရှိတယ်။ သူဟာ သာသနာ့သန့်ရှင်းရေးခေတ်တုန်းက မိန်းမမှုနဲ့ လူဝတ်လဲလိုက်ရတယ်။ မေ့လောက်တဲ့အချိန်ကျတော့မှ အာဏာပိုင်ရဟန်းအချို့ကို လာဘ်ထိုးပြီး ဘုန်းကြီးပြန်ဝတ်တယ်။ ဂိုဏ်းစွဲ ရိပ်သာစွဲကြီးတဲ့ ဒကာ၊ ဒကာမတွေကတော့ သိက္ခာသုံးပါး ရှိ၊ မရှိကို မကြည့်ကြဘူး။ သူတို့ရိပ်သာနည်းနဲ့ တရားဟော မဟောကိုပဲ ကြည့်ကြတယ်။

ဒါ့ကြောင့် ဒီရဟန်းတု ဆရာတော်ကို ဝိုင်းလှူလိုက်ကြတာ တိုက်တွေ၊ တာတွေကတော့ ရိပ်သာဝိုင်းထဲမှာ ပြည့်ကျပ်နေတာပဲ။ အခု သူပျံတော်မူတော့ ရဟန္တာလို့ သူတို့ဘာသာ သမုတ်ပြီး စေတီကြီးတည်ထားတယ်။ ငါက အဲဒီ ရိပ်သာအနီးမှာ မကြာခဏတည်းခိုဖူးတော့ ပတ်ဝန်းကျင်ကို လေ့လာကြည့်လိုက်တော့ ရဟန္တာဖြစ်ဖို့ ဝေးရော အပါယ် လေးပါးကတောင် လွတ်မယ်မထင်ဘူး။

သန်း ။ ။ ဘာဖြစ်လို့လဲ ဆရာတော်။

နုပ် ။ ။ သူ နေတဲ့ ကျက်သရေခန်းကို ဖွင့်ကြည့်လိုက်တဲ့အခါ ပုပ်သိုးနေတဲ့ကိတ်မုန့်ဘူးတွေ၊ မုန့်ပုံးတွေ၊ ဆွေးရိပြီး ဝတ်လို့မရတော့တဲ့ သင်္ကန်းတွေကို ကုန်ကားသုံးစီးတိုက်လောက်နဲ့ ရှင်းပစ်ရသတဲ့။ ဒါ့ကြောင့် ရဟန္တာ ဟုတ် မဟုတ်ဆိုတာ သူဟောတဲ့တရားကို ကြည့်ပြီး ဆုံးဖြတ်လို့ မရနိုင်ဘူး။ ကိလေသာကုန် မကုန်ကို ကြည့်ပြီးတော့ပဲ ဆုံးဖြတ်လို့

http://www.dhammadownload.com



ရနိုင်တယ်။

ရဟန္တာ ဟုတ်၊ မဟုတ် တိုင်းတာနည်း

ဥပမာ ရလာတဲ့လာဘ်လာဘတွေကို မလှူရက် မတန်းရက်နဲ့ တမက်တမော သိမ်းဆည်းနေတယ်ဆိုရင် လောဘ ကိလေသာအားကြီးလို့ လို့ သတ်မှတ်နိုင်တာပေ့ါ။ ဘာမှမသိမ်းဆည်းဘဲ ပျံတော်မူတဲ့အထိ ရသမျှ အကုန်လှူ ပစ်သွားတယ်ဆိုရင် လောဘကုန်လို့ သို့မဟုတ် လောဘ ကိလေသာ ခေါင်းပါးလို့ လို့ သတ်မှတ်နိုင်တာပေ့ါ။

ဒေါသဖြစ်စရာ ကြုံပါလျက် ဒေါသမဖြစ်ဘူးဆိုရင် ဒေါသကိလေသာကုန်နေသူ သို့မဟုတ် ဒေါသကိလေသာ ခေါင်းပါးသူလို့ သိနိုင်တာပေ့ါ။ မင်းကွန်းတိပိဋကဆရာတော် ဆိုရင် တစ်ခါက မန္တလေးမြို့က ညတရားပွဲပင့်ထားတယ်။ အစီအစဉ်ကတော့ ဆရာတော်က မင်းကွန်းကနေ မန္တလေး ဆိပ်ကမ်းဘက် စက်လှေနဲ့ ကြွလာရမယ်။ တရားပွဲကျင်းပ မယ့်သူများက မန္တလေးဆိပ်ကမ်းကနေ ကားနဲ့ ကြိုမယ်ပေ့ါ။

ဆရာတော်ကြီးလည်း ညနေခြောက်နာရီခွဲလောက် မန္တလေးဆိပ်ကမ်းလည်း ရောက်လာရော လာကြိုတဲ့ ကား တစ်စီးမှ မရှိဘူး။ ကိစ္စတစ်စုံတစ်ခုကြောင့် နောက်ကျတာ ဖြစ်မှာပါ ဆိုပြီး ဆရာတော်ကြီးက ဆိပ်ကမ်းက သစ်ပင် အောက်က ထိုင်စောင့်ရှာတယ်။ တရားပွဲက ခုနစ်နာရီခွဲ ဟောရမှာ ကားက ခုနစ်နာရီထိုးပြီးတဲ့အထိ ရောက်မလာဘူး။

သန်း ။ ။ ဘာဖြစ်လို့ ကြိုတဲ့ကားက ရောက်မလာတာလဲဆရာတော်။

http://www.dhammadownload.com



နုပ် ॥ ॥ ဒီလိုကွ ...ဒီအချိန်မှာ ဆရာတော်ကြီးက ကမ္ဘာကျော် တဲ့အထိ နာမည်ကြီးနေတာ အင်္ဂလန်က ဂင်းနစ်ကမ္ဘာ့စံချိန် စာအုပ်ကြီးထဲမှာ ဉာဏ်ပညာအကြီးမားဆုံးပုဂ္ဂိုလ် ဆိုပြီး စံချိန် တင်ခံထားရတော့ ကမ္ဘာက မြန်မာဆိုတာကိုသာ မသိချင် မသိမှာ။ မင်းကွန်းတိပိဋကဆရာတော်ကိုတော့ သိကြတယ်။ ဆရာတော်ဟာ တိပိဋကဆရာတော်လည်း ဖြစ်တယ်။ ဓမ္မ ဘဏ္ဍာဂါရိက တရားဘဏ္ဍာစိုးဆိုတဲ့ ဘွဲ့တံဆိပ်ကိုလည်း ရရှိထားတယ်။

ဒါ့အပြင် နိုင်ငံတော်သံဃာ့မဟာနာယကအကျိုး ဆောင် ဆရာတော်တစ်ပါးလည်း ဖြစ်လိုက်သေးတယ်။ ဒီလို ဆရာတော်မျိုးဆိုတော့ တရားပွဲအကြိုအပို့ ကားလှူချင်တဲ့ ဒကာတွေက သိပ်များတယ်။ သူ ကြိုမယ် ငါကြိုမယ်နဲ့ ဝိုင်း ပြောကြတော့ အကျိုးဆောင်အဖွဲ့က ဘယ်သူကြိုပါလို့ သတ် မှတ်မပေးဘဲ ခင်ဗျားတို့ အတူတူ ကြိုလိုက်ပါလို့ ပေါင်းပြော လိုက်တယ်။

ဆရာတော်ကတော့ တစ်စီးပဲစီးမှာပဲ။ ကြိုတဲ့ကား များလေ ကောင်းလေလို့ သဘောထားလိုက်ဟန်တူတယ်။ မှန်းကြည့်ရတာ အဲဒီလို ကားကြိုဖို့ပြောထားတာက တရား ပွဲမတိုင်ခင် လေးငါးရက်အလိုလောက်က ဖြစ်မယ်။ တရား ဟောမယ့်ရက် ရောက်လို့ ကြိုရမယ့်နေ့ကျတော့ ကားပိုင်ရှင် တွေဟာ မေ့နေကြတယ်။ တချို့ သတိရတဲ့လူကျတော့လည်း ကိစ္စ အနည်းအပါးရှိနေတော့ ငါ မသွားလည်း ဘာမှမဖြစ်

http://www.dhammadownload.com



ပါဘူး။ တခြားကားတွေ အများကြီး ရှိနေတာပဲလို့ ပေါ့ပေါ့ သဘောထားပြီး မသွားဘဲနေလိုက်ကြတယ်။ ဒါ့ကြောင့် ကြို မယ့်ကားတစ်စီးမှ ရောက်မလာတာ။

## ဆိုက်ကားစီးသော နိုင်ငံကျော်ဆရာတော်

နောက်ဆုံးတော့ ဆရာတော်ကြီးဟာ တရားပွဲပျက် မှာစိုးတဲ့အတွက်ကြောင့် ဆိုက်ကားတစ်စီးငှားပြီး တရားပွဲကို ကြွသွားတယ်။ ကြည့်စမ်း။ ဒေါသကိလေသာ ဘယ်လောက် ခေါင်းပါးလိုက်သလဲလို့။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကျတော့ တရား မထိုင်တာတစ်ခုတည်းကြည့်ပြီး ဘာမှ မဟုတ်လောက်ပါဘူး ဆိုပြီး သွားအထင်မသေးလိုက်နဲ့ ဒုက္ခရောက်သွားမယ်။

တရားပွဲနဲ့ နီးတဲ့နေရာလည်း ရောက်ရော အမှောင် ထဲမှာ ဆိုက်ကားကို ရပ်ခိုင်းပြီး ပလ္လင်ပေါ်တက် တရားဟော တော့တာပဲ။ မှောင်ထဲမှာ ရပ်ခိုင်းတာက ဆရာတော်ကြီး ဆိုက်ကားနဲ့ ကြွလာရတာပါလားလို့ သိရင် ပရိသတ်တွေ၊ တရားပွဲအကျိုးဆောင်တွေ စိတ်မကောင်းဖြစ်မှာ စိုးလို့တဲ့။ တခြား နာမည်ကြီး ဘုန်းကြီးတစ်ပါးပါးသာ ဖြစ်မယ်ဆိုရင် စိတ်ဆိုးပြီး တစ်ခါတည်း ပြန်ကြွသွားမှာ သေချာတယ်။

အခု နာမည်ကြီးနေတဲ့ ဓမ္မကထိက တစ်ပါး အဲ သလို ပြန်ကြွသွားဖူးတယ်။ တစ်ခါတော့ အဲဒီဆရာတော်ကို ရေဝတီတိုင်းဘက်က ပင့်တယ်။ မော်လမြိုင်ကျွန်းတို့၊ ဘို ကလေးတို့ကို သွားတဲ့သင်္ဘောတွေက နှစ်မျိုး ရှိတယ်။ အစိုးရ သင်္ဘောရယ်၊ ပုဂ္ဂလိကသင်္ဘောရယ်ပေါ့။ အစိုးရသင်္ဘော

http://www.dhammadownload.com



တွေမှာတော့ အိပ်ခန်းတွေ သပ်သပ်ရပ်ရပ်ပါတယ်။ ပုဂ္ဂလိက သင်္ဘောတွေမှာတော့ အိပ်ခန်းက အဖြစ်လောက်ပဲပါတယ်။ ဒီဆရာတော်ကို ပင့်ဖြစ်တဲ့သင်္ဘောတွေဟာ ပုဂ္ဂလိကသင်္ဘော ဖြစ်နေတယ်။ အဲဒါ ဟောမယ့်မြို့ရောက်ခါမှ ငါလို ဆရာတော် ကို ဒီလိုအခန်းမျိုးနဲ့ ပင့်ရမလားဆိုပြီး တစ်ခါတည်း တရား မဟောဘဲ ရန်ကုန်ကို ချက်ချင်း ပြန်သွားတယ်။

သန်း ။ ။ ဒီလောက်ပဲ ဒေါသကြီးသလား ဆရာတော်။ တရားပွဲ ကျင်းပတဲ့ သူတွေရော၊ လာနာတဲ့ ပရိသတ်တွေပါ ဘယ် လောက် စိတ်ဆင်းရဲသွားကြမလဲ မသိဘူး။

နုပ် ။ ။ ကဲ …. မင်းကွန်းဆရာတော်ကြီးအကြောင်း ပြန်ဆက်ရ အောင်။ တရားပွဲပြီးတဲ့အခါ ဆရာတော်ကြီးဟာ အမှောင် ထဲက ဆိုက်ကားနဲ့ပဲ မြစ်ဆိပ်ကို ပြန်ကြွသွားတယ်။ အကျိုး ဆောင်တွေရော၊ ပရိသတ်တွေရော ဆရာတော်ကို ကားနဲ့ ပဲ ကြွလာတယ်လို့ ထင်နေကြတာတဲ့။ ဒီဖြစ်ရပ်ကိုတောင် အတူနေ တပည့်တွေပြောလို့ သိကြရတာ။ တချို့သော စာ သင်တိုက်ဆရာတော်ကြီးတွေဟာ ရိပ်သာဖွင့်ပြီး တရား မပြ တာဘဲရှိတာ။ သူတို့ရဲ့ သန္တာန်ကျတော့ လောဘ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ စတဲ့ တရားဆိုးတွေ ကင်းနေတာကို တွေ့ ရတယ်။

## တရားမပြသော်လည်း တရားရှိသူ

ဆိုလိုတာကတော့ ရိပ်သာဖွင့်ပြီး တရားပြနေပေ မယ့် ကျော်ကြားမှုနဲ့ ပစ္စည်းလေးပါးကို လိုက်ရှာနေတဲ့ ဆရာ

http://www.dhammadownload.com



တော်များရှိသလို ရိပ်သာမဖွင့်ပေမယ့် တရားကို လက်တွေ့ရှာ နေတဲ့ဆရာတော်များလည်း ရှိတယ်ဆိုတာပဲ။ မြစ်ငယ်က မြို့ပြင်ကြီးဆရာတော်ဆိုတာ အပေါ်ယံကြည့်ရင်တော့ ပရိယတ္တိ ဆရာတော်ပဲ။ မြို့ပြင်ကြီး သဂြိုဟ် အဓိပ္ပာယ်ကောက်ကျမ်း ဆိုတာ အတော်နာမည်ကြီးတယ်။

နောင်တစ်ချိန်မှာ မစိုးရိမ်ကျောင်းတိုက် ဒကာကြီး ဖြစ်လာမယ့် ဦးသက်ရှည်က စီးပွားရေး အဆင်ပြေလာလို့ ကျောင်းလှူပါရစေလို့ သွားလျှောက်တဲ့အခါ ဆရာတော် ဆုံးမ တာလေး ပြန်ကြည့် ...

"မောင်သက်ရှည် အလှူဒါနပြုတဲ့အခါ ပုဂ္ဂိုလ် မျက်နှာကို မကြည့်နဲ့။ သာသနာမျက်နှာကိုကြည့်။ မင်းက ငါ့ကို ဆရာရင်းဆိုတဲ့စိတ်နဲ့ ကျောင်းလာဆောက်တာ။ ငါ့ဆီမှာ သံဃာမရှိဘူး။ မင်း ကျောင်းကြီးဆောက်ပြီး ဒီအတိုင်း ပစ်ထား ရုံပဲ။ မင်းအတွက် ကုသိုလ်တော့ရတယ်။ သာသနာအတွက် တော့ အကျိုးမရှိဘူး။ လှူပြီဆိုမှတော့ သာသနာအတွက် သို့မဟုတ် လောကအတွက် အကျိုး အရှိဆုံးနေရာကို ရွေးပြီး လှူရမယ်။

"မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက်မှာ စာချ စာသင် သံဃာတွေက တအားများနေတယ်။ နေရာက မလုံ လောက်ဘူး။ အဲဒီမှာ ကျောင်းသွားဆောက်ပါ။ ဒါဆိုရင် ကုသိုလ်လည်း ရတယ်။ သာသနာအတွက်လည်း တကယ် အကျိုးရှိတယ်"

http://www.dhammadownload.com



## လောဘကို နိုင်သူများ

(မှတ်ချက်)။ ဦးသက်ရှည်ကလည်း ဆရာ၏ စကားကို နားထောင်၏။ ဘုရားကြီးတိုက်မှာ နှစ်ထပ်ကျောင်း တစ်ကျောင်း သွားဆောက်ခဲ့သည်။ ယခုခေတ် ဆရာရော၊ ဒကာရော အတုယူစရာအချက်ကလေးပင် ဖြစ်၏။ မြို့ပြင်ကြီး ဆရာတော်သည် ပရိယတ္တိဆရာတော်တစ်ပါးပင် ဖြစ်၏။ သို့သော် မိမိအား လာလှူသောကျောင်းကို တခြားနေရာ သွားဆောက်ခိုင်းခြင်းမှာ လောဘကို နိုင်ထားသောကြောင့်ပင်ဖြစ်၏။ မနာလိုခြင်းနှင့် ဝန်တိုခြင်းတို့ ကင်းရှင်းနေသောကြောင့်ပင် ဖြစ်၏။

ထိုဆရာတော်မျိုးကား ရိပ်သာဖွင့်ပြီး တရားမပြသော်လည်း တရားပြနေသော ဆရာတော်များထက်ပင် ကြည်ညိုအပ်ပါ၏။ မင်းကွန်းတိပိဋကဆရာတော်ကြီးနှင့် မြောက်ဥက္ကလာရွှေဥမင်တောရဆရာတော်ကြီးတို့သည်လည်း မြို့ပြင်ကြီးဆရာတော်ကဲ့သို့ပင် မိမိထံသို့ လာလှူသောကျောင်းကို မလိုအပ်သည့်အတွက် လက်မခံဘဲ စာသင်တိုက်များသို့ သွားရောက်ဆောက်ခိုင်းကြသည်။ မင်းကွန်းဓမ္မနာဒတိုက်တွင် ဗန္ဓုလဦးဆိုင်က ကျောင်းဆောက်ဖို့ လာလျှောက်ရာ ဆရာတော်က မလိုအပ်သည့်အတွက် လက်မခံဘဲ မန္တလေးမြို့၊ ရွှေရေးဆောင် စာသင်တိုက်အလယ်တိုက်ကြီးကို ပြင်ဆောက်ခိုင်းခဲ့သည်။

ရွှေဥမင်တောရဆရာတော်ကြီးအား ဝန်ကြီးတစ်ဦး

http://www.dhammadownload.com



က မဖြစ်မနေ တစ်စုံတစ်ခု လှူချင်သည်ဟု လျှောက်ထားရာ ဆရာတော်က စာသင်တိုက် တစ်တိုက်တွင် ဆောက်လို့ မပြီး ဖြစ်နေသော ဆွမ်းစားကျောင်းကြီးကိုသာ သွားရောက်ဆောက် ခိုင်းခဲ့သည်။ ပထမ မစိုးရိမ်ဆရာတော်ကြီးသည် သက်တော် ကြီးရင့်တော်မူသောအခါ တိုက်တာကိစ္စအားလုံးကို တပည့်တို့ အား အပြီးအပိုင် လွှဲအပ်ပြီးလျှင် သင့်တော်သောနေရာတွင် တဲကျောင်း၊ လေးတစ်ကျောင်း ဆောက်ပြီး တရားနှင့် နေ တော်မူသည်။

ယခု မစိုးရိမ်တိုက်သစ် တည်ရှိသော နေရာမှာ ယခင်က တောကြီးဖြစ်သည်။ ဆရာတော်ကြီးသည် ထိုတော ကြီးထဲတွင် ကေစာရီတစ်ပါးတည်း သီတင်းသုံးပြီး တရား အားထုတ်ရန် ထွက်လာခြင်းဖြစ်သည်။ သို့သော် တရား အား ထုတ်နေသည့်ကြားက ဝါသနာကြီးလှသော စာဝါကို တစ်ဝါ နှစ်ဝါပို့ချနေရင်းပင် တိုက်တာ သံဃာတွေ တိုးတက်လာပြီး ယခုအချိန်ဆိုလျှင် စာချ စာသင်သံဃာတော်ပေါင်း သုံး ထောင် နီးပါး သီတင်းသုံးသည့် နာမည်ကြီးစာသင်တိုက်ကြီး ဖြစ်နေပေပြီ။

ကဲ ... နောက်အပတ်ကျရင်တော့ ပရိယတ္တိ ဆရာ တော်ကြီးတွေရဲ့ စာသိကို ခန္ဓာသိဖြစ်အောင် တင်ပြတဲ့ တရား ရှုကွက်လေးတွေကို ပြောပြမယ်။ သိပ်စိတ်ဝင်စားစရာ ကောင်း လွန်းလို့ပါ။

http://www.dhammadownload.com



## အနုသယကိလေသာမရှိဟူသော အယူအဆ

အနုသယကိလေသာ ရှိကြောင်း သုတ္တန် အဘိဓမ္မာပါဠိတော်တို့၌ အထင်အရှားဟောထားပါလျက် တချို့က အနုသယကိလေသာ ရယ်လို့ မရှိဘူး။ စိတ်စွဲလမ်းလို့ ကိလေသာတွေ ဖြစ်တာလို့ ဟောပြောနေကြသတဲ့။ အဲဒါကတော့ ဘုရားစကားကို မရိုမသေ ပြောတာပါပဲ။ စဉ်းစားကြပါ။ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေမှာ အဖို အမ ကိစ္စတွေနဲ့ စပ်ပြီး နှစ်သက်သာယာတဲ့ ကာမတဏှာ ထင်ရှားမဖြစ်သေးဘူး။ အဲဒါအကြောင်း မညီညွတ်သေးလို့ မဖြစ်သေးတာပဲ။ လုံးဝ ကင်းငြိမ်းနေတာတော့ မဟုတ်သေးဘူး။ အဲဒီ သူငယ်တွေရဲ့သန္တာန်မှာ အကြောင်းညီညွတ်တဲ့ အခါ ဖြစ်နိုင်ခွင့်ရှိသေးတာပဲ။

ဒါကြောင့် အရွယ်ရောက်လာတဲ့အခါကျတော့ မိန်းမယောကျ်ား အာရုံကို မြင်လျှင် မြင်ခြင်း၊ ကြားလျှင်ကြားခြင်း ရုတ်တရက် ကာမကိလေသာဖြစ်လာတာတွေ များစွာပင်ရှိနေတာပဲ။ အဲဒါဟာ စောစောက မြင်ဖူး ကြားဖူးလို့ စွဲလမ်းထားလို့ ဖြစ်တာမဟုတ်ဘူး။ ချက်ချင်းဖြစ်လာတာပဲ။ အဲဒီလိုဖြစ်တာဟာ အဲဒီကလေးသူငယ်များရဲ့ သန္တာန်မှာ ဖြစ်နိုင်ခွင့်ရှိတဲ့ အနုသယကိလေသာရှိနေလို့ပါပဲ။ နောက်ပြီးတော့ တချို့ပုဂ္ဂိုလ်မှာ ရတနာသုံးပါးကို ယုံမှားမရှိ ကြည်ညိုနေတယ်။ ဒါပေမဲ့ ဘာသာခြား တရားဟောဆရာတွေရဲ့ ဟောပြောချက်ကို ကြားရတဲ့အခါ ရတနာသုံးပါးနဲ့ စပ်ပြီး ယုံမှားမှု ဝိစိကိစ္ဆာဖြစ်တယ်။ တချို့ မိစ္ဆာဒိဋ္ဌိတောင် ဖြစ်သွားသေးတယ်။ အဲဒီဝိစိကိစ္ဆာနဲ့ ဒိဋ္ဌိဟာ စိတ်စွဲလို့ဖြစ်တာမဟုတ်ဘူး။ စောစော

http://www.dhammadownload.com



ကတည်းက အဲဒီပုဂ္ဂိုလ်များ သန္တာန်မှာ အရိယမဂ်ဖြင့် မပယ်ရသေးတဲ့အတွက် ဖြစ်နိုင်ခွင့်ရှိနေလို့ဖြစ်တာပဲ။ မြတ်စွာဘုရားလက်ထက်တော်က အရိယာပုဂ္ဂိုလ်တွေမှာ အဲဒီဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် ပယ်ပြီး ဖြစ်နေတဲ့အတွက် ဘယ်ဆရာက ဟောလို့မှ ယုံမှားမဖြစ်ဘူး။ ဒိဋ္ဌိလည်း မဖြစ်ဘူး။ အဲဒါဟာ အရိယမဂ်ဖြင့် သန္တာနာနုသယကို ပယ်ပြီးဖြစ်နေလို့ပါပဲ။

*(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်မှ)*

**သောတာပတ္တိမဂ်ဉာဏ် အညစ်အကြေးကင်းပုံ**

ဒီနေရာမှာ စဉ်းစားစရာရှိလာပြန်တယ်။ ဒီမြူအညစ်အကြေးတွေက ဓမ္မစက္ခုခေါ်တဲ့ မဂ်ဉာဏ်နှင့် မယှဉ်တာကို ကင်းတယ်လို့ဆိုလိုတာလား။ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မသိ မမြင်နိုင်အောင်၊ မနှောင့်ယှက်နိုင်တာကို ကင်းတယ်လို့ ဆိုလိုတာလားလို့ စဉ်းစားစရာ ရှိလာပြန်တယ်။ မဂ်ဉာဏ်ဆိုတာ ကိလေသာတို့နှင့် ယှဉ်စပ်ခြင်း လုံးဝ မရှိသောကြောင့် မယှဉ်တာကိုတော့ မဆိုလိုကြောင်း ထင်ရှားပါတယ်။ အဲဒီတော့ နိဗ္ဗာန်ကို မသိမမြင်နိုင်အောင် မနှောင့်ယှက်နိုင်တာကိုပင် ကိလေသာမြူကင်းတယ်။ ကိလေသာ အညစ်အကြေး ကင်းတယ်လို့ ယူဆဖို့ ရှိပါတယ်။

*(မဟာစည်ဆရာတော်၏ ဓမ္မစကြာတရားတော်မှ)*

*ကြာကြာထိုင်နိုင်သော ပုဂ္ဂိုလ်ထက်၊*
*ကြာကြာကိလေသာကင်းအောင် နေနိုင်သောပုဂ္ဂိုလ်က*

http://www.dhammadownload.com



*တရားမြန်မြန်ရမည်။*
*အသိတစ်ခုကို သိရ၍ ကိလေသာများ ပါးမည်*
*လျော့မည်၊ ကုန်ခမ်းမည်ဆိုလျှင် ထိုအသိသည်*
*အားကိုးထိုက်သော ပညာသိ၊ ခန္ဓာသိ၊ ပဋိစ္စ*
*သိတည်း။ အသိတစ်ခုကို သိရ၍ ကိလေသာများ*
*ပါးခြင်းလည်း မရှိ၊ လျော့ခြင်းလည်း မရှိ၊ ကုန်ခြင်း*
*လည်း မရှိလျှင် ထိုအသိသည် သံသရာအတွက် အားမ*
*ကိုးထိုက်သေးသော သညာသိ၊ စာသိ၊ ဗဟုသုတ*
*သိသာတည်း။ ဤကား သေချာသော တရားစစ်နည်းတည်း။*

အဆင်း၊ အသံ စသော အာရုံများသည် ပယ်သတ်ရမည့် တရားများ မဟုတ်။ မမြဲဟုလည်းကောင်း၊ ဆင်းရဲဟုလည်းကောင်း၊ အစိုးမရဟု လည်းကောင်း သိရုံသိပေးရမည့် ဒုက္ခသစ္စာသာ ဖြစ်၏။ ထိုအာရုံများကို အကြောင်းပြု၍ ဖြစ်ပေါ်လာမည့် နှစ်သက်သော လောဘနှင့် မနှစ်သက်သော ဒေါသ စသော ကိလေသာ ဆယ်ပါးသည်သာ ပယ်သတ်ရမည့် သမုဒယ သစ္စာဖြစ်သည်။ ထို့ကြောင့် အာရုံကို မကြောက်ပါနှင့်။ ကိလေသာ ဖြစ်မှာကိုသာ ကြောက်ပါ။

မေတ္တာရှင်(ရွှေပြည်သာ)

◆

http://www.dhammadownload.com



**သိမ်းဆည်းထားသောဥစ္စာတို့၏လားရာ**

ဤလောကဌ် များစွာကုန်သောလူတို့သည် ရရှိပြီးသော ပစ္စည်းဥစ္စာကို မောဟဖက်၍ မပေး မလှူရက်ကြကုန်။ လောဘတက်၍ ပစ္စည်းဥစ္စာ သိမ်းဆည်းစုဆောင်းမှုကိုသာ ပြုကြကုန်၏။ ကာမဂုဏ် တို့ကို တိုး၍ တိုး၍သာလျှင် တောင့်တကြကုန်၏။

လူအပေါင်းတို့သည် လိုချင်တပ်မက်မှုဖြင့်သာလျှင် သေခြင်းသို့ ရောက်ကြကုန်၏။ အလိုဆန္ဒပြည့်ဝသည်ဟူ၍ မရှိကြကုန်။ လောကဌ် ကာမဂုဏ်တို့ဖြင့် ရောင့်ရဲတင်းတိမ်မှု မရှိသည်သာတည်း။ အလိုဆန္ဒ မပြည့်ဝဘဲသာလျှင် သေကြရ၏။

ထိုသေဆုံးသူတို့အတွက် ကျန်ရစ်သူဆွေမျိုး၊ မိတ်သင်္ဂဟတို့ သည် ငိုကြွေးကြကုန်၏။ ပူဆွေးတမ်းတကြကုန်၏။ သေသူသည်ကား မိမိ၏ စည်းစိမ် ဥစ္စာဟူသမျှကို စွန့်ထားခဲ့၍ အဝတ်တစ်ထည်ဖြင့် သာလျှင် သုသာန်သို့ရောက်ရ၏။ မီးတိုက်ခံရ၏။ တံကျင်ဖြင့် ထိုးဆွ ခံရ၏။ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့သည် ထိုသေဆုံးသူ၏ မှီခိုအား ထားရာ ဖြစ်မလာကြကုန်။

ကျန်ရစ်သူ အမွေခံတို့သည် ထိုသေသူ၏ ပစ္စည်းဥစ္စာများကို ခွဲဝေယူဆောင်ကြကုန်၏။ သေသူမှာကား ကံအကြောင်းအားလျော်စွာ သာလျှင် လားရောက်ရပေ၏။ သားသမီးဇနီးခင်ပွန်းနှင့် ရွှေငွေ ဥစ္စာတို့ သည်လည်းကောင်း၊ စည်းစိမ်အာဏာ၊ ဘွဲ့ထူးဂုဏ်ထူးတို့သည်လည်း

http://www.dhammadownload.com



ကောင်း၊ သေသူနောက်သို့ မလိုက်ပါကြလေကုန်။

## အမြတ်ဆုံးပညာ

အသက်ရှင်ခြင်းကို ပစ္စည်းဥစ္စာဖြင့် ဝယ်၍မရနိုင်ပေ။ အိုမင်းရင့်ရော်ခြင်းကိုလည်း စည်းစိမ်ဥစ္စာရွှေငွေဖြင့် မပယ်ဖျောက် မပြောင်းလဲနိုင်ပေ။ ကြွယ်ဝသူတို့သည်လည်းကောင်း၊ ဆင်းရဲသူတို့သည် လည်းကောင်း၊ သေခြင်းကို တွေ့ရမည်သာတည်း။ ထို့အတူ သူမိုက်သည်လည်းကောင်း၊ ပညာရှိသည်လည်းကောင်း၊ သေခြင်းကို တွေ့ရမည်သာတည်း။

သူမိုက်သည်ကား မိုက်သည့်အပြစ်ကြောင့်သာလျှင် တုန်လှုပ်ချောက်ခြားကာ သေရ၏။ သေရာညောင်စောင်း အင်းပျဉ်၌ အိပ်စက်လဲလျောင်းရလေ၏။ ပညာရှိသည်ကား သေခြင်းအတွေ့ကို တွေ့ရသော်လည်း မတုန်လှုပ်ပေ။ ထို့ကြောင့် (ဝိပဿနာ)ပညာသာလျှင် ဥစ္စာထက် မြတ်၏။ ယင်းပညာဖြင့် ကိစ္စအားလုံးပြီးဆုံးရာ အရဟတ္တဖိုလ်ကို ရနိုင်၏။ မိုက်မဲတွေဝေသောသူတို့သည် ကိစ္စအားလုံး မပြီးဆုံးသေးသောကြောင့်သာလျှင် ဘဝကြီးငယ်တို့၌ မကောင်းသော ယုတ်မာမှု အကုသိုလ်ကိုပြုမိကြကုန်၏။ ထို့ကြောင့် ဘဝအဆက်ဆက် ကျင်လည်၍ အမိဝမ်းတိုက်သို့လည်းကောင်း၊ တမလွန်လောကသို့လည်းကောင်း ကပ်ရောက်ကြရကုန်၏။

သူတစ်ပါး၏ တိုက်တာ ခြံဝင်းသို့ ဝင်ရောက်ခိုးယူသော သူအားအစောင့်တို့သည် ဖမ်းဆီးတုပ်နှောင်၍ နှိပ်စက်ကုန်၏။ ထိုခိုးသူအားမိမိ၏ယုတ်မာသောခိုးယူမှုက ညှင်းဆဲနှိပ်စက်ခြင်းသာတည်း။ ထို့အတူ

http://www.dhammadownload.com



မကောင်းမှုအကုသိုလ်ပြုလုပ်သော သတ္တဝါအား တမလွန်လောက၌ မိမိပြုလုပ်ခဲ့သော ထိုအကုသိုလ်ကပင် ညှင်းဆဲနှိပ်စက်လေ၏။

## သစ်သီးကြီးငယ်၊ လူကြီးလူငယ်

မင်းကြီး ကာမဂုဏ်ငါးပါးတို့သည် ဆန်းကြယ်ထူးထွေကုန်၏။ မွေ့လျော်သာယာနာပျော်ဖွယ်ဖြစ်ကုန်၏။ အထူးထူးအပြားပြားသော အခြင်းအရာသဘောတို့ဖြင့် စိတ်ကို မွေ့နှောက်တတ်ကုန်၏။ ထိုကာမဂုဏ်တို့၌ အပြစ်ကို မြင်သောကြောင့် ငါသည် ရဟန်းပြု၏။

အို–မင်းကြီး သစ်သီးတို့သည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကြွေကျကုန်သည်သာတည်း။ ထိုနည်းတူပင် လူကြီးဖြစ်စေ၊ လူလတ်ဖြစ်စေ၊ လူငယ်ဖြစ်စေ သေကြရကုန်သည်သာတည်း။ ထိုအကြောင်း ထိုသဘောကို မြင်သောကြောင့်လည်း ငါသည် ဝင်္ဂဆင်းရဲမှ ထွက်မြောက်ရာ ရဟန်းအဖြစ်သို့ ကူးပြောင်းခဲ့ခြင်းပေတည်း။

*အရှင်ရဋ္ဌပါလ*

*(မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ရာဇဝဂ်၊ ရဋ္ဌပါလသုတ်)*

သန်း ။ ။ စာသင်တိုက်ဆရာတော်ကြီးတွေရဲ့ တရားရှုကွက်လေးတွေ ဆိုတာကို သိပ်စိတ်ဝင်စားတယ်ဘုရား ပြောပြပါတော့။

နုပ် ။ ။ ပထမဆုံး မစိုးရိမ်ဆရာတော်ကြီးဦးသုရိယအကြောင်း ပြောပြမယ်။ ဆရာတော်ကြီးဟာ မာနလည်းကင်းတယ်။ ဣဿာ မစ္ဆရိယလည်းကင်းတယ်။ ပုထုဇဉ်တစ်ယောက် အနေနဲ့ဆိုရင်တော့ ဒီတရားဆိုးတွေဟာ အနုသယအနေနဲ့ ရှိနေတာပဲ။

http://www.dhammadownload.com



ဒါပေမဲ့ သတိ၊ သမာဓိ၊ ပညာနဲ့ ထိန်းကွပ်ထားတော့ စိတ်သန္တာန်မှာ ဖြစ်ပေါ်ခွင့်မရတော့ဘူးပေါ့။ ဘဝအဆက်ဆက်က ကပ်ပါလာတဲ့မာနဟာ သိပ်ကြောက်စရာကောင်းတယ်။

နိုင်ငံကျော်တွေ၊ ကမ္ဘာကျော်တွေကို ဘယ်လောက်အထင်ကြီးတယ်၊ စိတ်ဝင်စားတယ်ပြောပြော၊ ကိုယ့်ကိုယ်ကို လောက်အထင်မကြီးပါဘူး။ စိတ်မဝင်စားပါဘူး။ ဒီအချက်နဲ့ ပတ်သက်ပြီး စိတ်ပညာကျမ်းတစ်ကျမ်းမှာ သာဓကတစ်ခု ထုတ်ပြတယ်။ အခန်းတစ်ခန်းထဲမှာ နိုင်ငံကျော်တွေ၊ ကမ္ဘာကျော်တွေ အကြောင်းနဲ့ မင်းအကြောင်းကို အတ္ထုပ္ပတ္တိစာအုပ် ရေးပြီး စီချထားတယ်။ ကဲ ... မင်း စိတ်ထဲရှိတဲ့အတိုင်းဖြေ ... သန်းလင်းအောင်ရဲ့ အတ္ထုပ္ပတ္တိအပါအဝင် အခြားအတ္ထုပ္ပတ္တိ အများကြီးထဲမှာ ဘယ်စာအုပ်ကို အရင်ယူဖတ်မလဲ။

သန်း ။ ။ တပည့်တော်အကြောင်း ရေးထားတဲ့ စာအုပ်ပဲ အရင်ဖတ်မှာပါ ဘုရား။

နုပ် ။ ။ ဒါ အမှန်ပဲ။ ကမ္ဘာကျော်ဗေဒင်ဆရာတစ်ယောက်ဆီမှာ ဗေဒင်မေးခွင့် ရှားရှားပါးပါး တစ်ခါလောက်ရမယ်ဆိုရင် မင်းအကြောင်းကို မေးမှာလား။ တခြားကမ္ဘာကျော် သို့မဟုတ် နိုင်ငံကျော်တစ်ယောက်ယောက်အကြောင်းကို မေးမှာလား။

သန်း ။ ။ ကိုယ့်အကြောင်းကိုပဲ မေးမှာပါဘုရား။

နုပ် ။ ။ အေး ... အဲဒါ မာနကိုလေသာရဲ့ စေစားချက်တွေပဲ။ ဩဝါဒထူး ပျို့ထဲမှာ အမျက်ဒေါသ ၁၄ မျိုးအကြောင်းကို

http://www.dhammadownload.com



ဖွဲ့ထားတယ်။ အဲဒီဒေါသဟာ မာနကြောင့် ဖြစ်လာတယ်ဆိုတာ သေချာဖတ်ကြည့်ရင် ပေါ်တယ်။ အဲဒီ ၁၄ ပါးက–

### အမျက်ကြီးရာ ဆယ့်လေးဖြာကား

* ချမ်းသာရိပ်ငြိမ်၊ နန်းစည်းစိမ်နှင့်
ရန်နိမ်ကိုးပါး၊ မိုးကြိုးသွားကြောင့်
သိကြားအမျက်၊ ဟူးဟူးထွက်၏။

* အောက်ထက်ဆန့်စုန်၊ တောင်ပံဟုန်ကြောင့်
ဂဠုန်အမျက်၊ ဟူးဟူးထွက်၏။

* စက်ယန္တယား၊ ခိုးလှုံများကြောင့်
နဂါးအမျက်၊ ဟူးဟူးထွက်၏။

* ရန်ဘက်ပျောက်ပေ၊ ဟောက်တတ်လေကြောင့်
ခြင်္သေ့အမျက်၊ ဟူးဟူးထွက်၏။

* လက်နက်ဆင်မြန်း၊ ဗိုလ်သင်းပင်းကြောင့်
မင်းတို့အမျက်၊ ဟူးဟူးထွက်၏။

* အောက်ထက်ကျွန်ကျေး၊ ရွှေ ငွေ ကြေးကြောင့်
သူဌေးအမျက်၊ ဟူးဟူးထွက်၏။

* မောင့်လက်ခတ်တီး၊ အားအင်ကြီးရှိ
ထီးကာပွနား၊ ဆင်းရဲသားတို့
မာန်အားအမျက်၊ ဟူးဟူးထွက်၏။

* မခက်ခဲတွန်၊ အမှုန်ရှိ၍
ကျေးကျွန်အမျက်၊ ဟူးဟူးထွက်၏။

http://www.dhammadownload.com



* ညလာ်စက်နှံဝန်း၊ ကျွမ်းဂန်ပွန်း၍
ရဟန်းအမျက်၊ ဟူးဟူးထွက်ချေ။
* ရမ္မက်ကြီးမား လောဘအားကြောင့်
မင်းသားအမျက်၊ ဟူးဟူးထွက်ချေ။
* မ-ခက် ဒေါသ၊ ဆင်းရှုပ်ကြောင့်၊
မိန်းမအမျက်၊ ဟူးဟူးထွက်ချေ။
* ဘုန်းလက်ရုံးအား ကောင်းမြောက်များ၍၊
ယောကျာ်းအမျက်၊ ဟူးဟူးထွက်ချေ။
* လိုက်ဖက်သေးဝါ မန္တရားကြောင့်
သမားအမျက်၊ ဟူးဟူးထွက်ချေ။
* လေ့ကျက်နှံ့ပြား ဗေဒင်အားကြောင့်
ပုဏ္ဏားအမျက်၊ ဟူးဟူးထွက်ချေ။
စဉ်ဆက်မှတ်သား ဆယ့်လေးပါးသည်။
တရားမရ မျက်ဒေါသ။ (သြဝါဒထူးပျို့)

ဒီသြဝါဒထူးပျို့ကို လေ့လာကြည့်လိုက်ရင် မာနနဲ့ ဒေါသဟာ အဆင့်တိုင်း၊ နေရာတိုင်းမှာ ရှိနေတာတွေ့ရမယ်။ ဒီကိလေသာတွေက အကြောင်းတိုက်ဆိုင်မှ ပေါ်တာ။ ပေါ်ခွင့်ကြုံတဲ့အချိန်မှာ မပေါ်အောင် သတိထားနိုင်တာဟာ တရားကျင့်တာပါပဲ။ ဒုတိယကမ္ဘာစစ်အတွင်း မန္တလေးမြို့ကို ဗုံးတွေတအားကြဲတော့ လူတွေရော၊ ရဟန်းတွေရော စစ်ကိုင်းတောင်ကို ပြေးကြတယ်။

ဒီအချိန်က ရှားပင်ချောင် သီလရှင်စာသင်တိုက်မှာ

http://www.dhammadownload.com



ပဋ္ဌမကျော်၊ ဦးပညိန္ဒလူထွက် ဆရာကြီးဦးလွန်းက သီလရှင်တွေကို ပဌာန်းစာဝါပို့ချပေးတယ်။ စစ်ကိုင်းတောင်မှာက စာသင်တိုက်တို့၊ ရိပ်သာတို့ ဆိုတဲ့ အသုံးအနှုန်းမျိုး မသုံးဘူး။ ချောင်ဆိုတဲ့ အသုံးအနှုန်းမျိုးကိုပဲ သုံးတယ်။ မစိုးရိမ်ဆရာတော်ဟာ ပဌာန်းကို အလွန်ဝါသနာပါတယ်။

ပဌာန်းစာဝါကို နည်းသစ်ထွင်ပြီး ပို့ချတာ အလွန်အောင်မြင်တယ်။ သက်တော်ကိုးဆယ်အရွယ် ရောက်တာတောင် ဆရာဖြစ်ပဌာန်းဆိုပြီး ကျောင်းထိုင်ဆရာတော်တွေ၊ စာချဆရာတော်ကြီးတွေကို ခေါ်ပြီး ပို့ချပေးသေးတယ်။ စာချကလည်း အဲသလောက်ကို ဝါသနာပါတယ်။ အခုနိုင်ငံတော်က ပထမကြီးတန်းအတွက် ထုတ်ဝေထားတဲ့ ပဌာန်းအရကောက်ကျမ်း စီစဉ်တဲ့နေရာမှာ မစိုးရိမ်ဆရာတော်ကြီးက အဓိကနေရာက ပါပါတယ်။

စစ်ကိုင်းချောင်မှာ ဆရာတော်ပဌာန်းပို့ချတာကို ရွာပင်ချောင်က သီလရှင်တွေက သိပ်သဘောကျတယ်။ ဒါကြောင့် ဆရာတော်ကို တွေ့တဲ့အခါ သီလရှင်တွေက အခုလိုလျှောက်တယ်။

## မာနကို ချချသော ဆရာတော်

"တပည့်တော်များ ဆရာလွန်းဆီ ပဌာန်းတက်တုန်းက သည်လောက်နားမလည်ဘူးဘုရား။ အခု ဆရာတော်ဆီတက်ရမှ ပိုပြီး နားရှင်းသွားတယ်"တဲ့။

မာနကြီးချင်တဲ့သူဆိုရင် ဘဝင်မြင့်စရာပေါ့။ ဆရာတော်ကြီး

http://www.dhammadownload.com



ကတော့ မာနကိလေသာကို ဖြစ်ခွင့်ကို မပေးဘူး။ ကြည့် ဆရာတော်ကြီးပြန်ပြောတာလေး။

*"လက်ဖက်ရည်ကြမ်းတစ်ခွက်နဲ့ ရောဂါပျောက်တာမျိုး ပေါ့။ ရွာတစ်ရွာမှာ နာတာရှည်ရောဂါစွဲကပ်နေတဲ့ လူနာ တစ်ယောက်ရှိသတဲ့။ နယ်စုံက ဆေးသမားအကျော်တွေ ပင့်ပြီး ဆေးကုသော်လည်း ဘယ်ဆေးဆရာရဲ့ ဆေးနဲ့မှ သူ့ ရောဂါက မပျောက်ဘူးတဲ့။ ဆေးဆရာတွေက တကယ့် အစွမ်းထက်ပေ့ဆိုတဲ့ ဆေးတွေချည်း တိုက်ကြတာပဲ။*

*"ဒါပေမဲ့ မသက်သာဘူးလို့ ထင်နေတယ်တဲ့။ တစ်နေ့က မြို့က နာမည်ကြီးနေတဲ့ ဆရာတစ်ယောက်နဲ့ ဆေးကု ပြန် ရောတဲ့။ အဲဒီဆရာက ကံစပ်လို့သာ နာမည်ကြီးနေတာ။ ဘာဆေးမှ မဖော်တတ်ဘူး။ လျှက်ဆား တစ်ဖုံတောင် သူ့ နည်းနဲ့သူ ဖြစ်အောင် ဖော်တတ်တာ မဟုတ်ဘူးတဲ့။*

*"အဲဒီဆရာက နာတာရှည် ရောဂါသည်ကို ဖြစ်ပုံ အကြောင်း မေးမြန်းပြီး လက်ဖက်ရည်ကြမ်းတစ်ခွက် ဆား နည်းနည်းထည့်တိုက်သတဲ့။ ဘာဆေးမှ ဖော်တတ်တာမှ မဟုတ်ဘဲ၊ လက်ဖက်ရည်ကြမ်းပဲ တိုက်ရမှာပေါ့။ နောက်ရက် ကျတော့ ရောဂါသည်ဟာ ရောဂါအတော် သက်သာသွား သတဲ့။ ဒီလိုနဲ့ လက်ဖက်ရည်ချည်း ဆက်တိုက်တာ သုံးရက် တိုက်မိတော့ ရောဂါပျောက်ရောတဲ့။*

*"တကယ်ရောဂါပျောက်တာကတော့ ရှေးက ဆေး သမားတွေရဲ့ အစွမ်းထက်တဲ့ ဆေးတွေကြောင့် ပျောက်တာ*

http://www.dhammadownload.com



*ပဲ။ ဒါပေမဲ့ မြို့က ဆရာက နာမည်ရချင်တော့ လက်ဖက်ရည်ကြမ်းတိုက်တာနဲ့ နာမည်ရသွားတယ်။ အခုလည်း နင်တို့ဆရာကြီးဦးလွန်းဆီ တက်ပြီးကတည်းက ပဒ္ဒာန်းကို နားလည်ပြီးသွားပါ။ ငါက လက်ဖက်ရည်ကြမ်း တစ်ခွက်နဲ့ အချောင်နာမည် ရတာဟ'' ... တဲ့။*

သန်း ။ ။ အံ့သြစရာပါပဲ ဆရာတော်။ မာနမတက်တဲ့အပြင် ကိုယ့်ကိုယ်ကိုတောင် နှိမ့်ချလိုက်သေးတယ် ဘုရား။

နုပ် ။ ။ မန်လည်ဆရာတော်ကြီးက မဃဒေဝမှာ

*ညီရင်း နောင်ရင်း၊ နွယ်မကင်းသား၊*
*သားချင်းမျိုးဖော်၊ အကျော်ထင်ရှား၊*
*ဆွေတော်များကို၊ တရားမပျက်၊*
*မေတ္တာဆက်၍၊ မဖျက်ဆီးမှု၊*
*ချီးမြှောက်ပြုလော၊ သူ့ကို ချီးမြှောက်၊*
*ကိုယ့်ဂုဏ်မြှောက်၏။ ယှင်းဖောက်အလို၊*
*ဝန်မတိုနှင့်၊ သူ့ကို ဂုဏ်နှိမ့်၊*
*ကိုယ့်ဂုဏ်နှိမ့်၏။*

လို့ စပ်ဆိုထားတယ်။ မစိုးရိမ်ဆရာတော်ကြီးဟာ သူတစ်ပါးရဲ့ ဂုဏ်ကို မြှင့်တင်ခဲ့လို့ ဆရာတော်ကြီးရဲ့ ဂုဏ်ဟာလည်း အခုအချိန်ထိ မြင့်တက်နေတာပေါ့။ ရဟန္တာတွေ ခံစားရတဲ့ နိဗ္ဗာန်ကို တတိယနိဗ္ဗာန်လို့ ခေါ်ကြောင်း လယ်တီဆရာတော်ကြီးက အနတ္တဒီပနီကျမ်းသစ်မှာ ရေးထားတယ်။ ဒီအကြောင်းအကျယ်ကိုတော့ နိရောဓ သစ္စာခန်းကျတော့

http://www.dhammadownload.com



ရေးမှာပါ။

၃၁–ဘုံမှာ ခန္ဓာရော၊ ကိလေသာရော အကုန်ချုပ်သွားတာကို တတိယနိဗ္ဗာန်လို့ ခေါ်လိုက်တာပါပဲ။ ဒီနိဗ္ဗာန်မျိုးကို ပုထုဇဉ်တွေက ဆုတောင်းထဲပါလို့သာ ဝတ္တရားအရ တောင်းနေတာ တကယ်လိုချင်တာ မဟုတ်ဘူး။ ဒီလို ပုဂ္ဂိုလ်တွေကို လိုချင်စိတ်ကလေး ပေါ်လာအောင် မစိုးရိမ် ဆရာတော်က လက်တွေ့ဖြစ်ရပ်နဲ့ယှဉ်ပြီး ဩဝါဒပေးဖူးတယ်။

သန်း ။ ။ စိတ်ဝင်စားစရာပဲ။ အမိန့်ရှိပါဦး ဘုရား။

နုပ် ။ ။ ဦးတော၊ ဒေါ်နိုင်တို့ဆိုတာ ဆရာတော်နဲ့ စစ်ကိုင်းမှာ စစ်ဘေး ခိုလှုံစဉ်ကတည်းက ဆရာဒကာဖြစ်လာကြတာ။ မစိုးရိမ်တိုက်သစ်ဖြစ်လာမယ့် တောထဲမှာ ဆရာတော် တောရဆောက်တည်တော့လည်း ဓမ္မဒါယာဒ ဆိုတဲ့ အမည်နဲ့ ပထမဆုံးတိုက်ကျောင်းကြီးကို ဆောက်လှူကြတာလည်း အခုပြောနေတဲ့ ဦးတော ဒေါ်နိုင်တို့ပဲပေါ့။ သူတို့ဟာ နောင်ဘယ်လောက်သဒ္ဓါကောင်းသလဲဆိုရင် သူတို့ လက်ရှိနေတဲ့ တိုက်ကိုတောင် ဆရာတော်ထံ ရေစက်ချပြီး လှူထားတယ်။

<u>ဘဝဇာတ်မသိမ်းခြင်း၏အဓိကအကြောင်း</u>

သူတို့သေတာနဲ့ ကျောင်းပိုင်ဖြစ်သွားပြီဆိုတဲ့ သဘောပဲ။ မင်းတို့ ငါတို့ရဲ့ စိတ်ထဲမှာ ကိုယ့်အတွက် လိုချင်တဲ့ လောဘနဲ့ သူတစ်ပါးကို ပေးချင်တဲ့ အလောဘတို့ဟာ အမြဲတန်းတိုက်ပွဲဖြစ်နေတယ်။ သံသရာအစကနေ အခု အချိန်ထိပေါ့။ ဘယ်သူကပဲ နိုင်သွားသလဲဆိုရင် လောဘ ကချည်းနိုင်

http://www.dhammadownload.com



သွားတယ်။ အဇ္ဈတ္တတိုက်ပွဲမှာ လောဘကချည်း နိုင်သွားတဲ့ အတွက် တို့တွေ ပေးဆပ်ရတာကတော့ ဂဂ်ါဝါဠုသဲစုမက ဘုရားတွေ အဆူဆူ ပွင့်သွားပြီ။ တို့တွေ အခုအချိန်ထိ ဘဝဇာတ်မသိမ်းရသေးတာပဲ။

ဦးတောနဲ့ ဒေါ်နိုင်တို့ဟာ အဲဒီလောဘကို အလောဘ ဓာတ်နဲ့ အနိုင်ယူနိုင်ခဲ့တဲ့ တကယ့်သူတော်ကောင်း လင်မယား ပဲ။ လူတစ်ရာမှာ ဆိုရင် လှူရတာကို ပျော်တာ တစ်ယောက် လောက်ပဲ ရှိတယ်။ ကျန်တဲ့ ၉၉ ယောက်ကတော့ သူတစ်ပါး ဆီက ယူရတာကိုပဲ ပျော်ကြတယ်။ ဒါ့ကြောင့်လည်း ချမ်းသာ တဲ့လူက လူတစ်ရာမှာ တစ်ယောက်လောက်ပဲ ရှိတာပေါ့။ ယူရတာကို ပျော်ကြတဲ့ ၉၉ ယောက်က လူဆင်းရဲတွေဖြစ်လာ ကြတာပဲ။

## နိဗ္ဗာန်ကို လိုချင်အောင် ဟောသူ

တစ်ခါတော့ စစ်ကိုင်းတောင်ရိုး စစ်ဘေးခိုလှုံရင်း ကိုတောနဲ့ မနိုင်တို့က မစိုးရိမ်ဆရာတော်ဆီ သရက်သီးတွေ လာလှူကြတယ်။ ဆရာတော်က နိဗ္ဗာန်ရရပါလို၏လို့ ဆု တောင်းကြဖို့ တရားဟောတယ်။ မနိုင်က အသက် ငယ်ရွယ် သေးတော့ နိဗ္ဗာန် မလိုချင်သေးဘူး။ ဒါ့ကြောင့် မနိုင်က အခုလို လျှောက်တယ်။

"တပည့်တော် နိဗ္ဗာန်မလိုချင်သေးဘူး ဘုရား"

"ဟဲ့ ... ဘာဖြစ်လို့ နိဗ္ဗာန်ကို မလိုချင်ရတာတုန်း"

"နိဗ္ဗာန်မှာ ရုပ်မရှိ၊ နာမ်မရှိ ဆိုတော့ ဘာမှာမှ မရှိဘဲ

http://www.dhammadownload.com



တပည့်တော်မ မလိုချင်ပါဘူး''

''ဘာမှ မရှိတာ ကောင်းတာပေါ့ဟဲ့''

''ဘာမှမရှိတာ ဘယ်လိုလုပ်ကောင်းမှာတုန်း ဆရာတော်''

အဲဒီလိုလျှောက်နေတုန်း ဖုံးကြဲလေယာဉ်ပျံတွေ ဖုံးလာကြလို့ ဖုံးခိုကျင်း အသီးသီးကိုသွားပြီး အပြေးအလွှား ဖုံးခိုကြရတယ်။ ဖုံးကြဲလေယာဉ်ပျံတွေ ပြန်သွားတော့ ကျောင်းပေါ်မှာ လူပြန်စုမိကြတယ်။ အဲဒီမှာ ဆရာတော်က လက်တွေ့နိဗ္ဗာန်ချမ်းသာကို မြင်အောင်ပြောပေးတာ ကြည့်။

''မိနိုင် ... နင် ခုနက ဘယ်သွားပုန်းနေတုန်း''

''တောင်ဘက်က ဖုံးခိုကျင်းထဲမှာ ဘုရား''

''ဘာဖြစ်လို့ ပုန်းတာတုန်း''

''ဖုံးကြဲလေယာဉ်ပျံတွေလာတော့ ဖုံးကြဲမှာ ကြောက်လို့ပေါ့ဘုရား''

''ဖုံးကြဲလေယာဉ်ပျံ ရှိတာနဲ့ မရှိတာ ဘယ်ဟာကောင်းသတုန်း''

''မရှိတာက ကောင်းတာပေါ့ဘုရား''

''အဲသလိုပေါ့။ ဖုံးကြဲလေယာဉ်ပျံရှိတော့ ဖုံးကြဲမှာ ကြောက်ရတယ်။ မရှိတော့ ကြောက်စရာမလိုဘူး။ ရုပ်နာမ်ရှိနေတော့ ဒုက္ခခံရမှာ ကြောက်ရတယ်။ နိဗ္ဗာန်မှာ ရုပ်နာမ် မရှိတော့ ဘာဒုက္ခကိုမှ ကြောက်စရာမရှိဘူး။ ဒုက္ခအားလုံး အကုန်ငြိမ်းတယ်။ ကဲ .. နင် နိဗ္ဗာန်မလိုချင်သေးဘူးလား''

''ဒီလိုဆိုတော့လည်း လိုချင်ဖို့ကောင်းသားပဲ ဘုရား''

http://www.dhammadownload.com



"အေး ... ဆုတောင်း"

လို့ ဆရာတော်ကြီးက ပြောတယ်။ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်မှန်သမျှဟာ ကိလေသာကို ပယ်သတ်ဖို့ချည်းပဲ။ အဘိဓမ္မာတရားတော်ဆိုတာ ကိလေသာကိုအသေးစိတ်ထိ ပယ်သတ်နိုင်အောင် ဟောကြားထားတာပဲ။ ဆရာတော်က အဘိဓမ္မာသင်ပေးတဲ့အခါ သင်တန်းသားတွေ လက်တွေ့အသုံးချတတ်အောင်ပါ သင်ပေးလေ့ရှိတယ်။

တစ်ခါတော့ ဆရာတော်ဟာ ဆဋ္ဌသင်္ဂါယနာတင်ချိန် ရန်ကုန်မှာ သီတင်းသုံးရင်း ရန်ကုန်တက္ကသိုလ် ကထိက ဦးလှမောင် ဦးဆောင်တဲ့ ဒကာအတော်များများကို အဘိဓမ္မာ ပို့ချပေးတယ်။ တစ်ရက် ဆရာတော်က စာပေပို့ချရင်း

<u>ဆားငန်ခြင်းအတွက် အပြစ်ရှိသူ</u>

"မင်းတို့ ထမင်းပွဲမှာ ဟင်းတစ်ခွက် ဆားငန်နေလျှင် အဘိဓမ္မာသဘောအရ ဘယ်သူ့ကို အပြစ်တင်မလဲလို့ မေး လိုက်တယ်။ ဦးလှမောင်က ...

"ထမင်းချက်တဲ့ အိမ်ရှင်မက ဆား မဖြည်းဘဲ မဆင်မခြင် ထည့်တာမို့ အိမ်ရှင်မကို အပြစ်တင်ရမှာပါလို့"

ပြန်လျှောက်တယ်။ ဒီတော့မှ ဆရာတော်က ...

"ဆားငန်တဲ့ အရသာကို သိတဲ့စိတ်က ဘယ်စိတ်လဲကွ"

"ဇိဝှါဝိညာဏ်စိတ်ပါ ဘုရား"

"ကုသလဝိပါက် ဇိဝှါဝိညာဏ်လား၊ အကုသလဝိပါက် ဇိဝှါဝိညာဏ်လား"

http://www.dhammadownload.com



"အကုသလဝိပါက်ပါဘုရား"

"အကုသလဝိပါက် ဆိုတာ ကုသိုလ်အကျိုးလား၊ အကုသိုလ်အကျိုးလား"

"အကုသိုလ်အကျိုးပါ ဘုရား"

"ဒါဖြင့် ဟင်းချက်တဲ့ အိမ်ရှင်မနဲ့ မဆိုင်ပါဘူးကွ။ ကိုယ့်အကုသိုလ်က ကိုယ့်ကိုပြန်အကျိုးပေးတာပါ" ဒီ အခါကျ တော့မှ ဦးလှမောင်တို့ သဘောပေါက်သွားပြီး ဆားငန်လျှင် မယားကို ရန်မတွေ့တော့ပါဘုရား လို့ လျှောက်ကြတယ်။

စံကင်းဆရာတော်ကြီးဆိုတာ ပရိယတ္တိဆရာတော် ကြီးတစ်ပါးပါပဲ။ ကျောင်းသားငယ်၊ ကိုရင်ငယ်တွေကို စိတ် ရှည်ရှည်နဲ့ မွေးမြူပြီး သူတော်ကောင်းဖြစ်အောင် လုပ်ပေး ခဲ့သူပါ။ တစ်ခါတော့ ကျောင်းသားငယ် တစ်ယောက်က သူ့ခြေထောက်ကို သေးပန်းခံရကြောင်း လာလျှောက်တယ်။ ပန်းမိတဲ့ကျောင်းသားကလည်း မတော်တဆဖြစ်ရကြောင်း ရှင်းပြတယ်။ ကြည့် ဆရာတော်က ဝိပဿနာသဘောလေးနဲ့ ကလေးတွေကို ဆုံးမသွားတာ။

"တို့ မေးပါဦးမယ်။ မင်းဖြေပေါ့။ မကျေနပ်ရင်လည်း သူ့ကို ဒဏ်ပေးရတာပေါ့။ အဲဒီသေးဟာ ရုပ်လား၊ နာမ်လား"

"ရုပ်တရားပါ ဘုရား"

"မင်း ခြေထောက်ကရော"

"ရုပ်ပါဘုရား"

"ရုပ်ရုပ်ချင်းထိတာ မဟုတ်လား၊ ဒါရွံစရာလား"

http://www.dhammadownload.com



"ရွှံ့စရာမဟုတ်ပါ၊ ကျေနပ်ပါပြီဘုရား"

"အေး ... ရုပ်ရုပ်ချင်းထိတာ ဘာမှအပြစ်မရှိဘူး။ ဒါကို အကြောင်းပြုပြီး ပေါ်လာတဲ့နာမ်က နှလုံးမသွင်းတတ်ရင် အပြစ်ဖြစ်တတ်တယ်။ စိတ်ဆိုးတယ်ဆိုတာ ဒါပဲ"တဲ့။

သန်း ။ ။ ကောင်းလိုက်တာ ဆရာတော်။ ကလေးတွေ ဆုံးမတာဆိုပေမယ့် တပည့်တော်တို့ လူကြီးတွေအတွက်ပါ အသုံးတည့်ပါတယ် ဘုရား။

နုပ် ။ ။ ငါ့မိတ်ဆွေ ရဟန်းတစ်ပါးရဲ့ ဆေးလိပ်ဖြတ်ပုံလေးဟာ ဝိပဿနာသဘောလေးပါနေလို့ မင်းကို ပြောပြချင်တယ်။ သူဟာ တစ်ချိန်က ငါတို့နဲ့မစိုးရိမ်တိုက်သစ်မှာ စာသင်ဖက်ပေါ့။ အခုတော့ မန္တလေးမြို့၊ ချမ်းအေးသာဇံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ဓမ္မရက္ခိတကျောင်းမှာ ကျောင်းထိုင်နေတယ်။ သူ့ဘွဲ့အရင်းက အရှင်အဂ္ဂဓမ္မတဲ့။ စာရေးတဲ့ ကလောင်အမည်ကတော့ မင်းသိက္ခာ(ကန်ကောက်)တဲ့။

သူဟာ လုံးချင်းစာအုပ် သုံးအုပ် ထုတ်ပြီးပြီ။ သူ့ဆေးလိပ်ဖြတ်ပုံအကြောင်းကို ရေးထားတာက တတိယမြောက်စာအုပ်မှာပဲ စာအုပ်နာမည်က 'ဘယ်ကောင် ဆာတာလဲနှင့် ဓမ္မစာစုများ'တဲ့။ သူဟာ အတွေးအခေါ် အလွန်ကောင်းတယ်။ ဒီ့ထက် စာဖတ်အားကောင်းလာမယ်ဆိုရင် သူ့ရဲ့စာတွေလည်း ဒီ့ထက် ပိုကောင်းလာမှာပါ။ သူ ဆေးလိပ်ဖြတ်တဲ့ဆောင်းပါးနာမည်ကိုက ဘယ်ကောင်ဆာတာလဲတဲ့။ လေ့လာကြည့်ရအောင်။

http://www.dhammadownload.com



## ဘယ်ကောင်ဆာတာလဲ

"ဦးပဥ္စင်းဝလှချည်လား၊ မတွေ့ရတာလည်း ကြာပြီနော်"

"ဟုတ်တယ်၊ ဦးဇင်းလည်း ဝလာလို့ ကျန်းမာရေး ဂရုစိုက်ရတယ်။ ဦးဇင်းက လေဖြတ်ဖူးတယ်လေ"

"ဘာကြောင့် ဝလာတယ်လို့များထင်လဲ။ ဦးဇင်း သတိထားမိတယ် ဆိုရင်ပေါ့ဘုရား"

"ဦးဇင်း သတိပြုမိသလို ရှိတာကတော့ ဆေးလိပ် ဖြတ်လိုက်ရာက စပြီး ဝလာတယ်လို့ ထင်တာပဲ"

"ဩော် ဟုတ်တယ်၊ ဦးဇင်းငယ်ငယ်က ဆေးလိပ်သောက်တယ်နော်။ တပည့်တော် မှတ်မိပြီ"

"ဟုတ်တယ်။ ဦးဇင်း အသက် (၇)နှစ်ကတည်းက ဆေးလိပ်စသောက်တာပဲ"

"ဦးဇင်း ဆေးလိပ်စသောက်တာ အသက် (၇)နှစ် ဆိုတော့ တော်တော်ငယ်သေးတာပဲ။ ဘယ်လိုကစပြီး ဆေးလိပ်သောက်တတ်သွားတာလို့ မှတ်မိလဲ"

"ဦးဇင်း ကျောင်းသားဘဝတုန်းက ဦးဇင်းနဲ့ ဦးလေး တော်စပ်တဲ့ ဦးကုမာရဆိုတဲ့ ဦးဇင်းတစ်ပါးနဲ့ အတူနေခဲ့ရတယ်။ အဲဒီ ဦးကုမာရက ဆေးလိပ်သောက်တယ်။ ဦးကုမာရက ဆေးလိပ်သောက်ပေမယ့် မီးခြစ်ဆောင်ထားလေ့မရှိဘူး။ သူ ဆေးလိပ်သောက်ချင်ရင် ဦးဇင်းကို ဆေးလိပ်မီးညှိခိုင်းလေ့ရှိတယ်။ ဦးဇင်းတို့ကျောင်းမှာ ကျောင်းနဲ့ မီးတင်းကုပ် (မီးဖိုချောင်)နဲ့က ဝါးသုံးပြန်ခန့်လောက်ဝေးတယ်"

http://www.dhammadownload.com



"အဲဒီအခါမှာ မီးတင်းကုပ်ထဲမှာ ဆေးလိပ် မီးညှိပြီး ကျောင်းအောက်မရောက်ခင် မီးသေမသွားအောင် ဆေးလိပ်ကို ဦးဇင်းက ဖွာသွားရတယ်။ အဲဒီလို ဆေးလိပ်ကို မီးမသေအောင် ဖွာရာကနေ ဆေးလိပ်မီးခိုးနံ့နဲ့ ယဉ်ပါးပြီး ဦးဇင်း အသက်(၇)နှစ်အရွယ် ကျောင်းသားဘဝမှာကတည်းက ဆေးလိပ်သောက်တတ်တာကို မှတ်မိတာပဲ"

"လူကြီး မိဘတွေဟာ ကလေးသူငယ်တွေကို ဆေးလိပ် မီးညှိမခိုင်းသင့်ဘူးဆိုတာ သင်ခန်းစာယူစရာပဲပေါ့ ဘုရား"

"ဟုတ်တယ်၊ ဆေးလိပ်သောက်ကြတဲ့ လူကြီးမိဘတွေဟာ ဆေးလိပ်မသောက်တတ်ကြသေးတဲ့ ကလေးသူငယ်တွေကို ဆေးလိပ်မီးညှိမခိုင်းသင့်ဘူး။ သတိထား ဆင်ခြင်သင့်တယ်"

"အသက်ဘယ်လောက်မှာ ဆေးလိပ်ဖြတ်လိုက်တာလဲ ဘုရား"

"အသက် ၃၀ မှာ ဆေးလိပ်ဖြတ်လိုက်တယ်"

"ဆေးလိပ်ဖြတ်ဖြစ်တဲ့အကြောင်းလေးများရှိရင် ပြောပြပါဦး"

## ဆေးလိပ်၏ဆိုးကျိုးများ

"ပြောရရင်တော့ အများကြီးပဲ။ ဆေးလိပ်မသောက်တတ်ခင်ကသာ ဆေးလိပ်ရဲ့ ဆိုးကျိုးတွေကို သိမယ်ဆိုရင် ဘယ်သူမှ ဆေးလိပ်သောက်ဖြစ်မှာ မဟုတ်ဘူးဆိုတဲ့ စကားအတိုင်းပါပဲ။ ဆေးလိပ်ကို စသောက်ရာကနေပြီး စွဲနေပေမယ့် ဆေးလိပ် မကောင်းဘူးဆိုတာကိုတော့ သိနေတယ်။ အကျီ လုံချည်

http://www.dhammadownload.com



တွေ၊ ဆေးလိပ်မီးပွားပေါက်တယ်။ သူငယ်ချင်းတွေနဲ့ ဆော့တဲ့အခါ သူများတွေလို မဆော့နိုင်ဘူး။ မောလွယ်တယ်။ မုန့်ဖိုးငွေကို ဆေးလိပ် ဝယ်သောက်ရလို့ မုန့်ဝယ်မစားရဘူး။ လူတွေကြား သွားလာနေထိုင်တဲ့အခါ ကိုယ့်ခန္ဓာကိုယ်က ဆေးလိပ်စော်နံလို့ နှာခေါင်းရှုံ့တာခံရတယ်။ မျက်နှာတွေမှာ အဆီပျံတယ်။ အဲဒီလို ဆေးလိပ်ရဲ့ ဆိုးကျိုးတွေကို သိနေပါတယ်။ ဒါပေမဲ့ ဖြတ်လို့တော့ မရသေးဘူး''

''ဟုတ်တယ် ဦးဇင်း ဆေးလိပ်သောက်တဲ့သူတွေဟာ ထမင်းစားပြီးလို့ ဆေးလိပ်မသောက်ရရင် မနေနိုင် မထိုင်နိုင်ဘူးလို့ ဆိုတယ်။ နောက် မနက်အိပ်ရာကနိုးလို့ မျက်နှာမသစ်ခင် ဆေးလိပ်သောက်တဲ့သူတွေကို အများကြီးတွေ့ဖူးတယ်''

''ဟုတ်ပါတယ်။ ဆေးလိပ်စွဲလို့ ရောက်ရတဲ့ ဒုက္ခတွေဟာ မနည်းပါဘူး။ ကျန်းမာရေးရှုထောင့်က ကြည့်ကြည့်၊ လူမှုရေးရှုထောင့်က ကြည့်ကြည့်၊ ဘဝတိုးတက်ရေး ရှုထောင့်က ကြည့်ကြည့်၊ ဘယ်ရှုထောင့်ကကြည့်ကြည့် လူကိုကောင်းကျိုးမပြုဘူးဆိုတာ ထင်ထင်ရှားရှားကို သိနိုင်ပါတယ်။ ဦးဇင်းဆိုရင် ဆေးလိပ်ကိုမဖြတ်နိုင်လို့ နေချင်တဲ့စာသင်တိုက်မှာ မနေခဲ့ရဘူး။ အဲဒီစာသင်တိုက်က ဆေးလိပ်မသောက်ရဘူးတဲ့''

''ဒါဖြင့် အသက် ၃၀ ကျတော့ ဘယ်လိုကြောင့် ဆေးလိပ်ပြတ်သွားရတာလဲ''

''သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတဲ့ အတွေးအမြင်မှန်သွားလို့ပဲလို့ ဆိုရမယ်ထင်ပါတယ်။ အသက် ၃၀ မှာ ဦးဇင်း စဉ်းစား

http://www.dhammadownload.com



မိတယ်။ ငါတို့ဟာ အတော်မိုက်ကြတာပဲ။ ကျန်းမာရေးနဲ့ ညီညွတ်အောင် တစ်နေ့ကို တစ်ခါလောက် ဆေးလုံးလေး သောက်ပါဆိုတာကျတော့ မသောက်ချင်ကြဘူး။ လူနဲ့ မတည့်ပါဘူး၊ ကျန်းမာရေးနဲ့ မညီညွတ်ပါဘူးဆိုတဲ့ ဆေးလိပ်ကိုကျတော့ အမြဲတန်းလိုလို သောက်နေကြတယ်''

''ဆေးလိပ်သောက်ခြင်းကြောင့် ကောင်းတဲ့အကျိုးရယ်လို့လည်း တစ်ခုမှ ရှာမရဘူး။ မောလွယ်တာ၊ ကင်ဆာ ဖြစ်နိုင်တာ၊ တီဘီဖြစ်နိုင်တာ၊ လေဖြတ်နိုင်တာ၊ သွေးကြောကျဉ်းရောဂါဖြစ်နိုင်တာ။ ငွေကုန်တာ စတဲ့ ဆိုးကျိုးတွေကိုပဲ ရနိုင်တာ။ ဒီတော့ ငါဆေးလိပ်ကို ဖြတ်ကိုဖြတ်ရမယ်လို့ ဆုံးဖြတ်လိုက်တယ်''

''ဆေးလိပ်ကို ဘယ်လိုဖြတ်လိုက်သလဲ''

''တကယ်သာ အသိအမြင်မှန်သွားတဲ့သူအတွက် ဘယ်အရာမှ အခက်ကြီးမဟုတ်တော့ပါဘူး။ ဦးဖင်း ဆေးလိပ်ဖြတ်မယ်လို့ ဆုံးဖြတ်ပြီးတော့ ပတ်ဝန်းကျင်က ဆေးလိပ်ဖြတ်ထားတဲ့သူတွေကို စုံစမ်းလေ့လာတယ်။ ပထမဆုံး ဦးဖင်းနဲ့ အနီးကပ်ဆေးလိပ်ဖြတ်တာကို တွေ့လိုက်ရတာက ဦးဖင်းရဲ့ဘကြီး ဦးဘရင်ပဲ''

''ဦးဖင်းဘကြီးဦးဘရင်လည်း ဆေးလိပ်သောက်တယ်နော်''

''ဟုတ်တယ်၊ ဘကြီးရော၊ အမေကြီးရော၊ ဦးဖင်း ဖခင်ရော ဆေးလိပ်သောက်ကြတယ်။ ဘကြီးဆေးလိပ်သောက်ဖို့ရာအတွက် အမေကြီးက ဆေးလိပ်လိပ်ပေးရတယ်။ ဦးဖင်း

http://www.dhammadownload.com



ဆေးလိပ်သောက်တတ်ကာစက ဆေးလိပ်ကို အလွယ်တကူရ စေခဲ့တာလည်း အမေကြီးသောက်တဲ့ ဆေးလိပ်တိုတွေပဲ။ ဘကြီးဟာ ဆေးလိပ်ကို သိပ်ကြိုက်တယ်လို့ ဆိုရမယ်။ ည အိပ်ယာဝင်ရင် ခေါင်းရင်းနားမှာ ဆေးလိပ်နဲ့ မီးခြစ်ထားပြီးမှ အိပ်တယ်။ တစ်ရေးနိုးလို့ တစ်ခါထရင် ဆေးလိပ် တစ်ခါ သောက်တယ်။ ဘကြီးအတွက် ဆေးလိပ် ပြတ်မသွားဖို့ အမေကြီးဟာ ညစာ ထမင်းစားပြီးရင် ဆေးလိပ်လိပ်ရတယ်''

''အဲ ... တစ်နေ့ ညစာထမင်းစားအပြီးမှာတော့ ဘကြီးအတွက် ဆေးလိပ်ကုန်နေတယ်။ ဆေးလိပ်သောက် တဲ့သူတွေဟာ အစာစားပြီးရင် ဆေးလိပ်မသောက်ရ မနေနိုင် အောင်ဖြစ်ကြတယ်။ ဘကြီးဟာ ထမင်းစားပြီး သောက်စရာ ဆေးလိပ်က ကုန်နေလို့ ဆေးလိပ် မသောက်ရတော့ အတော် ဒေါသထွက်တယ်။ ပထမတော့ ဘကြီးဟာ စိတ်တိုပြီး ဆေး လိပ် လိပ်နေတဲ့ ဗန်းတွေကို လွှင့်ပစ်တယ်။ အမေကြီးကိုလည်း ဆူတယ်''

## အစားထိုးအာရုံဖြင့် စိတ်ပြောင်းခြင်း

''အမေကြီးက မီးဖိုထဲက ထမင်းဝိုင်းသိမ်းပြီး ဆေး လိပ်လိပ်ပေးပေမယ့် ဘကြီးဟာ ဆေးလိပ်ကို မသောက် တော့ဘူး။ အဲဒီမှာ ဘကြီးဟာ ဆေးလိပ်ကို စိတ်နာသွား တာပဲ။ နောက်နေ့မနက် မိုးလင်းလို့ အိပ်ယာက ထတဲ့အခါ မှာတော့ ဘကြီးက ပြောတယ်။ သူ ဆေးလိပ်ဖြတ်တော့မယ် တဲ့။ ဆေးလိပ်သောက်ချင်တဲ့ ပါးစပ်ထဲကို ဆေးလိပ်အစား

http://www.dhammadownload.com



မန်ကျည်းစေ့လှော်ကို ငုံထားမယ်တဲ့''

''ဆေးလိပ်ကိုင်တဲ့ လက်ထဲကို ဆေးလိပ်အစား ပုတီး ကိုကိုင်တော့မယ်ဆိုပြီး အမေကြီးကို မန်ကျည်းစေ့လှော် ခိုင်း တယ်။ တကယ်လည်း ဘကြီးဟာ မန်ကျည်းစေ့လှော်ကိုငုံပြီး ပုတီးစိပ်ရင်းနဲ့ ဆေးလိပ်ပြတ်သွားခဲ့တယ်။ မန်ကျည်းစေ့လှော် နို့ဆီဘူးတစ်ဘူးကုန်တော့ မန်ကျည်းစေ့လှော်ပါ ဖြတ်လိုက် တယ်''

''ဦးဇင်းဘကြီးဟာ ဆေးလိပ်သောက်ချင်တဲ့လောဘ နဲ့ဆေးလိပ်မသောက်ရလို့ဖြစ်ပေါ်လာတဲ့ဒေါသကို လျှပ်တပြက် အတွင်း သိမြင်သွားတဲ့သဘောနေမှာပဲနော် ဦးဇင်း''

''ဟုတ်မယ်လို့ ထင်ပါတယ်။ ဒါဟာ ဦးဇင်း ၁၁ နှစ်သားလောက်မှာ တွေ့လိုက်ရတဲ့ ပထမဆုံး ဆေးလိပ်ဖြတ် တဲ့သူရဲ့ အတွေ့အကြုံပဲ။ နောက်တော့လည်း ဆေးလိပ်ဖြတ် တဲ့သူတွေကို ခဏ ခဏတွေ့ဖူးပါတယ်။ တချို့က ကွမ်းစားပြီး ဆေးလိပ်ကို ဖြတ်ကြတယ်။ အဲဒီလို ကွမ်းစားပြီး ဆေးလိပ် ဖြတ်တာကိုတော့ မကြိုက်ဘူး။ ဆေးလိပ်ပြတ်သွားပေမယ့် ကွမ်းစွဲသွားကြတယ်။ ထင်းခွဲရတာ ဆင်းရဲလို့ ရေခပ်တဲ့သူ လိုပဲ၊ ထင်းခွဲရတာ ဆင်းရဲလို့ ရေခပ်တဲ့သူဟာ ထင်းမခွဲရလို့ ငြိမ်းပေမယ့် ရေခပ်ရတဲ့ ဒုက္ခကတော့ ဖြစ်တာပဲ မဟုတ်လား''

''ဦးဇင်းပြောတာ မှန်ပါတယ်။ တချို့က ဆေးလိပ်ကို ကွမ်းစားပြီး ဖြတ်ပေမယ့် ဆေးလိပ်ကလည်း မပြတ်၊ ကွမ်း လည်း စွဲနဲ့ နှစ်ဒုက္ခတောင် ရောက်ကြသေးတယ်''

http://www.dhammadownload.com



"ဟုတ်တယ်။ အဲလိုလူက များတယ်"

"ဦးဇင်းရဲ့ ဆေးလိပ်ဖြတ်ပုံလေးကို ပြောပါဦး"

"ဦးဇင်းကတော့ ဆေးလိပ်ဖြတ်တာကို ပိတ်ပြီးမဖြတ်ဘူး။ ဖွင့်ပြီး ဖြတ်မယ်လို့ ဆုံးဖြတ်လိုက်တယ်"

"အဲဒါ ဘာကို ပြောတာလဲ ဦးဇင်း"

"ဦးဇင်း စဉ်းစားတယ်။ လူတွေဟာ မလုပ်ရဆိုတာကို လုပ်ချင်ကြတယ်။ မကိုင်ရဆိုတာကို ကိုင်ချင်ကြတယ်။ မစားရ မသောက်ရဆိုတာကို စားချင် သောက်ချင်ကြတယ်။ တချို့ ဆေးလိပ်ဖြတ်တဲ့သူတွေဟာ ဆေးလိပ်ဖြတ်မယ်ဆိုပြီးတော့ ဆေးလိပ်တွေ လွှင့်ပစ်၊ ချိုးပစ်၊ မီးခြစ်တွေ လွှင့်ပစ်နဲ့။ အဲဒီလို ဆေးလိပ်တွေ လွှင့်ပစ်ချိုးပစ်လို့ ဆေးလိပ်မရှိတော့မှ ပိုပြီး သောက်ချင်ကြတယ် လို့ ဆိုတယ်။

"ဦးဇင်း ထင်တာကတော့ အဲဒီလိုဖြစ်တာဟာ ဆေးလိပ်ဖြတ်မယ်ဆိုတဲ့ အာရုံပေါ်မှာ အားစိုက်လွန်းပြီး အားလွန်သွားတဲ့သဘောပဲ။ အဲဒီလို ဖြတ်တာဟာ ဆေးလိပ်သောက်ချင်တဲ့အာရုံကို ပိတ်ပြီး ဖြတ်တာလို့ဆိုရမယ်"

"အာရုံကို ဖွင့်ပြီး ဖြတ်တယ်ဆိုတာကရော ဘုရား"

"အာရုံကို ဖွင့်ပြီးဖြတ်တယ်ဆိုတာကတော့ ဆေးလိပ်ဖြတ်မယ်လို့ ဆုံးဖြတ်ပြီးတော့ ဦးဇင်းဟာ ဆေးလိပ်တို့ မီးခြစ်တို့ကို လွှင့်မပစ်ပါဘူး။ ဆေးလိပ်တို့နဲ့ မီးခြစ်ကို ဦးဇင်းရဲ့ အိတ်ကပ်ထဲမှာ ထည့်ထားပြီး ဆောင်ထားပါတယ်"

"ဦးဇင်းက အဆန်းပဲ။ အဲဒီလို ဆေးလိပ်တို့နဲ့ မီးခြစ်

http://www.dhammadownload.com



ကို အိတ်ကပ်ထဲထည့်ထားတော့ ဆေးလိပ်သောက်ချင်စိတ် မဖြစ်တော့ဘူးလား ဦးဇင်း''

## ကျိုးကြောင်းပြ ဆေးလိပ်ဖြတ်ပုံ

''ဖြစ်တာပေါ့။ မဖြစ်ဘဲ ဘယ်နေမလဲ။ အဲဒီလို ဆေးလိပ်သောက်ချင်စိတ်ဖြစ်လာတဲ့အခါ ကိုယ့်ကိုကိုယ် ပြောဆိုတယ်။ ငါဟာ ဆေးလိပ်ကိုမသောက်သင့်လို့ မသောက်တာ။ ငါ့အတွက် ငွေကုန်တာ၊ ကျန်းမာရေးထိခိုက်တာ၊ လူတွေကြားထဲ သွားလာတဲ့အခါ ပတ်ဝန်းကျင် စိတ် အနှောင့်အယှက်ဖြစ်စေတာ စတဲ့ မကောင်းကျိုးတွေကိုပဲ ပေးလို့ မသောက်တာ။ ဘယ်သူ့ကို ကြောက်လို့မှ မဟုတ်ဘူး''

''သောက်စရာ ဆေးလိပ်မရှိလို့လည်း မဟုတ်ဘူး။ ငါ သောက်ချင်ရင် ငါ့အိတ်ကပ်ထဲမှာ ဆေးလိပ်နဲ့ မီးခြစ်အဆင်သင့်ရှိတယ်။ မင်းသောက်သင့်သလား။ မသောက်သင့်သလား စဉ်းစား။ ကြောက်လို့ မရှိလို့ မသောက်တာ မဟုတ်ဘူး။ မသောက်သင့်လို့ မသောက်တာလို့ ကိုယ့်ကိုယ်ကိုဆုံးမတယ်။

''ဆေးလိပ် သောက်ချင်တဲ့စိတ်ကို ပိတ်မထားဘဲ အကြောင်းအကျိုးပြဆုံးမတယ်။ ဆေးလိပ်သောက်ချင်တဲ့ စိတ်ဖြစ်ပေါ်လာတိုင်း အဲဒီလိုပဲဆုံးမတယ်''

''မလိမ္မာတဲ့လူကို အခန်းထဲ ထည့် သော့ခတ်ပိတ်မထားဘဲ အကြောင်းအကျိုးပြပြီး ဆုံးမသလို ဦးဇင်းကလည်း မလိမ္မာတဲ့ ဆေးလိပ်သောက်ချင်စိတ်ကို ချုပ်တည်းမထားဘဲ

http://www.dhammadownload.com



အကြောင်းအကျိုးပြ ဆုံးမတဲ့သဘောပဲ''

''ဟုတ်တယ်။ ဦးဇင်းက ဘယ်လို ဆင်းရဲ ဒုက္ခကိုပဲ ဖြစ်ဖြစ်၊ မဂ္ဂင်ရှစ်ပါးနဲ့ပဲ ကျော်လွှားရမယ်။ မဂ္ဂင်ရှစ်ပါးဟာ ဆင်းရဲဒုက္ခငြိမ်းကြောင်း တစ်ခုတည်းသောလမ်းစဉ်ပဲ။ ဒါဟာ ဘုရားရဲ့ ညွှန်ပြမှုပဲလို့ ယုံတယ်။ အဲဒီမဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတဲ့ အတွေးမှန်ဖို့နဲ့ အမြင်မှန်ဖို့ဟာ အဓိကပဲ ဆိုတာကို မမှိတ်မသုန် ယုံတယ်''

''ဒါကြောင့် ဦးဇင်းမှာ ကြုံတွေ့နေရတဲ့ ဆေးလိပ်နဲ့ ဆင်းရဲဒုက္ခကို အသိအမြင်မှန် ဦးဆောင်တဲ့ မဂ္ဂင်ရှစ်ပါးနည်းနဲ့ ဆေးလိပ်စွဲတဲ့စိတ်ကိုမသောက်ရလို့ ပိတ်မသတ်ဘဲ မသောက်သင့်လို့ သိမြင်အောင် ကြိုးစားပြီး ဖြတ်တယ်''

''ဦးဇင်းရဲ့ ဆေးလိပ်ဖြတ်နည်းကို ဗုဒ္ဓရဲ့ နည်းစနစ်လို့တောင် ဆိုရမယ်ထင်တယ်နော် ဦးဇင်း''

''ဦးဇင်းတို့ဟာ ဗုဒ္ဓရဲ့ တပည့်တွေပဲ။ ဆင်းရဲ ဒုက္ခနဲ့ တွေ့ကြုံလာရင် ဗုဒ္ဓရဲ့နည်းနဲ့ ဖြေရှင်းရမှာမဟုတ်လား။ ဆေးလိပ်ပြတ်သွားခြင်းရဲ့အဓိကအကြောင်းကတော့ အကြောင်းတရားကို ရှာသတ်လိုက်နိုင်လို့ပဲ''

''အကြောင်းတရားကို ရှာသတ်တယ်ဆိုတာ ဘာကို ပြောတာလဲ ဦးဇင်း''

''အကြောင်းတရားကို ရှာသတ်တယ်ဆိုတာ ဦးဇင်း ကြိုးစားပြီး ပြောကြည့်မယ်။ နားလည်တန်ကောင်းပါရဲ့''

''တပည့်တော်လည်း ကြိုးစားပြီး နားထောင်ပါမယ်

http://www.dhammadownload.com



ဘုရား''

## အကြောင်းတရားကို ရှာသတ်ခြင်း

''အကြောင်းတရားကို ရှာပြီး သတ်တယ်ဆိုတာ ပထမဆုံး ဦးဖင်းစဉ်းစားတာက ငါဟာ ဆေးလိပ်ကို စွဲနေတယ်။ ငါစွဲနေတဲ့ ဆေးလိပ်ဟာ မကောင်းဘူးဆိုတာလည်း သိနေတယ်။ မကောင်းမှန်းလည်း သိပါရက်နဲ့ ဘာကြောင့် ဆေးလိပ်ကို သောက်နေရတာလဲ။ ဘာ့ကြောင့် ငွေကုန်ခံပြီး ဒီဆင်းရဲဒုက္ခကို ဖက်တွယ်နေရတာလဲ။ ဆေးလိပ်ကို ဘာကြောင့် ကြိုက်နေရတာလဲ။ ဆေးလိပ်ဆာတယ်ဆိုတာ ဘယ်ကောင်ဆာတာလဲ။ ဆေးလိပ်ဆာတာ ဘယ်ကောင်လဲဆိုတာ ပထမဆုံး ရှာလိုက်တယ်''

''စိတ်ဝင်စားပါတယ် ဦးဖင်း။ ဆေးလိပ်ဆာတယ် ဆိုတာ ကိုယ်ခန္ဓာက ဆာတာမဟုတ်လား''

''ဆာတယ်ဆိုတာ လောဘ၊ ဆိုးတယ်ဆိုတာ ဒေါသပဲ။ ဆာတယ်ဆိုတဲ့ လောဘကို ပယ်သတ်နိုင်မှ ဆင်းရဲဒုက္ခက လွတ်မြောက်မှာ။ ဆာတယ်ဆိုတဲ့ သောက်ချင်စိတ်၊ လောဘကို သတ်ဖို့ရာကလည်း ရှာတွေ့မှဖြစ်မှာ။

ဒီတော့ ဆေးလိပ် ဆာတယ်ဆိုတာ ဘယ်ကောင်ဆာတာလဲဆိုတဲ့ အချက်ကို ဦးဖင်းရှာတယ်။ အဲဒီမှာ ဆာတာတွေကို ရှာကြည့်တယ်။ ဥပမာ ထမင်းဆာတယ်၊ ရေဆာတယ်၊ ဆေးလိပ်ဆာတယ်ဆိုတာတွေ မရှိဘူးလား''

''ရှိပါတယ်ဦးဖင်း''

http://www.dhammadownload.com



## ဆာလောင်ခြင်းနှစ်မျိုး

"ဆာတယ်ဆိုတာကို ရှာကြည့်တော့ သဘာဝခန္ဓာကိုယ်က ဆာတာနဲ့ စိတ်ကဆာတာလို့ နှစ်မျိုးတွေ့ရတယ်။ ရေဆာတယ်ဆိုကြပါစို့။ သဘာဝခန္ဓာကိုယ်က ရေဆာတယ်ဆိုရင် အာခေါင်တွေ ခြောက်လာမယ်။ ဗိုက်တွေ ပူလာမယ်။ တံတွေးတွေ မျိုမရဖြစ်လာမယ်။ ဒီလိုဖြစ်လာတာဟာ ခန္ဓာကိုယ်က ရေဆာလာတာပဲ။

"ခန္ဓာကိုယ်က ရေတောင်းနေတာပဲ။ အဲဒီလို ခန္ဓာကိုယ်က ဆာတာဆိုရင် ခန္ဓာကိုယ်က ရေလိုအပ်လို့ တောင်းတာဆိုရင် ဖြည့်ဆည်းပေးရမှာပဲ။ ခန္ဓာကိုယ်က တကယ်လိုအပ်လို့ ရေတောင်းနေတာကို မပေးဘဲ ရေကို မသောက်ဘဲနေမယ်ဆိုရင် အဲဒီသူဟာ မငြိမ်းချမ်းနိုင်ဘူး။ ဒုက္ခတွေ့ဖို့ပဲရှိတယ်။ ဟုတ်တယ်နော်"

"ဟုတ်ပါတယ် ဘုရား"

"နောက် စိတ်က ဆာတယ်ဆိုတာက ဆိုကြပါစို့။ လူတစ်ယောက်ဟာ ပထမခန္ဓာကိုယ် ရေဆာလို့ ရေအေးအေးလေး သို့မဟုတ် အရသာ အနံ့လေးပါတဲ့ သံပရာရည်လေး သောက်လိုက်တယ်ဆိုပါတော့။ ခန္ဓာကိုယ် လိုအပ်သလောက်ထိ သောက်လိုက်တယ်။ များ နှစ်ခွက် သုံးခွက်ပေါ့။ အဲဒီလို သောက်လိုက်တော့ ခန္ဓာကိုယ်က မဆာတော့ဘူး။ ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်ပြည့်သွားပြီ"

"ဒါပေမဲ့ ခုနက သောက်လိုက်တဲ့ ရေအေးအေး

http://www.dhammadownload.com



လေး သို့မဟုတ် အရသာအနံ့လေးပါတဲ့ သံပရာရည်လေးရဲ့ အရသာကို စိတ်ထဲစွဲနေပြီး ထပ်သောက်ချင်နေတာ သောက်ထားလို့ ဗိုက်ကပြည့်နေပေမယ့် စိတ်က ထပ်သောက်ချင်နေတာ။ ဒါဟာ စိတ်က ဆာတာပဲ။ ဗိုက်ပြည့်နေပါလျက်နဲ့ ရေအေးတာလေး၊ ချိုတာချဥ်တာလေးကို အာရုံစွဲပြီး ထပ်သောက်ချင်လို့ သောက်ရင်တော့ အကျိုးမဖြစ်တော့ဘူး။ တန်ဆေး လွန်ဘေးဆိုတဲ့အတိုင်း လူကို ဆင်းရဲဖို့ပဲ ဖြစ်တော့တယ်။

"မှန်ပါတယ် ဘုရား"

"လူတစ်ယောက် ထမင်းဆာတယ်၊ ဗိုက်ထဲက တကြုတ်ကြုတ် မြည်လာတယ်။ ခေါင်းတွေ မူးလာတယ်၊ ဗိုက်တွေနာလာတယ်၊ အားတွေယုတ်လာတယ်၊ မစားရင် ခန္ဓာကိုယ်ဟာ မလှုပ်နိုင်တော့ဘူး။ ဒါဟာ ခန္ဓာကိုယ်က ဆာနေတာ။ ခန္ဓာကိုယ်က လိုအပ်လို့ ခန္ဓာကိုယ်က တောင်းနေတာ။ ဒါဆိုရင် ထမင်းအစာကို စားကိုစားရမယ်။

"အဲဒီလိုစားလိုက်မှ ခန္ဓာကိုယ် ဆက်လက်ရှင်သန်နိုင်မယ်။ ခန္ဓာကိုယ် ဆက်လက်ရှင်သန်မှ မိမိကောင်းကျိုး လောကကောင်းကျိုး ဆောင်ရွက်နိုင်မယ်။ ကိုယ့်ခန္ဓာကိုယ်ကို ကောင်းကျိုးပြုမယ့် ဆာမှု၊ အဲဒီလို ခန္ဓာကိုယ်က ဆာတာ အပြစ်မဟုတ်ဘူး။ နားလည်ပါတယ်နော်"

"နားလည်ပါတယ် ဘုရား"

"ခန္ဓာကိုယ်က ထမင်းဆာလို့ ကြက်သားချက်၊ ဝက်

http://www.dhammadownload.com



သားချက်တွေနဲ့ စားလိုက်တယ်။ ဒီတော့ ခန္ဓာကိုယ်က မဆာ တော့ဘူး။ ဟင်းတွေက ကောင်းတော့ ဗိုက်ကို ကားသွားတာ ပဲ။ အသက်တောင် အတော်ရှူယူရတယ်။ ဒါပေမဲ့ ခုနက စားလိုက်တဲ့ ကြက်သားချက်နဲ့ ဝက်သားချက်က သိပ်ကောင်း တော့ ဗိုက်ကသာ ပြည့်ကားနေတာ။ စိတ်ကတော့ စားချင် တုန်းပဲ။

"အဲဒီလို ဗိုက်ပြည့်နေပါလျက်နဲ့ ကြက်သား ဝက် သားရဲ့ အရသာအပေါ်မှာ စွဲနေတဲ့စိတ်က အာရုံက မကုန် လို့ သို့မဟုတ် စိတ်က ဆာနေလို့ ထပ်ထပ်ပြီး စားနေမယ် ဆိုရင်တော့ ခန္ဓာကိုယ်ကို အကျိုးမပြုတော့ဘူး။ လူကို ဒုက္ခ ပေးတော့မယ်။ ဘာကြောင့်လဲဆိုရင် ခန္ဓာကိုယ်က ဆာတာ မဟုတ်ဘဲ စိတ်က ဆာတာဖြစ်လို့ပဲ။ ခန္ဓာကိုယ်ကို ကောင်း ကျိုးမပြုတဲ့ ဆာမှုလို့ ဆိုရမယ်။ အဲဒီလို ခန္ဓာကိုယ်ကို ကောင်း ကျိုး မပြုတဲ့ စိတ်က ဆာတာဆိုရင် ပယ်ကိုပယ်ရမယ်။ သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ် ဘုရား"

"ဆေးလိပ်ဆာတာဟာ ခန္ဓာကိုယ်က ဆာတာလား။ စိတ်က ဆာတာလား ဦးဇင်းရှာတယ်။ မိခင်ဝမ်းက ထွက် လာတဲ့ ကလေးငယ်ငယ်လေးတွေဟာ သဘာဝခန္ဓာကိုယ် က အစာလိုအပ်လို့ ဆာတော့ ငိုပြီး အစာတောင်းတယ်။ မိခင်က နို့ချိုတိုက်ကျွေးရတယ်။ အစာခွံ့ရတယ်။ ဒီတော့ အငိုတိတ်သွားတယ်။ ဒါဟာ သဘာဝခန္ဓာကိုယ်က လိုအပ်

http://www.dhammadownload.com



တာပဲ။

"ဆေးလိပ်ဆာလို့ ငိုတဲ့ကလေး ဆေးလိပ်တိုက်လို့ အငိုတိတ်သွားတဲ့ ကလေးဆိုတာမျိုး ရှိလို့လား။ သဘာဝ ခန္ဓာကိုယ်ကသာ လိုအပ်လို့ရှိရင် မွေးကတည်းက တောင်း မှာပေါ့။ အခု ငါဆေးလိပ်ဆာတာဟာ အမေမွေးကတည်း က ဆာလာတာလည်း မဟုတ်ဘူး။ အရွယ်ရောက်လာမှ အကြောင်းတစ်စုံတစ်ရာကြောင့် ဆေးလိပ်ကို သောက်တတ် သွားတာ။ နောက်ပြီး ငါ့ခန္ဓာကိုယ်ကိုလည်း ဘာမှ ကောင်းကျိုး မပြုတဲ့အပြင် ဆိုးကျိုးတွေကိုပဲ အများကြီးပေးတယ်"

"ဒီတော့ ဆေးလိပ်ဆာတယ်ဆိုတာ ခန္ဓာကိုယ်က လိုအပ်လို့ ဆာတာမဟုတ်ဘူး။ ဆေးလိပ်ဆာလို့ သောက်လို့ လည်း ခန္ဓာကိုယ်ကို ဘာကောင်းကျိုးမှ မပေးနိုင်သလို ဘာ အာဟာရမှလည်း ဖြစ်ပေါ်မလာဘူး။ ဆေးလိပ်ဆာ တယ်ဆို တာ တကယ်တော့ ဆေးလိပ်ပေါ်စွဲနေတဲ့ ငါ့ရဲ့ စိတ်အစွဲက သာ ဆာတာဖြစ်တယ်။ ဆေးလိပ်ဆာတယ် ဆိုလို့ ဆေးလိပ် ကို မသောက်ဘဲနေလို့လည်း ခန္ဓာကိုယ်မှာ ဘာမှဆုတ်ယုတ် မသွားဘူး။ ဆေးလိပ်ကို မသောက်ဘဲနေမှ ပိုတောင်ကောင်း သေးတယ်လို့ ဦးဖင်း အဲလိုစဉ်းစားလိုက်တယ်။

"ဦးဖင်း စဉ်းစားပုံလေး ကောင်းပါတယ် ဘုရား။ လူတိုင်းလည်း အတုယူ လိုက်နာသင့်ပါတယ်"

"အတိုချုပ်ပြောရရင် ဆေးလိပ်ဆာတယ်ဆိုတာ ခန္ဓာ ကိုယ်က လိုအပ်လို့ ဆာတာမဟုတ်ဘူး။ စိတ်က ဆာတာ

http://www.dhammadownload.com



ဖြစ်တယ်။ ခန္ဓာကိုယ်ကို အကျိုးပြုတဲ့ဆာမှုလည်း မဟုတ်ဘူး။ ခန္ဓာကိုယ်ကို ဆိုးကျိုးပြုတဲ့ ဆာမှုသာဖြစ်တယ်။ စိတ်ဆာတယ်ဆိုတာ လောဘတရားပဲ။ ဆင်းရဲဒုက္ခက လွတ်မြောက်ချင်တယ်ဆိုရင် သမုဒယသစ္စာဆိုတဲ့ လောဘကို ပယ်ရမယ်''

''ဘယ်အရာမှာပဲဖြစ်ဖြစ် ခန္ဓာကိုယ်ကို အကျိုးမပြုတဲ့စိတ်က ဆာမှုဆိုတာ လောဘပဲ။ လောဘဆိုတာ ပယ်ရမယ့်တရားပဲ။ အဲဒီလောဘကို ပယ်လိုက်လို့ရှိရင် သိသိသာသာကို ကောင်းလာရမှာပဲလို့ သိပြီး အဲဒီဆာတဲ့စိတ်ကို သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဆိုတဲ့ အတွေးအမြင်မှန်တဲ့ လမ်းပေါ်တင်ပေးလိုက်တာပဲ။ ဆေးလိပ်သောက်သင့် မသောက်သင့်ကို သောက်ချင်တဲ့စိတ်ကို စဉ်းစားဝေဖန်ခိုင်းလိုက်တာပါပဲ''

''ဦးဇင်း ဆိုလိုတာက လောဘဆိုတာ ခန္ဓာကိုယ်ကို ကောင်းကျိုးမပြုတဲ့ စိတ်ဆာမှုကို ဆိုတဲ့သဘောပဲ။ လောဘဆိုတာ ပယ်ရမယ့်တရား။ ပယ်ရမယ့်လောဘ ဆိုတဲ့ တရားကို ပယ်လိုက်ရင် လူသားဘဝ ငြိမ်းချမ်းသွားရမယ်။ ပယ်ရမယ့်လောဘဆိုတဲ့တရားကို ပယ်လိုက်လို့ လူသားဘဝ ငြိမ်းချမ်းမသွားဘူးဆိုရင် မှန်ကန်တဲ့ လောဘကို ပယ်မှုမဟုတ်ဘူးလို့ ဆိုရမယ်''

''ဆောင်းတွင်းမို့လို့ စောင်လိုချင်တာ စောင်ခြုံချင်တာကို လောဘဆိုပြီး ပယ်ရင် ဘဝမှာ ငြိမ်းချမ်းသွားမှာလား။ မငြိမ်းချမ်းနိုင်ပါဘူး။ ဒါကြောင့် သဘာဝက လိုအပ်လို့ တောင်း

http://www.dhammadownload.com



ဆိုလာတဲ့အရာဖြစ်လို့ မပယ်သင့်ပါဘူး။ လောဘဆိုတာ လူကို ဆင်းရဲဒုက္ခဖြစ်စေတဲ့ တရား၊ လောဘဆိုတာ ပယ်ရမယ့် တရား၊ ပွားများရမယ့်တရား မဟုတ်ဘူး''

''အဲဒီ့ ပယ်ရမယ့်လောဘဆိုတဲ့ တရားကို ပယ်လိုက်ရင် လူသားဘဝ ငြိမ်းချမ်းသွားရမှာ၊ တိုးတက်သွားရမှာ၊ အဲဒီလို လူသားဘဝငြိမ်းချမ်းသွားစေတဲ့ လူသားဘဝကို တိုးတက်သွားစေတဲ့ ပယ်သတ်မှုမျိုးကို ပြုလုပ်မှသာ မှန်ကန်တဲ့လောဘပယ်မှုလို့ ဆိုရမယ်။ ကဲ ဦးဖင်းရဲ့ ဆေးလိပ်ဖြတ်မှုအကြောင်း ပြောတာများသွားပြီ။ နားကြဦးစို့။ အတိုချုပ်ပြောရရင် ဆေးလိပ်ဆာတာဟာ ခန္ဓာကိုယ်က လိုအပ်လို့၊ ခန္ဓာကိုယ်ကတောင်းလို့ ဆာတဲ့အဆာ မဟုတ်ဘူး။ ဆေးလိပ်ရဲ့ အရသာကို စိတ်ကစွဲလို့ အာရုံက ဆာတဲ့အဆာဖြစ်တယ်။ ဆေးလိပ်ကို သောက်လို့လည်း ခန္ဓာကိုယ်ကို အကျိုး မဖြစ်ထွန်းရုံမကဘူး။ အကျိုးတောင် ယုတ်စေတယ်။ ဒီတော့ ငါဆေးလိပ်ကို မသောက်သင့်ဘူးလို့ စဉ်းစားဝေဖန်ပြီး ဆုံးဖြတ်လိုက်တာပါပဲ''

''ဦးဖင်းရဲ့ ဆေးလိပ်ဖြတ်ပုံအကြောင်းကို နားထောင်ရတာ သိပ်ကို ဗဟုသုတရပါတယ်ဦးဖင်း''

''ခုလို ပြန်ကြားရတာလည်း ဦးဖင်းပြောရကျိုးနပ်တယ်လို့ ယူဆပြီး ဝမ်းသာမှုဖြစ်ရပါတယ်ဗျာ''

အဲဒါက မင်းသိင်္ခရဲ့ လောဘပယ်သတ်နည်းပဲ။ မာရ်နတ်ရဲ့ တတိယတပ်မ ဝင်မွတ်မှုကို ကြံ့ကြံ့ခိုင် ရင်ဆိုင် ကျော်လွှားခဲ့

http://www.dhammadownload.com



တဲ့ တောရဆရာတော်တစ်ပါးအကြောင်းကိုတော့ နောက်အပတ်မှ ဆက်မယ်။

## သောတာပတ္တိမဂ်အာရုံပြုသောနိဗ္ဗာန်

ဒီနေရာမှာ ပုဂ္ဂိုလ်တစ်ဦးက စူဠနိဒ္ဒေသအဋ္ဌကထာ၌ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခုနှင့် ဝိစိကိစ္ဆာ သဟဂုတ်စိတ် တစ်ခုဆိုတဲ့ ဒီအကုသိုလ်စိတ် ငါးခုချုပ်တဲ့အကြောင်း ပြဆိုထားတာကို အကိုးအကား သာဓကပြုပြီးတော့ သောတာပတ္တိမဂ်ဖိုလ် ခဏ၌ ရုပ်နာမ်သင်္ခါရအားလုံး ချုပ်ငြိမ်းနေတာကို တွေ့ရတယ်ဆိုတာကို ပစ်ပယ်ပြီး ပြောဟော ရေးသားထားတယ်။ သူ့အယူအဆက သောတာပတ္တိမဂ်ဖြင့် အကုသိုလ်စိတ် ငါးခု၏ ချုပ်ငြိမ်းခြင်းကိုသာလျှင် သောတာပတ္တိမဂ်ဖိုလ်က အာရုံပြုသိမြင်ရမယ်လို့ ယူဆထားဟန်တူပါရဲ့။

အဲဒါကတော့ အလွန် လွဲမှားနေတဲ့ အယူအဆပါပဲ။ ဘာကြောင့်လဲဆိုရင် နိဗ္ဗာန်ဆိုတာ အကုသိုလ်တစ်စိတ်တစ်ပိုင်းမျှ ချုပ်ခြင်းကိုလည်းဆိုတာ မဟုတ်ဘူး။ ရုပ်တရား နာမ်တရား တစ်စိတ်တစ်ပိုင်းမျှ ချုပ်ခြင်းကိုလည်း ဆိုတာမဟုတ်ဘူး။ အမှန်မှာတော့ ကိလေသာ၊ ကံ၊ ဝိပါက်ဆိုတဲ့ ဝဋ္ဋသုံးပါးလုံး ရုပ်နာမ်သင်္ခါရအားလုံး ချုပ်ငြိမ်း ကင်းဆိတ်တဲ့သဘောကိုသာ နိဗ္ဗာန်လို့ဆိုတာပဲ။

အရိယမဂ်ဖိုလ်က ဘာကို အာရုံပြုသလဲမေးရင် နိဗ္ဗာန်ကို အာရုံပြုတယ်လို့ ဖြေမှာပဲ။ နိဗ္ဗာန်ဆိုတာကလည်း ယခုပြောတဲ့

http://www.dhammadownload.com



အတိုင်း ရုပ်နာမ်သင်္ခါရအားလုံး ချုပ်ငြိမ်းကင်းဆိတ်တဲ့သဘော ပဲ။ ဒီတော့ သောတာပတ္တိမဂ်ဖြစ်ခိုက်မှာ သိစရာရော၊ သိတာ ရော ချုပ်ငြိမ်းကင်းဆိတ်နေတာကိုသာ တွေ့နေရတယ်ဆို တာဟာ သဘာဝကျတဲ့ အစစ်အမှန်တွေ့သိပုံပဲ။ သေသေချာ ချာသတိပြုပြီး ကြည့်ရှုဆင်ခြင်ရင် အဲဒီ စူဠနိဒ္ဒေသပါဠိ၊ အဋ္ဌ ကထာ၏ အဖွင့်ခံပါရာယဏဝဂ် အဇိတသုတ်မှာပဲ တွေ့တာ့ ဥပရုဒ္ဓတိ – ဤနိဗ္ဗာန် အငြိမ်းဓာတ်၌ ထိုနာမ်ရုပ် အားလုံး ချုပ်တယ်လို့ ဆိုထားတာကို ထင်ရှားတွေ့နိုင်ပါတယ်။ နောက် ပြီးတော့ သောတာပတ္တိမဂ်၏ အာရုံ နိဗ္ဗာန်နှင့် အထက်မဂ်များ ၏ အာရုံနိဗ္ဗာန်ဟာ အတူတူပဲလား၊ ကွဲပြားပါသလားလို့ မေးရင်လည်း အတူတူပါပဲ။ မကွဲပြားပါဘူးလို့ ဖြေရမှာပဲ။ အကယ်၍ သောတာပတ္တိမဂ်က အကုသိုလ်စိတ် ငါးခု ချုပ်တာ ကိုသာ အာရုံပြုတယ်။ အခြားမဂ်များကလည်း သူတို့ပယ်တဲ့ အကုသိုလ်စိတ်များချုပ်တာကို အာရုံပြုတယ်ဆိုရင် မဂ်လေးပါး ၏ အာရုံနိဗ္ဗာန်ဟာ လေးပါးကွဲနေမှာပေါ့။ အဲဒီလို မကွဲပြားပါ ဘူး။ တစ်ပါးတည်းသော နိဗ္ဗာန်ကိုသာ အာရုံပြုကြောင်း အလွန့်အလွန်ထင်ရှားပါတယ်။ ဒါကြောင့် သောတာပတ္တိ မဂ်ဖိုလ်က အကုသိုလ်စိတ်ငါးခု ချုပ်ခြင်းကိုသာ အာရုံပြုသိမြင် ရမယ်လို့ ယူဆချက်ကို အလွန် လွဲမှားတယ်လို့ ဆိုခဲ့တာပါပဲ။

*(မဟာစည် ဆရာတော်၏ ဓမ္မစကြာတရားတော်မှ)*

"မည်သည့်ကုသိုလ်ကို ပြုလုပ်သည်ဖြစ်စေ နိဗ္ဗာန်ကို ဆုတောင်း သင့်သည်။ တချို့က နိဗ္ဗာန်ကို လိုချင်သည်မှာလည်း တဏှာ

http://www.dhammadownload.com



လောဘ ဖြစ်သည်။ ဆုမတောင်းသင့်ဟု ဆိုကြ၏။ ထိုစကားသည် စာသိ၊ ခန္ဓာသိ နှစ်မျိုးလုံးမရှိသောကြောင့် ပြောဆိုသောစကားဖြစ်၏။ နိဗ္ဗာန် ဟူသည် ဘဝသစ်ကို ဖြစ်စေမည့် အကြောင်းတရား ကိလေသာများ ကုန်ခမ်းသွားခြင်းကိုသာ ဆိုလိုခြင်းဖြစ်၏။ သိမ်းပိုက်ဆုပ်ကိုင်ထားရမည့် ဝတ္ထုပစ္စည်း မဟုတ်ပေ။ လောဘဦးဆောင်သော ကိလေသာများ ကုန်ခမ်းရပါလို၏ဟု ဆုတောင်းနေသူကို လောဘကြီးသူဟု အဘယ်မှာ ဆိုထိုက်ပါမည်နည်း။ နိဗ္ဗာန်ကို လိုချင်ခြင်းသည် အကုသိုလ်နှင့် ယှဉ်သော လောဘမဟုတ်၊ ကုသိုလ်နှင့် ယှဉ်သောဆန္ဒသာ ဖြစ်သင့်၏။

*(မှော်ဘီမြို့နယ်၊ ဖန်းခါးကုန်းရွာ၊*
*သုဒ္ဓဝိပဿနာရိပ်သာကျောင်းဆရာတော်)*

http://www.dhammadownload.com



## ချည်ကြိုးနှင့် နွားနှစ်ကောင်

ကောသမ္ဗီပြည်၊ ဃောသိတာရုံကျောင်း၌ သီတင်းသုံးနေထိုင်စဉ် အရှင်အာနန္ဒာကို အရှင်ကာမဘူက ယခုလို မေးလျှောက်၏။

"ငါ့ရှင် မျက်စိသည် အဆင်းတို့၏ အနှောင်အဖွဲ့ဖြစ်သလား။ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့ဖြစ်သလား။ နားသည် အသံတို့၏အနှောင်အဖွဲ့လား။ အသံတို့သည် နား၏ အနှောင်အဖွဲ့လား။ နှာခေါင်းသည် အနံ့တို့၏ အနှောင်အဖွဲ့လား။ အနံ့တို့သည် နှာခေါင်း၏ အနှောင်အဖွဲ့လား။ လျှာသည် အရသာတို့၏ အနှောင်အဖွဲ့လား။ အရသာတို့သည် လျှာ၏ အနှောင်အဖွဲ့လား။ ကိုယ်သည် အတွေ့အထိတို့၏ အနှောင်အဖွဲ့လား။ အတွေ့အထိတို့သည် ကိုယ်၏ အနှောင်အဖွဲ့လား။ စိတ်သည် သဘောတရားတို့၏ အနှောင်အဖွဲ့လား။ သဘောတရားတို့သည် စိတ်၏ အနှောင်အဖွဲ့လား။ ငါ့ရှင်အာနန္ဒာ သိသာအောင် ဖြေကြားပါလော"

"ငါ့ရှင် ကာမဘူ၊ အကျဉ်းချုပ်ဖြေကြားပါမည်။ ကောင်းစွာနာကြားပါလော။ ဤလောက၌ နွားဖြူနှင့် နွားနက်နှစ်ကောင်ကို တစ်ချောင်းတည်းသော ကြိုးဖြင့် တွဲချည်ထားသည်ဆိုပါတော့။ နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့တည်း။ နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့တည်းဟု တစ်စုံတစ်ယောက်က

http://www.dhammadownload.com



ပြောကြားသည်ဆိုပါတော့။

''ထိုသူပြောကြားသော စကားသည် စင်စစ်အားဖြင့် မှားသည် သာတည်း။ နွားနက်သည် နွားဖြူ၏ အနှောင်အဖွဲ့မဟုတ်။ နွားဖြူသည်လည်း နွားနက်၏ အနှောင်အဖွဲ့မဟုတ်။ အဘယ် အရာသည် အနှောင်အဖွဲ့ဖြစ်ပေမည်နည်း။ ချည်ဖွဲ့ထားသော ကြိုးသည်သာလျှင် နွားဖြူနှင့် နွားနက်တို့၏ အနှောင်အဖွဲ့ဖြစ် သည်။ ဟုတ်ပါသလော။

''ငါ့ရှင် အာနန္ဒာ ဟုတ်မှန်ပေ၏။ ဆက်လက်၍ ပြောကြားပါ ဦးလော''

## နှောင်ကြိုးအစစ်

ငါ့ရှင်ကာမဘူ – ဤဥပမာအတိုင်းပင်တည်း။ မျက်စိသည် အဆင်းတို့ အနှောင်အဖွဲ့မဟုတ်၊ အဆင်းတို့သည် မျက်စိ၏ အနှောင်အဖွဲ့မဟုတ်။ အမှန်အားဖြင့်သော်ကား ထိုနှစ်မျိုးလုံးကို စွဲ၍ ဖြစ်သော လိုချင်စွဲမက်မှု ဆန္ဒရာဂသည် ထိုနှစ်မျိုးလုံး၏ အနှောင်အဖွဲ့မည်ပေ၏။ ထို့အတူပင်–

နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်တို့သည် အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတို့၏ အနှောင်အဖွဲ့မဟုတ်ကုန်။ အပြန် အလှန်အားဖြင့် အနှောင်အဖွဲ့မဟုတ်ကုန်။ ထိုထို နှစ်မျိုး နှစ်စုံတို့ကို စွဲ၍ ဖြစ်သော လိုချင်စွဲမက်မှု ဆန္ဒရာဂသည် သာလျှင် ထိုထိုနှစ်မျိုးနှစ်စုံတို့၏ အနှောင်အဖွဲ့မည်ပေ၏။

*(အရှင်အာနန္ဒာ – သဠာယတနသံယုတ်၊ သမုဒ္ဒဝဂ်၊ ကာမဘူသုတ်)*

http://www.dhammadownload.com



သန်း ။ ။ ဝတ်မွတ်ခြင်း ဆိုတဲ့ မာရ်နတ်ရဲ့ တတိယတပ်မကို ကျော်လွှားနိုင်တဲ့ အကြောင်းကို အမိန့်ရှိပါဦး ဘုရား။

နုပ် ။ ။ ဆရာတော်က နာမည်ကြီးမှာ ကြောက်လို့ ကျောင်းနာမည်တို့၊ ဘွဲ့တော်တို့၊ နေရာဌာနတို့ကို အတိအကျရေးခွင့် မပေးဘူး။ ဒါ့ကြောင့် ဆရာကြီးဦးဒွေးလှိုင်ကိုယ်တိုင် ဒေသနဲ့ ပုဂ္ဂလထက် ဓမ္မကိုပဲ အဓိကထားရေးခဲ့တာ။ ဒီတောကျောင်းလေးက မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်းမှာ တည်ရှိတယ်။

တောကျောင်းပတ်ဝန်းကျင်အရပ် လေးမျက်နှာမှာ ထန်းပင်နဲ့ တောင်ယာကွင်းပြင်တွေပဲ ရှိတယ်။ တော ကျောင်းမြေလုပ်ထားတဲ့ နှစ်ကေလောက်ဟာလည်း ဘာမှစိုက်လို့ မရတဲ့ ကျတ်တီးကုန်းမြေပဲ။ မကောင်းကျောင်းပို့ ဆိုတဲ့စကားအတိုင်းပဲ ပြောရမလား မသိဘူး။ စိုက်လို့ပျိုးလို့ မရလို့ တောကျောင်းမြေအဖြစ် လှူထားတဲ့သဘော ထင်ပါတယ်။

ကျောင်းဝိုင်းထဲမှာ အရိပ်အာဝါသကောင်းကောင်း သစ်ကြီး၊ ဝါးကြီးပင် တစ်ပင်မှ မရှိဘူး။ သန်းပင်၊ ဒဟတ်ပင်၊ ရှားပင်၊ တမာပင်နဲ့ ဆူးချုံတွေပဲရှိတယ်။ နွေခါရောက်ရင် ဒီအပင်တွေကလည်း အရိုးကြဲကြဲ၊ လေတဟဲဟဲနဲ့ မွဲခြောက်နေတာပဲ။ ကျောင်းဝိုင်းထဲမှာ တစ်ပါးနေကျောင်း သေးသေးလေးတွေနဲ့ ထန်းရွက်တဲကြီးတစ်လုံးပဲရှိတယ်။ ထန်းရွက်တဲကြီးက စုပေါင်း သီလယူ တရားထိုင်ကြတာပေါ့။

တောကျောင်းမှာ ရှိတဲ့ ရေကန်ကလည်း တစ်နှစ်မှ အများဆုံး ခုနစ်လ၊ ရှစ်လလောက်ပဲ ရေရှိတယ်။ ဒါတောင်

http://www.dhammadownload.com



မိုးလေဝသကောင်းမှ၊ မိုးလေဝသမကောင်းတဲ့ နှစ်ဆိုရင် ရေက အစောကြီးပြတ်သွားတတ်တယ်။ တောကျောင်းမှာ ဝေယျာဝစ္စလုပ်တဲ့ ကိုရင်နှစ်ပါးနဲ့ ကပ္ပိယ တစ်ယောက်ပဲ ရှိတယ်။

## အဆင်းရဲဆုံးနေရာ

နံနက်အရုဏ်တက်မှာ နေ့စဉ် ဆန်ပြုတ်ပဲသောက်ကြရတယ်။ အဆီအနှစ်မရှိတဲ့ အညာဆန်နဲ့ ပြုတ်ထားတဲ့ ဆန်ပြုတ်ဆိုတော့ ကျဲတောက်တောက်ပေါ့။ အရည်ကတခြား အဖတ်က တခြားပေါ့။ အဲဒီလို ကျဲတောက်တောက် ဆန်ပြုတ်လေး နေ့စဉ်သောက်ရတာကိုပဲ တရားတန်ခိုးကြောင့်လို့ ပြောပြီး ကျေနပ်နေကြတာ။ နေ့ဆွမ်းအတွက်တော့ ဆရာတော်ကြီးကိုယ်တိုင် ပဏ္ဍပိဏ် ဆွမ်းခံစားတယ်။

ဆရာတော်ကြီး အသက်ကြီးလာတော့ ကိုရင်နှစ်ပါးက ဆွမ်းခံကျွေးတယ်။ ဟင်းခွက်တွေ ဘယ်လောက်များများ ပေါင်းလိုက်ရင် လေးခွက်ပဲရှိတယ်။ ချဉ်ရည်၊ ငရုတ်သီးချက်၊ ပဲကြီးပြုတ်နဲ့ ငါးပိကောင်ကြော်ပဲ။ အဲဒီ ငါးပိကောင်ကြော်က ငန်လည်း တအားငန်သလို၊ နံလည်း တအားနံတယ်။ အညာဒေသလို ရှားပါးတဲ့ နေရာမို့သာ စားကြတာပါ။ အောက်ပြည် အောက်ရွာဆိုရင် ဒီလိုငါးပိကောင်မျိုး စားမယ်တောင် မထင်ဘူး။

အစားအစာသာ မကောင်းတာ ရာသီဥတုကျတော့ ရော ဆိုတော့ နွေခါဆိုရင် သေလောက်အောင် ပူပြီး၊ ဆောင်း

http://www.dhammadownload.com



ခါဆိုရင် ခိုက်ခိုက်တုန်ပြီး အိပ်လို့ မရလောက်အောင် အေးတယ်။ ဒီလို ဥတုကြမ်းလို့လည်း အညာဒေသက လူအများစုဟာ အသက်သိပ်မရှည်ကြရှာဘူး။ ရဟန္တာအဖြစ် ကျော်ကြားတဲ့ ညောင်လွန့်တောရဆရာတော်ကြီးတို့ သီတင်းသုံးတဲ့နေရာဟာလည်း ဒီပုံအတိုင်းပါပဲ။

## သဘာဝက ဆုံးမခြင်း

သူတော်ကောင်းများဆိုတာ အရာရာကို ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတတ်ကြတယ်။ အဲဒီလို ခေါင်းပါးတဲ့ နေရာမျိုးကို ညောင်လွန့်တောရဆရာတော်ကြီးက ဘယ်လိုပြောသလဲဆိုတော့ ...

<u>ခေါင်းပါးသော အစာရေစာနှင့် အာရုံကင်းဆိတ်သော တောရိပ်တောင်ရိပ်က ယောဂီတို့အား တစ်ဝက်ဆုံးမပြီး ဖြစ်သည်။ တဲ့</u>

ဒီနေရာမှာ မင်းတို့လို လူပုဂ္ဂိုလ်တွေ အားကျစရာကောင်းတဲ့အမျိုးသားတစ်ယောက်အကြောင်းကို ပြောပြမယ်။ တချို့က သက်န်းသာဝတ်နေတာ မာန်နတ်ရဲ့ ပထမတပ်မှာတင် ကျရှုံးသွားတဲ့ ကိုယ်တော်တွေအများကြီးပဲ။ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်နဲ့ တစ်ဆက်တည်း ညောင်ပင်သာရွာ ဆိုတာ ရှိတယ်။

အဲဒီကျောင်းဆရာတော်ဟာ သက်တော် ၆၀လောက်ပဲ ရှိသေးတော့ သေခြင်းတရားဆိုတာ အဝေးကြီးလို့ ထင်နေရှာတယ်။ ဒါကြောင့် ဝိပဿနာတရားကို လိုက်စားဖို့ သတိမရရှာဘူး။ ရသမျှ လာဘ်လာဘတွေကို မစားရက်၊ မသောက်

http://www.dhammadownload.com



ရက် စုပြီး နှစ်ထပ်တိုက်ကျောင်းကြီးတစ်ကျောင်း ဆောက်တယ်။ တိုက်ကျောင်းကြီးလည်း ပြီးရော ရေစက်တောင် မချရသေးဘူး။ အသည်းကင်ဆာနဲ့ ပျံတော်မူသွားတယ်။

အသည်းရှိသူတိုင်း အသည်းကင်ဆာနဲ့ အမြဲတမ်း သေနိုင်တယ်ဆိုတာ သံဝေဂယူသင့်တယ်။ ကွေးသော လက်မဆန့်ခင်၊ ဆန့်သောလက် မကွေးခင် သေနိုင်တယ်ဆိုတဲ့ သံဝေဂ စကားလေးကို မင်းကြားဖူးတယ် မဟုတ်လား။

သန်း ။ ။ ကြားဖူးပါတယ် ဘုရား။

နုပ် ။ ။ ငါ့ဒကာတစ်ယောက်ကတော့ ကိုယ်တွေ့ကြုံခဲ့ရတယ်လို့ ဆိုရမှာ။ သူက ဘိုကလေး ဇာတိ၊ တစ်ရက်တော့ ရွှေပြည်သာကနေ ဘိုကလေးကို သင်္ဘောနဲ့ ပြန်သွားတယ်။ သင်္ဘောကုန်းပတ်ပေါ်မှာ သူ့လိုပဲ အသက် ၂၀ ကျော်လောက်ရှိတဲ့ လူတစ်ယောက်နဲ့အတူ အားကစားဂျာနယ်ဖတ်နေကြတယ်။

ဒီအချိန်မှာ တစ်ဘက်လူဟာ ဂျာနယ်ဖတ်ပြီးတော့ မျက်စိရော၊ ခါးရော ညောင်းသွားဟန်တူတယ်။ ဂျာနယ်ကို အောက် ခဏချပြီး ပျင်းကြောဆန့်လိုက်တယ်။ လက်နှစ်ဖက် အပေါ်မြှောက်ပြီး ပါးစပ်ကလည်း အား ဆိုပြီး အော်လိုက်သေးတာပေါ့။ ဒါမှ အားရတာကိုး။ အဲသလို လက်မြှောက်ပြီး ပျင်းကျောဆန့်ရင်းပဲ ဖြတ်ဆို ရုတ်တရက် သေသွားရှာတယ်။ သေတဲ့အထိ လက်က ဆန့်လျက်ပဲ''

အလောင်းကို ဒီအတိုင်းပဲ ယူသွားရတယ်။ ဘိုကလေး ရောက်မှ စစ်ဆေးကြည့်တဲ့အခါ ဦးနှောက်သွေးကြော ပြတ်

http://www.dhammadownload.com



တာလို့ သိရတယ်။ ဦးနှောက်သွေးကြောရှိသူတိုင်း ဦးနှောက် သွေးကြောပြတ်ပြီး အမြဲတမ်းသေနိုင်တယ်ဆိုတာကို သတိ သံဝေဂယူသင့်တယ်။ တို့မြန်မာပြည် တစ်ပြည်လုံး တရား ဟော ကြွတဲ့အခါ လေဖြတ်နေတဲ့သူတွေ၊ ဆီးချို သွေးချိုဖြစ် နေတဲ့သူတွေ၊ ကင်ဆာဖြစ်နေတဲ့သူတွေကို အများဆုံးတွေ့ ရတယ်။

<u>အာဟာရအဖော်နှင့်လာသော ရောဂါများ</u>

မြန်မာတိုင်းရင်းဆေးပညာနဲ့ ပတ်သက်ပြီး ဗဟုသုတ နည်းကြတယ်။ ဦးနှောက်သွေးကြောပြတ်တယ်ဆိုတာ သွေး တိုးရှိလို့ပဲ။ ဘာကြောင့် သွေးတိုးဖြစ်ရသလဲဆို စိတ်ရယ်၊ အာဟာရရယ် နှစ်မျိုးကြောင့်လို့ ပြောရမယ်။ စိုးရိမ် ပူပန်စိတ် များတဲ့သူ၊ ဒေါသကြီးတဲ့သူ နှောက် ... ဆီ များများစားတဲ့သူ၊ ဒီလူတွေ သွေးတိုးရောဂါ ဖြစ်တာပဲ။ ဆီထဲမှာ စားအုန်းဆီဟာ အဆိုးဆုံးပဲ။

သွေးတိုးတယ်ဆိုတာ သွေးတွေ များလာတာကို ပြော တာမဟုတ်ဘူး။ သွေးတွေ အကြောထဲက တိုးထွက်ရတာကို ပြောတာ။ အသားဆီ ငါးဆီ ဘာဆီပဲစားစား လွန်ရင်မကောင်း ဘူး။ အဲဒီ စားလိုက်တဲ့ဆီတွေဟာ သွေးကြောထဲမှာ အနယ် ထိုင်သွားတယ်။ ဒီဆီတွေ ကပ်နေတော့ သွေးကြောဟာကျဉ်း သွားတာပေါ့။

"ဒါကြောင့် သွေးဟာ ပုံမှန်စီးဆင်းလို့ မရတော့ဘဲ တိုးတိုးထွက်ပြီး စီးဆင်းနေရတယ်။ အဲဒါကိုပဲ သွေးတိုးလို့

http://www.dhammadownload.com



ပြောတာ။ အကြောက အဆီတွေ တအားပိတ်လာပြီး သွေးက မရမက တိုးထွက်ပြီး စီးရတဲ့အခါ ဦးနှောက်လို နေရာက သွေးကြောပြတ်သွားတော့ တစ်ခါတည်း သေတာပဲ။ သွေးတိုး ရဲ့ နံပါတ်တစ် ရန်သူဟာ ဆီပဲ။

နံပါတ်နှစ် ရန်သူက အငန်။ အခုတော့ သွေးတိုး ကြောက်လို့ဆိုပြီး အငန်သာ လျှော့တာ၊ ဆီကျတော့ တအား စားကြတာ။ ဒါ့ကြောင့် သွေးတိုးရောဂါတွေ တအားဖြစ်တာ။ အငန်က သွေးတိုးရောဂါကို အဆီလောက် မဖြစ်မစေဘူး။ ရခိုင်လူမျိုးတွေဟာ အငန် အစပ် တအားစားကြတာပဲ။ အငန် စားလို့သာ သွေးတိုးရောဂါ ဖြစ်ရမယ်ဆိုရင် ရခိုင်လူမျိုးတိုင်း သွေးတိုးရောဂါ ဖြစ်ရမှာပေါ့။

အခု ရခိုင်တွေမှာ တစ်ယောက်မှ သွေးတိုးရောဂါဖြစ် တာ မတွေ့ဖူးဘူး။ အကယ်၍ ရခိုင်တစ်ယောက် သွေးတိုး ရောဂါဖြစ်နေတယ်ဆိုရင်လည်း မြန်မာဟင်းအတိုင်း ဆီတွေ တအားထည့်ချက်လို့ပဲ ဖြစ်ရမယ်။ ရခိုင်ဟင်းမှန်သမျှ ဆီ မထည့်ဘူး။ ငါးပိနဲ့ ဆားနဲ့ စားကောင်းအောင် ချက်တာပဲ။ ဆီးချို၊ သွေးချိုဖြစ်တာက အချိုမှုန့်တွေ တအား စားလို့ပဲ။

တို့ကျောင်းမှာ အချိုမှုန့် လုံးဝမသုံးဘူး။ တို့မိသားစု တွေ အချိုမှုန့်လုံးလုံး မစားကြတော့ဘူး။ အချိုမှုန့်စားရင် ကလေးတွေရဲ့ မှတ်ဉာဏ်ကိုလည်း ထိခိုက်စေတယ်။ ဒါ ကြောင့် ဆီးချို၊ သွေးချိုရောဂါ မဖြစ်စေချင်ရင် အချိုမှုန့်ကို လုံးဝရှောင်သင့်တယ်။ ကင်ဆာရောဂါဖြစ်ခြင်းရဲ့ အဓိက

http://www.dhammadownload.com



အကြောင်းကတော့ ရေခဲရိုက်ထားတဲ့ အသားကင်တွေ၊ အသားဟင်းတွေ အများကြီးစားကြလို့ပဲ။

## ဆီးချိုရောဂါဖြစ်ရခြင်းအကြောင်းရင်း

ဒါ့ကြောင့် အသားငါးကိုလည်း လျှော့စားသင့်တယ်။ အသားငါးတွေ တအားစားပြီး လှုပ်ရှားမှုမရှိတဲ့အတွက်ကြောင့် တောသူတောင်သားထက် မြို့သူမြို့သားတွေမှာ ဆီးချို သွေးချိုရောဂါ ပိုဖြစ်ကြောင်း တလောက ဂျာနယ်တစ်စောင်မှာ မြန်မာပြည်ဆရာဝန်များအဖွဲ့က ထုတ်ပြန်တယ်။ ဒီခေတ်လူတွေ ဘယ်လောက်အလုပ်များများ ဘုရားရှင်ကို မမီပါဘူး။

အဲဒီလောက်အလုပ်များတဲ့ဘုရားရှင်တောင် တစ်ရက်မှာ တစ်နာရီနဲ့ မိနစ်နှစ်ဆယ် စင်္ကြံလျှောက်တယ်။ ဒါကြောင့် ဘယ်သူမဆို ရောဂါကင်းပြီး ကျန်းမာရေးကောင်းချင်ရင် ဘုရားရှင်ရဲ့နည်းအတိုင်း တစ်ရက်မှာ တစ်နာရီနဲ့မိနစ်နှစ်ဆယ်တော့ စင်္ကြံလျှောက်သင့်ပါတယ်။ လမ်းပေါ် လျှောက်ချိန်မရလည်း ကိုယ့်တိုက်ခန်းထဲ နာရီကြည့်ပြီးလျှောက်ရုံပေါ့။

စောစောက စကားကို ပြန်ဆက်ရအောင်။ တချို့က သက်န်းဝတ်ပြီး ကာမဂုဏ်ဆိုတဲ့ မာရ်နတ်ရဲ့ ပထမတပ်မှာ ကျဆုံးသွားရပေမယ့် တချို့ကတော့ လူ့လောကမှာ အိမ်ထောင်သားမွေးအလုပ်ကို လုပ်နေရပေမယ့် မာရ်နတ်ရဲ့ တပ်မကြီးဆယ်တပ်လုံးကို ကျော်သွားနိုင်သူတွေလည်း ရှိတယ်။ ဗုဒ္ဓလက်ထက်ကဆိုရင် သုဒ္ဓေါဒနမင်းကြီးဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရင်း မင်းဝတ်မင်းစားနဲ့ ရဟန္တာ ဖြစ်ပြီး ပရိနိဗ္ဗာန်စံ

http://www.dhammadownload.com



သွားခဲ့တာပဲ။

စိတ္တသူကြွယ်တို့၊ ဝိသာခသူဌေးတို့၊ ထေရိကာတို့ ဆိုတာ အာရုံငါးပါး ကာမဂုဏ်ကြားထဲမှာ နေရင်း မာရ်နတ်ရဲ့ တပ်မကြီး ဆယ်တပ်ကို ကျော်လွှားပြီး အနာဂါမ်တည်ခဲ့ကြတာပဲ။ ကင်းဆိတ်ခြင်း သုံးမျိုးရှိတယ်။

ကာယဝိဝေက = အပေါင်းအဖော်ကလည်း ကင်းဆိတ်ပြီး နေရမယ်။ စိတ္တဝိဝေက = ကိလေသာကလည်း ကင်းဆိတ်ပြီး နေရမယ်။ ဥပဓိဝိဝေက = ရုပ်နာမ်ကလည်း ကင်းဆိတ်ပြီး နေရမယ်။

ရုပ်နာမ်က ကင်းဆိတ်နေတယ်ဆိုတာ ဖလသမာပတ်နဲ့ နိရောဓသမာပတ် တစ်ခုခုဝင်စားပြီး နေတာကို ပြောတာ။ ဒီသုံးခုမှာ အပေါင်းအဖော်က ကင်းဆိတ်ပြီးနေသော်လည်းပဲ ကိလေသာက ကင်းဆိတ်ပြီးမနေရင် သိပ်အကျိုးမရှိဘူး။ အခြေအနေအရ အပေါင်းအဖော် သားမယား ဆွေမျိုးသားချင်းတွေနဲ့ အတူနေရသော်လည်း ကိုယ့်စိတ်ထဲမှာ အစွဲအလမ်းတွေ ကင်းပြီးနေမယ်ဆိုရင် စိတ္တဝိဝေကဖြစ်တာပဲ။

အဲဒီလို စိတ္တဝိဝေက ဖြစ်အောင် နေနိုင်တဲ့အတွက် သုဒ္ဓေါဓနမင်းကြီးတို့၊ စိတ္တသူကြွယ်တို့၊ ဝိသာခသူဌေးတို့၊ ထေရိကာတို့ဟာ သားမယား ဆွေမျိုးသားချင်းတွေကြားထဲမှာ မဂ်ဖိုလ်ကိစ္စတွေ ပြီးသွားကြတာပေါ့။ ဒါကြောင့် တရားဆိုတာ ခန္ဓာမှာ ရှိတာလို့ သူတော်ကောင်းတွေက ပြောကြတာပေါ့။ အခုပြောမယ့် ပုဂ္ဂိုလ်အကြောင်းကို ပါရဂူ ရေးတဲ့ မာနဝပ်ပုံရိပ်ဆို

http://www.dhammadownload.com



တဲ့စာအုပ်ထဲက ရတယ်။

## ကံကြမ္မာတူသော မင်းနှစ်ပါး

ကန်တော်မင်ပန်းခြံရဲ့ တောင်ဘက်ကပ်ရက်နေရာမှာ အုတ်ဂူတစ်ဂူရှိတယ်။ ဘယ်သူ့အုတ်ဂူလဲဆိုတော့ အိန္ဒိယနိုင်ငံရဲ့ နောက်ဆုံးဘုရင်ဇဖာရှားရဲ့ အုတ်ဂူပဲ။ အိန္ဒိယ ဘုရင်တစ်ပါးရဲ့ အုတ်ဂူဟာ ဘာဖြစ်လို့ မြန်မာပြည်ရောက်နေရတာလဲ လို့မေးခဲ့ရင် မြန်မာနိုင်ငံရဲ့ နောက်ဆုံးဘုရင် သီပေါမင်းရဲ့ အုတ်ဂူဟာ အိန္ဒိယနိုင်ငံ ရတနာဂီရိမှာ ရှိနေသလိုပါပဲလို့ အကျဉ်းချုပ်ဖြေရမှာပဲ။

သန်း ။ ။ တပည့်တော်တော့ ဒီအကြောင်းတွေ တစ်ခါမှ မကြားဖူးဘူး။ လူငယ်တွေအတွက် နည်းနည်းအကျယ်ချဲ့ပြောပါဦးဘုရား။

နုပ် ။ ။ ဒီလိုကွ။ အင်္ဂလိပ်တွေဟာ အိန္ဒိယရော၊ မြန်မာပြည်ရော သူတို့လက်အောက်ရောက်သွားတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ နောက်ဆုံးဘုရင်သီပေါမင်းကို ဖမ်းယူပြီး အိန္ဒိယနိုင်ငံ၊ ရတနာဂီရိမှာ သေတဲ့အထိ အကျယ်ချုပ်နဲ့ ထားလိုက်တယ်။ ထို့အတူ အိန္ဒိယနိုင်ငံရဲ့ နောက်ဆုံးဘုရင် ဇဖာရှားကိုလည်း ဖမ်းယူပြီး မြန်မာနိုင်ငံ၊ ရန်ကုန်မှာ သေတဲ့အထိ အကျယ်ချုပ်နဲ့ ထားလိုက်တာပဲ။

အခုပြောမယ့် မြန်မာအမည် ဦးဘအေး၊ အိန္ဒိယအမည် အဂ်စီဘရှူးဝါးဟာလည်း ဇဖာရှားဘုရင်လို မြန်မာပြည်မှာ သေတဲ့အထိ နေသွားခဲ့တာပဲ။ ဇဖာရှားနဲ့ အက်စီ

http://www.dhammadownload.com



ဘင်္ဂလီလူမျိုး ဘရူးဝါးတို့ဟာ အိန္ဒိယနိုင်ငံသားချင်းလည်း တူတယ်။ မြန်မာပြည်မှာ သေတဲ့အထိ နေသွားတာချင်းလည်း တူတယ်။ မတူတာ တစ်ခုကတော့ ဖဲဘရူးက အင်္ဂလိပ်တွေက ဖမ်းဆီးခေါ်ဆောင်လာလို့ မြန်မာပြည်ကိုရောက်တာ။ အက်စီဘရူးဝါးကတော့ သူကိုယ်တိုင် မြန်မာနိုင်ငံကို စိတ်ဝင်စားလို့ လာခဲ့တာ။ ဒါတော့ ထူးတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၆ နှစ်လောက်ကပေါ့။ ဒီအချိန်က အိန္ဒိယနိုင်ငံသားတွေ မြန်မာပြည်ကို တအားလာနေကြတဲ့အချိန်ပေါ့။ ဒီအချိန်က သူတို့ဆီနဲ့စာရင် မြန်မာပြည်က အစားအသောက်ပိုပြီး ပေါများတာကိုး။

အက်စီဘရူးဝါးဟာ ငယ်ရွယ်စဉ်ကျောင်းသား ဖတ်စာထဲမှာ ဘုရားပုထိုး တိုင်းပြည် – မြန်မာပြည်ဆိုတဲ့စာတစ်ပုဒ်ကို ဖတ်ပြီးကတည်းက မြန်မာပြည်ကိုလာချင်နေခဲ့တာ။ တကယ်တော့ သူတို့စစ်တကောင်းက ဘရူးဝါးလူမျိုးတွေဟာ ထေရဝါဒ ဗုဒ္ဓဘာသာတွေပါပဲ။ ဘရူးဝါးလူမျိုးတွေထဲမှာ ဗုဒ္ဓဘာသာ ပညာရှင်တွေ အများကြီး ပေါ်ထွန်းခဲ့တယ်။

စစ်ကြိုခေတ် ကာလကတ္တားတက္ကသိုလ် ပါဠိပါမောက္ခဟာ ဘရူးဝါးလူမျိုးတစ်ယောက်ပဲ။ ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာ စသော ကျမ်းဂန်များကို ရေးသားတဲ့ ဘီအာဘရူးဝါးဆိုတာလည်း ဘရူးဝါးလူမျိုးတစ်ယောက်ပါပဲ။ တခြားအိန္ဒိယသားတွေ မြန်မာပြည်လာတာက စီးပွားရှာဖို့ သက်သက်ပဲ။ အက်စီဘရူးဝါးကတော့ မြန်မာပြည်ကို တရားရှာဖို့

http://www.dhammadownload.com



လာတာလို့ပဲ ပြောရမယ်။

တကယ်တော့ သူ့မိဘတွေဟာ ပစ္စည်းရှိကြတယ်။ သူကသာ မြန်မာပြည်ကို စိတ်ဝင်စားလွန်းလို့ စွန့်စားပြီးလာခဲ့တာပဲ။ သူ မြန်မာပြည်ထွက်လာတုန်းက အသက် ၂၃ နှစ်ပဲ ရှိသေးတယ်။ သူဟာ အင်္ဂလိပ်ကျောင်းမှာ ကိုးတန်း အထိ အောင်ခဲ့တယ်။ ဟိုမယိုပက်သစ် ဆေးပညာစာမေးပွဲကိုလည်း အောင်ခဲ့တဲ့အတွက် လူနာတွေကို ဆေးလည်းကုနိုင်တယ်။

ရန်ကုန်ရောက်စတော့ အလုပ်ကတော်တော်နဲ့ မရဘူး။ နေတာကတော့ အိန္ဒိယအမျိုးသားတွေ စုပေါင်းနေထိုင်တဲ့ တန်းလျားကြီးတစ်ခုမှာပေါ့။

သူဟာ ငယ်စဉ်ကတည်းက ပရဟိတစိတ်ဓာတ် ရှိတယ်။ တန်းလျားမှာ နေထိုင်တဲ့ အိန္ဒိယအမျိုးသားတွေရဲ့ ကလေးတွေကို စာသင်ပေးတယ်။ အင်္ဂလိပ်စာမတတ်တဲ့ အိန္ဒိယအမျိုးသားတွေရဲ့လျှောက်လွှာတွေ၊ ငွေပို့လွှာတွေကို ကူညီတဲ့အနေနဲ့ ရေးပေးတယ်။

တန်းလျားက အလုပ်သမားတွေ စေတနာရှိသလောက် ထောက်ပံ့တာကိုပဲ လက်ခံတယ်။ နောက်တော့ အင်္ဂလိပ်စစ်တပ် ဆေးဘက်မှာ အလုပ်ရသွားတယ်။ ရရချင်း စစ်တပ်နဲ့ ကွတ်ခိုင်ဘက်ကိုသွားရတယ်။

ငွေကို အဓိကမထားဘဲ မေတ္တာကို အဓိကထားတဲ့ သူ့ရဲ့စိတ်ဓာတ်ကို ဆရာဝန်ကြီးတွေက လေးစားသွားတယ်။ ဒါကြောင့် အရေးကြီးတဲ့ ခွဲစိပ်ကုသရေးတွေကအစ သူ့ကို

http://www.dhammadownload.com



လုပ်ခွင့်ပေးလာတယ်။

## လူသိနည်းသော လူယုတ်မာ

ဒါကြောင့် သူဟာ ဆရာဝန်တစ်ယောက်လိုကို ကုသရေးမှာ တော်လာတာ။ အဲဒီတုန်းက ပထမဆုံးရတဲ့ လခတစ်ရာကို တစ်ပြားတစ်ချပ်မှမသုံးဘဲ မိဘတွေဆီ ပို့ပေးတယ်။ သုတ္တနိပါတ်ပါဠိတော်၊ ဝသလသုတ်မှာ အိုမင်းလာတဲ့မိဘတွေကို လုပ်ကျွေးနိုင်စွမ်းရှိပါလျက် လုပ်မကျွေးတဲ့ သားသမီးဟာ လူ ယုတ်မာသာဖြစ်တယ်လို့ ဘုရားက ဟောထားတယ်။ ဒီအကြောင်းကို ခေတ်လူငယ်တွေ နားလည်အောင် ရွှေဟင်္သာတောရ၊ စံကျောင်းဆရာတော်ကြီးက ...

*အနန္တဂိုဏ်းဝင် အဓိကထားရသည့်*
*မိဘနှစ်ပါး ကြီးကျယ်စွာ။*
*လက်ဦးဆရာ ဖြဟ္မာအလားသို့*
*ဘဂဝါဘုရား ဟောခဲ့တာ။*
*သူတို့မွေးတာ ကျေးဇူးအမြတ်ကို*
*ကြွေးအထူးဆပ်ဖို့ နားလည်ပါ။*
*စွမ်းနိုင်လျက်သား အိုမင်းငြား*
*ပစ်ထား လူယုတ်မာ။*

အဲဒါကြောင့် ဗုဒ္ဓထုတ်ဟော အယုတ်သဘောကင်းစေရာ။ လို့ လင်္ကာလေးသီပြထားတယ်။

နောက်ဇာတ်အဋ္ဌကထာသုဝဏ္ဏသာမ ဇာတ်အဖွင့်မှာ မိဘကိုလုပ်ကျွေးတဲ့ သားလိမ္မာသမီးလိမ္မာတွေ ခံစားရမယ့်

http://www.dhammadownload.com



ကောင်းကျိုးသုံးမျိုးကိုလည်း ဖွင့်ပြထားတယ်။ အဲဒီ ကောင်းကျိုး သုံးမျိုးက မိဘကိုလုပ်ကျွေးတဲ့ သားလိမ္မာသမီးလိမ္မာတွေကို ပညာရှိသူတော်ကောင်းတွေက လေးစားကြတယ်။ ချီးကျူးကြတယ်။ သေတဲ့အခါမှာလည်း နတ်ပြည်ကို ရောက်တယ်။ ကုသလို့မရတဲ့ရောဂါတွေဖြစ်ရင် နတ်ကောင်းနတ်မြတ်တွေက ဆေးကုပေးတယ်။ ဘယ်နေရာရောက်ရောက် ဘေးမရောက်အောင်လည်း စောင့်ရှောက်တယ်။

ငါတို့ရဲ့ စာပေတွေ၊ တရားတွေ အောင်မြင်တဲ့အကြောင်းများစွာထဲမှာ မိဘလုပ်ကျွေးတာဟာလည်း အကြောင်းတစ်ခုအနေနဲ့ပါတယ်။ ငါဟာ အမေ့ကို ကျောင်းမှာ ခေါ်ထားပြီး ခြောက်နှစ်ကျော်တဲ့အထိ ပြုစု လုပ်ကျွေးခွင့်ရတယ်။ နောက်တော့ မြိတ်တို့ ကော့သောင်းတို့မှာ ရိပ်သာခွဲတွေ ဖွင့်လို့ အဲဒီမှာသွားနေရလို့ မယ်တော်ကြီးကို အမရပူရပြန်ပို့ပေးလိုက်ရတယ်။ ခမည်းတော်ကြီးကတော့ ၅၈ နှစ်အရွယ်မှာ ဆုံးတော့ တို့ကျွေးမွေးဆပ်ခွင့် မရလိုက်ဘူး။

မယ်တော်ကြီးက အသက် ၇၇ နှစ်မှာ ဆုံးတယ်။ မိဘကျွေးမွေးနဲ့ ပတ်သက်တဲ့စိတ်ဝင်စားစရာ အကြောင်းအရာတွေကို အနုဿဂိုဏ်းဝင်ကျွေးမွေးရှင်ဆိုတဲ့စာအုပ်ကျမှအကျယ်ရေးတော့မယ်။ မိဘကို လုပ်ကျွေးတဲ့ အက်စီဘရှူးဝါးဟာ ရာထူးလည်း ခဏနဲ့တက်တယ်။ နောက်တော့ လခစားလုပ်မစားချင်တာနဲ့ စစ်တပ်ကထွက်လိုက်ပြီး မုံရွာခရိုင်ချောင်းဦးမြို့မှာ ကိုယ်ပိုင်ဆေးခန်းဖွင့်တယ်။

http://www.dhammadownload.com



အက်ဗီဘရှူးဝါးတို့ စစ်တကောင်းနယ်မှာ အစွလာမ် ဘာသာဝင်ရော၊ ဗုဒ္ဓဘာသာဝင်ရော နှစ်မျိုးလုံးရှိတယ်။ ဒီနယ်ကို ထေရဝါဒဗုဒ္ဓဘာသာ ဘာကြောင့်ရောက်သွားရတာလဲ ဆိုတော့ ဗုဒ္ဓဘာသာရခိုင်ဘုရင်တွေသွားပြီး စိုးမိုးခဲ့ဖူးလို့ပဲ။ နောက် ချောင်းဦးသူ မရွှေစုဆိုတဲ့ အမျိုးသမီးတစ်ဦးနဲ့ အိမ်ထောင်ကျတယ်။ သူဟာ အိမ်ထောင်ဦးစီးဖြစ်တဲ့အတွက် သားမယားကို မျက်နှာမငယ်ရအောင် လုပ်ကိုင် ကျွေးမွေးတယ်။

ဒါပေမဲ့ သူ့ရဲ့တရားအလုပ်ကိုလည်း အလစ်ဟင်းမခံဘူး။ နွားမကြီးဟာ မြက်ကိုစားတဲ့အလုပ်၊ သားကို စောင့်ရှောက်တဲ့အလုပ် နှစ်မျိုးလုံးကို တစ်ပြိုင်နက် လုပ်သလိုပေါ့။ လယ်တီဆရာတော်ကြီး ဒီပနီစာအုပ်တွေကိုတော့ ဦးဘအေး အများဆုံး ဖတ်ဖြစ်မယ်လို့ထင်တယ်။ ချောင်းဦးဆိုတာက မုံရွာနဲ့ ကပ်နေတာကိုး။ စာဖတ်တာ၊ တရားနာတာဟာလည်း တရားကျင့်ခြင်းတစ်မျိုးပဲ။

*တချို့က တရားစာအုပ်ဖတ်တာကို ဒါသညာသိ*
*အလုပ်တွေပါဆိုပြီး ပိတ်ပင်တတ်တယ်။*
*မပိတ်ပင်ကောင်းဘူး။ ကုသိုလ်အလုပ်မှန်သမျှကို*
*ပိတ်ပင်ရင် ပုညန္တရာယ်ဖြစ်တတ်တယ်။*
*ပုညန္တရာယ်ဆိုတာ သူတစ်ပါး ကုသိုလ်မရအောင်*
*အန္တရာယ်ပြုနှောင့်ယှက်တာပေါ့။ ပြီးတော့ ပညာသိ*
*ဆိုတာ သညာသိကနေတဆင့် သွားရတာ။ ချက်ချင်း*
*သွားလို့ရတာ မဟုတ်ဘူး။ စာမဖတ်တတ်ရင် တရား*

http://www.dhammadownload.com



*နာပေ့။ တရားနာတာ၊ စာဖတ်တာဟာ ပရိယတ္တိ*
*သာသနာပဲ။ ဒါကို ဥာတပရိညာလို့ ခေါ်တယ်။*
*နာကြားပြီး၊ ဖတ်ရှုပြီး သိသွားလို့ လက်တွေ့ကျင့်*
*တာကျတော့ တီရဏပရိညာလို့ခေါ်တယ်။*
*အချိန်တန်လို့ ဆိုင်ရာ မဂ်က ဆိုင်ရာကိလေသာကို*
*ပယ်သတ်ပေးတာကိုကျတော့*
*မဟာနပရိညာလို့ ခေါ်တယ်။ စာမဖတ်ရ၊*
*တရားမနာရလို့ ပိတ်တာဟာ ပရိယတ္တိသာသနာကို*
*ပယ်တာပဲ။ ဥာတပရိညာကို လက်မခံတာပဲ။*

အတ္တကြီးတဲ့ သူက ကိုယ်ကျိုးကို အဓိကထားတယ်။ အတ္တမရှိတဲ့သူ၊ အတ္တပါးသွားတဲ့သူကျတော့ သူတစ်ပါးအကျိုးကိုအဓိကထားတယ်။ တကယ်တော့ အများအကျိုး လုပ်ပြီဆိုရင် ကိုယ့်အကျိုးပါ တစ်ခါတည်း ပါသွားပြီးသားပါ။

<u>တရား ရှိ၊ မရှိ တိုင်းတာနည်း</u>

*တရားမရှိသူက ယူရတာကို ပျော်တယ်*
*တရားရှိသူက လှူရတာကို ပျော်တယ်*
*တရားမရှိသူက ငါ ကောင်းစားဖို့လှူတာ*
*တရားရှိသူက လောကကောင်းစားဖို့လှူတာ*
*တရားမရှိသူက လူအထင်ကြီးဖို့လှူတာ*
*တရားရှိသူက လောဘကုန်ဖို့ လှူတာ*
*တရားမရှိသူက ကမ္ပည်းထိုးပေးတဲ့နေရာလှူတယ်*
*တရားရှိသူက တကယ်လိုတဲ့နေရာလှူတယ်*

http://www.dhammadownload.com



*တရားမရှိသူက ကျော်ကြားတဲ့သူကိုမှ လျှုတယ်*
*တရားရှိသူက ဒုက္ခရောက်တဲ့သူကိုမှ လျှုတယ်*
*တရားမရှိသူက လှူတာကနည်းတယ်။ မျှော်လင့်ချက်က များတယ်။*
*တရားရှိသူက လှူတာကများတယ်၊ မျှော်လင့်ချက် ဘာမှမထားဘူး။*

ဦးဘအေးက ပညာရှိဆိုတော့ ငွေရော၊ ကုသိုလ်ရော နှစ်မျိုးလုံးရှာတယ်။ ပညာမဲ့တွေကတော့ သိတတ်တဲ့ အရွယ်ကနေ သေတဲ့အထိ ငွေပဲရှာတယ်။ ကုသိုလ်ကို မရှာကြဘူး။ ငွေဆိုတာ ဒီလူ့ဘုံတစ်ဘုံပဲ သုံးရတာ။ ကျန်တဲ့ ဘယ်ဘုံမှ သုံးလို့မရဘူး။ ကုသိုလ်ကျတော့ ၃၁ ဘုံ အကုန်သုံးလို့ရတယ်။ ဒီအချက်ကို ပညာတကယ်ရှိမှ သိနိုင်တယ်။ ပညာမဲ့တွေ မသိနိုင်ဘူး။ ဒီအသိဟာ သံသရာနဲ့ ပတ်သက်ပြီး ထိုးထွင်း သိရတဲ့အသိဖြစ်လို့ ဘီအေ၊ အမ်အေ၊ ပီအိပ်ချ်ဒီတွေ ရပေမယ့် ဒီအသိမျိုးရှိချင်မှ ရှိမယ်။ ဘာကြောင့်လဲဆိုတော့ ဒီဘွဲ့ တွေရထားပြီး မလှူရက် မတန်းရက်နဲ့ သေသွားသူတွေကို အများကြီး တွေ့နေရလို့ပါပဲ။

တရားမရှိတဲ့သူတွေ စီးပွားရှာတဲ့အခါ အမြတ်ငွေကို အဓိကထားပြီး စီးပွားရှာတယ်။ တရားရှိတဲ့သူကတော့ စီးပွား ရှာတဲ့အခါ မေတ္တာ စေတနာကို အဓိကထားပြီး စီးပွားရှာ တယ်။ အမြတ်ငွေကို အဓိကထားပြီး စီးပွားရှာရင် အမြတ်ငွေ တစ်ခုပဲ ရမယ်။ ကုသိုလ်လည်း မရဘူး။ လုပ်ငန်းလည်း တကယ် မအောင်မြင်ဘူး။ မေတ္တာ စေတနာကို အဓိကထားပြီး စီးပွားရှာရင် အမြတ်ငွေလည်းရတယ်။ ကုသိုလ်လည်းရတယ်။

http://www.dhammadownload.com



လုပ်ငန်းလည်း အရင်ထက် ဆယ်ဆမက အောင်မြင်တယ်။

**အောင်မြင်ခြင်း၏အဓိပ္ပါယ်အကြောင်း**

ဦးဘအေးဟာ တရားရှိထားတဲ့ သူဆိုတော့ သူ့ရဲ့ ဆေးကုသတဲ့လုပ်ငန်းမှာ မေတ္တာစေတနာကို အဓိကထား တယ်။ ဒါ့ကြောင့် လုပ်ငန်းက တအားအောင်မြင်တယ်။ လုပ်ငန်း အောင်မြင်တဲ့အတွက် ပုဂံက ရွှေဂူကြီးဘုရားကို ကမကထပြုလုပ်ပြီး ပြင်ဆင်နိုင်ခဲ့တယ်။ မိဘများ၊ ယောက္ခမများ အမွေဘုရားတန်ဆောင်းတွေကိုလည်း ပြုပြင်ပေးနိုင် ခဲ့တယ်။ သတိပဋ္ဌာန်အသင်းနဲ့ မန္တလေး ဘဂ်ါလီဗုဒ္ဓ ဘာသာ အသင်းတို့မှာ ဥက္ကဋ္ဌအဖြစ် အိတ်စိုက်ဆောင်ရွက်ခဲ့တယ်။

ခန္တောရိပ်သာနဲ့ ဓမ္မာရာမကျောင်းတိုက်အတွင်းမှာ ကမ္မဋ္ဌာန်းကျောင်းတွေ ဆောက်လုပ်လှူဒါန်းခဲ့တယ်။ ဘယ် လောက် သဒ္ဓါကောင်းသလဲဆိုရင် မိမိကိုယ်တိုင်နေတဲ့ အုတ် တိုက်ကြီးကိုတောင် ဘာသာရေးအခမ်းအနားတွေ ကျင်းပဖို့ သာသနာ့ဗိမာန်အဖြစ် လှူထားခဲ့တယ်။ သူ သိထားတဲ့ တရား အသိဟာ သညာသိ၊ စာသိ၊ ဗဟုသုတသိမဟုတ်ဘဲ ပညာ သိ၊ ခန္ဓာသိ၊ ပဋိဝေဓသိဆိုတာကို သူ့အလုပ်က လက်တွေ့ပြ နေတာပေါ့။

ဦးဘအေးဟာ ဘာသာရေးတင်မကဘူး။ လူမှုရေး အလုပ်တွေမှာလည်း ရှေ့တန်းက ပါဝင်ခဲ့တယ်။ ချောင်းဦး အမျိုးသားကျောင်း ကော်မတီမှာ ဘဏ္ဍာရေးမှူးအဖြစ် ဆောင် ရွက်ခဲ့တယ်။ အထက်တန်းကျောင်းဖြစ်မြောက်ရေးမှာလည်း

http://www.dhammadownload.com



ကာယအား၊ ဉာဏအား၊ ငွေအားတွေ အကုန်ထည့်ပြီး ကူညီခဲ့တယ်။ ဂျပန်လက်ထက် ဆေးဝါးနဲ့ ဆရာဝန်ရှားပါးနေချိန်မှာ ပြည်သူ့ဆေးရုံ တာဝန်ခံအဖြစ် ဆောင်ရွက်ပြီး ဆေးဝါးတွေ လှူပြီး အခမဲ့ကုသပေးခဲ့တယ်။ ဒဿနလေးတစ်ခုရှိတယ်။

*"နူးညံ့တဲ့ မှိုပွင့်ဟာ ခက်မာတဲ့ မြေပြင်ကိုဖောက်ထွက်လာနိုင်စွမ်းရှိတယ်။ အလုံးအခဲရှာမရဘဲ သိမ်မွေ့လှတဲ့ ရေလှိုင်းလေးတွေဟာ ခက်ထန်မာကြောလှတဲ့ ကျောက်တောင်ကျောက်ဆောင်းတွေကို သဲမှုန်လေးတွေ ဖြစ်သွားအောင် တိုက်စားနိုင်စွမ်းရှိတယ်။ ထို့အတူ သူတော်စင်တွေရဲ့ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားဟာလည်း မသူတော်တွေရဲ့ ခက်မာတဲ့ နှလုံးသားကို ပျော့ပျောင်း နူးညံ့ပြီး သူတော်ကောင်းဖြစ်လာစေနိုင်စွမ်း ရှိတယ်"*

ဆိုတဲ့ စကားလေးပဲ။

အဲဒီဒဿနအတိုင်းပဲ ဆရာဝန်ဦးဘအေးဟာ ဓားပြခေါင်းဆောင်တစ်ယောက်ကို လူကောင်းဘဝရောက်စေခဲ့ဖူးတယ်။

## ဓါးပြကျတဲ့မျက်ရည်

သန်း ။ ။ ဆရာဝန်နဲ့ ဓားပြနဲ့ ဘယ်လိုတွေ့တာလဲ ဘုရား။

နုပ် ။ ။ ဒီလိုကွ။ တစ်ရက်တော့ တောသားတစ်ယောက် လူနာလိုက်ကြည့်ဖို့ လာပင့်တယ်။ ဦးဘအေးလည်း ဆေးအိတ်ဆွဲပြီး လိုက်သွားတာပေါ့။ တောနက်ထဲရောက်တဲ့အခါကျ

http://www.dhammadownload.com



တော့ တဲတစ်လုံးထဲမှာ ဓားဒဏ်ရာကြောင့် သွေးသံ တရဲရဲဖြစ်နေတဲ့ လူနာတစ်ယောက်ကို တွေ့ရတယ်။ အဲဒီလူနာဟာ ဓားပြခေါင်းဆောင်ဖြစ်နေတယ်။ အိမ်တစ်အိမ် ဓားပြသွားတိုက်ရင်း အိမ်ရှင်ခုတ်လိုက်တဲ့ ဓားချက်ထိလာတဲ့ အကြောင်းကို သိရတယ်။

သူဟာ ဆေးကုပေးရင် ကောင်းမလား။ မကုဘဲထားခဲ့ရင် ကောင်းမလားဆိုတာကို အပြန်ပြန်အလှန်လှန် စဉ်းစားတယ်။ နောက်တော့ အခုအချိန်မှာ ဓားပြအနေနဲ့ မြင်စရာမလိုဘူး။ ဆရာဝန်တစ်ယောက်ဖြစ်တဲ့ ငါဟာ လူနာအဖြစ်ပဲမြင်ရမယ်ဆိုပြီး ဆေးကုသပေးလိုက်တယ်။ ဆေးကုသပြီးတဲ့အခါ ဓားပြခေါင်းဆောင်က ငွေတွေပုံပြီးတော့ ပေးတယ်။ ဦးဘအေးဟာ ငွေကို တစ်ပြားမှ မယူဘူး။

ကတိတစ်ခုကိုပဲ တောင်းတယ်။ နောက်နောင် ဓားပြအလုပ်ကို ဘယ်တော့မှမလုပ်တော့ပါဘူး ဆိုတဲ့ကတိပဲ။ ဓားပြခေါင်းဆောင်ဟာ ဝမ်းနည်း ဝမ်းသာဖြစ်ပြီး ဦးဘအေးရဲ့ လက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်းနဲ့ ယောကျ်ားကြီးတန်မဲ့ ငိုရှာတယ်။ ဝမ်းနည်းတာက သူ တိုက်လို့ ခိုက်လို့ရတဲ့ ရွှေငွေတွေကို ယူငင်သုံးစွဲနေကြတဲ့ သူ့ဆွေမျိုး မိတ်သင်္ဂဟတွေဟာ သူ့ကို အခုလို ဘယ်သူမှ မဆုံးမဖူးဘူး။ ဒါကြောင့် ဝမ်းနည်းတာ။

ဝမ်းသာတာက ဆေးကုသဖိုးငွေ မယူတဲ့အပြင် သူ့ဘဝကို လူကောင်းဘဝပြောင်းပေးမယ့် ကတိကိုတောင်းနေ

http://www.dhammadownload.com



တဲ့ သူ့ဘဝမှာ တစ်ခါမှမတွေ့ဖူးတဲ့၊ အနစ်နာခံတဲ့ သူတော်ကောင်းတစ်ယောက်ကို တွေ့ရလို့ပဲ။ ကတိလည်း ပေးရှာပါတယ်။ ပေးတဲ့အတိုင်းလည်း နောင်တစ်ချိန်မှာ ဓားပြခေါင်းဆောင်ဟာ ရပ်ကျိုးရွာကျိုး တကယ်ဆောင်ရွက်တဲ့ သူတော်ကောင်းတစ်ယောက်ဖြစ်သွားခဲ့ပါတယ်။ ဦးဘအေးဟာ လူသားတွေရဲ့ ရုပ်ခန္ဓာမှာဖြစ်တဲ့ ရောဂါကိုသာ ကုသပေးတာမဟုတ်ဘူး။ စိတ်ခန္ဓာမှာဖြစ်တဲ့ ကိလေသာရောဂါတွေကိုပါ ကင်းပျောက်အောင် ကုသပေးသွားတယ်။

သန်း ။ ။ အဲဒါ ဘာကို ပြောတာလဲဘုရား။

နုပ် ။ ။ သူဟာ ဝိပဿနာကျမ်းနဲ့တကွ တက်ကျမ်းအချို့ကို ရေးသားသွားခဲ့တာကို ပြောတာပဲ။ သူ ရေးခဲ့တဲ့ တက်ကျမ်းတွေက ...

၁။ ဒွိချမ်းသာရေး

၂။ ပြည်သူ့သက်စောင့်

၃။ ကူးစက်တတ်သောရောဂါ

၄။ ဦးစွာစောင့်ရှောက်နည်း

၅။ အောင်ခြင်းမင်္ဂလာ

၆။ သင်္ဂြိုဟ် တက်လမ်းတို့ပဲ။

ဘာသာရေးစာအုပ်တွေကတော့ ...

၁။ ကျောင်းသုံးဗုဒ္ဓဝင်

၂။ နိဗ္ဗာန်စခန်း မင်္ဂဖိုလ်လမ်း စာအုပ်တို့ပဲ။ တချို့စာအုပ်တွေဟာ ပညာရေးဌာနမှာ ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်း

http://www.dhammadownload.com



တောင် ခံရတယ်။ သူရေးခဲ့တဲ့ စာအုပ်စာရင်းတွေကို ကြည့်လိုက်တဲ့အခါ မြန်မာဘာသာနဲ့ ခြောက်အုပ်၊ ပါဠိ ဘာသာနဲ့ သုံးအုပ်၊ အင်္ဂလိပ်ဘာသာနဲ့ သုံးအုပ်ရေးသွားခဲ့ကြောင်း တွေ့ရတယ်။

<u>ဘာသာစကားသုံးမျိုးနဲ့ရေးသော စာရေးဆရာ</u>

စာရေးဆရာ တစ်ဦးတည်းက ဒီလို ဘာသာစကားသုံးမျိုးလုံးနဲ့ ရေးတယ်ဆိုတာ တော်တော်ရှားတယ်။ ရေးနိုင်ဖို့လည်း မလွယ်ဘူး။ ဦးဘအေး ရေးတဲ့ ဝိပဿနာ ကျမ်းစာအုပ်ဟာ မိမိကိုယ်တွေ့၊ ဆရာ့ကိုယ်တွေ့၊ ဗုဒ္ဓ ကိုယ်တွေ့ သုံးမျိုးလုံးကိုညှိပြီးရေးထားတာဖြစ်လို့ ဝိပဿနာကို လက်တွေ့ ပွားများနေတဲ့သူတွေရော၊ စာပေပညာရှင်တွေရော အားလုံးက လက်ခံချီးကျူးကြတယ်။ ဆရာပါရဂူက သူ့စာအုပ်ထဲမှာ မဂ်ဖိုလ်စခန်း နိဗ္ဗာန်လမ်းစာအုပ်ကြီးနဲ့ ပတ်သက်ပြီး အခုလိုရေးထားတယ်။

*လွန်ခဲ့သည့်ခုနစ်နှစ်လောက်က စပြီး ကျွန်ုပ်ဆရာကြီး (ဦးဘအေး)နှင့် အသိအကျွမ်းဖြစ်ရသည်။ တစ်နေ့တွင် သူ၏ "နိဗ္ဗာန်စခန်း၊ မဂ်ဖိုလ်လမ်း"စာမူကြီးကိုင်ပြီး ကျွန်ုပ်ထံရောက်လာသည်။ ကျွန်ုပ် သူ့စာကို ဖတ်ကြည့်သည်။ ဖတ်ကြည့်ပြီးသောအခါ စိတ်ပါလက်ပါပင် အမှာစာရေးပေးလိုက်သည်။ ကျွန်ုပ်သည် စာအုပ်မျိုးစုံအတွက် အမှာစာ ရေးပေးရသည်မှာ မနည်းတော့ပြီ။ သို့ရာတွင် အချို့အမှာစာများမှာ စိတ်မပါလှဘဲ ဝတ်ကြေတန်းကြေ သဘောလောက်သာ ရေးပေးလိုက်သည့်*

http://www.dhammadownload.com



*အမှာစာများဖြစ်သည်။*

## *စာတွေ့နှင့်လက်တွေ့၏ခြားနားချက်*

*ဆရာကြီး၏စာအုပ်အတွက် ရေးပေးသည့်အမှာစာကား တကယ်ပင် အူလှိုက်သည်းလှိုက်ရေးပေးလိုက်သည့် အမှာစာပင်ဖြစ်သည်။ ယင်းအမှာစာ၌ တစ်စုံတစ်ခုကို တင်ပြရာတွင် စာတွေ့ကို တင်ပြခြင်းထက် လက်တွေ့ကို တင်ပြခြင်းက ပိုပြီးပြတ်သားသည်။ ပိုပြီး ရှင်းလင်းသည်။ ပိုပြီး နားဝင်လွယ်သည်။ စာတွေ့သမားသည် လုံးချာချာ ဖြစ်နေတတ်သော်လည်း လက်တွေ့သမားကမူ တိတိပပ ရှိနေတတ်သည်။ ဆရာကြီး၏ လောကုတ္တရာအသိဉာဏ်သည် စာတွေ့ထက် လက်တွေ့က ပိုကဲပုံရသည်။ သူ့စာများမှာ ကျမ်းဂန်တစ်စုံတစ်ရာမှ ထုတ်နုတ်ဘာသာပြန်ထားခြင်းမျိုးသက်သက် မဟုတ်ဘဲ နိဗ္ဗာန်သို့ ဦးတည်သည့် လမ်းမတွင် လျှောက်နေသည့် နိဗ္ဗာန်ခရီးသည်တစ်ဦး၏ ကိုယ်တွေ့များကို ရေးသားတင်ပြထားသည့် နိဗ္ဗာန်ခရီးသွားမှတ်တမ်းသဖွယ်သာ ဖြစ်နေသည်ဟု ရေးသားထားသည်။*

ဦးဘခင်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကလည်း အင်္ဂလိပ်ဘာသာနဲ့ နောက်ဆုံးစာအုပ်တစ်အုပ်ကို ရေးသားခဲ့သေးတယ်။ စာအုပ်အမည်က The Buddhist Meditation တဲ့။ ဒီစာအုပ်အမှာစာမှာ ဗုဒ္ဓဘာသာဂိုဏ်းချုပ် ဘုန်းတော်ကြီးဖရစ်ဒရစ်ဗီလပ်စတင်(အရှင်အာနန္ဒာ)က အက်စီဘရှူးဝါး၏ အရေးအသားသည် လွယ်ကူသည်။ ရှင်းလင်းသည်။ သူ့

http://www.dhammadownload.com



စာအုပ်ကို စိတ်ခံတတ်ဆိုင်ရာ တိုးတက်မှုကို စိတ်ပါဝင်စား သူတိုင်း လေ့လာသင့်သည်လို့ ရေးထားတယ်။

ဦးဘအေးဟာ ဒီစာအုပ်ကို ပုံနှိပ်ထုတ်ဝေပြီးတဲ့အခါ ဒီစာအုပ်ကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာပညာရှင်များနဲ့ ဗုဒ္ဓဘာသာ အဖွဲ့အစည်းများထံ တင်ပို့တယ်။ ဗုဒ္ဓဘာသာ ပညာရှင်တွေဆီက သူတို့ရဲ့ ထင်မြင်ချက်တွေ ရေးသားပေးပို့ကြတယ်။ ဂျပန်နိုင်ငံက ဗုဒ္ဓဘာသာမြှင့်တင်ရေး ဖောင်ဒေးရှင်းအဖွဲ့ အတွင်းရေးမှူး တာကာရှိမာက ...

*"ဗုဒ္ဓဘာသာသင်ကြား လေ့လာမှုနှင့် လက်တွေ့အလုပ်*
*စခန်းကို စိတ်ပါဝင်စားသူတိုင်း*
*ဖတ်သင့်ဖတ်အပ်သည့် စာအုပ်ဖြစ်သည်။'*

လို့ ထင်မြင်ချက်ပေးခဲ့တယ်။ လန်ဒန်ဗုဒ္ဓဝိဟာရ နာယကဆရာတော် ဒေါက်တာသဒ္ဓါတိဿကလည်း ..

*"ဗုဒ္ဓတရားကို စိတ်ဝင်စားရုံမျှသာမက*
*တကယ်လက်တွေ့ကြိုးစားကြည့်ချင်သည့်*
*ပုဂ္ဂိုလ်တိုင်း မချီးကျူးဘဲမနေနိုင်သည့်*
*စာအုပ်ဖြစ်သည်"*

လို့ မှတ်ချက်ချခဲ့တယ်။ အိန္ဒိယပြည်၊ ဗုဒ္ဓဂယာရှိ နိုင်ငံတကာ ကမ္ဘာ့ဒ္ဒာန်းရိပ်သာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဘိက္ခုရဋ္ဌပါလက ...

*ဗုဒ္ဓဘာသာ ဘာဝနာပွားနည်းကို စိတ်ပါဝင်စားသူတိုင်း*
*အတွက် အကူအညီအထောက်အပံ့ပြုမည့်*

http://www.dhammadownload.com



*စာအုပ်ဖြစ်သည်။*

လို့ သုံးသပ်ထားတယ်။

ဘုံဘေမှ အက်–အင် ဂိုအင်ကာအမည်ရှိ ဗုဒ္ဓဘာသာ ပညာရှင်ကြီးကလည်း

*"အင်္ဂလိပ်စာတတ်များအတွက် ဗုဒ္ဓမွေနှင့်ပတ်သက်၍ လမ်းညွှန်မှု ရယူရာ၌ အကူအညီများစွာဖြစ်မည့်စာအုပ်ဖြစ်သည်။"*

လို့ ထင်မြင်ချက် ပေးထားတယ်။ ဦးဘအေးဟာ ရန်ကုန်မှာ အမြဲမနေပါဘူး။ အညာချောင်းဦးမှာပဲ နေတယ်။ အသက်လည်း ရှည်ပါတယ်။ ၈၉ နှစ်အရွယ်မှာ အူကျတဲ့ ရောဂါခွဲစိပ်ရင်းဆုံးပါးသွားရှာတာပါ။ ကွယ်လွန်ချိန်မှာ သား သမီး ၉ ယောက်၊ မြေး ၁၈ ယောက်၊ မြစ် ၁၂ ယောက် ကျန်ခဲ့တယ်။

ဦးဘအေးဟာ လူ့ဘောင်လောကမှာနေပေမယ့် မာရ်နတ်ရဲ့ တပ်မကြီးဆယ်တပ်က လွတ်ထွက်လာနိုင်သူလို့ ဆိုရမယ်။ တချို့ ယောဂီတွေကျတော့ ရိပ်သာတော့ ရောက်လာပါရဲ့၊ မာရ်နတ်ရဲ့တပ်မက မထွက်နိုင်ဘူး ဖြစ်နေကြတယ်။

သန်း ॥ ॥ ဘယ်လို ယောဂီမျိုးကို ပြောတာလဲဘုရား။

နုပ် ॥ ॥ တစ်ခါက ရိပ်သာတစ်ခုမှာ တွေ့လိုက်ရတာ။ ယောဂီ အမယ်ကြီးနှစ်ဦး။ တရားတောင်အားမထုတ်ရသေးဘူး။ နေရာ လုရင်း ရန်ဖြစ်နေလို့ ဘေးက မနည်းဖျန်ဖြေပေးလိုက်ရတယ်။ ခန္ဓာကိုယ်မှာ တပ်မက်တဲ့တဏှာကို သတ်ဖို့ ရိပ်သာကို လာခဲ့ပြီးကာမှ နေရာထိုင်ခင်းမှာ တပ်မက်တဲ့ တဏှာကျတော့

http://www.dhammadownload.com



လက်ခံနေပြန်တယ်။ ရှေ့နောက် မညီတော့ဘူးပေါ့။

## တရားရမည့် ယောဂီ၏အပြုအမူ

မာရ်နတ်ရဲ့ တပ်မကို ကျော်လွှန်နိုင်တဲ့ ယောဂီအချို့ကိုလည်း တွေ့ရပါတယ်။ မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာက သစ်ညီနောင်မွေ့ရိပ်သာကျောင်းမှာ တရားစခန်းကျင်းပစဉ်ကပေါ့။ ယောဂီအမျိုးသမီးကြီးတစ်ဦးဟာ တရားစခန်းဝင်ဖို့အစောကြီးရောက်လာပေမယ့် နေရာမဦးဘဲ သစ်ပင်အောက်က ကွပ်ပျစ်မှာ အေးအေးဆေးဆေးထိုင်နေတယ်။

ဒီအချိန်မှာ နောက်ရောက်လာတဲ့ ယောဂီတွေဟာ နေရာကောင်း ရချင်လို့ အပြေးအလွှား နေရာဦးနေလိုက်ကြတာ ဝရုန်းသုန်းကားပေါ့။ ဒါကို သတိထားမိတဲ့ ဦးပဥ္စင်းတွေက ပြောတယ်။ ဒါယိကာမကြီး အစောကြီးကတည်းက ရောက်နေတာ ဘာဖြစ်လို့ နေရာ မဦးတာလဲလို့ မေးတော့ ယောဂီမကြီးပြန်ဖြေတာ ကြည့်။

တပည့်တော်က နေရာကောင်းကောင်းနဲ့ နေချင်လို့ တရားစခန်းဝင်တာ မဟုတ်ပါဘူးဘုရား။ တရားရချင်လို့ တရားစခန်းဝင်တာပါ။ တခြား ယောဂီတွေ ကြိုက်တဲ့ နေရာအကုန်ယူပြီးမှ သူတို့မကြိုက်လို့ ကျန်တဲ့နေရာမှာ တပည့်တော်မက နေမှာပါ။ ကြုံတုန်း နေရာကောင်း လှူပေးလိုက်တဲ့သဘောပေါ့ ဘုရားတဲ့။

သန်း ။ ။ ကြည်ညိုစရာပါပဲ ဘုရား။

နုပ် ။ ။ အေး ...အဲဒီလို ယောဂီမျိုးဟာ ခဏနဲ့ တရားရမှာ။

http://www.dhammadownload.com



ဘာကြောင့်လဲဆိုတော့ ပင်ကိုယ်စိတ်ဓာတ်ကောင်းကိုက ကိလေသာတစ်ဝက်ကို ပယ်သတ်ပြီးသားဖြစ်နေလို့ပဲ။ တစ်ခါ ကလည်း အဲဒီမြိတ်ကျောင်းမှာပဲ တွေ့လိုက်ရတယ်။ ဒါက တော့ ဝါတွင်းဥပုသ်နေ့မှာ ကြုံရတာ။ မြိတ်ကျောင်းမှာက ဥပုသ်နေ့ဆိုရင် တရားနှစ်ကြိမ်ဟောတယ်။ တရား တစ်ကြိမ် ထိုင်ရတယ်။

## ကျောင်းကိုလာရတဲ့ အဓိကရည်ရွယ်ချက်

ဒါ့ကြောင့် မြိတ်မြို့ပေါ်က ဥပုသ်သည်တွေဟာ မြို့နဲ့ ခုနစ်မိုင်လောက်ဝေးတဲ့ သစ်ညီနောင်ကျောင်းကို ကားတွေ၊ ဆိုင်ကယ်တွေစီးပြီး လာကြတာပဲ။ တချို့ ဥပုသ်နေ့တွေ ဆိုရင် ဥပုသ်သည် တစ်ထောင်ကျော်လောက်ရှိတယ်။ ဥပုသ်သည် တွေကို ကျွေးဖို့ ဥပုသ်ဆွမ်းအလှူရှင်ဆိုတာလည်း တစ်ဝါ တွင်းလုံး အပြည့်ရှိတယ်။

ဆွမ်းစားကျောင်းက သေးတော့ ဥပုသ်သည် တစ် ထောင်ကျော်ကို သုံးကြိမ်ခွဲပြီး ကျွေးရတယ်။ ဒီလိုအခါမျိုးမှာ လူ့ရဲ့သန္တာန်မှာရှိတဲ့ အနုသယလောဘဟာ ဝီတိက္ကမထိ ရောက်လာတတ်တယ်။ အများစုဟာ စားရမှာချင်း အတူတူ ပထမအကြိမ်မှာပဲ ဝင်စားချင်ကြတယ်။ ဒါ့ကြောင့် ပထမ အသုတ်ထဲပါအောင် မသိမသာ ရှေ့တိုးပြီး နေရာယူတတ်ကြ တယ်။ တစ်ခါမှာတော့ ပထမအသုတ်ထဲမှာ ပါလို့ရတဲ့ ဒကာမ တစ်ဦးဟာ လိုက်မသွားဘဲ အေးအေးဆေးဆေးပဲ ချန်နေ ခဲ့တယ်။ ဒုတိယအသုတ်မှာ လိုက်လို့ရလျက်နဲ့လည်း မလိုက်

http://www.dhammadownload.com



ဘဲ ချန်နေခဲ့တယ်။

ဒီအခါ မနေနိုင်တဲ့ကိုယ်တော်တွေက ပထမအသုတ်မှာ လိုက်လို့ရလျက်နဲ့ ဘာလို့ချန်နေခဲ့တာလဲလို့ မေးတော့ ဒကာမက ပြောတယ်။ တပည့်တော်မ ကျောင်းကို လာတာ ထမင်းစားဖို့ မဟုတ်ပါဘူး။ တရားနာ တရားထိုင်ဖို့ပါ။ ထမင်းက နောက်ဆုံးမှ စားရလည်း ဘာမှမဖြစ်ပါဘူး။ နောက်ဆုံး ထမင်းပြတ်သွားလို့ တစ်ရက်တလေ ထမင်းမစားရလည်း ဘာမှမဖြစ်ပါဘူး။ တရားနာရဖို့က အဓိကပါတဲ့။

ဒီလိုယောဂီမျိုးဟာလည်း မာရ်နတ်ရဲ့တပ်မကို ကျော်လွှားလာနိုင်သူပဲ။ တရားမြန်မြန်ရမယ့် ယောဂီမျိုးပေါ့။ တချို့ တရားပြဆရာတော်တွေကျတော့ တရားဟော တရားပြသာ လုပ်နေကြတာ မာရ်နတ်ရဲ့ ပထမတပ်ကိုတောင် မကျော်နိုင်တာကို တွေ့ရတယ်။ တစ်နေ့တော့ တို့ရိပ်သာက အကျိုးဆောင်တစ်ယောက်က လာလျှောက်တယ်။ သူဟာ အားတဲ့ အခါ တခြားရိပ်သာတွေသွားပြီးတော့ တရားပြဆရာတော်များကို အနီးကပ်ပြုစုတဲ့ ကပ္ပိယ လုပ်တတ်လို့ တခြားရိပ်သာတွေ အကြောင်းကိုလည်း သိနေတာပေါ့။ သူက ဘာလျှောက်လဲဆိုတော့ ...

(          )ရိပ်သာက တရားပြဆရာတော်ကြီးဟာ တရားဟောတဲ့အခါ ဘယ်သူက ဘယ်ဟာကို ဘယ်လောက်ထိ ကုန်အောင်လှူတဲ့အကြောင်းတွေ ထည့်ဟောပေးတယ်။ ပြီးတော့ ပရိသတ်ထဲမှာ ပါတဲ့သူဌေးအချို့ကို နာမည်ခေါ်ပြီး

http://www.dhammadownload.com



ဘဲ့ယ်နေရာမှာ ဘာအတွက် လူ့ဦးမှာ မဟုတ်လား ဆိုပြီး အရိပ်နိမိတ်ပြပြီး မေးတယ်တဲ့။ တရားပွဲပြီးတာနဲ့ အဲဒီသူဌေး ဟာ ဆရာတော်ဟောတဲ့ဟာကို လှူတော့တာပဲ။ ဒါ့ကြောင့် အဲဒီ့ရိပ်သာမှာ အစစအရာရာ ပြည့်စုံတဲ့အကြောင်း လျှောက် တယ်။

## လက်ခုပ်သံနဲ့ တံတွေးပင်လယ်

သန်း ။ ။ သူက ဘာသဘောနဲ့ လျှောက်တာလဲဘုရား။

နုပ် ။ ။ ငါ့ကိုလည်း အဲဒီလို ဟောစေချင်လို့ပေါ့။ ငါက ပြောလိုက် တယ်။ ဒကာကြီး အဲဒီဘုန်းကြီးကိုယ်တိုင် မာရ်နတ်ရဲ့ ကာမ ဆိုတဲ့ ပထမတပ်မှာတင် ကျဆုံးသွားတာလို့။ တိုက်ကြီးတာ ကြီးတွေ ကြီးကြီးမားမားလိုချင်တယ်ဆိုတာလည်း ကာမဂုဏ် ကို လိုချင်တာနဲ့ အတူတူပဲ။ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ကို ရတယ်။ လိုချင်ရင် ဆင်းရဲတယ်ဆိုတာ အဲဒါပဲ။

ပညာမဲ့ မသူတော်တွေကတော့ တိုက်ကြီးတာကြီး တွေ ဖြစ်လာအောင် လှူချင်လာအောင် ဟောနိုင်ပါပေတယ် ဆိုပြီး လက်ခုပ်တီးပေးကြလိမ့်မယ်။ ဒါပေမဲ့ ပညာရှိ သူတော် ကောင်းတွေကတော့ ခန္ဓာမှာတပ်မက်တဲ့တဏှာကို ပယ်သတ် နည်းကို ပြမယ့်ဆရာတော်ဟာ ကျောင်းကန်မှာ တပ်မက် တဲ့ တဏှာကိုတောင် မပယ်သတ်နိုင်သေးပါလား ဆိုပြီး ကဲ့ရဲ့ ကြလိမ့်မယ်။

ပညာမဲ့တွေရဲ့ လက်ခုပ်သံမှာ သာယာမိရင် ပညာရှိ တွေရဲ့ တံတွေးပင်လယ်မှာ မျောသွားတတ်တယ်လို့ ပြန်ပြော

http://www.dhammadownload.com



လိုက်တယ်။ လာဘ၊ သက္ကာရ၊ သိလောကဆိုတာလည်း မာရ်နတ်ရဲ့ နဝမမြောက်တပ်မပဲ။ လာဘဆိုတာ ပစ္စည်းလေးပါး လာဘ်လာဘတွေပေါ်များတာ။ သက္ကာရဆိုတာ ဘွဲ့တံဆိပ်ရလို့ အပူဇော်ခံရတာမျိုး။ သိလောက ဆိုတာ ထင်ရှားကျော်ကြား အရေးပေးခံရတာမျိုးပဲ။

## နဝမတပ်ကို ကျော်ဖြတ်ခြင်း

အဲဒါတွေကို သာယာရင် မာရ်နတ်ရဲ့ နဝမတပ်မှာ ကျရှုံးတာပဲ။ တရားပြဆရာတော်အချို့ ဒီကိုးခုမြောက်တပ်မှာ ကျရှုံးပေမယ့်၊ သာမန်ယောဂီလေးတစ်ယောက်က အဲဒီတပ်မကို ကျော်ဖြတ်သွားနိုင်တာ တွေ့ခဲ့ရတယ်။

သန်း ။ ။ အမိန့်ရှိပါဦး ဘုရား။

နုပ် ။ ။ ဒီဖြစ်ရပ်ကိုတော့ ကော့သောင်းမြို့၊ ဝေနေယျသုခ ဓမ္မရိပ်သာကျောင်းမှာတွေ့ခဲ့ရတာ။ တို့ဖွင့်တဲ့ တရားစခန်းမှန်သမျှ အခမဲ့ချည်းပဲ။ အလှူရှင်ကလည်း အမြဲပေါ်ပါတယ်။ အကယ်၍ ယောဂီတွေအတွက် ဆွမ်းအလှူရှင် မရှိရင်လည်း တို့က လှူမှာပါ။ ဒါကြောင့်တို့ဖွင့်တဲ့ ရိပ်သာမှာ ဆင်းရဲသားတွေ ဝင်တာ များတယ်။

ကော့သောင်းရိပ်သာမှာက အခုထက်ထိ အဆောက်အဦက မပြည့်စုံသေးဘူး။ နှစ်ထပ်ကျောင်းတစ်ဆောင်ရဲ့ အောက်ထပ်မှာ ယောဂီအမျိုးသမီး ခြောက်ဆယ်ကျော်လောက် ထားရတယ်။ အဲဒီယောဂီတွေဟာ ဆင်းရဲသားတွေချည်းပဲ။ တရားစခန်းသိမ်းတဲ့နေ့ရောက်ရင် ယောဂီတွေဟာ

http://www.dhammadownload.com



ကိုယ်နိုင်သလောက် နဝကမ္မငွေကို စာအိတ်ထဲထည့်ပြီး ကပ္ပိယကတစ်ဆင့် တရားပြဆရာတော်ကို ကန်တော့တဲ့ အလေ့အထရှိတယ်။

ဖြစ်ချင်တော့ အဲဒီအဆောင်အောက်က ယောဂီတွေဟာ ဆရာတော်ကို မကန်တော့နိုင်ကြဘူး။ ဒီအချိန်မှာ ဇင်မာဌေးလို့ အမည်ရတဲ့ ထားဝယ်သူ ယောဂီမလေးက နှမ်းပါးတဲ့ ယောဂီတွေ ဆရာကန်တော့ရအောင် တစ်ယောက် တစ်ထောင်စီ အခန်းထဲကနေ ထုတ်ပေးနေတယ်။ ယောဂီတွေဟာ ဝမ်းသာအားရ ဆရာတော်ကို ကန်တော့ပြီးပြန်ကြတယ်။

ယောဂီခြောက်ဆယ်ကျော် ကုန်လို့ သူ ကန်တော့ရမယ့်အလှည့်လည်း ရောက်ရော ဇင်မာဌေးမှာ ကန်တော့စရာ ပိုက်ဆံတစ်ပြားမှ မကျန်တော့ဘူး။ ဒီတော့ သူ ဘာလုပ်သလဲဆိုတော့ ဆရာတော်ကို လက်အုပ်ချီ ကန်တော့ပြီး ဒီတိုင်းပြန်သွားတာပေါ့။ ဒါကို မသိတဲ့ ပစ္စည်းရှိတဲ့ ယောဂီမကြီးတစ်ဦးက ဇင်မာဌေးကို ကြည့်ပြီး ဘာပြောသလဲဆိုတော့ နေနိုင်လိုက်တာ ဆရာတော်ကို နဝကမ္မလေးတောင် မကန်တော့ဘူးတဲ့။

ဒီလိုပြောတဲ့ ပစ္စည်းရှိ ယောဂီမကြီး ကန်တော့တာက ငွေခြောက်ထောင်တည်းပါ။ သူ ဘာမှလှူမသွားဘူးလို့ ထင်တဲ့ ထားဝယ်သူမလေးက ငွေခြောက်သောင်းကျော်တောင် လှူသွားတာပါ။ ဇင်မာဌေးကလည်း တို့ကို ဒီအကြောင်း ဘာမှ မလျှောက်ပါဘူး။ တခြားယောဂီတွေ လာလျှောက်လို့ သိရ

http://www.dhammadownload.com



တာပါ။ ခြောက်ထောင်လောက်လှူတဲ့ သူက ဂုဏ်ဖော်ပြီး မျက်နှာယူနေတဲ့အချိန်မှာ ခြောက်သောင်းကျော်လှူတဲ့သူက ဘယ်သူမှ အသိမခံဘဲပြန်သွားပါပြီ။

ဒီဖြစ်ရပ်မှာ ခြောက်ထောင်လှူတဲ့ယောဂီမကြီးက ကျော်ကြားချင်တဲ့အတွက် မာရ်နတ်ရဲ့ နဝမတပ်မှာ ကျရှုံးသွားတယ်။ ခြောက်သောင်းကျော်လှူတဲ့ ယောဂီမလေးကတော့ ကျော်ကြားထင်ရှားချင်တဲ့ ဆရာတော်အရေးပေးတာကို ခံချင်တဲ့ သိလောကဆိုတဲ့ မာရ်နတ်ရဲ့ နဝမတပ်ကို ကျော်လွှန်နိုင်ခဲ့တယ်။

## အဟိယောဂီ

တရားထိုင်ရင်းနဲ့တောင် မာရ်နတ်ရဲ့ ပထမတပ်ရဲ့ ဖျက်ဆီးမှုကို ခံရတဲ့ ယောဂီအချို့ရှိသေးတယ်။

သန်း ။ ။ တရားထိုင်ရင်းနဲ့တောင် မာရ်နတ်ရဲ့ ပထမတပ်က ဒီယောဂီကို ဘယ်လိုများ ဒုက္ခပေးသွားတာလဲဘုရား။

နုပ် ။ ။ ဒီလိုကွ။ တစ်ခါတော့ အသက်(၆၅)နှစ် ကျော်ကျော်လောက် ရှိတဲ့ ယောဂီအမျိုးသမီးကြီးတစ်ဦးဟာ တရားထိုင်ရင်း အဟိ အဟိနဲ့ ရယ်နေသတဲ့။ တရားပြတဲ့ဆရာတော်က လှမ်းကြည့်ပြီး အကောင်းဘက်က တွေးလိုက်သတဲ့။ တရားတွေ့တာ ကောင်းနေလို့နေမှာ။ တရားထူးများ ရသလား မသိဘူးပေါ့။ ဒါနဲ့ တရားဖြုတ်တဲ့အခါ စောစောက ရယ်တဲ့ ယောဂီကို ခေါ်မေးကြည့်တယ်။

ယောဂီမကြီးက ဘာဖြေသလဲဆိုတော့ တပည့်တော်

http://www.dhammadownload.com



တရားထိုင်ရင်းနဲ့ အပျိုဘဝကို ပြန်ရောက်သွားတယ်တဲ့။ အဲဒီအပျိုဘဝမှာ ကောင်လေးတစ်ယောက်နဲ့ အိမ်ခြံဝိုင်းထဲမှာ ချိန်းတွေ့ကြသတဲ့။ သူတို့ ချစ်တင်းနှီးနှောလို့ ကောင်းနေတဲ့အချိန်မှာပဲ အိမ်က အဖေက ဓားတစ်ချောင်း ဆွဲပြီး အိမ်ပေါ်က ဆင်းလာသတဲ့။

အဲဒါလည်း မြင်လိုက်ရော သူ့ရည်းစားဟာ ကြောက်လန့်တကြားနဲ့ အိမ်ခြံကို အတင်းကျော်တက် ပြေးတာ ကံဆိုးချင်တော့ သူ့ကောင်လေးရဲ့ ပုဆိုးဟာ ဝင်းထရံမှာ ငြိပြီး ကျန်ခဲ့တယ်။ ကောင်လေးက ကြောက်လွန်းအားကြီးတော့ ပုဆိုးကို ပြန်မယူရဲတော့ဘဲ မိမွေးတိုင်း ဘမွေးတိုင်း လက်လွတ်ထွက်ပြေးတာကို ကြည့်ပြီး သူက အဟိ အဟိနဲ့ ရယ်နေမိတာပါတဲ့။

သန်း ။ ။ ဟား ဟား ဟား ဟား ဖြစ်ရလေ ဘုရား၊ တရား လာထိုင်ကာမှ အပျိုဘဝပြန်ရောက်သွားပြီး ရည်းစားနဲ့တောင် ချိန်းတွေ့လိုက်သေးတာကိုး။

## ခပ်ထည့်ယောဂီ

နုပ် ။ ။ အေး ...အဲဒီအချိန်ကစပြီး ဒီယောဂီမကြီးကို အဟိယောဂီလို့ ခေါ်ကြသတဲ့။ ဒါကြောင့် သတိမထားရင် တရားထိုင်ရင်းတောင် မာရ်နတ်ရဲ့ ကာမတပ်ထဲကို ကျွံဝင်သွားတတ်တယ်။ ဒါကို ယောဂီတိုင်း သတိထားသင့်တယ်။ နောက်တစ်မျိုးရှိသေးတယ်။ ခပ်ထည့်ယောဂီတဲ့၊ ဘာပြုလို့ ဒီလိုခေါ်ရသလဲဆိုတော့ ဒီယောဂီမလေးဟာ ရိပ်သာရောက်စတော့

http://www.dhammadownload.com



ဆရာမှာတဲ့အတိုင်း တိတိကျကျလိုက်နာတယ်။

ထမင်းစားပြီးတဲ့အခါ ဟင်းတုံးကို ခပ်ယူတော့မယ် ဆိုရင် ဖွန်းကို စကိုင်တာကစပြီး သေချာမှတ်တယ်။ ကိုင်တယ်၊ ယူတယ်၊ လှမ်းတယ်၊ နှိုက်တယ် လို့ မှတ်တုန်း ရှိသေးတယ်။ ပန်းကန်ထဲက ဟင်းတုံးတွေက ကုန်သွားပြီတဲ့။ အဲဒီ့ရက်က ယောဂီမလေးဟာ ဟင်းတုံးမစားလိုက်ရဘူး။ နောက်ရက်ထမင်းပွဲလည်း ထိုင်ရော ယောဂီသစ်မလေးရဲ့ မှတ်နည်းက ပြောင်းသွားတယ်။

ဆရာပေးတဲ့နည်းမဟုတ်တော့ဘူး။ သူ့ကိုယ်ပိုင်မှတ်တဲ့နည်းပေါ့။ ဘယ်လိုမှတ်သလဲဆိုတော့ ခပ်တယ်၊ ထည့်တယ်၊ ခပ်တယ်၊ ထည့်တယ် ဆိုပြီး ငါးချက်လောက် ခပ်မြန်မြန်မှတ်ပြီး ဟင်းတုံးတွေ ကော်ထည့်လိုက်တာ ပန်းကန်ထဲက ဟင်းတုံးတွေ တစ်ခါတည်း ကုန်သွားရောတဲ့။ ဒီယောဂီမလေးလည်း မာရ်နတ်ရဲ့ တတိယတပ်မမှာ ကျဆုံးသွားတာပါ။

## <u>အစားယောဂီနဲ့ တရားယောဂီ</u>

ယောဂီတွေရဲ့ ထမင်းဝိုင်းကို တစ်ခါ ကြည့်လိုက်တာနဲ့ တရားရမယ့် ယောဂီ၊ မရမယ့်ယောဂီကို ချက်ချင်းခွဲလို့ရပါတယ်။ ဆိုကြပါစို့။ ထမင်းဝိုင်းမှာ ယောဂီက ငါးယောက်၊ အသားတုံးက လေးတုံးဖြစ်နေတယ်။ ဒီနေရာမှာ တရားမရမယ့်ယောဂီက နောက်ကျရင် ဟင်းတုံးနဲ့ ဖူးစာလွဲလိမ့်မယ်ဆိုပြီး ဟင်းတုံးတစ်တုံးကို ချက်ချင်း ခပ်ပြီး ကိုယ့်

http://www.dhammadownload.com



ပန်းကန်ထဲထည့်ပစ်လိုက်တယ်။

အဲဒီယောဂီဟာ တရားမရမယ့် ယောဂီပဲ။ တရားရမယ့်ယောဂီကျတော့ . . . ဩော် ဟင်းတုံးတစ်တုံး လိုနေပါလား။ ကြုံတုန်း ဆုံတုန်း ဒါနပါရမီဆည်းပူးလိုက်တော့မယ်။ ကျန်တဲ့ယောဂီတွေ ဟင်းတုံးနဲ့ စားရပါစေ။ ငါတော့ မစားတော့ဘူးဆိုပြီး ဟင်းရည်လေးနဲ့ပြီးလိုက်တယ်။ ဒီယောဂီဟာ လောဘကိလေသာကို အလုပ်နဲ့ လက်တွေ့ ပယ်သတ်လိုက်တာပဲ။ ဒီယောဂီမျိုးက မြန်မြန်တရားရမယ်။

သိန်းပေါင်းရာနဲ့ ချီပြီး လှူသော်လည်း ကျော်ကြားထင်ရှားမှုဆိုတဲ့ မာန်နတ်ရဲ့ ကိုးခုမြောက်တပ်ကို တွန်းလှန်နိုင်တဲ့ ရန်ကုန်က သူဌေးလင်မယားနှစ်ယောက် အကြောင်းကို နောက်အပတ်ကျပြောပြမယ်။

• • •

## သေသူနှင့် ရှင်သူ

သာမာဝတီမိဖုရားနှင့်မောင်းမငါးရာတို့ ကွယ်လွန်ခြင်း အကြောင်း မာဂဏ္ဍီမိဖုရားနှင့် ဆွေမျိုးတို့ ကွယ်လွန်ခြင်းအကြောင်းတို့နှင့် ပတ်သက်၍ မည်သူသည် အသက်ရှင်နေသူ မည်ပါသနည်း။ မည်သူသည် သေသူ မည်ပါသနည်း ဟူ၍ ရဟန်းများက မြတ်စွာဘုရားအား မေးလျှောက်ကြရာ မြတ်စွာဘုရားက ဤသို့ဟောကြားတော်မူ၏။

မမေ့လျော့ခြင်းသည် မသေရာနိဗ္ဗာန်သို့ ရောက်သောလမ်း

http://www.dhammadownload.com



တည်း။ မေ့လျော့ခြင်းသည် သေမင်းထံသို့ ရောက်သော လမ်းတည်း။ မမေ့လျော့ကုန်သူတို့သည် သေသော်လည်း သေသည်မမည်ကုန်။ မေ့လျော့ကုန်သူတို့သည်သာ ရှင်နေသော်လည်း သေသည်မည်ကုန်၏။ ဤသို့သော ခြားနားမှုကို ပြက်ပြက်ထင်ထင်သိ၍ မမေ့မလျော့ခြင်း၌ တည်ရှိကုန်သော ပညာရှိတို့သည် မမေ့မလျော့ခြင်း၌ ရွှင်လန်းဝမ်းမြောက်ကြကုန်၏။ အရိယာတို့၏ ကျက်စားရာဖြစ်သော ဗောဓိပက္ခိယတရား၌ မွေ့လျော်ကုန်၏။ ထိုပညာရှိတို့သည် သမထနှင့်ဝိပဿနာဘာဝနာရှိကုန်၏။ ကိုယ်စိတ်နှစ်ပါးဖြင့် ပြုအပ်သော လုံ့လနှင့် အမြဲပြင်းထန်သော ဝီရိယရှိကုန်၏။ ထို့ကြောင့် အနှောင်အဖွဲ့ကင်း၍ အတုမဲ့ ချမ်းသာဖြစ်သော နိဗ္ဗာန်ကို ကိုယ်တိုင်တွေ့ထိခံစားကြရကုန်၏။ *(ဓမ္မပဒ)*

<u>မရဏသုံးမျိုး</u>

အထက်ပါဂါထာများ၏ ဆိုလိုရင်းမှာ ဤသို့ဖြစ်၏။ မမေ့လျော့ခြင်းဟူသည် သတိရှိခြင်းဖြစ်၏။ မေ့လျော့ခြင်းဟူသည် သတိမထားခြင်းဖြစ်၏။ သေခြင်းဟူသည်သုံးမျိုးရှိ၏။ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းသွားခြင်းသည် သေခြင်းမည်၏။ မြန်မာဝေါဟာရဖြင့် ကွယ်လွန်သည်ဟူ၍လည်းကောင်း၊ သေသည်ဟူ၍လည်းကောင်း ဆိုရ၏။ ပါဠိဝေါဟာရဖြင့် အဒ္ဓါမရဏဟူ၍ ဆိုရ၏။ နောက်တစ်မျိုးမှာ တစ်ဘဝအတွင်း၌ပင် ခန္ဓာအစဉ်တစ်မျိုးမှ ခန္ဓာအစဉ်တစ်မျိုးသို့ ပြောင်းသွားခြင်းဖြစ်၏။ ယင်းသည်လည်း သေခြင်းပင်ဖြစ်၏။ အေးသော ခန္ဓာအစဉ်မှ ပူသောခန္ဓာအစဉ်သို့ ပြောင်းသွားခြင်းမျိုးဖြစ်၏။ ယင်း

http://www.dhammadownload.com



ကို ပါဠိဝေါဟာရအားဖြင့် သန္တတိမရဏဟူ၍ ဆိုရ၏။

ခန္ဓာတို့၏ ခဏတိုင်း၊ ခဏတိုင်း ပြောင်းသွားခြင်း သည်လည်း သေခြင်းပင်မည်၏။ ယင်းကို ပါဠိဝေါဟာရဖြင့် ခဏိကမရဏ ဟူ၍ ဆိုရ၏။

သတိသည် လောကီသတိနှင့် လောကုတ္တရာ သတိ ဟူ၍ နှစ်မျိုးရှိ၏။ လောကီရေးရာကိစ္စတို့၌ အစဉ်အမြဲ သတိ ရှိခြင်းသည် လောကီသတိမည်၏။ ဗောဓိပက္ခိယတရားတို့ ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ အစဉ်အမြဲသတိရှိ ခြင်းသည် ဆိုင်ရာဆိုင်ရာလုပ်ငန်းတို့၌အောင်မြင်ခြင်း၏ ပဓာန အကြောင်းဖြစ်၏။

သတိဟူသည် ပိုသည်မရှိ၊ လိုသည်သာ ရှိသည်ဟု ကျမ်းဂန်များ၌ဆို၏။ သို့ရာတွင် ဤနေရာ၌ လောကီသတိကို မဆိုလို။ လောကုတ္တရာရေးရာ၌မူ သတိသည် သီလကိုလည်း အထောက်အပံ့ပြု၏။ သမာဓိကိုလည်း အထောက်အပံ့ပြု၏။ ပညာကိုလည်း အထောက်အပံ့ပြု၏။ ထို့ကြောင့် သတိသည် မဂ္ဂင်ရှစ်ပါးလုံး သို့မဟုတ် သိက္ခာသုံးပါးလုံးကို အထောက် အပံ့ ပြု၏။

ဝိပဿနာအရာ၌ မိမိပြုနေကျ အာရုံများကို ပြတ် မသွားအောင် သတိဖြင့် ထိန်းရ၏။ အာရုံပြတ်သွားခြင်း ဟူ သည်မှာ နီဝရဏတရားများ ဝင်လာခြင်းဖြစ်၏။ နီဝရဏ တရားများသည် ကုသိုလ်ဟူသမျှ အားလုံးကိုတားမြစ်၏။ ထို့ ကြောင့် နီဝရဏတရားများဝင်မလာနိုင်စေရန် သတိဖြင့် ထိန်း

http://www.dhammadownload.com



သိမ်းစောင့်ရှောက်ရ၏။ ဤသို့ မိမိယူနေကျအာရုံများကို ပြတ်မသွားအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်လျှင် အတွင်း သတိနိုင်မာလာသည်မည်၏။ အတွင်းသတိနိုင်မာလာသည်နှင့်အမျှ ပြင်ပအာရုံများကိုလည်း အလိုလိုသိလာမည် ဖြစ်၏။ ထိလျှင်လည်း ထိမှန်းသိလာ၏။ ကိုင်လျှင်လည်း ကိုင်မှန်းသိလာ၏။ စားမှုသွားမှုတို့၌လည်း ထို့အတူ သိလာ၏။

ဤသို့ အတွင်း အပြင်အာရုံနှစ်မျိုးလုံးတို့၌ နီဝရဏတရားများ ဝင်မလာနိုင်အောင် ထိန်းသိမ်းနိုင်သောအခါ သတိသည် ကိုယ်ကျင့် သိက္ခာစင်ကြယ်မှု သီလဝိသုဒ္ဓိကို ထိန်းသိမ်းသည် မည်၏။ ကိုယ်ကျင့် သိက္ခာဖြူစင်လာသည်နှင့်အမျှ စိတ်က အာရုံနောက်သို့ မလိုက်ရတော့ဘဲ အာရုံကစိတ်၌ အလိုလို ထင်လာ၏။ ထိုအခါ သတိသည် ထိမှုသမ္ပဇဉ်နှင့် ယှဉ်တွဲလာသည်မည်၏။ သတိသည် သမ္ပဇဉ်နှင့် ယှဉ်တွဲလာပါက ဝီရိယကလည်း ဆိုင်ရာအာရုံများကို ထောက်ပံ့လာ၏။ သမာဓိကလည်း ဆိုင်ရာအာရုံများကို စုစည်းလာ၏။ ထိုအဆင့်သို့ ရောက်လာပါက သတိသည် စိတ်ဓာတ်နိုင်မာစင်ကြယ်မှု စိတ္တဝိသုဒ္ဓိကို ထိန်းသိမ်းသည်မည်၏။

သီလဝိသုဒ္ဓိအရ ကိုယ်ကျင့်သိက္ခာလည်း ဖြူစင်မြင့်မြတ်လာပြီး စိတ္တဝိသုဒ္ဓိအရ စိတ်ဓာတ်လည်း နိုင်မာလာပြီဆိုပါက ရှေ့ဆက်၍တရားအားထုတ်ပါလျှင် ကလျာဏပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူ၍ အစဉ်အတိုင်း ဖြစ်လာပြီး အတုမဲ့ချမ်းသာကို ရရှိလေတော့၏။

http://www.dhammadownload.com



သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်လေတော့၏။ ဒုစရိုက်ဟူသမျှမှ အမြစ်ပြတ်လွတ်တော့၏။ ထိုအခါ ထိုပုဂ္ဂိုလ်မျိုး၌ အတ္တလွန်ကဲမှုဟူ၍ လုံးဝမရှိတော့ဘဲ သူ ဆောင်ရွက်သမျှသည် လောကအတွက် သူတစ်ပါးအတွက်သာဖြစ်တော့၏။ ထိုပုဂ္ဂိုလ်များ၏ သေခြင်းကို ပိုင်းခြား၍ရ၏။

သောတာပန်ဖြစ်လျှင် အလွန်ဆုံး ခုနစ်ဘဝသာ သေ၏။ ထို့နောက် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးဖြစ်သဖြင့် မသေတော့။ အကျဉ်းအားဖြင့် အရိယာပုဂ္ဂိုလ်ဟူသမျှသည် မသေရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးဖြစ်သဖြင့် ဘဝကိုပိုင်းခြား၍ ရသောကြောင့် သမ္မုတိသစ္စာအနေဖြင့် သေသည်ဟု ဆိုရသော်လည်း ပရိယာယ်အားဖြင့်မူ မသေသူများဖြစ်ကြ၏။

အန္ဓပုထုဇဉ်များသည် ဘဝပေါင်းမည်မျှ ကုန်မှ နိဗ္ဗာန်ကို ရောက်မည်ဟု ဘဝကိုမပိုင်းခြားနိုင်သောကြောင့် အသက်ရှင်နေသည် ဟု ဆိုရသော်လည်း သေခြင်းသုံးမျိုးဖြင့် သေသူများ ဖြစ်ကြ၏။ ထို့ကြောင့်(သောတာပန်တည်ပြီးသော) သာမာဝတီအုပ်စုသည် သေသော်လည်း မသေသူများဖြစ်ကြ၏။ မာဂဏ္ဍီအုပ်စုသည်(အန္ဓပုထုဇဉ်များဖြစ်သောကြောင့်) ရှင်သော်လည်း သေသောသူများဖြစ်ကြ၏။

*(ဆရာကြီး ဦးရွှေအောင်၏ သာမာဝတီမိဖုရားဆောင်းပါးမှ)*

❖

http://www.dhammadownload.com



## မီးတောက်နှင့် မီးရောင်

ဆီမီးခွက်ကို ရှုမြင်ပါကုန်လော။ ထိုဆီမီးခွက်၏ ဆီသည် မတည်မြဲပေ။ ပြောင်းလဲဖောက်ပြန်တတ်၏။ ထိုဆီမီးခွက်၏ မီးစာသည်လည်းကောင်း၊ မီးတောက်သည်လည်းကောင်း၊ မီးရောင်သည်လည်းကောင်း မတည်မြဲပေ။ ပြောင်းလဲဖောက်ပြန်တတ်ပေ၏။ အကယ်၍ တစ်စုံတစ်ယောက်သောသူသည် ဆီမီးခွက်ကိုကြည့်ရှုလျက် ဤဆီမီးခွက်၏ ဆီသည်လည်းကောင်း၊ မီးစာသည်လည်းကောင်း၊ မီးတောက်သည် လည်းကောင်း မတည်မြဲပေ။ ပြောင်းလဲဖောက်ပြန်တတ်ပေ၏။ ထို ဆီမီးခွက်၏ မီးရောင်သည်ကား တည်မြဲပေ၏။ ပြောင်းလဲဖောက်ပြန်ခြင်း မရှိဟု ဆိုငြားအံ့။ ထိုစကားသည် မှန်ကန်ပါမည်လော။ မမှန်ကန်သည်သာတည်း။ အကြောင်းယုတ္တိ ကင်းမဲ့သည်သာတည်း။

http://www.dhammadownload.com



ဤဥပမာအတိုင်းပင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန တည်းဟူသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် မတည်မြဲကုန်။ ပြောင်းလဲဖောက်ပြန်ကုန်၏။ ထိုအဇ္ဈတ္တိကာယတနခြောက်ပါးကို စွဲ၍ ဖြစ်ပေါ်ခံစားရသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာတို့သည်လည်း မတည်မြဲကုန်။ ပြောင်းလဲဖောက်ပြန်တတ် ကုန်သည်သာဖြစ်၏။ တစ်စုံတစ်ယောက်သောသူသည် အဇ္ဈတ္တိ ကာယတနခြောက်ပါးတို့ကို မတည်မြဲဟု ရှုမြင်၏။ ပြောင်းလဲဖောက်ပြန်တတ်၏ဟု ရှုမြင်၏။ သို့သော် ထိုအဇ္ဈတ္တိကာယတနခြောက်ပါးတို့ကို စွဲ၍ ဖြစ်ပေါ်ခံစားရသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာတို့ကိုမူ တည်မြဲ၏။ ပြောင်းလဲဖောက်ပြန်ခြင်း မရှိဟု ရှုမြင် ငြားအံ့။ ထိုသူ၏ ရှုမြင်ခြင်းသည် မှန်ကန်ပါမည်လော။ မမှန်ကန်သည်သာတည်း။ အကြောင်းယုတ္တိ ကင်းမဲ့သည် သာတည်း။

## သစ်ပင်နှင့် အရိပ်

ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတည်းဟူသော ဗာဟိရာယတနခြောက်ပါးတို့သည် မတည်မြဲကြကုန်။ ပြောင်းလဲဖောက်ပြန်တတ်ကုန်၏။ ထိုဗာဟိရာယတန ခြောက်ပါးကို အစွဲပြု၍ ဖြစ်ပေါ်ခံစားရ သော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာတို့သည်လည်း မတည်မြဲကြကုန်။ ပြောင်းလဲဖောက်ပြန်တတ်ကုန်သည်သာ ဖြစ်၏။ တစ်စုံတစ်ယောက်သော

http://www.dhammadownload.com



သူသည် ဗာဟိရာယတနခြောက်ပါးကို မတည်မြဲဟူ၍ ရှုမြင်၏။ ပြောင်းလဲဖောက်ပြန်တတ်သည်ဟူ၍ ရှုမြင်၏။ သို့ သော် ထိုဗာဟိရာယတန ခြောက်ပါးကို အစွဲပြု၍ ဖြစ်ပေါ်ခံစားရသော သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာကိုမူ တည်မြဲ၏။ ပြောင်း လဲဖောက်ပြန်ခြင်းသဘောမရှိ ဟူ၍ ရှုမြင်ငြားအံ့။ ထိုသို့ ရှုမြင်ခြင်းသည် မမှန်ကန်သည်သာတည်း။ အကြောင်းယုတ္တိကင်းမဲ့သည်သာတည်း။ ဥပမာအားဖြင့် သစ်ပင်ကြီးတစ်ပင်ကို ရှုကြည့်ပါလေလော့။ ထိုသစ်ပင်ကြီး၏ အမြစ်တို့သည် မတည်မြဲကြပေ။ ပြောင်းလဲဖောက်ပြန်တတ်ကုန်၏။ ထိုသစ်ပင်ကြီး၏ ပင်စည်သည်လည်းကောင်း၊ အကိုင်း၊ အခက်၊ အရွက်တို့သည်လည်းကောင်း မတည်မြဲကြပေ။ ပြောင်းလဲဖောက်ပြန်တတ်ကုန်၏။ တစ်စုံတစ်ယောက်သောသူသည် ထိုသစ်ပင်ကြီးကို ရှုကြည့်လျက် သစ်ပင်ကြီး၏ အမြစ်တို့သည်လည်းကောင်း၊ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်တို့သည်လည်းကောင်း မတည်မြဲကြကုန်။ ပြောင်းလဲဖောက်ပြန်တတ်ကုန်၏။ သို့သော် ထိုသစ်ပင်ကြီး၏ အရိပ်မှာမူ တည်မြဲပေ၏။ ပြောင်းလဲ ဖောက်ပြန်ခြင်း သဘောမရှိဟု ဆိုငြားအံ့။ ထိုသူ၏စကားသည် မှားယွင်းသကဲ့သို့တည်း။ အကြောင်းယုတ္တိ ကင်းမဲ့သကဲ့သို့တည်း။

## နွားသေကို သားရေဖြင့်ဖုံးခြင်း

ကျွမ်းကျင်သော နွားသတ်သမားသည် နွားတစ်ကောင်ကို သတ်

http://www.dhammadownload.com



သည်ဆိုငြားအံ့။ ထိုသူသည် ထက်စွာသောသားလှီးဓားဖြင့် နွား၏အရေခွံကိုလှီးဖြတ်ရာ၏။ အရေခွံကိုယ်ထည် ပုံသဏ္ဍာန် မပျက်စေဘဲ အသားစိုင်ကိုယ်ထည် အတွင်းပုံသဏ္ဍာန် မပျက်စေဘဲ အကြောကြား၊ အမြွှေးကြား၊ အစပ်တို့ကိုသာလျှင် ကျွမ်းကျင်စွာလှီးဖြတ်ရာ၏။

ထို့နောက် အရေခွံကိုယ်ထည်ကို ခွာထုတ်ရာ၏။ တစ်ဖန် ထို အရေခွံကိုယ်ထည်ဖြင့်ပင် အသားစိုင်ကိုယ်ထည်ကို ဖုံးလျက် ဤနွားကိုကြည့်ကြလော့။ ယခင်အတိုင်းပင် ဖြစ်ပေ၏။ အရေနှင့် ဆက်လျက် စပ်လျက်သာ ရှိပေ၏ဟု ဆိုငြားအံ့။ ထိုသူ၏ စကားသည် မမှန်ကန်သည်သာတည်း။ အကြောင်းယုတ္တိ ကင်းမဲ့သည်သာတည်း။

ဤအရာ၌ အတွင်းဖြစ်သော အသားစိုင်ကိုယ်ထည်ဟူသည်မှာ အဇ္ဈတ္တိကာယတနခြောက်ပါးတို့၏ အမည်ပေတည်း။ အပဖြစ်သော အရေကိုယ်ထည်ဟူသည်မှာ ဗာဟိရာယတန ခြောက်ပါးတို့၏အမည် ပေတည်း။ အကြောကြား၊ အမြွှေးကြား၊ အစပ်ဟူသည်မှာ နှစ်သက်ခြင်း၊ နန္ဒီရာဂ၏ အမည်ပေတည်း။ ထက်စွာသော သားလှီးဓားဟူသည်မှာ မြတ်သောမဂ်ပညာ၏ အမည်ပေတည်း။ မြတ်သောမဂ်ပညာသည် အကြား၌ဖြစ်သော ကိလေသာ၊ အကြား၌ဖြစ်သော သံယောဇဉ်၊ အကြား၌ဖြစ်သောအစပ်တို့ကို လှီးဖျက်၏။ ဖြတ်တောက်၏။

(အရှင်နန္ဒကမထေရ် ဥပရိပဏ္ဏာသပါဠိတော်၊
သဠာယတနဝဂ်၊ နန္ဒကောဝါဒသုတ်)

http://www.dhammadownload.com



သန်း ။ ။ သိန်းပေါင်းရာနဲ့ချီလှူပြီး ထင်ပေါ်ကျော်ကြားလိုခြင်း မရှိတဲ့ လင်မယားနှစ်ယောက်အကြောင်းဆိုတာကို ဆက်ပါဦး ဘုရား။

နုပ် ။ ။ ဦးရဲမြင့်နဲ့ ဒေါ်မေသင်လို့ ခေါ်တယ်။ သူတို့ဟာ နို့ဆီတို့၊ နို့မှုန့်တို့၊ နို့စိမ်းတို့ကို စက်ပူစက်ရုံက ကိုယ်စားလှယ်ယူပြီး မြန်မာတစ်ပြည်လုံးကို လက်ကားဖြန့်တာပေါ့။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က စပြီး ဦးရဲမြင့်နဲ့ဒေါ်မေသင်ဟာ တို့တရားတွေကို နာရပြီး တကယ့် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာတယ်။ လောကအတွက်၊ သာသနာအတွက် ကျေးဇူးများမယ့်နေရာကိုလည်း တကယ်လှူတတ်လာတယ်။ တို့ရဲ့ပရဟိတလုပ်ငန်းတွေကိုလည်း အားပေးတယ်။

တို့ကျောင်းမှာ ဘာလိုသလဲဆိုတာကို သူတို့သေချာလေ့လာတယ်။ တို့နေတဲ့ မှော်ဘီမြို့နယ်၊ ဖန်းခါးကုန်းရွာ၊ သုဒ္ဓဝိပဿနာကျောင်းဝိုင်းထဲမှာ သုံးထပ်ကျောင်းကြီး ဆောက်နေတာ အုတ်မြစ်ပဲရှိသေးတယ်။ ဒါကို သူတို့သိသွားတော့ ပထမတစ်ထပ်စာအတွက် ကျပ်သိန်းပေါင်း လေးရာလှူတယ်။ ဒါ့ကြောင့် ပထမတစ်ထပ်တော့ ပြီးသွားပြီ။ သူတို့ ဒီလိုလှူတဲ့ရည်ရွယ်ချက်ကတော့ ဒီကျောင်းကြီး မြန်မြန်ပြီးရင် ယောဂီတွေ မြန်မြန်တရားနာခွင့် တရားအားထုတ်ခွင့်ရမယ်။

ဒါဆိုရင် သူတို့ သိသလို တရားတွေသိမယ်။ ဆရာတော်ဟောတဲ့ ပြသတဲ့ တရားတွေကို အခြားသူတွေ မြန်မြန်သိကြပါစေ၊ ကျင့်နိုင်ကြပါစေ ဆိုတဲ့ စေတနာနဲ့ လှူကြတာပဲ။

http://www.dhammadownload.com



ဒီသုံးထပ်တိုက်ကြီး ဖောင်ဒေးရှင်းချဖို့အတွက် သိန်းငါးရာလှူတဲ့ ဒေါက်တာအောင်နိုင်နဲ့ ဒေါက်တာဒေါ်ဖြူဖြူဝင်းတို့ မိသားစုရဲ့ ဆန္ဒနဲ့ ဦးရဲမြင့်၊ ဒေါ်မေသင်တို့ရဲ့ ဆန္ဒဟာ တစ်ထပ်တည်းပါပဲ။

## လူသိများချင်တဲ့လောဘ

ဒီလိုလှူတဲ့အတွက် သူတို့ဟာ ဘာကမ္ပည်းမှလည်း မထိုးခိုင်းပါဘူး။ ဘာကျေးနပ်မှုကိုမှလည်း မပြုခိုင်းပါဘူး။ ဒါဟာ ကျော်ကြားလိုခြင်းဆိုတဲ့ မာရ်နတ်ရဲ့ နဝမမြောက် တပ်မကို ကျော်ဖြတ်နိုင်တာပဲ။ ၁၉၊ ၄၊ ၂၀၀၉ နေ့က တို့ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားအနီးမှာ ညတရားပွဲဟောရတယ်။ ဒီတရားပွဲအတွက် ကားအကြိုအပို့ တာဝန်ကို ဦးရဲမြင့်က ယူတယ်။ သူကိုယ်တိုင် ကားမောင်းတယ်။

ဒီတော့ တရားကိုလည်း အစအဆုံး နာဖြစ်သွားတာပေါ့။ အဲဒီညက တို့ဘာ တရားဟောသလဲဆိုတော့ ပြုံးသေမဲ့သေဆိုတဲ့တရားကို ဟောတယ်။ သံယုတ်ပါဠိတော်၊ နကုလပိတုသုတ်မှာ ဗုဒ္ဓက ကိုယ်မှာပင် နာသော်လည်း စိတ်မနာပါစေနဲ့ဆိုတဲ့ တရားဒေသနာအကျဉ်းကို ဟောထားတယ်။ ဒီဒေသနာအကျဉ်းကို အရှင်သာရိပုတ္တရာက နကုလပိတာအဘိုးကို အကျယ်ချဲ့ပြတယ်။

သဘောတရားသာရှိသော ခန္ဓာငါးပါးကို ငါလို့စွဲယူထားရင် ခန္ဓာငါးပါးပျက်စီးချိန်၊ သေချိန်ရောက်ပြီဆိုရင် ကိုယ်လည်း နာတယ်။ စိတ်လည်း နာတယ်။ မဲ့သေရတယ်လို့

http://www.dhammadownload.com



ဆိုလို တာပေါ့။ ဒီသဘောတရားငါးခုကို ငါလို့ စွဲယူမထားဘူး ဆိုရင် သေချိန်ရောက်တဲ့အခါ ကိုယ်သာနာတယ်၊ စိတ် မနာ ဘူးဆိုတဲ့အကြောင်းကို လက်တွေ့ဖြစ်ရပ်တွေနဲ့ဟောပြတယ်။

အဲဒီလို ဟောရင်းနဲ့ ပဋ္ဌိသန္ဓေနေရတဲ့ဆင်းရဲကို ဆက် ဟောတယ်။ ပဋ္ဌိသန္ဓေနေရတဲ့ ဆင်းရဲဟောရင်းနဲ့ တို့ တာဝန် ယူ ပြုစုစောင့်ရှောက်နေတဲ့ ချောစုအကြောင်းပါ ပြောဖြစ် သွားတယ်။ တို့ရေးတဲ့ 'ဘဝနှင့် ရင်းရသော အတွေးအမြင်' များ အတွဲ(၁) နိဒါန်းမှာ ချောစုအကြောင်းအကျဉ်းရေးထားပါ တယ်။ ချောစုဆိုတာ တို့ပေးတဲ့နာမည်ပါ။ သူဟာ နယ်မြို့ လေး တစ်မြို့က မိခင်ဝမ်းထဲသန္ဓေတည်တယ်ပေါ့။ သူ့မိဘ နှစ်ပါးလုံးက ကလေးမလိုချင်တော့ ဆေးစားပြီး ဖျက်ချလိုက် ကြတယ်။ ဒါပေမဲ့ ချောစုရဲ့ ကုသိုလ်ကံကကောင်းတော့ ပျက် မကျဘူး။ သူ့အမေကတော့ ပျက်ကျသွားပြီဆိုပြီး အေးအေး ဆေးဆေးနေတာပေါ့။ ကိုယ်ဝန်က တော်တော်ကြီးရင့်လာ တယ်။ ဗိုက်က သိပ်မပေါ်တော့ သူ့အမေက မရိပ်မိဘူး။ သူရိပ်မိတဲ့ အချိန်ကျတော့ ကိုယ်ဝန်က တအားရင့်နေပြီ။ အဲဒီတော့ဘာလုပ်လဲဆိုတော့ ကိုယ်ဝန်ဖျက်ချပေးတဲ့ အာဏာ သားမိန်းမကြီးတွေ ဆီသွားပြီး အကြမ်းနည်းနဲ့ ဖျက်ချတယ်။

## သုံးလှည့်တစ်လှည့်

ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေ ဒီလိုအလုပ်ကို လုံးဝ မလုပ်သင့်ဘူး။ ဒါ လူသတ်တဲ့ ပါဏာတိပါတကံပဲ။ သိပ် ကြောက်စရာ ကောင်းတယ်။ အဲသလို ကိုယ်ဝန်ဖျက်ချတဲ့

http://www.dhammadownload.com



မိန်းမတွေရဲ့ နယ်ပယ်မှာ စကားတစ်ခွန်းရှိတယ်။ သုံးလှည့် တစ်လှည့်တဲ့။ သန္ဓေသားကို သုံးကြိမ်သတ်ပြီး နောက်တစ်လှည့်ကျတော့ ကိုယ်သေရတယ်လို့ ဆိုလိုတယ်။

ချောစုအမေဟာလည်း ခုလို ချောစုကို သတ်တာဟာ လေးကြိမ်မြောက်ဖြစ်မယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီတစ်လှည့်မှာ သူ့အမေသေပေးရတာကိုး။ အဲဒီလို အကြမ်းနည်းနဲ့ဖျက်တဲ့အခါ သွေးတွေလွန်ပြီး သူ့အမေ သတိလစ်သွားတယ်။ ဒါနဲ့ အဲဒီမြို့ကဆေးရုံမှာတင်တယ်။ ဆရာဝန်က ကလေးအသက်နဲ့ လူကြီးအသက် တစ်သက်ပဲ ရတော့မယ်။ ကြိုက်တာပြောပါ ဆိုတော့ အားလုံးက လူကြီးအသက်တဲ့။

ဒါပေမဲ့ တကယ်ခွဲစိပ်တဲ့အခါ လူကြီးပဲ သေသွားတယ်။ ချောစုဖြစ်လာမယ့် ကလေးမလေးက မသေဘူး။ သူတို့ဖျက်ချတဲ့ဒဏ်ကြောင့် ချောစုရဲ့ ခြေထောက်နှစ်ချောင်းလုံးဟာ ခွေခေါက်ပြီး ပျက်စီးသွားတယ်။

*"သဘောထားသေးသိမ်တဲ့သူဟာ*
*သူတစ်ပါးအပြစ်ကိုပဲ မြင်လေ့ရှိတယ်။*
*သဘောထားကြီးတဲ့သူကတော့*
*ကိုယ့်အပြစ်ကိုပဲမြင်တယ်။*
*သဘောထားအပြည့်ဝဆုံးလူကတော့*
*ဘယ်သူ့ကိုမှ အပြစ်မမြင်တော့ဘူး"*

ဆိုတဲ့ ဒဿနလေးအတိုင်း သဘောထားသေးသိမ်ကြတဲ့

http://www.dhammadownload.com



ချောစုရဲ့ ဖခင်နဲ့ အဒေါ်တွေဟာ ဒီကလေးကြောင့် မိခင်သေရတာဆိုပြီး ချောစုကိုအပြစ်ဖို့ကြတယ်။ သူတို့ အားလုံးဝိုင်းပြီး ချောစုကို သတ်တဲ့အပြစ်ကိုကျတော့ မမြင်ကြဘူး။ ဒုက္ခိတဖြစ်နေတဲ့ချောစုလေးကို ဆေးရုံမှာပစ်ထားပြီး ထွက်သွားကြတယ်။ ဒါပေမဲ့ ချောစုအဖေရဲ့အစ်မကြီးတစ်ယောက်က ဘယ်သူ မမွေးချင်ရင်နေ ငါ မွေးမယ်ဆိုပြီး ရွှေပြည်သာကို ခေါ်လာခဲ့တယ်။

ဒီဒါယိကာမကြီးဟာ ပစ္စည်းဥစ္စာဆင်းရဲပေမယ့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းတရားက ချမ်းသာတယ်။ သူတို့လင်မယားဟာ ရွှေပြည်သာမှာ ကိုယ်ပိုင်အိမ်နဲ့ ခြံတောင်ရှိတာမဟုတ်ဘူး။ သူတစ်ပါးအိမ်ဝိုင်းထဲမှာ တဲလေးထိုးပြီး နေကြတာ။ ခြံထဲကတိုက်ကို စောင့်တဲ့ ခြံစောင့်တွေပေါ့။

ချောစုကို မွေးစားတဲ့ အဖေက ဒရဝမ်လုပ်တယ်။ ချောစုကို မွေးစားတဲ့အမေက အိမ်တကာလှည့် အဝတ်လျှော်တယ်။ သူတို့ကလေး လေးယောက်နဲ့တောင် အနိုင်နိုင်ရှာစားနေရတဲ့ကြားထဲက ဒီဒုက္ခိတကလေးမလေးကို မွေးစားရဲတာဟာ တော်တော်ကို ချီးကျူးဖို့ကောင်းတယ်။ တစ်နှစ်တစ်နှစ်ဆိုရင် တောင်ပေါ်ဒေသက မိဘမဲ့တိုင်းရင်း သားကလေးတွေကို ဗုဒ္ဓဘာသာမိဘမဲ့ပရဟိတကျောင်း တွေမှာ လာအပ်ကြတယ်။ ဒါပေမဲ့ ဆယ်ယောက်အပ်ရင် နှစ်ယောက်လောက်ပဲ လက်ခံနိုင်တယ်။

http://www.dhammadownload.com



## သုံးယောက်တစ်ကျောင်း

သန်း ။ ။ ဘာဖြစ်လို့လဲ ဆရာတော်

နုပ် ။ ။ မကျွေးနိုင်လို့ ထားစရာ နေစရာမရှိလို့တဲ့။ အဲဒီတော့ ကျန်တဲ့ကလေးတွေက ဘာသာခြားပရဟိတကျောင်းတွေကို ရောက်သွားကြတယ်။

ဘုန်းကြီးကျောင်း တစ်ကျောင်းကို မိဘမဲ့ကလေးသုံးယောက်လောက်တာဝန်ယူမယ်ဆိုရင်လည်း မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားအားလုံး ဗုဒ္ဓဘာသာပြန်ဖြစ်နိုင်ပါတယ်။

ချောစုကို စတွေ့တာ လွန်ခဲ့တဲ့ (၁၃)နှစ်လောက်ကပေါ့။ အဲဒီတုန်းက တို့ကိုယ်တိုင် ဆွမ်းခံစားနေရတဲ့အချိန်ပါ။ ဒါပေမဲ့ တို့မှာ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အဦရှိတယ်။ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အဦမရှိတဲ့ ဒီဒကာမကြီးကတောင် ဒီဒုက္ခိတကလေးမလေးကို စောင့်ရှောက်ရင် ငါက ပိုစောင့်ရှောက်သင့်တယ်လို့ ဆုံးဖြတ်ပြီး ဒီကလေးမလေးရဲ့ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ ပညာရေးအားလုံးကို တာဝန်ယူထောက်ပံ့နေတာ အခုအချိန်ထိပေါ့။

အခုဆိုရင် တို့မှာ ဘုန်းကံတက်လာတော့ ချောစုအတွက် သိန်းလေးဆယ်ခန့်တန်တဲ့ အိမ်နဲ့ ခြံကိုတောင် ဝယ်ပေးပြီးပြီ။ တို့ဟာ ဘုရားသာတစ်ဆူမှ မတည်ဖူးသေးတာ။ ဒုက္ခရောက်နေသူတွေကို အိမ်တို့၊ ခြံတို့ဝယ်လှူပေးတာ ၂၂ လုံးရှိပြီ။ ဒီအကြောင်းကို နာလိုက်ရတဲ့ ဒကာကြီးဦးရဲမြင့်ဟာ တို့ရဲ့ ပရဟိတအလှူကို တော်တော် လေးစားအားကျသွား

http://www.dhammadownload.com



ပုံရတယ်။

**အခမ်းအနားမပါ သိန်းနှစ်ရာအလှူ**

တရားပွဲအပြီး အပြန်မှာပဲ ဆရာတော် တကယ် လိုအပ်တဲ့နေရာတွေမှာ လှူဖို့အတွက် ဆိုပြီး ငွေသိန်း နှစ်ရာ လှူတယ်။ ပြီးတော့ သူက ပြောလိုက်သေးတယ်။ တခြားနေရာတွေမှာ လှူရင် ကြေညာတာနဲ့ ကမ္ပည်းရေးတာနဲ့ အလုပ်ရှုပ်မှာစိုးလို့ ဆရာတော်ကိုပဲ လှူလိုက်တာ။ ဆရာတော်ဆီ ရောက်ရင် တကယ်လိုတဲ့နေရာ ရောက်မှာပဲ။ လိုတဲ့နေရာ ရောက်ပြီး အလှူခံချမ်းသာဖို့ပဲ အရေးကြီးပါတယ်ဘုရားတဲ့။

ဒီလို အလှူမျိုးကို ပါရမီထိုက်တဲ့အလှူလို့ခေါ်တယ်။ ငါလည်း ငွေရရချင်း တို့ရဲ့ ဇာတိအမရပူရမြို့၊ နန်းတော်ရာစံပြကွက်သစ်ရပ်ကွက်၊ မူလတန်း နှစ်ထပ်ဆောင် ဆောက်ဖို့အတွက် သိန်း ၅၀၊ ကော့သောင်းမြို့၊ ဝေနေယျသုခ နီးဘုရားကြီး ဂန္ဓကုဋီတိုက်ကျောင်းဆောက်ဖို့ အတွက် သိန်း ၅၀၊ မြင်းခြံခရိုင် တောင်သာမြို့နယ်၊ သာစည်ရွာမှာ ဆောက်မပြီး ဖြစ်နေတဲ့ အလယ်တန်းကျောင်း ဆောက်ဖို့အတွက် သိန်း ၃၀။

နှလုံးရောဂါခွဲစိပ်မယ့် ရဟန်းနှစ်ပါးနဲ့ သီလရှင်တစ်ပါး အတွက် ၅၅ သိန်း၊ ကျန်တာကတော့ မျက်စိခွဲစိတ်တဲ့ လူနာတွေအတွက် ဖြစ်သွားတာပါ။

သန်း ။ ။ စောစောက ဆရာတော်ပြောတဲ့ စကားထဲမှာ ဒီအလှူမျိုးက ပါရမီထိုက်တဲ့အလှူဆိုတော့ ပါရမီမထိုက်တဲ့အလှူဆိုတာ

http://www.dhammadownload.com



ရှိသေးသလား ဘုရား။

နုပ် ။ ။ ရှိတာပေါ့ကွ။ ငါကောင်းစားဖို့ ငါချမ်းသာဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူရင် ပါရမီမထိုက်ဘူး။ အလှူခံကောင်းစားဖို့ လောကကောင်းစားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့လှူရင် ပါရမီထိုက်တယ်။ ပါရမီထိုက်တဲ့ ကုသိုလ်ဖြစ်ဖို့အတွက် လိုအပ်တဲ့ အချက်သုံးချက်ကို ဆရာကြီးဦးရွှေအောင်က ပါဝေယျက အာဗိဝကဆိုတဲ့ ဆောင်းပါးမှာ အခုလိုရေးခဲ့တယ်။

*အခြားသူများ၏ အပြစ်ကို မကြည့်ရာ၊ အခြားသူများ၏ ထိုထိုကောင်းမှု၊ မကောင်းမှု ပြု၊ မပြုကိုလည်း မကြည့်ရာ၊ မိမိ၏ကောင်းမှုပြုသည်၊ မပြုသည်ကိုသာကြည့်ရာ၏။(ဓမ္မပဒ)*

ဂါထာ၏ဆိုလိုရင်း အဓိပ္ပာယ်အကျဉ်းမှာ ဤသို့ဖြစ်၏။ မည်သူပင်ဖြစ်ဖြစ် လုပ်ငန်းတစ်ခုခုကို လုပ်ရာ၌ ဤဂါထာပါ သွန်သင်ချက်အတိုင်း လုပ်ရ၏။ ထိုသို့လုပ်ပါက လောကီအကျိုးများကိုသာမက အရိယသစ္စာကို သိခြင်းတိုင်အောင်သော လောကုတ္တရာအကျိုးများကိုပါရ၏။ ပတ်ဝန်းကျင်တွင် ကောင်းမှုကို လုပ်သူများလည်း ရှိ၏။ မကောင်းမှုကို လုပ်သူများလည်း ရှိ၏။ သဗ္ဗေသတ္တာ ကမ္မဿကာဆိုသည့်အတိုင်း သူတို့လုပ်သောကံက သူတို့အတွက်ဖြစ်၏။ မိမိအတွက်ဖြစ်စေလိုလျှင် ပတ်ဝန်းကျင်၏ဆွဲဆောင်မှုကို သည်းခံရ၏။ ကောင်းသောလုပ်ငန်းဖြင့်ဆွဲဆောင်လျှင်လည်း သည်းခံရ၏။ မကောင်းသော လုပ်ငန်းဖြင့် ဆွဲဆောင်လျှင်လည်း သည်းခံရ၏။

http://www.dhammadownload.com



## မြတ်သောအလုပ် မြန်မြန်ပြီးဖို့

ကောင်းသောလုပ်ငန်းဖြင့် ဆွဲဆောင်ခြင်းဟူသည်မှာ မိမိကို မြှောက်ခြင်းဖြစ်၏။ မကောင်းသောလုပ်ငန်းဖြင့် ဆွဲဆောင်ခြင်းဟူသည်မှာ မိမိကို ချောက်ခြင်းဖြစ်၏။ ထို့ ကြောင့် မြှောက်ခြင်း၌လည်း အလေးထားရမည်ဟုတ်။ ချောက်ခြင်း၌လည်း အလေးထားရမည်မဟုတ်။ ဤသို့ အလေးမထားခြင်း သည်ပင် သည်းခံခြင်း ခန္တီပါရမီသဘော သက်ရောက်၏။ ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုများကို အလေးမထားဘဲ၊ မိမိ၏ ရည်မှန်းချက်များကို မျက်ခြေပြတ်မခံခြင်းသည် ဥပေက္ခာပါရမီ သဘောသက်ရောက်၏။ ယင်းကိုပင် လစ်လျူရှုခြင်းဟူ၍ ဆို ရ၏။ အကျဉ်းအားဖြင့် ဆွဲဆောင်မှုများကို တွန်းလှန်နိုင်ခြင်း သည် သည်းခံခြင်း ခန္တီ၏သဘောဖြစ်၏။

မိမိ၏ ရည်မှန်းချက်အတိုင်း ဆက်လက်ဆောင်ရွက် နိုင်ရန် စိတ်ကို ထားခြင်းသည် ဥပေက္ခာ၏သဘောဖြစ်၏။ အမှန်အားဖြင့် သူ့အလုပ်ကို သူလုပ်၍ ကိုယ့်အလုပ်ကို ကိုယ် လုပ်ရမည်ဖြစ်၏။ ကိုယ့်အလုပ်ကို ကိုယ်ကမလုပ်ဘဲ သူ့အလုပ် ၌ စိတ်ရောက်နေရမည်မဟုတ်။ ထို့ကြောင့် သူ့အလုပ်၌ စိတ် မရောက်အောင် အားထုတ်ခြင်းသည် ခန္တီ၏ သဘောဖြစ်၏။ ကိုယ့်အလုပ်၌သာ ကိုယ်က စိတ်ရောက်အောင် အားထုတ် ခြင်းသည် ဥပေက္ခာ၏သဘောဖြစ်၏။

သို့ဖြစ်လေရာ လုပ်ငန်း ဟူသမျှ၌ ဤသဘောနှစ်မျိုး ကို အခြေခံအားဖြင့် လိုအပ်၏။ ဤသဘောနှစ်မျိုးကို အခြေခံ

http://www.dhammadownload.com



ပြီးမှ ဆိုင်ရာဆိုင်ရာအလုပ်ကို လုပ်ရမည်ဖြစ်၏။ ဆိုင်ရာဆိုင်ရာအလုပ်များ ဟူသည်မှာ ဒါန၊ သီလ၊ ဘာဝနာဟူသော ကောင်းမှုများဖြစ်၏။ အခြေခံသဘောအားဖြင့် ဒါနဟူသည်မှာ ပုံပိုးခြင်းဖြစ်၏။ သီလဟူသည်မှာ စိတ်ယုတ်မာများ ဝင်မလာနိုင်အောင် တားဆီးခြင်းဖြစ်၏။

ဘာဝနာဟူသည်မှာ ဖြူစင်သောစိတ်ကို မွေးမြူခြင်းဖြစ်၏။ ထို့ကြောင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး စသော ရေးရာအဖြာဖြာတို့ကို ဆောင်ရွက်ရာ၌ ဒါနသဘောကိုလည်း ပါဝင်အောင် ဆောင်ရွက်ရ၏။ သီလသဘောကိုလည်း ပါဝင်အောင် ဆောင်ရွက်ရ၏။ ဘာဝနာသဘောကိုလည်း ပါဝင်အောင်ဆောင်ရွက်ရ၏။ ထိုသို့ ဆောင်ရွက်ရာတွင် အရေးကြီးသော ခံယူချက် တစ်မျိုးကို ထားရှိရန် လိုအပ်၏။

ထိုခံယူချက်မှာ မည်သည့်လုပ်ငန်းကိုလုပ်လုပ်၊ ရာထူးဂုဏ်သိမ်စည်းစိမ်ဥစ္စာနှင့် ထင်ပေါ်ကျော်စောမှုများကို မမျှော်မှန်းဘဲ လွတ်လပ်စင်ကြယ်သော စိတ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်၏။ ယင်းကို နေက္ခမ္မပါရမီဟူ၍ဆိုရ၏။ အမှန်အားဖြင့် လောကအတွက် အလုပ်လုပ်ရာတွင် ဘာကိုမှ မျှော်ကိုးခြင်းမရှိဘဲ စေတနာမှန်သန့်သန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် နေက္ခမ္မပါရမီအကျင့်ကို ကျင့်ရာရောက်ပါ၏။ ထို့ကြောင့် မိမိတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများကို လုပ်ရာ၌ သည်းခံခြင်း ခန္တီ၊ သူ့အလုပ်၌ စိတ်မရောက်စေဘဲ မိမိ၏ အလုပ်၌သာ

http://www.dhammadownload.com



စိတ်ရောက်ခြင်း ဥပေက္ခာအကျိုးကို မမျှော်ကိုးဘဲ စေတနာ သန့်သန့်ကို ထားခြင်း၊ နေက္ခမ္မတို့ကို အခြေခံပြီးမှ ဆောင်ရွက် အပ်ပါ၏။

## ပါရမီထိုက်တဲ့ကုသိုလ်ဖြစ်ဖို့

ဆရာကြီးဆိုလိုရင်းကတော့ ကုသိုလ်ကစပြီး ဘယ် အလုပ်ကိုပဲ လုပ်လုပ် ခန္တီ၊ ဥပေက္ခာ၊ နိက္ခမ၊ ဒီသုံးချက် ပါအောင် လုပ်နိုင်ရင် ပါရမီထိုက်တယ်လို့ ဆိုလိုတာပဲ။ ဘယ် လိုနေရာမှာ လှူရင် ဘယ်လိုဘွဲ့တံဆိပ်တွေ ရသတဲ့ ဆိုတဲ့ အပြောမျိုးတွေကို သည်းခံတာ။ ပြောသူနောက် ပါမသွားတာ ဟာ ခန္တီရဲ့သဘောပဲ။ ဘယ်လို အနှောင့်အယှက်တွေ တွေ့ တွေ့ကိုယ့်အလုပ်ကို ပြီးအောင်လုပ်နိုင်တာဟာ ဥပေက္ခာ ပါရမီပဲ။

မျှော်လင့်ချက်၊ တောင့်တချက်တွေကို ပယ်နိုင်တာ ဟာ နိက္ခမရဲ့သဘောပဲ။ ဦးရဲမြင့်တို့ ဒေါ်မေသင်တို့ရဲ့ အလှူ ဟာ ဒီသုံးချက်ပါတဲ့အတွက် ပါရမီထိုက်တယ်။ ပါရမီ မထိုက် တဲ့ ကုသိုလ်ဟာ လူ့ချမ်းသာ၊ နတ်ချမ်းသာကိုတော့ ပေး တယ်။ နိဗ္ဗာန်ကိုတော့ မပို့ဘူး။ ပါရမီထိုက်တဲ့ကုသိုလ်က လူ့ချမ်းသာ နတ်ချမ်းသာလည်း ပေးတယ်။ နိဗ္ဗာန်ကိုလည်း ပို့တယ်။

စစ်အတွင်း ပြေးရင်းလွှားရင်းနဲ့ မာန်နတ်ရဲ့ တပ်မ ဆယ်တပ်လုံးကိုကျော်ပြီး တရားထူးရသွားတဲ့ လူတစ်ယောက် အကြောင်းကို စိတ်ဝင်စားစရာ၊ အားကျစရာကောင်းလွန်းလို့

http://www.dhammadownload.com



ပြောပြဦးမယ်။ ဒီအကြောင်းအရာကို ဆရာကြီးရွှေဥဒေါင်းက ၁၉၀၂ ခုနှစ်၊ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းမှာ ရေးခဲ့တာ။

သန်း ။ ။ စိတ်ဝင်စားစရာပါလား ဆရာတော်။ တပည့်တော်တော့ ဒီအကြောင်းကို ဖတ်လည်း မဖတ်ဖူးဘူး။ ကြားလည်း မကြားဖူးဘူး။

## တော်သလောက် မကျော်ရခြင်းအကြောင်း

နုပ် ။ ။ မင်း သိတဲ့အတိုင်းပဲ။ ဆရာကြီးရွှေဥဒေါင်းက အတွေးအခေါ်သိပ်ကောင်းတာကွ။ ပြောတိုင်း ယုံတာမဟုတ်ဘူး။ ပြီးတော့ သူကိုယ်တိုင်လည်း စိတ္တာနုပဿနာသတိပဋ္ဌာန်ကို တကယ်ပွားများခဲ့တာ။ ဒါပေမဲ့ ဦးဘချမ်း တရားထူးရသွားတယ်ဆိုတာကိုတော့ ဆရာကြီးက ရာနှုန်းပြည့်ယုံကြည်တယ်။

ဒါတင်မကသေးဘူး။ ပိဋကတ်ပါရဂူလို့ ပြောရလောက်အောင် စာတတ်တဲ့ ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်)ဟာ လက်ဝဲစာတွေလေ့လာပြီး ကွန်မြူနစ်ဖြစ်သွားတယ်။ ဗုဒ္ဓဘာသာကိုပါ စွန့်ပစ်လိုက်တယ်။ သူ့အိမ်မှာ ဗုဒ္ဓရုပ်ပွားတော်တောင် မထားရဘူး။ အဋ္ဌကထာ ရေးသားချက်အချို့ကို ကြည့်ပြီး ဗုဒ္ဓကိုတောင် မှိုချိုးမှျစ်ချိုး ပြောခဲ့မိဟန်တူတယ်။ အဲဒီကံတွေထိုက်လို့ သူဟာတော်သလောက် မကျော်ခြင်းဖြစ်ကြောင်းကိုလည်း ဝန်ခံသွားတဲ့အကြောင်း ငါဖတ်ဖူးတယ်။

အဲဒီဆရာကြီး ဦးဆန်းထွန်းဟာ ဘာစာမှ မတတ်တဲ့ ဦးဘချမ်းရဲ့တရားတွေ့ပုံအကြောင်းကို နားထောင်အပြီးမှာ ဗုဒ္ဓ

http://www.dhammadownload.com



ဘာသာပြန်ဖြစ်သွားခဲ့တယ်။ ကဲ. . ဆရာကြီးရွှေဥဒေါင်း ရေးခဲ့တဲ့အတိုင်း ပြန်ဖတ်ကြည့်ရအောင်။

## တရားထူးမြင်သောဦးဘဂျမ်း

၁၉၆၂ ခု၊ ဩဂုတ်လ ၃ ရက်နေ့တွင် ကွယ်လွန်သည့် ဦးဘဂျမ်းသည် ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်သော်လည်း သူ၏ထူးခြားခြင်းကို လူသိနည်းလှသည်ဖြစ်၍ သူ၏ဓမ္မမိတ်ဆွေတစ်ဦးဖြစ်သည့် ကျွန်ုပ်က အများပြည်သူတို့သိကြစေခြင်းငှာ မှတ်တမ်းတင်လိုက်ရပါသည်။

ကျွန်ုပ်သည် ၁၉၄၇ ခုနှစ်လောက်တွင် လူထုသတင်းစာ၌ အနတ္တအကြောင်းကို ခေါင်းကြီးတစ်ပုဒ်ရေးထည့်လိုက်ရာ ၎င်းကိုဖတ်ရသောပုဂ္ဂိုလ်နှစ်ယောက်သည် လူထုသတင်းစာတိုက်သို့ လာကြ၍ ''ဒီဆောင်းပါးကို ရေးတဲ့သူ ဘယ်မှာနေသလဲ''ဟု ဒေါ်အမာအား မေးကြသည်ဆို၏။ ဒေါ်အမာက ကျွန်ုပ် ဓားတန်း၌နေကြောင်း ပြောလိုက်ရသည်ဟု ကျွန်ုပ်အားပြောသဖြင့် ကျွန်ုပ် မျှော်လျက်ရှိသော်လည်း မပေါ်လာကြချေ။ ထိုလူနှစ်ယောက်အနက် တစ်ယောက်မှာ မန္တလေးမြို့၊ ဆန်လှုံအသင်းဥက္ကဋ္ဌ ဦးဘအုန်းဖြစ်သည်ဟု သိရသော်လည်း အခြားတစ်ယောက်မှာ မည်သူမည်ဝါဖြစ်သည်ဟု ဒေါ်အမာကမပြောနိုင်သဖြင့် ကျွန်ုပ်လည်း မသိရချေ။ ကျွန်ုပ်သည် ထိုစဉ်အခါက လောကုတ္တရာရေးဆိုင်ရာ ခေါင်းကြီးမျိုးကို ရေးခဲလှ၍ တစ်ခါတစ်ရံ တစ်ပုဒ်တလေမျှလောက် အစမ်းသဘော အနေ

http://www.dhammadownload.com



နှင့် ရေးကြည့်လိုက်ခြင်း ဖြစ်သောကြောင့် စာဖတ်ပရိသတ်က မည်ကဲ့သို့ လက်ခံကြသည်ကို သိလိုဇောနှင့် မျှော်မိခြင်းဖြစ်ရာ သူတို့ မရောက်လာသဖြင့် ကျွန်ုပ်လည်း ထောက်လှမ်းစုံစမ်းခြင်း မပြုတော့ပါ။

ကျွန်ုပ်၏ဝါသနာတစ်ခုမှာ ကျွန်ုပ်၏စာများနှင့် ပတ်သက်၍ ထင်မြင်ချက်တောင်းရိုးထုံးစံမရှိ၊ ပြောချင်သူက ပြောပါမူ စိတ်ဝင်စားစွာနှင့် နားထောင်လေ့ရှိပါသည်။ ထို့နောက် ကျွန်ုပ်သည် ဦးဘအုန်းကို အနည်းငယ်သိကျွမ်း၍ တစ်ကြိမ်နှစ်ကြိမ်တွေ့ဆုံမိကြသော်လည်း သူကလည်း မေးမြန်းခြင်းမရှိ၊ ကျွန်ုပ်ကလည်းစုံစမ်းချင်တတ်သော ဝါသနာမရှိသဖြင့် အနုတ္တဓါင်းကြီးအကြောင်းမှာ အဆက်ပြတ်သွားခဲ့၏။

## သကျသီဟရေပ်

၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ကျွန်ုပ်သည် လူထု တိုက်မှ နုတ်ထွက်ပြီးနောက် တရားရှာခြင်းမဟုတ်။ တရားဝါသနာပါသော ရှင်လူရဟန်းစသည်များနှင့် အလျဉ်းသင့်သည့်အခါများ၌ ဆွေးနွေးလေ့ရှိ၏။ ထိုနှစ်ထဲတွင် သကျသီဟ ဘုရားအတွင်း မန္တလေးဟိုက်ကုတ်ရှုံးအုပ်စာရေးကြီး (ပင်စင်စား) ဦးဘညွန့်၏ အုတ်ဇရပ်၌ သီတင်းနေ့တိုင်း တရားဓမ္မ ဆွေးနွေးကြသည်ဟု ကြားသိရသဖြင့် ဒေါ်အမာ၏ဖခင်၊ ကျွန်ုပ်နှင့် ကျောင်းနေဖက်သူငယ်ချင်း) ဦးထင်နှင့်အတူ သွားရောက်ကြသည်။ ဇရပ်သို့ မှန်မှန်လာကြသည့် ပုဂ္ဂိုလ်ရှစ်

http://www.dhammadownload.com



ယောက်အနက် အားလုံးတို့မှာ လယ်တီဆရာတော်ဘုရားအစ ရှိသော နာမည်ကျော် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၏ ကျမ်းစာအုပ်များကို ဖတ်ရှု မှတ်သားထားကြသူများသာ ဖြစ်၍ တရားအားထုတ်ဖူးကြသည့် လက္ခဏာမရှိခြင်းကို တွေ့ရ၏။

ဤသို့ဆိုခြင်းဖြင့် တရားဓမ္မအကြောင်းကို စဉ်းစားဖူးကြသူများ မဟုတ်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ဤခေတ်တွင် ပေါ်ပေါက်လျက်ရှိသည့် ကမ္မဋ္ဌာန်း(ရိပ်သာ)များသို့ သွားရောက်အားထုတ်ဖူးကြသည့် လက္ခဏာ မရှိခြင်းကို ဆိုလိုပါသည်။ ကမ္မဋ္ဌာန်းအလုပ်ကို ဟုတ်လှသည်မထင်ဘဲ ကျမ်းစာအုပ်များ ဖတ်ရှုကာ တစ်ဆင့်ကမ်း ဖောက်သည်ချခြင်းအလုပ်နဲ့ မွေ့လျော်လျက်ရှိကြသည့် တရားသမားများသည် မန္တလေးမြို့တွင် ပေါ်များလှသည်။

ဇရပ်သို့ လာကြသော ပုဂ္ဂိုလ်များအနက်တစ်ယောက်နှစ်ယောက်တို့မှာ ဒီပနီကျမ်းစာအုပ်များကို အတော်နှံ့စပ်အောင် ဖတ်ထားကြ၍ သူတို့ချင်း ရှေ့ဆောင်ဆွေးနွေးကြသည်များကို ကျန်လူများက ကြားနာကြခြင်းဖြစ်လေသည်။ ကျွန်ုပ်သည် ဒီပနီကျမ်းမျိုးကို အသင့်အတင့် ဖတ်ရှုဖူးပါသော်လည်း ထိုပုဂ္ဂိုလ်နှစ်ဦးကဲ့သို့ စုံလင်နှံ့စပ်ခြင်း မရှိသည်နှင့် တစ်စုံတစ်ရာ ဝင်၍မပြောဘဲ သူတို့၏ ပြောဟောခြင်းများကို သာလျှင် ဗဟုသုတအနေဖြင့် ကြားနာလျက်ရှိပါသည်။

http://www.dhammadownload.com



## ဦးဘဂျမ်း

တစ်ခုသောသီတင်းနေ့၌ ဝဝတုတ်တုတ်အသားဖြူဖြူ အသက် ၅၀–ကျော်ခန့်ရှိ လူတစ်ယောက်သည် ဇရပ်သို့ ရောက်လာ၍ ပထမ၌ ကျွန်ုပ်တို့နည်းတူ တိတ်ဆိတ်စွာ နားထောင်လျက်ရှိ၏။ ဟောပြောသူက ဟောပြော၍ အတန် ကြာလတ်သော် လူဝဝသည် တရားဓမ္မ ကိစ္စတွင် စာဖတ်ရုံနှင့် မပြီးဘဲ အားထုတ်ခြင်း၏ အရေးကြီးခြင်းအကြောင်းကို ပြော လေရာ အခြားလူများ နှုတ်ဆိတ်သွားကြ၍ ကျွန်ုပ်မှုကား စိတ်ဝင်စားစွာနှင့် ထိုလူကို လှမ်းကြည့်လိုက်သည်။

ထို့နောက် ကျွန်ုပ်က အနီးရှိ လူတစ်ယောက်အား မည်သူဖြစ်ပါသနည်းဟု မေးကြည့်ရာ ရောဝတီမီးသင်္ဘော ကုမ္ပဏီတွင် ကိုယ်စားလှယ်အဖြစ်နှင့် လုပ်ခဲ့ဖူးသော ဦးဘဂျမ်း ဖြစ်သည်ဟု ပြောပြ၏။ ထို့နောက် ဦးဘဂျမ်းသည် တရား အားထုတ်ခြင်းနှင့်ပတ်သက်၍ ဉာဏ်အမြင်၏ အရေးကြီးပုံကို ပြောလေရာ ကျွန်ုပ် တိုး၍ စိတ်ဝင်စားလာသည်။

ဤသို့ဖြစ်လာရခြင်းမှာ တရားအကြောင်းဆွေးနွေးကြ သော အခါမျိုးတွင် စာသမားများသည် စာထဲက အခြင်းအရာ ကို ပြောပြ၍ ကမ္မဋ္ဌာန်းသမားများကလည်း ကမ္မဋ္ဌာန်းကျောင်း ထဲ၌ ကမ္မဋ္ဌာန်းထိုင်လျက်ရှိစဉ် ကိုယ်ထဲ၌ ဘယ်ကဲ့သို့ဖြစ် သည်။ စိတ်ထဲ၌ ဘယ်ပုံဖြစ်ပွားသည်။ ဝေဒနာဘယ်ပုံပေါ်၍ ဘယ်မျှလောက် အခံရခက်သည်။ သတိဘယ်ပုံလစ်သွား သည် အစရှိသော အခြင်းအရာများကိုသာ ပြောကြလေသည်။

http://www.dhammadownload.com



တရားသဘာဝနှင့် ပတ်သက်၍ မည်သို့ဉာဏ်အမြင်မျိုး ပေါ်လာပြီး ဘယ်ကဲ့သို့ ပြောင်းပြန်သဘောမြင်လိုက်ရသည် အစရှိသည်တို့ကို ပြောသံမကြားရဘဲ ဦးဘဂျမ်း၏ စကား၌ ပြောင်းပြန်အဓိပ္ပာယ်မျိုးပါလာသည်ထင်သောကြောင့် ဖြစ်ပါသည်။ အချိန်ကုန်၍ ပြန်ကြမည် ပြုရာတွင် ကျွန်ုပ်သည် ဦးဘဂျမ်းအနီးသို့ ချဉ်းကပ်၍ အနတ္တနှင့် ပတ်သက်သည့်စကား အနည်းငယ်ပြောလိုက်ရာတွင် သူက ...

"ဩော် ... ဆရာကြီးရွှေဥဒေါင်းလား။ ခင်ဗျားကို တွေ့ချင်လို့ လူထုတိုက်ကို သွားမေးပါသေးတယ်ဟု ပြောသဖြင့် ဦးဘအုန်းနဲ့ လာတဲ့လူဆိုတာ ခင်ဗျားလားဟု ကျွန်ုပ်က ပြန်မေးပြီး တစ်ခဏချင်းတွင် အတော် ရင်းနှီးသွားကြလေသည်။

## ပွဲထုတ်ခြင်း

နောက်တစ်သီတင်း၌ ဦးဘဂျမ်းနှင့် ကျွန်ုပ်သည် ဇရပ်၌ တွေ့ဆုံကြပြန်ရာ တရားဆွေးနွေးကြရာတွင် များစွာသော ပြဿနာတို့၌ စာဖတ်သမားများက တစ်ဘက်၊ ဦးဘဂျမ်းနှင့် ကျွန်ုပ်ကတစ်ဘက်ဖြစ်နေကြခြင်းကို တွေ့ရ၏။ အယူအဆသဘောကွဲလွဲတိုင်း သူနှင့်ကျွန်ုပ်ကား သဘောတူလျက်ရှိကြ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် ဦးဘဂျမ်းကို ကျွန်ုပ်၏ နေအိမ်သို့ ဖိတ်ခေါ်ဆွေးနွေးကြည့်ရာ သူက ပြောခြင်းများ၌ ကျွန်ုပ်က တစ်ခွန်းတစ်လေမျှသာ ထောက်လေ့ရှိ၏။

ဤပုဂ္ဂိုလ်ကား သူသိထားသည့် တရားသဘာဝကို

http://www.dhammadownload.com



သူတစ်ပါးအား ပြောပြခွင့်မရသဖြင့် အလွန်ပြောဟောချင်သည်ကို ကျွန်ုပ်ရိပ်မိသဖြင့် ကျွန်ုပ်၏အသိအကြောင်းကိုမပြောဘဲ သူ၏အသိအကြောင်းကိုသာ ကျွန်ုပ်ကနှိုက်၍ စုံစမ်းလေသည်။ ဤအထိကား ကျွန်ုပ်သည် တရားဓမ္မနှင့် ပတ်သက်၍ ဦးဘဂျမ်းအပေါ်တွင် ကျေနပ်လျက် ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်သည် သူ့အကြောင်းကို ကျွန်ုပ်သိရရုံသာမက ကျွန်ုပ်၏ ဓမ္မမိတ်ဆွေများအား သိစေလိုသည်ဖြစ်သောကြောင့် ဦးဘဂျမ်းကို ပွဲထုတ်ဖို့ စီစဉ်ပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်၏ နေအိမ်၌ ဥပုသ်တစ်ပတ်ခြား တရားဆွေးနွေးပွဲ ပြုလုပ်ရန် ချိန်းဆိုပြီး မိတ်ဆွေလေးငါးယောက်ကိုလည်း ကျွန်ုပ် ဖိတ်ခေါ်ထားလေသည်။

## တရားတောင်းခြင်း

ကျွန်ုပ်တို့၏ ဆွေးနွေးပွဲသို့ လေးငါးခြောက်ယောက် လာရောက်ကြသည့်အနက် မန္တလေးမြို့ရှိ လက်ဝဲသမား လူငယ်များအနက်တွင် နည်းပြဆရာကြီးအဖြစ်နှင့် ထင်ရှားလျက်ရှိ၍ ယခုအခါတွင် မန္တလေးတက္ကသိုလ်၌ လက်ထောက်ကထိကဖြစ်နေသည့်(ရဟန်းလူထွက်) ဦးဆန်းထွန်းတစ်ယောက်လည်း ပါဝင်သည်။ ဦးဆန်းထွန်းသည် ကျွန်ုပ်အား လက်ဝဲသမားစစ်စစ်ကြီးတစ်ယောက်ဖြစ်အောင် ဆွဲဆောင်လိုသော ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်ခြင်းဖြစ်သည် ဟု နောင်အခါ၌ ကျွန်ုပ်သိရသည်။

http://www.dhammadownload.com



သူသည် ရဟန်းအဖြစ်နှင့် ဗုဒ္ဓစာပေများကို အတော်ကြီး နှံ့စပ်အောင် လေ့လာသင်ကြားထားခဲ့သူ တစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်တို့သိရ၍ စာပေ(ပါဠိတော်)နှင့်ပတ်သက်သည့် ကိစ္စများ၌ မရှင်းလင်းသည်များကို သူ့အား မေးမြန်းရန် ကြံရွယ်ချက်ဖြင့် ကျွန်ုပ်က ဖိတ်ခေါ်ခြင်း ဖြစ်လေသည်။ ကျွန်ုပ်က မိတ်ဆွေများအား ဦးဘဂျမ်းအကြောင်းကို ပြောပြကာ မိတ်ဆက်ပြီး ဦးဘဂျမ်းအား . . .

"ကိုင်း ဦးဘဂျမ်း၊ ခင်ဗျားအားထုတ်ခဲ့ပုံအကြောင်းကို အစက စပြီး လုံးစေ့ပတ်စေ့ပြောပြစမ်းပါဗျာ။ ကျွန်တော်တို့အားလုံးက ကြားနာ လိုပါတယ်"ဟု တောင်းပန်လေရာ ဦးဘဂျမ်းပြောပြသည်များကို သူကိုယ်တိုင်ပြောပြသည့် အနေဖြင့် အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

## ဘာသာကိုစွန့်ခြင်း

ဂျပန်ခေတ်မှာတုန်းက ဗုံးရှောင်ကြရင်း ကျွန်တော်တို့ အိမ်သားများဟာ စစ်ကိုင်းတောင်ရိုးချောင်တစ်ချောင်မှာ နေကြတယ်ခင်ဗျ။ တစ်နေ့သ၌တော့ ကျွန်တော့်စိတ်ထဲမှာ အကြံတစ်ခုဖြစ်တယ်။ ယခုလို အားနေတဲ့အခိုက်မှာ အလကား အချိန်ဖြုန်းနေမယ့်အစား ဘာသာတရားကို လေ့လာရင် ကောင်းမယ်။ ငါဟာ ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်တယ်ဆိုပေမယ့် ငါ့မိဘက ဗုဒ္ဓဘာသာဆိုလို့ ငါလည်း ဗုဒ္ဓဘာသာ ဖြစ်နေသလား မဆိုနိုင်ဘူး။ ခရစ်ယာန်ဝမ်းထဲ ဝင်စားလျှင်လည်း

http://www.dhammadownload.com



ခရစ်ယာန်ဖြစ်မယ်။

မွတ်စလင်ဝမ်းထဲဝင်စားလျှင်လည်း မွတ်စလင် ဖြစ်မယ်။ ဟိန္ဒူဝမ်းထဲ ဝင်စားလျှင်လည်း ဟိန္ဒူဖြစ်မှာနဲ့တူတယ်။ သည်တော့ ငါ့မှာ လိုက်လှဲနက်နဲတဲ့ တကယ့်ယုံကြည်မှုရယ်လို့ ဘာမှရှိပုံမရဘူး။ ဒီဘာသာတွေဟာ ဘယ်အသင်းကတကယ် မှန်ကန်တယ်လို့ ငါ မသိဘူး။ ကိုယ်တိုင်စုံစမ်းဦးမှ တော်မယ်။ စုံစမ်းတဲ့အခါမှာလည်း ငါက ဗုဒ္ဓဘာသာတစ်ယောက်အနေနဲ့ စုံစမ်းခဲ့လို့ရှိရင် လက်ရှိဘာသာဘက်လိုက်ပြီး မဲတင်းပေးနေမိမှာပဲ။

အမှန်ကို ရောက်နိုင်မယ်မဟုတ်ဘူး။ သည်တော့ကာ ငါသည် ဗုဒ္ဓဘာသာကို စွန့်ပစ်လိုက်ပြီးသည့်နေ့ကစပြီး ငါ့မှာ ဘာဘာသာမှ မရှိတော့ဘူး။ လွတ်လွတ်လပ်လပ် စဉ်းစားမယ် လို့ ဆုံးဖြတ်လိုက်တယ်ခင်ဗျ။

## နည်းတောင်းခြင်း

ကောင်းပြီ။ ဒါဖြင့် ဘာသာကြီးလေးမျိုး ရှိတဲ့အနက် ဘယ်ဘာသာကို ရှေးဦးစွာစုံစမ်းမလဲလို့ ကိုယ့်ကိုယ်ကို မေးလိုက်တော့ ငါကိုးကွယ်ခဲ့တဲ့ ဗုဒ္ဓဘာသာကို ရှေးဦးပထမစပြီး စုံစမ်းလျှင် ကောင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဘယ်လို စုံစမ်းမလဲတဲ့။ စဉ်းစားလိုက်တော့ ကျွန်တော်စာပေဆိုလို့ ဘာမှတတ်တဲ့လူတစ်ယောက် မဟုတ်ဘူးခင်ဗျ။ အရိုင်းသက်သက်ပဲ။ ဒီတော့ ကျွန်တော်က ကျောင်းမှာရှိတဲ့ ဘုန်းတော်

http://www.dhammadownload.com



ကြီးကို ချဉ်းကပ်ပြီး ...

"အရှင်ဘုရား ဗုဒ္ဓဘာသာမှာ အထွတ်အထိပ်ဆိုတဲ့ မဂ်တရား ဖိုလ်တရားကို တပည့်တော်အားထုတ်ချင်ပါတယ်။ နည်းလမ်းညွှန်ပြတော်မူပါအရှင်ဘုရား"လို့ လျှောက်ထားတယ်။ သည်တော့ ဘုန်းတော်ကြီးက "မဂ်တရားဆိုတာ အလွန် နက်နဲခက်ခဲတယ်။ ဒကာကြီးတို့လိုလောက်နဲ့ ဘယ်မှာ ရနိုင်ပါ့မလဲ"လို့ မိန့်တော်မူတယ်။ သည်တော့ ကျွန်တော်က–

"ရတာ မရတာကိုထားပါ ဘုရား။ တပည့်တော် အားထုတ်စမ်းကြည့်ချင်ပါတယ်။ ဟောပြတော်မူပါလို့"လျှောက်ပြန်တယ်။ ဘုန်းကြီးက "သည်တရားမျိုးဟာ တော်ရုံတန်ရုံ ဖွဲ့သတ္တိ မျိုးနဲ့ ရနိုင်တာ မဟုတ်ဘူး ဒကာကြီးလို့ အမိန့်ရှိပြန်တော့ ကျွန်တော်က ဟောသာ ဟောတော်မူပါဘုရား။ အရှင်ဘုရားက ဒီနေရာက မထနဲ့ ဘယ်နှရက်ထိုင်ပြီး အားထုတ်ရမယ်လို့ အမိန့်ရှိပါ။ တပည့်တော်က ညောင်းညာတယ် ဆိုပြီး ထခဲ့လို့ ရှိရင် တပည့်တော်ကို ဓားနဲ့ခုတ်ပိုင်းပါ။ အရှင်ဘုရားမှာ အမှုမဖြစ်ရအောင် တပည့်တော်က စာရေးပြီး လက်မှတ်ထိုးပေးထားခဲ့ပါမယ်ဘုရား"လို့ လျှောက်ထားပြန်တယ်ခင်ဗျာ။

သည်တော့လည်း ဘုန်းကြီးက အာနာပါနလိုလို အရဟံဂုဏ်တော်လိုလို လက္ခဏာရေးသုံးပါးလိုလိုနဲ့ တစ်ခုတည်း တိတိကျကျ အာရုံပြုတတ်ဖို့ ဟောတော်မမူဘဲ သုံးလေးငါးမျိုး လျှောက်ပြီး ဟောတယ်ခင်ဗျာ။

http://www.dhammadownload.com



## ဘုရားဖူးရခြင်း

သည်တော့ ကျွန်တော် ဘာလုပ်လဲဆိုတော့ ဘုန်းကြီးကျောင်းပေါ်က ဆင်းလာခဲ့ပြီး လူနဲ့ဝေးပေ့ဆိုတဲ့ ဇရပ်ကြီးတစ်ဆောင်ကို သွား၊ ထောင့်တစ်ထောင့်မှာ ထိုင်။ ဆင်းတုတော် တစ်ဆူဖက်လှည့်ပြီး စေ့စေ့ပါအောင် ဖူးတယ်ခင်ဗျ။ စိတ်ထဲကတော့ အရဟံဂုဏ်တော်ကို ဆင်ခြင်ပါတယ်။ ရက်ပေါင်းအတော်ကြာလာတဲ့အခါကျတော့ ဆင်းတုတော်ကို မျက်စိမှိတ်ပြီးအာရုံပြုနေရာမှ ဆင်းတုတော်ပုံသဏ္ဌာန် ပျောက်ပြီး သက်တော်ထင်ရှားရှိတဲ့ ဂေါတမဗုဒ္ဓရဲ့သဏ္ဌာန်တော် ပေါ်လာပါတယ်။

နေရာဌာနကလည်း ကျွန်တော်တို့ ထိုင်နေတဲ့ ဇရပ်ကြီး မဟုတ်တော့ဘဲ သစ်ပင်တွေ တော်တော်များတဲ့ တောကြီးတစ်တော ဖြစ်နေပါတယ်။ မြတ်စွာဘုရားက သစ်ပင်ရင်းမှာ ထိုင်တော်မူလျက်ရှိရာမှာ တစ်ကိုယ်တော်တည်း မဟုတ်တော့ဘဲ ရသေ့အသွင်နဲ့ ပုဂ္ဂိုလ်ငါးဦးတို့ ရှိနေကြပါတယ်။ တစ်ဦးက ချောင်းတစ်ခုမှာ သပိတ်ကို ရေဆေးလို့ တစ်ဦး နှစ်ဦးက တိုလီမိုလီဗာဟီရကိစ္စကလေးများ ဆောင်ရွက်လို့။

နှစ်ဦးကတော့ မြတ်စွာဘုရားအနီးမှာ ထိုင်ကာ သူတို့ချင်း စကားပြောလို့ရှိပါတယ်။ သူတို့ကိစ္စ အသီးသီးပြီးကြတဲ့အခါကျတော့မှ ငါးဦးစလုံးဟာ မြတ်စွာဘုရားရှေ့တော်မှာ လာပြီးထိုင်ကြပါတယ်။ သည့်နောက် ဘုရားက တရားဟောပါတယ်။ ဟောတဲ့အသံကိုတော့ ကျွန်တော်မကြားရပါဘူး။

http://www.dhammadownload.com



သို့သော် လက်နှစ်ချောင်းကို ခဏခဏထောင်ပြခြင်းကိုတော့ မြင်ရပါတယ်။ မြတ်စွာဘုရားရဲ့ မျက်နှာတော်မှာ အမွေးတော်တွေဟာ သူတစ်ပါးနှင့်မတူဘဲ ရှေ့ပိုင်းမှာနေပြီး နောက်ပိုင်းဆီသို့ တစ်ဖက်သတ်လဲလျက်ရှိခြင်းကို ကျွန်တော် ထင်ထင်ရှားရှားကြီး မြင်ရပါတယ်။

နုပ် ။ ။ လက်နှစ်ချောင်းကိုထောင်ပြတာက ဘယ်လိုအဓိပ္ပာယ်လို့ ထင်သလဲဗျာ။

ဂျမ်း ။ ။ ဓမ္မစကြာထဲမှာပါတယ် မဟုတ်လား။ ဒွေမေဘိက္ခဝေဆိုတဲ့ အယုတ်တရားနှစ်ပါးအကြောင်းကို ဟောနေတယ်ထင်တာပဲ။

(ကျွန်ုပ်လည်း ဤအတိုင်းပင် တွေးမိ၍ မေးလိုက်ခြင်းဖြစ်ရာ အတွေးချင်း တူသဖြင့် ကျွန်ုပ်ဝမ်းသာမိသည်)

နုပ် ။ ။ ဒါဖြင့် ရသေ့ငါးဦးဆိုတာလည်း ပဉ္စဝဂ္ဂီငါးဦးဖြစ်ရမှာပေါ့နော်။

ဂျမ်း ။ ။ ဟုတ်မှာပေါ့ ဆရာကြီးရယ်။ ကျွန်တော် ဇရပ်ကြီးထဲဝင်ထိုင်ပြီး အရဟံဂုဏ်တော်ကို အာရုံပြုလိုက်တဲ့အခါတိုင်း ဒီအဖြစ်အပျက်ဟာ ပေါ်ပေါက်လာတာကို ကျွန်တော့်မျက်စိထဲမှာ အခုဆရာကြီးတို့ လူစုကိုမြင်ရသလို ထင်ထင်ရှားရှား ပီပီသသကြီးမြင်ရတယ်ခင်ဗျ။ တစ်ချက်တစ်ချက်မှာ ရသေ့ကြီးငါးဦးထဲက တစ်ဦးဦးက ဘုရားကို မေးလျှောက်တယ်။ ဘုရားက ပြန်ဖြေတယ်ခင်ဗျ။

အသံတော်ကို မကြားရပေမယ့် မြင်ရတာကတော့ သိပ်ပြီး ထင်ရှားပါတယ်ခင်ဗျ။ ဒီလိုနဲ့ချည်း နေ့ရက် အတန်ကြာတော့ ကျွန်တော်က ဘုန်းကြီးကို လျှောက်ကြည့်တယ်

http://www.dhammadownload.com



ခင်ဗျ။ ဘုန်းကြီးက အရဟံဂုဏ်တော်တော့ တော်လောက်ပြီ။ အာနာပါနအလုပ်ကို ကူးပြီးလုပ်စမ်းပါဦးလို့ ပြောတယ်။ သည်တော့ ကျွန်တော်က သူ့အမိန့်နဲ့ အာနာပါနအလုပ်ကို လုပ်စမ်းတယ်။ နို့ပေမယ့် အာရုံကောင်းကောင်း မမိဘူး။

သမာဓိလည်းကောင်းကောင်းမရဘူးခင်ဗျ။ သို့သော် ကျွန်တော်ကြိုးစားပြီး ဒီလိုလုပ်နေရင်း ကျွန်တော့်မျက်စိထဲမှာ ပါဠိလိုစာတန်းတစ်ခုပေါ်လာတယ်ခင်ဗျ။ ကျွန်တော်က ပါဠိလည်း မတတ်။ ကျွန်တော်တွေ့ဖူးမြင်ဖူးတဲ့ ပါဠိလည်း မဟုတ်လေတော့ အဓိပ္ပာယ်ကို ကျွန်တော်မသိရဘူး။ သို့သော် ပါဠိစကားလုံးကတော့ တိုတိုလေးမို့ ကျွန်တော်မှတ်မိတယ်။

ဆိုကာ သူမြင်ရသောပါဠိစကားလုံးကို ရွတ်ဆိုပြသည်။ (ကျွန်ုပ်သည် ထိုပါဠိစကားလုံးကို ယခင်က အမှတ်အသားပြုထားသော်လည်း ယခုအချိန်တွင် မေ့ပျောက်လျက်ရှိပါသည်။)

နုပ် ။ ။ ဒီတော့ ခင်ဗျား ဘယ်နှယ့်လုပ်သလဲဗျာ။

ဂျမ်း ။ ။ ကျွန်တော်က ဘုန်းကြီးဆီသွားပြီး ပါဠိစကားလုံးကို လျှောက်ကြည့်တယ် ခင်ဗျ။ သည်တော့ ဘုန်းကြီးက ဒကာကြီးရဲ့ ပါဠိစကားလုံး အဓိပ္ပါယ်ကတော့ အရင်အလုပ်အတိုင်း ဆက်လုပ်ပါတဲ့လို့ မိန့်တော်မူတယ်။ သည်တော့ ကျွန်တော် ပြန်လာခဲ့ပြီး စဉ်းစားတယ်။ အရင်က အလုပ်ဆိုတာ အရဟံဂုဏ်တော်ဖြစ်ရမှာပဲ။ သည်လိုဆိုလျှင် အာနာပါနအလုပ်ကို ချထားပြီး အရဟံဂုဏ်တော် အလုပ်ကို ပြန်ကောက်လေမှပဲလို့ ဆုံးဖြတ်လိုက်တယ်။ မနက်ဖြန်ကျတော့ ဇရပ်ကြီးသွားပြီး

http://www.dhammadownload.com



ရှေးနည်းအတိုင်း ကျွန်တော် ထိုင်တဲ့အခါမှာ မြတ်စွာဘုရားရဲ့ မျက်နှာတော်ဟာ ရှေးကလို ထင်ထင်ရှားရှားကြီး မပေါ်လာတော့ဘဲ မှေးမှေးမှိန်မှိန် ဖြစ်နေတယ် ခင်ဗျ။

ဘယ်လိုပဲ ကြိုးစားကြိုးစား ဒီလိုပဲ ခပ်မှိန်မှိန်ဖြစ်နေတယ်။ ဒီအခါမှာ ကျွန်တော် တော်တော် စိတ်ရှုပ်သွားတယ်။ ဒါနဲ့ တစ်ခါ အာနာပါနအလုပ်ကို ပြန်ကောက်ပြန်တော့လည်း သည်လိုပဲ သမာဓိကောင်းကောင်းမရဘူး။ ခက်ချေပြီ။ ဟိုလိုလုပ်မရ၊ သည်လိုလုပ်မရ ကိုယ်ရပြီးသား၊ ဘုရားအာရုံတောင် လက်လွှတ်သွားချေပြီ ဆိုပြီး အများကြီး ဝမ်းနည်းသွားတယ်။ သည်လိုနဲ့တစ်ခါ အရဟံဂုဏ်တော်ကို ထပ်ပြီး အာရုံပြုပြန်တော့ ရှေ့မှာ စာတန်း တစ်ခုပေါ်လာတယ်။

**သဗ္ဗေ သင်္ခါရာ အနိစ္စာ။**

**ယဒါ ပညာယ ပဿတိ။**

**အထ နိဗ္ဗိန္ဒတိ ဒုက္ခေ။**

**ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။** တဲ့ခင်ဗျ။ သည်ပါဠိတော်ကိုတော့ ကျွန်တော်အရင်ကတည်းက ရဖူးတယ်။ သို့သော် အဓိပ္ပါယ်ကိုတော့ ကောင်း ကောင်း မသိဘူး။ သို့သော် သဗ္ဗေသင်္ခါရာ အနိစ္စာ ဆိုတာကတော့ ခပ်သိမ်းသော သင်္ခါရတရားတို့သည် အမြဲ မရှိ ဆိုတာလောက်ကိုတော့ ကျွန်တော်နားလည်တယ်။ ဒါပေမဲ့ သင်္ခါရဆိုတာဟာ ဘာလဲလို့ ရှင်းရှင်းကြီး နားမလည်ဘဲနဲ့ မမြဲဘူးဆိုနေလို့ မပြီးသေးဘူး။ ဘာမမြဲတာလဲ ဆိုတာကို သိထားဦးမှကိုး ခင်ဗျ။

http://www.dhammadownload.com



## ၈၁–သခၤါရ

သည်တော့ ကျွန်တော်က ဘုန်းကြီးကိုသွားလျှောက်တယ်။ သခၤါရဆိုတာဘာလဲ ဘုရားလို့။ သည်တော့ ဘုန်းကြီးက ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာ ဘိသင်္ခါရပေါ့ ဒကာကြီးတဲ့။ ဒီလိုဆိုလည်း ကျွန်တော် နားမလည်ဘူး ခင်ဗျ။ ကျွန်တော်က လက်ဆုပ်လက်ကိုင်ပြမှ နားလည်တတ်တဲ့ လူကိုးခင်ဗျ။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတွေ ပြောပြနေလို့ ကျွန်တော့်စိတ်ထဲမှာ မထင်မြင်တတ်ဘူးခင်ဗျ။ သည်တော့ ဘုန်းကြီးက ဒကာကြီးဟာ ပါရမီခံနည်းတယ်တဲ့။ သူလည်းပဲ ဘုရားဟောတရားထက်တော့ ပိုပြီး မပြတတ်ဘူးတဲ့။ ပြောလွှတ်လိုက်ပါလေရော ခင်ဗျ။

နုပ် ။ ။ ခင်ဗျား မေးလျှောက်ပုံကြိုက်တယ်ဗျ။

ဂျမ်း ။ ။ ကျွန်တော်က လူပြိန်း ဆရာကြီးရဲ့။ အန္ဓဆိုပါတော့ဗျာ။ တိုက်ရိုက်ပြောမှ နားလည်တတ်တဲ့လူမို့ပါ။

နုပ် ။ ။ ကြိုက်တယ်ဗျ။ ဒီလိုလူမို့လည်း တရားတွေ့ပေတာပဲဗျို့။ လောကမှာ နားမလည်သေးဘဲနဲ့ ဖြန်းသန်းပြီး နားလည်သလို ယောင်ဝါးလုပ်နေတဲ့လူတွေက ပေါ်နေတာပဲ။ ကိုင်း ဆက်ပါဦးဗျ။

ဂျမ်း ။ ။ နောက်တစ်နေ့ကျတော့ ဇရပ်ကြီးပေါ်သွားပြီး ရှေးကလိုပဲ ထိုင်ပြန်ရော ခင်ဗျ။ ထိုင်ပြီး အရဟံဂုဏ်တော်ကို အာရုံပြုနေတုန်းမှာ ငှက်ကလေးတစ်ကောင်က တွီတီတီ၊ တွီ တီတီနဲ့ မြည်တယ်ခင်ဗျ။ ဇရပ်ကြီးနားမှာ ရှိတဲ့ သစ်ပင်တစ်ပင်ပေါ်က

http://www.dhammadownload.com



ဖြစ်မှာပဲ။ ကျွန်တော်က သူ့ကို ဂရုမစိုက်ပါဘူး ဆိုပြီး ကိုယ့်အာရုံနဲ့ ကိုယ်နေပါမယ် ဆိုပေမဲ့ တော်တော်ကြာရင်း တွိတီတီ၊ တွိတီတီလုပ်ရင်းပဲ။

အသံကတော့ ဆိုးလှတဲ့အသံမဟုတ်ပါဘူး။ သာယာပါတယ်။ နို့ပေမယ့် ကျွန်တော့်မှာ အာရုံများပြီး သူ့ဆီရောက်ရောက်သွားတယ်။ တော်တော်လေး ငြိမ်ပြီး အာရုံမိမယ်လုပ်ပြန်ရင်း သူက တွိတီတီ၊ တွိတီတီလုပ်ပြန်ရင်းပဲ ခင်ဗျ။ ငြိမ်လိုက် စိုက်လိုက် မြည်လိုက် ပျက်လိုက်။ ဒီလိုနဲ့ ကျွန်တော့်မှာ တစ်နေ့လုံး ဒုက္ခရောက်နေတော့တာပဲ။ နောက်ဆုံးကျတော့ ကျွန်တော့်စိတ်တွေ ဘာတွေ ဆိုးလာတော့တာပေါ့ ခင်ဗျ။

စိတ်ဆိုးရာကနေပြီး စိတ်ညစ်လာပြန်တော့တယ်။ ခက်ပြီ။ ငါတော့တစ်နေ့လုံး ဒုက္ခရောက်နေပြီ။ ဒီငှက်နဲ့ ငါနဲ့ ဘယ့်နှယ်လုပ်ရပါ့မလဲလို့ ကြံရာမရဖြစ်နေတော့ တာပေါ့ဗျာ။ ဒီလိုနဲ့ တစ်နေ့လုံး အချိန်သာကုန်သွားတယ်။ သမာဓိတည်ဆောက်လို့ မရဘူး။ နောက်ဆုံးကျတော့ အိမ်ပြန်လာခဲ့ရပါရော ခင်ဗျ။

နုပ် ။ ။ ဘာငှက်လဲဗျ။

ဂျမ်း ။ ။ မဆိုနိုင်ဘူး။ ကျွန်တော်က ဗဟုသုတ နည်းသားလား ခင်ဗျာ။ စာကလေးနဲ့ ကျီးကန်းလောက်ကပိုပြီး သိတဲ့လူ မဟုတ်ဘူးခင်ဗျ။

နုပ် ။ ။ ဆက်ဦးဗျာ။

http://www.dhammadownload.com



ဂျမ်း ။ ။ မနက်ဖြန်ကျတော့ ကျွန်တော်လာပြန်ရောခင်ဗျ။ ကိုယ့်နေရာကျမှာ ကိုယ်ထိုင်ပြီး အာရုံပြုလိုက်ခါရှိသေး။ ဘယ်က ရောက်လာတယ် မဆိုနိုင်ဘူး။ ငှက်ရောက်လာပြီး တွီတီတီ တွီတီတီနဲ့ မြည်ပြန်ပါလေရော ခင်ဗျ။

နုပ် ။ ။ အာရုံပြုတော့ ဘာကို အာရုံပြုသလဲဗျာ။

ဂျမ်း ။ ။ ကျွန်တော် ပြုနေကျ အရဟံဂုဏ်တော်ပဲဗျ။

နုပ် ။ ။ ဟုတ်ကဲ့ ... ဒီတော့ ဘယ့်နှယ်လုပ်သလဲဗျာ။

ဂျမ်း ။ ။ ဒီငှက်နဲ့ ငါနဲ့တော့ မဖြစ်တော့ဘူး။ ဒီဇရပ်မှာ မထိုင်ဘဲ ဒို့ပြင်တစ်နေရာက ဇရပ်တစ်ဆောင်ဆောင်မှာ သွားပြီ ထိုင်လေဦးမှ တော်မယ်လို့ စိတ်ကူးမိတယ်။ သည်တော့လည်း ဟိုဇရပ်ရောက်ရင် ဟိုငှက်က မြည်ဦးမှာပါပဲလို့ စဉ်းစားမိပြန်တယ်။

နုပ် ။ ။ ဦးဘဂျမ်းကိုယ်နှိုက်ကလည်း လက်လျှော့ပြီး ရှောင်ထွက်မပြေးချင်တဲ့ ဖွဲ့ကရှိဟန်တူတယ်။

ဂျမ်း ။ ။ ဟုတ်ဟန်တူပါရဲ့ ဆရာကြီးရယ်။ ဒါနဲ့ ကျွန်တော်က ဇရပ်မပြောင်းဘဲ ကိုယ့်ဇရပ်မှာကိုယ် ဖွတ်ပေပြီး ထိုင်တော့တာပဲခင်ဗျ။ ထိုင်နေရင်း ငှက်သံဟာ နားမှာ လာတိုက်ပြီး ကျွန်တော့်ကို ဒုက္ခပေးနေခြင်းဖြစ်တယ်လို့ ကျွန်တော် သိလိုက်မိတယ်။ နောက်တစ်ခဏကျတော့ အသံက နားမှာတိုက်တာကို ငါကလည်း ဘာမှမတတ်နိုင်ဘူး။ သူ့ဘာသာသူ တိုက်နေတာကို ဘာဆိုင်လို့လိုက်ပြီး ဒုက္ခဖြစ်နေရတာလဲဆိုတဲ့ ဉာဏ်ဝင်လာပြီး ...

http://www.dhammadownload.com



## သင်္ခါရသိလျှင် နိဗ္ဗာန်ဝင်

"ဟယ် ... ဟုတ်သားပဲ။ သူ့ဘာသာဖြစ်နေတာကို ငါက ဘာကြောင့်လိုက်ပြီး ကြောင့်ကျစိုက်နေရသလဲ ဆိုပြီး တစ်ခါတည်း ကျွတ်ထွက်သွားလိုက်တာ ခင်ဗျာ။ နားတစ်ခု တည်းတင် မကဘူး။ မျက်စိရော၊ နှာခေါင်းရော၊ ဒွါရခြောက် ပေါက်စလုံးဟာ ဒီသဘောအတိုင်းချည်းပါပဲလား ဆိုတဲ့ အသိဉာဏ်ပေါ်လာပြီး တစ်ကိုယ်လုံး ပေါ့ထွက်သွားလိုက်တာ ခင်ဗျာ။ ဖြစ်ချင်တဲ့နေရာက ဖြစ်ချင်တာဖြစ် ... ငါနဲ့ ဘာမှ မဆိုင်ဘူးဆိုတဲ့ ဉာဏ်အမြင်ကြောင့် ကျွတ်ကျွတ်လွတ်လွတ် ပြုတ်ထွက်သွားတာပဲ ဆရာကြီးရေ။ သင်္ခါရဆိုတာ ဘာလဲလို့ မေးနေလိုက်တာ။ အခုမှ သင်္ခါရကို လက်တွေ့ မြင်ရတော့ တာကိုးခင်ဗျ။ ဒွါရခြောက်ပေါက်မှာ သင်္ခါရတွေဖြစ်နေတာ ကိုးခင်ဗျ။

နုပ် ။ ။ ခုနက ငှက်ကရော မြည်သေးလားဗျာ။

ဂျမ်း ။ ။ မြည်တယ်လေ၊ မြည်တုန်းပါပဲ။ မြည်စမ်းပါစေလေ။ ကျွန် တော်နဲ့ ဘာဆိုင်လို့လဲ ခင်ဗျ။

နုပ် ။ ။ အသံရော ကြားတုန်းပဲလားဗျာ။

ဂျမ်း ။ ။ ကြားပါတယ်ခင်ဗျ။

နုပ် ။ ။ နို့ အလုပ်လုပ်လို့ ဖြစ်သေးလားဗျာ။

ဂျမ်း ။ ။ ဘာအလုပ်လုပ်ဖို့ရှိသေးသလဲ။ သင်္ခါရကို ကျွန်တော်သိပြီ၊ သင်္ခါရနဲ့ မမြဲခြင်းကိုလည်း ကျွန်တော်သိရပြီ။ သူ့ဘာသာ သူ သင်္ခါရဖြစ်နေတာကိုလည်း ကျွန်တော်သိရပြီ။ ဘာလုပ်ဖို့

http://www.dhammadownload.com



လိုသေးသလဲခင်ဗျာ ဟုဖြေလေသည်။ ဦးဘဂျမ်း၏ စကားကို ကြားနာရသော လူများသည် ကျေနပ်ပုံရကြလေရာ အကျေနပ်ဆုံးနှစ်ယောက်မှာကား ကျွန်ုပ်နှင့်ကို ဆန်းထွန်းတို့ ဖြစ်ခဲ့ကြ၏။ ကိုဆန်းထွန်းကမူ အခြားလူများ ပြန်သွားကြသည့်နောက်၌ ကျွန်ုပ်အား ...

"ကိုဘဂျမ်းက စကားပြောတတ်လို့ အဆင်ပြေအောင် စီစဉ်ပြီး ပြောတာမဟုတ်ဘူး ဆရာကြီး။ သွယ်သွယ်ဝိုက်ဝိုက် စကားပြောတတ်တဲ့ လူတစ်ယောက် မဟုတ်ဘူး။ သူ့အမြင် အတွေ့အတိုင်း ရိုးရိုးကြီး ပြောခြင်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော်က သူပြောတာကို သဘောကျပြီး ယုံကြည်တယ် ခင်ဗျာ"ဟု ပြောသွားလေသည်။

ထို့နောက် ကိုဆန်းထွန်းသည် ယူနီဗာဆယ်မုန့်တိုက်သို့ မန္တလေးမြို့ပေါ်မှ ဗုဒ္ဓဘာသာလူကြီးလူကောင်းများကို ဖိတ်ခေါ်ပြီး ဝန်ခံကန်တော့ပွဲ(ကွန်မြူနစ်ဝါဒစွန့်လွှတ်ပွဲ) ပြုလုပ်ရာတွင် ဦးဘဂျမ်းနှင့် ကျွန်ုပ်တို့က ၎င်းအား ချွတ်သည့်အထဲတွင် ပါဝင်ကြသည်ဟု ဖွင့်ဟဝန်ခံခြင်းကို ကျွန်ုပ်က ကြားလိုက်ရသည်။ ဦးဘဂျမ်းမှုကား ဦးဆန်းထွန်း ပွဲထုတ်သည့် အခမ်းအနားသို့ မတက်ခဲ့ပေ။

## သဘောကျသူများ

ကျွန်ုပ်၏နေအိမ်၌ တရားဆွေးနွေးပွဲများ ရပ်စဲသွားသောအခါတွင်လည်း ဦးဘဂျမ်းနှင့် ကျွန်ုပ်မှာ အလွန်ရင်းနှီးသော ဓမ္မမိတ်ဆွေ များဖြစ်လာကြသည်။ အားလပ်သော

http://www.dhammadownload.com



အချိန်များတွင် ကျွန်ုပ်သည် သူ၏ နေအိမ်သို့လည်းကောင်း၊ သူသည် ကျွန်ုပ်၏နေအိမ်သို့လည်းကောင်း လာရောက်၍ အချိန်ကြာမြင့်စွာ တရားဓမ္မ ဆွေးနွေးကြသည်။ တရား အားထုတ်ခြင်းအလုပ်နှင့် ပတ်သက်၍ နာမည်ကြီးသည့်နည်းပြ ဆရာဆိုလျှင် ကျွန်ုပ်မဆွေးနွေးဖူးသည့် ပုဂ္ဂိုလ်ဟူ၍ မြန်မာပြည်တွင် ခပ်ရှားရှားရှိလိမ့်မည်ထင်၏။

ကျွန်ုပ်ဆွေးနွေးခဲ့ဖူးသမျှသော ပုဂ္ဂိုလ်အပေါင်းတို့တွင် ဦးဘဂျမ်းကား ကျွန်ုပ်အကျေနပ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ကျွန်ုပ်ထံသို့ ရောက်လာ၍ တရားထူး နာကြားလိုသည်ဟု ပြောကြသောပုဂ္ဂိုလ်များကို ကျွန်ုပ်သည် ဦးဘဂျမ်း၏နေအိမ်သို့ ခေါ်သွားလေ့ရှိ၏။ ထိုသူတို့အနက်တွင် မန္တလေးမြို့ ဓားတန်းရပ်မှ သစ်ပွဲစားဦးသန့်နှင့် သားမောင်သန်းတင်တို့သည်လည်းကောင်း၊ ရန်ကုန်မှ ဦးအုန်းခင်(မိုးကြိုး)တို့လည်းကောင်း ပါဝင်ကြသည်။

ထိုလူသုံးယောက်တို့ကမူ ဦးဘဂျမ်းပြောသည်များကို လိုက်လှဲ စွာသဘောကျ၍ နှစ်နှစ်ကာကာယုံကြည်ပါကြောင်းနှင့် အားပါးတရ ဝန်ခံပြောဆိုကြလေသည်။ ဦးအုန်းခင်ကမူ ကျွန်ုပ်အား နည်းတောင်းပါ ဆရာကြီး ဟု ပြောရာ ကျွန်ုပ်က နည်းကတော့ ခင်ဗျား ကြားခဲ့တဲ့ အတိုင်းပဲ။ အားထုတ်နည်း သက်သက်ရယ်လို့တော့ သူ့မှာမရှိဘူး။ အရဟံဂုဏ်တော်ကနေပြီး ငုက်သံကြားလို့ သူ့ဘာသာပေါက်သွားတာပဲဟု ပြန်ဖြေလိုက်ရပါသည်။

http://www.dhammadownload.com



## အကြွင်းမဲ့ ယုံကြည်ခြင်း

ခု ဤနေရာ၌ ဦးဘဂျမ်း တရားပေါက်ပုံပေါက်နည်းနှင့် ပတ်သက်၍ ကျွန်ုပ်အတွေးအခေါ်များကို တင်ပြလိုပါသေးသည်။ ဦးဘဂျမ်းသည် အရိယာပုဂ္ဂိုလ်တစ်ဦး ဖြစ်ခြင်းကိုမူကား ကျွန်ုပ်၌ လုံးဝသံသယမရှိချေ။ သက္ကရာဇ် ၁၃၂၄– ခုနှစ်တွင် မြန်မာပြည်၌ အရိယာပုဂ္ဂိုလ်တစ်ဦး ကွယ်လွန်ရစ်လိမ့်မည် ဟူ၍ ဗုဒ္ဓက ဗျာဒိပ်ပေးခဲ့သည်ဆိုအံ့။ ထိုပုဂ္ဂိုလ်သည် ဦးဘဂျမ်း ပင်ဖြစ်ရမည်ဟု ကျွန်ုပ်တစ်ထစ်ချယုံကြည်သည်။

တစ်ဦးတစ်ယောက်သောသူက ကျွန်ုပ်၏မိခင်သည် ဒေါ်ရွှေမဟုတ်။ ဖခင်လည်း ဦးအေးရာမဟုတ်။ မွေးစားသောသားမျှသာ ဖြစ်သည်ဟု ယုတ္တိယုတ္တာ ဆင်ပြီး ပြောငြားအံ့။ ကျွန်ုပ်သည် ထိုသူ၏ စကားကို ယောင်ယောင်မှားမှား ဖြစ်ကောင်းဖြစ်လိမ့်မည်။ ဦးဘဂျမ်း၏ အရိယာအဖြစ်ကိုမူကား လားလားမှ ယုံမှားခြင်းရှိလိမ့်မည် မဟုတ်ချေ။ သို့ရာတွင် သူ၏တရားပေါက်ပုံကား ဆန်းကြယ်လှသည် ဖြစ်၍ ကျွန်ုပ်၏ ထင်မြင်ချက်ကို ရှင်းလင်းဖော်ပြရပေဦးမည်။

## ပုဂ္ဂိုလ်ထူးဖြစ်ရမည်

ဦးဘဂျမ်း၌ ကိုယ်တိုင်ပေါက်ရောက်ပြီးသော နည်းပြဆရာဟူ၍ မရှိခြင်းကား ထင်ရှားသည်။ သစ္စာရကို လက်တွေ့သိလို၍ လျှောက်ထားသူအား ပုညာဘိသင်္ခါရ စသည်ဖြင့် ပြောဟောနေသော ပုဂ္ဂိုလ်သည် မဂ်တရားဖိုလ်တရားတို့၏

http://www.dhammadownload.com



ကျင့်စဉ်အကြောင်းကို လက်ထပ်သင်ပြနိုင်သည့် သပ္ပုရိသ ဆရာဟူ၍ မခေါ်နိုင်ခြင်းလည်း ထင်ရှားသည်။

ဦးဘဂျမ်းအားထုတ်သည်ကား အရဟံဂုဏ်တော် စီးဖြန်းခြင်းဖြစ်၍ တရားပေါက်သောအခါ၌ ငှက်သံဖြင့် ပေါက်ခြင်းကို ကျွန်ုပ်တို့ တွေ့ရသည်။ အရဟံဂုဏ်တော်သက်သက်သည် နိဗ္ဗာန်ရောက်ကြောင်း တရားဟူ၍ မဆိုနိုင်ပါဘဲလျက် ဦးဘဂျမ်းအဖို့၌ ငှက်သံဝင်လာပြီး အဘယ့်ကြောင့် တရားထူးသိမြင်သွားရသည်ကို စဉ်းစားရပေလိမ့်မည်။ စင်စစ်မှာ ဦးဘဂျမ်းသည် ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ဟန်တူ၏။

ဆင်းတုတော်ကို အာရုံပြုလျက်ရှိရာ ဗုဒ္ဓနှင့် ပဋ္ဌဝဂ္ဂိငါးဦးတို့၏ သက်တော်ထင်ရှား သဏ္ဍာန်တော်များ ပေါ်လာခြင်းသည် အံ့ဩလောက်သည့်အချက် တစ်ခုဖြစ်၏။ သဏ္ဍာန်ပေါ်လာရုံသာမက ဗုဒ္ဓက ဒွေမေဘိက္ခဝေ စသည်ဖြင့် လက်နှစ်ချောင်းကို ထောင်၍ပြတော်မူပုံများလည်း ပါသေး၏။ ကျွန်ုပ်၏ အထင်ကား ဦးဘဂျမ်းမြင်ရသည့် သဏ္ဍာန်တော်များသည် စိတ်ကူးသက်သက်မဟုတ်။

တစ်နည်းနည်းဖြင့် အဆက်ရှိ၍ သဏ္ဍာန်တော်အစစ်အမှန်ကို ဖူးမြင်ရခြင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ ထို့ပြင် ပါဠိစာတန်းများ ပေါ်လာခြင်းသည်လည်း သမ္မာဒေဝနတ်ကောင်း နတ်မြတ်များ၏ ကူညီထောက်ပံ့ခြင်းဖြစ်သည်ဟု ယူဆ၏။ ငှက်ကောင်လေးသည်ပင်လျှင် တကယ့်ငှက်မှ ဟုတ်ပါလေ၏လားဟု ကျွန်ုပ် သံသယဖြစ်မိသည်။ ဤသည်

http://www.dhammadownload.com



တို့မှာ ကျွန်ုပ်၏ တွေးခေါ်ချက် သက်သက်သာဖြစ်၍ ဦးဘဂျမ်း ၏တရားပေါက်ခြင်းကဲ့သို့ သေချာသည်ကား မဟုတ်ပါ။

ဦးဘဂျမ်းကွယ်လွန်ခါနီးနှင့် ကွယ်လွန်ပြီးစအချိန်များ တွင် အိမ်သူအိမ်သားများက အိမ်အတွင်း၌ ဝတ်ဖြူစင်ကြယ် နှင့် ပုဂ္ဂိုလ်များ ဝင်ထွက် သွားလာကြသယောင်ယောင် အရပ် ထဲ၌ရှိသောလူများက အိမ်ပတ်ဝန်းကျင်အတွင်း ဝတ်ဖြူ စင်ကြယ်နှင့် လူကြီးများ လှုပ်ရှားသွားလာလျက်ရှိခြင်းကို လည်းကောင်း မြင်ကြရသည်ဟု ပြောကြရာ ဤအခြင်းအရာ မျိုးကိုမူ ကျွန်ုပ်ကိုယ်တိုင်က မည်သို့မျှ မဆုံးဖြတ်ဘဲ ယုံလို သူများ ယုံကြလျှင်လည်း အပြစ်ရှိသည်မထင်ပေ။

## ဆွေးနွေးကြခြင်း

ကျွန်ုပ်သည် ဦးဘဂျမ်းနှင့် ဆယ်နှစ်ခန့်မျှ လက်ပွန်း တတီး ဆွေးနွေးခဲ့ကြဖူးရာ ဤအချိန်ကာလအတောအတွင်း တစ်ယောက်၏ အမြင်များကို တစ်ယောက်အား အတွင်းကျကျ ပြောပြတတ်ကြသည်။ သို့ရာတွင် ကျွန်ုပ်သည် အပြောသမား တစ်ယောက်ထက် အနှိုက်ဘက်တွင် အားသန်သူတစ် ယောက် ဖြစ်သည့်အလျှောက် ကျွန်ုပ်အကြောင်းကို သူက သိသည်ထက် သူ့အကြောင်းကို ကျွန်ုပ်က ပို၍သိပုံရပါသည်။

တစ်ခါတစ်ရံတွင် ဦးဘဂျမ်းက ကျွန်ုပ်အား ကွန်မြူနစ် တစ်ယောက်ထင်၍ အံ့ဩသည့်လက္ခဏာမျိုး ဖော်ပြသော် လည်း ကွန်မြူနစ်နှင့် ပတ်သက်၍ ဤမျှလောက် နားဝေးပုံရ

http://www.dhammadownload.com


သူတစ်ယောက်အား ကျွန်ုပ်က ရှင်းလင်းပြောပြဖို့ ဆန္ဒမရှိသည်နှင့် ဆိတ်ဆိတ်သာ ပြုံးနေလိုက်ပါသည်။ ဆွေးနွေးလျက်ရှိကြစဉ် တစ်ယောက်နှင့်တစ်ယောက် သဘောအယူအဆ တူကြသဖြင့် ကျေနပ်လျက်ရှိစဉ် ဦးဘဂျမ်းက ..

"ဆရာကြီးနဲ့ ကျွန်တော်နဲ့ အားလုံးလိုလို သဘောတူလျက်သားနဲ့ ဆရာကြီးက ကွန်မြူနစ်ဖြစ်နေတာကို ကျွန်တော် အံ့သြတယ်ဗျာ" ဟု ပြောဖူးသည်များကို ကျွန်ုပ်က ဘာမှပြန်မပြောဘဲ ပြုံး၍နေခဲ့ဖူးပါသည်။

အကြောင်းမူကား ဦးဘဂျမ်းသည် မာက်စ်ဝါဒတည်းဟူသော နိုင်ငံရေးသဘောတရားနှင့် ပတ်သက်လျှင် အလျင်းဗဟုသုတ ကင်းရှင်းသူတစ်ယောက်ဖြစ်လေရာ ဤသို့သော ပုဂ္ဂိုလ်မျိုးနှင့် နိုင်ငံရေး အကြောင်း ဆွေးနွေးခြင်းဖြင့် အကျိုးလည်း မရှိ၊ အရသာလည်း မရှိ ဟု ကျွန်ုပ်သိပြီးဖြစ်သောကြောင့်တည်း။ ဦးဘဂျမ်းသည် ကွယ်လွန်သည့်တိုင်အောင် ကျွန်ုပ်အား ကွန်မြူနစ်တစ်ယောက်ဖြစ်သည် ဟူသော အစွဲအမှတ်အထင်အမြင် မပျောက်ဘဲ သွားရှာပေရာ ဤအထင်ပျောက်အောင် ရှင်းပြခြင်းအားဖြင့် အကြောင်းမထူးသည့် အဖြစ်ကို ကျွန်ုပ်သိသောကြောင့် ထင်ချင်ရာထင်စေ ဟူသော အနေမျိုးဖြင့် ကျွန်ုပ်အောင့်ခံလိုက်ခြင်းပါတည်း။

*(ရှုမဝ၊ စက်တင်ဘာ ၁၉၆၂)*

(မှတ်ချက်)။ ဆရာကြီးသည် နိုင်ငံရေးနှင့် ဘာသာရေးကို ခွဲခြားထားသည်။ နိုင်ငံတိုးတက်ရေးအတွက် ကွန်မြူနစ်ဝါဒကို

http://www.dhammadownload.com



သဘောကျသော်လည်း ဘာသာရေးအရ ဒေါင်ဒေါင်မြည် ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်သည်။ ဉာဏ်ပညာ ကြီးမားပြီး အတွေးအမြင် စူးရှသူတစ်ယောက် ဖြစ်သည်။ ကွန်မြူနစ်ဝါဒ သည် ဆင်းရဲသားများကို အဆင်ပြေစေချင်သည်မှာ စိတ် ကောင်းစိတ်မြတ်ဖြစ်သော်လည်း လူချမ်းသာများကို မနာလို သောစိတ်မှာ စိတ်ဆိုးစိတ်ယုတ်ဖြစ်သည်။ ထို စိတ်ဆိုးစိတ် ယုတ်ကြောင့် ကွန်မြူနစ်ဝါဒ မအောင်မြင်နိုင်ဟု ရဲဝံ့ပြတ်သား စွာ ရေးသားပြောဆိုခဲ့သူဖြစ်သည်။

*(စာရေးသူ)*

ကာမဂုဏ်တရားတွေကို ချစ်ခင်နေသမျှ အပြစ်မြင်မှာ မဟုတ်ဘူး။ ကာမဂုဏ်တရားတွေရဲ့ အပြစ်ကိုမြင်လာမှ မချစ်ခင်မှာ။ မချစ်ခင်မှလည်း ကာမဂုဏ်က ထွက်ချင်မှာ။ ဒါကြောင့် နောက်အပတ်မှာ ကာမဂုဏ်ရဲ့ အပြစ်တွေကို ဆက်ပြောပြမယ်။

## အချိန်ကျမှ တရားရ

အာနန္ဒာမင်းသားသည် သူ့ဆန္ဒအရ ရဟန်းပြုသည် မဟုတ်။ လူကြီးမိဘများ၏ တာဝန်ပေးချက်အရ ရဟန်းပြု ခြင်းဖြစ်၏။ ထို့ကြောင့် သူသည် မြတ်စွာဘုရားအပေါ် ဓမ္မ ရေးရာအရ ကြည်ညိုသည်ထက် ပုဂ္ဂိုလ်ရေးရာအရ တွယ်တာ သည်က ပို၍များ၏။ သို့ရာတွင် ရှင်အာနန္ဒာသည် နောက် ပိုင်း၌ မန္တာနီပုဏ္ဏေးမ၏သား ရှင်ပုဏ္ဏထံမှ တရားတော်ကို

http://www.dhammadownload.com



နာကြားရသဖြင့် သောတာပန်ဖြစ်သွားသောအခါမှသာ ဓမ္မရသကို ပို၍ ပို၍နားလည်လာ၏။

သို့ရာတွင် ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏ အလုပ်အကျွေးအဖြစ်ဖြင့် မြတ်စွာဘုရား၏အရိပ်ပမာ မြတ်စွာဘုရားနှင့်အတူ ရှိနေပြီး မြတ်စွာဘုရား ဟောကြားတော်မူသမျှ တရားတော်အားလုံးကို အကုန်သိမြင်တော်မူသော်လည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိခိုက် ရဟန္တာ မဖြစ်ခဲ့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် သုံးလနှင့် လေးရက်ကြာမှ ရဟန္တာဖြစ်တော်မူ၏။

အကြောင်းအရာတို့ ပေါင်းဆုံညီညွတ်ပါမှ အကျိုးတရားဟူ၍ ဖြစ်လာလေရာ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်ဖို့အတွက် အချိန်သည် အားတစ်ရပ်အနေဖြင့် များစွာအရေးကြီးလေ၏။ အမှန်အားဖြင့် နိဗ္ဗာန်မှတစ်ပါး လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ အခြားမည်သည့်တရားမျှ အချိန်၏သြဇာရိပ်မှ လွတ်မြောက်နိုင်ရိုးမရှိချေ။ နိဗ္ဗာန်သည်သာလျှင် ကာလဝိမုတ္တိအနေဖြင့် အချိန်၏သြဇာရိပ်မှ လွတ်မြောက်နိုင်ပါ၏။ ထို့ကြောင့် လုပ်ငန်းတစ်ခု အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရေးနှင့် ပတ်သက်၍ အချိန်ကိုများစွာ တွက်ဆရပါ၏။ အချိန်မကျဘဲ လုပ်မိပါကလည်း ဥဇ္ဈေဒိဋ္ဌိ သဘောသက်ရောက်၍ မအောင်မမြင်ဖြစ်တတ်၏။ အချိန်လွန်မှ လုပ်မိပါကလည်း သဿတဒိဋ္ဌိသဘော သက်ရောက်၍ မအောင်မမြင်ဖြစ်တတ်၏။ အချိန်ကိုက်လုပ်မိပါမှသာ သမ္မာဒိဋ္ဌိသဘော

http://www.dhammadownload.com



သက်ရောက်၍အောင်မြင်နိုင်၏။ ရှင်အာနန္ဒာသည် တေဒဂ် ငါးတန်ရပုဂ္ဂိုလ်ဖြစ်၏။ ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့် ကျင့်ခဲ့သော ပါရမီရှင်လည်းဖြစ်၏။ တေဒဂ်ငါးတန်တွင် ဗဟုသုတအရာ၌လည်း ရှင်အာနန္ဒာသည် တေဒဂ်ရ၏။ သတိအရာတွင်လည်း ရှင်အာနန္ဒာသည် တေဒဂ်ရ၏။ အသိပညာအရာတွင်လည်း ရှင်အာနန္ဒာသည် တေဒဂ်ရ၏။ လုံ့လဝီရိယအရာတွင်လည်း ရှင်အာနန္ဒာသည် တေဒဂ်ရ၏။ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးသည့် အရာတွင်လည်း ရှင်အာနန္ဒာသည် တေဒဂ်ရ၏။ ဤသာသနာတော်၌ တေဒဂ်ငါးတန်ရသူမှာ ရှင်အာနန္ဒာ တစ်ပါးတည်းသာဖြစ်၏။ ထို့ကြောင့် ရှင်အာနန္ဒာကား ပထမသင်္ဂါယနာတင်ပွဲ၌ သံဃာ့ပရိသတ်က သင်္ဂါယနာတင်ပုဂ္ဂိုလ်အဖြစ်ရွေးချယ်ရလောက်အောင် အလွန်ထူးချွန်သော ပါရမီရှင်ဖြစ်၏။ အလွန်ထူးချွန်ပါသော်လည်း ရဟန္တာဖြစ်တော်မူရာ၌မူ ရှင်အာနန္ဒာသည် အလွန်ပင် နောက်ကျပါ၏။

မြတ်စွာဘုရားနှင့် အချိန်ရှိသမျှ နေရပြီး မြတ်စွာဘုရားတရားတော်ဟူသမျှကိုလည်း အားလုံးကုန်သိမြင်ပါလျက် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလအတွင်း ရဟန္တာမဖြစ်ခြင်းမှာ ရှင်အာနန္ဒာအတွက် အံ့ဩဖွယ်ဖြစ်သည်ဟု ဆိုနိုင်ပါသော်လည်း မဖြစ်ထိုက်သေး၍ မဖြစ်ခြင်းသာဖြစ်၏။ အမှန်အားဖြင့် အကြောင်းနှင့်အကျိုးနိယာမအရ – အကြောင်းအဆောက်အအုံတို့ပြည့်စုံပါမှ အကျိုးတရားဟူ၍ ဖြစ်ပေါ်လေ

http://www.dhammadownload.com



ရာ ဤလောက၌ မိမိ၏ ဆန္ဒရှိရုံမျှနှင့်တော့ မိမိဆန္ဒအတိုင်း အကျိုးတရားဟူသည် ဖြစ်ပေါ်လိမ့်မည် မဟုတ်။

လက်သမားတစ်ယောက်သည် မည်မျှပင် တော်စေကာမူ သစ်သားနှင့် အဆောက်အဦပုံစံ မရှိလျှင်ဖြစ်စေ၊ အဆောက်အဦပုံစံသာ ရှိပြီး သစ်သားမရှိလျှင်ဖြစ်စေ မိမိဆောက်လိုသော အဆောက်အဦကို ဆောက်၍ မရကောင်းသကဲ့သို့ပင်။ ထို့အတူ သမ္ဘာရမရှိဘဲ မိမိဆန္ဒရှိရုံမျှနှင့် ဘဝကိုတည်ဆောက်၍ မရကောင်း။ သမ္ဘာရကို အဆောက်အအုံဟူ၍ မြန်မာပြန်ကြ၏။ အဆောက်အအုံဟူသည်မှာ ပါရမီများ၊ ဘုန်းကံများ၊ ကြမ္မာများပင်ဖြစ်၏။ ယင်းကား အကြောင်းတရားသဘောရှိလေ၏။ ဘဝဟူသည်မှာ ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့ဖြစ်၏။ ယင်းကား အကျိုးတရား သဘောရှိလေ၏။ ထို့ကြောင့် သမ္ဘာရနှင့်ဘဝသည်လိုက်လျောညီထွေရှိရ၏။ သမ္ဘာရက ခွင့်ပြုသလောက်သာ ဘဝသည်ဖြစ်ခွင့်ရှိလေ၏။

ရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့် အတူနေပြီး မြတ်စွာဘုရား ၄၅-ဝါပတ်လုံး ဟောကြားတော်မူသော တရားဒေသနာများအားလုံးကို နာယူရပါလျက် နာယူရသည့်အတိုင်းလည်း သိမြင်ပါလျက် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကာလအတွင်း ရဟန္တာမဖြစ်ခြင်းမှာ အဆောက်အဦအကြောင်းတရားဟူသော သမ္ဘာရများသည် အချိန်တည်းဟူသော အင်အားစုအရ ရင့်ကျက်ချိန် မရောက်သေး၍ မရင့်ကျက်သေးသဖြင့် ရဟန္တာ မဖြစ်သေးခြင်းသာ ဖြစ်၏။ မြတ်စွာဘုရား

http://www.dhammadownload.com



ပရိနိဗ္ဗာန်ပြုပြီးနောက် သုံးလနှင့် လေးရက်လွန်မှ ရှင်အာနန္ဒာ၏ ဘုန်းကံပါရမီတည်းဟူသော သမ္မာရများ ရင့်ကျက်ချိန် ရောက်၍ရဟန္တာဖြစ်သွားခြင်းဖြစ်၏။ အမှန်အားဖြင့် အကြောင်းတရား သမ္မာရတို့ ရင့်ကျက်ခြင်းနှင့် ပတ်သက်၍ အချိန်အခါဝင်ခွင်ကျရှိမှု၊ မရှိမှုကို သိနိုင်ဖို့အတွက် သမ္မာဒိဋ္ဌိသဘောရှိဖို့သာ လို၏။ အချိန်စောလျှင်လည်း ဥစ္ဆေဒဒိဋ္ဌိသဘောဖြစ်၏။ အချိန်နောက်ကျလျှင်လည်း သဿတဒိဋ္ဌိသဘောဖြစ်တတ်လေ၏။ ထို့ကြောင့် အချိန်ကိုက်ဖြစ်မှန်းသိဖို့အတွက် သမ္မာဒိဋ္ဌိသဘောကို လိုခြင်းဖြစ်၏။ သမ္မာဒိဋ္ဌိဖြင့် အချိန်ကိုတွက်၍ ဆောင်ရွက်တတ်ပါမှ ဆောင်ရွက်သော လုပ်ငန်းအောင်မြင်မည်ဖြစ်၏။

*(ဆရာကြီးဦးရွှေအောင်၏ အာနန္ဒာထေရုပ္ပတ္တိဆောင်းပါးမှ)*

◆

http://www.dhammadownload.com



## ဘဝဒဏ်မှ ရုန်းထွက်ခြင်း

မင်းဒဏ်သင့်၍ တံကျင်လျှိုခံရသောယောကျ်ားသည် တံကျင်၌ သာယာခြင်းမရှိပေ။ တံကျင်မှသာယာမှုကို မရနိုင်ပေ။ တံကျင်မှ လွတ်မြောက်ခြင်းကိုသာအလိုရှိပေ၏။ ထို့အတူ ဘဝဒဏ်ဖြင့်နှိပ်စက် ခံရသော အကျွန်ုပ်သည် ကံတည်းဟူသော ဝေဒနာသည် နှိပ်စက်သည်ဖြစ်၍ ဘဝများစွာ သံသရာ၌ သာယာမှုကို မရရှိခဲ့ပါ။ မီးသုံးပါးတို့ဖြင့် အလောင်အမြိုက်ခံရသည်သာဖြစ်၍ လွတ်မြောက်ရာကိုသာ ရှာမှီးပါ၏။ မင်းဒဏ်သင့်သောသူကဲ့သို့ လွတ်မြောက်ခြင်းကိုသာ အလိုရှိပါ၏။

## အဆိပ်ဖြေဆေး

အဆိပ်ကို စားမိသော ယောကျ်ားသည် အဆိပ်ဖြင့် ပြင်းစွာနှိပ်စက်ခံရ၍ အသက်ကို စောင့်ရှောက်ရန် အလိုရှိ၏။ အဆိပ်ဖြေဆေးကိုသာ ရှာမှီးရာ၏။ ရှာမှီးလတ်သော် အဆိပ်ဖြေဆေးကို တွေ့မြင်ရာ၏။ အဆိပ်မှလွတ်မြောက်ရန် အလို့ငှာ ထိုဆေးကိုသောက်ရသောကြောင့် ချမ်းသာမှုဖြစ်ရလေ၏။ ထို့အတူသာလျှင် အကျွန်ုပ်သည် အဆိပ် အနှိပ်စက်ခံရသူ

http://www.dhammadownload.com



ကဲ့သို့ အဝိဇ္ဇာတည်းဟူသော အဆိပ်ဖြင့် ပြင်းစွာ အနှိပ်စက်ခံရ၍ သူတော်ကောင်းတရားတည်းဟူသော အဆိပ်ဖြေဆေးကို ရှာမှီးခဲ့ပါ၏။ ထိုသို့ ရှာမှီးလတ်သော် ဗြောင့်အားလုံးကို နှုတ်ပယ်တတ်သောကြောင့် ဆေးအားလုံးတို့ ထက်မြက်သော မြတ်စွာဘုရား၏ အဆုံးအမတည်းဟူသော ထိုအဆိပ်ပျောက်ဆေးကို တွေ့မြင်ရပါ၏။ ထိုတရားတည်းဟူသော ဆေးကို သောက်ရသောကြောင့် အဆိပ်အားလုံးကို နှုတ်ပယ်ရပါလေပြီ။ အကျွန်ုပ်သည် မအိုရာ၊ မသေရာ နိဗ္ဗာန်ချမ်းသာကို တွေ့မြင်ရပါပြီ။

မြတ်စွာဘုရား၏ အဆုံးအမ သာသနာသည် အချို့သော သူတို့အား ပျို့အန်ဆေးဖြစ်၍ အချို့သောသူတို့အား ဝမ်းလျှောဆေးဖြစ်၏။ အချို့သောသူတို့အား လတ်တလော သေစေတတ်သည့် အဆိပ်ဖြစ်၍ အချို့သောသူတို့အား အသက်ကယ်နတ်ဆေးဖြစ်၏။ သာသနာတော်သည် မဂ္ဂဋ္ဌာန် လေးယောက်တို့အား ကိလေသာတို့ကို အန်စေတတ်သော ဆေးဖြစ်၍ ဖလဋ္ဌာန်လေးယောက်တို့အား ကိလေသာဝမ်းလျှောဆေး ဖြစ်၏။ ကောင်းမှုကို ရှာမှီးကုန်သောသူတို့အား နိဗ္ဗာန်ဆေးသဖွယ် ဖြစ်၏။ သာသနာတော်နှင့် ဆန့်ကျင်သူတို့အား လတ်တလော သေစေတတ်သောအဆိပ်သဖွယ် ဖြစ်သတည်း။

အရှင်ဥပါလိ

(ထေရာပဒါန်ပါဠိတော်၊ ဗုဒ္ဓဝင်)

http://www.dhammadownload.com



နုပ် ။ ။ ကာမဂုဏ်တရားတွေဟာ အသားမကပ်တဲ့ အရိုးနဲ့တူပုံ၊ သားတစ်နဲ့တူပုံတွေကို ပြောပြီးပြီ။ အခုတစ်ခါ ကာမဂုဏ်ဟာ မြက်မီးရှူးနဲ့ တူပုံကို ပြောပြမယ်။ ဘာ့ကြောင့် ကာမဂုဏ်ကို မြက်မီးရှူးနဲ့ ဥပမာပေးရသလဲဆိုတော့ လောင်ကျွမ်းတတ်ပုံချင်းတူတဲ့အတွက်ကြောင့်ပဲ။ မြက်ခြောက်ဟာ မီးနဲ့ ထိတာနဲ့ ချက်ချင်းထလောင်တာပဲ။ မီးလောင်လွယ်တယ်လို့ ဆိုရမှာပေါ့။

ထို့အတူ ဝတ္ထုကာမဟာလည်း ကိလေသာမီးနဲ့ တွေ့ရင် ချက်ချင်း ထလောင်တာပဲ။ မြက်ခြောက်ကို လက်နဲ့ ကိုင်ပြီး မီးရှို့ရင် နောက်ဆုံးလက်ကိုပါလာပြီး လောင်တယ်။ ထို့အတူ ကာမဂုဏ်တရားတွေကို စွဲမက်နေရင် ကိလေသာမီးက ကိုယ့်ကို လာလောင်မှာပဲ။ ဒီလိုလောင်ပုံနဲ့ ပတ်သက်ပြီး ဘုရားရှင်က သဠာယတနဝဂ္ဂသံယုတ်၊ သဗ္ဗဝဂ်၊ အာဒိတ္တသုတ်မှာ အခုလိုဟောထားတယ်။

အခါတစ်ပါး၌ ဘုရားရှင်ဟာ ဂယာရွာရဲ့အနီး၊ ဂယာသီသအရပ်မှာ ဥရုဝေလကဿပ စတဲ့ ရဟန်းသံဃာတစ်ထောင်နဲ့အတူတကွ စံနေတော်မူတယ်။ ဘုရားရှင်ဟာ ရဟန်းတော်များကို အခုလိုဟောကြားတော်မူတယ်။

"ရဟန်းတို့ အလုံးစုံသောတရားဟာ တပြောင်ပြောင် တောက်လောင်နေတယ်။ တပြောင်ပြောင်တောက်လောင်နေတဲ့ အလုံးစုံသော တရားဆိုတာ ဘာတွေလဲဆိုရင်–

"မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ဟာ တပြောင်

http://www.dhammadownload.com



ပြောင် တောက်လောင်နေတယ်။ အဆင်း၊အသံ၊အနံ့၊အရ
သာ၊ အတွေ့အထိ၊ ကြုံတွေ့ရော သဘောတရားတို့ဟာ
တပြောင်ပြောင်တောက်လောင်နေတယ်။

"မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊
ထိသိစိတ်၊ တွေးကြံသိစိတ်တို့ဟာ တပြောင်ပြောင်တောက်
လောင်နေတယ်။

မျက်စိ၊ အဆင်း၊ မြင်သိစိတ်တို့ရဲ့ ပေါင်းဆုံခြင်း စက္ခု
သမ္ဖဿဟာ တပြောင်ပြောင်တောက်လောင်နေတယ်။

နား၊ အသံ၊ ကြားသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်း သောတ
သမ္ဖဿဟာ တပြောင်ပြောင်တောက်လောင်နေတယ်။

နှာခေါင်း၊ အနံ့ နံသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်း ဃာနသမ္ဖဿ
ဟာ တပြောင်ပြောင် တောက်လောင်နေတယ်။

လျှာ၊ အရသာ၊ စားသိစိတ်တို့ရဲ့ ပေါင်းဆုံခြင်း ဇိဝှါသမ္ဖဿ
ဟာ တပြောင်ပြောင် တောက်လောင်နေတယ်။

ကိုယ်၊ အတွေ့အထိ၊ ထိသိစိတ်ရဲ့ ပေါင်းဆုံခြင်း ကာယ
သမ္ဖဿဟာ တပြောင်ပြောင်တောက်လောင်နေတယ်။

စိတ်၊ အတွေးအာရုံ၊ တွေ့သိစိတ်တို့ရဲ့ ပေါင်းဆုံခြင်း မနော
သမ္ဖဿဟာ တပြောင်ပြောင် တောက်လောင်နေတယ်။

စက္ခု သမ္ဖဿ၊ သောတ သမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါ
သမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿကြောင့် ဖြစ်ပေါ်
လာတဲ့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတွေဟာ
တပြောင်ပြောင် တောက်လောင်နေကြတယ်။

http://www.dhammadownload.com



"ရဟန်းတို့ ဤအတွင်းအပတရားတွေဟာ ဘယ်မီး ဖြင့် တောက်လောင်နေကြသလဲ။

*စွဲမက်မှုဆိုတဲ့ ရာဂမီး*
*အမျက်ထွက်မှုဆိုတဲ့ ဒေါသမီး*
*တွေဝေမှုဆိုတဲ့ မောဟမီး*
*ပဋိသန္ဓေနေမှုဆိုတဲ့ ဇာတိမီး*
*အိုမှုဆိုတဲ့ ဇရာမီး*
*သေမှုဆိုတဲ့ မရဏမီး*
*စိုးရိမ်မှုဆိုတဲ့ သောကမီး*
*ငိုကြွေးမှုဆိုတဲ့ ပရိဒေဝမီး*
*ကိုယ်ဆင်းရဲမှုဆိုတဲ့ ဒုက္ခမီး*
*စိတ်ဆင်းရဲမှုဆိုတဲ့ ဒေါမနဿမီး*
*ပြင်းစွာပင်ပန်းမှုဆိုတဲ့ ဥပါယာသမီး*

ဤ(၁၁)ပါးသော မီးတို့ဖြင့် တပြောင်ပြောင်တောက်လောင်နေကြ တယ်။

"ရဟန်းတို့ ဤသို့မြင်အောင်ရှုနိုင်တဲ့ အရိယာသာဝကဟာ...

*မျက်စိမှာလည်း ငြီးငွေ့တယ်*
*အဆင်းမှာလည်း ငြီးငွေ့တယ်*
*မြင်သိစိတ်မှာလည်း ငြီးငွေ့တယ်*
*စက္ခုသမ္ဖဿမှာလည်း ငြီးငွေ့တယ်*
*စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာမှာလည်း ငြီးငွေ့တယ်*
*နားမှာလည်း ငြီးငွေ့တယ်*

http://www.dhammadownload.com



*တွေးသိစိတ်မှာလည်း ငြိုးငွေ့တယ်*
*မနောသမ္ဖဿမှာလည်း ငြိုးငွေ့တယ်*
*မနောသမ္ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ဝေဒနာမှာလည်း ငြိုးငွေ့တယ်*

ငြိုးငွေ့လို့ မစွဲမက်တော့ဘူး။ မစွဲမက်လို့ ကိလေသာက လွတ်မြောက်တယ်၊ ကိလေသာက လွတ်မြောက်လို့ ကိလေသာက လွတ်ပြီ ဆိုတဲ့ အသိဉာဏ်ဖြစ်ပေါ်လာတယ်၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြင့်မြတ်တဲ့အကျင့်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ မဂ်ကိစ္စ အတွက် တစ်ပါးသောပြုဖွယ် မရှိတော့ဘူး လို့ သိတယ်။

## အပြင်မီးနှင့် အတွင်းမီး

ဒီအာဒိတ္တသုတ်မှာ ဘုရားရှင်က အပြင်မီးနဲ့ အတွင်းမီးလို့ နှစ်မျိုးခွဲဟောထားတယ်။ အပြင်မီးဆိုတာ ...

ရူပါရုံဆိုတဲ့ အဆင်းအမျိုးမျိုး
သဒ္ဒါရုံဆိုတဲ့ အသံအမျိုးမျိုး
ဂန္ဓာရုံဆိုတဲ့ အနံ့အမျိုးမျိုး
ရသာရုံဆိုတဲ့ အရသာအမျိုးမျိုး
ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိအမျိုးမျိုး

ဓမ္မာရုံဆိုတဲ့ ကြံတွေးစရာအမျိုးမျိုးတို့ပဲ။ ဒီအပြင်အာရုံ ခြောက်ပါးဟာ ကိလေသာ ကာမ ဆိုတဲ့ မီးတောက်ကြီးကို ဖြစ်ပွားစေတဲ့အတွက် ဝတ္ထုကာမလို့ ခေါ်တယ်။ ဒီဝတ္ထုကာမတွေဟာ မိမိတို့ရဲ့ အပြင်က အတိုက်ခာတ် မီးတောက်တွေပေါ့။

http://www.dhammadownload.com



အသံမှာလည်း ငြီးငွေ့တယ်
ကြားသိစိတ်မှာလည်း ငြီးငွေ့တယ်
သောတသမ္ဖဿမှာလည်း ငြီးငွေ့တယ်
သောတသမ္ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာမှာလည်း ငြီးငွေ့တယ်
နှာခေါင်းမှာလည်း ငြီးငွေ့တယ်
အနံ့မှာလည်း ငြီးငွေ့တယ်
နံသိစိတ်မှာလည်း ငြီးငွေ့တယ်
ဃာနသမ္ဖဿမှာလည်း ငြီးငွေ့တယ်
ဃာနသမ္ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ဝေဒနာမှာလည်း ငြီးငွေ့တယ်
လျှာမှာလည်း ငြီးငွေ့တယ်
အရသာမှာလည်း ငြီးငွေ့တယ်
စားသိစိတ်မှာလည်း ငြီးငွေ့တယ်
ဇိဝှါသမ္ဖဿမှာလည်း ငြီးငွေ့တယ်
ဇိဝှါသမ္ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာမှာလည်းငြီးငွေ့တယ်
ကာယမှာလည်း ငြီးငွေ့တယ်
အတွေ့အထိမှာလည်း ငြီးငွေ့တယ်
ထိသိစိတ်မှာလည်း ငြီးငွေ့တယ်
ကာယသမ္ဖဿမှာလည်း ငြီးငွေ့တယ်
ကာယသမ္ဖဿကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာမှာလည်းငြီးငွေ့တယ်
စိတ်မှာလည်း ငြီးငွေ့တယ်
အတွေးအာရုံမှာလည်း ငြီးငွေ့တယ်

http://www.dhammadownload.com



## အတွင်းမီး ၆ ပါး

*အခံဓာတ် အတွင်းမီးခြောက်မျိုးဆိုတာ*

*စက္ခုဆိုတဲ့ မျက်စိမီး*

*သောတဆိုတဲ့ နားမီး*

*ဃာနဆိုတဲ့ နှာခေါင်းမီး*

*ဇိဝှါဆိုတဲ့ လျှာမီး*

*ကာယဆိုတဲ့ ကိုယ်မီး*

*မနဆိုတဲ့ စိတ်မီးတို့ပဲ။*

အခံဓာတ်နဲ့ အတိုက်ဓာတ်ထိခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ မီးတောက်မီးလျှံကြီး ခြောက်မျိုးဆိုတာက ...

*စက္ခုဝိညာဉ်ဆိုတဲ့ မျက်စိအသိမီး*

*သောတဝိညာဉ်ဆိုတဲ့ နားအသိမီး*

*ဃာနဝိညာဉ်ဆိုတဲ့ နှာခေါင်းအသိမီး*

*ဇိဝှာဝိညာဉ်ဆိုတဲ့ လျှာအသိမီး*

*ကာယဝိညာဉ်ဆိုတဲ့ ကိုယ်အသိမီး*

*မနောဝိညာဉ်ဆိုတဲ့ စိတ်အသိမီး ... တွေပဲ။*

## မီးနှင့် လောင်စာ

လောကမှာ မီးနဲ့လောင်စာဟာ ဒြပ်တစ်ခုစီဖြစ်လို့ မီးကတခြား၊ လောင်စာက တခြားလို့လည်း ဆိုနိုင်တယ်။ တစ်ခါ ဒီလောင်စာကပဲ မီးကို ဖြစ်စေပြန်တာဆိုတော့ မီးနဲ့ လောင်စာဟာ အတူတူပဲလို့လည်း ဆိုနိုင်ပြန်တယ်။ ဥပမာ

http://www.dhammadownload.com



ဝါးနှစ်ခုကို ပွတ်ရင် ဝါးတွင်းက မီးထွက်လာလို့ ဝါးသည်ပင်မီး၊ မီးသည်ပင် ဝါးလို့လည်း ဆိုနိုင်တယ်။ အဲဒီ ဝါးကပဲ မီးရဲ့ လောင်စာဖြစ်လို့ မီးကတခြား၊ ဝါးက တခြားလို့ ပြောချင်လည်း ပြောလို့ရတာပဲ။

ဒီဥပမာအတိုင်းပဲ အတွင်း အာယတန ၆ -ပါးဆိုတဲ့ ဝါးနဲ့အပြင် အာယတန ၆ -ပါးဆိုတဲ့ ဝါးနှစ်လုံး ပွတ်တဲ့အခါ နှစ်သက်လျှင် လောဘ၊ မနှစ်သက်လျှင် ဒေါသဆိုတဲ့ ကိလေသာမီး တစ်မျိုးမျိုးဟာ လောင်လာတာပဲ။ ဝါးနှစ်လုံး ပွတ်တဲ့အခါ ပေါ်ထွက်လာတဲ့မီးဟာ ဝါးနှစ်လုံးစလုံးကို လောင်သလို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေး အာရုံဆိုတဲ့ အတိုက်ဓာတ်နဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အခံဓာတ်တို့ ပွတ်တိုက်မိတဲ့အခါ ထွက်ပေါ်လာတဲ့ လောဘမီးနဲ့ ဒေါသမီးဟာ အတိုက်ဓာတ်ကိုလည်း လောင်တယ်။ အခံဓာတ်ကိုလည်း လောင်တယ်။

*အတိုက်ဓာတ်နဲ့ အခံဓာတ်ကြောင့် ပေါ်ထွက်လာတဲ့*
*သိစိတ် ခြောက်မျိုးကိုလည်း လောင်တယ်*
*ဖဿခြောက်မျိုးကိုလည်း လောင်တယ်*
*ဝေဒနာခြောက်မျိုးကိုလည်း လောင်တယ်*

ဒါတင်မကသေးဘူး။ ကိလေသာမီးကို မွေးတဲ့ ပုထုဇဉ်ကိုလည်း လောင်တယ်။ ဒီအချက်တွေကို ထောက်ပြီး မြက်မီးရှူးဟာ သူ့ကိုယ်သူကိုလည်း လောင်တယ်။ ကိုင်ထားသူကိုလည်း လောင်တယ်။ ထို့အတူ ကာမတရားဟာလည်း အတွင်း

http://www.dhammadownload.com



အာယတန၊ အပြင်အာယတနနှင့်တကွ လက်ခံသူ ပုထုဇဉ် ကိုပါ လောင်ကျွမ်းစေတတ်တယ်။ ဒီလို လောင်ကျွမ်းပုံခြင်း တူတဲ့အတွက်ကြောင့် မြက်မီးရှူးနဲ့တူတယ်လို့ ဗုဒ္ဓက ဟောတော်မူခဲ့တာပေါ့။

## အဆင်းမီးလောင်၍ သေရပုံ

အသီတိနိပါတ်၊ မဟာသုတသောမဇာတ်မှာ အဆင်း ဆိုတဲ့ ကာမဂုဏ်မီးလောင်လို့ သေသွားရတဲ့ သုဇာတာအမည် ရှိတဲ့ သူဌေးတစ်ယောက်အကြောင်းကို ပြထားတယ်။ ဒီ သူဌေးသားဟာ ဗာရာဏသီပြည်မှာ နေတယ်။ တစ်ခါတော့ ဟိမဝန္တာတောထဲမှာနေတဲ့ ရသေ့ငါးရာဟာ ချဉ်ဆားမှီဝဲရန် အလို့ငှာ ဗာရာဏသီပြည်ကို ကြွလာတယ်။ ဒီရသေ့ငါးရာကို သုဇာတာသူဌေးက ပစ္စည်းလေးပါး တာဝန်ယူပြီး သူ့ရဲ့ ဥယျာဉ် ကြီးထဲမှာ ကျောင်းဆောက်ပေးထားတယ်။

သန်း ။ ။ ဇာတ်တော်တွေထဲမှာ ရသေ့တွေဟာ ချဉ်ဆားမှီဝဲရန် အလို့ငှာ ရွာသို့မဟုတ် မြို့သို့ ချဉ်းကပ်တဲ့အကြောင်း ခဏ ခဏပါ တယ်။ အဲဒါ အဓိပ္ပာယ်အကျယ်က ဘာကိုဆိုလိုတာလဲဘုရား။

နုပ် ။ ။ ဒီလိုကွ။ ရသေ့တွေဟာ တောကြီးမျက်မည်းထဲ နေတဲ့အခါ သစ်ရွက်တွေပဲ ပြုတ်စားကြတယ်။ မင်းတို့လို ဆားတွေ ဘာ တွေလည်း ဆောင်ထားတာမဟုတ်ဘူး။ အစားဆိုတာ မသေ အောင်စားတာ။ မသေရင်တော်ပြီလို့ သဘောထားကြတယ်။ အချဉ်ဓာတ်တို့ အငန်ဓာတ်တို့ မစားရတာ ကြာတဲ့အခါ ရသေ့

http://www.dhammadownload.com



တွေရဲ့ ခန္ဓာကိုယ်ဟာ ဖြူဖတ်ဖြူရော် ဖြစ်လာတယ်။ ဒါဟာ အချဉ်ဓာတ်နဲ့ အငန်ဓာတ်လိုနေပြီလို့ ခန္ဓာက ပြတဲ့သဘောပဲ။ အဲဒီလိုဖြစ်နေပါလျက်နဲ့ ဒီအတိုင်းတောထဲမှာ ဆက်နေရင် သေသွားမယ်။ ဒါ့ကြောင့် နှစ်နှစ် တစ်ကြိမ်၊ သုံးနှစ် တစ်ကြိမ် လောက် မြို့ရွာများကို ရက်အနည်းငယ် ကြွပြီး အချဉ်ဓာတ်တို့၊ အငန်ဓာတ်တို့ကို စားပေးကြရတယ်။ ဒါကို ပြောတာ။

သန်း ။ ။ နားလည်ပါပြီ ဘုရား။ ရှေ့ဆက်ပါ။

နုပ် ။ ။ ရသေ့ငါးရာဟာ တစ်ခါတစ်ရံ ဖနပုဒ်ကို ဆွမ်းခံကြွတယ်။ တစ်ခါတစ်ရံ ဇမ္ဗူ့သပြေသီးကို အဘိညာဉ်တန်ခိုးနဲ့ယူပြီး စားကြတယ်။ ဆွမ်းစားတဲ့ အလှည့်ဆိုလျှင် သုဇာတာသူဌေးအိမ် ကိုရောက်တယ်။ ဇမ္ဗူ့သပြေသီးစားတဲ့အလှည့်ဆိုလျှင် သူဌေး အိမ်ကို မရောက်ကြတော့ဘူး။ တစ်ရက်တော့ ဇမ္ဗူ့သပြေသီး စားတဲ့အလှည့်ဖြစ်တဲ့အတွက် သူဌေးအိမ်ကို မရောက်ကြ တော့ဘူး။

ဒါကြောင့် သူဌေးဟာ ရသေ့တွေကိုလည်း ဖူးတွေ့ရင်း တရားလည်းနာရင်း ဥယျာဉ်ထဲ ရောက်သွားတယ်။ ရသေ့တွေ တွေ့တဲ့အခါ ဖူးမြင်ပြီး တရားနာတယ်။ တရားနာရင်း နေဝင် သွားတာကြောင့် ရသေ့တွေက ဒကာကြီးနေဝင်သွားပြီ၊ အိမ် ပြန်တော့လို့ ပြောကြတယ်။ သူဌေးက မိုးချုပ်နေပြီ၊ ဒီညတော့ အိမ်မပြန်တော့ဘူး။ ဒီမှာပဲ အိပ်တော့မယ်လို့ ဆုံးဖြတ်လိုက် တယ်။

ပြီးတော့ ကျောင်းခန်းတွင်းမှာ ဝင်အိပ်နေတယ်။

http://www.dhammadownload.com



ရသေ့တွေ သူ့ကို ပြန်ခိုင်းတာကအဓိပ္ပာယ်ရှိတယ်။ ညသန်းခေါင်ကျရင် သိကြားမင်းနဲ့ နတ်သမီးတွေလာမှာကို သိလို့ သူဌေးကို ဖွတ်ပြန်ခိုင်းနေကြတာ။

သန်း ။ ။ ရသေ့တွေက ဒီသူဌေး နတ်သမီးတွေကို မတွေ့စေချင်တဲ့ အဓိပ္ပါယ်လား ဆရာတော်။

နုပ် ။ ။ အေး ဟုတ်တယ်။ ဆက်နားထောင် ရသေ့တွေက သူဌေးကို ပြန်ခိုင်းရခြင်းရဲ့ အကြောင်း ခဏနေပေါ်လာလိမ့်မယ်။ ညသန်းခေါင်ကျတော့ သိကြားမင်းနဲ့ နတ်သမီးတွေရောက်လာကြတော့ ကျောင်းဇရပ်ကြီးတစ်ခုလုံး လင်းထိန်နေတယ်။ ဒီအချိန်မှာ တစ်ရေးနိုးလာတဲ့သူဌေးဟာ အိပ်ယာထဲကနေခေါင်းထောင်ကြည့်လိုက်တော့ သိကြားမင်းနဲ့ နတ်သမီးတွေကို မြင်သွားတယ်။

နတ်သမီးတွေကို မြင်လိုက်ရတာနဲ့ ရာဂမီးတွေလောင်ပြီး ကြည့်မဝ ရှုမဝဖြစ်နေတယ်။ "စက္ခုရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ"ဆိုတဲ့ ဒေသနာအတိုင်း နတ်သမီးဆိုတဲ့ အဆင်းရုပ်နဲ့ သူဌေးရဲ့စက္ခုအကြည်ရုပ်တို့ ပေါင်းဖော်လိုက်တဲ့အခါ တပ်မက်ခြင်းဆိုတဲ့ ရာဂသားကို မွေးဖွားပေးလိုက်တယ်။ သိကြားမင်းဟာ ရသေ့များကို ပူဇော်ပြီးတော့ သူ့နတ်သမီးတွေနဲ့အတူ ပြန်သွားတယ်။

သူဌေးမှာတော့ မချိမဆန့်ဖြစ်ပြီး ကျန်ခဲ့ရှာတယ်။ မိုးလင်းတော့ ညကလာတာ ဘယ်သူတွေလဲလို့ ရသေ့တွေကို မေးတယ်။ သူက အလွန်လှတဲ့ မိန်းမတွေလို့သာ သိလိုက်

http://www.dhammadownload.com



တာ။ နတ်သမီးတွေဆိုတာ မသိဘူး။ ဒီအခါကျမှ ရသေ့တွေက သိကြားမင်းနဲ့ နတ်သမီးတွေဖြစ်ကြောင်း ပြောပြတယ်။ သူဌေးဟာ အိမ်ရောက်တဲ့အခါ နတ်သမီးတွေရဲ့ ရုပ်ရုံမီးလောင်တဲ့အတွက်ကြောင့် မအိပ်နိုင် မစားနိုင်ဖြစ်ပြီး ရက်များမကြာမီမှာ ကွယ်လွန်သွားရှာတယ်။

## နတ်သမီးလက်ညှိုးမြှင်ဖူးသူ

တို့စစ်ကိုင်းတောင်ခြေ တောစပ်က ဂူကြီးတစ်ဂူမှာ ရဟန်းငယ်တစ်ပါးဟာ ညစဉ်ပဌာန်းရွတ်တယ်။ ပဌာန်းရွတ်ပြီးတိုင်းလည်း အမျှပေးဝေတယ်။ တစ်ခါတော့ ပဌာန်းရွတ်ပြီးလို့ အမျှပေးဝေလိုက်တဲ့အခါ ဂူအပြင်က မိန်းကလေးတစ်ယောက်ရဲ့ သာဓုခေါ်သံတစ်သံကို ကြားရတယ်။ ဒါနဲ့ ကိုယ်တော်လေးက သာဓုခေါ်တာ ဘယ်သူလဲလို့ လှမ်းမေးလိုက်တယ်။

အပြင်ဘက်က တပည့်တော် နတ်သမီးပါဘုရားဆိုတဲ့ အသံကို ပြန်ကြားလိုက်ရတော့ ကိုယ်တော်လေးက အတော်ဝမ်းသာသွားတယ်။ သူက နတ်သမီးကို အပြင်မှာ တွေ့ဖူးချင်နေတာကိုး။ ဒါနဲ့ ကိုယ်တော်က ပြောသတဲ့။ နတ်သမီးသင်တို့တွေ လှပကြောင်းကို စာထဲမှာ သာ သင်ခဲ့ရတယ်။ အပြင်မှာ တစ်ခါမှမမြင်ဖူးပါ။ ဒါကြောင့် တို့ မြင်ဖူးအောင်ကိုယ်ထင်ပြပါလို့ ပြောသတဲ့။

သန်း ။ ။ နတ်သမီးက ပြရဲ့လားဘုရား။

နုပ် ။ ။ နတ်သမီးက ကိုယ်တော်ထက် စဉ်းစားဉာဏ် ရှိတယ်။

http://www.dhammadownload.com



ကိုယ်ထင်မပြဘူး။ ဘာပြန်ပြောသလဲဆိုတော့ အရှင်ဘုရား ဆန့်ကျင်ဘက်အာရုံကို မကြည့်ချင်ပါနဲ့။ အကျိုးမရှိပါဘူး လို့ လျှောက်လိုက်သတဲ့။ ဒီတော့ ကိုယ်တော်က နတ်သမီး သင် ဘယ်တရားမလဲ။ ငါ ဝေတဲ့အမျှတွေ သာဓုခေါ်ရလို့ သင့်မှာ စည်းစိမ်ချမ်းသာတွေ တိုးပွားနေတယ်။ ဒီလို စည်းစိမ်တိုးပွား အောင် အမျှပေးဝေတဲ့ ငါ့ကိုကျတော့ သူ့ခန္ဓာကိုယ်ကို မပြ ချင်ဘူးဆိုတော့ ဘယ်တရားမလဲလို့ စကားနာထိုးသတဲ့။ ဒီ တော့ နတ်သမီးက စိတ်မကောင်း ဖြစ်သွားတယ်။

သူ့စေတနာကို ကိုယ်တော်က ဝေဒနာလို့ ထင်သွား တာကိုး။ သူက သူ့ကိုမြင်ပြီး ကိုယ်တော်လေး သီလပျက် မှာစိုးလို့ မပြတာ။ မပြချင်လို့ မဟုတ်ဘူး။ ဘယ်လိုမှ ပြောမရ တဲ့အဆုံးကျတော့ နတ်သမီးက တစ်ထစ်လျှော့တယ်။ အရှင် ဘုရား အဲသလောက်ကြည့်ချင်ရင် ပြတော့ပြမယ်။ ဒါပေမဲ့ တစ်ကိုယ်လုံးတော့ မပြနိုင်ဘူးတဲ့။

သန်း ။ ။ နတ်သမီးကလည်း ကြည့်ချင်ပါတယ်ဆိုမှ ဈေးကိုင်လိုက် တာဘုရား။

## ခုနစ်ရက် ဆွမ်းမစားနိုင်ခြင်းအကြောင်း

နုပ် ။ ။ အဲဒီကျတော့ ကိုယ်တော်က ခပ်သွက်သွက်ကြီးပြန်ပြော လိုက်တယ်။ ဟေ့ နတ်သမီး ပြချင်တာပြ၊ ဘာပြပြ ကြည့် မယ်တဲ့။ သူကလည်း ကြည့်ချင်တဲ့ ရှပိုးက ထိုးနေတာကိုးကွ။ ဒီတော့မှ နတ်သမီးက တစ်မိုက်လောက်ရှိတဲ့ ဂူပေါက်ကနေ လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်တယ်တဲ့။ လက်ညှိုးလေး

http://www.dhammadownload.com



က ဖမ္ဘူရာဇ်ရွှေစင်လို ဝင်းဝါတောက်ပြောင်နေတာပဲတဲ့။

နတ်သမီးလက်ညှိုးရောင်ကြောင့် ဂူကြီးတစ်ခုလုံး လင်းထိန်သွားတာပဲတဲ့။ အဲဒီကိုယ်တော်ဟာ နတ်သမီး လက်ညှိုးမြင်ပြီး စွဲလမ်းသွားလိုက်တာ ခုနစ်ရက်လောက်ထိ ဆွမ်းမစားနိုင်ဘဲ အိပ်ယာထဲ လဲတော့တာပဲတဲ့။ ငါ ထင်တယ်။ နတ်သမီးက တစ်ကိုယ်လုံးသာပြလိုက်ရင် ဒီကိုယ်တော်လည်း စောစောက သုဓာတာသူဌေးလို အသက်ပါ စွန့်မယ်ထင်တယ်။ ဒီတော့ မကြည့်တာဘဲ ကောင်းပါတယ်ကွာ။

*မမြင်ရရာ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်*
*မကြားရရာ ကိလေသာ၊ သူ့ဟာသူ ငြိမ်းသည်*

ဆိုတဲ့ မဟာစည်ဆရာတော်ကြီးရဲ့ အဆုံးအမအတိုင်း မမြင်ဖူး၊ မကြားဖူးတဲ့ အဆင်း၊ အသံကို စွဲလမ်းခြင်း မဖြစ်တော့။ အဲဒီအာရုံနဲ့ ပတ်သက်ပြီး ကိလေသာက အလိုလို ငြိမ်းပြီးသား ဖြစ်သွားတာပေါ့ကွာ။

စူဠနိဒ္ဒေသအဋ္ဌကထာနဲ့ အပါဒါနအဋ္ဌကထာတို့မှာ ကိလေသာမီးကြောင့် အသက်ပါ ဆုံးသွားရတဲ့ သီဟိုဠ်က ဝတ္ထုတစ်ခုကို ထုတ်ပြထားတယ်။ မဟာဝိဟာရကျောင်းတိုက်က ရဟန်းငယ်တစ်ပါးဟာ ရုပ်ကလည်းချော၊ အသံကလည်းကောင်း၊ တရားဟောတာကလည်း ကောင်းတော့ သီဟိုဠ်မှာ တအားနာမည်ကြီးနေတာပေါ့။

တစ်ခါတော့ ဘုရင်မင်းမြတ်ဟာ မိဖုရားကြီးနဲ့ သမီးတော်ကိုပါ ခေါ်ပြီး ဒီကိုယ်တော်လေးရဲ့ တရားပွဲကို လာကြ

http://www.dhammadownload.com



တယ်။ မင်းနဲ့ မိဖုရားဆိုတော့ သူတို့ဟာ ရှေ့ဆုံးက နေရာရတာပေါ့။ ဘုရင့်သမီးတော်ဟာ တရားနာရင်းနဲ့ကိုယ်တော်လေးကို မသိမသာစိုက်စိုက်ကြည့်တယ်။ ကိုယ်တော်လေးကလည်း သူနဲ့အနီးဆုံးမှာ တရားနာနေတဲ့မင်းသမီးလေးကို အမှတ်မဲ့ခိုးကြည့်မိလိုက်တယ်။ အကြည့်ချင်းဆုံတော့ ရင်ခုန်တာပေါ့ကွာ။

အဲဒီမှာတင် ကိုယ်တော်လေးဟာ သတိလွတ်သွားပြီး တရားကို ဆက်မဟောဘဲ မင်းသမီးလေးကို စိုက်ကြည့်မိတဲ့အထိဖြစ်သွားတယ်။ မင်းကြီးဟာ ငယ်ရာက ကြီးလာတာဆိုတော့ သမီးတော်နဲ့ ကိုယ်တော်လေးအဖြစ်ကို ရိပ်မိတယ်။ ကိုယ်ချင်းလည်းစာဟန်တူပါရဲ့။ သူတို့နှစ်ဦး လွတ်လွတ်လပ်လပ်ဆွေးနွေး တိုင်ပင်ကြပါစေ။ တင်းတိမ် (ကန့်လန့်ကာ)ကာပေးလိုက်ကြလို့ အမိန့်ပေးလိုက်တယ်။

ကိုယ်တော်လေး လူဝတ်လဲမယ်ဆိုရင်လည်းသဘောတူမယ့် သဘောထင်ပါတယ်။ တင်းတိမ်လည်း ကာပြီးရော ကိုယ်တော်လေးနဲ့ မင်းသမီးလေးဟာ တစ်ယောက် လည်ပင်းတစ်ယောက်ဖက်ပြီး ငြိမ်သွားကြသတဲ့။ အတန်ကြာလို့ တင်းတိမ်ဖွင့်ကြည့်လိုက်တော့ နှစ်ဦးလုံး ရာဂမီးလောင်ပြီး၊ ပွေ့ဖက်ရင်း သေဆုံးနေတာကို တွေ့ကြရတယ်။

<u>ရင်ခုန်မိတာ သေမလို့</u>

နုပ် ။ ။ မင်းလည်း လူငယ်တစ်ယောက်ပဲ။ မင်းနှစ်သက်တဲ့မိန်းကလေးကို မြင်ရရင် ရင်မခုန်ဘူးလား။

သန်း ။ ။ ခုန်တာပေါ့ဘုရား။ ကိုယ်ချစ်တဲ့မိန်းကလေးကို သေချာ

http://www.dhammadownload.com



မြင်လိုက်ရတဲ့နေ့ဆိုရင် ထမင်းတောင် မစားချင်တော့ဘူး ဘုရား။ အဲဒါ ဘာသဘောလဲ မသိဘူး။

နုပ် ။ ။ အေး . . . အဲဒါရှင်းပြချင်လို့ မေးတာ။ ကိုယ်ချစ်တဲ့သူကို မြင်ရရင် ရင်ခုန်သွားတာကိုပဲ စာရေးဆရာတွေ၊ ဒါရိုက်တာတွေက အချစ်လို့ တင်စားပြီး အချစ်ဝတ္ထုတွေ ရေးကြတယ်။ အချစ်ဇာတ်ကားတွေ ရိုက်ကြတယ်။ ကြားလိုက်ဖူးပါသေးတယ်။ ရုပ်ရှင်ကား တစ်ကားနာမည်။ ဘာတဲ့ 'ရင်ခုန်မိတာအချစ်လား' တဲ့။ မင်း ကြားဖူးတယ်မဟုတ်လား။

သန်း ။ ။ ကြားဖူးတယ်ဘုရား။

နုပ် ။ ။ တကယ်တော့ ရင်ခုန်တယ်ဆိုတာ လောဘမီးက နှလုံးကို သွားလောင်တာ။ ဒါကြောင့် နှလုံးဟာ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် တအားမြန်သွားတာပဲ။ စောစောက ကိုယ်တော်လေးနဲ့ မင်းသမီးလေးဟာ ရင်ခုန်ရင်းကနေသေသွားတာပဲ။ ဒါကြောင့် ရင်ခုန် မိတာ အချစ်လားလို့ မပြောနဲ့၊ ရင်ခုန်မိတာ သေမလို့လို့ ပြောကြ။ မသေချင်ရင်လည်း ရင်မခုန်ကြနဲ့ပေါ့ကွာ။ ဒီဖြစ်ရပ်ကို ကြည့်ပြီး ရဟန္တာဖြစ်အောင် အားထုတ်မယ့်ရဟန်းများအတွက် သီလလေးမျိုးနဲ့ ပတ်သက်တဲ့ ရေးသားချက်အချို့ကို ဆရာကြီး ဦးရွှေအောင်ရေးတဲ့ ဂေါဓိကမထေရ် ဆောင်းပါးထဲကနေ ထုတ်ပြမယ်။ သေချာစဉ်းစားပြီး ဖတ်ကွာ။ သစ်ပင်တစ်ပင်ရှိ သစ်သီးများကို ခူးရာတွင် ရှေးဦးစွာလှေခါးကို ထောင်ရ၏။

လှေခါးပေါ်တက်ပြီး နောက်ခူးရမည့် အသီးကို ညွှန်ပြ ခိုင်းရ၏။ နောက်ခူးရ၏။ နောက် မှည့်သည် မမှည့်သည်ကို

http://www.dhammadownload.com



မြင်နိုင်ရန် ဟိုဘက် ဒီဘက်လှည့်ကြည့်ရ၏။ နောက်မှည့် မမှည့်ကို ဆုံးဖြတ်ရ၏။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ လုပ်ငန်းစဉ် ဖြစ်၏။ လှေခါးထောင်ခြင်းကို သီလသိက္ခာ ဖြည့်ကျင့်ခြင်းနှင့်နှိုင်းယှဉ်နိုင်၏။ လှေခါးမထောင်ဘဲ သစ်သီးကို ခူး၍ မရသလို သီလမရှိဘဲနှင့် နိဗ္ဗာန်ချမ်းသာကို ရှာ၍ မရကောင်းချေ။ ထို့ကြောင့် သီလသည် နိဗ္ဗာန်ကို ရှာရာ၌ လှေခါးနှင့်တူသည်ဟု ဆိုရ၏။

သီလသိက္ခာဖြည့်ကျင့် ပြီးနောက် သမာဓိသိက္ခာကို ဖြည့်ကျင့်ဖို့လို၏။ သမာဓိ သိက္ခာတွင် သတိ၊ သမာဓိ၊ ဝီရိယ ဟူ၍ သုံးမျိုးပါ၏။ ထိုသုံးခုတွင် ဝီရိယသည် လှေခါးကို တက်သူနှင့်တူ၏။ သတိကား ခူးရမည့်အသီးကို ညွှန်ပြခြင်းနှင့်တူ၏။ သမာဓိကား ခူးခြင်းနှင့်တူ၏။ အမှန်အားဖြင့် သစ်သီးကို ခူးရာတွင် ခူးသူလည်း ရှိမှဖြစ်၏။ ခူးတတ်အောင် ခူးရမည့်သစ်သီး ကို ညွှန်ပြခြင်းလည်း ရှိမှဖြစ်၏။ ခူးလည်း ခူးမှ လိုအပ် သော သစ်သီးကို ရမည်ဖြစ်၏။ သမာဓိသိက္ခာကို ဖြည့် ကျင့်ပြီးနောက် ပညာသိက္ခာကို ဖြည့်ကျင့်ဖို့လို၏။ ပညာသိက္ခာတွင် သမ္မာသင်္ကပ္ပနှင့် သမ္မာဒိဋ္ဌိတို့ နှစ်ပါး ပါဝင်၏။ သမ္မာသင်္ကပ္ပဟူသည် သစ်သီးမှည့်သည် မမှည့်သည်ကို မြင်နိုင်စေရန် ဟိုဘက် ဒီဘက်လှည့်ပြခြင်းနှင့် တူ၏။

သမ္မာဒိဋ္ဌိဟူသည်ကား သမ္မာသင်္ကပ္ပက ဟိုဘက် ဒီဘက် လှည့်ပြသည်ကို ကြည့်ရှုပြီးမှည့် မမှည့် ဆုံးဖြတ်ခြင်းနှင့် တူ၏။ ဤသည်မှာ သိက္ခာသုံးပါး၏ လုပ်ငန်းစဉ်ဖြစ်၏။

http://www.dhammadownload.com



သိက္ခာသုံးပါးကိုပင် မဂ္ဂင်ရှစ်ပါးဟူ၍ ဆိုရ၏။ မဂ္ဂင်ရှစ်ပါးတွင် သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါးတို့ ပါဝင်၏။ မဂ္ဂင်ရှစ်ပါး ပါဝင်သောကျင့်စဉ်ကို မဇ္ဈိမပဋိပဒါဟူ၍ ဆိုရ၏။ မဇ္ဈိမပဋိပဒါသည် ရဟန်းတို့၏ နိဗ္ဗာန်ချမ်းသာကို ရှာနည်းဖြစ်၏။

## သီလလေးမျိုး

သီလမဂ္ဂင်ထူထောင်ရာတွင် ဂေါဝိကာမထေရ်အတွက် သီလလေးပါး လုံခြုံဖို့ အရေးကြီး၏။ သီလလေးပါးကို စတုပါရိသုဒ္ဓိသီလ ဟူ၍ ဆိုရ၏။ သီလလေးပါးတွင် ဣန္ဒြိယသံဝရသီလကိုလည်း ဂေါဝိကာမထေရ်သည် လုံခြုံအောင် စောင့်ထိန်း၏။ ဣန္ဒြိယသံဝရသီလဟူသည်မှာ မိမိ၏ ဣန္ဒြေတို့ကို စောင့်ထိန်းသောသီလဖြစ်၏။ မြင်လျှင်မြင်သောအာရုံ၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ အရာဝတ္ထုဟူ၍ မသုံးသပ်။ မြင်လျှင်မြင်ကာမျှ၌သာ အဆုံးသတ်၏။ ပုဂ္ဂိုလ် အဖြစ်လည်း မမြင်။ သတ္တဝါအဖြစ်လည်း မမြင်။ ယောကျ်ား အဖြစ်လည်း မမြင်။ မိန်းမအဖြစ်လည်း မမြင်။ အရာဝတ္ထု အဖြစ်လည်း မမြင်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ အရာဝတ္ထုအဖြစ် မြင်နေလျှင် ကြိုက်နှင့် မကြိုက်သည် ပေါ်လာမည်ဖြစ်၏။ ကြိုက်နှင့် မကြိုက်ကား ကိလေသာ ဖြစ်ချေ၏။ ထို့အတူ ကြားလျှင်လည်း ကြားသောအာရုံ၌၊ နံလျှင်လည်း နံသောအာရုံ၌ လျက်လျှင်လည်း လျက်သော အာရုံ၌၊ ထိတွေ့လျှင်လည်း ထိတွေ့သောအာရုံ၌၊ သိလျှင်လည်း သိသော

http://www.dhammadownload.com



အာရုံ၌၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ အရာဝတ္ထုအဖြစ်မသိ။ ရုပ်နာမ်ဓမ္မသခါရ အဖြစ်သာသိလေ၏။ ရုပ်နာမ်ဓမ္မသခါရအဖြစ် သိလေသောကြောင့် ကြိုက်ခြင်းလည်း မဖြစ်၊ မကြိုက်ခြင်းလည်း မဖြစ်၊ ကြိုက်ခြင်းနှင့် မကြိုက်ခြင်းတို့ မဖြစ်ခြင်းသည်ပင်လျှင် ကိလေသာမဖြစ်ခြင်းမည်၏။ ကိလေသာမဖြစ်တော့လျှင် ရုပ်နာမ်ကို ရုပ်နာမ်အဖြစ်သာသိသော ယထာဘူတဉာဏ်သည် ဖြစ်လေ၏။ ယထာဘူတဉာဏ်ဟူသည်ကား ကုသိုလ်တရားတည်း။

ဣန္ဒြိယသံဝရသီလကို စောင့်ထိန်းရာ၌ ဆိုင်ရာ ဆိုင်ရာ အာရုံများကို မမြင်အောင်၊ မကြားအောင် စောင့်ထိန်းခြင်းသည်ကောင်း၏။ သို့ရာတွင် အာရုံများ၏ အလယ်၌ ရှိနေရသဖြင့် မမြင်အောင်၊ မကြားအောင် မစောင့်ထိန်းနိုင်ပါက ထိုထိုအာရုံတို့၌ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုအဖြစ်သို့ မရောက်ရလေအောင် မြင်လျှင်မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ အဆင့်၌သာ အဆုံးသတ်နိုင်အောင် အားထုတ်ရမည်ဖြစ်၏။ အမှန်အားဖြင့် မိမိသိသော အာရုံသည် ဘာရယ်လို့ မသိခြင်းဖြင့် အဆုံးသတ်ရမည်ဖြစ်၏။ ဘာရယ်လို့ သိလိုက်သည်နှင့်တပြိုင်နက် ကြိုက်ခြင်းနှင့် မကြိုက်ခြင်းသည် ဖြစ်ပေါ်လာပေလိမ့်မည်။ ကြိုက်ခြင်းနှင့် မကြိုက်ခြင်းကား ကိလေသာများဖြစ်ကြ၏။ ဝေါဓိကမထေရ်သည် ဣန္ဒြိယသံဝရသီလကို စောင့်ထိန်းရာ၌ အတော်ပင် သတိထား၏။ သတိထားခြင်းဟူသည် မမေ့လျော့ခြင်း အပ္ပမာဒတရားပင် မဟုတ်ပါလော။

http://www.dhammadownload.com



ဂေါဓိကမထေရ်သည် ဣန္ဒြိယသံဝရသီလကို အားစိုက်ခွန်စိုက် စောင့်ထိန်း၏။ သီလသည် မဂ္ဂင်ရှစ်ပါးတွင် အုတ်မြစ်ဖြစ်၏။ လှေခါးလည်း ဖြစ်၏။ ဣန္ဒြိယသံဝရသီလကိုသာမက ပါတိမောက္ခသံဝရသီလကိုလည်း အသက်နှင့်ထပ်တူ စောင့်ထိန်း၏။ ပါတိမောက္ခသံဝရသီလ ဟူသည်မှာ ၂၂၇– သွယ်သော သိက္ခာပုဒ်များဖြစ်၏။ ထိုသိက္ခာပုဒ်များကို ကျူးလွန်ခြင်းသည် သီလသိက္ခာ ဖောက်ဖျက်ခြင်းပင် ဖြစ်၏။ သီလသိက္ခာကို ဖောက်ဖျက်ပါက မဂ်ဖိုလ်နိဗ္ဗာန်ရရေးဟူသော အကျင့်မြတ်ကို မည်သို့လျှင် ကျင့်သုံးရာ ရောက်ပါတော့မည်နည်း။ ထို့ကြောင့် ဂေါဓိကမထေရ်သည် ၂၂၇ –သွယ်သော ပါတိမောက်လာ သိက္ခာပုဒ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ပါ၏။

## ပစ္စည်းလေးပါးသည် ပန်းတိုင်မဟုတ်

နောက် တတိယမြောက် သီလရှိသေး၏။ ယင်းသီလကို ပစ္စယသန္နိဿိတသီလဟူ၍ ခေါ်၏။ ရဟန်းတစ်ပါးအနေဖြင့် မိမိရရှိသော ပစ္စည်းဝတ္ထုများ သုံးစွဲရာ၌ အမှုမဲ့အမှတ်မဲ့ သုံးစွဲရသည်မဟုတ်။ ရဟန်းတစ်ပါးအတွက် ပစ္စည်းလေးပါးသည် ပန်းတိုင်မဟုတ်။ လမ်းစဉ်သာဖြစ်၏။ လမ်းစဉ်ဆိုရာ၌ သံသရာတစ်ဘက်ကမ်းသို့ ကူးဖို့ရာ တံတား သို့မဟုတ် ဖောင်ဟူ၍ ဆိုပါကပို၍ အနက်အဓိပ္ပာယ် ပေါ်လွင်ပေလိမ့်မည်။ ထို့ကြောင့် တံတား သို့မဟုတ် ဖောင်၌တွယ်တာခြင်း မရှိရသလိုပင် ပစ္စည်းလေးပါး၌ တွယ်တာခြင်း မရှိရပေ။

http://www.dhammadownload.com



တံတား သို့မဟုတ် ဖောင်မရှိလျှင် တစ်ဘက်ကမ်းသို့ကူး၍ မရကောင်းသလို ပစ္စည်းလေးပါး မရှိပါကလည်း မဂ်ဖိုလ်နိဗ္ဗာန် ရရေး ဟူသောအကျင့်မြတ်ကို ကျင့်သုံးခြင်းငှာ မဖြစ်ကောင်း။ ထို့ကြောင့် ရဟန်းအတွက် ပစ္စည်းလေးပါးသည် အရေးကြီး၏။ ပစ္စည်းလေးပါးသည် ရဟန်းအတွက် အရေးကြီးသည် မှန်သော်လည်း ပစ္စည်းလေးပါးကို သုံးစွဲခြင်းက ရဟန်းအတွက် ပို၍ အရေးကြီး၏။ ရဟန်းတစ်ပါးအနေဖြင့် ပစ္စည်းလေးပါးကို သုံးစွဲသောအခါ ပစ္စည်းလေးပါး၌ တွယ်တာမက်မောမှုမရှိဘဲ တံတားအဖြစ်၊ ဖောင်အဖြစ်သဘောသဖွယ်သာ ကိစ္စပြီးလျှင် ပြီးရောအနေဖြင့် သဘောထားရ၏။ ဤသို့လည်း ဂေါမိက မထေရ်သည် ပစ္စည်းလေးပါး၌ဆင်ခြင်၍ အသုံးပြု၏။ ပစ္စည်း လေးပါးကို ဆင်ခြင်၍ သုံးနိုင်ခြင်းသည်လည်း အရေးကြီးသော သီလသိက္ခာကို ဖြည့်ကျင့်ခြင်းပင်ဖြစ်၏။

ဂေါမိကမထေရ်သည် စတုတ္ထသီလကိုလည်း လုံခြုံ အောင် ကျင့်ပါ၏။ စတုတ္ထမြောက် သီလကား အာဇီဝပါရိ သုဒ္ဓိသီလပင်ဖြစ်၏။ အာဇီဝပါရိသုဒ္ဓိသီလဟူသည်မှာ ရဟန်း တစ်ပါးအနေဖြင့် အသက်မွေးမြူမှု စင်ကြယ်ခြင်း ဖြစ်၏။ ရဟန်းတစ်ပါးအနေဖြင့် လူတို့နှင့် ဆက်ဆံရာတွင် ခင်မင်လာ အောင် မလုပ်ကောင်း၊ အထင်ကြီးလာအောင်လည်း မလုပ် ကောင်း။ ခင်မင်အောင်ဖြစ်စေ၊ အထင်ကြီးအောင်ဖြစ်စေ လုပ်သဖြင့် ရသောပစ္စည်းလေးပါးသည် ရဟန်းတို့အား မအပ်။ ထို့ကြောင့် ဂေါမိကမထေရ်သည် အသက်မွေးမြူမှုနှင့် စပ်၍

http://www.dhammadownload.com



လည်း အာဇီဝပါရိသုဒ္ဓိသီလကို အသက်တမျှ စောင့်ရှောက်၏။ အမှန်အားဖြင့် ဂေါဝိကမထေရ်သည် စတုပါရိသုဒ္ဓိသီလတည်းဟူသော သီလလေးပါးကို လုံခြုံအောင် စောင့်ရှောက်ရာ၌ အသက်နှင့် ထပ်တူပင်ဖြစ်၏။ သီလလုံခြုံမှ သမာဓိနှင့် ပညာသို့ ရောက်အောင် တက်လှမ်းနိုင်မည် မဟုတ်ပါလော။

တဲ့။ ကဲ – ဒီဖွင့်ဆိုချက်ကို ကြည့်ပြီး မင်း ဘာတွေသဘောပေါက်သွားလဲ။

သန်း ။ ။ သဘောပေါက်ပါတယ်ဘုရား။ တရားဟောတဲ့ ကိုယ်တော်လေးဟာ စတုပါရိသုဒ္ဓိလေးပါးထဲက ဣန္ဒြိယသံဝရသီလကို မထိန်းသိမ်းဘဲ မင်းသမီးကို ကြည့်တယ်။ ပြီးတော့ မိန်းကလေးပဲ ဆိုတဲ့ ပညတ်နိမိတ်ပုံသဏ္ဌာန်မှာ တင်ပြီး နှစ်သက်တဲ့ လောဘမီးတွေတောက်လာတယ်။ ဒါကြောင့် ပျံတော်မူရတာပဲဘုရား။ မင်းသမီးကို မကြည့်ဘဲနေမယ် ဆိုရင် မျက်နှာချင်းဆုံလို့ ကြည့်မိရင်လည်း အဆင်းရုပ်ကို မြင်တာပဲလို့ ယောနိသောမနသိကာရနဲ့ ဆင်ခြင်နိုင်မယ် ဆိုရင် ဒီလိုမဖြစ်ဘူး ဘုရား။

<u>သေအောင်ကောင်းသော စောင်းသံ</u>

နုပ် ။ ။ အေး ... ဟုတ်တယ်။ အဲဒီအချက်ကို သိစေချင်လို့ စတုပါရိသုဒ္ဓိသီလကိုထုတ်ပြခဲ့တာပဲ။ ကဲ– သဒ္ဒါရုံလို့ ခေါ်တဲ့ အသံကြောင့် မီးလောင်သေရပုံကို ဆက်ကြရအောင်။ မဃဒေဝလင်္ကာသစ် (၂၉၄) မှာ

*ဂုတ္တိလောင်းချစ်၊ စောင်းသံယစ်၍၊*

http://www.dhammadownload.com



*ဖွင့်လှစ်ထားမြှောက်၊ လေသောက်ဟင်းလင်း၊*
*ပြူပြူတင်းက၊ ခုန်ဆင်းထွက်လာ၊*
*ပြည့်တန်ဆာလျှင်၊ မြေမှာလည်းကျ၊*
*သေဆုံးစွတည်း ....*

လို့စပ်ဆိုထားတယ်။ ဒီလက်ာစပ်ဆိုတဲ့ ဇာတ်ကြောင်းကို ပြောပြမယ်။ ရှေးတုန်းက ဗာရာဏသီပြည်မှာ အလွန်ချောမောလှပသလောက် မာနလည်းကြီးတဲ့ ပြည့်တန်ဆာမတစ်ယောက်ရှိတယ်။ သူ့ကို ပျော်ပါးချင်ရင် တစ်ကြိမ်အတွက် ငွေတစ်ထောင်ပေးရတယ်။ များသောအားဖြင့် မင်း၊ သူဌေး၊ အမတ်ချုပ် စတဲ့ ဂုဏ်သရေရှိ ပုဂ္ဂိုလ်တွေကိုပဲ လက်ခံတယ်။ သာမန်အရပ်သားတွေကို လက်မခံသလောက်ပဲ တဲ့။ အရပ်သားတွေကလည်း အဲသလောက်ငွေကို မတတ်နိုင်ကြပါဘူး။ ဒါပေမဲ့ ဂုတ္တိလအမည်ရှိတဲ့ စောင်းဆရာက ဒီပြည့်တန်ဆာမကို အလွန်နှစ်သက်တော့ စောင်းတီးခ ရသမျှငွေစုပြီး တစ်ထောင်ပြည့်တဲ့အခါ ငွေတစ်ထောင်ပို့ပြီး သူနဲ့ တစ်ညပျော်ပါးဖို့ အကြောင်းကြားလိုက်တယ်။

ပြည့်တန်ဆာမက လက်မခံရုံမကဘူး။ ဒီလိုစောင်းသမား အယုတ်တမာကောင်က ငါလိုမိန်းမနဲ့ ပျော်ပါးချင်တယ်ဆိုတာ ရှက်စရာကောင်းလိုက်တာဆိုပြီး ပြက်ရယ်တောင်ပြုလိုက်သတဲ့။ ဒီအကြောင်း စောင်းဆရာသိတဲ့အခါ ငါ့အကြောင်းသိစေရမယ်လို့ ကြိမ်းဝါးပြီး ညမှာ ပြည့်တန်ဆာမ အိမ်နဲ့ အနီးက အိမ်တစ်အိမ်ရဲ့ တံခါးပေါက်နားမှာထိုင်ပြီး

http://www.dhammadownload.com



အကောင်းဆုံး သီချင်းကို ဆိုပြီး အကောင်းဆုံး လက်ကွက်နဲ့ တီးတယ်။

ပြည့်တန်ဆာမဟာ အသံရဲ့ဆွဲဆောင်မှုကြောင့် မနေနိုင်တော့ဘဲ စောင်းသံရှိရာ ရောက်အောင်သွားမယ် ဆိုပြီး လေသာပြူတင်းပေါက်ကနေ တံခါးမကြီး အမှတ်နဲ့ ဆင်းလိုက်တာ အပေါ်ထပ်ကနေ အောက်ကို ပြုတ်ကျပြီး သေပါလေရော။ ဒါက သဒ္ဒါရုံကြောင့် တဏှာမီးလောင်ပြီး သေဆုံးရပုံပေါ့။ အခုတစ်ခါ ဂန္ဓာရုံလို့ခေါ်တဲ့ အနံ့ကြောင့် တဏှာမီးလောင်ပုံ အကြောင်းကို ဆက်ပြောဦးမယ်။

## အဆွဲဆောင်နိုင်ဆုံးအနံ့

*ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်၊ ကေနိပါတ်မှာ*
*"မိန်းမရဲ့ အနံ့လောက် ယောက်ျားတို့၏စိတ်ကိုသိမ်းကျုံး ဆွဲငင်နိုင်သော အခြားသော အနံ့ကို ငါ ဘုရားမြင်တော်မမူ၊ ယောက်ျားရဲ့ အနံ့လောက် မိန်းမ၏ စိတ်ကို သိမ်းကျုံးဆွဲငင်နိုင်သော အခြားသောအနံ့ကို ငါ ဘုရားမြင်တော်မမူ"*

လို့ ဟောကြားထားတယ်။ လူတွေကတော့ အောင့်အည်းသည်းခံနိုင်ကြလို့ ဒီအချက်ဟာ မသိသာပေမယ့် တိရစ္ဆာန်တွေမှာတော့ အလွန်သိသာတယ်။ တချို့နွားထီးတွေဆိုရင် နွားမရဲ့ ဥတုနံ့ကို ရှူလိုက်မိတာနဲ့ ပကတိစိတ်ပျောက်ပြီး အရူးစိတ်ပေါက်သွားတာပဲ။ ဒါကို ရာဂုမ္မတ္တက ရာဂရူးလို့ခေါ်တယ်။ နွားမနောက်ကနေ မဲလိုက်နေလိုက်တာ

http://www.dhammadownload.com



တစ်ခါတစ်ရံမိတ်လိုက်ရင်း ခြံစည်းရိုးဝါးချွန်နဲ့ ထိုးမိလို့ မျက်လုံးထွက်ကျတာတောင် ဂရုမစိုက်ဘူး။ နွားမရဲ့နောက်ကို ဆက်လိုက်နေတာပဲ။

၈၈–အရေးအခင်းတုန်းကပေါ့။ လှိုင်မြို့နယ်၊ အမှတ် ၅–ရပ်ကွက်၊ ဒိုဘီလိုင်းဆိုတာ သူခိုးကြမ်းပိုးတွေနေတာ များတယ်။ တစ်ရက်တော့ လူကြမ်းလူရမ်းတွေဟာ စီးကရက်စက်ရုံထဲဝင်ပြီး ပစ္စည်းတွေယူကြတယ်။ ဂိုထောင် ပြူတင်းတံခါးတွေက ပိတ်ထားတာဆိုတော့ အထဲမှာ ခပ်မှောင်မှောင်ပေါ့။ အဲသလို ဝင်ယူတဲ့အထဲမှာ အရွယ်မရောက်တရောက် ၁၃–လေးနှစ်အရွယ်လောက် ကလေးမလေးတစ်ယောက်လည်း ပါလာတယ်။

အနားကပ်လိုက်တာနဲ့ မိန်းမအနံ့ဆိုတာ တန်းသိတာပေါ့။ အဲဒီမှာတင် လူယုတ်မာတစ်ကောင်ကစပြီး ကလေးမကို မတရားကျင့်တယ်။ ကလေးမလေးက အော်တော့ အော်တာပဲ။ ဒါပေမဲ့ ဒီထဲဝင်ခိုးနေတယ်ဆိုမှတော့ လူကောင်းဘယ်ပါမှာလဲ။ လူဆိုး သူခိုးချည်းပဲ။ အဲဒီတော့ ဘယ်သူကမှ ဂရုမစိုက်ကြဘူး။ ပစ္စည်းများများရဖို့ပဲ ဂရုစိုက်နေကြတယ်။

ဝင်မကူတဲ့အပြင် တစ်ယောက်ပြီး တစ်ယောက် မတရားကျင့်လိုက်ကြတာ ကလေးမလေး သေသွားတယ်လို့ မြင်တွေ့ခဲ့ရတဲ့သူတစ်ယောက်က ငါ့ကို ပြောပြတယ်။ ကြည့်စမ်း။ တဏှာလောဘဟာ ဘယ်လောက် ကြောက်စရာကောင်းလိုက်သလဲ။ ကိုယ့်သမီးအရွယ်လောက်လေးကို

http://www.dhammadownload.com



မတရား ကျင့်ရက်ကြတယ်။ တလောကလည်း ဂျာနယ် တစ်စောင်မှာ ဖတ်လိုက်ရတယ်။ ဩစတေးလျနိုင်ငံက အမျိုး သားကြီးတစ်ယောက်ဟာ သူ့သမီးအရင်းကို အိမ်အောက်က မြေအောက်ခန်းထဲမှာ ပိတ်ထားတာ နှစ်ပေါင်း၂၀–လောက် ကြာသတဲ့။

<u>မြေအောက်ခန်းမှာ နှစ်နှစ်ဆယ်ကြာ</u>

သန်း ။ ။ ဘာဖြစ်လို့ အဲဒီလိုပိတ်ထားတာလဲ ဘုရား။

နုပ် ။ ။ သမီးရဲ့ ကာမကို စားပြတိုက်ချင်တဲ့အကြံအစည်ကြောင့် ပေါ့။ သူက သမီးအိမ်ကပျောက်သွားသယောင် သတင်းလွှင့် ထားတယ်။ ဒီတိုက်ကြီးမှာ မြေတိုက်ခန်း အကျယ်ကြီးပါတာ ကို သူ့ဇနီးကလည်း မသိဘူး။ သူက သူ့သမီးနဲ့ပေါင်းသင်းချင် ရင် တခြားနေရာ ခရီးထွက်မယ်လို့ သူ့ဇနီးကို အသိပေးပြီး ထွက်သွားတယ်။ ညအခါကျမှ အိမ်နောက်ဖက်လျှို့ဝှက်တံခါး ပေါက်ကတစ်ဆင့် မြေတိုက်ခန်းထဲဝင်ပြီး သမီးကို သားမယား အဖြစ် ပေါင်းသင်းတယ်။

ကလေးရလာတဲ့အခါ သမီးကပဲ အဝေးက လှမ်းပို့ လိုက်သလိုနဲ့ ခြံထဲမှာ စာတစ်စောင်နဲ့ ကလေးကို သူကိုယ် တိုင် လာထားတယ်။ ပြီးတော့ မိန်းမကို အသိပေးပြီး မွေးစား ထားလိုက်တယ်။ အဲသလိုနေလာတာ သူ့သမီးနဲ့ကို ကလေး ငါးယောက်လောက်အထိ ရတယ်။ နောက်ဆုံးမွေးတဲ့သား လေး ရောဂါဖြစ်လို့ သူ့ဇနီးမသိအောင် ဆေးရုံတင်တယ်။

မြေတိုက်ခန်းထဲက သမီးက ကလေးကို ကိုယ်တိုင်

http://www.dhammadownload.com



ပြုစုချင်တယ်။ သူက တခြားသူတွေသိမှာစိုးလို့ အလာမခံဘူး။ ဒါပေမဲ့ မိခင်မေတ္တာကို သူ တားဆီးလို့မရပါဘူး။ ကလေးမဟာ မြေတိုက်ခန်းကို မရရအောင် ဖောက်ပြီး ကလေးရှိရာ ဆေးရုံကိုသွားတယ်။ ရဲစခန်းမှာလည်း ဝင်ပြီး တိုက်ချက်ဖွင့်တယ်။ အခုတော့ အဲဒီလူကြီး ထောင်နန်းစံနေရပြီ။

<u>အမြင့်မြတ်ဆုံးနဲ့ အယုတ်ညံ့ဆုံး</u>

*ဒါကြောင့် တို့ အမြဲတမ်းပြောခဲ့တာပေါ့။*
*မေတ္တာ ကရုဏာသာ ဦးစီးခဲ့မယ်ဆိုရင် ဒီ ၃၁ဘုံမှာ*
*အမြင့်မြတ်ဆုံးဟာ လူသားပဲ။ အမြင့်မြတ်ဆုံးဘုရား*
*ရှင်ဟာ လူ့ဘုံကပေါ်ထွန်းခဲ့တာ မဟုတ်လား။*
*တစ်ခါ လောဘ ဒေါသသာ ဦးစီးမယ်ဆိုရင်*
*၃၁ ဘုံမှာ အယုတ်ညံ့ဆုံးဟာလူသားပဲ*
*ဘုရားရှင်ကို သေကြောင်းကြံပြီး သံဃာသင်းခွဲသူ*
*ဒေဝဒတ်နဲ့ ဂျူးလူမျိုးတွေကို သန်းနဲ့ချီသတ်ခဲ့တဲ့*
*ဟစ်တလာတို့ဟာ လူ့ဘုံက ပေါ်ထွက်ခဲ့တာ*
*မဟုတ်လား။*

## မ စိတ်ပြင်းထန်သော ဆော့ခရတ္တိ

နုပ် ။ ။ ဂရိက အတွေးအခေါ်ပညာရှိကြီးဆော့ခရတ္တိဆိုတာ မင်းကြားဖူးတယ် မဟုတ်လား။

သန်း ။ ။ ကြားဖူးတယ်ဘုရား။ ဒီမိုကရေစီလမ်းစဉ်ဆိုတာ အဲဒီ ပညာရှိကြီး ဖော်ထုတ်ခဲ့တာလို့ ဖတ်ဖူးပါတယ်။ သူဟာ တကယ့်

http://www.dhammadownload.com



သူတော်စင်ကြီးပါ။ ဂရိနယ်က လူငယ်တွေ အသိပညာ တိုးတက်ရေးလုပ်ငန်းတွေမှာ သူ့ဘဝကို မြှုပ်နှံခဲ့တဲ့ တစ်သက်လုံး သူ့ကိုယ်ကျိုးတစ်ခုမှ မလုပ်ဘဲ အများအကျိုးကို လုပ်ဆောင်သွားတယ်လို့ ဖတ်ဖူးပါတယ်။

နုပ် ။ ။ ဒါတင် မကသေးဘူး။ လူသားတွေကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းတယ်ဆိုတဲ့ အယူအဆကို ဆော့ခရတ္တိက လက်မခံဘူး။ အဲဒီလို ဖန်ဆင်းရင် လှတဲ့လူတွေချည်း ဖန်ဆင်းပါလား။ ဘာဖြစ်လို့ သူ့လို အရုပ်ဆိုးတဲ့သူတွေကို ဖန်ဆင်းရသလဲ။ သူက အရုပ်တော်တော်ဆိုးတယ်။ ဆင်းရဲတဲ့ သူတောင်းစားတွေ ဘာဖြစ်လို့ ဖန်ဆင်းရသလဲ။ သူဌေး သူကြွယ်တွေချည်း ဖန်ဆင်းပါလား။ ဒေါသကြီးလို့ အရုပ်ဆိုးတာ။ မေတ္တာထားလို့ ရုပ်လှတာ။ ပေးကမ်းလို့ ချမ်းသာတာ။ မပေးကမ်းဘဲ နှမြောခဲ့လို့ ဆင်းရဲတာ ဒီအဖြေတွေက ဗုဒ္ဓဘာသာမှာပဲရှိတယ်။ တခြား ဘယ်ဘာသာမှာမှ မရှိဘူး။

၁၅- ရာစုနောက်ပိုင်းလောက်တုန်းကဆိုရင် ခရစ်ယာန်ဘာသာကလည်း ကြမ်းတယ်။ သမ္မာကျမ်းစာက လာတဲ့အတိုင်း မယုံကြည်ဘူးဆိုရင် မီးရှို့သတ်ပစ်တာ များတယ်။ ဆော့ခရတ္တိဟာ အများ အကျိုးဆောင်နေတဲ့ သူတစ်ယောက်ဖြစ်သော်လည်း သူတို့ဘာသာကပြောတိုင်း မယုံတဲ့အခါ ရန်သူလို့ သတ်မှတ်ပြီး သေဒဏ်ချလိုက်ကြတယ်။ သေဒဏ်ချပြီးတဲ့အခါ ကျွန်ုပ်ဟောပြောသမျှဟာ အမှားတွေ သာဖြစ်ပါတယ်လို့ လက်မှတ်ထိုးရင် သေဒဏ်ကလွတ်ပေးမယ်လို့ တရားရုံး

http://www.dhammadownload.com



ကအသိပေးတယ်။

ဆော့ခရတ္တိက အသက်ထက် အမှန်တရားကို မြတ်နိုးတယ်။ ငါပြောခဲ့တာဟာ အမှန်တွေချည်းပဲ။ အမှားမပါဘူး။ အမှန်ကို အမှားလို့ မပြောနိုင်ဘူးဆိုပြီး သေခြင်းတရားကို ရဲရဲရင့်ရင့်စွာခံယူသွားတယ်။ အဲဒီ သူတော်စင်ကြီး ဆော့ခရတ္တိက မ,စိတ်ပြင်းထန်တဲ့ လူတစ်ယောက်ဆိုရင် မင်းယုံချင်မှယုံမယ်။

သန်း ။ ။ ဟုတ်ပါ့မလား ဆရာတော်။

နုပ် ။ ။ သူကိုယ်တိုင်ပြောခဲ့တာကွ။ တစ်ခါတော့ ရုပ်လက္ခဏာကို ကြည့်ပြီး စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားကိုဟောတဲ့ ရူပသ္မုဒ္ဒရပညာရှင်ကြီးတစ်ဦး ဂရိကို ရောက်လာတယ်။ သူ ဟောလိုက်ရင် မှန်တာချည်းပဲ။ မှားတဲ့အခါမရှိဘူးတဲ့။ ဆော့ခရတ္တိကိုကျတော့ ပညာရှင်ကြီးက မဟောရဲဘူးဖြစ်နေတယ်။ မဟောရဲခြင်း အကြောင်းကို မေးကြည့်လိုက်တော့။

ဆော့ခရတ္တိ ဥပမိရုပ်က မ, စိတ် ပြင်းထန်တဲ့ရုပ်တဲ့။ ဒီရုပ်ရည်မျိုးရှိတဲ့ လူမှန်သမျှ မိန်းမတွေနဲ့ ရှုပ်ပွေနေတာချည်း သူတွေ့ခဲ့ရတယ်။ အခု ဆော့ခရတ္တိကျတော့ ဥပမိရုပ်က မ'လိုက်စားတဲ့ ရုပ်ဖြစ်နေပြီး အကျင့်အကြံက သူတော်စင်ဖြစ်နေတော့ သူ ဘယ်လိုမှ နားမလည်နိုင်ဘူး ဖြစ်နေပါတယ်တဲ့။ အဲဒီအခါကျတော့ ဆော့ခရတ္တိက ဖြောင့်ချက်ပေးတယ်။

ရူပသ္မုဒ္ဒရပညာရှင်ကြီး အကဲဖြတ်တာ မှန်ပါတယ်တဲ့။ သူဟာ တကယ်ကို မ,စိတ် ပြင်းထန်ပါတယ်။ ဒါပေမဲ့ ဒီမကောင်းတဲ့စိတ်တွေကို အပေါ်မခံဘဲ ပရဟိတလုပ်ငန်းတွေ

http://www.dhammadownload.com



အမြဲလုပ်ခဲ့လို့ အခုလိုသူတော်စင်ကြီးဖြစ်ခဲ့တာပါတဲ့။ ဒါ ဆော့ခရတ္တိရဲ့ တရားကျင့်နည်းလို့တောင် ပြောလို့ရတယ်။

ကမ္ဘာမှာ လူဦးရေ သန်းပေါင်း ခြောက်ထောင်ကျော် ရှိပေမယ့် တူရာပေါင်းလိုက်ရင် နှစ်ယောက်ပဲရတယ်။ စိတ်ကို ကျွန်ခံတဲ့လူနဲ့ စိတ်ကို သခင်လုပ်တဲ့လူပဲ။ စိတ်ဟာ မကောင်းမှု အကုသိုလ်မှာ ပျော်တယ်ဆိုတဲ့ ဓမ္မပဒဒေသနာအရ ဘယ် ပုထုဇဉ် ရဲ့ စိတ်ဖြစ်ဖြစ် မိန်းမအပျော် အပါးလိုက်စားချင်တာပဲ။ သေရည်သေရက် သောက်ချင်တာပဲ။ နှလုံး သုံးလုံးကစပြီး လောင်းကစားလုပ်ချင်တာပဲ။

## <u>စိတ်သခင်နဲ့ စိတ်ကျွန်</u>

စိတ်က လုပ်ချင်တဲ့အတိုင်း လိုက်လုပ်ပြီဆိုရင် စိတ်ရဲ့ ကျွန်ဖြစ်သွားတာပဲ။ စိတ်ကို ကျွန်ခံရတဲ့ လူဟာ မကောင်းတာ တွေချည်းလုပ်ရတော့ ပစ္စက္ခဘဝကို ကြည့်ရင်လည်း မွဲမယ်၊ ငတ်မယ်၊ အောက်တန်းကျမယ်၊ ထောင်တန်းကျမယ်၊ သံသရာနဲ့ ကြည့်ရင်လည်း အပါယ်လေးပါး ကျရတယ်။ ဒီတော့ စိတ်ကို ကျွန်ခံရတဲ့လူသားဟာ ပစ္စက္ခသံသရာ နှစ်ဖြာလုံး နစ်နာဆုံးရှုံးပါတယ်။ ဒါတင်ပဲလားဆိုတော့ မကသေးဘူး။ လောကီရေးမှာလည်း ဆုံးရှုံးတယ်။ လောကုတ္တရာရေးမှာ လည်း ဆုံးရှုံးတယ်။

စိတ်ကို သခင်လုပ်တဲ့လူကျတော့ စိတ်ကို ကောင်းတဲ့ ဘက် ကိုယ်လိုရာပြန်ခိုင်းတယ်၊ စိတ်ခိုင်းတာကို မလုပ်ဘူး။ စိတ်က အပျော်အပါး လိုက်စားချင်တယ်၊ မလိုက်စားဘူး။

http://www.dhammadownload.com



စီးပွားရေးကို ဖောက်ချပြီးကြိုးစားတယ်။ စိတ်က သေရည် သေရက် သောက်ချင်တယ်၊ မသောက်ဘူး။ အများအကျိုးရှိမယ့် အလုပ်တစ်ခုခုကိုလုပ်တယ်။ စိတ်က လောင်းကစားတစ်ခုခု လုပ်ချင်တယ်၊ မလုပ်ဘူး။ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ ဘာဝနာပွားတယ်။

အဲဒီတော့ စိတ်ကိုသခင်လုပ်တဲ့လူသားဟာ ပစ္စက္ခမှာကြည့်ကြည့်၊ သံသရာမှာကြည့်ကြည့် အဆင့်အတန်းမြင့်တယ်။ လောကီရေးမှာလည်း ကြီးပွားတယ်။ တိုးတက်တယ်။ အောင်မြင်တယ်။ လောကုတ္တရာရေးနဲ့ ကြည့်ရင်လည်း ကုသိုလ်မျိုးစုံ လုပ်တဲ့အတွက်ကြောင့် ရဟန္တာ ဖြစ်ရတယ်။ ပစ္စေကဗုဒ္ဓါဖြစ်ရတယ်။ ဘုရားရှင်ဖြစ်ရတယ်။ ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းမှန်သမျှဟာ စိတ်ကို ကောင်းတဲ့ဘက် သံသရာနဲ့ချီပြီး နိုင်းနိုင်ခဲ့တဲ့ စိတ်ရဲ့ သခင်တွေချည်းပါပဲ။ ဒါ့ကြောင့် ဒီဒသနလေးကို မှတ်ထားပေါ့။

*လောကီလောကုတ္တရာ နှစ်ဖြာလုံး*
*ဆုတ်ယုတ်ပျက်စီးနေသော ပုဂ္ဂိုလ်မှန်သမျှသည်*
*စိတ်၏ကျွန်*
*လောကီလောကုတ္တရာ နှစ်ဖြာလုံး*
*အောင်မြင်တိုးတက်နေသော ပုဂ္ဂိုလ်မှန်သမျှသည်*
*စိတ်၏သခင်*
*စိတ်ခိုင်းသမျှလိုက်လုပ်ရသော စိတ်ကို*
*ကျွန်ခံရသောသူများသည်*

http://www.dhammadownload.com



*အပါယ်ဘုံသားများဖြစ်လာကြသည်။*

*စိတ်ကို ကောင်းသည့်ဘက်ရောက်အောင်ခိုင်းနိုင်သော စိတ်ကို*

*သခင်လုပ်နိုင်သောသူများသည်*

*နတ်ဗြဟ္မာများ ဖြစ်လာကြသည်။*

*သို့မဟုတ်*

*နိဗ္ဗာန်ချမ်းသာကို ခံစားရသူများဖြစ်လာကြသည်။*

သန်း ။ ။ တပည့်တော် သဘောပေါက်သွားပြီဘုရား။ ဆော့ခရတ္တိုဟာ ပုထုဇဉ်ဖြစ်တဲ့အတွက် မလိုက်စားတဲ့ဘက် စိတ်သန်တယ်။ ဒါပေမဲ့ သူက စိတ်ခိုင်းတာမလုပ်ဘဲ စိတ်မလုပ်ချင်တဲ့ ပရဟိတအလုပ်တွေ ပေလုပ်ရင်း သူတော်စင်ကြီးတစ်ယောက် ဖြစ်လာခဲ့တယ်။ ဒီတော့ ဆော့ခရတ္တိုဟာ စိတ်ရဲ့သခင်ပဲ။ ဒီလိုဆိုလိုတာ။ ဟုတ်လား ဘုရား။

နုပ် ။ ။ အေး ဟုတ်တယ်။ ထေရဂါထာ၊ ပဉ္စကနိပါတ်မှာ ဒီနည်းနဲ့ ရဟန္တာဖြစ်သွားတဲ့ အရှင်ဝိဇိသေနစကားကို နားထောင်ကြည့်။

<u>ရဟန္တာတစ်ပါး၏ဩဝါဒ</u>

'ဟယ် စိတ်ယုတ်၊ သင်သည် ကာမဂုဏ်ကွန်ယက်သဖွယ် ဖြစ်၍ ခန္ဓာကိုယ်၌ တည်၏။ မြို့တံတိုင်း၏ မလွယ်ပေါက် တံခါးငယ်များကို ကန့်လန့်ထိုးပိတ်ထားခြင်းဖြင့် ဆင်တို့ကို တားမြစ်သကဲ့သို့ သင့်ကိုတားမြစ်ထားအံ့။ သင့်ကို မကောင်းမှု၌ မယှဉ်စေသောအားဖြင့် တားမြစ်ထားပေအံ့။ တံခါးပွင့်ခြင်း ကို မရသောဆင်ကဲ့သို့ သင် စိတ်မိုက်သည် ယခုအခါ အလိုရှိ တိုင်း မသွားလာနိုင်တော့ပေ။ ထိုထိုအာရုံတို့၌ ပြောင်းကာ

http://www.dhammadownload.com



ရွှေ့ကာ ပြေးသွားလျက် မကောင်းမှုဒ္ဓ မွေ့လျော်တတ်သော သင်စိတ်မိုက်သည် ယခုအခါ လှည့်လည်မွေ့လျော်နိုင်တော့မည် မဟုတ်ပေ။ အားကောင်းသော ဆင်ဆရာသည် မယဉ်ကျေးသော ဆင်ရိုင်းကို သူ့အလိုအတိုင်း မလှမ်းမသွားစေဘဲ ပြန်လည် တံ့လှည့်ဆုတ်နစ်စေသကဲ့သို့တည်း။ သင် စိတ်ယုတ်ကို သင့်အလိုအတိုင်း မဖြစ်စေဘဲ ငါသည် ချုပ်ကိုင်ဆုတ်နစ်စေအံ့'တဲ့။ ဒါကြောင့် စိတ်ကို မကောင်းတာတွေ မတွေးအောင် ထိန်းသိမ်းတာလည်း တရားကျင့်ခြင်းတစ်မျိုးလို့ မှတ်ပေါ့။

သန်း ။ ။ တပည့်တော် နောက်တစ်မျိုးသဘောပေါက်သေးတယ်။

နုပ် ။ ။ ဘယ်လိုလဲ။

သန်း ။ ။ ဝိပဿနာသဘောအရဆိုရင် ဆော့ခရတ္တိဟာ အနုသယအနေနဲ့ ရှိနေတဲ့ ကာမဂုဏ်ခံစားချင်တဲ့စိတ်ကို ပရိယုဋ္ဌာနအဆင့်ကို ရောက်ခွင့်မပြုတာဘဲ ဘုရား။ စိတ်ထဲမှာ ထကြွသောင်းကျန်းတဲ့ ပရိယုဋ္ဌာနအဆင့်ကို မရောက်မှတော့ ကိုယ်နှုတ်နဲ့ ကျူးလွန်တဲ့ ဝီတိက္ကမအဆင့်ကို ဘယ်ရောက်တော့မလဲဘုရား။

နုပ် ။ ။ အေး ဟုတ်တယ်။ ဒီအချက်ကို သိစေချင်လို့ ဆော့ခရတ္တိအကြောင်းကို ထုတ်ပြောခဲ့တာပဲ။ ကိုယ်နှုတ်တစ်ခုခုနဲ့ ကျူးလွန်လာတဲ့ ဝီတိက္ကမကိလေသာကို သီလက ပယ်သတ်ပေးတယ်။ စိတ်ထဲမှာ ထကြွသောင်းကျန်းလာတဲ့ ပရိယုဋ္ဌာနကိလေသာကို သမာဓိက ပယ်သတ်ပေးတယ်။ အများအကျိုး

http://www.dhammadownload.com



ကို အာရုံစိုက်ပြီး လုပ်နေတယ်ဆိုတာ သမာဓိ တစ်မျိုးပါပဲ။ ဒေါက်တာ အဲလဘာက်ရှိုက်ဇာတို့၊ မာသာထရီဇာတို့ဟာ ပရဟိတအလုပ်ကို သေတဲ့အချိန်ထိ လုပ်သွားကြတာပဲ။

ဒါဟာ တရားစကားနဲ့ပြောရင် ပရိယုဋ္ဌာန ကိလေသာကို သမာဓိနဲ့ သတ်ကြတာပဲ။ ဒါကြောင့် သူတို့ဟာ တစ်ကမ္ဘာလုံးက လေးစားရတဲ့သူတော်စင်ကြီးတွေ ဖြစ်လာတာပေါ့။ စိတ်အစဉ်မှာ ကိန်းအောင်းနေတဲ့ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာမယ့် အနုသယကိလေသာကိုတော့ ဝိပဿနာပညာ၊ မဂ်ပညာနဲ့ သတ်မှရတယ်။ ဂန္ဓာရုံကာမမီးလောင်တဲ့ ဆင်ကြီးတစ်ကောင်ကို ကြည့်ပြီး တောထွက်သွားတဲ့ အလောင်းတော်ဂဇပ္ပိယမင်းအကြောင်းကို နောက်အပတ်မှာ ပြောပြမယ်။

## ရဟန္တာများသည် ကုသိုလ်ကိုမပယ်

တချို့က ရဟန္တာပုဂ္ဂိုလ်တွေမှာ ကုသိုလ်လည်း မရှိ။ အကုသိုလ်လည်း မရှိဆိုတာနဲ့ ကုသိုလ်ကိုလည်း ပယ်ရမယ်လို့ အလွဲအမှားကို ယူဆပြီး ပြောတတ်ကြတယ်။ ပုထုဇဉ်ပုဂ္ဂိုလ်မှာ ကုသိုလ်ကို ပယ်လိုက်ရင် အကုသိုလ်တွေချည်း မပြတ် ဖြစ်နေတော့မှာပဲ။ ဘယ်လိုလဲဆိုရင် မြို့ရွာတစ်ရွာမှာ လူလိမ္မာ သူတော်ကောင်းတွေကို နှင်ထုတ်လိုက်ရင် လူမိုက်တွေချည်း ကျန်နေသလိုဖြစ်မှာပဲ။ တစ်နည်းအားဖြင့် အသုံးကျတဲ့ သစ်ပင်ကြီးတွေကို ပယ်ရှင်းလိုက်ရင် အဲဒီနေရာမှာ အသုံး

http://www.dhammadownload.com



မကျတဲ့မြက်ပင်၊ ဆူးပင်တွေပေါက်သလိုလည်း ဆိုနိုင်ပါတယ်။

အဲဒီလို ကုသိုလ်ကို မပြုဘဲ ပယ်တဲ့သူမှာ အကုသိုလ်ချည်း မပြတ်ဖြစ်ပြီး အပါယ်လေးပါးသွားဖို့ပဲရှိတယ်။ လူ့ဘဝကိုတောင် တစ်ဖန်ပြန်ရောက်ဖို့ ခဲယဉ်းပါလိမ့်မယ်။ အဲဒါအထူး သတိပြုကြရမယ်။ အမှန်ကတော့ ရဟန္တာပုဂ္ဂိုလ်မှာကုသိုလ်မရှိဘူးဆိုတာက ကုသိုလ်အမှုကိုပြုပေမယ့် အဝိဇ္ဇာမရှိတဲ့အတွက် အကျိုးပေးတတ်တဲ့ ကုသိုလ်မဖြစ်ဘဲ အကျိုးမပေးတတ်တဲ့ ကြိယာမှုဖြစ်တာကိုသာ ဆိုလိုပါတယ်။ ရဟန္တာပုဂ္ဂိုလ်များလည်း ကောင်းတဲ့ကုသိုလ်အမှုများကို ပြုကြတာပါပဲ။ ဘုရားကို အရိုအသေ ပြုကြတယ်။ ထေရ်ကြီးပုဂ္ဂိုလ်တွေကို အရိုအသေပြုကြတယ်။

တရားဟောကြတယ်။ တရားနာကြတယ်။ တရားနှလုံးသွင်းကြတယ်။ ဝေယျာဝစ္စအလုပ်တွေကို လုပ်ကြတယ်။ ဆင်းရဲဒုက္ခရောက်နေတဲ့သတ္တဝါကို တတ်နိုင်ရင် ကယ်ဆယ်ကြတယ်။ ဆွမ်းသင်္ကန်း စသည် ပိုနေလျှင် ပေးသင့်တဲ့သူများအား ပေးလှူကြတယ်။ သီလ သိက္ခာပုဒ်တွေ ရိုရိုသေသေစောင့်ရှောက်ကြတယ်။ ဒီလိုကုသိုလ် အလုပ်တွေကို ထိုက်သည့်အားလျော်စွာ ပြုလုပ်ကြပါတယ်။ ဒါပေမဲ့ သစ္စာလေးပါးကို အကြွင်းမဲ့ သိပြီးဖြစ်နေတဲ့အတွက် အဝိဇ္ဇာက လုံးဝမရှိတော့ဘူး။ ဒါကြောင့် အဲဒီကုသိုလ်အမှုတွေပြုတိုင်း၊ ပြောတိုင်း၊ ကြံတိုင်း အကျိုးမပေးတတ်တဲ့ ကြိယာစိတ်တွေသာဖြစ်တယ်။ အကျိုးပေးတတ်တဲ့ကုသိုလ်စိတ်ကတော့ မဖြစ်

http://www.dhammadownload.com



တော့ဘူး။ ဒါကြောင့် ရဟန္တာမှာ ကုသိုလ်လည်း မရှိဘူး လို့ ဆိုပါတယ်။ ကုသိုလ်အမှုတွေကို မလုပ်တော့ဘူးလို့ မဆို လိုပါဘူး။

*(မဟာစည်ဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်တရားတော်မှ)*

(မှတ်ချက်) နမက္ကာရဘုရားရှိခိုး၌ ကုသလာ၊ ကုသလံဇဟံ- ရဟန္တာသည် ကုသိုလ် အကုသိုလ်ကို ပယ်သည်ဟူသော တင်စားပြောသော စကားကို မုချစကားထင်ပြီး ဟောကြ ပြောကြရာမှ အများစုမှာ ပုညန္တရာယ် အကုသိုလ်များဖြစ် ကြရသည်။ အကုသိုလ်ကို မပြုလုပ်ခြင်းအားဖြင့် ပယ်သတ် သည်မှာ မှန်သော်လည်း ကုသိုလ်ကိုကား မပြုလုပ်ခြင်းအား ဖြင့် ပယ်သတ်သည်မဟုတ်။ ကုသိုလ်မျိုးစုံကို ရဟန္တာများ ပြုလုပ်ကြပါ၏။ သို့သော် အဝိဇ္ဇာနှင့် တဏှာကို အမြစ်ပြတ် ပယ်သတ်ပြီးသား ဖြစ်သောကြောင့် နောင်ဘဝချမ်းသာကို မယူတော့ပေ။ ထိုသို့ နောက်ထပ် ဘဝချမ်းသာ မယူတော့ ခြင်းကိုပင် ကုသိုလ်ကိုပယ်သည်ဟုတင်စားပြီး ဟောထားခြင်း ဖြစ်သည်။ တနင်္သာရီမြို့၊ ဝက်ဘာတောင်ဆရာတော်ကို အများက ရဟန္တာဟု သမုတ်ကြသည်။ ထိုဆရာတော်သည် မွေးနေ့ရောက်တိုင်း ဒါန ပြုသည်။ နယ်ခံ ကိုယ်တော်တချို့က ရဟန္တာဆိုတာ ကုသိုလ်၊ အကုသိုလ်ပယ်ထားတာ။ ကုသိုလ် မလုပ်သင့်ဟု ပြောသောကြောင့် ဒါနမပြုရဲဖြစ်နေသည်ဟု သိရသည်။ ဤစာကို ဖတ်ရပါက တားခဲ့သောသူများသည် မိမိ ပြောတာ မှားကြောင်း ပြန်လည်တောင်းပန်ပြီး ကုသိုလ်

http://www.dhammadownload.com



ကောင်းမှုပြုသင့်ကြောင်း ဟျှောက်ထားသင့်သည်။

သူတစ်ပါးပြုမည့်ကုသိုလ်ကို မပြုဖြစ်အောင် တားမြစ်ခြင်းကို ပုညန္တရာယ်ဟုခေါ်သည်။ အလွန်အပြစ်ကြီးသည်။ ရန်ကုန်မှ အဘွားတစ်ယောက်သည် မိမိလည်း မလှူ၊ သူတစ်ပါး လှူလျှင်လည်း မလှူဖြစ်အောင် လိုက်ပြီးတားမြစ်တတ်၏။ မစ္ဆရိယသည် အားသေးလျှင် မိမိပစ္စည်းကုန်မှာကို နှမြော၏။ အားကြီးလာလျှင် သူတစ်ပါးပစ္စည်းကုန်မှာကိုပင် လိုက်ပြီး နှမြောတတ်သည်။ ထိုအဘွားသေသောအခါ ပါးစပ်မပါသော ပြိတ္တာသွားဖြစ်ရသည်။

ပါးစပ်မပါသော် ပေးဝေသောအမှုကုသိုလ်ကို သာဓုမခေါ်နိုင်သောကြောင့် ပြိတ္တာဘဝမှ မကျွတ်နိုင်တော့ပေ။ ဤသို့ဖြစ်ရခြင်းသည် သူတစ်ပါး၏ ကုသိုလ်ကို တားမြစ်ခဲ့သောကြောင့် ဖြစ်သည်။ ထိုအကြောင်းအရာကို 'အတွင်းရန်သူ' စာအုပ်၌ အကျယ်ဖတ်နိုင်ပါသည်။

## ကုသိုလ်မပြုခြင်းသည် အဝိဇ္ဇာအားကြီးသောကြောင့်ဖြစ်သည်

အဝိဇ္ဇာရှိနေတဲ့ ပုထုဇဉ်တွေက အဲဒါကို အယူအဆလွဲပြီး ဒါန၊ သီလ အစရှိတဲ့ ကုသိုလ်အလုပ်တွေကို မလုပ်ဘဲ ပယ်ထားရင် အဲဒီလူတွေမှာ အချိန်ရှိသမျှ အကုသိုလ်တွေချည်း ဖြစ်နေလိမ့်မယ်။ အဲဒီလို အကုသိုလ်တွေချည်းဖြစ်နေရင် အဲဒီလူဟာ အပါယ်လေးပါးသွားဖို့ရာ လမ်းပွင့်နေတယ်လို့သာ မှတ်ကြပေတော့။ နောက်ပြီးတော့ ကုသိုလ်ပြုချင်တဲ့စိတ် မရှိ

http://www.dhammadownload.com



ဘူးဆိုတာ အဝိဇ္ဇာနည်းတဲ့ သဘောမဟုတ်ဘူး။ အဝိဇ္ဇာ အား ကြီးတဲ့သဘောပဲ။ အဝိဇ္ဇာအားကြီးတော့ မင်္ဂဖိုလ်နိဗ္ဗာန်နဲ့ ဝေး တယ်လို့လည်း မှတ်ကြရမယ်။ အဝိဇ္ဇာနည်းလာရင် နည်း သလောက် ကုသိုလ်အမှုတွေမှာ စိတ်က သာပြီးညွတ်ကိုင်း လာတယ်။

ဒါကြောင့် သောတာပန်ဖြစ်လာရင် ပုထုဇဉ်တုန်းက ထက် ကုသိုလ်ဘက်မှာ စိတ်ကသာပြီး ညွတ်ကိုင်းလာတယ်။ တတ်နိုင်သမျှ ကုသိုလ်အလုပ်ကို သာပြီး စိတ်ဝင်စားစွာနဲ့လုပ် တယ်။ သကဒါဂါမ်လည်း ထို့အတူပဲ။ အနာဂါမ်လည်း ထို့ အတူပဲ။ ထူးတာကတော့ အနာဂါမ်က ပလိဗောဓတွေကို ဖြတ်တောက်ပြီး ဘာဝနာအလုပ်ကို တိုးတက်လုပ်လိုတဲ့ ဆန္ဒ သာပြီးများလာတယ်။ ဒါကြောင့် အနာဂါမ်က အချိန်ရ သလောက်ဟာ ဘာဝနာအလုပ်မှာ သာပြီး စိတ်ဝင်စားနေ တတ်တယ်။ ရဟန္တာဆိုရင်တော့ အထူးပြောစရာမရှိဘူး။ ဒါကြောင့် ကုသိုလ်အလုပ်တွေကို အကုသိုလ်အလုပ်တွေလို တမင်မပယ်ကောင်းဘူးဆိုတာကို သိနားလည်ထားကြရမယ်။

*(မဟာစည်ဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်တရားတော်မှ)*

(မှတ်ချက်)။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို ဟောသူအချို့သည် သင်္ခါရထဲမှာ ကုသိုလ်လည်းပါတယ်။ အကုသိုလ်လည်း ပါ တယ်။ ဈာန်လည်းပါတယ်။ ဒီသင်္ခါရတွေလုပ်နေသမျှ ဝိညာဉ် လို့ ခေါ်တဲ့ဘဝသစ်ဟာလာမှာ။ ဒါကြောင့် သင်္ခါရ မဖြစ်အောင် လုပ်ကြ။ သင်္ခါရ မဖြစ်အောင် အကုသိုလ်လည်း မလုပ်နဲ့။

http://www.dhammadownload.com



ကုသိုလ်လည်း မလုပ်နဲ့ဟု ဟောကြလေသောအခါ ဘုရားဒေသနာတော်သည် ပျက်စီးရလေတော့သည်။ ပဋိစ္စသမုပ္ပါဒ်၌ ပယ်သတ်ရမည့်ဖြတ်လမ်းကို ဘုရားရှင်ကပြပြီးသားဖြစ်၏။

ဝေဒနာပစ္စယာတဏှာ၌ တဏှာကို ပယ်သတ်ရမည်သာ ဖြစ်၏။ သင်္ခါရဟူသည်မှာ စေတနာသာဖြစ်၏။ စေတနာဟူသည် သစ္စာဖွဲ့လျှင် ဒုက္ခသစ္စာသာဖြစ်၏။ ဒုက္ခသစ္စာသည် ပယ်သတ်ရမည့်အရာမဟုတ်။ မမြဲဟု၊ ဆင်းရဲ ဟု၊ အစိုးမရဟု သိရုံသိရမည့်အရာသာဖြစ်သည်။ ဓမ္မပဒ၌ လာသော ဝနဝါသီတိဿ သာမဏေအလောင်းသည် အရင်ဘဝတစ်ခုက အရှင်သာရိပုတ္တရာအား ဆွမ်းနှင့်သင်္ကန်းကို ပေးလှူပြီး နိဗ္ဗာန်ကို ဆုတောင်းခဲ့သည်။ ဘဝတဏှာကို အသိဉာဏ်ဖြင့် ပယ်သတ်ပြီး လှူခဲ့သော ထိုဒါနကုသိုလ်သည် နောက်ဘဝတွင် ခုနစ်နှစ်သားနှင့်ရဟန္တာဖြစ်အောင် ပို့ဆောင်ပေးခဲ့သည်။ ထိုအကြောင်းအရာ အကျယ်ကို စာရေးသူ ရေးသားသော 'ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန'စာအုပ်တွင် ဖတ်ပါ။

❖

http://www.dhammadownload.com



## အချိန်မနှောင်းမီ

ဝါးပင်များ စုရုံးပေါက်ရောက်လျက်ရှိသော ဝါးရုံကို ကြည့်ပါလေ။ ထိုဝါးရုံထဲ၌ ဝါးပင်ငယ်လေးတစ်ပင်ပါရှိသည် ဆိုပါတော့။ ထိုဝါးပင်ငယ်ကလေးကို ဝါးရုံမှ ထုတ်ယူလိုသော် မည်သို့ ထုတ်ယူသင့်သနည်း။ ထိုဝါးပင်ကလေး အညွန့်၊ အခက်၊ အလက် မပွားစည်းမီ ထုတ်ယူမှသာလျှင် လွယ်ကူပေမည်တည်း။ ကာမ၊ ဘောဂ၊ လောကီဘောင်မှ ထွက်မြောက်၍ အကျင့်မြတ်ကို အားထုတ်လိုသော အကြွင်သူသည် လင်မယား ဟူသော အိမ်ထောင်ပြုခြင်း အနှောင်အဖွဲ့မရှိသေးမီ အားထုတ်ဆောက်တည်သင့်ပေ၏။

(အရှင်အာတုမ)

*(ကေက နိပါတ်၊ အဋ္ဌမဝဂ်)*

## မဂ်ဉာဏ်လှေနှင့် ကိလေသာရေစီး

အဟုန်ပြင်းသော ရေစီးနောက်သို့ မျောပါလာသူသည် ခိုင်ခံ့သောလှေကို ရရှိသည်ရှိသော် ရေစီးမှ လွတ်မြောက်နိုင်၏။ မိမိကိုယ်ကို ကြည်းကုန်းထက်သို့ ထုတ်ဆောင်နိုင်ပေ၏။ ဤနည်းအတူပင် သံသရာတည်းဟူသော ရေအလျဉ်၌ ငါသည် သစ္စာလေးပါးတရားမြတ်ကို အရိယာမဂ်



F. 20. A

http://www.dhammadownload.com



ဉာဏ်ဖြင့် သိပြီးဖြစ်သောကြောင့် (အရိယာမဂ်တည်းဟူသော လှေကိုရပြီးဖြစ်သောကြောင့်) သံသရာရေအလျဉ်၊ ကိလေသာရေစီးအဟုန်တို့မှ လွတ်မြောက်လေပြီ။ မိမိကိုယ်ကို နိဗ္ဗာန်တည်း ဟူသော ကြည်းကုန်းထက်သို့ ထုတ်ဆောင်နိုင်ပေပြီတည်း။

အရှင်အဇ္ဈုန
(ကေကနိပါတ်၊ နဝမမင်္ဂ)

## မသိ၍မိုက်ခြင်း

နေ့ညဉ့်တို့သည် လျင်မြန်စွာ ကွယ်ပျောက်၍လွန်သွားကြကုန်၏။ သတ္တဝါတို့၏ အသက်ဇီဝိတိန္ဒြေသည် နေ့ညဉ့်တို့ကဲ့သို့ ချုပ်၍ပျောက်၍သွားကြရ၏။ တောင်ကျချောင်းရေသည် ကြာမြင့်စွာ မတည်နိုင်ပေ။ ထို့အတူ သတ္တဝါတို့၏ အသက်သည် လျင်စွာသာလျှင် ကုန်ခမ်းခြင်းသို့ ရောက်ရ၏။ ယင်းသို့သော သဘောတရားကို မသိသောလူမိုက်သည် မကောင်းမှုတို့ကို ပြုလုပ်ပေသေး၏။ နောင်အခါ ခံရမည့် ဆင်းရဲဒုက္ခကို မသိရှာလေတကား။

အရှင်ဟေရညကာနိ
*(ဒုကနိပါတ်၊ ဒုတိယဝဂ်)*

နုပ် ။ ။ ဂန္ဓာရုံကာမမီးလောင်တဲ့ဆင်ကို ကြည့်ပြီး တောထွက်သွားတဲ့ ဂဇပွိယမင်းဝတ္ထုဟာ ပိဋကတ်တော်က လာတာတော့ မဟုတ်ဘူး။ သောတတ္တကီဆိုတဲ့ လောကီကျမ်းတစ်ကျမ်းက

http://www.dhammadownload.com



လာတယ်။ ရှေးအခါက သီရိမတီအမည်ရှိတဲ့မြို့မှာ သတ္တုတွာ သနကာဒမကာအမည်ရှိတဲ့ မင်းကြီးစိုးစံတော်မူတယ်။ ဒီမင်းကြီး ဟာ ဆင်ဖမ်းဝါသနာပါတယ်။

ဖမ်းမိတဲ့ ဆင်တွေကို ယဉ်ကျေးအောင် ဆုံးမပြီး ဆင်များနဲ့ကစားပျော်ပါးတတ်လို့ ဂဇပ္ပိယ–ဆင်ချစ်သော မင်း ကြီးလို့တွဲ့ပေးထားကြတယ်။ တစ်ရက်တော့ မုဆိုးတစ်ယောက် ဟာ အလွန်လှပတဲ့ ဆင်ကြီးတစ်ကောင်ကို မြင်တွေ့ခဲ့ရသတဲ့။ ဘယ်လောက်လှသလဲဆိုရင် ဆင်ကြီးရဲ့ ကိုယ်က မျက်စဉ်းညို တောင်နဲ့ တူသတဲ့။ အစွယ်က ငွေရောင်ရှိသတဲ့။ ဦးကင်းက တောင်ထွတ်နဲ့ တူသတဲ့။

နှာမောင်းက ရောဝဏ်ဆင်မင်းရဲ့ နှာမောင်းနဲ့တူ သတဲ့။ အမြီးက စာမရီရဲ့အမြီးနဲ့ တူသတဲ့။ နှာအိုးတစ်လျှောက် မှာလည်း ရွှေအဆင်းနဲ့တူတဲ့ အပြောက်များ ပါသတဲ့။ ဒီဆင် ကြီးသတ်ပြီး အစွယ်ကိုရောင်းရင် ငွေကြေးအနည်းငယ်သာရ မယ်။ မင်းကြီးကို လျှောက်ထားနိုင်ရင် များစွာသော ဆုလာဘ် တွေကို ရမှာပဲလို့ တွေးမိတဲ့အတွက် ဆင်ကြီးကျက်စားတဲ့ နေရာကို သေချာမှတ်သားပြီး မင်းကြီးထံ တင်လျှောက်တယ်။

မင်းကြီးကလည်း အားရဝမ်းသာနဲ့ မုဆိုးကို ဆုလာဘ် များစွာပေးပြီး ဆင်ကြီးကို အရဖမ်းယူတယ်။ ပြီးတော့ ဆင် ဆရာထံအပ်ပြီး ယဉ်ကျေးအောင် အမြန်သင်ကြားခိုင်းတယ်။ ဆင်ဆရာကလည်း အစွမ်းကုန်သင်ကြားလိုက်တာ ကိုးရက် ခန့်နဲ့ပဲ ဆင်ကြီးဟာ လူစကား နားလည်လောက်အောင် ယဉ်

http://www.dhammadownload.com



ကျေးသိမ်မွေ့တဲ့အတွက် မင်းကြီးထံ ပြန်လည် ဆက်သလိုက်တယ်။

ယဉ်ကျေးသိမ်မွေ့လာတဲ့ ဆင်ကြီးကို မြင်ရတော့ မင်းကြီးဟာ အလွန် အားရနှစ်သက်တယ်။ နက်ဖြန် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်တော့ ဒီဆင်ကြီးစီးပြီး မြို့ကို လှည့်မယ်၊ နက္ခတ်သဘင်ကစားမယ်လို့ အမိန့်ပေးလိုက်တယ်။ နောက်တစ်နေ့ကျတော့ စစ်သည်ဗိုလ်ပါ အခြံအရံတွေနဲ့ ဒီဆင်ကြီးကို စီးပြီး မြို့ကိုလှည့်တယ်။ ပြီးခဲ့တဲ့ အဖိတ်နေ့ညက တောဆင်တွေ မင်းဥယျာဉ်ထဲဝင်ပြီး ဖျက်ဆီးကြလို့ မင်းဥယျာဉ်တော်ဟာ ပျက်စီးသွားတယ်။

ဒီအကြောင်းကို ဥယျာဉ်မှူးက လာအကြောင်းကြားတဲ့အတွက် မြို့ကို လှည့်လည်ရာက အပြန်မှာ နန်းတော်ကို မဝင်သေးဘဲ ဥယျာဉ်တော်ကို ကြည့်ရအောင် ဆင်စီးပြီး ဝင်သွားတယ်။ ဥယျာဉ်တော်ရောက်တော့ ပျက်စီးနေတဲ့ ဥယျာဉ်တော်ကြီးကို လှည့်လည်ပြီးကြည့်တယ်။ ဥယျာဉ်တော်ထဲလာပြီး သောင်းကျန်းကြတဲ့ ဆင်တွေထဲမှာ ဆင်မတွေလည်းပါတယ်။ အဲဒီဆင်မတွေရဲ့ ကိုယ်အနံ့၊ ကျင်ငယ်နံ့၊ ကျင်ကြီးနံ့တွေဟာ ဥယျာဉ်ထဲမှာ ကျန်နေခဲ့တယ်။

ဒီအနံ့တွေ ရလိုက်တယ်ဆိုရင်ပဲ ယဉ်ကျေးလှတဲ့ ဆင်ကြီးဟာ ရာဂစိတ် ထကြွပြီး မုန်ယိုလာတယ်။ ရှင်းရှင်း ပြောရရင် မယားတရူး ရူးသွားတာပဲ။ ဒါကြောင့် ဆင်ကြီး စိတ်ထဲမှာ ဆင်မနဲ့ ပျော်ပါးဖို့ပဲ သိတော့တယ်။ ကျန်တာ ဘာမှ

http://www.dhammadownload.com



မသိတော့ဘူး။ ဒါကြောင့် သူ့ကျောကုန်းပေါ်က ဆင်ဦးစီးနဲ့ မင်းကြီးကို အတင်းခါချပြီး ဆင်မတွေ ရှိရာကို အနှံ့ခံပြီး တဟုန်ထိုး ပြေးလိုက်တော့တာပဲ။

## စိတ်ရှိုင်းဝင်စေသောအနံ့

ဆင်ကြီး ခါချလိုက်တဲ့အခါ ဆင်ဦးစီး လွင့်စင်ကျသွားပေမယ့် မင်းကြီးကတော့ သတိရှိလို့ လွင့်မကျဘူး။ ဒါကြောင့် ဆင်ဦးစီးနေရာဝင်ပြီး ဆင်ကြီးကို အုပ်ထိန်းတယ်။ ဆင်ကြီးဟာ သူ့ကို ချွန်းနဲ့ ဘယ်လောက်ပေါက်ပေါက် ဂရုမစိုက်တော့ဘူး။ ဆင်မတွေရှိရာ နောက်ကိုသာ တဟုန်ထိုးပြေးလိုက်နေတယ်။ မင်းကြီးလည်း ထိန်းအုပ်လို့ မရမှန်းသိသွားတော့ အောက်ပြုတ်မကျအောင် အတင်းတွယ်ကပ်ပြီး လိုက်သွားရတယ်။ တောနက်ထဲရောက်တော့ မင်းကြီးစဉ်းစားမိသွားတယ်။ ဒီတိုင်းဆိုရင် ဒီဆင်ကြီးဟာဆင်မအတွက် တခြားဆင်ထီးတွေနဲ့အသေအကြေ တိုက်ခိုက်ကြမှာပဲ။ အဲဒါဆိုရင် ငါပါ အချောင်သေလိမ့်မယ်။ အဲဒီလိုတွေးမိပြီး ရေသဖန်းပင်အောက် ဖြတ်အသွားမှာ ရေသဖန်းကိုင်းကို လှမ်းဆွဲပြီး ကျန်ခဲ့တယ်။

အတော်ကြာတော့ နောက်ကလိုက်လာတဲ့ စစ်တပ်ဗိုလ်ပါတွေနဲ့တွေ့ပြီး နန်းတော်ကို ပြန်သွားတယ်။ နောက်နေ့ကျတော့ ဆင်ဆရာကိုခေါ်ပြီး ကြိမ်းမောင်းတော့တာပေါ့။ ဆင်ကြီး မယဉ်ကျေးသေးဘဲ ယဉ်ကျေးတယ်ဆိုပြီး လိမ်ရမလားပေါ့။ ဒီအခါ ဆင်ဆရာက မြတ်သောမင်းကြီး ဆင်ကြီးဟာ ယဉ်ကျေးတာ အမှန်ပါ။ သို့သော် မ,စိတ်ကြောင့် မုန်ယစ်ပြီး

http://www.dhammadownload.com



အခုလိုဖြစ်ရတာပါ။ ဒီဆင်ကြီးဟာ ဆင်မနဲ့ ပျော်ပါးပြီး မုန်ယစ်ခြင်းပြေတဲ့အခါ ပြန်လာပါလိမ့်မယ်လို့ လျှောက်ထားတယ်။

မင်းကြီးက ဆင်ဆရာရဲ့စကားကို သိပ်မယုံဘူး။ ဒါကြောင့် မင်းပြောတဲ့အတိုင်း ဆင်ကြီးပြန်လာရင် ဆုလာဘ်ပေးမယ်။ ပြန်မလာရင် မင်း အသက်မရှိဘူးသာ မှတ်ပေရော့လို့ ပြောပြီး ဆင်ဆရာကို ချုပ်ထားလိုက်တယ်။

သန်း ။ ။ ဆင်ဆရာပြောတဲ့အတိုင်း ဆင်ကြီးဟာ ပြန်လာရဲ့လားဘုရား။

နုပ် ။ ။ အေး ... ပြန်လာတယ်ကွ။ ဒီအခါ ကတိအတိုင်း ဆင်ဆရာကို လွှတ်စေပြီး မင်းကြီးကိုယ်တိုင် ဆင်တင်းကုပ်ကို သွားတယ်။ ဆင်ကြီးဟာ အခုလိုကျတော့ တကယ်ယဉ်ကျေးတဲ့ဆင်ကြီး ဖြစ်နေပြန်တယ်။ မင်းကြီးဟာ ဆင်ကြီးရဲ့ နှာမောင်းကို လက်နဲ့သုံးသပ်ပြီး ...

<u>မီးထက်ပူသော အရာ</u>

"ဆင်ဆရာ၊ ဒီလိုဆိုတော့လည်း ဆင်ကြီးက လိမ္မာသားပဲ။ ဟိုတုန်းကဖြင့် သူ့ကို ငါ ချွန်းနဲ့ချိတ်ပြီး တအားဆွဲတာ လုံးလုံးဆွဲလို့မရဘူး။ အဲဒီတုန်းက ဒီဆင်ကြီး ဘာဖြစ်သွားတာလဲ"လို့ မေးတယ်။ ဒီတော့ ဆင်ဆရာက–

"မင်းကြီး၊ ရာဂဆိုတဲ့ တရားဟာ ပကတိထက်လှသောချွန်းထက် ပိုလွန်ပြီး ထက်ပါတယ်။

ပကတိသော မီးထက်လည်း ပိုပြီးပူပါတယ်။

မြွေအဆိပ်ထက်လည်း ပိုလွန်ပြီး ပြင်းထန်ပါတယ်။ ဒါ

http://www.dhammadownload.com



ကြောင့် မင်းကြီး ချွန်းနဲ့ တအားချိတ်ဆွဲသော်လည်း မရခြင်း ဖြစ်ပါတယ်''လို့ လျှောက်တော့ ''အခုတော့ ဘာလို့ပြန်လာတာလဲ''လို့ မေးတယ်။

''သူ့ရဲ့မန္တာန်ဆေးဝါးကြောင့် ပြန်လာခြင်းဖြစ်ပါတယ်''လို့ လျှောက်တင်တဲ့အခါ မင်းကြီးက ''ဒီလိုဆို မောင်မင်းရဲ့ မန္တာန်ဆေးဝါးဟာတော်တော်ထက်တာပဲ။ ငါ့ကို လက်တွေ့ ပြစမ်းပါ''လို့ ပြောလိုက်တယ်။ ဆင်ဆရာက ''အရှင်မင်းကြီး ရှုစားတော်မူပါ''လို့ လျှောက်ထားပြီး အတော်ကြီးတဲ့ သံတုံးကြီးတစ်တုံးကို ရဲနေအောင် မီးဖုတ်တယ်။ သံတုံးကြီး ရဲရဲတောက်လာတဲ့အခါ ညှပ်နဲ့ယူလာပြီး ဆင်ကြီးကို နှာမောင်းနဲ့ပတ်ပြီး အကိုင်ခိုင်းတယ်။

ဆင်ကြီးဟာ ဆင်ဆရာရဲ့ အမိန့်အတိုင်း ရဲရဲတောက်နေတဲ့ သံတုံးကြီးကို နှာမောင်းနဲ့ ပတ်ပြီးကိုင်ရှာတယ်။ ပူလွန်းလို့ ဆင်ကြီးဟာ မျက်ရည်တောင်ကျတယ်။ ဆင်ကြီးရဲ့ နှာမောင်းကို အရှင်လတ်လတ် မီးကင်သလိုဖြစ်ပြီး သွေးနံ့တွေတောင် ထွက်လာတယ်။ ဒါပေမဲ့ဆင်ကြီးဟာ ဆင်ဆရာကို ကြောက်ရှာလို့ လွှတ်မချရဲဘဲ ဆက်ကိုင်ထားရတယ်။

မင်းကြီးဟာ ဆင်ကြီးကို တအားသနားသွားပြီး သံတုံးကြီးကို မြန်မြန်ပြန်ချစေတယ်။ ပြီးတော့ ကြီးစွာသော ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကိုလည်း ရသွားတယ်။ သြော် တဏှာ၊ ကာမ၊ ရာဂဆိုတဲ့ တရားဟာ အလွန်ကြမ်းတမ်း ခက်ထန်ပါကလား။ ဘေးရန် အန္တရာယ်တွေ အလွန်ပေါ များပါကလား။

http://www.dhammadownload.com



ဒီရာဂကို မှီပြီး သတ္တဝါတွေဟာ သံသရာဆိုတဲ့ သမုဒ္ဒရာမှာ နစ်မြုပ်နေကြရတယ်။ ရာဂကိုမှီပြီး အပါယ်လေးဘုံမှာ ဖြစ်ကြတယ်။ ဒီရာဂကြောင့် အဖေက သားကို သတ်တယ်။ သားက အဖေကို သတ်တယ်။

အမေက သမီးကို သတ်တယ်။ သမီးက အမေကို သတ်တယ်။ မောင်က နှမကို သတ်တယ်။ နှမက မောင်ကို သတ်တယ်။ တူက ဦးရီးကို သတ်တယ်။ ဦးရီးက တူကို သတ်တယ်။ လင်က မယားကိုသတ်တယ်။ မယားက လင်ကို သတ်တယ်။ ဆွေမျိုးသားချင်းလည်း သတ်ကြတယ်။ တဝမ်းပြွင်ပကိုလည်း သတ်ကြတယ်။

ဒီရာဂကြောင့် ဥစ္စာစပါးကို ဖျက်ဆီးကြတယ်။ အခြံအရံအကျော်အစောကို ဖျက်ဆီးကြတယ်။ ဒီရာဂကြောင့် ချမ်းသာက ဆုတ်ယုတ်ရတယ်။ ကုသိုလ်တရား ပျောက်ပျက်ရတယ်။ သုဂတိလမ်းကြောင်း ဆို့ပိတ်ရတယ်။ ဒီရာဂကြောင့် လောဘနိုင်ငံ၊ ဒေါသနိုင်ငံကိုလိုက်ကြရတယ်။ သံသရာမှာကျင်လည်ကြရတယ်။ အပါယ်လေးဘုံကို ဖရိုဖရဲကျရောက်ရတယ်။

ဒီရာဂကြောင့် ကောင်းသောအကျင့်ပျက်စီးရတယ်။ သမာဓိပျက်စီးရတယ်လို့ သံဝေဂဖြစ်ပြီး တောထွက်တော်မူသွားပါတယ်။

**သနပ်ခါးအရသာ ငဲ့ရခြင်းအကြောင်း**

သနပ်ခါးအနံ့ကို မက်မောလွန်းလို့ ဒုက္ခရောက်ရတဲ့ သီလရှင်နှစ်ပါးအကြောင်းပြောပြဦးမယ်။ ဂန္ဓာရုံအနံ့အကြောင်း

http://www.dhammadownload.com



ပြောလို့ သတိရလာတာပါ။ လှည်းကူးမြို့နယ် မရောက်ခင် လေးမှာ လယ်ကွက်တွေကြား လှမ်းကြည့်လိုက်ရင် တောရ ကျောင်းတစ်ကျောင်း တွေ့ရလိမ့်မယ်။ ကျောင်းအလယ်မှာ နှစ်များစွာကတည်းက တူးထားတဲ့ ရေကန်ကြီး တစ်ကန်ရှိ တယ်။ ငွေလဲ့ကန်လို့ပဲ ခေါ်ကြသတဲ့။ ဒါကြောင့် ကျောင်းကို လည်း ငွေလဲ့ကန်တောရကျောင်းလို့ ခေါ်ကြတယ်။

ရွှေပြည်သာကျောင်းမှာ လူတွေများလွန်းလို့ ငါ အဲဒီ ကျောင်းသွားသွားပြီး စာရေးလေ့ရှိတယ်။ အဲဒီမှာ ဒုလ္လဘဝတ် တဲ့ သီလရှင်နှစ်ပါးရှိတယ်။ ခဏဝတ်တာပေါ့။ သူတို့ဟာ ခဏဝတ်တဲ့ အချိန်လေးတောင် ရှစ်ပါးသီလကို အပြည့် မစောင့်ထိန်းနိုင်ဘူး။ ခုနစ်ပါးသီလပဲ ရတယ်။

သန်း ။ ။ ဘယ်သီလ ပျက်တာလဲ ဘုရား။

နုပ် ။ ။ မာလာဂန္ဓဆိုတဲ့ သိက္ခာပုဒ်ပေါ့။ ပန်းမပန်ရဘူး၊ နံ့သာ မလိမ်းရဘူးလို့ ဆိုထားလျက်နဲ့ သူတို့နှစ်ပါးဟာ ညညဆို သနပ်ခါး ခိုးလိမ်းပြီးမှ အိပ်ကြသတဲ့။ သူတို့နေရာက တောဆို တော့ လျှပ်စစ်မီးမရှိဘူး။ ဖယောင်းတိုင်လေးတွေနဲ့ပဲ နေရတာ။ တစ်ရက်တော့ သူတို့ ညမှောင်မှောင်သနပ်ခါး လိမ်းဖို့ ပြင်နေ ကြရင်း ရေရှာမတွေ့ဘူးဖြစ်နေတယ်။ ညဆိုတော့ ရေကန်ဆီ ထိလည်း ထမသွားချင်ဘူး။

ဒါနဲ့ သူတို့တဲနဲ့ အနီးဆုံး ဦးပဉ္ဇင်းကြီးတဲထဲကို ရေ သွားရှာတဲ့အခါ အဆင်ပြေသွားတယ်။ ဦးပဉ္ဇင်းကြီး ခပ်ထား တဲ့ ရေပုံးတစ်ပုံးတွေ့ရတယ်။ သူတို့ဟာ ရေပုံးကို ဆွဲယူလာပြီး

http://www.dhammadownload.com



အဲဒီရေနဲ့ သနပ်ခါးသွေးလိမ်းကြတာပေါ့။ ပြီးတော့ သူတို့မှာ အကျင့်တစ်ခုရှိသတဲ့။ သနပ်ခါးလိမ်းပြီးရင် လျှာနဲ့နီးတဲ့နေရာက သနပ်ခါးဖတ်လေးတွေကို လျှာနဲ့ လှမ်းတို့ယူပြီး စားတတ်ကြတယ်။ အရင်က အဲဒီလို တို့ယူပြီး စားရင် ခါးသက်သက် အရသာလေးရတယ်။

ဒီတစ်ခါကျတော့ ထူးထူးခြားခြား ငန်တန်တန် အရသာ ဖြစ်နေတယ်။ သူတို့ စဉ်းစားမရဘူး ဖြစ်နေတယ်။ ခါးရမယ့် သနပ်ခါးက ဘာလို့များ ငန်နေသလဲပေါ့။ မနက်ကျမှ ဒီအဖြေက ရတယ်။ တစ်ဘက် ဦးပဥ္စင်းကြီးတဲ့က သူတို့ဆွဲယူလာတဲ့ပုံးက ဦးပဥ္စင်းကြီး ကျင်ငယ်စွန့်တဲ့ ပုံးကြီးဖြစ်နေတယ်။ သူတို့ဟာ သနပ်ခါးကို ကျင်ငယ်ရေနဲ့ လိမ်းလိုက်သလို ဖြစ်သွားတာပေါ့။

သန်း ။ ။ ဟား ဟား ဟား ဟား သီလရှင်တွေနှယ် ဖြစ်မှဖြစ်ရလေ ဘုရား။ ဒါနဲ့ ဆရာတော်က ဒီအကြောင်းကို ဘယ်လိုလုပ်ပြီး သိလာသလဲဘုရား။

နုပ် ။ ။ အဲဒီ သီလရှင်တွေကိုယ်တိုင် လာပြောပြလို့ သိရတာ။ ကဲ- ရသာရုံကာမမီးလောင်တဲ့အကြောင်းကို သွားကြဦးစို့။ အခုတလော ဘယ်ကိုရောက်ရောက် လေဖြတ်နေတဲ့ သူတွေ ခဏ ခဏတွေ့ရတယ်။ အဲဒီလို လေဖြတ်တာ၊ သွေးတိုးရောဂါကြောင့်ပဲကွ။ သွေးတိုးရောဂါဟာ သောကကြောင့်လည်း ဖြစ်တယ်။ အဆီအဆိမ့်တွေ တအားစားလို့လည်း ဖြစ်တယ်။ အခု မြန်မာတွေဟာ ဆီတွေတအား စားလာတယ်။

http://www.dhammadownload.com



## သွေးတိုး၏နံပါတ်တစ်ရန်သူ

မြေပဲဆီ၊ နှမ်းဆီကြောင့် သွေးတိုးဖြစ်တာက တော်တော်ကြာကြာ နေရဦးမယ်။ စားအုန်းဆီကြောင့်ဖြစ်တဲ့ သွေးတိုးရောဂါဆိုရင်တော့ ဦးနှောက်သွေးကြောပြတ်ပြီး မြန်မြန်သေတာများတယ်။ စားအုန်းဆီတွေဟာ အမြဲခဲနေတာ။ ရောင်းခါနီးကျမှ ဆီပီပါတွေကို မီးနဲ့တိုက်ပြီး အရည်ဖြစ်မှ ရောင်းရတာ။ မင်းတို့ စားပြီးလို့ ခန္ဓာကိုယ်ထဲ၊ အကြော ထဲရောက်တာနဲ့ ချက်ချင်း ပြန်ခဲသွားတာပဲ။ ဒါကြောင့် စားအုန်းဆီဆိုရင်လုံးဝကို မစားသင့်ဘူး။ သွေးတိုးရောဂါရဲ့ နံပါတ်တစ် ရန်သူဟာ ဆီမျိုးစုံပဲ။ ဘာဆီနဲ့မှ လူနဲ့မတည့်ဘူး။ ဒါကြောင့် သွေးတိုးရောဂါက မဖြစ်ချင်ရင် အခုစားနေတဲ့ ဆီသုံးပုံပုံရင် နှစ်ပုံထိလျှော့ချသင့်တယ်။

သွေးတိုးဆိုတာ တကယ်တော့ သွေးတွေတိုးလာတာမဟုတ်ဘူး။ စားထားတဲ့ အဆီဓာတ်တွေက များလွန်းတော့ သွေးကြောထဲမှာ ခဲပြီးချေးဖြစ်ကုန်တယ်။ သွေးကြောက ကျဉ်းသွားတော့ သွေးတွေဟာ တွန်းတိုးပြီး ထွက်ရတယ်။ သွေးဟာ အကြောက ကျဉ်းသွားတဲ့အတွက် ရိုးရိုးစီးသွားလို့မရဘဲ တိုးပြီး၊ တွန်းပြီးသွားရတဲ့အတွက် သွေးတိုးရောဂါလို့ ပြောတာပဲ။ သွေးတိုးသမားအတွက် နံပါတ်တစ်ရန်သူက အဆီအဆိမ့်၊ နံပါတ်နှစ် ရန်သူကျမှ အငန်။

အခုတော့ ကျန်းမာရေးဗဟုသုတမရှိကြတော့ အငန်တော့ ရှောင်ပါရဲ့။ အဆီအဆိမ့်တွေကျတော့ တအားစား

http://www.dhammadownload.com



နေကြတယ်။ အုန်းနို့ခေါက်ဆွဲစားပြီး ဦးနှောက်သွေးကြော ပြတ်သေတာ ခဏခဏ ကြားဖူးနေတာပဲ။ အဲဒါအုန်းသီးဆံက ညှစ်ထုတ်ထားတဲ့ အဆီဓာတ်ကြောင့် ချက်ချင်းသေရတာပေါ့။ ရခိုင်လူမျိုးတွေ အငန်အစပ် တအားစားတယ်။ ဒါပေမဲ့ သူတို့လူမျိုးမှာ သွေးတိုးရောဂါမရှိဘူး။ ဘယ်ရှိမလဲ။ ဆီမှမစားဘဲကိုး။

မကွေးဝင်းမြင့်စာအုပ်ထဲမှာက သွေးတိုးရောဂါပျောက်ဆေးနည်းလေးကောင်းလွန်းလို့ ပြောပြမယ်။

သန်း ။ ။ မှန်ပါ အမိန့်ရှိပါ ဘုရား။

| | | |
|---|---|---|
| နုပ် ။ ။ | ဆင်တုံးမနွယ် | ၁ ကျပ်သား |
| | အုန်းနှဲမြစ် | ၁ ကျပ်သား |
| | ငုနှစ်(ငုသီးထဲကအနှစ်) | ၁ ကျပ်သား |
| | နနွင်းမှုန့်စစ်စစ် | ၉ ကျပ်သား |

ရောပြီး ပျားရည်နဲ့တေ – ညအိပ်ယာဝင် လက်ဖက်စားတစ်ဇွန်းမှန်မှန်သောက်ရင် သွေးတိုးရောဂါ ပျောက်ပါသတဲ့။ ဒီထက်လွယ်တာကတော့ သံပုရာသီးစေ့ငါးစေ့ကို နေ့စဉ် ဝါးစားပေးရင်လည်း သွေးတိုးကျတယ်လို့ သူ့စာအုပ်ထဲမှာ လက်တွေ့ဖြစ်ရပ်သုံးခုလောက်နဲ့ ရေးထားတယ်။ အံ့ဩစရာကောင်းတာက သံပုရာစေ့ကသာ သွေးတိုးကျတာ၊ သံပရာရည်ကတော့ သွေးတိုးသမားနဲ့လုံးဝမတည့်ဘူးတဲ့ကွ။ ဒါကြောင့် သွေးတိုးတက်ရင် သံပရာရည်ဖျော်မတိုက်မိဖို့ အရေးကြီးတယ်။

ကဲ ကဲ လေဖြတ်တဲ့ရောဂါကြောင့် ဘဝဆုံးမှာစိုးလို့

http://www.dhammadownload.com



ဝိပဿနာတရားနဲ့ဘာမှမဆိုင်သော်လည်း အရသာအကြောင်း နဲ့ ပတ်သက်တုန်း ထည့်ပြောလိုက်တာကွ။ အခု ရသတဏှာ ကို စွဲလမ်းမိတဲ့အတွက်ကြောင့် လူထွက်ရတဲ့ အထိဖြစ်သွားတဲ့ ရဟန်းတစ်ပါးအကြောင်းကို ပြောပြမယ်။ ကေနိပါတ်၊ ဝိတ မိဂဇာတ်ရဲ့ ပစ္စုပ္ပန်ဇာတ်ကြောင်းပေါ့ကွာ။

ရာဇဂြိုဟ်ပြည်က သူဌေးကြီးတစ်ဦးမှာ တိဿအမည် ရှိတဲ့ သားတစ်ယောက်ရှိတယ်။ တစ်ဦးတည်းသောသား ဆိုတော့ မိဘတွေက အလွန်ချစ်တယ်။ တစ်ရက်တော့ တိဿ ဟာ ဝေဠုဝန်ကျောင်းကိုသွားပြီး ဘုရားရှင်ဟောကြားတဲ့ တရားကို နာယူလိုက်ရတဲ့အခါ ကာမဂုဏ်တရားတွေကို စက် ဆုတ်ရွံရှာလာပြီး ရဟန်းပြုဖို့ ဆုံးဖြတ်လိုက်တယ်။ ခက်တာက မိဘခွင့်ပြုမှ ရဟန်းပြုလို့ရတာ။ ဒါကြောင့် သူဟာ မိဘနှစ်ပါး ထံ ခွင့်ပန်တယ်။ မိဘတွေကလည်း သားနဲ့မခွဲနိုင်တော့ ခွင့် မပြုကြဘူး။ ဒီတော့ တိဿမြေကြီးပေါ် လှဲချပြီး အစာငတ်ခံ တယ်။ ဆိုလိုတာက ရဟန်းဝတ်ခွင့်ရချင်ရ၊ မရရင် အသေ ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒီအချက်ကိုကြည့်ရင် တိဿဟာ တကယ့် ကို ရဟန္တာဖြစ်အောင် ကျင့်ချင်လို့ ရဟန်းပြုတယ် ဆိုတာ သေချာတယ်။ နောက်ဆုံး သားလေးသေမှာစိုးလို့ မိဘများဟာ ရဟန်းဝတ်ခွင့် ပေးလိုက်ရတယ်။ ရဟန်းဝတ်ပြီးတော့ တိဿ ဟာ ဘုရားရှင်နဲ့အတူ ရာဇဂြိုဟ်ကနေသာဝတ္ထိပြည်၊ ဇေတဝန် ကျောင်းကို လိုက်သွားတယ်။ ဇေတဝန်ကျောင်းရောက်တော့ သူဟာ တရားကျင့်ရုံမျှမကဘူး။ ဓုတင် ၁၃–ပါးကိုတောင်

http://www.dhammadownload.com



ဆောက်တည်လိုက်သေးတယ်။ ခုတင်၁၃-ပါးထဲက အိမ်စဉ်အတိုင်း ဆွမ်းခံဝတ်ဖြည့်ကျင့်တဲ့အတွက် စူဠပိဏ္ဍပါတတိဿထေရ်လို့ သာဝတ္ထိမှာ ထင်ပေါ်ကျော်ကြားတယ်။ တစ်ခါတော့ ရာဇဂြိုဟ်မှာ နက္ခတ်ပွဲသဘင် ကျင်းပတော့ အပျိုတွေ၊ လူပျိုတွေဟာ ဝတ်ကောင်းစားလှတွေနဲ့ ပျော်ပါးသွားလာကြတယ်။ ဒါကိုမြင်ရတဲ့ တိဿရဲ့အဖေနဲ့အမေဟာ သားကိုလွမ်းဆွတ်ပြီး ငိုကြရှာတယ်။ ဒါကိုမြင်တဲ့ သူတို့အိမ်က အစေခံမလေးက မေးကြည့်တဲ့အခါ မိဘနှစ်ပါးက သားအကြောင်းကို အကြောင်းစုံ ပြန်ပြောပြကြတယ်။

## အလှဆုံးအစေခံ

ဒီမိန်းကလေးက အတိတ်ကံအကျိုးပေးအရ အစေခံမလေးဖြစ်နေပေမယ့် အင်မတန်အဆင်းလှတယ်။ ဒါကြောင့် သူ့နာမည်ကို ဝဏ္ဏဒါသီလို့ခေါ်ကြတယ်။ မြန်မာလိုဆိုရင် အလှဆုံးအစေခံမလေးပေါ့။ ဒီလိုသိရတဲ့အခါ ဝဏ္ဏဒါသီက သားရဟန်းကို လူထွက်အောင် သူဖြားယောင်းမယ်။ လူထွက်လာတဲ့အခါ သူ့နဲ့လက်ထပ်ခွင့်ပေးပြီး ပစ္စည်းတွေအားလုံး လွှဲအပ်မလားလို့ မေးလိုက်တယ်။

သူဌေးကြီးနဲ့ သူဌေးကတော်တို့ကလည်း ကတိပြုတယ်။ သူက သာဝတ္ထိရောက်အောင် လိုက်သွားပြီး ရဟန္တာဖြစ်အောင်ကျင့်နေတဲ့ ကိုယ်တော်ကို လူထွက်အောင် လုပ်မှာ။ ဒီတော့ အာရုံငါးပါးထဲမှာ ဘယ်ကာမဂုဏ်နဲ့ ဆွဲဆောင်ရမလဲ ဆိုတာ သိဖို့လိုလာတယ်။ ဒါကြောင့် တိဿရဟန်းဟာ လူ့

http://www.dhammadownload.com



ဘဝတုန်းက ဘာကို ကြိုက်တတ်သလဲလို့ မေးလိုက်တဲ့အခါ တိဿအမေက ပြောတယ်။ အဝတ်အစားက အဲသလောက် မဟုတ်ဘူး။ အစားအသောက်တော့ ကောင်းကောင်းချက်မှ ကြိုက်တယ်တဲ့။

ဒီလောက်ဆိုရပြီ။ ဒီရဟာန်းကို ရသာရုံနဲ့ ဆွဲဆောင်ပြီး လူထွက်အောင် လုပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အမှန်ကတော့ မာရ်နတ်ရဲ့ ပထမတပ်နဲ့ ရဟာန်းကိုလူထွက်အောင် လုပ်မှာပါပဲ။ ဝဏ္ဏဒါသီဟာ သာဝတ္ထိကိုလိုက်သွားပြီး တိဿမထေရ် ဆွမ်းခံတဲ့လမ်းဘေးမှာ အိမ်ငှားလိုက်တယ်။ မထေရ် ဆွမ်းခံကြွလာရင် အစတော့ ယာဂုလေးလောင်းလှူတယ်။ နောက် အရသာရှိတဲ့ ဆွမ်းကိုလောင်းတယ်။

ဒီလို ဆွမ်းမပြတ် မပြတ်လောင်းရင်း တော်တော်မျက်နှာတန်းမိတဲ့အခါ အိမ်ပေါ်ပင့်ပြီး ဆွမ်းကပ်တယ်။ အိမ်ပေါ်တက်ကြွပြီ ဆိုကတည်းက အိမ်စဉ်လှည့်လည် ဆွမ်းခံကြွတဲ့ ဓုတင်ဟာပျက်သွားပြီ။ တိဿမထေရ်ဟာ နေ့စဉ်ဆွမ်းစားကြွရတာကို နှစ်သက်နေတယ်။ ဝဏ္ဏဒါသီအပေါ်မှာလည်း အကျွမ်းတဝင် ခင်မင်စိတ်ဖြစ်ပေါ်လာတယ်။ ခင်မင်စိတ် ဝင်လာတယ်ဆိုတာ တဏှာဝင်လာတာပဲ။ တဏှာဝင်လာပြီ ဆိုတာနဲ့ ဒိဋ္ဌိနဲ့ မာနကလည်း တစ်ခါတည်း ကပ်ပြီးပါလာတယ်။ ဒီတရားသုံးပါးက သံသရာကိုချဲ့ထွင်တတ်တဲ့အတွက်ကြောင့် ပပဉ္စတရားသုံးပါးလို့ ခေါ်တယ်။ ဒီသုံးပါးက သံသရာချဲ့ပုံကို ဆရာကြီးဦးရွှေအောင်က အရှင်သာရိပုတ္တရာ ဆောင်းပါးမှာ

http://www.dhammadownload.com



အခုလိုဖွင့်ပြတယ်။

## တဏှာ၏သံသရာနယ်ချဲ့ပုံ

အမှန်အားဖြင့် ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုဟူ၍ မရှိ၊ ဓမ္မများသာ ရှိ၏။ ဓမ္မဟူသည်မှာလည်း ရုပ်နှင့် နာမ်သာဖြစ်၏။ ရုပ်နှင့် နာမ်တို့သည် အကြောင်း သဘောကို ဆောင်သည့်အခါလည်း ရှိ၏။ အကျိုးသဘောကို ဆောင်သည့်အခါလည်း ရှိ၏။ အကြောင်းသဘောကို ဆောင်ရာတွင် သစ္စာအမြင်အားဖြင့် တဏှာသည် အရေးအကြီးဆုံးဖြစ်၏။ တဏှာသည် အမှန်ရှိသော ရုပ်နှင့်နာမ်ကို အဝိဇ္ဇာ၏ မာယာ အတတ်ဖြင့် ခန္ဓာအိမ်ဆောက်လိုက်၏။ ထို့နောက် ဒိဋ္ဌိနှင့် မာနဖြင့်ပေါင်း၍ အမှန်မရှိသော အတ္တကို ဖန်ဆင်းပြီး အသက် သွင်းပေးလိုက်၏။ ထိုအခါ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ အနေဖြင့် ရှိသောအတ္တသည် တဏှာ အား မိမိနှင့်ဆိုင်သမျှကို သက်ရှိဖြစ်လျှင်လည်း ပုဂ္ဂိုလ်တစ် ယောက်ပြီး တစ်ယောက်၊ သက်မဲ့ဖြစ်လျှင်လည်း အရာဝတ္ထု တစ်ခုပြီး တစ်ခုဖြစ်အောင် ဖန်ဆင်းခိုင်း၏။ ယင်းကို ပါဠိ ဝေါဟာရအားဖြင့် ပေါနောဗ္ဘဝိကာဟု ဆို၏။ မိမိနှင့် ဆိုင်သမျှ ကို ချစ်စရာ နှစ်သက်စရာဖြစ်အောင် အရောင်အဆင်း ဆိုး ခိုင်း၏။ ယင်းကို ပါဠိဝေါဟာရဖြင့် နန္ဒီရာဂဟုဆို၏။ ရောက်ရာ ရောက်ရာဘဝ၊ ရောက်ရာ ရောက်ရာဒေသ၌ ပျော်မွေ့စရာ ဖြစ်အောင် ဖန်တီးခိုင်း၏။ ယင်းကို ပါဠိဝေါဟာရဖြင့် တတြ

http://www.dhammadownload.com



တဏှာဘိနန္ဒိနီဟုဆို၏။ ထို့ကြောင့် တဏှာသဘောအရ သူ တောင်းစားသည့်ပင် မိမိဘဝနှင့်မိမိပိုင်ပစ္စည်းများကို မြတ်နိုး ခြင်းဖြစ်၏။ နှစ်သက်ခြင်းဖြစ်၏။ မိမိကိုယ်ကို ချစ်စရာကောင်း သူအဖြစ်မြင်ခြင်းဖြစ်၏။ မိမိနေရာဒေသကို နှုတ်ဘုံနှုတ်နန်း သဖွယ် ထင်မှတ်ခြင်းဖြစ်၏။ တဲ့ ..

တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးက သံသရာချဲ့ထွင်တတ်တဲ့ တရားဆိုတော့ ဒီတရားသုံးပါးကို မိမိသန္တာန်မှာ အဖြစ်မခံရင် တဖြေးဖြေးနဲ့သံသရာပြတ်သွားဖို့ရှိတာပေါ့။ ကဲ- တိဿရဟာန်း အကြောင်း ပြန်ဆက်မယ်။ တိဿရဟာန်းဟာ ဝဏ္ဏဒါသီအိမ် ကို နေ့စဉ်ဆွမ်းစားကြွရတာကို ဝမ်းသာနေတယ်။ ဝဏ္ဏဒါသီ ကိုလည်း နေ့စဉ်မြင်တွေ့ချင်နေတယ်။ တစ်ရက်တော့ ဝဏ္ဏ ဒါသီဟာ မကျန်းမာချင်ယောင်ဆောင်ပြီး အိပ်ခန်းထဲ အောင်း နေတယ်။

တိဿရဟာန်းဆွမ်းစားကြွလာတဲ့အခါ "နေမကောင်း လို့ မထေရ်ကို ဖူးချင်ပါတယ်။ အခန်းတွင်းကြွပြီး အဖူးခံ တော်မူပါ"ဆိုပြီး ပင့်ခိုင်းလိုက်တယ်။ တိဿရဟာန်းဟာ ဝဏ္ဏ ဒါသီကို ခင်မင်နေတဲ့အတွက်ကြောင့် သင့်၊ မသင့် မစဉ်းစား နိုင်တော့ဘဲ ဝဏ္ဏဒါသီရဲ့ အိပ်ခန်းထဲကို ကြွသွားတယ်။ အိပ် ခန်းထဲရောက်မှတော့ ဝဏ္ဏဒါသီရဲ့ ထောင်ချောက်ထဲ ဝင်မိပြီး လူထွက်ရတော့တာပေါ့။

ကြည့်စမ်း။ ရဟန္တာဖြစ်ချင်လွန်းလို့ အစာဝတ်ခံ ဆန္ဒ ပြုပြီးမှ ရဟန်းဖြစ်ခဲ့ရသူတစ်ယောက်ဟာ ခုတစ်ခါ ရသတဏှာ

http://www.dhammadownload.com



ကို အကြောင်းပြုပြီး လူထွက်လိုက်ရတာ ဘယ်လောက် သံဝေဂရစရာကောင်းသလဲ။ ဒီအကြောင်းကို ရဟန်းတော် များက ဘုရားရှင်ကို လျှောက်ထားတယ်။

သန်း ။ ။ ဘုရားရှင်က ဘယ်လိုအမိန့်ရှိသလဲဘုရား။

<u>လေလိုမြန်တဲ့သမင်</u>

နုပ် ။ ။ တိဿရဟန်းဟာ ရသတဏှာနောက်ကို လိုက်တာဟာ အခုဘဝတင်မဟုတ်ဘူး။ အရင်ဘဝတစ်ခုတုန်းကလည်း ရသ တဏှာနောက်ကို အခုလိုပဲ လိုက်ခဲ့ဖူးတယ်ဆိုပြီး အတိတ်ဘဝ ကို ဆောင်တော်မူတယ်။ ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူစဉ်က ဖြစ်တယ်။ ဒီအချိန်က လေကဲ့သို့ လျင်မြန်စွာပြေးလွှားနိုင်တဲ့ဝါတမိဂသမင်တစ်ကောင် ဟာ မင်းဥယျာဉ်ထဲမှာ အစာလာစားလေ့ရှိတယ်။

အစကတော့ ဥယျာဉ်စောင့်ကိုမြင်ရင် ထွက်ပြေး တယ်။ နောက်တော့ ဥယျာဉ်စောင့်က မချောက်မမောင်းဘဲ ကြည့်နေတော့ တစ်စတစ်စယဉ်ပါးလာတယ်။

တစ်ရက်တော့ ဥယျာဉ်စောင့်က သစ်သီးပန်းမန်များ ကို ဘုရင်သွားဆက်တဲ့အခါ ဘုရင်က ဥယျာဉ်ကြီးထဲမှာ ဘာ အထူးအဆန်း မြင်ရသလဲလို့မေးတော့ ဝါတမိဂသမင် တစ် ကောင်တော့ လာရောက် ကျက်စားကြောင်း ပြောသတဲ့။ ဒီတော့ မင်းကြီးက ဒီသမင်ကို ရအောင်ဖမ်းပြီး ဆက်နိုင် မလားလို့ မေးလိုက်တယ်။

ဥယျာဉ်စောင့်က ပျားရည်လိုသလောက်ရရင် ဆက်

http://www.dhammadownload.com



သနိုင်ပါကြောင်း တင်လျှောက်တော့ မင်းကြီးက ထုတ်ပေး ခိုင်းလိုက်တယ်။ ပျားရည်ရတော့ ဉယျာဉ်စောင့်ဟာ သမင် ကျက်စားတဲ့နေရာက မြက်တွေကို ပျားရည်လူးပြီး အကဲခတ် ကြည့်တယ်။ သမင်ဟာ မြက်ချိုချိုစားရတော့ တခြား မသွား တော့ဘဲ ဉယျာဉ်ထဲမှာသာ ပျော်မွေ့နေတော့တယ်။ တဖြည်း ဖြည်း ပျားရည်လူးတဲ့မြက်ကို စွဲလမ်းလာလိုက်တာ သမင်ဟာ ဉယျာဉ်စောင့်လက်ထဲက ပျားရည်လူးထားတဲ့ မြက်ကို ယူစား တဲ့အထိ ဖြစ်လာတယ်။

ဒီအဆင့်ရောက်တော့ ဉယျာဉ်စောင့်ဟာ ဉယျာဉ်က နေ နန်းတော်တိုင်အောင် ဖျာများကာရံစေပြီး ပျားလူးမြက်ကို ပြကာ ပြကာ ခေါ်လာလိုက်တာ နန်းတော်တွင်းထိ ရောက် သွားတယ်။ နန်းတော်တွင်း ရောက်လို့ အလိုရှိတဲ့နေရာကျမှ တံခါးကိုပိတ်လိုက်တယ်။ အဲဒီကျမှ သမင်ဟာ အစာငမ်းတာ ကိုဖြတ်ပြီး ပတ်ဝန်းကျင်ကို ကြည့်မိတယ်။ လူတွေ ဆင်ဝ ထောင်ချောက်ထဲရောက်နေပြီဆိုတာကိုလည်း သိသွားတ

သမင်ဟာ တုန်လှုပ်ခြောက်ခြားပြီး ကြောက်ကြော.. ရွံ့ရွံ့နဲ့ ဟိုပြေး ဒီပြေးနဲ့ ဖြစ်နေရှာတယ်။ သမင်ရဲ့အဖြစ်ကို မြင်လိုက်ရတဲ့ မင်းကြီးဟာ ရသတဏှာဆိုတာ အင်မတန် ဆိုးဝါးပါကလားလို့ သတိသံဝေဂရတော်မူပြီး ဂါထာ တစ် ဂါထာရွတ်ပြီး မင်းချင်းတွေကို တရားပြတယ်။ ဝါတမိဂသမင် ကိုလည်း တောကို ပြန်ပို့စေတယ်။ အဲဒီဂါထာရဲ့ အဓိပ္ပာယ်က

...

http://www.dhammadownload.com



## အယုတ်မာဆုံးတရား

*အို– အချင်းတို့၊ လောကမှာ ရသတဏှာလောက်*
*ယုတ်မာတဲ့ တရားဆိုတာ မရှိဘူး။*
*အရသာ၌ တပ်မက်တဲ့ ရသတဏှာဟာ*
*နေရာထိုင်ခင်းတို့ အပေါ်*
*တပ်မက်တဲ့ အာဝါသတဏှာ၊*
*အဆွေခင်ပွန်းအပေါ် တပ်မက်တဲ့*
*မိတ္တသန္ထဝတဏှာတို့လောက်မက ယုတ်မာတယ်။*
*ယခုကြည့်ကြစမ်း။*
*ဝါတမိဂသမင်ဆိုတာ လူရဲ့ အရိပ်အယောင်ကို*
*မြင်လျှင် အဲဒီမြင်တဲ့နေရာကို ခုနစ်ရက်မလာဘူး၊*
*ဒီနေရာမှာ တစ်ကြိမ် ထိတ်လန့်ဖူးလျှင်*
*တစ်သက်လုံးမလာတော့ဘူး။*
*ခုတော့ ဝါတမိဂသမင်ဟာ ရသတဏှာနဲ့ ဆွဲခေါ်လာခဲ့တော့*
*ဥယျာဉ်စောင့် ခေါ်ဆောင်ရာကို လိုက်ပါခဲ့ရရှာပြီ။*

တဲ့။ အခုဘဝ တိဿရဟန်းဟာ ဟိုဘဝက ဝါတမိဂသမင် ဖြစ်ခဲ့တာပေါ့။ အခုဘဝ ဝဏ္ဏဒါသီဟာ ဟိုဘဝက ဥယျာဉ်စောင့် ဖြစ်ခဲ့တာပေါ့။ အာဟာရဆိုတာ မစားလို့လည်းဖြစ်တာ မဟုတ်ဘူး။ စားတဲ့အခါ ရသတဏှာမီး မလောင်ဖို့ကလည်း အလွန်အရေးကြီးတယ်။ ဒါကြောင့် ဘုရားရှင်က ရဟန်းတော်များ ဆွမ်းစားခါနီးမှာ ဆင်ခြင်ခိုင်းတာပေါ့။

http://www.dhammadownload.com



*ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊*
*မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊*
*ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊*
*လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်*
*ရှည်အောင်တည်လျှက်၊ အသက်မျှတန်း၊*
*မမောပန်းငြား၊ ဘုရားသာသနာ၊*
*ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ*
*ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊*
*ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊*
*မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊*
*သုံးဆောင်မှီဝဲပါသတည်း။*

အဲဒီ အစာစားခါနီး ရဟန်းတော်များ ဆင်ခြင်ရတဲ့ ပေစ္စဝေက္ခဏာပါဠိကိုလက်ာစီထားတာပေါ့။ နိဒါနဝဂ္ဂသံယုတ်မှာ သူ့အသားကို မဖြစ်မနေစားရတဲ့အခါ ကိုယ်ချစ်တဲ့ သားငယ်ရဲ့ အသားကို စားရသလို ဆင်ခြင်ပြီး စားရမယ်လို့ ဟောထားတယ်။ အဲဒီမှာ ဥပမာပေးထားတာက လင်မယား နှစ်ယောက်ဟာ ခရီးကြမ်း ကန္တာရကိုဖြတ်ရင်း လမ်းမှာ သားငယ်ကို မီးဖွားတယ်။ လမ်းခရီးကြားမှာ အသက်နှစ်ချောင်း ရှင်ဖို့အတွက် သားငယ်ကိုသတ်ပြီး အသားကို အမဲခြောက် လုပ်စားပြီး ခရီးဆက်ကြတယ်။ ဒီဥပမာမှာ မိဘနှစ်ပါးဟာ သားငယ်ကို သတ်ဖို့ကြံစည်တဲ့အခါ၊ သားကို သတ်တဲ့အခါ၊ သားကလေး သေသွားတဲ့အခါ၊ သားရဲ့ကိုယ်က အသားကို လှီး

http://www.dhammadownload.com



ဖြတ်ထုတ်ယူတဲ့အခါ၊ သားရဲ့ ကိုယ်က အသားကို စားတဲ့အခါ သားငယ်ရဲ့ အသားကိုမျိုချတဲ့အခါ စိတ်ထဲမှာ မသက်မသာ ဖြစ်သလို သူတစ်ပါးအသားကို စားတဲ့ ပုဂ္ဂိုလ်များဟာလည်း ဒီလိုစိတ်ထားနိုင်ရင် အရသာအပေါ် တပ်မက်တဲ့ မီးဟာ မိမိကို မလောင်နိုင်တော့ဘူးလို့ဟောထားပါတယ်။ အကယ်၍ အစား အစာအပေါ်မှာ ပုတ္တမံသ ဥပမာနည်းနဲ့ မဆင်ခြင်နိုင်ရင် အာ ဟာရေ ပဋိကူလသညာနည်းနဲ့ ဆင်ခြင်ရမယ်တဲ့။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဆယ်နည်းပြထားပါတယ်။ အဲဒါတွေက ...

၁။ အစာရှာသွားရသောအားဖြင့် ဆင်ခြင်ပုံ
၂။ သိမ်းသောအားဖြင့် ဆင်ခြင်ပုံ
၃။ သုံးဆောင်သောအားဖြင့် ဆင်ခြင်ပုံ
၄။ အာသယအားဖြင့် ဆင်ခြင်ပုံ
၅။ တည်ရာအားဖြင့် ဆင်ခြင်ပုံ
၆။ မကျက်မကြေသောအားဖြင့် ဆင်ခြင်ပုံ
၇။ ကြေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ
၈။ ပြီးစေအပ်သောအကျိုးအားဖြင့် ဆင်ခြင်ပုံ
၉။ ယိုစီးထွက်သောအားဖြင့် ဆင်ခြင်ပုံ
၁၀။ အချင်းခပ်သိမ်းလိမ်းကျံသောအားဖြင့် ဆင်ခြင်ပုံတို့ပဲ။

သန်း ။ ။ နည်းနည်းတော့ချဲ့ပြောဦးမှပေါ့ ဆရာတော်။ ဒီလောက်နဲ့ စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံက မထင်ရှားသေးဘူး ဘုရား။

နုပ် ။ ။ အကျယ်ကတော့ ဝိသုဒ္ဓိမဂ်မြန်မာပြန်မှာ ကြည့်ပေါ့ကွာ။ ဒီမှာတော့ လိုရင်းချုပ်ပြရတာပေါ့။

http://www.dhammadownload.com



## စက်ဆုပ်ဖွယ်ရာ ရှာဖွေရပုံ

ငရဲကျသူအယောက်တစ်ရာမှာ ၉၉- ယောက်ဟာ ဝမ်းရေးရှာဖွေမှုကြောင့်ကျကြရတာ။ ရွံ့ထဲဗွက်ထဲမှာ ကျွဲနွားနဲ့ ပြိုင်ရုန်းရတယ်။ ကိုယ့်အလို မလိုက်ကောင်းလားလို့ ကျွဲနွား တွေကို ရိုက်နှက်ရတယ်။ အလုပ်က ပမ်း၊ ဝမ်းကဟာ၊ ထမင်း ပို့က မလာသေးလို့ ငေးမျှော်ရတာ စက်ဆုပ်စရာပဲ။ ထို့အတူ ရောင်းရ ဝယ်ရတာ၊ လခစားလုပ်ရတာ၊ အထက်အရာရှိ တွေ့သမျှ နေရာမှာကြောက်နေရတာ၊ ဒီလို နေရာမျိုးကျတော့ ဘဝနဲ့ ပတ်သက်တဲ့ ဝတ္ထုလေးတွေက ဟောတဲ့ တရားထက် တောင် သံဝေဂဉာဏ်ပိုရသေးတယ်။

မင်းတို့ သံဝေဂရအောင် ကိုချစ်ရဲ့ ဝတ္ထုတိုပေါင်းချုပ် ထဲက ဝမ်းစာရှာရပုံနဲ့ ပတ်သက်ပြီး သံဝေဂရစရာ ဝတ္ထုနှစ်ပုဒ် ကို ထုတ်ပြမယ်။ ပထမဆုံးဝတ္ထုတိုရဲ့ နာမည်က သူငယ်နာ တဲ့။

## သူငယ်နာ

ဘဘ

ကျုပ်ရွာကိုလွင်းသယ်။

ပြီးတော့ အဘနဲ့ ငယ်မကိုလည်း လွင်းသယ်။

သာပေမဲ့ တစ်ခါ တစ်ခါ စဉ်းစားလိုက်မိလို့ကတော့ ခင်ဗျား ကြီးကို ကျုပ်ဒေါသဖြစ်ရသယ်။ ကျုပ်ကို မျက်စိသူငယ်၊ မအူမလည် နဲ့ မြို့မှာ ထားပစ်ခဲ့သာကို တွေးမိရင် ခင်ဗျားကြီးကို ကျုပ် သိပ်စိတ်

http://www.dhammadownload.com



ဆိုးသယ်။ ကျုပ်တို့ဆိုင်ရှင်ရဲ့ သားသမီးတွေ၊ တချို့ကျုပ်နဲ့ ရွယ်တူပါပဲ။ ကျောင်းစိမ်းကလေးတွေနဲ့ ကျောင်းသွားကြတာမြင်ရရင် ကျုပ်သိပ်ဝမ်းနည်းသယ်။ ငိုတောင်ငိုချင်သယ်။ ရက်စက်လိုက်တာ အဘရာ။

ကျုပ်ရွာကျောင်းမှာ ဒုတိယတန်း ရောက်ခါပဲရှိသေး၊ ကျောင်းကနှုတ်ပြီး နွားကျောင်းခိုင်းလိုခိုင်း၊ မိုးခေါင်လို့ နွားစာတောင်မရတော့တာမို့ နွားတွေရောင်းလိုက်ရပြန်တော့ ကျောင်းပြန်နေရမလား အောင်မေ့မိသယ်။ ကျုပ်ကို မန္တလေးပို့လိုက်ပြန်သယ်။ ကျုပ်တို့မမွေးခင်ကတည်းက ရွာကထွက်သွားပြီး မြို့မှာကြီးပွားနေတဲ့ ခင်ဗျားသူငယ်ချင်း ကိုရာပေါ်ရဲ့ လက်ဖက်ရည်ဆိုင်ကို ပို့ပြီး အလုပ်လုပ်ခိုင်းခဲ့သယ်။

မှတ်မှတ်ရရ တစ်မြန်နှစ် နယုန်လပြည့်နေ့ကပေ့ါ။ အဲဒီနေ့က အဖြစ်အပျက်တွေကို ခုထိမှတ်မိနေတုန်းပဲ။ မန္တလေးကို ပထမဆုံး ရောက်ဖူးတဲ့နေ့ပေ့ါ။ အဝတ်ဟောင်းလေးနှစ်စုံ လွယ်အိတ်ထဲထည့်လွယ်ရင်း ဟိုးငေးဒီငေးနဲ့ အဘလက်ဆွဲပြီး လိုက်လာခဲ့သာ ဘယ်ကနေ ဘယ်ကိုရောက်နေမှန်းကို မပြောတတ်ပါဘူး။ နောက်ဆုံး ပန်းတော်ဝင် ကဖေးဆိုတဲ့ ဆိုင်ထဲကို ဝင်ခဲ့ကြသယ်။ အဘက ကျုပ်ကို ကိုရာပေါ်ဆီမှာ ပြောဆိုအပ်နှံပြီး ဘုန်းကြီးကျောင်း သွားအိပ်သယ်။

နောက်တစ်နေ့ ရွာပြန်ခါနီးမှာ နှုတ်ဆက်တော့ ကျုပ်တအားငိုချင်လာသယ်။ ကျုပ်ကို လိမ်လိမ်မာမာနေဖို့၊ ကိုရာပေါ်စကား နားထောင်ဖို့ ပြောဆိုဆုံးမပြီး ဆိုင်ထဲကထွက်သွားတော့ နောက်ကနေ ပြေးလိုက်ပြီး အဘကို ကျုပ်မှာလိုက်တာ သတိရသေးရဲ့လား။

''အဘ–အငယ်မကို ကျောင်းမနှုတ်နဲ့ တစ်သက်လုံး ထားပေးလိုက်'' ဆိုတာလေ ကျုပ်အဲ့ဒီမနက်ပဲ ကိုရာပေါ်ရဲ့သမီး အငယ်ဆုံး

http://www.dhammadownload.com



လေးကို ကျောင်းစိမ်းစကတ်လေးနဲ့ ကျောင်းသွားတာတွေ့လိုက်ရသယ်။ အငယ်မနဲ့ ရွယ်တူလောက်ပဲ အဘရာ။

တော်သေးတာပေါ့ဗျာ။ ကိုရာပေါ်ဆိုင်မှာက ကျုပ်နဲ့ရွယ်တူတွေ ငါးယောက်တောင်ရှိတယ်။ တစ်ယောက်က ကျုပ်ထက်တောင် ညှက်သေး။ အကြီးဆိုလို့ စားပွဲထိုးတဲ့ထဲကတစ်ယောက်။ မနက်ပိုင်း နံပြားဖိုကတစ်ယောက်၊ ပလာတာဖိုကတစ်ယောက်နဲ့ တီးဆရာတစ်ယောက်သာပဲရှိသယ်။

ဖျော်ခုံကိုင်တဲ့ တီးဆရာကတော့ တီးသလားမမေးနဲ့၊ ကျုပ်တို့ ချာတိတ်ခြောက်ယောက်စလုံး နားသယ်တွေကို ပူထူသွားတာပဲ။ တစ်နေ့ကို တစ်ယောက်ကတော့ အနည်းဆုံးအတီးခံရသာချည်းပဲ။ ကျုပ်ကလည်း ရောက်ကာစဆိုတော့ ပိုက်ဆံတောင်မှ လည်လည်ချယ်ချယ်တွက်တတ်သာမဟုတ်ဘူး။ လက်ဖက်ရည်ပန်းကန်ကိုလည်း တစ်ခါကိုင်ရင် နှစ်လုံးထက်ပိုမကိုင်တတ်သေးဖူးလေ။

မနက်ပိုင်းလူကျတဲ့ အချိန်ဆိုရင် ကျုပ်ချည်းပဲအငေါက်ခံရသာ။ နှစ်လသုံးလလောက်ကြာတော့မှ အသားကျပြီး ကျွမ်းကျင်လာသယ်။ ခုနှစ်လရှစ်လလောက်ကြာလို့ အလုပ်လည်း ကျွမ်းကျင်ရော ကျုပ်အဲသည်ဆိုင်က ထွက်ခဲ့ရသာပဲ။

အဘလူ ကိုရာပေါ်ကတော့ မဆိုးပါဘူး။ သူ့မိန်းမက ဆိုးသယ်။ အလုပ်သမားအတော်များများနဲ့ မတည့်ဘူး။ အဲသည်ဆိုင်က ထွက်ခဲ့ရပုံကို ကျုပ်ပြောပြဦးမယ်။ ကျုပ်ရောက်တဲ့လက ညမနက်ထမင်းကျွေးပြီး လကုန်တော့ သုံးရာပေးတယ်။ နောက်ကျွမ်းကျင်လာရင် တိုးပေးမယ်လို့လည်း ပြောတယ်။

http://www.dhammadownload.com



ဆိုင်က ညဆယ်နာရီမှာ သိမ်းတာဆိုပေမဲ့ အလုံးစုံသိမ်းပြီးတော့ ဆယ့်တစ်နာရီရောက်သွားတာပဲ။ မီးညှိမ်း၊ ပန်းကန်ဆေး၊ စားပွဲခုံတွေသိမ်း၊ ဆိုင်ထဲကစားပွဲတွေဆက်ပြီး အိပ်ဖို့ပြင်ရတာနဲ့ ဆိုတော့ ညတိုင်း ဆယ့်တစ်နာရီကျော်မှ အိပ်ရသာ။ မနက်ကျပြန်တော့ လေးနာရီထပြီး မီးမွှေး၊ ရေနွေးတည်၊ ခုံတွေပြန်ခင်းရပြန်ရော။ လေးနာရီကစလုပ်ပါမှ ခြောက်နာရီကို စရောင်းနိုင်မှာပေါ့။ မြို့ကတော့ ခြောက်နာရီထိုးပြီးတာနဲ့လူက တဖြေးဖြေးကျလာတော့သာပဲ။

အဲသလို နေ့စဉ်နဲ့အမျှ မိုးချုပ်မှအိပ်ယာဝင် မနက်အစောကြီးထနဲ့ အိပ်ချိန်က ဘယ်လောက်ရှိမှာလဲ၊ သည်တော့ ကျူပ်တို့မှာ နေ့လည်စာ စားပြီး လူရှင်းတဲ့ အချိန်ဆိုရင် ငိုက်တတ်လာတယ်။ လွတ်နေတဲ့ စားပွဲတစ်ခုခုမှာ သွားငိုက်လို့ တီးဆရာကမြင်ရင် လှမ်းဝေါက်သယ်၊ သာမှမဟုတ် ကောင်တာက ကိုရာပေါ်မိန်းမက ဝေါက်သာခံရမယ်။

ကောင်တာဆိုတာတော့ အဘသိရဲ့လား၊ ပိုက်ဆံသွားရှင်းရတဲ့ မှန်ဗီရိုလေးနောက်မှာ ထိုင်တဲ့လူကို ခေါ်တာဗျ။ ထားပါဗျာ သာက အရေးမပါပါဘူး၊ အဲသလို ခဏခဏအဝေါက်ခံရပါများလာတော့ ကျူပ်တို့မှာ အကျင့်တစ်ခုရလာသယ်။ လမ်းသွားရင်းလည်း ငိုက်တတ်လာတယ်။ လက်ဖက်ရည်ပန်းကန် သယ်ရင်း သိမ်းရင်းလည်း ငိုက်တတ်လာသယ်။

''ဖန်ဆိမ့်တူး'' ''ပဒေါင်းဝမ်း''ပါးစပ်ကတော့အော်သာပဲ။ လူကငိုက်ရက် တစ်နေ့တော့ ကျူပ်အဲသလို ငိုက်ရင်းစားပွဲသိမ်းပြီးအလာမှာ ထွေးခနဲ ခလုတ်တိုက်ပြီး လဲလိုက်သာ၊ လက်ထဲကအချိုစုံကွဲပါရော။ သည်တင် ကောင်တာမှာထိုင်နေတဲ့ ကိုရာပေါ်မိန်းမက ကျူပ်ကိုမအေနဲ့

http://www.dhammadownload.com



ကိုင်တုတ်သယ်၊ ကျုပ် ထောင်းခနဲဒေါသဖြစ်သွားတာပေါ့။

တောသားပေမယ့် ဘယ်သူ့မှမဆဲခဲ့ဘူး၊ ဘယ်သူ့အဆဲမှလည်း မခံဘူး၊ သည့်ထဲမှာမပြောမဆိုနဲ့ ဖျော်ခုံကတီးဆရာက ရောက်လာပြီး ကျုပ်ကိုနားသယ်အုပ်တော့ ဘယ်ရမလဲ ကျုပ်ကပန်းကန်ကွဲနဲ့ ခံလိုက်တာ သူ့လက်ကြီးပြဲသွားတာပေါ့။ ဒေါသဖြစ်ဖြစ်နဲ့ ကျုပ်ကို နောက်တစ်ချက်တီးမလို့ရွယ်တော့ ကျုပ်က ပြေးတဲ့ပြီး ပလာတာခုတ်တဲ့ဓါး ကောက်ကိုင်လိုက်တယ်၊ နှစ်ယောက်စလုံး ဝိုင်းဆွဲထားကြလို့ပေါ့၊ နို့မို့ရင် ပွဲကြီးပွဲကောင်းပဲ။

ဝိုင်းဆွဲထားတဲ့ကြားက သူကကျုပ်ကို လှမ်းဆဲတယ်။ ကျုပ်က လည်းဝိုင်းချုပ်ထားတဲ့ကြားက ရွာကကိုချစ်တီးမှုးတဲ့အခါ ကြိမ်းသလိုပြန် ကြိမ်းပစ်လိုက်တယ်။

''မြင်းခြံနယ်–ကုက္ကဲသားကွ။ တမင်တော့ မစမ်းနဲ့ မွေးညှင်း တစ်ပင်တောင် လေဟပ်မခံဘူး''

ပွဲလည်းငြိမ်သွားရော ကျုပ်ဒီမှာဆက်နေလို့ မဖြစ်တော့ဘူးဆို တာနားလည်လိုက်ပါသယ်။ ချက်ချင်းပဲ ကျုပ်အလာတုန်းက ပါလာတဲ့ လွယ်အိတ်ထဲ အဝတ်အစားတွေထိုးထည့်ပြီး ကိုရာပေါ်မိန်းမနဲ့ စာရင်း ရှင်းလိုက်သယ်။ လျော်စရာရှိတာ လျော်လိုက်ရတော့ ကျန်ငွေကတစ် ရာ့ငါးဆယ်ပဲ။ အရင်လတွေက စုဆောင်းထားတဲ့ လက်ကျန်နဲ့ ဆိုတော့ ခုနစ်ရာရှစ်ရာလောက်ရှိမယ်၊ ကျုပ်နဲ့ရွယ်တူကောင်လေးကို နှုတ်ဆက် ပြီး ကိုရာပေါ်ပြန်မရောက်ခင် ဆိုင်ကထွက်လာခဲ့သယ်။

မန္တလေးကို ရောက်တာရှစ်လ၊ ကိုးလကြာပြီးဆိုတော့ ကျုပ် လူရည်လည်နေခဲ့ပြီ။ ကျုပ်အလုပ်ရှာရမယ်။ ရွာပြန်လို့မဖြစ်သေးဘူး။

http://www.dhammadownload.com



ကျုပ်ကျွမ်းကျင်ပြီးသား အလုပ်ပဲဆက်ရှာသယ်။ မခက်ပါဘူး။ မန္တလေးဆိုတဲ့မြို့ကလူတွေက လက်ဖက်ရည်အလွန်သောက်သာ အဘရဲ့။ သည်တော့ လက်ဖက်ရည်ဆိုင်တွေက အများကြီး၊ ကိုရာပေါ်ဆိုင်ထက်ကြီးတဲ့ဆိုင်တွေ အများကြီးရှိသယ်။

ကျုပ်ပထမဆုံး မင်းမင်းကျော် ဝင်ထိုင်ပြီး လက်ဖက်ရည်သောက်သယ်၊ ကျုပ်နဲ့ရွယ်တူကောင်လေးတွေမှ အများကြီး၊ လက်ဖက်ရည်ဖိုးရှင်းရင်းနဲ့ လူလိုမလိုမေးကြည့်သယ်။ မလိုဘူးဆိုတော့ နောက်တစ်ဆိုင်ပြောင်းလိုက်သယ်။ မန္တလေးမှာ နာမည်ကြီးတဲ့ မင်းသီဟ၊ ရွှေအိမ်စည်၊ မြခွါညို၊ မုတ်ဆိတ်၊ ကောင်းထက်၊ ယူနီဆန်း၊ ပန်းသခင်၊ ဆိုင်ကြီးတွေကို တစ်ဆိုင်ပြီးတစ်ဆိုင် အလုပ်ရှာသယ်။ အဲသည်ဆိုင်ကြီးတွေတိုင်းမှာ စားပွဲထိုးမှန်သမျှ ကျုပ်တို့အရွယ်တွေက အများဆုံးပဲ။ ကျုပ်ထက် ငယ်သာတွေလည်း ရှိသယ်။

အဲသည်ဆိုင်ကြီးတွေရောက်ရင် ကျုပ်တို့ရွာက အလှူထက်တောင်မှ စည်တာတွေ့ရမယ်။ အလကားကျွေးနေသလားအောက်မေ့ရသယ်။ ဆိုင်တစ်ဆိုင်က ဆိုရင် တီးဆရာရဲ့ ဖျော်ခုံရှေ့မှာကြိမ်လုံးကြီးတစ်လုံး ချထားသယ်။ စားပွဲထိုးတဲ့ကောင်လေးတွေက ကိုယ်မှာတဲ့ခွက်ကို မှန်အောင်ယူရသယ်။ မှားယူရင် တီးဆရာက အဲဒီကြိမ်နဲ့ ဒေါက်ခနဲခေါက်လိုက်တာပဲ။ သလိုမျိုးဆိုင်ကတော့ လခဘယ်လောက်ကောင်းကောင်းစိတ်မကူးဘူး။

တစ်ဆိုင်မှ အလုပ်က အဆင်မပြေခဲ့ဘူး။ သူ့လူနဲ့သူ အပြည့်ပဲ။ ညနေပိုင်း နေဝင်ချိန်လောက်ကျမှ မစိုးရိမ်ကျောင်းတိုက် အကွေ့အေလမ်းပေါ်က ပိတောက်ဖူးဆိုတဲ့ဆိုင်မှာ အဆင်ပြေသွားသယ်။ တစ်

http://www.dhammadownload.com



နေကုန်အောင် မရှာရပါဘူး။ စောစောက ကျုပ်ပြောတဲ့ ဆိုင်ကြီးတွေလောက်တော့ မကြီးဘူးပေါ့ဗျာ။ ဒါပေမဲ့ ကိုရာပေါ်ဆိုင်ထက်တော့ ကြီးသာပေါ့။

ပြီးတော့ ဆိုင်နောက်မှာ ထပ်ခိုးလေးနဲ့ အိမ်တစ်လုံးရှိသယ်။ အဲဒီထပ်ခိုးအောက်မှာက ဂျုံအိတ်တွေ၊ ဆီပီပါတွေထားပြီး ထပ်ခိုးပေါ်မှာတော့ ကျုပ်တို့ တန်းစီအိပ်ရသယ်။ အိပ်ရာအတွက် ညတိုင်းစားပွဲတွေဆက်စရာမလိုဘူးပေါ့။ အိမ်ရဲ့ အနောက်အဖီထဲမှာ အလုပ်သမားတွေအတွက် မီးဖိုချောင်ရယ်၊ မီးသွေးအိတ်တွေရယ် ရှိသယ်။

အလုပ်သမားတွေကို ချက်ပြုတ်ကျွေးဖို့ ဒေါ်လုံးဆိုတဲ့ အဒေါ်ကြီးတစ်ယောက်ရှိသယ်။ ဆိုင်ရှင်တွေက ဆိုင်ရဲ့ အရှေ့ဘက်က နှစ်ထပ်တိုက်လှလှလေးတစ်လုံးမှာနေသယ်။ ဆိုင်ရှင်ဦးလှအောင် ကိုယ်တိုင် ကောင်တာထိုင်သယ်။ ကျုပ်သဘောကျဆုံးကတော့ ဆိုင်က ညခုနစ်နာရီထိုးရင် ပိတ်တော့တာပဲ။

လခကတော့ ကိုရာပေါ်နဲ့ မကွာပါဘူး။ မနက်ကြိုက်တဲ့မုန့်တစ်ခုခုနဲ့ လက်ဖက်ရည်တစ်ခွက်သောက်ရသယ်။ မနက်စာ ညစာကျွေးသယ်။ တစ်နပ်ပဲ အသားကျွေးသယ်။ တစ်နပ်က အသီးအရွက်ပဲ။ သာပေမယ့် ကောင်းပါသယ်။ မဆိုးပါဘူး။ နေ့လယ်နှစ်နာရီမှာ တစ်ကြိမ်၊ လက်ဖက်ရည်တစ်ခွက်သောက်နိုင်သယ်။

သာပေမဲ့ လူက ကိုရာပေါ်ဆိုင်ထက် စည်တော့ တစ်နေကုန်နားရသယ်တော့ မရှိလှဘူး။ တစ်နေ့တစ်နေ့ ခေါက်တုံ့ခေါက်ပြန်လျှောက်ရတဲ့ ခရီးကို ဆန့်လိုက်ရင် ငါးတိုင်လောက်ရှိမလား မပြောတတ်ဘူး။ အဲသည်ဆိုင်ရောက်မှ လှဆောင်ရယ်၊ မိုးဝင်းကျော်ရယ်၊

http://www.dhammadownload.com



ကျူပ်ရယ် ရင်းနှီးခဲ့ကြသယ်။ လှဆောင်ဆိုတာက ကျူပ်လိုပဲ စားပွဲထိုး။ သည်ကောင်ကရေစကြိုနယ်၊ ကျောက်ဖူးရွာသား၊ ကျူပ်နဲ့ရွယ်တူပဲ။

ကျူပ်နဲ့သူ ရင်းနှီးရတဲ့အကြောင်းကတော့ သည်ကောင်က ကျူပ်နဲ့စိတ်ဓာတ်ချင်းတူတယ်။ သူနဲ့ကျူပ်က ပိုက်ဆံလေး စုမိရင် ကျောင်းပြန်တက်ပြီး တစ်ဖက်က အလုပ်လုပ်မယ်ပေါ့။ အဲသည်လို တိုင်ပင်ထားကြတာ ဖြစ်နိုင်လား၊ မဖြစ်နိုင်လား ကျူပ်တို့မသိဘူး။ နားမလည်ဘူး။ ကျန်တဲ့စားပွဲထိုးကောင်လေးတွေတော့ ရှိတာပေါ့။ သာပေမယ့် သည်ကောင်တွေက ပိုက်ဆံရှာဖို့သက်သက်သာ အာရုံစိုက်နေကြတဲ့ကောင်တွေပဲ။

ပိုက်ဆံရှာမယ်၊ စုမယ်၊ အရင်းအနှီးရရင် မှော်ထဲလိုက်မယ်၊ သာပဲစိတ်ကူးနေတဲ့ကောင်တွေ၊ ဆိုင်ကို ကျောက်သမားတွေလာရင် သည်ကောင်တွေဝင်ရောတော့သာပဲ။ ဩော် မိုးဝင်းကျော်အကြောင်း ပြောရဦးမယ်။ သူက ဆိုင်ရှင်ဦးလှအောင်သားဗျ။ ခြောက်တန်းတောင်ရောက်နေပြီ။ ကျူပ်တို့နဲ့ ရွယ်တူရယ်။ မန္တလေးမှာ နာမည်ကြီးတဲ့ ၂မှတ် ၁၆ ကျောင်းမှာတက်သာ။

ကျူပ်နဲ့ လှဆောင်က မိုးဝင်းကျော်ဆီက လေးတန်းစာအုပ်တို့၊ ငါးတန်းစာအုပ်တို့ကို တောင်းပြီးဖတ်ကြသယ်။ မဖတ်တတ်သာ မိုးဝင်းကျော်ကို ပြန်မေးရတာပေါ့။ ညတိုင်းမှာဆို ကျန်တဲ့ကောင်တွေက တိုက်အောက်ထပ် တီဗွီသွားကြည့်နေတဲ့အချိန်မှာ ကျူပ်နဲ့လှဆောင်က စာအုပ်ကိုယ်စီနဲ့ အလုပ်ရှုပ်နေကြပြီ။ ခက်သာက မိုးဝင်းကျော်ကျပြန်တော့လည်း ကျောင်းမနေချင်ဘူးတဲ့ဗျ အဘရ။ မထူးဆန်းဘူး

http://www.dhammadownload.com



လား။ ညစဉ်ခုနစ်နာရီကနေ ရှစ်နာရီခွဲထိ ဘယ်မှ မထွက်ရဘဲ အခန်းထဲမှာ စာကျက်ရတာကို မုန်းသတဲ့ဗျ။

မနက်ဆို ခြောက်နာရီထ၊ ဆရာမတစ်ယောက်က အိမ်လာသင်ပေးသယ်။ ညနေပိုင်းကို လေးနာရီကနေ ငါးနာရီခွဲထိ အတန်းပိုင်ဆရာမဆီသွားသင်ရသယ်။ သူက လွတ်လွတ်လပ်လပ်နေချင်သာ။ မနေရလို့စိတ်ပျက်နေတဲ့ကောင်။ တစ်ခါတစ်လေ တစ်နေကုန် ကျောင်းလစ်ပြီး နန်းတွင်းမှာ ရေသွားကူးတယ်။ တိရစ္ဆာန်ရုံမှာ လျှောက်သွားတယ်။ တစ်ခါတစ်လေ တစ်နေကုန်ကျောင်းလစ်ပြီး ဗီဒီယိုဂိမ်း သွားပစ်သယ်။

သည်ကောင်သုံးတာ တစ်နေ့ကို တစ်ရာကျော်လောက်ရှိမယ်။ အဘာ ကျုပ် ခင်ဗျားကို စော်ကားသာမဟုတ်ဘူး။ သွားလေသူ အမေ့ကိုလည်း ကန်တော့ပါရဲ့။ သာပေမဲ့ ကျုပ် တစ်ခါတစ်ခါတော့ တွေးမိသယ်။ ငါ့အမေသာဆိုရင် ဦးလှအောင်နဲ့ ရခဲ့ရင်ကောင်းမှာပဲ လို့။ သာဆိုရင် ခုချိန် ကျုပ်ခြောက်တန်းကျောင်းသား ဖြစ်နေပြီဗျ။ ဖြစ်နိုင်ရင် ကျုပ် မိုးဝင်းကျော်နဲ့ နေရာချင်းလဲလိုက်ချင်သာ။ သာကြောင့် ကျုပ် အဘာကို ပြောသာပေါ့။

ငယ်မကိုတော့ ကျုပ်လို ကျောင်းနုတ်ပြီး မခိုင်းနဲ့။ အဘာမထားနိုင်ရင် ကျုပ်ဖြစ်အောင်ထားမယ်။ ပြီးခဲ့တဲ့လက ပို့လိုက်တဲ့ ငွေထောင့်ငါးရာလည်း ရသယ်မှတ်လား။

ပိတောက်ဖူးမှာ လုပ်သာ နည်းနည်းကြာလာတော့ ဆိုင်ကို လာနေကျဖောက်သည်တွေနဲ့ပါ ရင်းနှီးလာသယ်။ အဲသည်ထဲမှာ ကျုပ်နဲ့ လှဆောင် စိတ်အဝင်စားဆုံးကတော့ ရှေ့နေ ဦးအောင်ထွန်းနဲ့

http://www.dhammadownload.com



ကျောင်းဆရာဦးကျော်နိုင်တို့ပဲ။ သူတို့က မနက်တိုင်း နှစ်ယောက်အတူ လာသောက်လေ့ရှိတယ်။ တစ်ခါတစ်လေ စာအုပ်ကိုယ်စီနဲ့ တစ်ခါ တစ်ရံကျတော့လည်း စကားတွေ ဖောင်အောင်ပြောပြီးပြန်ကြသာပဲ။

စနေ တနင်္ဂနွေဆိုရင်တော့ နေ့လည်တစ်ခေါက် ထပ်လာ သောက်တတ်ကြသယ်။ သူတို့ပြောတဲ့စကားတွေက နားလည်သာ လည်းရှိသယ်။ နားမလည်သာလည်းရှိတာပဲ။ နားလည်တဲ့အခါဆိုရင် စိတ်ဝင်စားဖို့ သိပ်ကောင်းသယ်။ ပြီးတော့ အင်္ဂလိပ်လိုတွေကလည်း ညှပ်ပြီးပြောတော့ သူတို့ကို သိပ်အားကျသာပဲ။ အဲသည်လို ပြောတတ် ချင်လိုက်သာ အဘရာ။ ကျုပ်နဲ့ လုဆောင်ကလည်း လူနည်းနည်း ပါးလို့ကတော့ သူတို့နှစ်ယောက်ကို သိချင်သာ အကုန်မေးသာပဲ။ သူတို့ကလည်း စိတ်ရှည်လက်ရှည်ရှင်းပြသယ်။

တစ်ခါတစ်လေကျတော့လည်း သူတို့က စပ်စုသယ်။ ကျုပ်နဲ့ လုဆောင်ကို မေးခွန်းတွေ လျှောက်မေးသယ်။ အသက်ဘယ်လောက် ရှိပလဲ။ ဘယ်နှတန်းထိနေခဲ့သလဲ။ မြန်မာစာချောအောင်ဖတ်တတ်ရဲ့ လား။ ဘယ်နယ်က လာသလဲ၊ ဘယ်လိုလုပ်ပြီး ဒီဆိုင်ရောက်လာ သလဲနဲ့၊ မေးခွန်းတွေစုံနေအောင် မေးတတ်သယ်။ ကျုပ်ကလည်း စိတ်ရှည်လက်ရှည်ဖြေလိုက်ပါသယ်။ အသက်က ဆယ့်နှစ်နှစ်ပြည့်ခဲ့ ပြီ။

ဒုတိယတန်းနဲ့ ကျောင်းထွက်ပြီး နွားကျောင်းခဲ့ရသယ်။ မြန်မာစာ ဖတ်တတ်သယ်။ ချောအောင် ဖတ်နိုင်ဖို့ ဆက်ပြီး လေ့ကျင့်နေသယ်။ မြင်းခြံခရိုင်၊ ကုက္ကိုရွာကလာသယ်၊ နာမည်ကဖိုးထီ။ အဲ မောင်ထီပေါ့။

"ကျုပ်တို့နယ်က မိုးခေါင်သယ်ဗျ။ စိုက်လို့ ပျိုးလို့ မရတဲ့အပြင်

http://www.dhammadownload.com



နွားစာပါ ရှားသွားတော့ ရှိတဲ့ နွားလေးရောင်းပစ်လိုက်ရသယ်။ သည်တော့ ကျုပ်လည်း နွားကျောင်းတဲ့ အလုပ်ပါပြုတ်သွားတာပေါ့။ နောက်တော့ အဘက ကျုပ်ကို သည်မြို့ခေါ်လာပြီး ပထမ မဟာမြိုင်ထဲက ပန်းတော်ဝင်မှာ အလုပ်လုပ်ဖို့ အပ်ထားခဲ့သာ။ ကျုပ်က ဆိုင်နဲ့ ရန်ဖြစ်ပြီးထွက်လာခဲ့သယ်။ အလုပ်လိုက်ရှာရင်း နောက်ဆုံးသည် ပိတောက်ဖူးကို ရောက်လာခဲ့သာပဲ။

ကျောင်းဆရာဦးကျော်နိုင်က တစ်ခုမေးသယ်။

"ဒါဖြင့် ဖိုးထိ မန္တလေးကို လာပြီး အလုပ်လုပ်နေရတယ်။ ကျောင်းမတက်ရဘူး။ ပညာသင်ချင်စိတ်ရှိပေမယ့် သင်ခွင့်မရဘူး။ အဲဒါ ဘာကြောင့် မင်း ဒီလိုဖြစ်သွားတာလဲဆိုတာ တွေးမိလား"

ကျုပ် မဆိုင်းမတွ ဖြေလိုက်တယ်။

"အဘကြောင့်ပေါ့ ဆရာရဲ့။ အဘ ကျုပ်ကို သည်ခေါ်လာလို့ ပညာမသင်ရဘဲ သည်အလုပ်လုပ်နေရသာပေါ့"

ကျောင်းဆရာက ကျုပ်ကို စိတ်မကောင်းတဲ့မျက်နှာနဲ့ ကြည့်နေသယ်။ ရှေ့နေဦးအောင်ထွင်းကတော့ ခေါင်းကို ဖြေးဖြေးယမ်းသယ်။ တခြားပွဲမှာ လူကျလာသာနဲ့ ကျုပ်လည်း သူတို့စားပွဲက ခွာခဲ့သယ်။ ရှေ့နေဦးအောင်ထွင်းရဲ့ စကားသံ မသဲမကွဲတော့ ကြားလိုက်သယ်။ ဘယ်သူ့ကို ပြောမှန်းတော့ မသိဘူး"

"ဒါ ရာဇဝတ်မှုပဲဗျ"

ကျုပ် ကံကိုကလည်း ဆိုးပါသယ် အဘရာ။ အရွယ်နဲ့တောင် မမျှပါဘူး။ တစ်နေ့က မိုးဝင်းကျော်ရယ်ပေါ့။ သူတိုက်ထဲထားတဲ့ ဆေးလိပ်ဗူးနှစ်တောင့် ခိုးလာပြီး ကျုပ်ခြင်ထောင်ထဲကို လုံးထွေးပြီး ဖွက်

http://www.dhammadownload.com



ထားသယ်။ ကျောင်းသွားတော့မှ သူ့ကျောပိုးအိတ်ထဲ ထည့်ယူသွားပြီး ရောင်းစားမယ်ပေါ့။ သူ့အိမ်က ပိုက်ဆံလည်း လစ်လို့ မရတော့ဘူး။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က နှစ်ရာတန် တစ်ရွက်လစ်တာ မိသွားလို့ သူ့အဖေဦးလှအောင်က အသေရိုက်သာ။ ဒီကောင်အတော် ခံလိုက်ရသယ်။ ပိုက်ဆံ လစ်မရတော့ ရတဲ့ဟာ လစ်သာပေါ့။

ခဏ်သာက သူ့အိမ်က အဲသည်ဆေးလိပ်နှစ်တောင့် ပျောက်တာကိုချက်ချင်းသိသွားသယ်။ ခု ချက်ချင်းပျောက်သွားသာဆိုတော့ အပြင်ကို မထွက်နိုင်သေးဘူးပေါ့။ သည်တော့ အိမ်ထဲမှာပဲရှိရမယ် ဆိုပြီး လိုက်ရှာကြတော့ နောက်ဆုံး ကျုပ်ခြင်ထောင်ထဲမှာ လုံးထွေးထည့်ထားသာ ရှာတွေ့တော့သာပေါ့။ ဆိုင်ရှင်ဦးလှအောင်က ဘာမှ ထွေထွေထူးထူး ပြောမနေပါဘူး။ တစ်ခွန်းပဲ ပြောသယ်။

"မင်း ငါ့ဆိုင်မှာ ဆက်လုပ်ဖို့ မလိုတော့ဘူး"

ကျုပ် ဘာမှ ရှင်းပြမနေတော့ပါဘူး။ ရှင်းပြနေရင်လည်း ဟိုကောင် အသေခံရမှာ။ မိုးဝင်းကျော်ကို ကျုပ်သံယောဇဉ်ရှိသယ်။ ကျုပ်ရစရာရှိတဲ့လုပ်ခရှင်းပြီး လွယ်အိတ်တစ်လုံးနဲ့ ထွက်လာခဲ့ပြန်သယ်။ လှဆောင်ကတော့ တဖျစ်တောက်တောက်နဲ့ မကျေမချမ်းပြောပြီး ဒေါသတွေဖြစ်နေသယ်။ နောက်ဆုံး မင်းမရှိရင် ငါလည်း မနေတော့ဘူးဆိုပြီး ကျုပ်နောက်ကို ထွက်လိုက်လာခဲ့သယ်။

အဘ

အခု ကျုပ်တို့နှစ်ယောက် လမ်းပေါ်ရောက်နေပြီ။

ရွာပြန်ခဲ့ရမလား။ မဖြစ်သေးပါဘူးဗျာ။ ရွာက ဘာမှ အလုပ်မဖြစ်ဘူး။

http://www.dhammadownload.com



ကဲ ...ဘယ်ဆက်သွားရမှာလဲ။ ဘာဆက်လုပ်ကြမှာလဲ။

ကိုချစ်

*(ရွှေအမြုတေ၊ မတ် ၁၉၉၆)*

နုပ် ။ ။ ဝမ်းစာရှာရင်း အသက်ပါစွန့်လိုက်ရတဲ့ မန်ကျည်းရွက်သည် မလေးတစ်ယောက်အကြောင်းကို နောက်အပတ်မှ ဆက် ရအောင်။

## အဘိဓမ္မာနှင့် သုတ္တန်နီးနောချက်

အဘိဓမ္မာဒေသနာတော် အရအားဖြင့် မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ အရသာသိဆဲမှာ သုခလည်း မရှိဘူး။ ဒုက္ခလည်း မရှိဘူး။ ဥပေက္ခာ ဝေဒနာသာရှိတယ်လို့ ဆိုထားပါတယ်။ ဒါပေမဲ့ သုတ္တန်ဒေသနာများမှာတော့ ဒွါရ ၆-ပါးလုံးမှာ သုခရော၊ ဒုက္ခရော ဝေဒနာသုံးမျိုးလုံး ဖြစ်ပုံကိုဟောထားပါတယ်။ မြင်ခိုက် ကြားခိုက် စသည်မှာပဲ အဲဒီဝေဒနာသုံးမျိုးစလုံးကို အမှန်အတိုင်းသိအောင်ရှုဖို့ ညွှန်ကြားထားပါတယ်။ အဲဒီ မြင်ခိုက်ကြားခိုက်စသည်မှာ သုခ ဒုက္ခ ဝေဒနာ သဘောထင်ရှားပုံကို ဝိသုဒ္ဓိမဂ်မဟာဋီကာ(ဒု-၁၃၇-၃၂၆)မှာ ဒီလို ရှင်းပြထားပါတယ်။

စက္ခုဝိညာဉ် စသည်မှာ ဥပေက္ခာသာ ယှဉ်သည်ဟု ဆိုပေမဲ့ အကုသိုလ်ဝိပါက်ကတော့ ဒုက္ခသဘောရှိတယ်။ အကုသိုလ်၏ အကျိုးဆိုရင် ကောင်းတဲ့သဘောမရှိဘူး။

http://www.dhammadownload.com



ကုသိုလ်အကျိုးကလည်း ဥပေက္ခာ ဆိုပေမဲ့ ကောင်းတဲ့သုခ ဝေဒနာသဘောရှိတယ်။ ကုသိုလ်၏အကျိုးဆိုရင် ကောင်းတဲ့ ချမ်းသာတဲ့ သဘောရှိတာချည်းပဲလို့ ရှင်းပြထားပါတယ်။ အဲဒီ ရှင်းပြချက်ဟာ အလွန်ပင် သင့်လျော်ပါတယ်။ လုပတင့်တယ် တဲ့အဆင်းကို မြင်ရတဲ့အခါ မြင်ဆဲမှာပင် ချမ်းသာတဲ့ ကောင်း တဲ့ သဘောထင်ရှားပါတယ်။

မြင်ရာမှာ ထက်ကြားရာမှာ ပိုပြီးထင်ရှားတယ်။ အသံ ကောင်းကို ကြားနာရတဲ့အခါ နားဝင်ချိုပြီး ခံသာတယ်။ အဆိုး ကြားရတဲ့အခါ နားထဲမှာ အလွန်ပင် အခံရခက်ပါတယ်။ အနံ့နံ့ရာမှာ အဲဒါထက် ပိုပြီး ထင်ရှားတယ်။ မွှေးတဲ့အနံ့ကို နမ်းရှူမိတဲ့အခါ နှာခေါင်းထဲမှာကို ချမ်းသာသွားတယ်။ အပုပ်နံ့ များ နံ့တဲ့အခါ မခံသာဘူး။ ခေါင်းကိုက်ခြင်း စသည်ကိုလည်း ဖြစ်စေတတ်တယ်။ အဲဒါထက် စားသိတဲ့အခါ ပိုပြီးထင်ရှား တယ်။ အရသာကောင်း စားမိတဲ့အခါ လျှာပေါ်မှာ ကောင်း ကောင်းသွားတယ်။ ဆေးခါးကြီးစတဲ့ အရသာဆိုးကို စားမိတဲ့ အခါ အလွန်ပင် အခံရခက်ပါတယ်။ အဆိပ်ကို စားမိရင်တော့ သေသည်အထိ ဆင်းရဲဒုက္ခရောက်တတ်ပါတယ်။

ဒါကြောင့် စက္ခုဝိညာဏ်စသည်မှာ ဥပေက္ခာနှင့်သာ ယှဉ်တယ်လို့ ဆိုပေမယ့် အနိဋ္ဌာရုံကို ခံစားတဲ့ အကုသလ ဝိပါက်ဥပေက္ခာက အခံခက်တဲ့ ဒုက္ခသဘော ရှိတယ်။ ဣဋ္ဌာရုံ ကို ခံစားတဲ့ ကုသလဝိပါက်ဥပေက္ခာက ချမ်းသာတဲ့ သုခ သဘောရှိတယ်။ ဒါကြောင့် သုတ္တန်ဒေသနာတော်များမှာ

http://www.dhammadownload.com



ဖြစ်ဆဲ စသည့်၌လည်း ဝေဒနာသုံးမျိုးစလုံးကို ပြတော်မူတယ်လို့ မှတ်ယူရပါတယ်။ နောက်တစ်နည်းကတော့ မြင်ဝီထိ စသည်မှာ ဇော ကျတော့ ဝေဒနာသုံးမျိုးလုံးပင် ဖြစ်နိုင်သောကြောင့် သုတ္တန်ဒေသနာတော်မှာ မြင်ဆဲ စသည့်၌လည်း ဝေဒနာသုံးမျိုးလုံးကို ပြတော်မူတယ်လို့ မှတ်ယူရပါတယ်။

*(မဟာစည်ဆရာတော်၏*
*အနတ္တလက္ခဏသုတ်တရားတော်မှ)*

http://www.dhammadownload.com



## မပေါင်းသင့်သူနှင့် ပေါင်းသင့်သူ

မဟာသမုဒ္ဒရာ၏တစ်ဘက်ကမ်းသို့ ကူးမြောက်လိုသူသည် သေးငယ်သော သစ်သားဖောင်ဖြင့် ကူးသည်ရှိသော် မည်သို့ ဖြစ်နိုင်လေမည်နည်း။ ထိုသူသည် မဟာသမုဒ္ဒရာ၏ လှိုင်းလုံးကြီးများကြားဝယ် နစ်မြုပ် သေဆုံးရမည်သာတည်း။ ဤလောက၌ လုံ့လမရှိသူ၊ ပျင်းရိသောသူကို အမှီသဟဲ အပေါင်းအသင်း မပြုရာ၊ သံသရာ၌ နစ်မြုပ်ဆုံးရှုံးရလိမ့်မည်။ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ဖြင့် လုံ့လဝီရိယ ထက်သန်သူ ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရာ၏။

အရှင်သောမမိတ္တ

*(ဒုကနိပါတ်၊ ဒုတိယဝဂ်)*

## ခေါင်းကွဲသော အိပ်ခြင်း

ကာဠီမည်သော သုသာန်စောင့်မိန်းမကြီးသည် ကိုယ်လုံးကိုယ်ထည်ကြီးမား သန်စွမ်းလှ၏။ မည်းနက်ပြောင်တင်းသော အသားအရေလည်းရှိ၏။ ထိုသုသာန်စောင့် မိန်းမကြီးသည် လူသေကောင်၏ ပေါင်နှစ်ဘက်ကိုလည်းကောင်း၊ လက်မောင်းနှစ်ဘက်ကိုလည်းကောင်း ဖြတ်တောက်လေ၏။

http://www.dhammadownload.com



လူသေကောင်၏ ဦးခေါင်းကိုလည်း ရိုက်ခွဲလေ၏။ (မီးရှို့သော အခါ မြန်မြန်မီးလောင်ရန် ထိုသို့ပြုလုပ်ခြင်းဖြစ်သည်) လူသေကောင်၏ဦးခေါင်းသည် နို့ဓမ်းအိုးကွဲလေသကဲ့သို့ ဖရိုဖရဲ ယိုစီးသွားလေ၏။ သုသာန်စောင့်မိန်းမကြီးသည် သူဖြတ်တောက်ရိုက်ခွဲသော လူသေကောင် အစိတ်အပိုင်းများကို တစ်ဖန်ပြန်လည်၍ ဆက်စပ်လေ၏။ မူလအနေအထားအတိုင်း တည်ရှိစေပြီးသော် သူသည် အသားရေး ဖြန့်ခင်းသကဲ့သို့ ခင်းကျင်းကာ ငူငူကြီး ထိုင်နေလေ၏။ ဤသည်ကား ဥပမာတည်း။

အကြင်ပုဂ္ဂိုလ်သည် ကမ္ဘဋ္ဌာန်းကောင်ကြီးကို မြင်ရသော်လည်း ကမ္ဘဋ္ဌာန်းအာရုံမထင်။ ကမ္ဘဋ္ဌာန်းရှုခြင်း၌ မလိမ္မာသဖြင့် မသင့်မတင့်သော အာရုံကိုသာ နှလုံးသွင်းမိ၏။ ထို့ကြောင့် ကိလေသာသည်သာလျှင် ဖြစ်ပေါ်ပွါးစည်း၏။ ပညာနည်းသော ထိုသူသည် ဆင်းရဲခြင်းသို့ အဖန်ဖန် ဆိုက်ရောက်ရ၏။ ကိလေသာသည်ကား ဆင်းရဲကြောင်းပေတည်းဟု သိသောပညာရှိသည် လူသေကောင်ကဲ့သို့ ဦးခေါင်းကွဲသူဖြစ်၍ တစ်ဖန် ငါ မအိပ်တော့အံ့ဟု အသင့်အတင့်နှလုံးသွင်းလျက် ကိလေသာကို နှိမ်နင်းဖျက်ဆီးပစ်ရာ၏။

အရှင်မဟာကာလ

*(ဒုတိယနိပါတ်၊ ဒုတိယဝဂ်)*

ညဉ့်အချိန်ကာလသည် တိတ်ဆိတ် ငြိမ်သက်လှပေ၏။ လူသံ၊ ငှက်သံတို့မှ ကင်းကုန်၏။ နက္ခတ်တာရာတို့ဖြင့်

http://www.dhammadownload.com



တင့်တယ် သာယာခြင်းလည်း ရှိပေ၏။ ထိုသို့သော ညဥ့်ကာလသည် တရားထူးကို မရသေးသမျှ အိပ်စက်ရန် မဟုတ်ပေ။ ထိုထို ညဥ့်တို့သည် တရားကို ရှုမြင်အားထုတ်ရန်သာ လျှင် ဖြစ်ကုန်သည်တကား။ ငါသည် ဆင်စီးလျက် စစ်မြေပြင်သို့ ဝင်သည်ရှိသော် ဆင်ကျောက်ကုန်းမှ စောက်ထိုးကျရာ၏။ ထိုအခါ ဆင်ပြောင်ကြီးသည် ငါ့အား နင်းခြေ၍ သတ်သဖြင့် စစ်မြေပြင်၌ သေရခြင်းသည် မြတ်ပေသေး၏။ ကိလေသာတို့မှ ရှုံးသည်ဖြစ်၍ ကိလေသာ၌နစ်မွန်းလျက် အသက်ရှင်နေရခြင်းကား ငါ့အတွက် မမြတ်သည်သာတည်း။

အရှင်သောဏပေါဠိကိရိယ

*(ဒုကနိပါတ်၊ စတုတ္ထဝဂ်)*

နုပ် ။ ။ ကိုချစ်ရဲ့ ဓမ္မသံဝေဂ၊ ဓမ္မရသကို ဖြစ်စေတဲ့ ဒုတိယဝတ္ထုက 'ကျွဲရိုင်း'တဲ့။ ကဲ သံဝေဂမျက်စေ့နဲ့ ဆက်ဖတ်ကြည့်ရအောင်။

၊ ၁ ၊

လင်းကြက်တွန်သံက အမှောင်ထုကို ထွင်းဖောက်၍ ထွက်လာသည်။ တစ်ဖက်သို့စောင်းလျက် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့် အမေ့အသက်ရှူသံကို မှန်မှန်ကြားနေရသည်။ ပိန်လှီပါးလျသော ခန္ဓာကိုယ်သည် အသက်ရှူလိုက်တိုင်း နိမ့်ချည် မြင့်ချည်ဖြစ်နေသည်။ ဒီနှစ်ပိုင်းမှာ အမေ့ရုပ်ရည်က ပိုကျလာသည်ဟု ထင်သည်။ ငွေရောင်ဆံပင်တို့ကလည်း ဦးခေါင်းခွံရေယာတစ်ဝက်ခန့် နေရာယူထားကြသည်။

http://www.dhammadownload.com



တကယ်ဆိုရင်တော့ အမေ အနားယူသင့်ပြီ။ သို့သော် အမေ မနားနိုင်သေးပေ။ ရှိသမျှ အားနှင့် နိုင်သမျှဝန်ကို ကြိုးစား၍ ထမ်းနေဆဲပင်ဖြစ်သည်။ အမေနားရမည့်နေ့သည် မည်သည့်နေ့မျိုးဖြစ်ကြောင်း ဘုတ်မ ကြိုတင်နားလည်ထားပြီး ဖြစ်သည်။ ခါးအောက်ထိ လျှောကျနေသော စောင်ပိုင်းကို ပခုံးအထိ ဆွဲတင်ပေးလိုက်သည်။ အလင်းရောင် မလာသေးတော့ ထမင်းထချက်ရန် စောသေးသည်။

ပြီးတော့ ဘုတ်မတို့ သားအမိနှစ်ယောက်ကတော့ ဘယ်အချိန်မှ ကျက်ကျက် အရေးမကြီး။ မောင်လေးကိုရင်သောဘိတ ဆွမ်းမီဖို့သာ လိုသည်။ ဘုတ်မသည် အမေ့ဘက်စောင်းအိပ်ရာမှ အသြောင်း တစ်ချက်ဆန့်လိုက်ပြီး ပက်လက်လှန်လိုက်သည်။ မတည်ငြိမ်သော ဘုတ်မ၏ အတွေးတိမ်ထုသည် အတားအဆီးမဲ့ ဟင်းလင်းပြင်ဆီသို့ ပျံ့လွင့်သွားပြန်သည်။

အဖေသည် ဘုတ်မ ခုနစ်နှစ်သမီးအရွယ်တွင် အရက် အလွန်အကျွံ သောက်ပြီး ဆုံးပါးသွားခဲ့သည်။ ဘုတ်မတို့ မောင်နှမနှစ်ယောက်သည် ရှာလည်ဈေးသည် ပညာမဲ့မုဆိုးမ၏ရင်ခွင်မှာ ကြီးပြင်းလာခဲ့ရပေသည်။ အမေသည် အရပ်တကာလည်၍ ကုန်စိမ်းရောင်းရင်းဖြင့် သမီးနှင့် သားကို ကျွေးမွေးလာခဲ့သည်။ ထို့ပြင် ဘုတ်မတို့ မောင်နှမကို အရပ်ထိပ်ရှိ ဘေးမဲ့ မူလတန်းကျောင်းတွင်လည်း ပညာသင်စေခဲ့သည်။

ရေဘူးနဲ့ ဖိနပ်မပါ နွေခါမှ သိတဲ့။ ဒီအသိလောက်တော့ ဘုတ်မ ကရယ်သည်။ ဘုတ်မဘဝမှာ လေးတန်းအောင်သည်အထိ ဖိနပ် တစ်ခါမျှ မစီးဘဲ ကျောင်းတက်ခဲ့ရသည်။ ဘုတ်မ အားမငယ်ခဲ့။ ဆင်းရဲ

http://www.dhammadownload.com



သားရပ်ကွက်မှာရှိသည့် ဆင်းရဲသားကျောင်း ....ရှိ ကျောင်းသား အများစုသည် မိမိကဲ့သို့ပင် ကျောင်းစိမ်းဘောင်းဘီ စကပ်တို့သည် အရောင်အဆင်း မရှိလှ။ ကျောင်းအင်္ကျီကလည်း အဖြူဟု မပြောနိုင်လောက်အောင် ညစ်ထေးပြီး၊ အားလုံးသည် ဘုတ်မထက် ဖိနပ်တစ်ရံ ပဲသာသည်ဟု ပြောနိုင်သည်။ ဒါတောင် တစ်ခါတစ်ရံ မိမိနှင့် အဆင့် တူသွားသည်။

မောင်လေးသံခဲမှာ အဖမဲ့သား ပီသစွာ ငယ်စဉ်ကတည်းက မလိမ္မာခဲ့။ ကျောင်းတက်ချိန်တွင် လေးခွတစ်လက်ဖြင့် အရပ်ထဲမှာ တွေ့နေရတတ်သည်။ တစ်ခါတစ်လေ ငါးမျှားတံတစ်ချောင်းနှင့် မြစ်ဆိပ်သို့ ရောက်နေတတ်သည်။ နောက်တော့ ဈေးဝယ်နေကျ အမေ့ဖောက်သည်များက ပိုင်း၍ ပိုင်း၍ ပြောကြတော့သည်။

"မစိန်ဥ၊ ညည်းလည်း ဒီကလေးကို ဆုံးခန်းထိ ပညာသင်ပေးနိုင်မှာ မဟုတ်ဘူး။ တစ်နေ့လုံး ဈေးရောင်းနေတော့ ဆုံးမမဲ့သူလည်း ရှိတာမဟုတ်ဘူး။ ဒီတော့ ဒီအရွယ်ကတည်းက ဘုန်းကြီးကျောင်း တစ်ကျောင်းမှာ ကိုရင်ဝတ်ပေးလိုက်။ ညည်းလည်း ဒုက္ခငြိမ်းရော။ ကလေးလည်း မပျက်စီးတော့ဘူး။

သို့နှင့် ဘုတ်မတို့ နေရာ နန်းအောင်မြေအရပ်၏ အနောက်ထိပ်ရှိ မန္တလေးမြို့၊ နာမည်ကြီး ကျောင်း တစ်ကျောင်းဖြစ်သော ရွှေအင်ပင်ကျောင်းတွင် မောင်ဖြစ်သူသံခဲသည် ကိုရင်သောဘိတဘာဝသို့ ကူးပြောင်းခဲ့ပေသည်။ ဘုတ်မမှတ်မိနေပါသည်။ ထိုနေ့က အမေမျက်ရည်ကျရှာသည်။ ဘုတ်မအတွက် တစ်ခုတော့ စိတ်သက်သာရာ ရလိုက်သည်။ ဘုန်းကြီးကျောင်းဖြစ်၍ ဘိနပ်စီးဖို့မလိုသောကြောင့်ပင်။ သို့သော်

http://www.dhammadownload.com



ညအိပ်ယာဝင်ချိန်၌ သားအမိသုံးယောက် အိပ်နေကျ ခုတင်ပေါ်တွင် မောင်လေးကို ပထမဆုံးအကြိမ် ခွဲအိပ်ရသည့်အတွက် ဘုတ်မလည်း မျက်ရည်ကျခဲ့ရပါသည်။

ဘုတ်မ ခြောက်တန်းရောက်သည့်နှစ်မှာပင် အမေသွေးဆုံးကိုင်၍ အိပ်ယာထဲ နှစ်လကြာအောင်လဲတော့သည်။ ထူထူထောင်ထောင် ဖြစ်လာပြန်တော့လည်း အရင်ကလို သန်သန်မြန်မြန်မရှိတော့။ ဘုတ်မ ကျောင်းထွက်လိုက်ရသည်။ ဆေးလိပ်ခုံတစ်ခုတွင် ဆေးလိပ်သင် လိုက်သေးသည်။ အမေ့ကျန်းမာရေးက မကောင်းတော့။ လက်ခ ရသည်အထိ မစောင့်နိုင်။ လတ်တလောဝင်ငွေသည်သာ အဓိကဖြစ်၍ အလုပ်ထွက်လိုက်ရသည်။

မနက်စောစော ကိုင်းတန်းဈေးမှ ပေးသမျှ အသီးအရွက်အစုံကို အမေက ယူပေးသည်။ ဘုတ်မက အရပ်ထဲလှည့်၍ ရောင်းရသည်။ အရင်းနုတ်လိုက်လျှင် ခြောက်ကျပ်၊ ခုနစ်ကျပ် ကျန်သည်။ အသက် ရှင်ရုံတော့ စားနိုင်သေးသည်။ နောက်တစ်နေ့အတွက် အရင်းမနုတ် နိုင်သည့်နေ့များနှင့် ကြုံလျှင် ဒုက္ခရောက်ရပြန်သည်။ အမေ့ကျန်းမာ ရေးကလည်း ပို၍ချည့်နဲ့လာသည်။ ကိုင်းတန်းဈေးကို မနက်စောစော ထသွားမည်ဆိုပြန်တော့လည်း အရွယ်ရလာသော ဘုတ်မကို အမေက စိတ်မချနိုင်ခဲ့။ သည်တော့ အရင်းမစိုက်ဘဲ ရှစ်ကျပ်တစ်ဆယ် ဝင် အောင် ရှာရတော့သည်။

မန်ကျည်းနုထွက်ချိန်၊ တမာနုထွက်ချိန်တွင် ဘုတ်မ ငွေရှင် လာသည်။ မပိုပေမယ့် မပူရတော့။ ဘုတ်မ သစ်ပင်ကောင်းကောင်း တက်တတ်သည်။ ဘယ်လောက်ကြီးတဲ့ မန်ကျည်းပင်၊ တမာပင်ဖြစ်

http://www.dhammadownload.com



ပါစေ။ လွယ်လွယ်ကူကူ တက်သွားနိုင်သည်။ ကျောင်းနေစဉ်က အေးဆောင်နှင့် ပြိုင်၍ပင် အုန်းပင်တက်ခဲ့ဖူးသည်။ ဘုတ်မက အနိုင်ရမြဲ မဟုတ်လော။ အေးဆောင်ကလည်း ရှုံးတိုင်း ပြောလေ့ရှိသော စကား တစ်ခွန်းဖြင့် ပြန်လည်ချေပတတ်သည်။

## သစ်ပင်တက်သောကျွဲ

"အံ့ဩစရာပဲ။ ကျွဲက သစ်ပင်တက်တတ်တယ်"

"မသာ"

ဘုတ်မ အတွေးနှင့်ပင် ပြုံးလိုက်မိသည်။ အရုဏ်ဦး၏ လျော့ရဲရဲအလင်းရောင်တန်းတို့က ဘုတ်မ၏ အတွေးတိမ်ထုကို ပါးလျ ပျောက်ကွယ်စေခဲ့သည်။ အိပ်ရာမှ ထ၍ ကမန်းကတမ်း မျက်နှာသစ် လိုက်သည်။ မီးလည်းမွှေးရော အမေလည်း နိုးတော့သည်။

"ဘုတ်မ ... အမေအိမ်သာသွားမလို့ ဖိနပ်ယူခဲ့ပါဦး"

"ဟုတ် လာပြီ"

အမေ့ခုံဘိနပ်မြီးတို မနေ့ကပဲ ပြတ်သွားသည်။ ဘုတ်မ စီးထားသည့်ရာဘာဖိနပ်ကလည်း ခြောက်တန်းရောက်သည့်နှစ် ဘုတ်မဆယ့် နှစ်နှစ်သမီးက ဖိနပ်၊ ခုဘုတ်မဆယ့်ငါးနှစ်ထဲရောက်လို့ ပြည့်လုနီး နေပြီ။ ရာဘာဖိနပ်ခုံသည် အပါးလွန်၍ ဖနောင့်နေရာမရှိတော့။ သုံးနှစ် ကာလအတွင်း သဲကြိုးပေါင်းများစွာနှင့်လည်း ညှားခဲ့ရပြီးပြီ။ လူ့ဘဝရဲ့ အခင်းအကျင်းမှာ ဘုတ်မကို အသေးသိမ်ဆုံးသော ဇာတ်ရုပ်အဖြစ် နေရာချထားပေးခဲ့သော ကံကြမ္မာကို ယိုးမယ်ဖွဲ့ရုံကလွဲ၍ ဘုတ်မ ဘာမှမတတ်နိုင်ချေ။

http://www.dhammadownload.com



။ ၂ ။

အရပ်ထဲရှိ လမ်းဘေးမန်ကျည်းပင်အားလုံး ဘုတ်မ မှတ်ပုံတင်ထားပြီးဖြစ်သည်။ အခြားမိန်းကလေးများက ပိတောက်ဖူးကလေးများကို စိတ်ဝင်တစားမော့ကြည့်နေချိန်တွင် ဘုတ်မသည် မန်ကျည်းရွက်နုကလေးများကိုသာ တမော့မော့ကြည့်နေရသည်။ မန်ကျည်းရွက်နုဝါဝါကလေးများကသာ ဘုတ်မ ရင်ကိုအေးမြစေနိုင်ခဲ့သည်သာ။ လမ်းဘေးမန်ကျည်းပင်တွင် အရွက်နုကလေးများ ပါးသွားပါက ရွက်နုနုလှိုင်လှိုင်ထွက်သည်ထိ ထိုင်စောင့်နေ၍ မဖြစ်။

သည်တော့ သူများခြံဝင်းအတွင်းရှိ မန်ကျည်းပင်များကိုပါ လိုက်ကြည့်ထားရသည်။ ခြံရှင်များကလည်း တက်ခူးနိုင်သည်မဟုတ်။ သည်လိုနှင့် ရင့်ရော်ပြီး ကြွေကျရမည့်အတူတူ ဘုတ်မတက်ခူးသည်မှာ တရားသည်ဟု ဘုတ်မယူဆသည်။ သဘောကောင်းသည့် ခြံခင်းရှင်များကတော့ ဘုတ်မတက်ခူးသည်ကို ဘာမျှမပြောကြချေ။

တချို့ကမူ မပြောပေမယ့် ဘုတ်မ မန်ကျည်းပင်တက်လျှင် ကြိုးတန်းပေါ်လှမ်းထားသည့် အဝတ်ကလေးများ ရုတ်သိမ်းသွားကြသည်။ မခံချင်စိတ်နှင့် အမေ့ကို ပြောပြတော့ အမေက ဖျောင်းဖျသည်။

''မရှိခိုးနိုး၊ မလှစုန်းရိုးဆိုတာပေါ့ကွယ်၊ သည်းခံလိုက်ပါ၊ ကိုယ်က သူ့ခြံထဲ သွားခူးတာကိုး''

တချို့ ခြံရှင်များကတော့ တက်သွားစဉ်က ဘာမျှမပြော။ ပြန်ဆင်းလာမှဘယ်သူ့ခွင့်တောင်းသလဲ။ ဘယ်သူ့ပြောတက်သလဲ စသည်ဖြင့် သဟောက်သဟဲလုပ်ပြီး တစ်နပ်စာ နှုတ်ယူလိုက်ကြသည်။ ဈေးကောင်းသည့်အချိန်ဆိုလျှင် တစ်ကျပ်ခွဲဖိုးခန့်သွားရော။ လမ်းအရှေ့

http://www.dhammadownload.com



ထိပ်ရှိ တိုက်တစ်တိုက်ဆိုလျှင် မန်ကျည်းပင်က ခြံအပြင်ဘက် ဝင်းထရံမှာကပ်ပြီး ပေါက်သည့်အပင်။ သူတို့နှင့် ဘာမျှမပတ်သက်သည့် အပင်။ သို့သော် ခြံဝင်းအတွင်း မန်ကျည်းမှိုက်ကျ၍ ဆိုကာ တက်ခွင့်မပြုခဲ့။

မရှိဘူးဆိုလျှင်တော့ သည့်အပင်ကို ချန်ထား၍ မဖြစ်တော့။ တက်ဖြစ်အောင် တက်ရတော့သည်။ တိုက်ရှင်တို့ မမြင်သာအောင် အပင်ကို ကွယ်၍တက်သည်။ လွယ်အိတ်တစ်လုံး အပြည့်ရသည်အထိ အသံမထွက်အောင် ဂရုစိုက်၍ ခူးရသည်။ ပြန်အဆင်းတွင် မြေပြင်မှ လူတစ်ရပ်အလိုရောက်ခါမှ မြင်သွားပြီး ခွေးနှင့် ရှူးတိုက်သောကြောင့် မဆင်းရဲတော့ဘဲ မန်ကျည်းပင်ဖက်၍ အော်ငိုခဲ့ရဖူးသည်။

မနက်ဖြန် ကဆုန်လပြည့် ကိုရင့်ဆွမ်းဟင်းလေးတော့ လောင်းဦးမယ်ဟုတွေးကာ နေ့ခင်းက လက်ကျန်မန်ကျည်းရွက်များ သင်နေသည်။ ဆွမ်းကတော့ ရက်ပျက်မရှိလောင်းနိုင်ခဲ့သည်။ ဆွမ်းဟင်းကတော့ မလောင်းနိုင်သည့်ရက်ကများသည်။ တစ်ခါတစ်ရံ ကိုရင့်သပိတ်ထဲမှပင်လျှင် ဒါလေးတော့ တပည့်တော်စွန့်ပါဦးဟု လျှောက်ကာ လှယ်ယူထားရသေးသည်။ လမ်းဘက်မှ အသံဝါဝါလေးနှင့် သီချင်းဆိုသံတစ်ခု ကြားလိုက်ရသည်။

''ကျွဲမ ....ကျွဲမ အသားညို''

ဒါ အေးဆောင်အသံ။ ဒီသီချင်းသံနှင့် ဘုတ်မကို စနေကျ။ ဘုတ်မက ငယ်ငယ်ကတည်းက အသားညို၍ တုတ်တုတ်ခိုင်ခိုင် ရှိသောကြောင့် အမေက လေပါတီ၏ကျွဲမသီချင်းနှင့် မြှူခဲ့သည်။ အိမ်နီးနားချင်းတချို့ကပင် ဘုတ်မ ဟုမခေါ်ဘဲ ကျွဲမဟု ခေါ်တတ်ကြသည်။ ဘုတ်မ မန်ကျည်းရွက်သင်ရာအနီးသို့ အေးဆောင် ရောက်လာသည်။

http://www.dhammadownload.com



နှစ်ခန်းပတ်လည်တဲရှေ့ရှိ ဝါးကွပ်ပျစ်တွင် ဝင်ထိုင်လိုက်သော ကြောင့် နှစ်ယောက်စလုံး ငြိမ်ခနဲဖြစ်သွားသည်။ အေးဆောင်ပခုံးတွင် လွယ်အိတ်တစ်လုံးပါသည်။ အလုပ်က ပြန်လာပုံရသည်။ အေးဆောင် က ရှမ်းပိုင်းရပ်ထဲရှိ ချိုချဉ်လုပ်ငန်းတစ်ခုတွင် အလုပ်လုပ်သည်။

"အေးဆောင် ... နင် နက်ဖြန် ရွှေကြက်ယက်သွားဦးမှာလား"

"မသွားနိုင်ပါဘူးဟာ၊ အလုပ်ဆိုင်က အရေးကြီးလို့တဲ့ မနက် ပိုင်း သွားဆင်းရဦးမှာ။ နင်ရော နက်ဖြန်နားမှာလား"

"အလုပ်ရှင်လည်း ငါပဲ၊ အလုပ်သမားလည်း ငါပဲ၊ နားလည်းရ တယ်၊ မနားလည်း ရတယ်။ ဒါပေမဲ့ အခြေအနေက နားခွင့်မပေးပါဘူး ဟယ်"

စိတ်ပျက်ညည်းညူစွာ ပြောရင်း သက်ပြင်းတစ်ချက်ပါ ချလိုက် သည်။

"ဒါကြောင့် ငါကတော့ ခဏ ခဏ ပြောနေရတာ။ နင်က နားမှ မဝင်ဘဲကိုး"

ဘုတ်မက ဆတ်ခနဲ မျက်စောင်းတစ်ချက်ထိုးပြီး လေသံမာမာ နှင့် မေးလိုက်သည်။

"ဒါက ဘာစကားလဲ၊ လာပြန်ပြီလား"

"ငါ ထပ်ပြောစရာ လိုသေးလား ဘုတ်မရာ"

"ငါမှ နင့်ကို သူငယ်ချင်းလိုပဲ ခင်တွဲဥစ္စာ၊ ချစ်လို့လည်း မရဘူး"

"နင့်ကို ငါ တကယ်ချစ်တာဟ ဘုတ်မရ"

"ဒီမယ် ... အေးဆောင် ငါ ဒါတွေ စိတ်မကူးဘူး။ စဉ်းစား လည်း မစဉ်းစားဘူး။ နင် ထပ်မပြောနဲ့။ ထပ်ပြောရင် အမေ့အော်

http://www.dhammadownload.com



တိုင်လိုက်မှာပဲ''

ဘုတ်မငြိုငြင်မှာကိုတော့ အေးဆောင်စိုးရိမ်သည်။ ပြီးတော့ ဒေါ်စိန်နုအာကိုလည်း ကြောက်သည်။ သည်အကြောင်းကို မရပ်ချင်ဘဲရပ်လိုက်ရသည်။

• ''ဩော် ... ဒီမှာ နှင့်ဖို့ဖိနပ်တစ်ရံယူလာခဲ့တယ်။ တို့အလုပ်ရှင်ရဲ့သမီးက မစီးတော့လို့ ငါတောင်းယူခဲ့တာ။ နှင်လည်း ဖိနပ်မရှိဘူးဆိုတာသိလို့''

ပြောပြောဆိုဆို လွယ်အိတ်ထဲမှာ သတင်းစာစက္ကူနှင့် ပတ်ထားသော ဖိနပ်တစ်ရံကို ဘုတ်မအားပေးလိုက်သည်။ သားရေခင်း၊ သားရေကြိုးနှင့် ဆင်စွယ်ရောင် ကျွဲရိုင်းဖိနပ်တစ်ရံ၊ ဘုတ်မ မန်ကျည်းရွက်ဖန်းကို ဘေးချလိုက်ပြီး ဖိနပ်ကိုစူးစိုက်၍ တအံ့တဩ ကြည့်နေမိသည်။

''အကောင်းကြီး ရှိသေးတာပဲ။ သူတို့က မစီးတော့ဘူးလား။ အရမ်းချမ်းသာတာပဲနော်''

''အသစ်ဆိုရင်တော့ လေးငါးဆယ်လောက်ရှိတာပေါ့ဟ။

ခုဟာက အသစ်မဟုတ်ပေမယ့် ဂွတ်စကင်းဟင်းပေါ့''

ဘုတ်မက မျက်စောင်းတစ်ချက်ထိုးရင်းက ကြီးကျယ်လိုက်တာဟု စိတ်ထဲတွင် ကောက်ချက်ချလိုက်သည်။ ဖိနပ်ကို လှျိုကြည့်လိုက်သောအခါတွင်လည်း အပိုအလိုမရှိ အားလုံး အဆင်ပြေသည်။

''ဖိနပ်ကလေးကတော့ လိုချင်တယ်ဟာ ... ငါယူလိုက်ရင် နင်က နင့်ကြိုက်လို့ ယူတယ်လို့ ထင်မှာလည်း စိုးတယ်။ ရိုးရိုးသားသား သူငယ်ချင်းလို ခင်လို့ပေးတဲ့သဘောမျိုးထားပြီး ပေးဟာနော်..

အေးဆောင်''

http://www.dhammadownload.com



ဘုတ်မအဖို့ ဖိနပ်ကိုလည်း လက်မလွှတ်ချင်၊ မာနကလည်း မလျှော့ချင်။ ဒါကို နားလည်သော အေးဆောင်က တစ်ဆင့်တက်ပြီး သွေးတိုးစမ်းကြည့်သည်။

"ယူရင်တော့ ကြိုက်လို့ပဲဆိုရင်ရော၊ နင် တကယ်မယူဘူးပေါ့"

အေးဆောင် အကန်းတက်လာသည်ကို ဘုတ်မနားလည်သည်။

"အေး . . . ဒါဆိုရင် ဘိနပ်ကိုယူထားပြီး လူကို မကြိုက်နိုင်ဘူး လို့ ပြောင်ပြောင်ပြောလွှတ်လိုက်ရုံပဲ"

အေးဆောင်မျက်နှာ တစ်ချက်ရှုံ့မဲ့လိုက်ရင်းက

"ကဲ ကဲ စိတ်လက်ချမ်းသာစွာ စီးတော်မူပါ။ ကျွဲပါးဝတယ် ဆိုတာ ဒါပဲ"

"မသာ"

ပြောဆိုပြီး အေးဆောင်ထွက်သွားသည်။ အေးဆောင် ကျောပြင် ကို ကြည့်ရင်း စိတ်ထဲမှာ သနားသလိုတော့ ဖြစ်မိသည်။ ဘုတ်မရင်ထဲ ပျော်နေမိသည်။ ဘုတ်မဘဝတွင် ပထမဆုံးစီးရမည့် ကျွဲရိုင်းဘိနပ် တစ်ရံ။ အေးဆောင်ကိုလည်း စိတ်ထဲမှ ကျေးဇူးတင်နေမိသည်။

။ ၃ ။

နောက်တစ်နေ့အိပ်ယာမှ နိုးသည်နှင့် မျက်လုံးအစုံက ခုတင် ခြေရင်းရှိ ဖိနပ်ဆီသို့ ရောက်သွားသည်။ ညအိပ်ယာဝင်ကတည်းက မိုးမြန်မြန်လင်းပါစေဟု ပဲ ဆုတောင်းနေမိသည်။ ညက အိပ်မက်ထဲတွင် ဘုတ်မ ဆင်စွယ်ရောင်ဖိနပ်လေးကို ကိုင်ရင်း မဟာမြတ်မုနိစောင်း တန်းထဲတွင် ရောက်နေသည်။ ဘုတ်မအနားတွင် အေးဆောင်သည်

http://www.dhammadownload.com



လည်း ကတ္တီပါဖိနပ်တစ်ရံကို ကိုင်လျှက်သားတွေ့ရသည်။

နှစ်ဦးသား ယှဉ်လျက် ဘုရားကန်တော့ကြသည်။ ဘုတ်မရင်ထဲတွင် ဖိုခနဲဖြစ်သွားသည်။ ချက်ချင်းထပြီး မျက်နှာသစ်ပစ်လိုက်ရသည်။ နံနက် ခြောက်နာရီထိုးချိန်တွင် ထမင်းလည်းကျက်ပြီ။ ကိုရင်အတွက် ဆွမ်းဟင်းမန်ကျည်းရွက်စပ် ချဉ်ချက်ကလည်း ကျက်ပြီ။ ကိုရင့်ကို အမေ စောင့်လောင်းပြီး သီလယူရန် ကျောင်းသို့ တစ်ခါတည်း လိုက်သွားမည်ဖြစ်သည်။ ကဆုန်လပြည့်ဖြစ်၍ ကျောင်းတွင် လူစုံမည်။

အမေ့ကို သည်ဖိနပ်ပေးစီးလိုက်ရကောင်းမလားဟု တွေးလိုက်သေးသည်။ အို ...အမေက လူကြီးပဲ ရာဘာဖိနပ်နဲ့ သွားလည်း ဘာဖြစ်တာ မှတ်လို့။ ကျောင်းရောက်ရင် ချွတ်ထားရမှာပဲဟု ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်လိုက်သည်။ လွယ်အိတ်လွယ်ပြီး ထွက်လာခဲ့သည်။ ဆင်စွယ်ရောင် ကျွဲရိုင်းဖိနပ်နှင့် ဘုတ်မသည် အရပ်ကို တစ်ပတ်ပတ်လိုက်သည်။ ပြီးမှ ...

"အင်း ...သည်နှစ်အဖို့ သည်တစ်ပင်ကျန်တာပဲ"

ကျန်တာတွေကလည်း နည်းနည်းပါးသွားပြီ"

တီးတိုးညည်းလိုက်ပြီး လမ်းအရှေ့ထိပ်ဆီသို့ထွက်ခဲ့သည်။ တိုက်အတွင်းမှ ကြာနီကန်ဆရာတော်၏ ပဋ္ဌာန်းတိတ်ခွေသံကို ကြားရသည်။ ဘုတ်မ ထဘီကို တင်းအောင်ပြင်ဝတ်လိုက်ပြီး ဖိနပ်ကို ခါးကြားထိုးလိုက်သည်။ လူရိပ်လူခြည်ကြည့်သည်။ ခွေးနှစ်ကောင်ကတော့ ဝင်းထဲမှာ ဆော့နေသည်။ ဘုတ်မ သွက်လက်စွာပင် မန်ကျည်းပင်ပေါ်သို့ တက်သွားသည်။ ခွေးနှစ်ကောင်က မြင်သော်လည်း ရှူးတိုက်မည့်သူမရှိ၍ မဟောင်ကြတော့။ ရွက်နုအများဆုံးနေရာကို ကြည့်လိုက်

http://www.dhammadownload.com



သည်။

ထိုကိုင်းနှင့် အနီးဆုံး ဂွဆုံတစ်ခုတွင် အကျအနထိုင်လိုက်ပြီး ရူးတော့သည်။ လွယ်အိတ်သုံးပုံ တစ်ပုံခန့်ရသောအခါ နောက်တစ်နေရာပြောင်းရန် စီစဉ်ရသည်။ ဦးခေါင်းအထက်ရှိ ကိုင်းတစ်ခုကို ဆွဲရင်း ထလိုက်သည်။ ဘုတ်မ ထမရဘဲဖြစ်နေသည်။ လုံချည်နှင့်လည်း မငြိချေ။ ဆတ်ခနဲ ထလိုက်သည်တွင် ခါးကြားရှိ ဖိနပ်တစ်ဖက်မှ သဲကြိုးက ကိုင်းတစ်ကိုင်းတွင် ငြိ၍ ကျန်ရစ်ခဲ့သည်။ ပထမတွင် ကိုင်းပေါ်ချိတ်နေသေးသော်လည်း လူက ထလိုက်သဖြင့် ကိုင်းက လှုပ်ပြီး ဘိနပ်သည် အောက်သို့ကျသွားသည်။

"ဟယ်"

အမှတ်တမဲ့ အော်လိုက်မိသည်။ ဖိနပ်တစ်ဘက်သည် ဆော့နေသော ခွေးနှစ်ကောင်အနီးသို့ ဖုတ်ခနဲကျသွားသည်။ ခွေးတစ်ကောင်က ဖိနပ်ကို ကိုက်ချီပြီး လှည့်ပတ်ပြေးသောအခါ နောက်တစ်ကောင်ကပါ ပြေးလိုက်ပြီး ဖိနပ်ကို လု၍ ကိုက်သည်။ ဆင်စွယ်ရောင်ဘိနပ်ကလေး တစ်ဘက်သည် ခွေးနှစ်ကောင်ပါးစပ်ထဲတွင် ...

"ဟဲ့ခွေး ... ဟဲ့ခွေး"

## ဖိနပ်အတွက် အသက်စွန့်သူ

မန်ကျည်းပင်ပေါ်မှ ပြာပြာသလဲလှမ်းအော်လိုက်သည်။ ဖိနပ်သဲကြိုးခေါင်းပြုတ်သွားပြီကို အပင်ထက်မှ မြင်လိုက်ရသည်။ ဘုတ်မရင်ထဲတွင် စစ်ခနဲ စူးစူးနစ်နစ်ခံစားလိုက်ရသည်။ သစ်ကိုင်းခြောက်တစ်ခုကို ချိုး၍ ခွေးနှစ်ကောင်လုနေရာသို့ အော်ရင်း လှမ်းပစ်လိုက်

http://www.dhammadownload.com



သည်။ အရှိန်ကြောင့် ဘုတ်မခန္ဓာကိုယ်မှာ မဟန်နိုင်တော့ဘဲ ယိုင်သွားသည်။ နင်းထားသော ကိုင်းကလည်း လျှပ်ခါသွားသည်။ ဘုတ်မကြောက်အားလန့်အားနှင့် ခေါင်းထက်မှ ကိုင်းကို လှမ်းဆွဲလိုက်သော်လည်း မမိတော့။

ဘုတ်မရင်တစ်ခုလုံး ဟာခနဲဖြစ်သွားသည်ကို ခံစားလိုက်ရပြီး "အား" ဟူသော အော်သံနှင့်အတူ တစ်လောကလုံး မှောင်မည်းသွားတော့သည်။ အလင်းရောင်မဲ့သော အသံဟူသမျှ လုံးဝဆိတ်သုဉ်းနေသော ဟင်းလင်းပြင်တွင် တုန်လှုပ်ချောက်ခြားစွာဖြင့် မည်မျှ ကြာသည်ထိ လွင့်မျောနေခဲ့သည်ကို မခန့်မှန်းနိုင်။ အလင်းမျှင်တန်း ဖွဖွလေးတစ်ခုက မျက်လွှာကို ထိုးဖောက်ဝင်ရောက်လာသည်။ မညီညာသော အသံလှိုင်းတချို့သည် ဘုတ်မ၏ နားစည်သို့ တရစပ်ဝင်ရောက် ရိုက်ခတ်လာသည်။

"သမီး သမီး" ဟု တွင်တွင်ခေါ်နေသောအသံ။ တစ်ချက်တစ်ချက်တွင် ဘုတ်မဟု ခေါ်လိုက်သော အေးဆောင်အသံ။ ပြီးတော့ ခွေးဟောင်သံ။ ပြီးတော့ မသဲကွဲသော လူသံများ။ မျက်လွှာကို ရှိသမျှခွန်အားစိုက်ထုတ်ပြီး ဖွင့်ကြည့်သည်။ မပီဝိုးဝါးသော အမေ့ရုပ်ပုံလွှာ၊ မိမိကို ပွေ့ထူထားသော အေးဆောင်။ ထို့နောက် မိမိကို ဝိုင်းထားသည့် မျက်နှာများ။ မြင်ကွင်းအားလုံးသည် ဂယက်ထနေသည့် ရေမျက်နှာပြင်ပေါ်မှ အရိပ်များကဲ့သို့ပင် အသက်ကို တင်းကျပ်စွာ အားစိုက်ရှူလိုက်ပြီး နှုတ်ခမ်းကို အားယူလှုပ်ရှားရင်းက ...

"အ ... မေ .. ရယ်"

လေးတွဲ့စွာ ခေါ်လိုက်မိသည်။ မျက်ရည်ပူတို့ စီးကျလာသော

http://www.dhammadownload.com



ကြောင့် အမြင်အာရုံတို့က ပို၍ ဝါးလာသည်။ နောက်တစ်ကြိမ် အား ယူလိုက်ပြီး ...

"အမေ့ကို ... ပေးစီးခဲ့ ... မိရင်"

ဝါကျမဆုံးမီ ဘုတ်မ ဇက်ကျိုးကျသွားသည်။ ပါးစပ်ထဲမှ ပွက်ခနဲ သွေးများအန်ကျလာသည်။ ဒေါ်စိန်ဥမှာ "သမီးရေ"ဟု တစ်ခွန်းသာ အော်ပြီး သတိလစ်သွားသည်။ အေးဆောင်မျက်လုံးအိမ်မှ မျက်ရည် ပူများသည် ဘုတ်မ၏ပါးပြင်ပေါ်သို့ တစ်ပေါက်ပေါက်ကျလျက်။

(စာပေလုပ်သား၊ ဒီဇင်ဘာ ၁၉၈၇)

ကဲ ... ဒါက အစာရှာရတဲ့ ဒုက္ခကို မြင်သာအောင် ကိုချစ် ရဲ့ လက်တွေ့ဖြစ်ရပ်ဝတ္ထုတိုလေး နှစ်ပုဒ်ကို ထုတ်ပြလိုက်တာ။ အခုတစ်ခါ ဥစ္စာတွေကို သိမှီးသိမ်းဆည်းရခြင်းရဲ့ စက်ဆုပ် ဖွယ်ကောင်းပုံကို ဆက်ရအောင်။

"တရားမရှိတဲ့ပုဂ္ဂိုလ်များမှာ မရှိတော့ တောင့်တတဲ့ လောဘမီး လောင်တယ်။ ရှိပြန်တော့ ကြောင့်ကျတဲ့ သောကမီးလောင် ပြန်တယ်"ဒါကြောင့် ဘုရားအလောင်း သူတော်ကောင်း များ ဟာ ရှိသမျှစည်းစိမ်တွေကို စွန့်လွှတ်လှူဒါန်းပြီး တောထွက်ကြ တာပေါ့"

ဗုဒ္ဓလက်ထက်က တိဿဆိုတဲ့ ရဟန်းတစ်ပါးဆိုရင် သက်နီးလေးတစ်စုံရတာကို သေချာသိမ်းထားတယ်။ သွားရာ လာရာ ဝတ်မယ်ဆိုတဲ့ သဘောနေမှာပေါ့။ ဟော ... ည လည်း ရောက်ရော ပျံတော်မူတာပဲ။ သူ သိမ်းဆည်းခဲ့တဲ့

http://www.dhammadownload.com



သက်နိုးကိုစွဲပြီး သက်နိုးခေါက်ထဲမှာ ခုနစ်ရက် သန်းပြိတ္တာ ဖြစ်ခဲ့ရတယ်။ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်က ဓမ္မကထိက ဘုန်းကြီးတစ်ပါးဆိုရင် ရေစက်ချတဲ့အခါ ပါတဲ့ အကြွေစေ့တွေကို စုထားတာ သောက်ရေအိုးတစ်လုံးစာလောက် ရသတဲ့။ အဲဒါတွေကို ဘယ်သူမှမသိအောင် ကျောင်းလှေခါးအောက်က မြေကြီးထဲ တူးမြှုပ်ထားတယ်။

ဒါလည်း သိမ်းဆည်းရတဲ့ စက်ဆုပ်ဖွယ်ရာ ဒုက္ခတွေပေါ့။ အဲဒီဘုန်းကြီး ပျံတော်မူတဲ့အခါ အဲဒီကျောင်းဝိုင်းထဲမှာ ပြိတ္တာကြီးပြန်ဖြစ်နေတယ်။ တော်တော်နဲ့ မကျွတ်ဘူး။ နောက် သတ္တိရှိတဲ့ ဒကာတစ်ယောက်နဲ့ တွေ့မှ အဲဒီဒကာက ကုသိုလ်ပြုပြီး အမျှပေးလို့ ကျွတ်သွားတယ်။ ဒီအကြောင်း အကျယ်ကို'မြန်မာတို့၏အသက်'စာအုပ်ထဲမှာ ရေးပြီးသားပါ။

လူတွေဆိုရင်လည်း ဥစ္စာတွေစုမိလာရင် မီးများ လောင်မလား၊ ရေများ မျောမလား၊ မင်းကများ သိမ်းမလား၊ သူခိုးကများ ခိုးမလား၊ သားဆိုး သမီးဆိုးကများ ဖျက်ဆီးမလားဆိုပြီး အမြဲတမ်း ပူလောင်နေရတယ်။ ၂၀၀၆– ခုနှစ်လောက်က ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားမြို့ကြီး ရေထဲပါသွားဖူးတယ်။ လူလေးရာလောက်သေတယ်။ ရပ်ကွက်နှစ်ခုပဲ ကျန်သတဲ့။

တို့မိတ်ဆွေ စာရေးဆရာ ပန်းဒကာကိုတင်မြင့်က မြစ်ကြီးနားမှာ နေတာမို့ ဒီအကြောင်းတွေကို သိရတာ။ မြိတ်မြို့ဆိုရင် မီး ခဏခဏ လောင်တယ်။ တစ်ခါလောင်ရင်

http://www.dhammadownload.com



တစ်မြို့လုံးနီးပါး ကုန်မှရပ်တယ်။ တစ်ခါတော့ အဲသလိုပဲ မီးကြီးလောင်တာ ဘာမီးသတ်ကားမှ မနိုင်တော့ဘူး။ ဒီလို အချိန်မျိုးမှာဆိုရင် ဥစ္စာစည်းစိမ်များများ စုနိုင်လေ များများ ပူရလေပဲ။

## မီးလျှံထဲက ဒဿန

တို့နဲ့ သိတဲ့ သူဌေးမတစ်ယောက်ပိုင်တဲ့ သစ်စက်တွေ၊ ရေခဲစက်တွေ၊ စတိုးဆိုင်တွေ အကုန် မီးထဲပါတယ်။ မီးလောင်ပြီးစ အချိန်မှာ အဲဒီဒကာမကြီး ပြောတဲ့ စကားလေးက သိပ်ကောင်းတယ်။

သန်း ။ ။ ဘယ်လိုများ ပြောသလဲဘုရား

နုပ် ။ ။ ကိုယ်ပြုထားတဲ့ ဒါနကုသိုလ်ပဲ ကိုယ်ပိုင်ပစ္စည်းအစစ် ဆိုတာ အခုလို ကိုယ့်စည်းစိမ်ဥစ္စာတွေ မီးလောင်ခံရမှ တကယ် နားလည်လာတယ်ဘုရား။ တပည့်တော်ပိုင်တဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ ဈေးဆိုင်တွေ၊ နေအိမ်တိုက်တာတွေ မီးလောင် တာမြင်ရတော့ တပည့်တော်ခန္ဓာကိုယ်ကို မီးလာလောင်နေ သလောက် ပူလောင်ဆင်းရဲရပါတယ်ဘုရား။ ဒါပေမဲ့ ကိုယ် ဆောက်လှူထားမိတဲ့ ကျောင်းတစ်ကျောင်းအကြောင်းလည်း စဉ်းစားမိလိုက်ရော စိတ်ချမ်းသာပြီး ရင်ထဲကို အေးသွားတာ ပဲဘုရား။ ဩော် . . . ငါတကယ်ပိုင်တာဆိုလို့ ကျောင်းဆောက် လှူတဲ့ ကုသိုလ်လေး တစ်ခုပါလားဆိုတာ တွေးမိတာပါ ဘုရားတဲ့။

သန်း ။ ။ ဆရာတော်ရေးတဲ့ 'လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်'

http://www.dhammadownload.com



စာအုပ်မှာ ကိုယ်ပိုင်ပစ္စည်းနဲ့ ဘုံဆိုင်ပစ္စည်းဆိုတဲ့ ဖွင့်ဆိုချက်လေး သိပ်ကောင်းလို့ တပည့်တော် မှတ်မိနေတယ် ဘုရား။

နုပ် ။ ။ ကဲ ... မှတ်မိရင် ပြောစမ်းပါဦး။

## ကိုယ်တကယ်ပိုင်သောပစ္စည်းဟူသည်

သန်း ။ ။ "လှူဒါန်းပြီးသောဒါနကုသိုလ်သည် ကိုယ်ပိုင်ပစ္စည်း မလှူရသေးသော ဥစ္စာစည်းစိမ်မှန်သမျှ ဘုံဆိုင်ပစ္စည်း လှူဒါန်းပြီးသော ဒါနကုသိုလ်စေတနာသည် နာမ်တရားဖြစ်သောကြောင့် မီးမလောင်၊ ရေမမျော၊ သူခိုးမခိုး၊ မင်းက မသိမ်းနိုင်၊ သားသမီးမဖျက်ဆီးနိုင်၊ သေသောအခါ အရိပ်ပမာ နောက်က လိုက်၍ ဘဝတိုင်း ချမ်းသာအောင်ကောင်းကျိုးကို ဆောင်သည်။ နိဗ္ဗာန်သို့လည်း ပို့သည်။ ထို့ကြောင့် ဒါန ကုသိုလ်သည် ကိုယ်တကယ်ပိုင်သော ပစ္စည်းဖြစ် သည်။ မလှူရသေးသော ပစ္စည်းများကို မီးလောင်နိုင်သည်။ ရေမျောနိုင်သည်။ မင်းက သိမ်းနိုင်သည်။ သူခိုးက ခိုးနိုင်သည်။ သားဆိုး သမီးဆိုးက ဖျက်ဆီးနိုင်သည်။ မိမိသေသောအခါ အကုန်ထားခဲ့ရသည်။ မလှူရသေးသော ပစ္စည်းများကို စွဲသေလျှင် အပါယ်သို့ပင် ကျရသေးသည်။ ထို့ကြောင့် မလှူရသေးသော ဥစ္စာပစ္စည်း မှန်သမျှ ဘုံဆိုင်ပစ္စည်း၊ အများဆိုင်ပစ္စည်းဖြစ်သည်။"

ဆိုတဲ့ ဒေသနလေးပါ ဘုရား။ အဲဒီထဲမှာ ဆရာတော်က ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းထဲက ဓားပြတိုက်တဲ့ အမှုတစ်ခုကို ထည့်ရေးထားသေးတယ်။ သူဌေးမိသားစု

http://www.dhammadownload.com



တစ်စုကို ဓားပြတိုက်ပြီး လူသတ်သွားတယ်။ သူ့ဒွေးရယ်၊ သူ့ဒွေးကတော်ရယ်၊ သမီးနှစ်ယောက်ရယ်၊ အစေခံမလေးရယ် ငါးယောက်လုံး ခေါင်းကိုချည်း သေနတ်နဲ့ ပစ်သတ်သွားတယ်။ သူတို့ပိုင်တဲ့ ငွေသိန်းပေါင်း လေးထောင်ပါသွားတယ်။ လက်ဝတ်ရတနာပစ္စည်း အကုန်ပါသွားတယ်။

အကယ်၍ သူတို့ဟာ ဒီသိန်းပေါင်း လေးထောင်ထဲက သိန်းပေါင်းလေးဆယ်လောက်များ လှူတန်းခဲ့မယ် ဆိုရင် သူတို့အတွက်ပါသွားမှာ။ အခုတော့ တစ်ပြားမှ မလှူခဲ့တော့ သူတို့အတွက် ဘာမှပါမသွားတော့ဘူးဆိုတဲ့ အကြောင်းလေးပါ ဘုရား။

နုပ်  ။ ။ အေး ...မင်းက မှတ်မိသားပဲ။ အဲဒီပစ္စည်းသိမ်းမှုနဲ့ ပတ်သက်ပြီးဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ်မှာ တဏှာမူလက တရားကိုးပါးဆိုတာကို ဟောထားတယ်။ လိုချင်တပ်မက်စွဲလမ်းတဲ့ တဏှာကို အကြောင်းပြု ပြီးဖြစ်ရတဲ့ ဆိုးကျိုးကိုးမျိုးလို့ ပြောရမှာပေါ့ကွာ။ အဲဒါ တွေက ...

## တဏှာမူလက တရားကိုးပါး

၁။ လိုချင်မှုတဏှာကို အစွဲပြုပြီး ရှာမှီးခြင်း ဖြစ်ပေါ်လာသည်။

၂။ ရှာမှီးခြင်းကို အစွဲပြုပြီး ရခြင်းဖြစ်ပေါ်လာသည်။

၃။ ရခြင်းကို အစွဲပြုပြီး စီမံဆုံးဖြတ်ခြင်းဖြစ်ပေါ်လာသည်။

၄။ စီမံဆုံးဖြတ်ခြင်းကို အစွဲပြုပြီး မက်မောခြင်း ဆန္ဒရာဂ ဖြစ်ပေါ်လာသည်။

http://www.dhammadownload.com



၅။ မက်မောမှုဆန္ဒရာဂကို အစွဲပြုပြီး စွဲလမ်းခြင်းဖြစ်ပေါ်လာသည်
၆။ စွဲလမ်းခြင်းကို အစွဲပြုပြီး သိုမှီးသိမ်းဆည်းခြင်းဖြစ်ပေါ်လာသည်
၇။ သိမ်းဆည်းရခြင်းကို အစွဲပြုပြီး ဝန်တိုခြင်း မစ္ဆရိယ ဖြစ်ပေါ်လာသည်။
၈။ ဝန်တိုခြင်းမစ္ဆရိယကို အစွဲပြုပြီး စောင့်ရှောက်ရခြင်းဖြစ်ပေါ်လာသည်။
၉။ စောင့်ရှောက်ရခြင်းကို အစွဲပြုပြီး တုတ်ကိုင်ရခြင်း၊ လက်နက်ကိုင်ရခြင်း၊ ငြင်းခုံရခြင်း၊ နင်–နင်ဆိုရခြင်း၊ ကုန်းတိုက်ခြင်း၊ မုသားဆိုခြင်း စသော များစွာသော အကုသိုလ်များ ဖြစ်ပွားလာရသည် ... ဆိုတဲ့ ကိုးမျိုးပဲ။ ဒီဒုက္ခတွေက ကင်းလွတ်ချင်လို့ ဒါနပြုကြတာပဲ။ ဒါကြောင့် သူတော်ကောင်းတွေဟာ ဒါနပြုရတာကို ပျော်ကြတာ။ ပါရမီဆိုတာ မိုးကျရွှေကိုယ် မဟုတ်ဘူး။ လုပ်ယူမှ ရတာ။ သူသူကိုယ်ကိုယ် ဘဝတစ်ခုစပြီဆိုတာနဲ့ လောဘက စဖြစ်တာ။ ပဋိသန္ဓေစိတ်နောက်က ချက်ချင်းလိုက်ဖြစ်တဲ့ စိတ်ဟာ ဘဝနိကန္တိက လောဘဇောစိတ်ပဲ။ ဒါကြောင့် သူ့အရှိ အတိုင်းသာနေမယ်ဆိုရင် လူတိုင်း ယူရင်းနဲ့ သေသွားချင်တဲ့ လူချည်းပဲ၊ လှူရင်းနဲ့ သေသွားချင်တဲ့ လူလို့ မရှိဘူး။

လှူတယ်ဆိုတာ ဘဝပေါင်းများစွာက ကပ်ပါလာတဲ့ လောဘ ကို သေအောင်သတ်တာပဲ။ ဒီအချက်နဲ့ ပတ်သက်ပြီး ဆရာကြီး ဦးရွှေအောင်က ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့ ကျေးဇူးရှင်ကိုယ် ကျင့်ဗုဒ္ဓဝင်စာအုပ်နိဒါန်းမှာ အခုလို ရေးခဲ့တယ်။

http://www.dhammadownload.com



*လူသည် ဘဝကို လောဘဖြင့် စတင်ခဲ့သူဖြစ်၏။ ယင်းလောဘကို ပါဠိဝေါဟာရအားဖြင့် ဘဝနိကန္တိက လောဘဟူ၍ ခေါ်၏။*

**ပယ်ရမည့်ဓမ္မတာ**

*ဘဝနိကန္တိက လောဘ၏ အနက်မှာ ဘဝကို မြတ်နိုးသော တဏှာဟူ၍ ဖြစ်၏။ ထို့ကြောင့် လူသည် မိမိ၏ဘဝကို ပျက်သုဉ်းမသွားစေရန် လောဘဖြင့် မိမိလိုချင်သော အရာရာတိုင်းကို ရအောင် အားထုတ်လေ၏။ ဤသည်မှာ ဓမ္မတာ ဖြစ်၏။ သို့ရာတွင် ဤဓမ္မတာကား အတ္တဓမ္မတာ ဖြစ်၏။ အတ္တဓမ္မတာဖြစ်သည့်အလျောက် လူတော်လူကောင်းများ အနေဖြင့် လိုက်နာကျင့်သုံးရသောဓမ္မတာမဟုတ်၊ ပယ်ဖျက်နိုင်အောင် ကြိုးစားရသော ဓမ္မတာသာဖြစ်၏။*

ဗုဒ္ဓဝါဒအရ ဘဝကို တည်ဆောက်ရသည် မှန်၏။ သို့ရာတွင် ဘဝကိုတည်ဆောက်ရာ၌ ထီးအဖြစ်တည် ဆောက်ရသည်မဟုတ်၊ ငြမ်းအဖြစ် တည်ဆောက်ရခြင်းဖြစ်၏။ ငြမ်းကို မည်မျှပင် ခိုင်မာအောင် တည်ဆောက်ရစေကာမူ တစ်ခုသော နေ့တွင် ငြမ်းကိုစွဲပြီးဆုံးပါက ထိုငြမ်းကို မလွဲမသွေဖျက်သိမ်းရမည်ဖြစ်၏။ အခြားဝါဒများအရသာ ဘဝကို ထီးအဖြစ် တည်ဆောက်ခြင်းဖြစ်၏။ ဘဝကို ထီးအဖြစ်တည်ဆောက်နေသမျှ ကာလပတ်လုံး လူသည် သံသရာမှ မလွတ်တော့ဘဲ သံသရာဝဲဂယက်၌ နစ်တစ်ခါ၊ ပေါ်တစ်လှည့်ဖြင့် မျောနေပေလိမ့်မည်။ မျောနေရသမျှကာလပတ်လုံး လူသည် စံတစ်ခါ ခံတစ်လှည့်

http://www.dhammadownload.com



ဖြင့် သောကကို ရင်ဝယ်ပိုက်ထားရပေလိမ့်မည်။

ဆရာကြီးဆိုလိုရင်းကတော့ ဗုဒ္ဓဝါဒအရ လူဖြစ်လာတာဟာ မိမိကိုယ်ကို လောကအတွက် အသုံးချဖို့ပဲ။ တခြားဝါဒအရဆိုရင် လူဖြစ်လာတာဟာ လောကကို မိမိအတွက် အသုံးချဖို့ပဲ။ အခု ဒီကမ္ဘာလောကကြီး အမြဲတမ်း ဆူပွက်ပူလောင်နေရတာဟာ လောကကို မိမိအတွက် အသုံးချလိုတဲ့လူတွေ များနေလို့ပဲ။ အကယ်၍ ဗုဒ္ဓဝါဒအတိုင်း မိမိကိုယ်ကို လောကအတွက် အသုံးချလိုသူတွေ များလာမယ်ဆိုရင် ကမ္ဘာကြီးဟာ နေချင့်စဖွယ် အေးချမ်းလာမှာပဲ။

<u>ဒါနပြုရတဲ့ အဓိကရည်ရွယ်ချက်</u>

မိမိကိုယ်ကို လောကအတွက် အသုံးချလိုသူများအတွက် ဗုဒ္ဓကလမ်းစဉ်သုံးရပ်ချထားတယ်။ အဲဒါက ဒါန၊ သီလ၊ ဘာဝနာတို့ပဲ။ ဒီသုံးပါးကို အကျယ်ချဲ့လိုက်ရင် ပါရမီဆယ်ပါးဖြစ် သွားတာပဲ။ ဒါနပြုတာဟာ သံသရာအဆက်ဆက်က ပါလာတဲ့ လောဘကို ပယ်သတ်တာလည်း ဖြစ်တယ်။ မိမိကိုယ်ကို လောကအတွက် အသုံးချဖို့ လမ်းစဉ်ကို ပထမဆုံးခြေချလိုက်တာလည်း ဖြစ်တယ်။

ဒါနလေးမှ မပြုချင်တဲ့သူဟာ သီလတို့၊ ဘာဝနာတို့ ပြုလုပ်ဖြစ်ဖို့တော့ ပိုတောင်ဝေးပါတယ်။ ကောင်းတဲ့အလုပ်ဖြစ်စေ၊ ဆိုးတဲ့အလုပ်ဖြစ်စေ ကြာကြာလုပ်ရင်စွဲတာပဲ။ ဒါကြောင့် ဒါနပြုတဲ့အလုပ်ကို ကြာကြာလုပ်ရတယ်။ ကြာရင် စွဲသွားတာပဲ။ မလှူဘဲကို မနေနိုင်တော့ဘူး။ တို့ကို တချို့က

http://www.dhammadownload.com



သူတို့စိတ်နဲ့ တိုင်းကြည့်ပြီး အံ့ဩကြတယ်။ နာမည်ကျော် ဘုန်းကြီးတစ်ပါးသာဖြစ်နေတာ။ ကား ကောင်းကောင်းလေး တစ်စီးတောင် မရှိဘဲကိုး။ တို့ကလည်း ဒကာ ဒကာမတွေ လှူတဲ့ ငွေနည်းစာကို စုပြီး ကားကောင်းကောင်းဝယ်စီးရတဲ့ အရသာထက် ဒုက္ခရောက်တဲ့သူကိုပံ့ပိုးလှူလိုက်ရတဲ့၊ ကူညီ လိုက်ရတဲ့ အရသာ ကို ပိုကြိုက်တာကိုး။

၂၀၀၆– ခုနှစ်လောက်တုန်းက မြိတ်မြို့က ဦးနေဝင်းဆိုတဲ့ ဒကာကြီးက ဘုရား သာဓုခေါ်မယ့်အလှူကို လုပ်တယ်။

သန်း ။ ။ ဘယ်လိုအလှူမျိုးလဲဘုရား။

နုပ် ။ ။ မျက်စေ့တိမ်ကျပြီး မခွဲနိုင်တဲ့ နွမ်းပါးသူတွေကို မျက်စိ ခွဲစိပ်ကုသပေးတာပဲ။ အခက်အခဲက မြိတ်ဆေးရုံသစ်ကြီး မှာ ၂၄–နာရီ လျှပ်စစ်မီးမရှိသေးတာပဲ။ မြိတ်မှာက မီးစက်နဲ့ပဲ မီးပေးရတာ။ အဲဒါ လျှပ်စစ်မီးပေးတဲ့ပိုင်ရှင်ကလည်း တို့ရဲ့ တရားနာပရိသတ်တစ်ဦးဆိုတော့ သူက လူနာတွေ အတွက် ၂၄– နာရီ လျှပ်စစ်မီးပေးမယ်။ အဲဒီအတွက် ကြိုးနဲ့ မီးချောင်း လိုတယ်။ ဒီအတွက် အလှူရှင်က တော်တော်နဲ့ မပေါ်ဘူး ဖြစ်နေတယ်။

## သိန်း ၆၀ အကြွေးရှိလျက်နှင့် ဒါနပြုသူ

ဟိုမယ် ... ဆေးတို့၊ ခွဲစိပ်ခတို့ လှူမယ့်လူက ရှိနေပြီ၊ မီးချောင်းနဲ့ မီးကြိုးမရှိလို့ ဒီအလှူကြီးပျက်သွားမယ်ဆိုရင် မျက်စိဝေဒနာရှင်တွေအတွက် သိပ်နစ်နာတာပေါ့။ ဒါကြောင့်

http://www.dhammadownload.com



တို့က ၂၂–သိန်းကျော် လှူပေးလိုက်လို့ မီးကြိုးနဲ့ မီးချောင်း အဆင်ပြေသွားတယ်။ ဒီလို လှူတော့ တချို့က ပြောတယ်။ “လှူမှာပေါ့ အဲဒီကိုယ်တော်က ချမ်းသာတာကိုး”တဲ့။

ကိုယ့်ထက်သာတာကို ... သာပါတယ်ရယ်လို့ ချီး မွမ်းစကားမပြောနိုင်တာဟာ ဝဏ္ဏမစ္ဆရိယပဲ။ တကယ်တော့ ဒီမြို့မှာ တို့ထက် ဘုန်းကြီးတဲ့၊ တို့ထက် ပိုက်ဆံပေါတဲ့ ဘုန်းကြီးတွေ၊ လူတွေအများကြီးပါ။ ဆိုလိုတာက ငွေရှိတိုင်း မလှူပါဘူး။ သူတော်ကောင်းစိတ်ရှိမှ၊ သဒ္ဓါရှိမှ လှူတာပါ။ တကယ်တော့ တို့ ခဏခဏ ပြောခဲ့သလိုပဲ တို့က ရှိလို့ လှူတာ မဟုတ်ဘူး။ သိလို့လှူတာ။ ဘယ်လိုသိတာလဲ ဆိုရင် အခုလိုကမ္ဘည်းထိုးလို့မရတဲ့ နေရာဆိုရင် လှူချင်တဲ့ လူမရှိဘူး ဆိုတာကို သိတာ၊ သူများ မလှူချင်မှန်း သိလို့ လှူတာ။

တကယ်တော့ အဲဒီအချိန်တုန်းက မြိတ်မြို့က တို့ ရိပ်သာမှာ သုံးထပ်ယောဂီဆောင်ကြီးဆောက်နေတာ အကြွေး သိန်း ၆၀– ကျော်ရှိတယ်။ အဲဒီအကြွေးကို မဆပ်သေးဘဲ မီးကြိုးနဲ့ မီးချောင်းကို လှူပေးခဲ့တာပါ။ ပန်းကို ထုပ်တဲ့ဖက် ဟာ ပန်းနံ့တွေ ကူးပြီး မွှေးတယ်။ ငါးပိကို ထုပ်တဲ့ဖက် ဟာ ငါးပိနံ့တွေကူးပြီး နံတယ်။ ထို့အတူ သူတော်ကောင်းကို မှီဝဲဆည်းကပ်သူဟာ သူတော်ကောင်းဆီက အကျင့်ကောင်း တွေ ကူးပြီး ကိုယ်ပါ သူတော်ကောင်းဖြစ်လာတယ်။

မသူတော်ကို မှီဝဲဆည်းကပ်သူဟာလည်း မသူတော် ရဲ့ အကျင့်ဆိုးတွေကူးပြီး ထိုသူပါ မသူတော်ဖြစ်သွားတယ်။

http://www.dhammadownload.com



ဒါကြောင့် ဗုဒ္ဓက မိမိထက် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးသာတဲ့သူကိုသာရွေးချယ်ပေါင်းသင်းရမယ်။ အကယ်၍ မိမိနေထိုင်ရာဒေသမှာ သိက္ခာသုံးပါး မိမိထက်သာတဲ့သူ မရှိရင် တန်းတူသူကို ရှာပေါင်းရမယ်။ မိမိနေထိုင်ရာ ဒေသမှာ သိက္ခာ သုံးပါး မိမိထက်သာသူ၊ တန်းတူသူမရှိဘူးဆိုရင် တစ်ယောက် တည်းသာ နေပါတဲ့။

မိမိအောက် သိက္ခာသုံးပါး အောက်ကျသူနဲ့တော့ မပေါင်းပါနဲ့တဲ့။ ဘာကြောင့်လဲဆိုတော့ ကိုယ်ပါသိက္ခာသုံးပါး နိမ့်ကျသွားနိုင်တဲ့အတွက်ကြောင့်ပါပဲ။ မြိတ်မြို့မှာ အခွန်ဦးစီး ဌာနက မောင်မျိုးသန့်နဲ့ မသော်တာဆိုတဲ့ ဇနီးမောင်နှံနှစ် ယောက် ရှိတယ်။ သူတို့ဟာ တို့ရေးတဲ့ 'မြန်မာတို့၏အသက်' စာအုပ်နဲ့ 'မဂ်တားဖိုလ်တား အန္တရာယ်များ' စာအုပ်နှစ်အုပ်ကို ဖတ်ပြီး တို့ရဲ့ ပစ္စည်းလေးပါးဒကာတွေ ဖြစ်လာကြတယ်။

သူတို့နှစ်ယောက်ဟာ တို့စကားကိုလည်း သိပ်နား ထောင်တယ်။ တို့ဖတ်ခိုင်းတဲ့ စာအုပ်တွေဆိုရင် အကုန် ဖတ်ဖြစ်အောင် ဖတ်တယ်။ တို့နာခိုင်းတဲ့ တခြား ဆရာတော် တွေရဲ့ တရားခွေတွေကိုလည်း အကုန်နာတယ်။ ဒါကြောင့် သူတို့ကိုယ်တိုင်သိရုံမကဘူး။ သူတစ်ပါးသိအောင် နားလည် အောင် စိတ်ဝင်စားအောင် ဓမ္မဆောင်းပါးတွေကိုပါ ရေးနိုင် လာတယ်။ မသော်တာဆိုရင် တို့ကိုယ်တိုင် ဦးစီးကျင်းပတဲ့ ဝိပဿနာဂုဏ်ရည်လို့ အမည်ပေးထားတဲ့ ဆောင်းပါးပြိုင်ပွဲမှာ စာပေနဲ့ အမြဲပျော်နေတဲ့ ရဟန်းတော်အချို့ကို ကျော်ပြီး

http://www.dhammadownload.com



တတိယဆု ငါးသောင်းကျပ်ကို ဆွတ်ခူးသွားတယ်။ ပထမဆုနဲ့ ဒုတိယဆုကတော့ ရဟန်းတော်နှစ်ပါးပဲ ရသွားတယ်။ ပထမဆုရတဲ့ ကိုယ်တော်လေးရဲ့ ဆောင်းပါးကို အိတ်ဆောင်စာအုပ် ထုတ်ထားပါတယ်။

သန်း ။ ။ မသော်တာရဲ့ တတိယဆုရသွားတဲ့ ဆောင်းပါးလေးကို လည်း ဖတ်ချင်လိုက်တာဘုရား။ မိန်းကလေးတစ်ယောက် ဖြစ်လျက်နဲ့ ရဟန်းတော်တွေကြားထဲမှာ တတိယဆု ရတယ် ဆိုတာ တော်တော်ကြိုးစားထားလို့နေမှာ ဘုရား။

နုပ် ။ ။ ပြီးတော့ သူတို့ ဖနီးမောင်နှံနှစ်ယောက်ကို ဆရာတော် ဖတ်ခိုင်းတဲ့ စာအုပ်တွေကိုလည်း သိချင်တယ်ဘုရား။ ဘာ ပြောပြော ဒီစာအုပ်တွေဟာ သိက္ခာသုံးပါး တိုးတက်ဖို့သာ မက စာရေးနည်းအတွက်ပါ အထောက်အကူပြုမယ်လို့ ထင်လို့ပါ ဘုရား။

နုပ် ။ ။ အေး . . . ပြောပြမယ်။ သူတို့ကို ဖတ်ခိုင်းတဲ့စာအုပ်တွေက တို့ကိုယ်တိုင် အစဉ်အတိုင်း ဖတ်ခဲ့တဲ့စာအုပ်တွေပဲ။ အဲဒါ တွေက . . .

<u>အရင်ဆုံးဖတ်ရမည့် စာအုပ်များ</u>

၁။ ဂန္ဓာရုံဆရာတော်ရဲ့ ရတနာ့ဂုဏ်ရည်

၂။ ဂန္ဓာရုံဆရာတော်ရဲ့ ကိုယ်ကျင့်အဘိဓမ္မာ

၃။ ဂန္ဓာရုံဆရာတော်ရဲ့ အနာဂတ်သာသနာရေး

၄။ ဂန္ဓာရုံဆရာတော်ရဲ့ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

၅။ ဂန္ဓာရုံဆရာတော်ရဲ့ ဘုရားဥပဒေတော်ကြီး

http://www.dhammadownload.com



၆။ ဂန္ဓာရုံဆရာတော်ရဲ့ အခြေပြုပဋ္ဌာန်းတရားတော်

၇။ ဂန္ဓာရုံဆရာတော်ရဲ့ တစ်ဘဝသံသရာ

၈။ ဂန္ဓာရုံဆရာတော်ရဲ့ တစ်ဘဝသာသနာ

၉။ ဓမ္မာစရိယဦးဒွေးလှိုင်ရဲ့ ရတနာသုံးပါးကျေးဇူးကိုယ်တွေ့ဝတ္ထုများ

၁၀။ ဓမ္မာစရိယ ဦးဒွေးလှိုင်ရဲ့ မေတ္တာဝါဒ

၁၁။ ဓမ္မာစရိယ ဦးဒွေးလှိုင်ရဲ့ ချမ်းမြေ့စွာဘဝနေနည်း

၁၂။ ဓမ္မာစရိယ ဦးဒွေးလှိုင်ရဲ့ ဓမ္မဒူတပထမတွဲ

၁၃။ ဓမ္မာစရိယ ဦးဒွေးလှိုင်ရဲ့ ဓမ္မဒူတဒုတိယတွဲ

၁၄။ ဓမ္မာစရိယ ဦးဒွေးလှိုင်ရဲ့ ဓမ္မဒူတတတိယတွဲ

၁၅။ ဓမ္မာစရိယ ဦးဒွေးလှိုင်ရဲ့ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

၁၆။ ဆရာကြီး ဦးရွှေအောင်ရဲ့ ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့ ကျေးဇူးရှင် ကိုယ်ကျင့်ဗုဒ္ဓဝင်

၁၇။ ဆရာကြီး ဦးရွှေအောင်ရဲ့ အမြင်များ ပြောင်းလဲခြင်းနှင့် အတွေး အမြင်စာစုများ

၁၈။ ဆရာကြီး ဦးရွှေအောင်ရဲ့ ဘဝအမြင်သစ် (ငါးပါးသီလအဖွင့်)

၁၉။ ဆရာကြီး ဦးရွှေအောင်ရဲ့ ဓမ္မပဒ (ဓမ္မဒေသနများ)

၂၀။ ဆရာကြီး ဦးရွှေအောင်ရဲ့ စာဖတ်သူများ (စာဖတ်နည်း)

၂၁။ ဆရာကြီး ဦးရွှေအောင်ရဲ့ ချမ်းသာကိုရှာဖွေခြင်း (ဓမ္မစကြာ)

၂၂။ ဆရာကြီး ဦးရွှေအောင်ရဲ့ အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

၂၃။ ထီးချိုင့်မြို့တည်တောဆရာတော်ရဲ့ ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (ခုနစ်တွဲ ၇ အုပ်)

၂၄။ ဓမ္မဒူတအရှင်ပညာဇောတရဲ့ ဗုဒ္ဓဓမ္မ ပြဿနာများ

http://www.dhammadownload.com



(၁၁ တွဲ ၁၁ အုပ်)

(ယခုသုံးအုပ်နှင့် အပြီးရိုက်ထားသည်)

၂၅။ လယ်တီဒီပနီပေါင်းချုပ် လေးတွဲ

အဲဒါတွေပဲ။ သူတို့နှစ်ယောက်ဟာ တို့နဲ့ တွေ့စက အသက် ၃၀-ကျော် လူငယ်တွေပဲ။ ဒါပေမဲ့ စာလည်းဖတ် တရားလည်းနာတော့ လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက် ဟာ ကုသိုလ်လုပ်ဖို့ဆိုတာကို တကယ်သိသွားခဲ့တယ်။ သိတဲ့ အတိုင်းလည်း သူတို့ရောက်ရာဒေသမှာ လောကအတွက်၊ သာသနာအတွက် ကောင်းကျိုးတွေကို စွမ်းနိုင်သမျှ လုပ် ဆောင်သွားတယ်။

မြိတ်မြို့ ရပ်ကွက်အသီးသီးက ကိုယ်ထူကိုယ်ထ ကတ္တရာလမ်းတွေ ခင်းဖြစ်အောင် နှိုးဆော်ပြီးလုပ်သွားခဲ့တာ မောင်မျိုးသန့်ပဲ။ တို့သစ်ညီနောင် ကျောင်းအဝင်လမ်း ကတ္တရာ လမ်းခင်းဖြစ်အောင်လည်း သူတို့လင်မယား ဦးဆောင်သွား တာပဲ။ အခွန်ထမ်းတဲ့ ပြည်သူတွေ အခွန် ဆောင်ချင်အောင် သေချာရှင်းပြတယ်။ အခွန်ဆောင်တယ်ဆိုတာ ဒါနပြုခြင်းပဲလို့ မြိတ်ကလူတွေ သေချာသိသွားတာ မောင်မျိုးသန့်ရဲ့ ကျေးဇူး တွေပါပဲ။

နိုင်ငံတော်လည်း ထိုက်တန်တဲ့ အခွန်ငွေရအောင် အခွန်ဆောင်တဲ့သူတွေလည်း ဆောင်နိုင်အောင်၊ ဆောင် ချင်အောင် မောင်မျိုးသန့်က သူ့အတွက် ဘာမှ မတောင်းဘဲ စေတနာသက်သက်နဲ့ လုပ်သွားလို့ နိုင်ငံတော်နဲ့ ပြည်သူ

http://www.dhammadownload.com



နှစ်ဖက်လုံးမှာ အဆင်ပြေခဲ့တယ်။ ဒီအချိန်က မောင်မျိုးသန့်က မြို့နယ် အခွန်ဦးစီးဌာနမှူး၊ တိုင်းအခွန်ဦးစီးဌာနမှူးက မောင်ကျော်ရဲထွန်း။ သူလည်း တို့ရိပ်သာမှာ တရားအားထုတ်နေတဲ့ သူတော်ကောင်းပဲ။

သူတို့နှစ်ယောက် ကောင်းလိုက်တာ မြို့အတွက်ရော၊ နိုင်ငံအတွက်ရော၊ သာသနာအတွက်ရော သုံးဖက်လုံး ကောင်းသွားတယ်။ သူတို့က စေတနာနဲ့ လုပ်ပေးမှန်းသိတဲ့ အခါ တချို့လုပ်ငန်းရှင်တွေကလည်း စေတနာသက်သက်နဲ့ ဖြူဖြူစင်စင်ပေးကြတယ်။ ဖြူဖြူစင်စင်နဲ့ ကူညီ ထောက်ပံ့ပံ့မျိုး နည်းနည်းပါးပါးဆိုရင် သူတို့လက်ခံပါတယ်။

များများစားစား ပေးလာပြီဆိုရင် ဘုန်းကြီးကျောင်းတို့၊ ပရဟိတကျောင်းတို့မှာ လှူဖို့ ဆက်သွယ်ပေးတယ်။ သစ်ညီနောင် ဓမ္မရိပ်သာကျောင်းမုခ်ဦးကြီးဟာ အခွန်ဆောင်တဲ့ လုပ်ငန်းရှင်တစ်ဦးက သူတို့အဆက်အသွယ်နဲ့ လာလှူထားတာပါ။ တို့နဲ့ အရင်က မတွေ့ဖူးပါဘူး။ ဒီအချိန်က တို့ရဲ့ ရွှေပြည်သာရိပ်သာက မြေအကျယ်အဝန်းက ပေ ၄၀ - ၁၂၀ ပဲ ရှိတယ်။ ဒါကြောင့် ရိပ်သာတရားစခန်း မဖွင့်နိုင်ဘူး။

ရန်ကုန်၊ မန္တလေး၊ ရောဝတီဘက်က စာဖတ်ပရိသတ်တွေ၊ တရားနာပရိသတ်တွေက ရန်ကုန်မှာ တရား စခန်း မဖွင့်ဘူးလား။ ဆရာတော်ဆီမှာ တရားစခန်းဝင် ချင်ပါတယ် ဆိုပြီး ဖုန်းလည်း ဆက်ကြတယ်။ စာလည်း ရေးကြတယ်။ မြိတ်နဲ့ကော့သောင်းက တရားစခန်းကျတော့လည်း အဲဒီ

http://www.dhammadownload.com



ဘက်က လူတွေဘယ်လာနိုင်မှာတုန်း။ ဒါကို သိသွားတဲ့ မောင်မျိုးသန့်နဲ့ မသော်တာတို့ဟာ မော်ဘီမြို့နယ်မှာ ရိပ်သာဖွင့်ဖို့ ကျောင်းမြေ ၁၀ ကေအတွက် ငွေသိန်း ၂၀ လှူရှာတယ်။

<u>ရှိလို့မလှူ၊ သိလို့လှူသည်</u>

မောင်ကျော်ရဲထွန်းက ငါးသိန်းလှူတယ်။ အခုဆိုရင် ဟိုကလှူ ဒီကလှူနဲ့ မြေကေ ၅၀ လောက် ဖြစ်သွားပြီ။ အဆောက်အဦတွေလည်း အတော်ပြီးနေပါပြီ။ အံ့ဩစရာကောင်းတာက မောင်မျိုးသန့်တို့၊ မသော်တာတို့ဟာ တို့အတွက် ရိပ်သာဖွင့်ဖို့ကျောင်းမြေအတွက် သိန်း ၂၀ လှူတယ်ဆိုတာ ရှိလို့ မဟုတ်ဘူး။ သိလို့ လှူကြတာ။

သန်း ။ ။ ဘယ်လိုသိလို့ လှူတာလဲ ဘုရား။

နုပ် ။ ။ ဒီလို ကမ္ဘည်းထိုးလို့ မရတဲ့နေရာမျိုးဆိုရင် လှူချင်တဲ့သူ သိပ်မရှိဘူးဆိုတာကို သူတို့က သိလို့ မရှိမဲ့ရှိမဲ့ကြားက လှူကြတာ။ ဒီအချိန်က သူတို့ဟာ ဝန်ထမ်းဘဝနဲ့ တာဝန်ကျရာလျှောက်သွားနေရတာ။ ကိုယ်ပိုင်အိမ်နဲ့ ခြံ သေချာမရှိသေးဘူး။ ဒါကြောင့် ဖြူးမြို့ပေါ်က ခြံနဲ့တိုက်ကို သိန်း ၉၀ ကျော်နဲ့ ဝယ်တာ အကြွေးမကျေသေးဘူးလို့ သိရတယ်။

နောက် သူတို့စီးနေတဲ့ ပါပလစ်ကာ ကားလေးတစ်စီးကိုလည်း လိုတဲ့နေရာ သုံးရအောင်ဆိုပြီး ကျောင်းကို လှူထားကြတယ်။ ခု ဒီကားလေးကြောင့် မော်ဘီရိပ်သာမှာ ရှိတဲ့ယောဂီတွေ၊ သံဃာတွေ၊ ဆေးရုံ ဆေးခန်းသွားတာကအစ အဆင်ပြေသွားတာပေါ့။ သူတို့နှစ်ယောက်မှာ အိမ်မှာ အနေ

http://www.dhammadownload.com



များတဲ့ မသော်တာက စာပိုရေးဖြစ်တယ်။

သူဟာ အရင်တုန်းက နွမ်းပါးတဲ့သူတွေကို ထောက်ပံ့ရကောင်းမှန်းမသိဘဲ တို့နဲ့ တွေ့မှ ထောက်ပံ့ရကောင်းမှန်း သိလာပုံအကြောင်း နှစ်မျက်နှာဆောင်းပါးလေး တစ်ပုဒ် ရေးထားတယ်။ အဲဒါကို နောက်အပတ်ကျမှ ဆက်ပြောမယ်။

## လှူဆဲအချိန် စိတ်ထားပုံ

တချို့က ပေးလှူတဲ့အခါမှာ အလှူပေးပုဂ္ဂိုလ်၊ အလှူခံပုဂ္ဂိုလ်၊ လှူဖွယ်ဝတ္ထုတွေကို ရုပ်နာမ်သင်္ခါရအဖြစ် အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ် လက္ခဏာရေးတင်ပြီး လှူမှ ဉာဏသမ္ပယုတ်ဖြစ်တယ်လို့ ပြောဟောကြတယ်။ အဲဒါကတော့ အဋ္ဌသာလိနီကျမ်းမှာ ဒါနနဲ့စပ်ပြီး ပြောဟောချက်ပါပဲ။ အဋ္ဌသာလိနီမှာ ပြထားတာက ပေးလှူပြီးတဲ့အခါမှာ ''ခယံ၊ ဂစ္ဆိဿတိ၊ ကုန်ခြင်းသို့ရောက်လတ္တံ့။ ဝယံ ဂစ္ဆိဿတိ၊ ပျက်ခြင်း၊ ပျောက်ကွယ်ခြင်းသို့ ရောက်လတ္တံ့''လို့ ဒီလို နှလုံးသွင်းပုံကို ပြထားပါတယ်။ အဲဒါဟာ ပေးလှူပြီးမှ နှလုံးသွင်းပုံပါ။ မလှူခင်က နှလုံးသွင်းပုံလည်း မဟုတ်ပါဘူး။ လှူဆဲမှာ နှလုံးသွင်းပုံလည်း မဟုတ်ပါဘူး။ နောက်ပြီးတော့ အဲဒီလို နှလုံးသွင်းပုံပြထားတာဟာ ဉာဏသမ္ပယုတ်ဖြစ်ရေးအတွက် ပြတာလည်းမဟုတ်ပါဘူး။ ဘာဝနာမယကုသိုလ်ဖြစ်ရေးအတွက် ပြတာပါ။ အကယ်၍ ခယဝယတင်ပြီး လှူမှ ဉာဏသမ္ပယုတ် ဖြစ်တယ်ဆိုရင် သာသနာပမှာလှူတဲ့ အလှူ ဒါနဟူသမျှဟာ

http://www.dhammadownload.com



ဉာဏဝိပ္ပယုတ်ချည်း ဖြစ်တယ်လို့ ဆိုရပါလိမ့် မယ်။ အဲဒီလို မဆိုသင့်တာကတော့ အလွန်ထင်ရှားပါတယ်။

နောက်တစ်ခု စဉ်းစားစရာကတော့ ဘုရားအလောင်းတော် အလှူပေးတဲ့အခါတွေမှာ ခယဝယတင်ပြီး လှူကြောင်း ဘယ်မှာမှ ပြဆိုချက် မရှိဘူး။ မြတ်စွာဘုရား ဟောတဲ့ တရားတော်တွေထဲမှာလည်း အလှူဒါနပြုတဲ့အခါ ခယဝယတင်ပြီး လှူရမယ်လို့ ဘယ်မှာမှ ဟောကြားချက် မရှိဘူး။ အမှန်ရှိတာကတော့ အလှူခံပုဂ္ဂိုလ်ရဲ့ ဂုဏ်တွေ မြင့်မြတ်ရင် မြင့်မြတ်သလောက် အကျိုးကြီးကြောင်း ဟောကြားချက်သာ ရှိပါတယ်။ ဒီတော့ အလှူခံပုဂ္ဂိုလ်၏ ဂုဏ်ကိုသာ အာရုံပြုပြီး စိစစ်ရွေးချယ်ဖို့လိုပါတယ်။ အလှူခံပုဂ္ဂိုလ်လည်း ရုပ်နာမ် တရားမျှ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောမျှဟု တကယ် ထင်မြင်ပါလျှင် ဂုဏ်ရှိအလှူခံ ပုဂ္ဂိုလ်နှင့် ဂုဏ်မဲ့ အလှူခံပုဂ္ဂိုလ် တန်းတူဖြစ်သွားပါလိမ့်မယ်။ အဲဒီတော့ ကြည်ညိုဖွယ် မရှိတဲ့ အတွက် ဒါနကုသိုလ်လည်း ထက်သန်ဖွယ်မရှိ အကျိုးပေး လည်း ထက်သန်ဖွယ် မရှိဖြစ်ပါလိမ့်မယ်။

ဒီနေရာမှာ ခယဝယတင်ပြီး လှူရင် ဝိပဿနာဖြစ်လို့ မဂ်ဖိုလ်နှင့် ပိုပြီးနီးစပ်တယ် မဟုတ်လားလို့ စောဒကတက်ဖွယ်ရှိပါတယ်။ ဝိပဿနာအစစ်ဖြစ်ရင် မဂ်ဖိုလ်နဲ့ ပိုပြီး နီးစပ်တာ မှန်ပါတယ်။ အဲဒီလိုဆိုရင် ပစ္စည်းအကုန်ခံပြီး ပေးလှူနေဖို့ မလိုပါဘူး၊ မလှူဘဲနဲ့ ဝိပဿနာချည်း သက်သက်ရှုနေရင် အဲဒီခယဝယတင်တဲ့ ဝိပဿနာအတု ထက်ပိုပြီး

http://www.dhammadownload.com



မင်္ဂလဗိုလ်နဲ့ နီးစပ်ပါတယ်။ အမှန်ကတော့ ပေးလှူတယ်ဆိုတာ ဝိပဿနာရှုဖို့ ရည်ရွယ်ရင်းမဟုတ်ပါဘူး။ ဒါနကုသိုလ်၏ အကျိုးကို ရည်ရွယ်ပြီး ပေးလှူကြတာသာ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက အလှူဒါနပြုရာမှာ အကျိုးကြီးမြတ်စေနိုင်တဲ့ အလှူခံပုဂ္ဂိုလ်တွေကိုလည်း သံဃေ ဒိန္နံမဟပ္ဖလံ သံဃာအားလှူလျှင် အကျိုးကြီးသည် စသည်ဖြင့် ညွှန်ကြားထားပါတယ်။ နှလုံးသွင်းပုံတွေလည်း သဒ္ဓါယ ဒါနံ ဒေတိ– ကံ ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူသည် စသည် ဖြင့် ညွှန်ကြားထားပါတယ်။ ရုပ် နာမ် အနိစ္စ ဒုက္ခ အနတ္တရှုပြီး လှူရန်ဟောကြားထားတာ မရှိပါဘူး။

*(မဟာစည်ဆရာတော်၏*
*ပဋိစ္စသမုပ္ပါဒ်တရားတော်မှ)*

http://www.dhammadownload.com



## သံသရာလည်စေသောတဏှာ

မာလောနွယ်၏သဘောကိုကြည့်ပါလေ။ လှမ်းမှီရာ သစ်ပင်ကိုငြိတွယ်လွှမ်းမိုး၍ ကြီးပွားလေ့ရှိ၏။ တဏှာသည် မာလောနွယ်နှင့် တူလေသည်။ မေ့မေ့လျော့လျော့ လှည့်လည် နေထိုင်သော သတ္တဝါကို ငြိတွယ်လွှမ်းမိုး၍ ကြီးပွားလေ့ရှိ၏။ သစ်သီးကို အလိုရှိသော မျောက်သည် တောထဲ၌ တစ်ပင်မှ တစ်ပင်သို့ တစ်ကိုင်းမှ တစ်ကိုင်းသို့ ကူးပြောင်းပြေးသွားနေလေ၏။ ထို့အတူ တဏှာတိုးပွားနေသော ထိုပုဂ္ဂိုလ်သည် တစ်ဘဝမှတစ်ဘဝသို့ ကူးကာပြောင်းကာ ကျင်လည်နေရလေ၏။

အရှင်မာလုကျပုတ္တ

*(ဆက္ကနီပါတ် - ၅)*

## စိတ်ကို ဆုံးမနည်းဥပမာ

သင့်အား အမျက်ဒေါသဖြစ်ပေါ်လာခဲ့သော် ကြမ်းတမ်းသော လွှသွားကို ဥပမာတင်၍ ရှုလော့။ အချို့ အချဉ် စသော အရသာ၌ တပ်မက်မှုတဏှာ ဖြစ်ပေါ်လာခဲ့သော် မိမိရင်သွေးငယ်၏ အသားကို စားသောက်ခြင်း ဥပမာတင်၍ ရှုဆင်ခြင်လော့။ သင်၏ စိတ်သည် ကာမဂုဏ်အာရုံတို့၌ ပြေးသွားကျက်စားနေခဲ့သော် စပါးခင်း

http://www.dhammadownload.com



ကို ဝင်ရောက်မွှေနှောက်သည့် နွားဆိုးအား ကြိုးဖြင့် နှောင်တုပ်ကာ တိုင်၌ ချည်ထားသည်ကို ဥပမာတင်၍ ရှုဆင်ခြင်လော။ သင်၏ စိတ်ကို သတိဟူသော ကြိုးဖြင့် သမာဓိဟူသော တိုင်၌ ဖွဲ့ချည်၍ ဆုံးမနှိပ်ကွပ်လေလော။

အရှင်ဖြူဟွဒတ္တ
*(ဆက္ကနိပါတ် - ၁၂)*

နုပ် ။ ။ ကဲ မသော်တာရဲ့ ဆောင်းပါးတိုလေးကို ဖတ်ကြည့်ရအောင်။ ဆောင်းပါးခေါင်းစဉ်က ။ ။ ။ ။ 'မေတ္တာရိပ်အောက် ဝယ်' တဲ့။

ဤကမ္ဘာလောကကြီးတွင် မေတ္တာတရားသည် အထူးပင် အရေးကြီးလေသည်။ မေတ္တာတရားသာ မရှိတော့ပါလျှင်လည်း ဤကမ္ဘာလောကကြီး ပျက်သုဉ်းမည်မှာလည်း အမှန်ပင်ဖြစ်ပေသည်။ မေတ္တာတရား အမှန်တကယ်ရှိလ ပါလျှင် သူတစ်ပါးတို့၏ ကောင်းကွက်များကို အလိုလို ကြည့်တတ်လာပြီး မကောင်းကွက်များကို မကြည့်တော့ခြင်းကြောင့် ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်တွင် ယောနိသောမနသိကာရ (စိတ်ထားကောင်း နှလုံးသွင်းမှန်ကန်မှု) ရှိသူသည် ကုသိုလ်ချည်းသာ ဖြစ်ရသည်ဟု ဟောကြားခဲ့ပါသည်။ မေတ္တာစာတ်ဖြင့် ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် စိတ်လည်း ချမ်းသာရသလို ကုသိုလ်လည်း ဖြစ်ပါသည်။ ဒေါသစာတ်ဖြင့် မကောင်းကွက်ကိုသာ ကြည့်ပါလျှင် စိတ်လည်း ဆင်းရဲရသလို အကုသိုလ်လည်း ဖြစ်ရသည်။ ထိုဒဿန လေးကို အမြဲလက်ကိုင်ထားကာ ကိုယ်တွေ့ကျင့်ကြံ အားထုတ်နေသော ဆရာတစ်ဆူ(မေတ္တာရှင်)ကို ဘဝတွင်တွေ့ရှိခဲ့ရသည့်အချိန်မှ

http://www.dhammadownload.com



စတင်ကာ ကျွန်မ၏ ဘဝလေးသည် ဒေါသဓာတ်အားကောင်းရာမှ အပြောင်း လဲကြီး ပြောင်းလဲခဲ့ရပါတော့သည်။ ထိုဆရာအရှင်မြတ်၏ မေတ္တာရိပ်အောက်ဝယ် ခိုလှုံခဲ့သည့်အချိန်မှ စ၍ ဒေါသမင်းနှင့် အမြဲ စစ်ခင်းခဲ့ရသော ကျွန်မဘဝ မလှမပလေးသည် တစစနှင့် နူးညံ့သိမ်မွေ့ လာကာ မေတ္တာထားတတ်လာပါသည်။ ကရုဏာ ထားတတ်လာပါ သည်။ လောကအကျိုး သယ်ပိုးလိုစိတ်များ တိုးပွားလာပါတော့သည်။

စိတ်ထားကောင်း နှလုံးသွင်းမှန်ရှိသူ မေတ္တာတရား၊ ကရုဏာ တရားအားကောင်းလွန်းသူ ဆရာအရှင်မြတ်ကြောင့်လည်း ကျွန်မမှာ မိမိမပြုဖူးသေးသော ကောင်းမှုကုသိုလ်များ တိုးလာကာ စိတ်ထား ကောင်းများလည်း အတော်တိုးတက်ခဲ့ပါသည်။ နဂိုကဆိုလျှင် ကျွန်မမှာ မလှူတတ် မတန်းတတ်ဟု ပြောရမည်ထင်ပါသည်။ အကြောင်းကား ဘုရားနှင့်သံဃာအရှင်မြတ်များကို လှူမှသာ အကျိုးကြီးသည်ဟု ခံယူ ထားခြင်းကြောင့်ဖြစ်ပါသည်။ သံသရာတစ်ခွင်မှာ အသေမျော မျော နေရဦးမည့် ထိုအတွေးများကို ဆရာအရှင်သည် ပါရမီထိုက်သော ကုသိုလ်မျိုးကို ကိုယ်တွေ့ကျင့်ပြခြင်း၊ လက်တွေ့ကျင့်စေခြင်းဖြင့် ငါ ကောင်းစားရေးမပါစေဘဲ လောကအတွက် အများအကျိုးအတွက် လိုအပ်ရာတို့ကို လှူဒါန်းစေခဲ့ပါသည်။

## နေက္ခမ္မပါရမီဖြည့်နည်း

ငါ့အတွက် မရည်ရွယ်ဘဲ လောကအတွက် အများအတွက်ပြု လျှင် ပါရမီကုသိုလ်ဖြစ်သည်။ လောကအတွက် သူတစ်ပါးအတွက် ဆိုသည်နှင့် တစ်ပြိုင်နက် မိမိအတွက် တပ်မက်ခြင်းလောဘကို အလို လိုပယ်စွန့်ပြီးသားဖြစ်ရလေသည်။ ယင်းကိုပင် နေက္ခမ္မပါရမီဟု ဆိုပါ

http://www.dhammadownload.com



သည်။ ပါရမီဆယ်ပါးတွင် နေက္ခမ္မပါရမီသည် အရေးကြီးဆုံးဟု ဆိုရပေမည်။ နေက္ခမ္မပါရမီ ဝင်လိုက်သည်နှင့် ကောင်းမှုပြုတိုင်း သူတစ်ပါးကောင်းစားဖို့ရန် ဦးတည်လိုက်ခြင်းကြောင့် ငါကောင်းစားရန်ဟူသော ဒိဋ္ဌိနှင့်လောဘကို အလိုလိုပယ်သတ်ပြီးသား ဖြစ်သွားရပါသည်။

မိမိတို့ထက် ဆင်းရဲနွမ်းပါးနေသူများ အကူအညီ လိုအပ်နေသူများကို အတတ်နိုင်ဆုံး ဂရုစိုက်စောင့်ရှောက် ကူညီလျှက်ရှိသော ဆရာအရှင်သည် မေတ္တာတရား၊ ကရုဏာတရား အားနည်းသေးသော ကျွန်မကို ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ကျင့်သုံးစေခြင်းဖြင့် သူတော်ကောင်းဘဝ ရောက်ရှိစေရေးအတွက် နည်းမျိုးစုံဖြင့် လမ်းပြသွန်သင်ပေးခဲ့ပါသည်။ တစ်ခါက မြိတ်မြို့နယ်၊ ကျောက်ဖြူတောင်ရွာ အတွင်းမှ အိမ်တစ်အိမ် မီးလောင်ခဲ့သည်။ ထိုအိမ်ရှင်သည် မုဆိုးမဖြစ်သည်။ ဆရာတော်သည် သူ့တွင် ရှိသမျှ ငွေသုံးသောင်းလုံးကို ၎င်းမုဆိုးမအား အိမ်ပြန်ဆောက်ရန် ထောက်ပံ့ကူညီခဲ့သည်။ (၂၀၀၄ ဝန်းကျင်ခန့်) ကျွန်မတို့ ဖနီးမောင်နှံကိုလည်း တတ်နိုင်သမျှ လှူခိုင်းခဲ့သည်။ ကျွန်မမှာ ဆရာကို ကြည်ညို၍သာ လှူလိုက်ရသည်။ ဘာပီတိမှ ဖြစ်မလာပါ။ ဆရာကတော့ ဝမ်းသာအားရနှင့် အေးမြကြည်လင်သောအပြုံးတို့နှင့် ကျွန်မကို ကိုယ်တိုင်ကိုယ်ကျ မိမိလက်နှင့် လှူခိုင်းပါသည်။ မေတ္တာကရုဏာအားနည်းသေးသော မိမိကသာ ဘာခံစားမှုမှ မရှိသော်လည်း မေတ္တာ ကရုဏာအားကောင်းလှသော ဆရာ့အပြုံးကိုတော့ ယနေ့တိုင်မမေ့နိုင်ခဲ့ပါ။ ထိုအပြုံးလေးမှ ခွန်အားသတ္တိများကိုတော့ ရခဲ့ပါသည်။ ထိုခွန်အားသတ္တိများသည် ယခုအချိန်တွင်တော့ မေတ္တာကရုဏာအားများ တိုးပွားလာစေကာ မိမိသည်လည်း မိမိစွမ်းနိုင်သလောက်

http://www.dhammadownload.com



နွမ်းပါးသူတို့အား ဒါနပြုတတ်နေလေပြီ။ ထို့ကြောင့်သာပင် ဆရာအရှင်က ရတနာသုံးပါး၌သာမက ဆင်းရဲနွမ်းပါးနေ သူများအပေါ်၌လည်း ပေးလှူတတ်ပါက အမြင့်မြတ်ဆုံးပါရမီကုသိုလ်မျိုးရကြောင်း လက်တွေ့ ကျင့်သုံးစေခြင်းဖြင့် သံသရာမှ လွတ်မြောက်ရာနည်းလမ်းတစ်ခုကို ပြသခဲ့သည်။

ထိုမေတ္တာ ကရုဏာများကို အစဉ်တန်ဖိုးထားရင်း ဆရာ့ကျေးဇူးကို နေ့စဉ် ဦးညွှတ်ရပါသည်။ ဒါနပြုရာတွင် မိမိတို့ထက် မြင့်မြတ်သူအား လှူပါက ပူဇော်သည် မည်ပါသည်။ တန်းတူသူအား လှူပါက ကူညီသည်မည်ပါသည်။ မိမိထက် နိမ့်ကျသူအား လှူပါက ချီးမြှောက်သည် မည်ပါသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ဥတ္တမပုရိသ ဒီပနီထဲတွင် အကျိုးလိုလားစိတ်ဖြင့် အလှူခံပုဂ္ဂိုလ် အယုတ်အမြတ် ရွေးချယ်မှု၊ အကျိုးကြီးသော အလှူခံကို ရွေးချယ်မှုတို့သည် ပါရမီကုသိုလ်မျိုးမဟုတ်။ အကျိုးကို အလေးမထား။ လှူဒါန်းမှုကိုသာ အလေးဂရုပြုခြင်းသည်သာလျှင် ပါရမီကုသိုလ်မျိုးဖြစ်သည်ဟု မိန့်တော်မူထားခဲ့ပါသည်။

ဒါနပြုခြင်းသည် လောကကို ကျေးဇူးဆပ်ခြင်းပင် ဖြစ်သည်။ ထိုလောကထဲတွင် ဂုဏ်ရှိ၊ ဂုဏ်မဲ့၊ လူချမ်းသာ၊ လူဆင်းရဲအားလုံး ပါသည်သာဖြစ်သည်။ ထိုပုဂ္ဂိုလ်အားလုံးကို မိမိစွမ်းအားရှိသမျှ ပံ့ပိုးသင့်ကြောင်းကို ဆရာကြီးဦးရွှေအောင်က ကုမ္ဘယောသကအကြောင်း ဆောင်းပါးတွင် ယခုလို ရေးသားခဲ့သည်။

## လောကကို ကျေးဇူးဆပ်နည်း

ဤလောက၌ လူတို့သည် ရည်မှန်းချက်ရှိသူများလည်း ရှိကြ၏။

http://www.dhammadownload.com



ရည်မှန်းချက်မရှိဘဲ ပေါ့ပေါ့တန်တန်နေသူများလည်း ရှိကြ၏။ ရည်မှန်းချက်မရှိဘဲ ပေါ့ပေါ့တန်တန် နေသူများသည် သူဌေးဖြစ်ဖြစ် ဆင်းရဲသားဖြစ်ဖြစ် ရခဲလှစွာသော လူ့ဘဝကို အကျိုးမဲ့ အချည်းနှီးဖြုန်းတီးနေသူများ ဖြစ်ကြ၏။ အမှန်အားဖြင့် လူ့ဘဝဟူသည် မိမိအတွက် စားရရုံ၊ သောက်ရရုံ၊ ပျော်ရွှင်ရရုံမျှသာ အနက်ရှိသည် မဟုတ်။ လူ့ဘဝဟူသည် ထိုမျှလောက်သာ အနက်ရှိသည်ဆိုပါက ရှေးခေတ်မိစ္ဆာဒိဋ္ဌိ(စာရ်ဝက)ဂိုဏ်း၏ အဆိုအမိန့်ကို လိုက်နာရာ ရောက်၏။ လူ့ဘဝဟူသည် ပျော်ရွှင်စရာ ကောင်းလှသော ကစားကွင်းသဖွယ်ဖြစ်၏ ဟူ၍ စာရ်ဝက ဂိုဏ်းသားများက ဆိုကြ၏။ လူ့ဘဝ၏ အနှစ်သာရကား ကတညုတကတဝေဒီ မင်္ဂလာတရားတော်အရ ပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ကျေးဇူးဆပ်ရန်ပင်ဖြစ်၏။ ပတ်ဝန်းကျင်တွင် သက်ရှိသက်မဲ့အားလုံး ပါဝင်၏။ ပတ်ဝန်းကျင်ကို အနိုင်ကျင့်၍လည်း ရ၏။ ပံ့ပိုး၍လည်း ရ၏။ ပတ်ဝန်းကျင်ကို အနိုင်ကျင့်သူသည် သစ္စာမဲ့သူဖြစ်၏။ ကျေးဇူးမဲ့သူဖြစ်၏။ မိမိ၏ ဘဝရှင်သန်နေခြင်းသည် ပတ်ဝန်းကျင်က တစ်နည်းနည်းဖြင့်ပံ့ပိုးပေးနေသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ပတ်ဝန်းကျင်ကို ပြန်လည်၍ ကျေးဇူးဆပ်ရန် တာဝန်ရှိ၏။ ဤသို့ ကျေးဇူးဆပ်ခြင်းကို မင်္ဂလာဟူ၍ ဆိုရ၏။ သက်ရှိပတ်ဝန်းကျင်ကို အုပ်စုခွဲလိုက်လျှင် မိမိထက်မြတ်သူလည်း ရှိ၏။ မိမိနှင့် တန်းတူလည်း ရှိ၏။ မိမိထက်နိမ့်သူလည်းရှိ၏။ ထိုသုံးဦးလုံးပင် မိမိဘဝရှင်သန်ရေးအတွက် သူ့နည်းနှင့် သူကျေးဇူးပြုနေသူများဖြစ်ကြ၏။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ကျေးဇူးဆပ်သောအခါ မိမိထက် မြင့်မြတ်သူများကို ပူဇော်သောအားဖြင့် ဆပ်ရ၏။ မိမိနှင့် တန်းတူများကို ကူညီပံ့ပိုးသောအားဖြင့်

http://www.dhammadownload.com



ဆပ်ရ၏။ မိမိထက်နိမ့်ကျသူများကို ချီးမြှောက်သောအားဖြင့် ဆပ်ရ၏။ ဤသည်မှာ သက်ရှိပတ်ဝန်းကျင်အပေါ် ပြန်လည်၍ ကျေးဇူးဆပ်နည်း ဖြစ်၏။

သက်မဲ့ ပတ်ဝန်းကျင်ကိုမူ ပြုစုပျိုးထောင်သောအားဖြင့် ဆပ်ရ၏။ ထိုသို့ကျေးဇူးဆပ်ရာတွင် သဒ္ဓါတရားနှင့်တကွ တက်တက်ကြွကြွ ရှိဖို့လည်းလို၏။ ယဉ်ကျေးသိမ်မွေ့ဖို့လည်း လို၏။ တရားနှင့်အညီ အသက်မွေးဖို့လည်း လို၏။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ဖို့ လည်း လို၏။ ထိုအခါ ထိုသူ၏သန္တာန်၌ စစ်မှန်သော ဥစ္စာရတနာ သည် အရိပ်ပမာ ကောက်ကောက်ပါ၏။ ထိုသူတော်ကောင်းတို့၏ ဥစ္စာရတနာခုနစ်ပါးကို ပိုင်ဆိုင်ထားသူအတွက် ကုဋေလေးဆယ်သည် ပြောပလောက်သော ဥစ္စာရတနာများ မဟုတ်တော့ပေ။

ဤကား ဆရာကြီးဦးရွှေအောင်၏ ဖွင့်ဆိုချက်ပင် ဖြစ်ပါသည်။ ဆရာကြီး၏ ဖွင့်ဆိုချက်အတိုင်း ကျွန်မတို့တွင် ဥစ္စာစည်းစိမ်ဆို၍ ခြံဝင်းတစ်ဝင်းနှင့် ကားတစ်စီးသာ ရှိပါသည်။ သို့သော် ဆရာကောင်း ကို ရရှိခဲ့သောကြောင့် ကျွန်မတို့တွင် သံသရာတစ်လျှောက် သုံး၍ မကုန်နိုင်သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိဩတ္တပ္ပ ဟူ သော သူတော်ကောင်းဥစ္စာများကား မရေမတွက်နိုင်အောင် ချမ်းသာ နေပါပြီ။ ဆရာကောင်းကို ရရှိခြင်း၊ မေတ္တာရိပ်ခိုလှုံခွင့် ရရှိခဲ့ခြင်းကြောင့် အကန်းပုထုဇဉ်ဘဝမှ လွတ်မြောက်ခဲ့ရသော ကျွန်မသည် အေးမြသော ဆရာ့မေတ္တာရိပ်အောက်ဝယ် အစဉ်ခိုလှုံရင်း မိမိတတ်နိုင်သမျှ တတ် စွမ်းသမျှ အများအကျိုး၊ သာသနာ့အကျိုးအတွက် ကြိုးစားသွားမည် ဟု ခိုင်မာသော ဆုံးဖြတ်ချက်များနှင့်အတူ အနာဂတ်ခြေလှမ်းများ

http://www.dhammadownload.com



သည့်လည်း လှုပလာမည်မှာ သေချာပါသည်။

မေတ္တာရှင် ရွှေပြည်သာ၏တပည့်
မသော်တာ

## ခါးပြတွေ ဝေစုခွဲတဲ့နေရာ

သန်း ။ ။ ဟာ ...တော်တော်ကောင်းတာပဲဘုရား။ အမျိုးသမီး တစ်ယောက်က ဒီလို နက်နက်နဲနဲရေးနိုင်ဖို့ မလွယ်ဘူး ဘုရား။ သူ့ဆောင်းပါးကို ဖတ်ကြည့်ရတာ ဆရာတော် မြိတ်မှာနေ တုန်းက သူတစ်ပါးမလုပ်ချင်တဲ့ ပရဟိတ အလုပ်တွေ၊ အလှူ တွေ တော်တော်လုပ်ခဲ့ လှူခဲ့တယ် ထင်တယ်ဘုရား။

နုပ် ။ ။ သေချာတာပေါ့။ အဲဒီကျောက်ဖြူတောင်ရွာဆိုတာ အရင် က ခါးပြတွေ ဝေစုခွဲတဲ့နေရာပဲ။ တို့ကျောင်းတည်တဲ့ နေရာ ဟာ ခါးပြတွေရဲ့ အဓိကကျတဲ့ နေရာပေါ့။ အရင်က လမ်းပမ်း ဆက်သွယ်ရေးလည်း မကောင်း၊ အလုပ်ကောင်းကောင်း လည်း မရှိဆိုတော့ ဒီရွာကလူတွေဟာ တော်တော် ဆင်းရဲကြ တယ်။ ပြောသာပြောတာ ဒီအချိန်က ငါလည်း ဆင်းရဲတာပါပဲ။

ဒီလောက် ဘုန်းမကြီးသေးပါဘူး။ ဘုရားတန်ခိုး၊ တရားတန်ခိုးကြောင့်သာ အဲဒီလောက် ခေါင်တဲ့နေရာမှာ အောင်မြင်အောင် သာသနာပြုနိုင်ခဲ့တာ။ ရွာထဲက မူလတန်း ကျောင်း မနေနိုင်တဲ့ကလေးတွေ ငါက ကျောင်းစရိတ်စိုက် ထုတ်ပေးတယ်။ ရွာထဲက အဘိုးအို အဘွားအိုတွေ ရောဂါဖြစ် ရင် ငါပဲ ဆေးကုသစရိတ် ထုတ်ပေးလိုက်တယ်။ ဒေါ်စိန်ဆိုတဲ့ အဘွားတစ်ယောက်ဆိုရင် အဆုတ်တီဘီရောဂါဖြစ်ရှာတာ။

http://www.dhammadownload.com



ငါ့မှာ လနဲ့ချီပြီး တီဘီဆေးဖိုးရော၊ ခါတ်စာရော၊ အားဆေးရော ထောက်ပံ့ပေးရတယ်။ ဆေးကောင်းဝါးကောင်း နဲ့ ကုပေးတော့ သူတို့အားလုံးက သေတော့မယ်လို့ ထင်ထားတဲ့ ဒေါ်စိန်ဟာ အခုအချိန်မှာတော့ ဒေါင်ဒေါင်မြည်ဖြစ်နေပြီ။ သူတို့နေရာမှာ ရော်ဘာစေးခြစ်တဲ့ အလုပ်တစ်ခုပဲ ရှိတယ်။ ဆင်းရဲတော့ ရော်ဘာစေးတွေကို ခိုးရောင်းကြတယ်။ အဲလို ခိုးရောင်းလေ ဆင်းရဲလေပဲ။

ခိုးတတ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်ဘဝရောက်ရောက် ဆင်းရဲမယ်လို့ ဘုရားဟောက ရှိထားတာကိုး။

*ဥစ္စာစည်းစိမ် ဆင်းရဲလို့ အပါယ်မကျဘူး*
*ကိုယ်ကျင့်သီလဆင်းရဲမှ အပါယ်ကျတာ၊*
*ဥစ္စာစည်းစိမ် ဆင်းရဲလို့ ဘယ်ပညာရှိ*
*သူတော်ကောင်းမှ အထင်မသေးဘူး၊*
*ကိုယ်ကျင့်သီလဆင်းရဲမှ အထင်သေးတာ။*

ဆိုတဲ့ ဒသနလေးကို သူတို့ရင်ထဲရောက်အောင် သေချာ ဟောပေးရတယ်။ ညတရားပွဲရှိပြီဆိုရင် ငါကိုယ်တိုင် ကားသုံးလေးစီးငှားပြီး သူတို့တစ်ရွာလုံးကို တရားနာ လိုက်စေတယ်။ အခုတော့ ခိုးတဲ့အကျင့် တော်တော်ပျောက်သွားပြီ။ တစ်ခါကလည်း လေပြင်းတိုက်ပြီး ဆင်းရဲသား အိမ်တစ်လုံး ပြိုကျသွားတယ်။ အဲဒီဒကာမကြီးကတော့ တစ်ခုလပ်လို့ ပြောရမယ်။ သူ့ယောက်ျားနဲ့ ကွဲနေတာကြာပြီ။

သားသမီးလေးယောက်နဲ့ ဖြစ်သလို ကုန်းရုန်းလုပ်စား

http://www.dhammadownload.com



နေရှာတာ။ သမီးလေးတစ်ယောက်က အပျိုဖြစ်နေပြီ။ သူတို့ဟာ အိမ်ကိုပြန်ဆောက်နိုင်စွမ်းလည်း မရှိဘူး။ အဲဒါ ငါက အိမ်တစ်လုံးပါတဲ့ ခြံလေးတစ်ခြံဝယ်ပေးလိုက်တယ်။ ရာဘာတောထဲမှာ အဆင်ပြေသလို ဆောက်နေကြတာဆိုတော့ မြေဈေးက မကြီးပါဘူး။ သူတို့မိသားစု ၅-ယောက် နေနိုင်ရုံ အိမ်တစ်လုံးရော၊ မြေရောမှ နှစ်သောင်းငါးထောင်ပဲ ပေးရတယ်။ ၂၀၀၂- ခုနှစ်လောက်ကဆိုတော့ ငွေတော့ အခုထက် တန်ဖိုး ရှိသေးတာပေါ့။

ငါ ဘုရားတော့ တစ်ဆူမှ မတည်ဖူးသေးဘူးကွ။ ဒါပေမဲ့ အဲသလို ဒုက္ခရောက်တဲ့သူတွေကို အိမ်နဲ့ ခြံဝယ် ဝယ်ပေးတာတော့ ၂၂- လုံးလောက်ရှိပြီ။ အတိအကျတော့ မှတ်မထားမိဘူး။ ၂၀၀၉- ခုနှစ်၊ လေးလပိုင်းကလည်း မန္တလေးမြို့ စိန်ပန်းရပ်ကွက်ထဲက တစ်ချိန်က တို့ရဲ့ ဆွမ်းအလှူရှင် ဒကာမတစ်ယောက်ဟာ အိမ်ပေါင်ပြီး ဆုံးတော့ မလိုဖြစ်နေလို့ သိန်း၄၀- နဲ့ ရွေးပေးလိုက်တယ်။

<u>မြန်မာတွေရဲ့မကောင်းကျင့်</u>

ဒီလိုကူညီဖို့ ကြုံလာရင်တော့ သေချာဆန်းစစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာတွေရဲ့ မကောင်းတဲ့ အကျင့် တစ်ခုက အလကားသာရမယ်ဆိုရင် ရေကိုတောင် သေအောင် သောက်ချင်တဲ့ အကျင့်ရှိလို့ပဲ။ ဒီဒကာမဟာ ကံဆိုးရှာတယ်။ သူ့ယောက်ျားကလည်း နာတာရှည်ရောဂါစွဲပြီး အလုပ်မလုပ်နိုင်တော့ဘူး။ သူ့ ဈေးရောင်းတာလေးတစ်ခုနဲ့

http://www.dhammadownload.com



ထမင်းစားနေရတာ။

သူတို့မှာ သားသမီးလေးယောက်ရှိတယ်။ ဒီသားသမီးလေးယောက်ရဲ့ ပညာရေးစရိတ်ကလည်း ဘယ်သေးမလဲ။ ဒီကြားထဲက ကလေးနှစ်ယောက်က မကျန်းမမာ ဖြစ်တော့ ဆေးကုလိုက်ရတာ ရှေးရင်းပါပြုတ်သွားတယ်။ နောက်ထပ်ဈေးမရောင်းနိုင်ရင် ဘာနဲ့သွားစားမလဲ။ ဒီတော့ ၁၅–ကျပ်တိုးနဲ့ ငွေဆယ်သိန်းချေးတယ်။ အတိုးကို အလျှင်မီအောင် ဆပ်နေရတာနဲ့ စားဝတ်နေရေးကို မလောက်ချင်တော့ဘူး။

ဒီကြားထဲ အကြီးဆုံးသားလေးက ဆယ်တန်းရောက်လာပြီဆိုတော့ ကျူရှင်စရိတ် ငါးသိန်းက မဖြစ်မနေ လိုလာတယ်။ နောက်ထပ် ဒီအတိုင်း ချေးလို့ မရတော့ဘူးလေ။ ဒါကြောင့် သူတို့အိမ်နဲ့ ခြံကိုပေါင်လိုက်ရတယ်။ အတိုးက နှစ်ဆတက်လာတော့ သူ့ဝင်ငွေနဲ့ အတိုးမှန်မှန် မသတ်နိုင်တော့ဘူး။ အတိုးသတ်ရမယ့် လကုန်၂၂–ရက်နေ့ရောက်တော့မယ်ဆိုရင် သူ နေမကောင်းတော့ဘူး။ ရင်ထဲက လှပ်လှပ် လှပ်လှပ်နဲ့ ဖြစ်လာတယ်။

ဒါ နှလုံးရောဂါဖြစ်ဖို့ စတာကွ။ တစ်ခါတော့ ဈေးဝယ်ပြီးပြန်အလာ အဲဒီနေ့က ၂၂–ရက်နေ့ဆိုတော့ အတိုးသတ်ရမယ့်ရက်။ သူ့မှာ အတိုးမသတ်နိုင်တာ ရှစ်လ ကျော်သွားပြီဆိုတော့ အတိုးက အရင်းဖြစ်ပြီး ဆပ်ရမယ့် ပမာဏက ပိုများလာတာပေါ့။ သူဟာ ဒီအတိုးတွေ မဆပ်နိုင်ရင် သူတို့အိမ်လေးထိုးပေးရတော့မှာကို တွေးပြီး လမ်းဘေးမှာ သတိ

http://www.dhammadownload.com



လစ်ပြီး လဲကျသွားတယ်။ မြင်တဲ့သူတွေကလည်း သူ့ကို ဘယ်သူမှလာပြီး မကူညီရဲကြဘူး။

သန်း ။ ။ လူတစ်ယောက်ဒုက္ခရောက်နေတာ ဘာပြုလို့ မကူညီရဲကြတာလဲ ဆရာတော်။

နုပ် ။ ။ မြန်မာပြည်က တချို့ကလည်း ဘယ်လိုဟာတွေလည်း မသိပါဘူးကွာ။ ဥပမာကွာ ကားတိုက်လို့ လူတစ်ယောက် သတိလစ်သွားတယ် သို့မဟုတ် ဒဏ်ရာ ရသွားတယ်ဆိုရင် ရဲမလာမချင်း ဘယ်သူမှ မကူညီရဲကြဘူး။ ရဲမလာခင်ကူညီမိရင် ထောင်များချသလားမသိဘူး။ ကူညီချင်သော်လည်း တချို့က အမှုပတ်မှာစိုးတော့ မကူညီရဲကြဘူးပေါ့။

## မကူညီရဲခြင်းအကြောင်း

၂၀၀၇- ခုနှစ်လောက်က ကမာရွတ်ဘူတာရုံလမ်းထဲမှာ ဒိုင်နာကားတစ်စီး ဘရိတ်ပေါက်ပြီး ဈေးသည်အမျိုးသမီးတစ်ယောက်ကို ခါးကနေ ဖြတ်ကြိတ်သွားတယ်။ ဗိုက်လိုအပျော့နေရာ ကြိတ်သွားတာဆိုတော့ အမျိုးသမီးဟာ ဒဏ်ရာသာရတာ။ မသေဘူး။ ဒါကြောင့် သူဟာ ပက်လက်ကနေပြီး ဘေးကဝိုင်းကြည့်နေတဲ့သူတွေကို အော်ဟစ်ပြီး အကူအညီတောင်းတယ်။ သူ မသေသေးပါဘူး။ သူ့ကို ဆေးရုံပို့ပေးကြပါလို့ အော်ပေမယ့် ဘယ်သူမှ ဆေးရုံပို့မပေးရဲကြဘူး။ အမှုပတ်မှာစိုးတော့ ဒီတိုင်းပဲ ကြည့်နေကြတယ်။ ရဲလာအောင်စောင့်ကြတာပေါ့။ ရဲက ကားကြိတ်မှုဖြစ်ပြီး နှစ်နာရီကျော်လောက်ကြာမှ ရောက်လာတယ်။ အဲဒီအချိန်မှာ အမျိုးသမီးက

http://www.dhammadownload.com



သေသွားရှာပြီ။

"အကယ်၍ ဖြစ်ဖြစ်ချင်းသာ ဆေးရုံပို့နိုင်မယ်ဆိုရင် ဒီအမျိုးသမီးဟာ အသက်ရှင်ခွင့်ရှိရင် ရှင်ရဦးမယ်။ အခုလို ကားကြိတ်ခံရတဲ့ နေရာမှာပဲ နှစ်နာရီကျော် ရဲလာတဲ့အထိ ပစ်ထားတော့ အသက်ရှင်ခွင့်ရှိတာတောင် မရှင်နိုင်တော့ဘူး ပေါ့။ အခုလည်း ဒီဆွမ်းဒကာမ လမ်းဘေးမှာ နှလုံးကိုထိခိုက် ပြီး သတိလစ်လဲနေတာကို သေနေတာလို့ ထင်ပြီး အမှုပတ်မှာ စိုးလို့ မကူညီကြတာ နေမှာပေါ့။

အဲဒီအချိန်မှာ မိုးရွာချလာပြီး သူ့တစ်ကိုယ်လုံး စိုရွှဲသွား မှ သတိပြန်ရလာတယ်။ လဲကျတုန်းက ကျောက်ခဲတစ်ခဲနဲ့ ခိုက်မိလို့ သူ့နဖူးကွဲသွားတယ်။ သတိပြန်ရတော့ သူ့နားမှာ ဘယ်သူမှမရှိဘူး။ ဒါကြောင့် သူဘာသာအားယူ ထပြီးအိမ်ကို ပြန်ခဲ့တယ်။ သူဟာ သူ့ဘေးကနေ တဝေါဝေါ ဖြတ်သွားနေ တဲ့ ကားတွေကိုကြည့်ပြီး ကားရှေ့လှဲချပြီး တစ်ခါတည်း ကိစ္စ တုံးလိုက်ရရင် ကောင်းမလားလို့ စဉ်းစားမိသွားတယ်။

## ကားကြိတ်ခံချင်သူ

ဒါကြောင့် ရှေ့ဆက်မသွားတော့ဘဲ ကားလမ်းဘေး အနီးဆုံးနေရာကို ကပ်သွားတယ်။ ဒီတစ်ခါ အရှိန်ပြင်းပြင်း ကားတစ်စီးလာရင် ပစ်လှဲချပြီး သေဖို့ သူဆုံးဖြတ်လိုက်ပြီ။

သန်း ။ ။ တကယ်များ လှဲချလိုက်သလားဘုရား။

နုပ် ။ ။ အင်း ...မိဘမေတ္တာဟာ တော်တော်အံ့ဩဖို့ကောင်း တယ်။ သူ့ရဲ့သားသမီး လေးယောက်မျက်နှာတွေ အစီအရီ

http://www.dhammadownload.com



ပေါ်လာတာနဲ့ သတ်မသေဖြစ်တော့ဘူး။ လူမမာဖခင်နဲ့ ဒီ ကလေး လေးယောက် ဘယ်လိုများနေကြမလဲဆိုတာ တွေးမိလို့ သူဟာသတ်သေမယ့် အစီအစဉ်ကို ဖျက်လိုက်တာ။ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း ဆိုတဲ့ စကားပုံအတိုင်း အတိုးသတ်ရမယ့် ၂၂-ရက်နေ့ ရောက်တော့မယ်ဆိုတာနဲ့ သူ့နှလုံးဟာ အသက်ရှူလို့ မဝတော့ဘူး။

ဒါနဲ့ပဲ နှလုံးရောဂါဖြစ်လို့ ရန်ကုန်မှာ ဆေးသွားကုရတယ်။ သုံးလေးလလောက် ဘာအလုပ်မှ မလုပ်နိုင်တော့ဘူး။ သူ ဆေးရုံကလည်းဆင်းလာရော အကြွေးရှင်တွေက ရာဇသံပေးလာပြီ၊ ဒီဆယ်ရက်အတွင်း ဆပ်ရင်ဆပ်၊ မဆပ်ရင် ကျန်တဲ့ငွေ နည်းနည်းအမ်းပေးမယ်။ အိမ်ပေါ်က ဆင်းပေးပါ ဆိုတဲ့ ကြေညာချက်ပါပဲ။ ဒီအချိန်မှာ တို့ဟောတဲ့ ဗီစီဒီလေး တစ်ချပ် နားကြားရပြီး တို့ဟာ သူတို့အိမ် ငယ်စဉ်က ဆွမ်းခံကြွခဲ့တဲ့ ကိုယ်တော်ဆိုတာ သိသွားတာ။

အိမ်သာထိုးအပ်ပြီးရင်တော့ တပည့်တော် တောင့်မခံနိုင်တော့ဘူး။ သတ်သေဖို့ ဆုံးဖြတ်ထားတယ်လို့ အဲဒီ ဒကာမကြီးက ငါ့ကို နောင်တစ်ချိန်မှာ ပြောပြတယ်။ တကယ်တော့ ငါ သူတို့အိမ်ကို ရွေးပေးတယ်ဆိုတာ အိမ်လှူတာတင်မကပါဘူး။ အဲဒီဒကာမကြီးရဲ့ အသက်ကိုပါ ကယ်လိုက်တဲ့ သဘောပါပဲ။ ကျောက်ဖြူတောင်ရွာက လူတွေအကြောင်းကို ပြန်ဆက်မယ်။

တစ်ခါ အဲဒီရွာက ဒေါ်တင်လှိုင်အမည်ရှိတဲ့ ဒကာမ

http://www.dhammadownload.com



ကြီးတစ်ယောက်ရဲ့ ညာဘက်လက်ခုံပေါ်မှာ အသားပို ဘု ကြီးတစ်ဘု ဖြစ်နေတယ်။ ဘုကြီးက ကွမ်းသီးသုံးလုံးစာ လောက်ထိကြီးလာတော့ ဒကာမကြီးဟာ လူတောထဲဆိုရင် ဉပုသ်တောင် လာမစောင့်ရဲရှာဘူး။ ရှက်ရှာတာပေါ့။ ငါ တစ်ပါး တည်းရှိတဲ့အချိန် ရှာလာပြီး သီလယူရှာတယ်။ သူ့မှာ ခင်ပွန်း လည်း မရှိတော့ဘူး။ မြေးလေးသုံးယောက်နဲ့ ရော်ဘာစေး ခြစ်စားတာ။

၂၀၀၂ ခုနှစ်လောက်က အပြင်ဆေးခန်းမှာ အဲဒီလို အဆိကြိတ်မျိုး ခွဲတာ သုံးသောင်းခွဲလောက် တောင်းတယ်။ ခွဲပြီးရင် တစ်လလောက် အလုပ်မလုပ်ရဘဲ နားရမယ်။ ဒီလို နားရင် သူတို့ မြေးအဘွားလေးယောက် ဘယ်လိုလုပ်ပြီး ထမင်းစားရတော့မလဲ။ ဒီတော့ ငါမှာ သူ့အတွက် ခွဲစိပ်ခတင် မကဘူး။ တစ်လစာထမင်းစရိတ်ပါ ရအောင် လေးဉပုသ် လောက် စုရတယ်။ ဉပုသ်သီလပွဲမှာ ရတဲ့မွေပူဇာငွေလေး စုပြီး သူ့လက်က ဘုကြီးကို ခွဲစိပ်ပေးလိုက်တယ်။ ခွဲစိပ်ခက သုံးသောင်းခွဲ၊ သူတို့ မြေးအဘွား တစ်လစာ စားစရိတ်က တစ်သောင်းခွဲ။ စုစုပေါင်း ငါးသောင်းလှူလိုက်ရတာပေါ့။ အဲဒီ အချိန်တုန်းက မြိတ်ရိပ်သာ ကျောင်းဟာ တည်ထောင်ကာစ ဆိုတော့ လိုတဲ့နေရာချည်း ဖြစ်နေတယ်။ အဲဒါ ငါက ကျောင်းအတွက် ဘာမှ အကျိုးမရှိတဲ့ အဘွားတစ်ယောက် အတွက် ငွေငါးသောင်း အကုန်ခံ ဆေးကုပေးရမလားဆိုပြီး ရိပ်သာအကျိုးဆောင် ဒကာတစ်ယောက်က ငါ့ကို လာပြီး

http://www.dhammadownload.com



ဝေဖန်တယ်။

သန်း ။ ။ အဲဒီလို ဝေဖန်တော့ ဆရာတော်က ဘာပြန်ပြောလိုက်သလဲ။

နုပ် ။ ။ ဒကာကြီး ဘုန်းကြီး စလှူကတည်းက ငါ ကောင်းစားဖို့ လှူတာ မဟုတ်ဘူး။ အလှူခံကောင်းစားဖို့ လှူတာ။ ကောင်းကျိုးကို မျှော်ကိုးပြီး လှူတာမဟုတ်တဲ့အတွက် ဘာကောင်းကျိုးရသလဲဆိုတာကို လာမေးစရာကို မလိုတော့ဘူး။ ပြီးတော့ ဘုန်းကြီးက ရှိလိုလှူတာမဟုတ်ဘူး။ သိလို့ လှူတာ။ တခြား ဘုရားဒကာ၊ ကျောင်းဒကာတွေ ကို ဒီဒကာမကြီးလက်ကို ခွဲစိပ်ပေးချင်လို့ ငွေလှူကြပါလို့ သွားပြောကြည့်။ ဘယ်သူမှ လှူမှာမဟုတ်ဘူး။ အဲဒီလို တခြားလှူမယ့်သူမရှိတာကို သိတဲ့ အတွက် ဘုန်းကြီးက လှူတာ။ မွေ့ရိပ်သာဖွင့်တယ်ဆိုတာ ကိလေသာသတ်နည်းသင်ပေးဖို့ပဲ။ ဒီလှူဒါန်းမှုဟာ လက်တွေ့ လောဘ ကိလေသာသတ်နည်း တစ်ခုကို လက်တွေ့လုပ်ပြီး ကာယ ကံနဲ့ တရားဟောပေးလိုက်တာပဲလို့ ပြောလိုက်တယ်။

သန်း ။ ။ မှန်လိုက်တာ ဆရာတော်။ တပည့်တော်တို့ဗုဒ္ဓဘာသာ အများစုဟာ ဒါနပြုရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို မသိကြဘူးဘုရား။ ဂုဏ်ရှိအောင်၊ နောင်ဘဝချမ်းသာအောင် လူသိများပြီး ကျော်ကြားအောင် ဒါနပြုတယ်လို့ပဲ ထင်နေကြတာဟာ သိပ်များတယ်ဘုရား။ ပြီးတော့ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေကိုပဲ လှူရမယ်လို့ ထင်နေကြတယ်။ သူလို ကိုယ်လို သာမန် အညတြပုဂ္ဂိုလ်တွေကိုတော့ ကူညီ ထောက်ပံ့ရမယ်

http://www.dhammadownload.com



ဆိုတာ သိပ်မသိသေးဘူးဘုရား။

နုပ် ။ ။ အေး ဟုတ်တယ်။ သာမန်အညတြတွေအပေါ် လေးစား ကြည်ညိုတတ်ဖို့နဲ့ပတ်သက်ပြီး ဆရာကြီးဦးရွှေအောင်က ၁၉၉၂- ခုနှစ်၊ ဩဂုတ်လထုတ် မြတ်ပန်းဝေစာစောင်မှာ ဆောင်းပါးတစ်ပုဒ် ရေးဖူးတယ်။ ဆောင်းပါးနာမည်က အညတရများအပေါ် ကြည်ညိုတတ်ခြင်းတဲ့။ ကဲ ဖတ်ကြည့်ရ အောင်။

## အညတရများအပေါ် ကြည်ညိုတတ်ခြင်း

ပဲနိကိုသာ ဂရုစိုက်ဖို့လို၏။
ပေါင်ကိုတော့ သင်ဂရုစိုက်ဖို့မလို
သူ့ဟာသူ ဂရုစိုက်လိမ့်မည်။

ဤသို့ ရှိတ်စပီးယားက ပြောသည်ကို ဖတ်ရဖူးသည်။ ဓမ္မတာအားဖြင့် လူတို့သည် ပဲနိကို ဂရုမစိုက်ချင်ကြဘဲ ပေါင်ကို သာ ဂရုစိုက်ချင်ကြ၏။ ဤသို့ဖြစ်ခြင်းမှာလည်း နိယာမ တစ်ခု ပင်ဖြစ်၏။ ဤနိယာမကို သံသာရိကနိယာမဟုခေါ်၏။ သံသာရိက နိယာမဟူသည်မှာ သံသရာ၌ ပျော်မွေ့သူတို့လိုက်နာရိုးနိယာမ ဖြစ်၏။ ထို့ကြောင့် သံသရာ၌ ကျင်လည်သူ ဟူသမျှသည် ဤ နိယာမကို လိုက်နာရမှ ကျေနပ်လေ့ရှိကြ၏။ သံသရာ၌ မကျင် လည်ချင်သူများအတွက်ဆိုလျှင် ရှိတ်စပီးယား ပြောသည့်အတိုင်း ပဲနိကိုသာ ဂရုစိုက်နိုင်လျှင် ပေါင်ကို ဂရုစိုက်ဖို့ ဘာမျှဝန်လေးသည် မဟုတ်။ အလိုလို ဂရုစိုက်မိလျက်သားဖြစ်၏။ ထို့ကြောင့် လူတို့

http://www.dhammadownload.com



အနေဖြင့် ဝန်လေးသော အလုပ်ကိုလုပ်ရန် ရိုက်စပီးယားက နှိုးဆော်ခြင်း ဖြစ်ဟန်ရှိ၏။ လူ့လောက၌ဖြစ်စေ၊ အခြားလောက၌ဖြစ်စေ မည်သည့်နေရာကိုကြည့်ကြည့် အညတရများကို အများစု တွေ့ရတတ်၏။ မိမိတို့သည်ပင် သံသရာ၌ ကျင်လည်ရစဉ် အညတရဘဝများဖြင့်သာ ကျင်လည်ရသည်ကများ၏။ သို့ပါလျက် လူတို့သည် အညတရများကိုမူလစ်လျူရှုတတ်ကြ၏။ အမှန်အားဖြင့် ဝိသေသပုဂ္ဂိုလ်များကိုဂရုစိုက်ခြင်းသည် တစ်ဦးချင်းသဘောဆန်၍ မိမိအတွက်အကျိုးများ၏။ လောကအတွက် အကျိုးမများ။ အညတရများကိုဂရုစိုက်မှသာ အဖွဲ့အစည်းသဘောဆန်၍ မိမိ အတွက်လည်း အကျိုးများ၏။ လောကအတွက်လည်း အကျိုးများ၏။

သဒ္ဒိသံပါကံဖနေတိ= မိမိပြုသောကံသည် တူသော အကျိုးကိုပေး၏ ဟူသော ဗုဒ္ဓဒေသနာတော်အရဆိုလျှင် မိမိတို့ကိုယ်တိုင်က အညတရများကိုဂရုစိုက်ပါမှ သံသရာ၌ ကျင်လည်ရစဉ် အညတရဘဝများဖြင့် ကျင်လည်နေရပါက မိမိတို့ကို ဂရုစိုက်သူ ရှိပေလိမ့်မည်။ အကျိုးပေးမှုနှင့်ပတ်သက်၍ ဝိပါကဓမ္မတာအရလည်း အညတရများအပေါ် မိမိတို့က ဂရုစိုက်ပါမှ မိမိတို့ အညတရဖြစ်သောအခါ ဂရုစိုက်သူရှိပေလိမ့်မည်။

## <u>နေရာတိုင်းမှာရှိသော အလျှုံ</u>

လောက၌ အညတရများကို နေရာတိုင်း၌ တွေ့နိုင်လေရာ ယင်းတို့အပေါ် ကောင်းမှုကုသိုလ်ပြုမှုနှင့် ပတ်သက်၍လည်း အခက်အခဲမရှိ။ အလွယ်တကူပင် ပြုလုပ်နိုင်၏။ ဝိသေသပုဂ္ဂိုလ်များကား ရှားပါးသဖြင့် ယင်းတို့အပေါ် ကုသိုလ်

http://www.dhammadownload.com



ကောင်းမှုပြုရန် ရှာရခက်သေး၏။ ထို့ကြောင့် လူတို့သည် နေရာတိုင်း၌ အလွယ်တကူရှာ၍ တွေ့နိုင်သော အညတရများ အပေါ် ကြည်ညိုစိတ်ကို မွေးမြူ၍ ကောင်းမှုကုသိုလ်ကို ပြုမည်ဆိုပါက ဗုဒ္ဓဒေသနာတော်အရ ထူးမြတ်သော အကျိုး အာနိသင်ကို ရရှိကြပေလိမ့်မည်။

အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူခြင်းသည် ပါရမီ မြောက်သော ကုသိုလ်လုပ်ငန်းမဟုတ်။ ပါရမီမြောက်သော လုပ်ငန်းမဟုတ်လျှင် သူလိုငါလို အများတကာပြုနိုင်သော ကုသိုလ်လုပ်ငန်းမျိုးပင်ဖြစ်၏။ အယုတ်အလတ် အမြတ်မရွေး အားလုံးအပေါ်၌ ကြည်ညိုစိတ်ကို မွေးမြူပြီး ကောင်းမှုကုသိုလ် ကို လုပ်နိုင်ပါမှ ပါရမီမြောက်သော ကုသိုလ်လုပ်ငန်းဖြစ်၏။ ပါရမီကုသိုလ် ဟူသည်မှာလည်း တကယ်မြင့်မြတ်သူတို့၏ တကယ်မြင့်မြတ်သောလုပ်ငန်း ဖြစ်၏။ ထို့ကြောင့်ပင် ပါရမီ ဟူ၍ ဆိုခြင်းဖြစ်၏။ ဤသို့ လယ်တီဆရာတော်ဘုရားကြီးက ဥတ္တမပုရိသဒီပနီ၌ဆို၏။ သူဖြစ်စေ ငါဖြစ်စေ သူလို ငါလို သာမညလူတို့သည် တကယ်တမ်း အကျင့်သိက္ခာနှင့် ပြည့်စုံ သောပုဂ္ဂိုလ်များ အပေါ်၌သာ ကြည်ညိုစိတ်ကို မွေးမြူနိုင်၏။ အညတရများအပေါ်၌မူ ကြည်ညိုစိတ်ကို မမွေးမြူနိုင်ကြ။ ကြည်ညို စိတ်ဟူသည်မှာ သဒ္ဓါပြဋ္ဌာန်းသောစိတ်ဖြစ်၏။ ထိုသို့ မမွေးမြူနိုင်ကြသောကြောင့်ပင် အများသူငါသူလိုငါလိုအတန်း အစားမျိုး၌ ပါဝင်နေရခြင်းဖြစ်၏။ ဝေဿန္တရာမင်းကြီးကို ကြည့် လျှင် ဇူဇကာလို ပုဂ္ဂိုလ်များအပေါ်၌ပင် ကြည်ညိုစိတ်ကို

http://www.dhammadownload.com



အလွယ်တကူမွေးမြူနိုင်မည်မှာ ယုံမှားဖွယ်ရာပင် မရှိချေ။ ကြည်ညိုစိတ်ရှိပါမှ ယင်းတို့အပေါ်ကောင်းမှုကုသိုလ်ကို နှစ်နှစ်ကာကာ ပြုရရကောင်း၏။ အမှန်အားဖြင့် တကယ်တမ်းစစ်မှန်သော ချမ်းသာစစ်ကို လိုလားပါက အများသူငါ သူလိုငါလို အတန်းအစားကို ကျော်လွန်ဖို့တော့ လို၏။ အများသူငါ သူလို ငါလိုအတန်းအစားကိုကျော်လွန်ခြင်းဟူသည် ပါရမီရှိခြင်းပင် ဖြစ်၏။ ပါရမီဟူရာ၌လည်း ပါရမီသည် အမျိုးမျိုးရှိ၏။

ဘုရားဖြစ်လိုလျှင် ဘုရားလောင်း ပါရမီရှိဖို့လို၏။ အဂ္ဂသာဝကဖြစ်လိုလျှင် အဂ္ဂသာဝကလောင်း ပါရမီရှိဖို့ လို၏။ မဟာသာဝကဖြစ်လိုလျှင် မဟာသာဝကလောင်း ပါရမီရှိဖို့ လို၏။ သံသရာမှ ထွက်မြောက်လိုသူဟူသမျှ ပါရမီတော့ မလွဲမသွေ ရှိဖို့လို၏။ ပါရမီဖြည့်ကျင့်ရာ ကာလအပိုင်းအခြားနှင့် ပါရမီဖြည့်ကျင့်မှုအထက် အနံ့သာကွာခြားမည်ဖြစ်ပြီး ပါရမီဖြည့်ကျင့်မှုသဘောအားဖြင့် ကွာခြားမှု မရှိ။ အရိယာသစ္စာဉာဏ်ကိုရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသူဟူသမျှ ပါရမီကို မိမိတို့၏ တောင့်တမှု ပဏိဓိအလိုက် ဖြည့်ကျင့်ရသည်ချည်းဖြစ်၏။ ပါရမီကို ဖြည့်ကျင့်ခြင်း မရှိဘဲ အရိယာသစ္စာကို ထိုးထွင်း၍ သိရိုးမရှိ။

## ပါရမီဖြည့်ခြင်းအဓိပ္ပါယ်

ပါရမီဖြည့်ကျင့်ခြင်းဟူသည်မှာ မိမိနှင့် ဆက်ဆံရသူဟူသမျှအပေါ်၌ အယုတ်အလတ် အမြတ်မရွေး ကြည်ညိုစိတ်ကို မွေးပြီး ယင်းတို့ အပေါ်ကောင်းမှုကုသိုလ်ကာ ပြုခြင်း

http://www.dhammadownload.com



ပင်ဖြစ်၏။ ကောင်းမှုကုသိုလ်ကံကို ပြုခြင်းဟူသည် မှာလည်း ယင်းတို့၏ အကျိုးစီးပွားအတွက် တတ်နိုင်သမျှ ပံ့ပိုးခြင်းဖြစ်၏။ ပါရမီသဘောအရ ယင်းတို့၏ အကျိုးစီးပွားကို ပံ့ပိုးရာ၌ အရေးအကြီးဆုံးအချက်မှာ ကရုဏာနှင့် ပညာရှိဖို့ပင်ဖြစ်၏။ ပညာကို ဥပါယကောသလ္လဉာဏ်ဟူ၍လည်း ခေါ်၏။ ဥပါယကောသလ္လဉာဏ်ဟူသည်မှာ ပံ့ပိုးမှု၌ ကျွမ်းကျင်လိမ္မာသော ဉာဏ်ဖြစ်၏။ ယနေ့ခေတ်သုံး ဝေါဟာရဖြင့်ဆိုရလျှင် အထာကိုသိသော ဉာဏ်ပင်တည်း။ မိမိကူညီပံ့ပိုးရမည့်သူ၏ အထာအလိုက် လိုအပ်သလိုကူညီပံ့ပိုးမှုသာ သူ့အတွက်လည်းအကျိုးရှိ၏။ ကူညီပံ့ပိုးရကျိုးလည်း နပ်၏။

သို့မဟုတ်ပါက ခုတ်ရာတလွဲ ရှရာတခြား ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးမထင်ဖြစ်တတ်၏။ ထို့ကြောင့် ပါရမီသဘောအရ အညတရများအပေါ် ကူညီပံ့ပိုးရာ၌ ဥပါယကောသလ္လဉာဏ်သည် အရေးကြီးခြင်းဖြစ်၏။ မိမိတို့၏ ပတ်ဝန်းကျင်ကိုကြည့်လိုက်လျှင် အညတရများစွာကို တွေ့ရမည်ဖြစ်၏။ ထိုအညတရများအပေါ် ကြည်ညိုသောစိတ်ဖြစ်အောင် အားထုတ်ရာ၌ ရတနာသုံးပါး၏ပံ့ပိုးမှုကို များစွာလို၏။ ရတနာသုံးပါးကို ကြည်ညိုသောစိတ်မှတစ်ဆင့် အညတရများ အပေါ် ပြောင်းရွှေ့၍ ယူရ၏။ အကယ်၍ မိမိတို့၏ ကြည်ညိုမှုသည် ရတနာသုံးပါးအပေါ်၌သာ အဆုံးသတ်ပြီး မိမိတို့ပတ်ဝန်းကျင်ရှိ အညတရများ အပေါ်သို့ရောက်အောင် ပြောင်းရွှေ့၍ မယူနိုင်ဘူးဆိုပါလျှင် ထိုကြည်ညိုမှုမျိုးသည် မြတ်စွာဘုရား၏

http://www.dhammadownload.com



အလိုတော်ကျ ကြည်ညိုမှုမျိုးမဟုတ်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ ညဥ့်၏နောက်ဆုံးယံတွင် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ရောက်တော်မူ၏။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပဉ္စမသတ္တာဟတွင် အဇပါလညောင်ပင်ရင်း၌ စံနေတော်မူစဉ် လောက၌ ဂါရဝတရားကင်းမဲ့၍နေခြင်းသည် မကောင်း။ မိမိအနေဖြင့် ဂါရဝပြုရမည့်ပုဂ္ဂိုလ်ဟူ၍ လောက၌ မရှိလေသောကြောင့် မိမိထိုးထွင်း၍ သိတော်မူထားသော ဓမ္မများကိုသာ ဂါရဝပြု၍နေမည်ဟု ဆုံးဖြတ်တော်မူပြီး မြတ်စွာဘုရားသည် နောက်ဆုံး ပရိနိဗ္ဗာန်ပြုတော်မူသည့်ကာလထိ ဓမ္မများအပေါ် ဂါရဝပြု၍နေတော်မူသွား၏။ ဂါရဝရှိပါမှ သဒ္ဓါထက်၏။ သဒ္ဓါထက်မှလည်း ဂါရဝကိုရ၏။ ထို့ကြောင့် ဂါရဝနှင့် သဒ္ဓါသည် အချင်းချင်း မှီတွယ်နေသော ပရမတ္ထဓမ္မများ ဖြစ်ကြ၏။

ဂါရဝ၏ ပံ့ပိုးမှုဖြင့် သဒ္ဓါထက်လေသောအခါ မိမိတို့၏ ပတ်ဝန်းကျင်ရှိ အညတရများအပေါ် ပံ့ပိုးရန် ဝန်လေးကြမည် မဟုတ်။ အမှန်အားဖြင့် မိမိတို့၏ ဘဝတန်ဖိုးသည် အညတရများအပေါ် အလေးအနက်ထားမှု၏ အတိမ်အနက်အပေါ်၌ တည်၏။ ထို့ပြင် မိမိတို့က အညတရများအပေါ် ပံ့ပိုးသည်နှင့် အမျှ အညတရများထံမှလည်း ကျေးဇူးသိမှု ကတညုတသည်လည်း မိမိတို့ထံသို့ မိမိတို့က မတောင့်တပါဘဲလျက် သူ့အလိုအလျောက်လာမည်ဖြစ်၏။ ထိုအခါမှသာ လူမှုဆက်ဆံရေး သဘောအရ ပတ်ဝန်းကျင်သည် ငြိမ်းချမ်းမည်ဖြစ်၏။ ပတ်ဝန်း

http://www.dhammadownload.com



ကျင်ငြိမ်းချမ်းသည်နှင့်အမျှ ငြိမ်းချမ်းသော သုခသည်လည်း မလွဲမသွေပေါ်ပေါက်လာမည်ဖြစ်၏။

## ဓမ္မကို ဂါရဝပြုနည်း

မြတ်စွာဘုရားကျင့်သုံးတော်မူသည့်အတိုင်း ဓမ္မကို ဂါရဝပြုလျှင် မိမိ၏ ပတ်ဝန်းကျင်ကိုလည်း အလိုလိုဂါရဝ ပြုပြီးသား ဖြစ်၏။ ဓမ္မကို ဂါရဝပြုခြင်းဟူသည်မှာ အကုသိုလ် ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။ အကုသိုလ် ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းကိုပင် သီလရှိခြင်းဟူ၍ ဆိုရပေ၏။ သီလရှိ သည်ဆိုကတည်းက မိမိ၏ကျင့်ဝတ်ကို ဖြည့်ကျင့်ခြင်းသည် အလိုလိုပါဝင်၏။ ဒင်္ဂါးပြားတွင် ခေါင်းဘက်နှင့် ပန်းဘက် ပါမှသာ ဒင်္ဂါးစစ်ဖြစ်သကဲ့သို့ ထို့အတူ သီလတွင်လည်း မကောင်းမှုများမှ ရှောင်ကြဉ်ခြင်းနှင့် ကောင်းမှုဆိုင်ရာ ကျင့်ဝတ်များကို ဖြည့်ကျင့်ခြင်းနှစ်မျိုးလုံး ပါဝင်ရ၏။ တစ်မျိုး တည်းနှင့် မလုံလောက်။ မကောင်းမှုများမှ ရှောင်ကြဉ်ရုံ သက်သက်နှင့်လည်း သီလပြည့်စုံသူမမည်။ ကောင်းမှုဆိုင်ရာ ကျင့်ဝတ်များကို ဖြည့်ကျင့်ရုံသက်သက်နှင့်လည်း သီလပြည့်စုံ သူ မမည်။ ခေါင်းနှင့်ပန်းနှစ်မျိုးလုံး ပြည့်စုံဖို့လို၏။

ထို့ကြောင့်“ဝတ္တံအပရိပူရေန္တော – သီလံနပရိပူရတိ” ကျင့်ဝတ်ကို မဖြည့်သမျှသီလကို ဖြည့်ရာမရောက်ဟု ဆိုခြင်း ဖြစ်၏။ တကယ်တမ်းနှစ်မျိုးလုံး ပါဝင်ပြည့်စုံဖို့ ဆိုသည်မှာ လည်း အညတရများအပေါ် ကြည်ညိုစိတ်မွေးတတ်မှုဖြစ်၏။ ပဲနိကို ဂရုစိုက်လျှင် ပေါင်သည် သူ့ဟာသူ ဂရုစိုက်လိမ့်မည်

http://www.dhammadownload.com



ဟူသော ရှိတ်စပီးယား၏အဆိုအတိုင်း အညတရများအပေါ်၌ ကြည်ညိုစိတ်ကို မွေးမြူနိုင်ပါလျှင် ဝိသေသပုဂ္ဂိုလ်များအပေါ်၌ ကြည်ညိုစိတ်ကို အလိုလိုမွေး မြူပြီးသားဖြစ်ပေလိမ့်မည်။ တစ်စုံတစ်ရာ ဝန်လေးဖွယ် မရှိပါချေ။ သိဒ္ဓတ္ထမင်းသားသည် လေးသချေင်္ချနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ပါရမီတော်ကို ဖြည့်ကျင့်တော်မူရာတွင် ၂၄–ဘဝသာလျှင် သာသနာတော်နှင့် ကြုံကြိုက်ရ၏။ သာသနာတော်နှင့် ကြုံကြိုက်ဖို့ ဆိုသည်မှာ အလွန်ခဲယဉ်းသော အခွင့်အရေးတစ်မျိုးဖြစ်ကြောင်း ဤဖြစ်ရပ်များက သက်သေခံလျှက်ရှိ၏။ ယနေ့ မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာတော်ထွန်းကားလျှက် ရှိ၏။ ထို့ကြောင့် မြန်မာနိုင်ငံတော်နှင့် ကြုံကြိုက်ရခြင်းတည်းဟူသော အခွင့်အရေးကြီးကို ရလျှက်ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အလိုတော်အတိုင်း မြတ်စွာဘုရား၏ သာသနာတော်ကို အသုံးချသင့်ပါ၏။ မြတ်စွာဘုရား၏ အလိုတော်အတိုင်း မြတ်စွာဘုရား၏ သာသနာတော်ကို အသုံးကျအောင် အသုံးချခြင်းဟူသည်မှာ လောကကို ဗုဒ္ဓဘာသာမျက်စိဖြင့် ကြည့်တတ်အောင် အားထုတ်ခြင်းဖြစ်၏။ လူတို့သည် မိမိတို့၏ ဘဝတစ်လျှောက် ချမ်းသာကို ရှာကြသည်မှန်၏။ ထိုကဲ့သို့ ချမ်းသာကို ရှာရာ၌ တစ်ဦးနှင့်တစ်ဦး ချမ်းသာကိုရှာဖွေကြသူချင်း တူသော်လည်း အမြင်ချင်းကားမတူ။ လောကကို ဗုဒ္ဓဘာသာမျက်စိဖြင့် ကြည့်ပြီး ချမ်းသာကို ရှာခြင်းဖြစ်ပါက ...

*အကုသိုလ်စိတ်ဖြင့် စစ်မှန်သောချမ်းသာကို*

http://www.dhammadownload.com



*ရှာဖွေ၍ ရရှိးမရှိ။ ကာသိုလ်စိတ်ဖြင့်သာ*
*စစ်မှန်သော ချမ်းသာကို ရှာဖွေ၍ ရရှိးရှိ၏။*

ဟူ၍ မြင်ပြီး ထိုအမြင်ဖြင့်သာ ချမ်းသာကို ရှာပေလိမ့်မည်။ ထိုအမြင်ဖြင့် ချမ်းသာကို ရှာခြင်းဟူသည်ကား မိမိတို့ ပတ်ဝန်းကျင်ရှိ အညတရများအပေါ် ကြည်ညိုစိတ်ကို မွေးပြီး၊ ထိုကဲ့သို့ မွေးနိုင်အောင် ရတနာသုံးပါး၌ ကြည်ညိုဆည်းကပ်ပြီး ထိုကဲ့သို့ဆည်းကပ်ရာ၌လည်း အညတရများအပေါ် သဒ္ဓါနှင့် ဂါရဝကိုထားနိုင်အောင် ဟူသော ရည်ရွယ်ချက်ဖြင့် ဆည်းကပ်ခြင်းပင်ဖြစ်၏ဟူ၍ သဘောပေါက်ကာ အညတရများအပေါ်ကြည်ညိုစိတ်ကို မွေးနိုင်အောင် အားထုတ်အပ်ပါ၏။

(ဦးရွှေအောင်)

ဆရာကြီးရဲ့လမ်းညွှန်ချက်အတိုင်း ၁၁၊ ၆၊ ၂၀၀၉ ကနေ ၁၃၊ ၆၊ ၂၀၀၉ ထိ မန္တလေးမြို့နဲ့ မတ္တရာမြို့မှာ ကာယကံမေတ္တာခေါင်းစဉ်နဲ့ တရားပွဲသုံးညဟောပြီး ရသမျှ ဝတ္ထုငွေတွေကို နှံ့သာမြိုင်ရွာနဲ့ ရေနံ့သာအနာကြီးရောဂါဆေးရုံကို သွားလှူကြမယ်။

သန်း ။ ။ တရားပွဲက ဘယ်နေရာတွေမှာဟောမှာလဲဘုရား။ ပြီးတော့ ဒီအစီအစဉ် လုပ်ဖြစ်သွားတဲ့ အကြောင်းလေးကိုလည်း ပြောပါဦးဘုရား။

နုပ် ။ ။ ပထမနှစ်ရက်က မန္တလေးမြို့ အိမ်တော်ရာဘုရားဝင်းထဲမှာ ကျင်းပမယ်။ နောက်ဆုံးရက်ကတော့ အနာကြီးဝေဒနာရှင်တွေကို စုပေါင်းထားတဲ့ နှံ့သာမြိုင်ရွာမှာ ဟောမယ်။ ၂၀၀၇

http://www.dhammadownload.com



ခုနှစ်မှာ တစ်ကြိမ်သွားဖူးတယ်။ သူတို့အဲဒီ နေရာကို ရောက်နေတာ နှစ်နှစ်ဆယ်နီးပါးရှိပြီ။ ညတရားပွဲဆိုလို့ ငါ ဟောတာ တစ်ညပဲ နာဖူးကြရတယ်။ တရားနာရင်း ဝမ်းသာ လွန်းလို့ မျက်ရည်တောင်ကျကြတယ်။

ပထမအခေါက်ကတော့ ငါကိုယ်တိုင် ဦးဆောင်ပြီး သွားတာ။ ပင်မအလှူရှင်က ငါပဲပေါ့။ ပထမအခေါက်က ငွေသားသိန်း ၄၀–ခန့် အပါအဝင်၊ စုစုပေါင်းပစ္စည်းရောပါ ၅၄–သိန်းဖိုးလောက် စုပေါင်းလှူနိုင်ခဲ့တယ်။

လှည်းကူးမြို့နယ်၊ မရမ်းချောင်းရွာနဲ့ မတ္တရာမြို့နယ်၊ နှံ့သာမြိုင်ရွာတို့ဟာ အနာကြီးဝေဒနာရှင်တွေကို စုပေါင်းထား တဲ့ နေရာပေါ့။ ဒီနေရာတွေကို ဗုဒ္ဓဘာသာဝင်တွေ လှူဒါန်း ထောက်ပံ့တာမရှိသလောက် နည်းပါးတယ်။ ဘာသာခြားအဖွဲ့ တွေပဲ အများဆုံးသွားရောက် ထောက်ပံ့ကြတယ်။ ရေနစ်နေ တဲ့သူဟာ ကောက်ရိုးတစ်ပင်ကိုသော်လည်း အားကိုးတကြီး ဆွဲငင်သလို စားဝတ်နေရေး ဒုက္ခရောက်နေကြတဲ့ ဝေဒနာရှင် တွေဟာ ဗုဒ္ဓဘာသာကို မစွန့်ချင်သော်လည်း ဝမ်းရေးကြောင့် ဘာသာခြားထဲကို ပြောင်းကြရတယ်။ အဲဒီအချက်တွေကြောင့် ငါကိုယ်တိုင် ဦးဆောင်ပြီး နှစ်ရွာလုံးကို လှူခဲ့တာ။

ဒီနှစ်ဦးဆောင်ပြီး လှူမယ့်အလှူရှင်က အမေရိကန် နိုင်ငံ၊ နယူးယောက်မြို့က မြန်မာကျောင်းသူလေးတစ်ယောက် ဖြစ်တဲ့ မဝေမာလွင်ပဲ။ ငါနဲ့ မန္တလေးက ပရိသတ်တွေကတော့ သူ့အလှူကို ဝိုင်းကူညီ ထောက်ပံ့ကြတဲ့ သဘောပေါ့။ အရင်

http://www.dhammadownload.com



ကတော့ နံ့သာမြိုင်မှာ တရားပွဲတစ်ည ကျင်းပဖို့ ဝေမာလွင်က တာဝန်ယူထားတာ။

နောက်တော့ ဦးလှစိုးတို့၊ ကိုဖြိုးတို့၊ မောင်မျိုးသန့်တို့ရဲ့ ဝိုင်းဝန်းစီစဉ်မှုကြောင့် အိမ်တော်ရာဘုရားမှာပါ နှစ်ည တိုးသွားတာ။ အလှူငွေပိုရတော့ ပိုပြီး ထောက်ပံ့နိုင်တာပေါ့။

သန်း ။ ။ ဒါနဲ့ နယူးယောက်မြို့မှာ ပညာသင်နေတဲ့ ဝေမာလွင်က ဆရာတော်ကို ဘယ်လိုလုပ်သိသွားတာလဲဘုရား။

နုပ် ။ ။ ငါပြောတဲ့ ဗီစီဒီတရားခွေတွေ နာရလို့တဲ့ကွ။ သူ့အကြောင်းကို 'လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်'စာအုပ်ထဲမှာ တော်တော်ပြည့်စုံအောင် ရေးထားတယ်။ ဒီမှာ အကျဉ်းချုပ်ပြောပြမယ်။ ဝေမာလွင်ဟာ အလုပ်လည်းလုပ်တယ်။ ကျောင်းလည်း တက်တယ်။ ခုမှ အသက် ၂၆–နှစ်ပဲ ရှိသေးတယ်။ အလှအပကြိုက်တုန်းအရွယ်မှာ အလှအပအတွက် ကုန်ကျမယ့် ငွေတွေကို စုစုပြီး မြန်မာပြည်မှာ တစ်နှစ်တစ်ခါ အလှူပြန်လုပ်တယ်။

သူ့အရင်လုပ်တဲ့ဒါနက ကုသိုလ်တော့ရတယ်။ ဒါပေမဲ့ လောကအတွက် အကျိုးသိပ်မရှိဘူး။ တစ်ထောင်ဘုရား တည်တဲ့နေရာမှာ တစ်ဆူငါးသိန်းနှုန်းနဲ့ ဆယ်ဆူလှူတယ်။ စုစုပေါင်း သိန်းပေါင်း ၅၀–ကုန်ကျတာပေါ့။ အဲဒီဒါနဟာ ကုသိုလ်တော့ရတယ် လောကအတွက်တော့ သိပ်ကောင်းကျိုး မရှိဘူး။ ဗုဒ္ဓဘာသာတွေက တောင်ပေါ်မှာ ဘုရားအဆူ တစ်ထောင် မပြည့် ပြည့်အောင် တည်နေကြတယ်။

http://www.dhammadownload.com



ဒီအချိန်မှာတောင် အောက်ရွာက ဗုဒ္ဓဘာသာတွေမှာတော့ စားဝတ်နေရေးတော်တော်ဒုက္ခရောက်နေကြတယ်။ ဒီဒုက္ခရောက်နေတဲ့ရွာသူရွာသားတွေကို ဘာသာခြား သာသနာပြုတွေက လာပြီး ထောက်ပံ့ကြတယ်။ တောင်ပေါ်မှာ ဆင်းတုအဆူ တစ်ထောင်ပြည့်လို့ ဗုဒ္ဓဘာသာတွေ အောင်ပွဲခံနေချိန်မှာ တောင်ခြေရွာက ဗုဒ္ဓဘာသာဝင် တစ်ထောင်ဟာ ဘာသာခြားထဲကို တစ်ရွာလုံး ပြောင်း သွားပါပြီ။ ဗုဒ္ဓရုပ်ပွားတော်တွေ တိုးလာသလောက် ဗုဒ္ဓဘာသာဝင်တွေ လျော့လျော့သွားတာကို အကြောင်းရှာရင် မြန်မာတွေဟာ ကုသိုလ်လည်းရ၊ အကျိုးလည်း ရှိတဲ့နေရာမှာ မလှူတတ်လို့ ဆိုတာတွေ့ရတယ်။

## ကုသိုလ်လည်းရ၊ အကျိုးလည်းရှိအောင် လှူနည်း

တကယ်ဒုက္ခရောက်နေသူတွေကို ထောက်ပံ့တာမျိုးကျတော့ ကုသိုလ်လည်း ရတယ်။ အကျိုးလည်းရှိတယ်။ ပြင်ဦးလွင်စိုးစံဘော်ဒါကျောင်းပိုင်ရှင် ဒကာကြီးက ပြင်ဦးလွင်မြို့နယ် ဆေးရုံအတွက် ဘဏ်မှာ သိန်းတစ်ထောင် အပ်ပြီးတော့ လှူထားတယ်။ ဘဏ်တိုးနဲ့ နွမ်းပါးသူတွေကို ဆေးကုပေးဖို့ပေါ့။ အဲဒီအလှူမျိုးကျတော့ ကုသိုလ်လည်း ရ၊ လောကအတွက်လည်း အကျိုးရှိ နှစ်ဖက်ရပေါ့။ မြန်မာတွေဟာ ကိုယ့်ချွေးနည်းစာကို လှူတော့မယ်ဆိုတာနဲ့ ကုသိုလ်လည်းရ၊ လောကအတွက် အကျိုးလည်းရှိတဲ့ နေရာကို သေချာရွေးချယ်ပြီး လှူသင့်တယ်။

http://www.dhammadownload.com



*ငါ့ရဲ့ဘဝတစ်လျှောက်အတွေ့အကြုံအရဆိုရင်*
*ကမ္ဘည်းထိုးလို့ရတဲ့ ဒါနအများစုဟာ ကုသိုလ်*
*သာရပြီး လောကအတွက် အကျိုးမရှိတာ များတယ်*
*ကမ္ဘည်းထိုးလို့မရတဲ့ ဒါနမှန်သမျှကတော့*
*ကုသိုလ်လည်းရတယ်။*
*လောကအတွက်အကျိုးလည်း ရှိတယ်။*

ဥပမာ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်က စာသင်သားကိုယ်တော်လေးတွေ သူတို့ တကယ်လိုအပ်တာလေးတွေကို ငါ့ဆီဖုန်းဆက်တယ်။ စာရေးတယ်။ တချို့ကိုယ်တော်လေးတွေမှာ စာချတန်းဆိုင်ရာ စာအုပ်မဝယ်နိုင်ဘူး။ အဲဒါ ဝယ်လှူပေးလိုက်တယ်။ ကိုယ်တော်လေးတစ်ပါးကတော့သေတ္တာက သံချေးတက်ပြီး မကောင်းတော့တာ သူကသေတ္တာအလှူခံရမှာ အားနာတော့ လက်ဆွဲအိတ်လောက်ပဲ အလှူခံတယ်။ ငါ့ရဲ့ ညီကို သေချာသွားကြည့်ခိုင်းပြီး တကယ်လိုနေတဲ့ သေတ္တာကို လှူခဲ့တယ်။

တစ်ခါကလည်း သူတို့တိုက်က စာချဆရာတော်တစ်ပါး ကျောက်ကပ်ရောဂါဖြစ်ပြီး ဆေးရုံတက်ရတယ်။ စာချဘုန်းကြီးဆိုတော့ ဘယ်မှာ ပြည့်ပြည့်စုံစုံရှိမှာလဲ။ အဲဒါ တပည့်ဖြစ်တဲ့စာသင်သားတစ်ပါးက တို့ဆီဖုန်းဆက်လို့ ဆေးရုံထိလိုက်ပြီး သုံးသိန်းလှူပေးလိုက်တယ်။ ၂၀၀၄ ခုနှစ်က ငါကော့သောင်းမှာ ပထမဝါဆိုတယ်။ အဲဒီနှစ်မှာ ကမ္ဘည်းထိုးလို့ မရတဲ့အလှူတစ်ခု လှူခဲ့တယ်။

http://www.dhammadownload.com



ဒီအချိန်က မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်ဆိုတာကို ရွှေပြည်သာရယ်၊ မြိတ်ရယ်၊ ကော့သောင်းရယ် ဒီသုံးမြို့လောက်ပဲ သိသေးတယ်။ ကျန်တဲ့မြို့ရွာတွေက မသိကြသေးဘူး။ စာပေသမားအများစုကတော့ သိနေပါပြီ။ တို့တည်ထောင်တဲ့ ကျောင်းမှန်သမျှ ဆင်းဆင်းရဲရဲ မြေကြီးက စပြီး တည်ထောင်ခဲ့ရတာချည်းပဲ။ ကော့သောင်းမှာ လှူတဲ့မြေက စိုက်လို့ ပျိုးလို့မရတဲ့ တောင်ကုန်းတစ်ခုပဲ။ ၃၅ ပေ၊ ပေ ၇၀ ကျောင်းတစ်ဆောင်ဆောက်လောက်အောင် မြေပြန့်ကို မပါဘူး။ ဘာတတ်နိုင်မှာလဲ လှူတာကို လက်ခံပြီး ဖြစ်အောင် လုပ်ရတာပဲ။

ဒီကျောင်းတစ်ဆောင်စာဆောက်လို့ ရအောင် မြေတိုးစက်ငှားပြီး ကျောင်းတစ်နေရာစာရအောင် မြေကို အရင်ညှိရတယ်။ အဲဒီတုန်းက စုပေါင်းလှူထားတဲ့ ငွေလေး ဆယ်သိန်းနဲ့ သွပ်မိုးထရံကာ ကျောင်းတစ်ကျောင်းကို ဒကာတွေ ဝိုင်းဆောက်လိုက်တာ အမိုးနဲ့အကာတော့ပြီးတယ်။ ပျဉ်ခင်းတဲ့နေရာမှာ ငွေကပြတ်သွားတော့ ပေ ၇၀ မှာ ပေ ၂၀ ပဲခင်းနိုင်တယ်။ ကျန်တဲ့ ပေ ၅၀ ကတော့ ဒီတိုင်းပဲ ထားရတယ်။ ဥပုသ်သည်တွေ၊ တရားနာပရိသတ်တွေအတွက် မြေကြီးမှာ ဖျာကြမ်းပဲ ခင်းပေးထားတယ်။

တည်ထောင်ကာစ ရိပ်သာကျောင်းဆိုတော့ အလှူရှင်အား လိုအပ်သလို ဝေယျာဝစ္စအားလည်း လိုအပ်တယ်။ ကျောင်းစတည်ကတည်းက အခုအချိန်ထိအောင် သူများ

http://www.dhammadownload.com



မလုပ်ချင်တဲ့ ဝေယျာဝစ္စတွေကို လာလုပ်ပေးတဲ့ ဒကာမကြီး တစ်ယောက်ရှိတယ်။ သူက ကလေးငါးယောက်ကို ကုန်စိမ်း ရောင်းကျွေးတဲ့မုဆိုးမတစ်ယောက်ပါ။ ချက်ရေးပြုတ်ရေးမှာ လိုရင်ဝင်ချက်ပြုတ်ပေးသလို ပန်းကန်ဆေးသူ မရှိရင်လည်း သူပဲ ဆေးတယ်။ ငါသဘောအကျဆုံးကတော့ ယောဂီတွေ တက်တဲ့ အိမ်သာတွေကို ဥပုသ်နေ့တိုင်း ဘယ်သူမှ မခိုင်းရဘဲ ဆေးကြောပေးလေ့ရှိတာပဲ။

## ကာယအားအလှူရှင်

တချို့သော ဆရာတော်တွေက ဝေယျာဝစ္စလုပ်ပေး တဲ့ ကာယအား အလှူရှင်တွေကို ဓနအား အလှူရှင်တွေ လောက် အရေးမစိုက်ကြဘူး။ အမှန်က ဝေယျာဝစ္စ လာလုပ် တယ်ဆိုတာ သူတစ်နေ့တာ လုပ်ခရမယ့်ငွေကို လှူတာနဲ့ အတူတူပါပဲ။ ဒီဒကာမကြီးဆိုရင် တရားစခန်း ခုနစ်ရက် ဝေယျာဝစ္စလာလုပ်ရင် ဒီခုနစ်ရက်အတွင်း သူဈေးရောင်းလို့ရ မယ့်ငွေ မရတော့ဘူး။ တစ်ရက် ဈေးရောင်းလို့ အမြတ်ငွေ ငါးထောင်ရမယ်ဆိုရင် ခုနစ်ရက် မရောင်းရတော့ အမြတ်ငွေ ၃၅၀၀၀ိ/- သူမရတော့ဘူး။

ဒီတော့ အပေါ်ယံအမြင်အရ သူဟာ ကာယအား လှူတာပေါ့။ သေချာတွက်ကြည့်တော့ သူ ရရှိမယ့်အမြတ် ငွေ ၃၅၀၀၀ိ/ လှူလိုက်တာပါပဲ။ ဒါကြောင့် ကာယအား လှူတဲ့ နွမ်းပါးသူတွေကိုလည်း ဆရာတော်များက ကိုယ်၏

http://www.dhammadownload.com



စောင်မခြင်း၊ နတ်၏ စောင်မခြင်း ပြုသင့်ပါတယ်။ ငါက တော့ ဝေယျာဝစ္စသမားတွေ အားတက်အောင် ဗုဒ္ဓလက်ထက်က ပါယာသိမြို့စားကြီးနဲ့ ဥတ္တရလုလင်အကြောင်း ကို ပြောပြလေ့ရှိတယ်။

သန်း ။ ။ သြော် မှတ်မိပြီ။ ဆရာတော် 'အရှုံးမရှိသော ဒသသန' စာအုပ်ထဲမှာရေးခဲ့တဲ့တမလွန်ဘဝတို့၊ နတ်ဘုံတို့၊ ငရဲဘုံတို့ ကို လက်မခံတဲ့ မြို့စားကြီး မဟုတ်လားဘုရား။

နုပ် ။ ။ အေး ဟုတ်တယ်။ နောက်တော့ သူဟာ အရှင်ကုမာရကဿပတရားကို နာကြားရပြီး မိစ္ဆာဒိဋ္ဌိဘဝကလွတ်သွားတယ်။ အဲဒီတော့မှ ဒါနကုသိုလ်ကိုပြန်ပြုတယ်။ အရပ် လေးမျက်နှာမှာ မဏ္ဍပ်ကြီးလေးခု ဆောက်ပြီး အဝတ်အထည်တွေ အစားအသောက်တွေ လှူတယ်။ ဒါပေမဲ့ သူကိုယ်တိုင် မလှူဘူး။

ဥတ္တရဆိုတဲ့ လူငယ်လေးကို ဦးစီး ပြီး လှူခိုင်းတယ်။ ဝေယျာဝစ္စလုပ်ရတဲ့ဥတ္တရလုလင်ဟာ ကိုယ့်ပစ္စည်းလို သဘောထားပြီး မကုန်သင့်တာ မကုန်အောင်၊ လှူဘွယ်ဝတ္ထုပိုကောင်းအောင် ကိုယ်တိုင်ကိုယ်ကျ လှူပေးတယ်။

သူက တစ်ဆင့်ပြန်ခိုင်းရင် ရတာပဲ။ မခိုင်းဘဲနဲ့ ကိုယ်တိုင်လုပ်တယ်ဆိုတာ သဒ္ဓါစေတနာပဲ။ သူတို့နှစ်ဦး သက်တမ်းကုန်လို့ သေတဲ့အခါ အလှူရှင်ပါယာသိမြို့စားကြီးက လူသက်နဲ့ဆိုရင် အနှစ်ကိုးသန်း အသက်ရှည်တဲ့ စတုမဟာရာဇ်နတ်ဘုံပဲရောက်တယ်။ ဝေယျာဝစ္စကုသိုလ်ယူတဲ့

http://www.dhammadownload.com



ဥတ္တရလုလင်ကတော့ လူ့သက်နဲ့ဆိုရင် နှစ်ပေါင်းသုံးကုဋေ နဲ့ အနှစ်ခြောက်သန်း အသက်ရှည်တဲ့ တာဝတိံသာနတ်ဘုံ ကို ရောက်သွားတယ်။

ဝေယျာဝစ္စသမားက ဘာကြောင့် အလှူရှင်ထက်ပိုပြီး အဆင့်မြင့်တဲ့ ချမ်းသာကို ရရတာလဲဆိုတော့ ဥတ္တရလုလင် က လှူဒါန်းတဲ့အခါမှာ

၁။ အရိုအသေပြုပြီး လှူဒါန်းတယ်

၂။ မိမိလက်ဖြင့် ကိုယ်တိုင်လှူဒါန်းတယ်

၃။ အလေးအမြတ်ပြုပြီး လှူဒါန်းတယ်

၄။ ပစ်ပစ်ခါခါ မပြုမူ၍ စိတ်ပါလက်ပါ ဝမ်းပန်းတသာ လှူဒါန်းတယ်။

## အနိမ့်ဆုံးနတ်ပြည်ရောက်ရခြင်းအကြောင်း

ဒီအချက်လေးချက်ကြောင့်ပဲ ပါယာသိမြို့စားကြီးက တော့ အလှူရှင်ဖြစ်ပါလျက်။

၁။ အရိုအသေပြုပြီး လှူဒါန်းခြင်း မရှိဘူး

၂။ မိမိလက်ဖြင့် ကိုယ်တိုင်လှူဒါန်းခြင်း မရှိဘူး

၃။ အလေးအမြတ်ပြုပြီး လှူဒါန်းခြင်း မရှိဘူး

၄။ ပစ်ပစ်ခါခါပြုပြီး စိတ်မပါတပါ ဝတ်ကြေတန်းကြေ လှူဒါန်းတယ်

ဒီအချက်လေးချက်ကြောင့် အနိမ့်ဆုံး နတ်ပြည်ကို ရောက်ခဲ့ရတာပဲ။

http://www.dhammadownload.com



ဒီလို အချက်လေးတွေ ပြောပြတော့ ဝေယျာဝစ္စ သမားတွေဟာ အားကြိုးမာန်တက်လုပ်ကြတာပေါ့။ ဒါဟာ နှုတ်ရဲ့ စောင်မမှုပါပဲ။ စောစောက ဒကာမကြီးဟာ ကျောင်းကိုသာ အလုပ်ရှိတိုင်း ဝေယျာဝစ္စလာလုပ်နေတာ သူတို့မှာ ကိုယ်ပိုင်အိမ်နဲ့ ခြံမရှိဘူး။ အိမ်ငှားနေရတယ်။ တစ်ခါကဆို မိုးတွင်းကြီးမှာ အိမ်ရှင်က သူတို့ငှားနေတဲ့ အိမ်ကို ရောင်းပစ်လိုက်လို့ ချက်ချင်းဆင်းပေးရတယ်။ အသိအိမ်မှာ ခဏနေပြီး အိမ်လိုက်ရှာရတယ်။

ဒီအကြောင်းကိုလည်း သိရရော ငါလေ ဒီဒကာမကြီးတို့ မိသားစု ခြောက်ယောက်ကို အိမ်နဲ့ ခြံ ဝယ်လှူချင်တဲ့ သဒ္ဓါစိတ်တွေ တအားဖြစ်တယ်။ ဒီအချိန်မှာ ဘာသာခြား သာသနာပြုတွေက ကော့သောင်းနယ်ကို အစုလိုက်အပြုံလိုက် ဆင်းပြီး သာသနာပြုကြတယ်။

သူတို့က ဆင်းရဲသားတွေ တကယ်လိုအပ်တဲ့ စားရေးဝတ်ရေးနေရေး အကုန် ကူညီတာဆိုတော့ ဗုဒ္ဓဘာသာဝင် အတော်များများ ဘာသာခြားထဲရောက်သွားကြတယ်။ ဒီဒကာမကြီးနေတဲ့ ရ– မိုင်ရွာ ထဲကိုလည်း အဲဒီသာသနာပြုအဖွဲ့တွေရောက်နေပြီဆိုတာ ငါကြားရတယ်။

## အိမ်ရေစက်ချ

"အကယ်၍ ဘာသာခြားသာသနာပြုအဖွဲ့တွေကသာ သူတို့မိသားစုကို လိုအပ်နေတဲ့ အိမ်နဲ့ခြံကို ဝယ်ပေးလိုက်ရင် သူတို့မိသားစု

http://www.dhammadownload.com



ခြောက်ယောက်လုံး ဘာသာခြားထဲ မဝင်ချင်လည်း ဝင်ရမှာပဲ။ ၂၀၀၄ ခုနှစ်ဝန်းကျင်က ငါ့မှာလည်း ဆင်းရဲတုန်းအချိန်ပါ။ စာအုပ်တစ်အုပ်ထုတ်နိုင်ဖို့အတွက်ငွေကို တစ်နှစ်လောက် စုရတယ်။ အဲဒီတုန်းက စာအုပ်ထုတ်ဖို့ စုထားတဲ့ ငွေလေးသိန်းခွဲနဲ့ ရ-မိုင်ထဲမှာ အိမ်နဲ့ ခြံဝယ်ပေးလိုက်တယ်။

ခုချိန်လောက်ဆိုရင် အဲဒီအိမ်နဲ့ခြံဟာ သိန်း ၇၀ လောက်တော့ တန်နေမှာပေါ့။ ဘာပဲပြောပြော လူသား ခြောက်ယောက် ကိုယ်ပိုင်အိမ်လေးနဲ့ သက်ဆုံးတိုင် နေနိုင်သွားတာကို တွေးမိတိုင်း ငါ တအားဝမ်းသာတယ်။

> *သူတစ်ပါးကို စိတ်ချမ်းသာအောင်လုပ်ပေးရတာလောက် ပီတိဖြစ်ရတဲ့ အရသာမျိုးဘယ်မှာမှ ရှိမယ်မထင်ဘူး။ ယူရတဲ့ အရသာထက် ပေးရတဲ့ အရသာက ပိုကောင်းတယ်ဆိုတာကို ပေးနေကျလူမှ သိတယ်။ ယူနေကျလူတွေ မသိနိုင်ဘူး။ လူတစ်ရာမှာ တစ်ယောက်လောက်ပဲ ချမ်းသာတယ်၊ ကျန်တဲ့ ၉၉ ယောက်က ဆင်းရဲတယ်။ ဘာကြောင့် လူချမ်းသာက တအားနည်းပြီး၊ လူဆင်းရဲကတအားများရသလဲဆိုရင် လူတစ်ရာမှာ တစ်ယောက်ပဲ ပေးရတဲ့ဘဝကို ပျော်ပြီး ကျန် ၉၉ ယောက်က ယူရတဲ့ ဘဝကို ပျော်ကြတာကိုး။*

ဒီအတွေးအမြင်ကို တို့ဘဝနဲ့ ရင်းပြီးရခဲ့တာပါ။ အဲဒီအချိန်က ဖြစ်ရပ်ကိုပဲ ကြည့်လေ။ တို့ဟာ အတိတ်က ဒါန

http://www.dhammadownload.com



ကုသိုလ်မရှိခဲ့ဘူး။ ဒါကြောင့်လည်း ဆင်းရဲတဲ့မိဘဝမ်းထဲ ရောက်ခဲ့တာပေါ့။ ဓမ္မပဒ၊ သုမနသုတ္တန်မှာ ရဟန်း နှစ်ပါး အကြောင်း ဘုရားဟောထားတာရှိတယ်။ ရဟန်းနှစ်ပါး ရှိတယ်။ တစ်ပါးက ဒါနပြုတယ်။ တစ်ပါးက မပြုဘူး။ သူတို့ နှစ်ပါး ပျံတော်မူတော့ နတ်ပြည်ကို ရောက်တယ်။

နတ်ပြည်ရောက်တော့ ဒါနပြုခဲ့တဲ့ နတ်က မပြုတဲ့ နတ်ထက် အသက်ပိုရှည်တယ်။ အဆင်းပိုလှတယ်။ အခြံအရံပိုများတယ်။ တစ်ခါ နတ်ပြည်က စုတေတော့ ဒါန ပြုတဲ့ ရဟန်းက ဘုရင့်သား သွားဖြစ်တယ်။ ဒါနမပြုတဲ့ ရဟန်းက အထိန်းတော်သားသွားဖြစ်တယ်။ နောက် သူတို့ နှစ်ပါး ရဟန်းပြုကြတော့လည်း ဒါနပြုခဲ့တဲ့ ရဟန်းက ပစ္စည်းလေးပါး ပေါများတယ်။ ဒါနမပြုခဲ့တဲ့ ရဟန်းက ပစ္စည်းလေးပါး ရှားပါးတယ်။

သန်း ။ ။ သံသရာတစ်လျှောက်လုံး ဒါနပြုတဲ့ ရဟန်းက ဘယ်ဘဝ ရောက်ရောက် ဒါနမပြုတဲ့ ရဟန်းထက် အစစအရာရာ သာတာပဲဘုရား။ ဒါဆို သူတို့က ဘယ်နေရာကျမှ တူသွားသလဲ ဘုရား။

## မသေရုံဘုန်းကံရှိသူ

နုပ် ။ ။ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရောက်မှပဲ တူသွားတယ်ကွ။ တို့လည်း ဒါနမရှိခဲ့တော့ အစစအရာရာမှာ အောက်ကျတယ်။ ဒီလောက် ဖြစ်ထွန်းအောင်မြင်လာတယ်ဆိုတာ စာပေအလုပ်နဲ့ တရား အလုပ်ကို မနားတမ်းကြိုးစားတာရယ်၊ အခု ပစ္စက္ခမှာ ဒါနပြု

http://www.dhammadownload.com



တာရယ်၊ ဒီအကြောင်း နှစ်ပါးကြောင့် မသေရုံ ဘုန်းကံလေး ရှိလာတာ။

ဒါနမရှိခဲ့တော့ ကြဲဖန်ဆင်းရဲရပုံ လက်တွေ့လေး နှစ်ခု လောက်ပြောပြမယ်။ ငါ့ရဲ့ မကောင်းကြောင်းတွေပေါ့ကွာ။ ငါက အခြေခံစာတွေကို မြင်းခြံရှိင်၊ တောင်သာမြို့နယ်၊ ကျောင်းသစ်ကျောင်း စာသင်တိုက်မှာ သင်ရတာ အကြီးတန်း ဖြေပြီးမှ မန္တလေးမစိုးရိမ်တိုက်သစ်ကို ရောက်တာ။ တို့ ၁၉ နှစ် မပြည့်ခင်အချိန်ကတည်းက မန္တလေးက ဥပဇ္ဈာယ် ဆရာ တော်က ရဟန်းဒကာကြိုရှာထားတယ်။

မန္တလေးမြို့က ကားတာယာကွန်ပေါင်း လုပ်တဲ့ ဦးဉာဏ်တင်ဆိုတဲ့ ဒကာကြီးတို့မိသားစုပဲ။ ဒကာမကြီး နာမည် တော့ မေ့သွားပြီ။ သူတို့ဟာ သဒ္ဓါရော၊ ပစ္စည်းရော နှစ်မျိုးလုံး ရှိကြပါတယ်။ တောင်သာမြို့ပေါ်က ပစ္စည်း ရှိတဲ့ ဆွမ်း ဒကာမကြီးတစ်ဦးကလည်း တို့ကို ရဟန်းခံချင်လို့ မေးတယ်။ မန္တလေးက ဒကာပေါ်နေပြီလို့ ပြောလိုက်ရတော့တာပေါ့။

အဲဒါ တို့ ရဟန်းခံဖို့ တစ်လလောက် အလိုမှာ ဦးဉာဏ်တင်တို့ အိမ်ကြီးအဖျက်ခံရတယ်။

သန်း ။ ။ ဘယ်လိုဖြစ်လို့လဲ ဘုရား။

နုပ် ။ ။ ရန်ကုန် မန္တလေးကားလမ်းမကြီး အကျယ်ချဲ့တဲ့ထဲမှာ ပါ သွားတာ သူတို့အများကြီး ဒုက္ခရောက်သွားတာပေါ့။ ဒါကြောင့် တို့ကို ရဟန်းခံဖို့ အစီအစဉ်ပျက်သွားတယ်။

သန်း ။ ။ ဟင် ဆရာတော်ဟာ ဒုက္ခပါလား။ ဒါဆို တောင်သာက

http://www.dhammadownload.com



ဒကာမကြီးကို ပြန်မပြောဘူးလား ဘုရား။

နုပ် ။ ။ ဘယ်ပြန်ပြောရဲတော့မှာလဲ။ မန္တလေးမှာ ဒကာပေါ်ပြီး သားလို့ ပြောထားတဲ့ဟာကို။ အဲဒီမှာတင် ဥပဇ္ဈာယ်ဆရာ တော်ရဲ့ တူနှစ်ယောက်က အရေးပေါ်ရဟန်းတစ်ခါလုပ် လိုက်ရတယ်။

## ရဟန်းဒကာနှင့် ရဟန်းတစ်ခါ

သန်း ။ ။ ရဟန်းဒကာ မဟုတ်ဘူးလား ဘုရား။

နုပ် ။ ။ မဟုတ်ဘူး။ ရဟန်းတစ်ခါပဲ။ တို့စာသင်တိုက်နေတဲ့ တစ် လျှောက်လည်း မထောက်ပံ့နိုင်ကြပါဘူး။ တူ အကြီးတစ် ယောက်ကတော့ ဆေးထုပ်လေး တစ်ထုပ်ပို့ဖူးတာ မှတ် မိတယ်။ သူတို့မှာ ဥစ္စာမပြည့်စုံလို့ပဲဖြစ်မှာပေါ့လေ။ ဒါကြောင့် တို့မစိုးရိမ်တိုက်သစ်မှာ လေးနှစ်စာသင်ခဲ့စဉ်က မိဘနှစ်ပါး ဝယ်လှူတဲ့ တရုတ်တက်ထရွန်သက်န်းလေး တစ်စုံနဲ့ပဲ ဖြစ် အောင် နေခဲ့ရတယ်။

အရင်းစစ်တော့ အမြစ်မြေက ဆိုတဲ့စကားအတိုင်း နောက်ဆုံးတော့ ငါ့ရဲ့ အတိတ်က ဒါနမရှိခဲ့မှုကြောင့် အခုလို ဖြစ်ခဲ့ရတာပဲ။

*"သဘောထားသေးသိမ်တဲ့ သူဟာ သူတစ်ပါးအပြစ်ကိုပဲ မြင်လေ့ရှိတယ်။ သဘောထားကြီးတဲ့သူကတော့ ကိုယ့်ကိုကိုယ်ပဲ အပြစ်မြင်တယ်။ သဘောထား အပြည့်ဝဆုံးသူကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘူး"*

http://www.dhammadownload.com



ဆိုတဲ့ ဒဿနအတိုင်း ကိုယ့်အပြစ်ကိုရှာပြီး ပြုပြင်တာက ကုသိုလ်လည်း ရတယ်။ ဘဝသံသရာမှာ တိုးတက်မှုလည်း ဖြစ်တယ်။ သူများအပြစ်ရှာတာကတော့ အကုသိုလ် ဖြစ်တာပဲ အဖတ်တင်တယ်။ ဘာတိုးတက်မှုမှလည်း မရနိုင်ဘူး။

ဆရာတော်ဦးဆောကိန္ဒတို့ကျတော့ ကြည့်စမ်း ... အတိတ်က ဒါနအား သိပ်ကောင်းခဲ့တော့ ရောမသုံးထပ်ကျောင်းကြီးနှစ်ကျောင်းဟာ တစ်နှစ်နှစ်နှစ်အတွင်း တစ်ကျောင်းကို ဒကာတစ်ဦးတည်းနဲ့ အပြီးဆောက်သွားတာ။ အခုပစ္စုပ္ပန်မှာလည်း ဒါနအားက သိပ်ကောင်းတာကိုး။ ဒါကြောင့် ကြည့်ပါလား ဩစတေးလျမှာ၊ ကိုရီးယားမှာ၊ ပြင်ဦးလွင်မှာ၊ ကျိုက်ထိုမှာ၊ မှော်ဘီမှာ ကျောင်းခွဲတွေဟာ ခဏလေးနဲ့ ဖြစ်သွားတာ နောက်လည်း ဒီထက် ဘုန်းကြီးဦးမှာ သေချာတယ်။

တို့များမှာတော့ မှော်ဘီမှာ သုံးထပ်ကျောင်းဆောက်တာ နှစ်နှစ်ကျော်သွားပြီး ခုမှတစ်ထပ်ပဲ ပြီးသေးတယ်။ ပြီးတော့ ငါက ဒါနမပြုခဲ့ရုံသာမကဘူး။ သူတစ်ပါးရမယ့် လာဘ်လာဘကိုလည်း နှောင့်ယှက်ဖျက်ဆီးခဲ့ပုံရတယ်။ မှော်ဘီ ဖန်ခါးကုန်းမှာ ငါနေမယ့်သစ်သားကျောင်းလေးဆောက်တော့မယ်ဆိုတော့ ပစ္စည်းသိပ်မရှိပေမယ့် သဒ္ဓါတရားရှိတဲ့ လင်မယား နှစ်ယောက်က သူတို့လှူပါရစေလို့ လျှောက်တယ်။

ဒါပေမဲ့ သူတို့မှာ ငွေက တစ်စုတစ်ပုံတည်းမရှိဘူး။ တက္ကစီကား သုံးစီးထောင်ထားတယ်။ အဲဒီက ရတဲ့ငွေနဲ့ လှူ

http://www.dhammadownload.com



မှာ။ တစ်လကို သုံးသိန်းလှူမယ်၊ ကျောင်းတစ်လုံးစာ ပြည့်တဲ့ အထိပေါ့။ ဒါနဲ့ တို့လည်း ဝမ်းသာသွားတယ်။ ငါ့ ဘုန်းကံလေးကတော့ တက်လာပြီဆိုပြီး အားတက်သွားတာပေါ့။ ဒါနဲ့ပဲ အလှူ့ဒကာ ရှိတယ်ဆိုတော့ ရသမျှ မမွပူဇာငွေလေးနဲ့ ဆောက်တော့တာပေါ့။

စကြဲပတ်လမ်းပါတဲ့ ပေသုံးဆယ်ပတ်လည်ကျောင်းဆိုတော့ သိန်းသုံးရာ ဝန်းကျင်လောက် ကုန်တယ်။ ဆောက်နေဆဲအချိန်မှာလည်း ငွေသိန်းသုံးရာကို တစ်ခါတည်း ပုံလှူနိုင်တဲ့ သူဌေး လေးငါးဦးက ဆရာတော်သီတင်း သုံးမယ့် စံကျောင်းဆိုရင် သူတို့လှူချင်တဲ့အကြောင်း လာလာ လျှောက်ကြတယ်။ ရှေ့က ဒကာက လျှောက်ပြီးသားဆိုတော့ အလှူရှင် ပေါ်ပြီးသားလို့ပဲ ပြောရတာပေါ့။

<u>ဖွတ်မရ– ဓားမ ဆုံး ဆရာတော်</u>

ငါ့ကုသိုလ်က ဘယ်လောက်နည်းသလဲဆိုရင် အလှူရှင် လင်မယားရဲ့ ကားတွေဟာ အဆင်မပြေတော့ဘူး။ ပျက်လို့ပြင်ရတာတွေက များလာတော့ လေးလလောက် လှူပြီး ဆက်မလှူနိုင်တော့ဘူး။ လှူနိုင်မယ့် သူဌေးဒကာတွေကျတော့လည်း အလှူရှင်ပေါ်ပြီးသားလို့ ပြောထားတော့ ထပ်မပြောချင်တော့ဘူး။ 'နာမည်ကြီး ထမင်းငတ်' ဆိုတဲ့ စကားပုံဟာ ငါ့အတွက်ထားခဲ့တာလို့ ထင်တယ်။

ငါ့မှာ မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်ရယ်လို့သာ နာမည်ကြီးနေတာ ကိုယ်နေမယ့် သိန်းနှစ်ရာကျော်တန် တဲ့

http://www.dhammadownload.com



ကျောင်းလေးတောင် တစ်ပြည်လုံးက လှူတဲ့ ဓမ္မပူဇာငွေနဲ့ ဆောက်ရတာပါ။ 'ဖွတ်မရ ဓားမ ဆုံး'ဆိုတဲ့ စကားပုံလေးကို မင်း ကြားဖူးတယ်မဟုတ်လား။

သန်း ။ ။ စကားပုံတော့ ကြားဖူးတယ်ဘုရား။ ဒါပေမဲ့ စကားပုံဖြစ်ပေါ်လာရတဲ့အကြောင်း ဝတ္ထုကိုတော့ မကြားဖူးဘူးဘုရား

နုပ် ။ ။ ဒီလိုကွ။ လူတစ်ယောက်ဟာ တော်တော်ကို ဆင်းရဲတယ်။ သူများအိမ်မှာ ကပ်နေရတယ်။ သူပိုင်ပစ္စည်းဆိုလို့လည်း ခါးက နှစ်နံစပ်ပုဆိုးတစ်ထည်နဲ့ ဓားမတိုတစ်ချောင်းပဲ ရှိတယ်။ သူဟာ ထင်းခွေပြီးတော့ ဝမ်းစာရှာရတာပေါ့။

တစ်ရက်တော့ ရွာထိပ်ဇရပ်မှာ ဗေဒင်ဆရာ တစ်ယောက်နဲ့ တွေ့လို့ ထင်းရောင်းရတဲ့ ငွေလေးနဲ့ ဗေဒင်မေးတယ်။ ဗေဒင်ဆရာက ဘာသိချင်တာလဲဆိုတော့ သူ ဘယ်တော့ချမ်းသာမလဲဆိုတာ သိချင်တယ်လို့ ပြောလိုက်တယ်။ ဗေဒင်ဆရာက တွက်ချက်ပြီးတဲ့အခါ ဒီထက် ဆင်းရဲဦးမယ်လို့ ဟောလိုက်သတဲ့။ သူတော်တော် စိတ်ပျက်သွားတယ်။ သူပိုင်တာမှ ပုဆိုးတစ်ထည်နဲ့ ဓားမတို တစ်ချောင်းရှိတာ ဒီထက် ဘယ်လိုလုပ် ပိုပြီးတော့ ဆင်းရဲဦးမှာလဲဆိုတာ မတွေးတတ်အောင်ဖြစ်နေတယ်။

အဖြေက နောက်ရက်ထင်းခုတ်သွားတဲ့အခါမှ သိရတယ်။ သူထင်းခုတ်ဖို့ တောထဲရောက်တဲ့အခါ ဖွတ်တစ်ကောင် တွင်းထဲပြေးဝင်သွားတာကို သူ တွေ့လိုက်ရတယ်။ ဖွတ်ကို သတ်ပြီး ရောင်းရရင် ငွေမနည်းရမယ်လို့ တွက်ပြီး ပထမဆုံး

http://www.dhammadownload.com



ဖွတ်ထွက်ပြေးမယ့် အပေါက်ကို လိုက်ရှာပြီး ပိတ်လိုက်တယ်။ ဘာနဲ့ ပိတ်သလဲဆိုတော့ သူ့ခါးက ပုဆိုးကို ချွတ်ပြီး အပေါက်ဝမှာ ထိုးပိတ်လိုက်တာ။

တောထဲမှာ သူတစ်ယောက်တည်းဆိုတော့ ဘယ်သူ့ကိုမှလည်း ရှက်စရာမလိုတော့ဘူးလေ။ အောက်ခံဘောင်းဘီတိုတောင် မပါတော့ သူ့မှာ မိမွေးတိုင်း ဘမွေးတိုင်း ဖြစ်သွားတာပေါ့။ ဒါကို သူ ဂရုမစိုက်နိုင်ဘူး။ သူဂရုစိုက်တာက ဖွတ်ကို ဖမ်းမိဖို့ပဲ။ ပြီးတာနဲ့ ဖွတ်ဝင်သွားတဲ့ အပေါက်ကနေ ဓားမတိုနဲ့ မြေကို တူးတော့တာပဲ။

ကျင်းတစ်ဝက်လောက်ထိ တူးမိတဲ့အခါ လွတ်လမ်းမမြင်တော့တဲ့ ဖွတ်ဟာ ဘုရင့်နောင်ထုံး နှလုံးမူပြီး ဂယ်ပေါက်ကို ပိတ်ထားတဲ့ပုဆိုးကို တအားကုန်တိုးထွက်လိုက်တာ ပွင့်သွားပြီး ပုဆိုးဟာဖွတ်ခေါင်းနဲ့ ချိတ်ပြီးပါသွားတယ်။ ဒါကို မြင်လိုက်ရတဲ့ လူဆင်းရဲဟာ လက်ထဲကဓားနဲ့ ဖွတ်ကိုအားကုန် လှမ်းပေါက်လိုက်တယ်။ ဒီအချိန်မှာ ဖွတ်ရော ပုဆိုးရော အနားမှာရှိတဲ့ ချောင်းကြီးထဲကိုကျသွားပြီး ရေနဲ့မျောပါသွားတယ်။ သူ့ဓားလည်း ချောင်းထဲကျသွားတာပြန်ရှာလို့ မရတော့ဘူး။

အဲဒီတော့မှ ဗေဒင်ဆရာဟောတာ မှန်လိုက်တာလို့ သဘောပေါက်သတဲ့၊ သူချမ်းသာသမျှ ပုဆိုးနဲ့ဓားမတိုတောင် မရှိတော့ဘူးဆိုတော့ အရင်ကထက်ပိုဆင်းရဲမယ်ဆိုတာ မှန်သွားတာပေါ့။ အဲဒါကိုကြည့်ပြီး 'ဖွတ်မရ ဓားမ ဆုံး' လို့ ပြောတာပေါ့။ အခုငါအဖြစ်ကလည်း ဒီဆင်းရဲသား အတိုင်းပါပဲ။

http://www.dhammadownload.com



ရဟန်းဖြစ်စအချိန်ကလည်း ရဟန်းဒကာ နှစ်ဦးလုံးနဲ့ လွဲခဲ့ရတယ်။ အခု နာမည်ကြီးဆရာတော်ဖြစ်တာတောင် ကျောင်းဒကာ လေးငါးဦးနဲ့ ကြုံဖန်ပြီး လွဲရတယ်။

ရဟန်းမို့သာပေါ့ကွာ။ လူသာဆိုရင်ငါလည်း ဒီထက်ပိုပြီး ဆင်းရဲဦးမှာပဲ။

<u>ဆင်းရဲသားရဲ့ သိန်းနှစ်ထောင်အလှူ</u>

သန်း။ ။ အဲဒါဆိုရင် ဆရာတော် ဓမ္မပူဇာ ရသမျှတွေကို ဒက္ခသည်တွေ မလှူဘဲနဲ့ သုံးထပ်ကျောင်းကြီး မြန်မြန်ပြီးအောင် ဆောက်ပါလားဘုရား။ ကျောင်းအုတ်နံရံလည်း ခတ်ပေါ့ဘုရား။ အခုတော့ ဆရာတော်မှာရသမျှ ဒက္ခသည်တွေ ဆီရောက်တာက များလွန်းနေတယ်။ ၂၀၀၈–ခုနှစ် တစ်နှစ်ထဲမှာ ဆရာတော် ဒက္ခသည်တွေကိုလှူတာ စုစုပေါင်း သိန်းနှစ်ထောင်ကျော်လောက် ရှိတယ်ဆို။

နုပ်။ ။ အေး ‥ ဟုတ်တယ်။ ကိုယ့်မှာမပြည့်စုံဘူးဆိုပေမယ့် စားနိုင်သောက်နိုင်တယ်။ မိုးလုံလေလုံနေနိုင်တယ်။ အဲဒီလို မနေနိုင်တဲ့ လူတွေကို တွေ့ရင် မပေးဘဲ မကူညီဘဲနေလို့ကို မရဘူးကွ။ ငါ ရွှေပြည်သာကျောင်းစရောက်စအချိန်က ကျောင်းမှာ ဝတ်နေတဲ့ ကိုရင်လေးနှစ်ပါးရဲ့ မုဆိုးမအမေက အရောင်းအဝယ်လုပ်ချင်လို့ ငွေချေးတယ်။ ဒီအချိန်က ငါ့ဆီက ငွေချေးပြီး မဆပ်တဲ့လူတွေအတော်များလာတော့ မချေးတော့ဘူးဆိုပြီး ဘူးခံလိုက်တယ်။ အဲဒီဒကာမကြီး မျက်နှာမသာမယာနဲ့ ကျောင်းပေါ်ကဆင်းသွားတယ်။ ဦးနှောက်က

http://www.dhammadownload.com



နှလုံးသားကို အနိုင်ယူရင်ခဏပဲကွ၊ နောက်ဆုံးကျရင် နှလုံးသားကပြန်နိုင်သွားတာပဲ ညလည်းရောက်ရော ငါ့အိပ်လို့ မရတော့ဘူး။

သန်း။ ။ ဘာဖြစ်လို့လဲ ဆရာတော်။

နုပ်။ ။ အဲဒီ ဒကာမကြီးလိုချင်တဲ့ အကူအညီကိုမပေးလိုက်ရလို့ စိတ်မကောင်းဖြစ်သွားတာပေါ့။ နောက်နေ့ကျတော့ မနေနိုင်တော့ဘူး။ ပြန်မရလည်းနေ ချေးလိုက်တော့မယ်ဆိုပြီး ကိုရင်လေးတွေကို လိုက်ခေါ်ခိုင်းတယ်၊ ဒါပေမယ့် မမီတော့ဘူး။ အဲဒီဒကာမကြီးဟာ မွန်ပြည်နယ်ကို ပြန်သွားပြီ။ သူတို့က မွန်တွေလေ။ ဒီကိုရင်နှစ်ပါးရဲ့ အဖေက မြန်မာ၊ အမေကမွန်။ အဖေက လူမိုက်ဆိုတော့ ထောင်ထဲမှာ ဆုံးသွားတယ်။

စောစောကပြောတဲ့အမေကလည်း မွန်ပြည်နယ်ပြန်အသွားမှာ ဟိုရောက်တော့ဆုံးရှာတာပဲ။ သူတို့မှာ မောင်နှမ လေးယောက်ကျန်ခဲ့တယ်။ အကြီးဆုံးမလေးကတော့ အိမ်ထောင်ကျပြီး သူ့အိုး၊ သူ့အိမ်နဲ့ဖြစ်ပြီး ကျန်တဲ့မောင်လေးနှစ်ယောက်က တို့ဆီမှာ ကိုရင်ဝတ်တယ်၊ အငယ်ဆုံးမလေးကတော့ သူ့အစ်မအိမ်မှာနေတယ်။ နောက်တော့ ကိုရင်နှစ်ပါးလုံး လူထွက်သွားတယ်။ လုပ်ငန်းကိုင်ငန်း အဆင်မပြေဘူးလို့သိရတယ်။ အဆိုးဆုံးက သူ့အစ်မကမွေးလာတဲ့ကလေးတွေ အရွယ်ရောက်လာတဲ့အခါ ကိုရင်လူထွက် ညီအစ်ကိုနဲ့အငယ်ဆုံးမလေးကို သူတို့အိမ်မှာနေတာ မကြိုက်ကြတော့ဘူး။ ခဏခဏ ရန်လုပ်ခံရတာပေါ့။ သူတို့ အိမ်မှာကပ်နေ

http://www.dhammadownload.com



ရတာဆိုတော့ ဦးလေးတွေ အဒေါ်တွေက တူတွေ၊ တူမတွေကို ပြန်ကြောက်နေရတာပေါ့။ အဲဒါကြောင့် အဲဒီမောင်နှမသုံးယောက်အတွက် ရွှေပြည်သာ၊ သံဒင်းရပ်ကွက်မှာ အိမ်နဲ့ခြံဝယ်ပေးလိုက်တယ်။ အခုတော့ တော်တော် အဆင်ပြေနေကြပြီ။

သန်း။ ။ ကော့သောင်းက အိမ်လှူတဲ့အကြောင်းကို ပြန်ဆက်ပါဦးဘုရား။

နုပ်။ ။ မှဆိုးမမိသားစုကို အိမ်လှူတဲ့အချိန်တုန်းက ကော့သောင်းက ငါနေတဲ့ကျောင်းမှာ ပေ ၅၀–လောက် ပျဉ်မခင်းနိုင်သေးလို့ တရားနာပရိသတ်တွေ၊ ဥပုသ်သည်တွေ မြေပြင်မှာ ဖျာခင်းပြီး တရားနာနေရတဲ့ အချိန်ပါ။ ဒါကို ထောက်ကြည့်ရင် ငါ့ဟာ အများထင်သလို ရှိလို့လှူတာ မဟုတ်ဘဲ၊ သိလို့လှူတာဆိုတာ ထင်ရှားပါတယ်။ ဒီအချိန်မှာပဲ ကော့သောင်းမြို့ပေါ်က နာမည်ကြီး စားသောက်ဆိုင်ပိုင်ရှင်တစ်ယောက်ဟာ ကျောင်းကို ရောက်လာပြီး ငါ့ကို ကန်တော့တယ်။ သူက ငါရေးတဲ့ 'မြန်မာတို့၏အသက်' ဆိုတဲ့စာအုပ်ကိုဖတ်ပြီး ဘဝရော၊ စိတ်ဓာတ်ရော ပြောင်းသွားတဲ့လူကိုး။ ပေ ၇၀–လောက် ရှိတဲ့ ကျောင်းကြီးမှာ ပျဉ်ခင်းထားတာက ပေ၂၀–တင်ဆိုတော့ သူက သိပ်အံ့ဩသွားတယ်။ သူက ဘာလို့ဆက်မခင်းတာလဲလို့ မေးတယ်။ ငါကလည်းအမှန်အတိုင်းပဲပြောလိုက်တယ်။ အလှူငွေမရှိတော့လို့ လို့၊ အဲဒီမှာတင် ဒီဒကာကြီးဟာ ငွေငါးသိန်း ချက်ချင်းပြန်ယူပြီး လာလှူတယ်။ ဒါ့ကြောင့် ကျန်တဲ့ပေ ၅၀–

http://www.dhammadownload.com



လည်း အပြီးခင်းနိုင်သွားတာပေါ့။

ဓမ္မပဒအဋ္ဌကထာမှာ ကုသိုလ်ပထမဇော ဒီဘဝမှာ ချက်ချင်း ကောင်းကျိုးပေးဖို့အတွက် အင်္ဂါလေးချက်လိုတယ်လို့ ပြထားတယ် အဲဒါတွေက ...

၁။ အလှူခံပုဂ္ဂိုလ်သည် ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာတစ်ပါးပါး ဖြစ်ရမယ်။

၂။ ထိုပုဂ္ဂိုလ်တို့သည် နိရောဓသမာပတ်က ထလာကာစ ဖြစ်ရမယ်။

၃။ လှူဖွယ်ဝတ္ထုသည်တရားသဖြင့် ရှာထားတာဖြစ်ရမယ်။

၄။ စေတနာသုံးတန်လုံး ထက်သန်ကောင်းမွန်ရမယ်။

ဆိုတာတွေပဲ ဒါက ယေဘုယျ များသောအားဖြင့်ဖြစ်တတ်တာကို ပြောတာ။ အပွက အနည်းငယ်အားဖြင့်တော့ ဒီလေးချက်နဲ့မညီဘဲ ဒီဘဝမှာ ချက်ချင်းအကျိုးပေးတာတွေကို ငါ့ဘဝမှာ သုံးကြိမ်ကြုံဖူးတယ်။

သစ်ပင်တစ်ပင် ပေါက်ရောက် ကြီးထွားဖို့အတွက် မြေရယ်၊ ရေရယ်၊ မျိုးစေ့ရယ် သုံးမျိုးလုံးကောင်းဖို့လိုအပ်တယ်။ ထို့အတူ ဒါနတစ်ခု ထက်သန်တဲ့ကောင်းကျိုး ပေးဖို့အတွက် အလှူခံသူရယ်၊ လှူဖွယ်ဝတ္ထုရယ်၊ စေတနာရယ် သုံးမျိုးလုံး ကောင်းဖို့လိုတယ်။ မြေ၊ ရေ ၊ မျိုးစေ့သုံးမျိုးမှာ မျိုးစေ့ဟာအရေးကြီးဆုံးပဲ။ မြေနဲ့ရေ ဘယ်လောက်ပဲ ကောင်းကောင်း မျိုးစေ့ကပိုးထိုးပြီးပျက်စီးနေမယ်ဆိုရင် အပင်မပေါက်တော့ဘူး။

http://www.dhammadownload.com



## မျိုးစေ့နှင့်တူသော အရာ

မြေနဲ့ရေသိပ်မကောင်းပေမယ့် မျိုးစေ့ကောင်းတယ်ဆိုရင် အပင်ကတော့ပေါက်တာပဲ။ တအားမသန်တာဘဲ ရှိချင်ရှိမယ်။ ဒီအတိုင်းပဲ အလှူခံရယ်၊ လှူဖွယ်ဝတ္ထုရယ် စေတနာရယ် သုံးမျိုးမှာ စေတနာဟာအရေးကြီးဆုံးပဲ။ အလှူခံရယ်၊ လှူဖွယ်ဝတ္ထုရယ် ဘယ်လောက်ပင်ကောင်းကောင်း စေတနာမကောင်းရင် အကျိုးပေးမကောင်းနိုင်ဘူး။ အလှူခံနဲ့ လှူဖွယ်ဝတ္ထုညံ့ပေမယ့် စေတနာကောင်းရင် အကျိုးပေးကောင်းပါတယ်။ အခုဖြစ်ရပ်မှာ အိမ်နဲ့ခြံ အလှူခံတဲ့ မိသားစုဟာ အညတရပုဂ္ဂိုလ်တွေပါ၊ ပုဂ္ဂိုလ်ထူးတွေမဟုတ်ပါဘူး၊ လှူဖွယ်ဝတ္ထုဖြစ်တဲ့ ငါဝယ်ပေးတဲ့ အိမ်နဲ့ခြံဟာလည်း သာမန်လောက်ပါပဲ၊ သိပ်အကောင်း ကြီးမဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့ရဲ့စေတနာက အားကောင်းတယ်။ ငါ့ကျောင်းမှာ အခင်းမရှိတာတောင် လစ်လျူရှုပြီး ပေးလှူခဲ့တာ။ အဲဒီလို စေတနာဆိုတဲ့ မျိုးစေ့ကောင်းတဲ့အတွက် အကျိုးပေးလည်း ကောင်းခဲ့တယ်။

ရိပ်သာဖွင့်ချင်တဲ့ ငါ့မှာ နေရာအခက်အခဲဖြစ်နေတာကို သိသွားတဲ့ ကော့သောင်းမြို့က ဒကာ၊ ဒကာမတွေက စုပေါင်းလှူလိုက်ကြတာ အရင်ကျောင်းမြေနဲ့ကပ်လျက် ဆယ်ဧက ကျော်လောက်ထပ်ရတယ်။ အဲဒီအချိန်တုန်းက ငါက လှူတာ လေးသိန်းငါးသောင်းဖိုးလောက်ပဲ ရှိတယ်။ ငါ့ကို ပြန်လှူကြတာက ၄၅-သိန်းဖိုးလောက် ရှိတယ်။ ဒါကြောင့် တကယ်လိုအပ်နေသူကိုသာ စေတနာကောင်းကောင်းနဲ့ လှူ

http://www.dhammadownload.com



ပါ။ အကျိုးပေးကောင်းပါတယ်လို့ ရဲရဲကြီး ပြောရဲတယ်။

စေတနာကောင်းကောင်းနဲ့ လှူပါဆိုတာ ငါကောင်းစားဖို့၊ နောင်တစ်ချိန် ငါ ချမ်းသာဖို့ဆိုတဲ့ စိတ်လုံးလုံး မပါဘဲ အလှူခံလိုအပ်တဲ့အရာ ရပါစေဆိုတဲ့ စေတနာ သက်သက်နဲ့ လှူရမယ်လို့ ပြောတာ။ ကိလေသာနဲ့ ခန္ဓာချုပ်တာကို နိဗ္ဗာန်လို့ ခေါ်တာ။ ကိလေသာနဲ့ ခန္ဓာချုပ်ချင်ရင် အကြောင်းတရားဖြစ်တဲ့ကံချုပ်အောင်လုပ်ရတယ်။ ဒီလိုပြောလိုက်တော့ အကုသိုလ်ကံကတော့ မလုပ်ဘဲနေလို့ ချုပ်တယ်ထားပါတော့။ ကုသိုလ်ကံကျတော့ ဘယ်လိုချုပ်အောင် လုပ်ရမလဲလို့ မေးစရာရှိလာတယ်။

ကုသိုလ်ကံချုပ်အောင် လုပ်တယ်ဆိုတာ ဒါန၊ သီလ၊ ဘာဝနာ ဘာကုသိုလ်မှ မလုပ်နဲ့လို့ ဆိုလိုတာမဟုတ်ဘူး။ ကုသိုလ်မျိုးစုံလုပ်ရမယ်၊ ဒါပေမဲ့ ဘဝမျှော်လင့်ချက်မှ မထားရဘူးလို့ ဆိုလိုတယ်။ ဘဝမျှော်လင့်ချက်မှမထားဘဲ လုပ်တဲ့ ကုသိုလ်ကံမှန်သမျှဟာ နိဗ္ဗာန်မြန်မြန်ရောက်ဖို့ အထောက်အကူတွေချည်းပဲ ဖြစ်သွားတယ်။ နိဗ္ဗာန်မရမီ စပ်ကြားမှာလည်း လောကကောင်းစားဖို့ စိတ်နဲ့လုပ်တဲ့ ကုသိုလ်က ပိုတောင် ကောင်းကျိုးပေးပါသေးတယ်။

ဘုရားအလောင်းတော်ဟာ ဒါန၊ သီလစတဲ့ ကုသိုလ်တွေကို လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဘဝကောင်းကျိုးချမ်းသာကိုမျှ မမျှော်လင့်ဘဲလုပ်ခဲ့တယ်။ ဒါကြောင့် ဘုရားဖြစ်တဲ့အခါ ဘယ်သူမှ မမီအောင် ဘုန်းကြီးခဲ့တာပါပဲ။

http://www.dhammadownload.com



လခစားအလုပ်ဝင်လုပ်ရင် လကုန်ရင် လစာရမှာပဲ၊ ဆုတောင်းနေစရာမလိုဘူး။ ထို့အတူ ဒါန၊ သီလစတဲ့ ကုသိုလ်ကိုလုပ်ရင် ကောင်းကျိုးသေချာပေါက် ပေးမှာပဲ။ ဆုတောင်းနေစရာ၊ မျှော်လင့်နေစရာမလိုဘူး၊ ဒီအချက်နဲ့ပတ်သက်ပြီး ဆရာကြီး ဦးရွှေအောင်ရဲ့ အတွေးအမြင်လေးတစ်ခုကို ပြောပြမယ်။ ကံချုပ်အောင်လုပ်နည်းလို့ ခေါင်းစဉ်လေး တပ်ထားရအောင်။

## ကံချုပ်အောင်လုပ်နည်း

ဘဝဇာတ်သိမ်းဖို့ အားထုတ်ခြင်းဆိုသည်မှာ ဘဝဇာတ်ဆရာဖြစ်သော ကံကို မညွှန်ကြားနိုင်အောင် အားထုတ်ခြင်းဖြစ်၏။ ဘဝ ပစ္စယာ ဇာတိအရ၊ ဘဝဖြစ်သော ကံရှိနေပါလျှင် သံသရာဇာတ်ဆောင်အဖြစ်ဖြင့် သံသရာ၌ အတောမသတ် ကျင်လည်နေရမည်ဖြစ်၏။ ထို့ကြောင့်ကံကို ဘဝနိရောဓာ ဇာတိနိရောဓောအရ ချုပ်သွားအောင် လုပ်သွားရမည်ဖြစ်၏။ ကံကို ချုပ်သွားအောင်လုပ်ခြင်း ဆိုသည်မှာ ဒါနကံ သီလကံ ဘာဝနာကံ တို့ကို လုပ်သမျှ ဒုက္ခဟူသောအမြင်ဖြင့် မလုပ်ခြင်းကို ဆိုလိုသည်မဟုတ်။ အမှန်ဆိုလိုသည်ကတော့ ဒါနကံကိုလည်း စွမ်းအားရှိသလောက်လုပ်ရမည်။ သို့ရာတွင် ထိုသို့လုပ်ရာ၌ ဥပါဒါနနိရောဓာ ဘဝနိရောဓောအရ ဥပါဒါန် မပါဝင်အောင်လုပ်ရမည်။ ဥပါဒါန်မပါဝင်တော့လျှင် ကံသည် ချုပ်ပြီးသားဖြစ်၏။ ဥပါဒါန်မပါဝင်အောင် လုပ်ရာ၌ တဏှာနိရောဓာ ဥပါဒါနနိရောဓောအရ တဏှာ မပါဝင်အောင် လုပ်

http://www.dhammadownload.com



ရ၏ ဟူ၍ဖြစ်၏။

အကျဉ်းအားဖြင့်ဆိုရလျှင် ကောင်းမှုကုသိုလ်ဟူသမျှကို မနားမနေလုပ်ရမည်။ ထိုသို့လုပ်ရာတွင် ရလတ္တံ့သော အကျိုးဟူသမျှကို လုံးဝတွယ်တာခြင်း၊ တပ်မက်ခြင်း မရှိဘဲ လုပ်ရမည်။ ထိုသို့လုပ်ခြင်းမျိုးကိုသာ ကံကို ချုပ်သွားအောင်၊ မညွှန်ကြားနိုင်အောင် လုပ်ခြင်းမည်၏။ ကံချုပ်မှတော့ ဘဝဇာတ်သည် ချုပ်ပြီးသားဖြစ်၏။ ဘဝဇာတ်ချုပ်လျှင် စစ်မှန်သော ချမ်းသာသန္တိသုခကို ရတော့၏။ ထိုအခါ သံသရာဇာတ်ကောင်အဖြစ်မှလွတ်ပြီ။ ဘဝဇာတ်များကို ဖန်တီးခြင်း၌ ကံသည် ကေရာဇ်ဖြစ်၏။ ဘဝပြတ်လမ်းကို ဖန်တီးခြင်း၌ ဉာဏ်သည် ကေရာဇ်ဖြစ်၏။ ဘဝဇာတ်လမ်းကို ဖန်တီးရာ၌ တွေ့မြင်သမျှ အရာရာကို မိမိအတွက်သိမ်းပိုက်၏။ ဘဝပြတ်လမ်းကို ဖန်တီးရာ၌ တွေ့မြင်သမျှ အရာရာကို လောကအတွက် စွန့်လွှတ်၏။

စွန့်လွှတ်ရာ၌ ဘာကိုမျှ မမျှော်ကိုးဘဲ လွတ်လွတ်စွန့်လွှတ်ခြင်းသာဖြစ်၏။ ဘာကိုမျှ မျှော်ကိုးမှုမရှိခြင်းသည်ပင် တဏှာကို ချုပ်အောင်လုပ်ခြင်း မည်၏။ တဏှာကိုချုပ်အောင် လုပ်ခြင်းဖြင့် ရအပ်သော အကျိုးသည် တဏှာကို ပွားစည်းအောင်လုပ်ခြင်းဖြင့် ရအပ်သော အကျိုးထက် အတိုင်းမသိပို၍ ကြီးမား၏။ အမှန်အားဖြင့် လိုချင်၍ ရအပ်သော အကျိုးတရား၏ ဝမ်းဗိုက်ထဲ၌သောကသည် ပါဝင်လာ၏။ အဘယ့်ကြောင့်ဆိုသော် မိမိရထားသော အကျိုးတရား ဆုံးရှုံးသွား

http://www.dhammadownload.com



ရမည်ကို အမြဲတမ်းစိုးရိမ် ပူပန်နေရသောကြောင့်ဖြစ်၏။ မလိုချင်ပါဘဲလျက် ရအပ်သော အကျိုးတရား၏ ဝမ်းဗိုက်ထဲ၌ သောကသည် ပါဝင်လာခြင်း မရှိ။ အဘယ့်ကြောင့်ဆိုသော် အစကတည်းက မိမိအနေဖြင့် မလိုချင်သော အကျိုးတရား လက်လွတ်ဆုံးရှုံးသွားသော်လည်း ထိုသို့ဆုံးရှုံးသွားသည့်အတွက် စိုးရိမ်ပူပန်စရာ ဘာမှမရှိဘဲ ဝန်ထုပ်ဝန်ပိုးမှ လွတ်မြောက်သွားဖြင့် ဝမ်းသာစရာသာ ရှိလေသောကြောင့်ဖြစ်၏။

ဆရာကြီး ဦးရွှေအောင်

*(၁၉၉၂ ခု၊ မတ်လထုတ် မွေ့ရသစာစောင်ပါ သံသရာ ဓာတ်ဆောင် ဆောင်းပါးမှ)*

သန်း ။ ။ နယူးယောက်က ဝေမာလွင်အကြောင်းပြောပါဦးဘုရား။

နုပ် ။ ။ သူဟာ ပြီးခဲ့တဲ့ခြောက်လကျော်လောက်က အလှုအပ အသုံးအဆောင်ပစ္စည်းတွေအတွက် ကုန်ကျမည့်ငွေကို စုတယ်။ အလှုအပအဝတ်အစားနှင့်ပတ်သက်ပြီး ခြိုးခြံလို့ ရတာခြိုးခြံပြီး သိန်း၁၅၀–ငါ့ဆီကို ပို့ပေးတယ်။ လိုအပ်တဲ့ နေရာမှာ လှူပေးပါတဲ့။ အလှူငွေပို့တဲ့အချိန်က ငါဆောက်နေတဲ့ သုံးထပ်ကျောင်းဆောင်ကြီးဟာ အုတ်မြစ်ပဲရှိသေးတာ ဆိုတော့ လိုတာပေါ့။ ဒါပေမဲ့ သိန်း–၁၅၀ လိုချင်တဲ့စိတ်ကို ဒါ လိုချင်တဲ့စိတ်ပဲလို့ သိပြီး ပယ်သတ်လိုက်တယ်။

ပြီးတော့ ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ဘောပေါက်ရွာမှာ နာဂစ်ကြောင့် ပြိုကျသွားတဲ့ မူလတန်းကျောင်းကို အသစ်ပြန်ဆောက်ပေးလိုက်တယ်။ ရောဝတီတိုင်းမှာ

http://www.dhammadownload.com



နာဂစ်ကြောင့်ပျက်စီးသွားတဲ့ စာသင်ကျောင်းပေါင်း လေးထောင်ကျော်ရှိတယ်။ အခုမှ နှစ်ထောင်ကျော်လောက်ပဲ ပြန်ဆောက်နိုင်သေးတယ်။ တာဝန်သိ ရဟန်းရှင်လူတွေဟာ ဝိုင်းဝန်းကူညီလှူဒါန်းသင့်တယ်။

ဒီအကြောင်းအရာ အကျယ်ကိုတော့ နောက်ထွက်မယ့် 'သင်လူတစ်ယောက်ဖြစ်ပြီလား'ဆိုတဲ့ စာအုပ်ရယ်၊ 'လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်'ဆိုတဲ့စာအုပ်ရယ်၊ ထွက်လာမှ ဖတ်တော့။ ခုတစ်ခါ ဝေမာလွင်က ငါ့ဆီ ဖုန်းထပ်ဆက်တယ်။ အခု ၂၀၀၉၊ ၆-လပိုင်း တစ်ခေါက်လာပြီးရင် နောက်တစ်နှစ်ကျော်တဲ့အထိ မြန်မာပြည်ကို လာနိုင်မှာမဟုတ်တော့ဘူး။ ဒါကြောင့် ဆရာတော်အသုံးတည့်မယ့် အမှတ်တရ ပစ္စည်းတစ်ခုခု လှူပါရစေ။ ဆရာတော်အလိုရှိတာကို မိန့်ပါ။

<u>မြင့်မြတ်သော ဒေါ်မြတ်သီတာ</u>

*လိုချင်လျှင် ဆင်းရဲသည်၊*
*မလိုချင်လျှင် ချမ်းသာသည်*
*လိုချင်တာက သမုဒယသစ္စာ၊*
*ဆင်းရဲတာက ဒုက္ခသစ္စာ*
*မလိုချင်တာက မဂ္ဂသစ္စာ၊*
*ချမ်းသာတာက*
*နိရောဓသစ္စာ(နိဗ္ဗာန်)*

ဆိုပြီး ငါက ခဏ ခဏဟောတာကွ။ ကိုယ်ဟောတဲ့

http://www.dhammadownload.com



အတိုင်း ကိုယ့်သန္တာန်မှာလည်း လိုချင်စိတ်မပေါ်အောင် အမြဲ တမ်း ဂရုစိုက်နေတာ။ ဒါကြောင့် ဆရာတော်တော့ ဘာမှ မလိုအပ်ဘူး။ ဝေမာလွှင်လှူချင်ရင် နံ့သာမြိုင်ရွာက နွမ်းပါးတဲ့ စေတနာရှင်တွေကို တတ်နိုင်သမျှ ထောက်ပံ့ပေးပါလို့ ပြော လိုက်လို့ ဒီအလှူဖြစ်ပေါ်လာတာပဲ။ ရေနံ့သာဆေးရုံက ဒေါက်တာ မြတ်သီတာဆိုရင် ဒီဆေးရုံမှာ တာဝန်ထမ်းဆောင် နေတာ ဆယ့်သုံးနှစ်တောင် ကျော်လာပြီ။

သန်း ။ ။ အနာကြီးရောဂါဆေးရုံဆိုရင် ဒေါက်တာအများစုက မသွား ချင်ကြဘူးလို့ ကြားဖူးတယ်။ ဒီဒေါက်တာကျမှ ဘာလို့ အကြာ ကြီး နေတာတုန်းဘုရား။

နုပ် ။ ။ အမ်ဒီတီ လို့ ခေါ်တဲ့ ဆေးပေါင်းမပေါ်မီက ဒီဆေးရုံမှာ တာဝန်ကျတဲ့ဒေါက်တာ အချို့ဟာ ရောဂါကူးစက်ခံရပြီး သူ တို့ကိုယ်တိုင် အနာကြီးရောဂါသည်ဘဝကို ရောက်သွားကြ တယ်။ နောက်တစ်ချက်က ဆေးကုနေကြတဲ့ရောဂါသည် တွေဟာ ဆင်းရဲသားတွေပဲ များတယ်။ တချို့ဆို တောင်းစား ရကြတာ။ ဒီတော့ ဒီဆေးရုံမှာ တာဝန်ကျတဲ့အခါ အောက် ဆိုက်ဝင်ငွေဆိုတာ မရှိဘူး။

ဒါကြောင့် ဒေါက်တာအများစုဟာ ရေနံ့သာဆေးရုံ မှာ တာဝန်ကျမှာကို သေမလောက်ကြောက်ကြတယ်။ တချို့ ဒေါက်တာတွေများဆိုရင် မဖြစ်မနေ အထက်က အမိန့်ချလို့ ဒီဆေးရုံရောက်လာပြီဆိုရင် လူနာတွေကို ကိုယ်တိုင်နွေးထွေး စွာ ကုသပေးခြင်းမရှိဘဲ အောက်လက်ငယ်သားတွေနဲ့ လွှတ်

http://www.dhammadownload.com



ထားလိုက်သတဲ့။ ဝတ်ကြေတန်းကြေပေ့ါ။ ဒီလိုနဲ့ နှစ်စေ့တော့ ပြောင်းသွားကြတာပဲ။ ဒီအကြောင်းအရာတွေကို သိထားတဲ့ ဒေါက်တာမြတ်သီတာက သူများမလုပ်ချင်တဲ့နေရာကို ငါလုပ်မယ်ဆိုတဲ့ အနာခံတဲ့စိတ်ဓာတ်နဲ့ အထက်ကို ဒီပို့ပေးဖို့ စာတင်ပြီး လူနာတွေကို ကိုယ်တိုင်ပြုစုကုသပေးနေတာ အခုဆိုရင် ၁၃–နှစ်လောက် ရှိပြီ။

ဒေါက်တာရောက်စက ဆိုရင် ဘေးကလူတွေက မေးတယ်တဲ့။ ဒေါက်တာက ခရစ်ယာန်လား၊ ဗုဒ္ဓဘာသာလားတဲ့။ ဪ . . ဗုဒ္ဓဘာသာပါ။ ဘာဖြစ်လို့ အခုလို မေးရတာလဲဆိုတော့ ဒီဆေးရုံရောက်လာရင် ခရစ်ယာန် ဒေါက်တာတွေပဲများလို့ မေးတာပါတဲ့။ တကယ်တော့ ခရစ်တော်က တစ်ဘဝစာ အသေခံပြပြီး အနာခံတဲ့ကျင့်စဉ်ကို ပြခဲ့တာပါ။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ အလောင်းတော်ဘဝမှာ ဘဝပေါင်းများစွာ အသေခံပြီး အနာခံတဲ့ကျင့်စဉ်ကို ပြခဲ့တာပါ။

မဟာကပိဇာတ်ဆိုရင် ကြည့်ပါလား။ သူ့အခြွေအရံမျောက်ပေါင်းများစွာ သရက်ပင်ပေါ်မှာ ဝိတ်မိနေတယ်။ ဘုရင့်လေးသည်တော်တွေက ဝိုင်းထားကြတယ်။ ဒီအခါမှာ အသာစံသူဆိုရင် တစ်ကောင်တည်း ကိုယ်လွတ်ရုန်းပြေးရင် ရတယ်။ မပြေးခဲ့ဘူး။ သရက်ပင်ကနေ ချောင်းကြီးတစ်ချောင်းကို ကျော်ပြီး တောထဲရောက်အောင် အလောင်းတော် ခုန်ကူးသွားတယ်။ ပြီးတော့ နွယ်ကြိုးတစ်ချောင်းကို ဖြတ်၊ ခါးမှာချည်ပြီး သရက်ပင်ရှိရာကို ပြန်ခုန်တက်လာတယ်။

http://www.dhammadownload.com



နွယ်ကြိုးက တိုသွားလို့ သရက်ပင်ပေါ်ထိ မရောက်ဘူး။ သရက်ကိုင်းကို လှမ်းမမီရုံပဲရှိတယ်။ အသက်သေတဲ့ထိ အနာခံတဲ့ အလောင်းတော်ဟာ မျောက်ပေါင်း ၅၀၀ကို သူ့ကျောပေါ်ကတစ်ဆင့် နွယ်ကြိုးကို တွဲလောင်းခိုပြီး ဟိုဘက်တောထဲကို ပြေးကြဖို့ အမိန့်ပေးတယ်။ ဒီလောက် အနာခံနေတာကိုတောင် မကြည်ညိုတတ်တဲ့ ဒေဝဒတ်အလောင်းမျောက်က ဘုရားအလောင်းမျောက်ရဲ့ကျောပေါ်ကို အမြင့်ကနေ အရှိန်နဲ့ခုန်ချပြီးမှကူးလို့ မျောက်တွေလည်း ဟိုဘက်ကမ်းရောက်ရော ဘုရားအလောင်းမျောက်မင်းဟာ သေပွဲဝင်ရှာတယ်။

ဒေဝဒတ်အလောင်းမျောက်ဟာ သူ မျောက်မင်းနေရာကို လိုချင်လို့ ဘုရားအလောင်းမျောက်မင်းကို သေအောင်သတ်ခဲ့တာပဲ။ ဇာတ်တော်၅၅၀ထဲမှာ အလောင်းတော် အသေခံပြီး အနာခံပြခဲ့တာတွေကို သေချာဖတ်ကြည့် သိတယ်။

<u>အနာခံမှု ဗုဒ္ဓတပည့်</u>

*“ခရစ်တော်က တစ်ဘဝအသေခံခဲ့တာနဲ့တောင် ခရစ်ယာန်ဘာသာဝင်တွေက ဒီလောက်အနာခံနိုင်သေးရင် ဘဝပေါင်းများစွာအသေခံပြခဲ့တဲ့ ဗုဒ္ဓရဲ့ တပည့် ဗုဒ္ဓဘာသာဝင်တွေဟာ ခရစ်ယာန်ဘာသာဝင်တွေထက် ပိုပြီး အနာခံသင့်တာပေါ့”*

ဝမ်းနည်းကြေကွဲစရာကောင်းတာက ယနေ့ခေတ် ဗုဒ္ဓဘာသာဝင်အများစုဟာ ဗုဒ္ဓရဲ့တပည့် အမည်ခံပြီး ကျင့်ကြံ

http://www.dhammadownload.com



တော့ ဗုဒ္ဓနဲ့ဆန့်ကျင်ဘက် ဒေဝဒတ်ရဲ့ အကျင့်တွေကို ကျင့်နေတာပဲ။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ သာရာမှာနေမယ် ဆိုတဲ့ အကျင့်အကြံတွေဟာ ဒေဝဒတ်ရဲ့ ကျင့်စဉ်တွေပါ။ ဗုဒ္ဓရဲ့ မူဝါဒကကောင်းပါလျက် ဗုဒ္ဓဘာသာဝင်တွေက မကောင်းကြတဲ့အတွက် ဘုရားရှင်တောင် သိက္ခာကျရပါတယ်။

ဝန်ထမ်းအများစု ငွေများများရမယ့်နေရာကို လာဘ်ထိုးပြီး ဖွတ်သွားနေကြတာ။ ရဟန်းအများစု လာဘ်လာဘများများရမယ့်နေရာကိုပဲ ကျောင်းထိုင်ဖို့ ကြိုးစားနေကြတာတွေဟာ အရှင်ဒေဝဒတ်ရဲ့ အသာစံလမ်းစဉ်ပဲ။ ငွေနဲ့ လာဘ်လာဘကိုအလေးမထားဘဲ နိုင်ငံအတွက်၊ သာသနာအတွက် တကယ်လိုအပ်တဲ့နေရာမှာ နေပေးတာဟာ ဗုဒ္ဓရဲ့အနာခံလမ်းစဉ်ပဲ။ တောရွာတွေမှာ ငယ်ဖြူကျောင်းထိုင်ဘုန်းကြီးတွေ မရှိတဲ့အတွက် သာသနာတော်ဟာ တစ်စ တစ်စ ဆုတ်ယုတ်လာပြီ။

ငယ်ဖြူရဟန်းတော်အများစုဟာ သာသနာတော်ဆုတ်ယုတ်မှာကို ဂရုမစိုက်ကြဘူး။ မိမိသေတ္တာထဲ ဝတ္ထုငွေဆုတ်ယုတ်မှာကိုပဲ ဂရုစိုက်နေကြတယ်။ ဒါကြောင့်လည်း မြို့ပေါ်မှာ ကျောင်းထိုင်ဖြစ်အောင် ကြိုးစားကြတယ်။ လှူမယ့်လူမရှိရင် ဝယ်ယူကြတယ်။ မိမိဇာတိ တောရွာကိုတော့ တောထွက်ကြီးတွေလက်ထဲ ဘာဖြစ်ဖြစ်ဆိုပြီး ပစ်ထားကြတယ်။ ဒီကျင့်စဉ်တွေဟာ ဘုရားနဲ့ ဆန့်ကျင်ဘက် အရှင်ဒေဝဒတ်ရဲ့

http://www.dhammadownload.com



အသာစံတဲ့ကျင့်စဉ်ပဲ။

တောင်သာမြို့နယ်၊ ပန်းပေါင်းရွာကျောင်း ဆရာတော် ဦးကုန္တဝံသဆိုရင် မန္တလေးနားမှာ ကျောင်းရှိတယ်။ မနေဘူး။ ရွာကျောင်းပြန်ထိုင်ပြီး သာသနာပြုနေတာ ကိုရင် အပါး ၅၀ ကျော်ရှိတယ်။ ကျောင်းသားအယောက် နှစ်ရာကျော် ရှိ တယ်။ ပုံတော်မူခဲ့ပြီဖြစ်တဲ့ တောင်တန်းဆရာတော် ဦးဥတ္တမသာရ ဆိုရင် ရန်ကုန်မြို့ပေါ်မှာ ကျောင်းနှစ်ကျောင်းတောင် ရှိတယ်။ အဲဒီကျောင်းတွေ စွန့်လွှတ်လိုက်ပြီး ချင်းပြည်နယ်နဲ့နာဂတောင် တန်းတောကြီးထဲမှာသာသနာပြုလိုက်တာ ပုံတော်မူတဲ့ အထိ ပါပဲ။ ဒီဆရာတော်တွေဟာ ဗုဒ္ဓရဲ့အနာခံတဲ့ ကျင့်စဉ်ကို ကျင့် ကြတာပဲ။

ဒေါက်တာမြတ်သီတာ ရေနံ့သာဆေးရုံကို ရောက်စ တစ်ရက်ကပေါ့။ ရောဂါသည်အမျိုးသားကြီး တစ်ယောက် ရဲ့လက်ကို ယုယုယယ ကိုင်ကြည့်ပြီး ဦးလေးသက်သာရဲ့လား လို့လည်း မေးလိုက်ရော အမျိုးသားကြီးဟာ ဘာမှပြန်မဖြေ နိုင်ဘဲ ချုံးပွဲချပြီး ငိုရှာတယ်။

သန်း ။ ။ ဘာဖြစ်လို့ ငိုတာလဲဘုရား။

<u>နာမ်အာဟာရ စားလိုကြ</u>

နုပ် ။ ။ ဝမ်းသာလွန်းလို့ ငိုတာလို့ ပြောရမှာပေါ့။ သူတို့ကို ဦးလေး လို့ ခေါ်တာ ဒီတစ်ခါပဲ ကြုံဖူးလို့တဲ့။ အရင် သူတို့ကို အနူတို့ လက်ပရိုစီတို့ ဒီလိုပဲ ရင့်ရင့်သီးသီးခေါ်ကြတာကိုး။ ပြောရရင် နံ့သာမြိုင်တစ်ရွာလုံးနဲ့ ရေနံ့သာဆေးရုံက လူနာအားလုံးဟာ

http://www.dhammadownload.com



ရုပ်အာဟာရရော၊ နာမ်အာဟာရရော နှစ်မျိုးလုံး ဆာလောင်မွတ်သိပ်နေကြတာပါ။ ၂၀၀၇–ခုနှစ်က တို့ ပထမအကြိမ်သွားလှူသေးတယ်။

တို့တစ်တွေ စုပေါင်းလှူတဲ့ ၅၄–သိန်းသော ငွေတွေထက် သူတို့ကျွေးမွေးတာကို ငါန့်တကွ ခမ္မမိတ်ဆွေ တစ်ရာကျော်တို့ အားရပါးရ စားကြတာကို သူတို့က ပိုပြီး ဝမ်းသာကြတယ်။ အဲဒီအခေါက်တုန်းက ဆရာဝန်ဆရာမတွေ ချက်ကျွေးမယ့် အစီအစဉ်ကို နောက်ဆုတ်ခိုင်းပြီး ဝေဒနာရှင်မိသားစုတွေ ချက်ကျွေးတာကိုမှ စားတယ်ဆိုတာ ရုပ်အာဟာရအပြင် နာမ်အာဟာရကိုပါ ထောက်ပံ့ပေးလိုက်တဲ့ သဘောပါ။

ပြီးတော့ ဗဟုသုတမှတ်ထားရမှာက နှံ့သာမြိုင်မှာရှိတဲ့ လူတွေအားလုံးမှာ အနာကြီးရောဂါပိုးမရှိတော့ဘူးဆိုတာပဲ။ အမ်ဒီတီလို့ခေါ်တဲ့ ဆေးပေါင်းကို သောက်ပြီးကတည်းက သူတို့ကိုယ်မှာ ရောဂါပိုးမရှိတော့ဘူး။ အနာပျောက်သွားပေမယ့် အမာရွတ်ကျန်သလိုမျိုးဖြစ်နေတာကို ဆေးပညာဗဟုသုတ မရှိသူတွေက တအားကြောက်နေကြတာ။ လက်လေးတွေ တိုတာ၊ နှာခေါင်းချိုင့်ဝင်တာ၊ မျက်စေ့ဖွင့်မရတာတို့ဟာ ရောဂါပျောက်သွားပေမယ့် အမာရွတ်ကျန်နေတဲ့ သဘောမျိုးပါ။ သူတို့မှာ ရောဂါပိုး မရှိတော့တဲ့အတွက် သူတို့ မွေးလာတဲ့ ကလေးတွေအားလုံးက အကောင်းချည်းပဲ။ ဒါကြောင့် သူတို့နဲ့ လက်ဆွဲမိတ်ဆက်လို့ သူတို့ချက်ကျွေးတာ

http://www.dhammadownload.com



ကို စားလို့ ဘာရောဂါမှ မကူးနိုင်ဘူးဆိုတာ ဆေးပညာ ဗဟုသုတ အနေနဲ့ လူတိုင်း သိသင့်တယ်။

ပြီးတော့ အနာကြီးရောဂါဖြစ်လည်း ကြောက်စရာ မလိုတော့ဘူး။ အမ်ဒီတီဆိုတဲ့ ဆေးပေါင်းကို ခြောက်လ သောက်ရင် ပျောက်တာပဲ။ သိသိချင်းမြန်မြန်သောက်ရင် ပိုပြီး တော့ မြန်မြန်ပျောက်တယ်။ ငါပြောချင်တာလေးတွေက တော်တော်စုံသွားပြီကွ။ အခုပြောခဲ့တဲ့ စာမျက်နှာ တစ်ရာ လောက်ကို အကျဉ်းချုပ် အနှစ်ချုပ်လိုက်ရင် အခုလို ဖြစ်လာမယ်။

*အသာစံခြင်းဝါဒကို*
*အရှင်ဒေဝဒတ်တည်ထောင်ခဲ့သည်။*
*အသာစံခြင်းဝါဒ၏ နောက်ဆုံးပန်းတိုင်သည်*
*အပါယ်လေးပါး၊ အသာစံခြင်းဝါဒကို*
*တည်ထောင်ခဲ့သော အရှင်ဒေဝဒတ်ကိုယ်တိုင်*
*ယခုအခါတွင် အဝီစိငရဲ၌ကျရောက်နေပြီ ဖြစ်သည်။*
*အသာစံခြင်းဟူသည် ပယ်သတ်ရမည့်*
*သမုဒယသစ္စာတဏှာကို သိမ်းပိုက်ထားခြင်းဖြစ်သည်။*
*အနာခံခြင်းဝါဒကို ဗုဒ္ဓရှင်တော်မြတ်*
*တည်ထောင်တော်မူခဲ့သည်။*
*အနာခံခြင်းဝါဒ၏ နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန်၊*
*အနာခံခြင်းဝါဒကို တည်ထောင်ခဲ့သော*
*ဗုဒ္ဓရှင်ကိုယ်တော်မြတ်ကိုယ်တိုင် ယခုအခါ*

http://www.dhammadownload.com



*နိဗ္ဗာန်ချမ်းသာကို ခံစားနေပြီဖြစ်သည်။*
*အနာခံခြင်းဟူသည်ပယ်သတ်ရမည့်*
*သမုဒယသစ္စာခေါ် တဏှာကို*
*အလုပ်ဖြင့်လက်တွေ့ ပယ်သတ်ခြင်းဖြစ်သည်။*

ဘာကိုပဲလုပ်လုပ် ငါကောင်းစားတဲ့ဘက် ဦးတည်သွားရင် အရှင်ဒေဝဒတ်ရဲ့ အသာစံလမ်းစဉ်ဖြစ်သွားတာပဲ။ ဘာပဲလုပ်လုပ် လောကလူသားတွေ ကောင်းစားတဲ့ဘက် ဦးတည်လိုက်ရင် ဘုရားရှင်ရဲ့ အနာခံလမ်းစဉ်ဖြစ် သွားတာပဲ။ မင်းတို့ ငါတို့တွေဟာ ဘဝသံသရာအစကနေ အခုအချိန်တိုင်အောင် အသာစံတဲ့ လမ်းစဉ်နောက်ပဲ လိုက်ခဲ့ကြတယ်။ ဒါကြောင့်လည်း ဂင်္ဂါဝါဠုသဲစုမက ဘုရားတွေ ပွင့်ခဲ့ကြပေမယ့် တို့တွေဟာ ခုချိန်ထိအောင် ရဟန္တာအဖြစ်နဲ့ ကျွတ်တန်းမဝင်နိုင်ကြတာပေါ့။

<u>အနာခံသူငါးဦး</u>

ဗုဒ္ဓဘာသာမြန်မာအများစုဟာ အသာစံသူက များတယ်။ အနာခံသူက နည်းတယ်။ တစ်ခါ အနာခံသူထဲမှာလည်း အကြောင်းတရားမှာသာ အနာခံပြီး အကျိုးတရားမှာ အနာမခံသူကများတယ်။ အမှန်က အကြောင်းတရား အကျိုးတရား နှစ်မျိုးလုံးမှာ အနာခံမှ နိဗ္ဗာန်ရောက်မယ့် ပါရမီထိုက်တဲ့ အနာခံမှုလို့ ဆိုထိုက်တယ်။

သန်း ။ ။ အဲဒီအချက်က သိပ်နက်နဲတယ်ဘုရား။ တပည့်တော်တို့ လူငယ်တွေ နားလည်အောင် လက်တွေ့သာကေလေးတွေနဲ့

http://www.dhammadownload.com



ပြောပေးပါ။

နုပ် ။ ။ အေး . . . ပြောပေးမယ်။ ငါရယ်၊ ဝေမာလွင်ရယ်၊ မျိုးသန့်ရယ်၊ မသော်တာရယ်၊ ဒေါက်တာမြတ်သီတာရယ် ငါမွေးတဲ့နေရာမှာ စာကြည့်တိုက်လှူမယ့် ကိုဖြိုးတို့ ဖနီးမောင်နှံရယ်၊ ဒီငါးယောက်နဲ့ဥပမာပြလိုက်ရင် မင်းသဘောပေါက်သွားမယ်။ ငါဟာ စာပေရော တရားဟောမှာပါ အခုလို အောင်မြင်အောင် အသက် ၁၃–နှစ်သားကနေ စပြီးကြိုးစားအားထုတ်ခဲ့ရတယ်။

စာသင်သား ဘဝတုန်းကဆိုရင် အခွင့်အရေးရလို့ တခြားစာသင်သားတွေ ပွဲသွားကြည့်တဲ့အချိန်မှာ ငါ တရားသွားနာတယ်။ နွေအခါ ကျောင်းပိတ်လို့ စာသင်သားတွေ လည်ကြပတ်ကြတဲ့အချိန်မှာ ငါက ဆရာဘုန်းကြီးတွေရဲ့ ဘီရိုထဲက စာအုပ်စာစောင်မျိုးစုံကို ဖတ်တယ်၊မှတ်တယ်။ တချို့စာသင်သားတွေက ဥပုသ်နေ့ဆို အပြင်ထွက်သူက ထွက်တယ်။ ဘာမှမလုပ်ဘဲ နားသူကနားတယ်။ ငါ့ကတော့ တိုက်အုပ်ဆရာတော်ကြီးဟောတဲ့ ဥပုသ်နေ့တရားကို နာတယ်မှတ်တယ်။ တချို့က သုံးစရာ ပိုက်ဆံရှိလာရင် ကက်ဆက်သေးသေးလေးတွေ၊ ရေဒီယိုလေးတွေ ဝယ်ပြီး ဖွင့်နားထောင်ကြတယ်။ ငါကတော့ ပိုက်ဆံ နည်းနည်းရှိတာနဲ့ စာအုပ်ဝယ်ဖတ်တာပဲ။ အဲဒါတွေကို အကြောင်းတရားမှာ အနာခံတာလို့ ခေါ်တယ်။ ခုချိန်မှာ စာအုပ်တွေရော တရားခွေတွေရော အောင်မြင်လာပြီ။ ကိုယ်ဖြစ်ချင်တာတွေ ဖြစ်လာပြီ။ ဒီအချိန်မှာ သိန်းထောင်ချီတန်တဲ့ ကားကြီးတွေ စီးမယ်ဆိုရင် စီးနိုင်ပြီ။ အဲယား

http://www.dhammadownload.com



ကွန်းတွေ စလောင်းတွေနဲ့ ဖိမ်ခံမယ်ဆိုရင်လည်း ဖိမ်ခံလို့ရပြီ။

အဲဒီလို ဖိမ်မခံဘဲနဲ့ သစ်သားကျောင်းဆောင်လောက် ဆောက်ပြီး ဖြစ်သလိုနေတယ်။ ခရီးဝေးလမ်းကြမ်းတွေ ဆိုရင် ညီတော်မောင်စိုးတင့်ဝယ်ထားတဲ့ ဟိုင်းလတ်ကားကြီးနဲ့ ကြွ တယ်။ အရဏ်ဆွမ်းဆိုရင် များသောအားဖြင့် ဟင်းတစ်ခွက် အများဆုံး နှစ်ခွက်လောက်ပဲ စားတယ်။ ဒါပေမဲ့ လူမျိုးမရွေး ဘာသာမရွေး ဒုက္ခသည်အားလုံးကို ကူညီထောက်ပံ့တယ်။ အဲဒါအကျိုးတရားမှာပါ အနာခံတာပဲ။ အခုလိုအကြောင်း တရား အကျိုးတရား နှစ်မျိုးစလုံးမှာ အနာခံမှ ပါရမီထိုက်တဲ့ အနာခံမှုလို့ ခေါ်တယ်။

ဒီလို အောင်မြင်တဲ့ဘဝရောက်လာအောင် ငါ တစ် ယောက်တည်း အပင်ပန်းခံ ကြိုးစားခဲ့ရတာ။ ဒီအောင်မြင် မှုအကျိုးတွေကို ငါပဲ ခံစားမယ်ဆိုရင် အကြောင်းတရားမှာသာ အနာခံပြီး အကျိုးတရားမှာ အနာမခံတာပဲ။ ဒါမျိုးက နိုင်ငံရေး မှာလည်း ရှိတာပဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ အကြောင်းတရား အကျိုးတရား နှစ်မျိုးလုံးမှာ အနာခံတဲ့သူပဲ။ မြန်မာပြည် လွတ်လပ်ရေးရအောင် သူဟာ ကြိုးပမ်း အားထုတ်ခဲ့တယ်။

အဲဒါအကြောင်းတရားမှာ အနာခံတာပဲ။ အခု နိုင်ငံ လွတ်လပ်ရေးရတာလည်း သူ့ကျေးဇူးကြောင့်ပါပဲ။ နိုင်ငံ လွတ်လပ်ရေးရလျှင် စာရေးဆရာလုပ်မယ်လို့ သူဟာ အတိ အလင်း ပြောထားပြီးသားပါ။ အဲဒါ အကျိုးတရားမှာပါ အနာခံ တာပါ။ ဒီနိုင်ငံလွတ်လပ်ရေးရအောင် ငါလုပ်ခဲ့တာ။ ဒီနိုင်ငံမှာ

http://www.dhammadownload.com



ငါပဲ သေတဲ့အထိ ဝန်ကြီးချုပ်အဖြစ်၊ သို့မဟုတ် သမ္မတအဖြစ် အုပ်ချုပ်မယ်ဆိုရင် အကြောင်းတရားမှာသာအနာခံပြီး အကျိုးတရားမှာ အနာမခံသူပါ။

ဝေမာလွင်ဟာ အမေရိကန်မှာ ခုလိုနေထိုင် ပညာသင်ခွင့်ရအောင် သူ့မိဘများနဲ့အတူ အများကြီး ကြိုးစားခဲ့ရတာပါ။ ဒါအကြောင်းတရားမှာ အနာခံတာပါ။ ခုလို နေထိုင်ခွင့်ရပြီး ပညာသင်ခွင့်ရပြီ ဆိုတဲ့အခါ ရသမျှငွေကြေးကို ငါ အပင်ပန်းခံ အဆင်းရဲခံလို့ ခုလိုငွေကြေးတွေရတာ။ ငါပဲ သုံးစွဲမယ်ဆိုရင် အကြောင်းတရားမှာသာအနာခံပြီး အကျိုးတရားမှာ အနာမခံသူပေါ့။ အခုတော့ အာရုံငါးပါး ခံစားဖို့အတွက် သုံးရမယ့်ငွေကိုမသုံးဘဲ မိမိအပေါ် ကျေးဇူးအများဆုံး မြန်မာပြည်မှာ နှစ်စဉ်လာပြီး လှူမယ်ဆိုတာ အကြောင်းတရား၊ အကျိုးတရား နှစ်မျိုးစလုံးမှာ အနာခံခြင်းပါပဲ။

## ကတော်နဲ့မတူသူ

မောင်မျိုးသန့်တို့ မသော်တာတို့ဟာလည်း အခုလို အကောက်ခွန်ဦးစီးမှူးဘဝရောက်လာအောင် နှစ်ပေါင်း ၂၀ လောက် ကြိုးစားခဲ့ရတယ်။ ဒါ အကြောင်းတရားမှာ အနာခံတာပါ။ အခု အကောက်ခွန်ဦးစီးမှူးဖြစ်လာပြီ။ ဒီလို ဖြစ်လာအောင် ငါ့မှာ အချိန်တွေငွေတွေအများကြီးရင်းနှီးခဲ့ရတာ။ အခုလို အကောက်ခွန်ဦးစီးမှူး ဖြစ်ချိန်မှာ ငါ့အိတ်ထဲငွေတွေရသလောက်ထည့်မယ်ဆိုရင် အကျိုးတရားမှာ အနာမခံတာဘဲ။

မသော်တာဆိုရင်လည်း အသက် ၃၀–ကျော်အရွယ်

http://www.dhammadownload.com



ဆိုတာ လှလှပပ ဝတ်စားဆင်ယင်နေတတ်တဲ့အရွယ်ပါ။ စိန်လက်စွပ်တွေ၊ ဆွဲကြိုးတွေ၊ လက်ကောက်တွေနဲ့ အရာရှိကတော်အများစုဟာ ဒီလိုပဲနေတတ်ကြပါတယ်။ အခု မသော်တာကို လှမ်းကြည့်လိုက်ရင် အရာရှိကတော်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး။ သာမန် မရှိမရှား အရပ်သူတစ်ယောက်ပဲလို့ထင်ကြမှာပါ။ အခုတော့လင်မယား နှစ်ယောက်စလုံးဟာ ရလာသမျှကို လောကအတွက် သာသနာအတွက် စွန့်လွှတ်လှူဒါန်းကြတယ်ဆိုတာ အကြောင်းတရား၊ အကျိုးတရား နှစ်မျိုးစလုံးမှာ အနာခံကြတာပါပဲ။

ဒေါက်တာ မြတ်သီတာဆိုရင် ဆရာဝန်ဖြစ်လာအောင် အချိန်တွေ၊ ငွေတွေ၊ ကာယအားတွေ၊ ဉာဏအားတွေ အများကြီး စိုက်ထုတ်ကြိုးစားခဲ့ရတယ်။ အဲဒါအကြောင်းတရားမှာ အနာခံတာပဲ။ အခု ဆရာဝန်တစ်ယောက်ဖြစ်လာပြီ။ ဒီလို ဆရာဝန်တစ်ယောက်ဖြစ်လာအောင် ငါ ငွေတွေ အများကြီး စိုက်ထုတ်ခဲ့ရတယ်။ အခုလို ဆရာဝန်ဖြစ်သခိုက်မှာ ငါစိုက်ထုတ်ခဲ့သမျှရဲ့ အဆတစ်ထောင်မကအောင် ပြန်ယူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငွေများများရတဲ့ နေရာပဲ ရွေးနေမယ်ဆိုရင် အကျိုးတရားမှာ အနာမခံတာပါပဲ။

အခုတော့ ဒေါက်တာမြတ်သီတာဟာ အောက်ဆိုက်ငွေ လုံးဝမရနိုင်တဲ့ ရေနံ့သာဆေးရုံကြီးမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်နေတယ်ဆိုတာ အကြောင်းတရား၊ အကျိုးတရားနှစ်မျိုးလုံးမှာ အနာခံလိုက်တာပါပဲ။ ငါ့ကို မွေးတဲ့နေရာ၊

http://www.dhammadownload.com



အမရပူရမြို့၊ နန်းတော်ရာစံပြကွက်သစ် မြို့သူမြို့သားတွေ အတွက် စာကြည့်တိုက်လေး ဆောက်ပြီး ကျေးဇူးဆပ်ချင်နေတာ ကြာပါပြီ။ ဒါပေမဲ့ သူထက် အရေးကြီးတဲ့ နေရာတွေမှာ လှူဒါန်းနေရတော့ စာကြည့်တိုက်ကို တော်တော်နဲ့ မစဖြစ်ပါဘူး။

ဒီအချိန်မှာ မန္တလေးမြို့ပေါ်က အသက် ၃၀ ဝန်းကျင်လောက်သာ ရှိသေးတဲ့ ကိုဖြိုးနဲ့သူ့ဇနီး မသူသူအေးတို့က စာကြည့်တိုက်ဆိုတာ လောကအတွက် သိပ်ကျေးဇူးများတယ်ဆိုတာ သေချာသိထားလို့ သူတို့တတ်နိုင်သမျှ လစဉ်လှူမယ်ဆိုပြီး လှူနေတာ အခုဆိုရင် သိန်းတစ်ရာနီးပါး ရှိနေပြီ။ အဆောက်အဦလည်း စနေပါပြီ။ ငါနေခဲ့တဲ့ မူလတန်းကျောင်းဝိုင်းထဲမှာ နှစ်ထပ်ကျောင်းတစ်ကျောင်းကို ငါ ဆောက်လှူတာကလည်း မပြီးသေးဘူး။ ဒါကြောင့် စာကြည့်တိုက်ကို ငါ အားမထည့်နိုင်သေးတာ။

ဒီကိုဖြိုးတို့ လင်မယားဟာလည်း အခုလို ဖုန်းအရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်နိုင်အောင် ငွေ၊ အဆက်အသွယ်၊ အချိန်၊ မိတ် အများကြီး ကြိုးစားခဲ့ရတယ်။ ဒါဟာ အကြောင်းတရားမှာ အနာခံခဲ့တာပဲ။ အခုဆိုရင် လုပ်ငန်းအခြေအနေအရ ငွေကြေးအတော်များများနဲ့ လည်ပတ်လုပ်ကိုင်နိုင်နေပြီ။ ငါတို့ ကြိုးစားခဲ့လို့ ဒီအခြေအနေရောက်လာတာ။ ငါတို့ပဲ ကားကောင်းကောင်းစီးမယ်။ ငါတို့ပဲ တိုက်ကောင်းကောင်း ဆောက်မယ်ဆိုရင် အကျိုးတရားမှာ အနာမခံတာပါ။

http://www.dhammadownload.com



## ဗုဒ္ဓဘာသာခေါင်းဆောင်းထားသူ

အခုတော့ သူတို့လင်မယားနှစ်ယောက်ဟာ သူတို့အတွက် အာရုံခံစားမယ့် နေရာတွေကို လျှော့ချပြီး စာကြည့်တိုက်အတွက် လစဉ်လှူဒါန်းနေတာဟာ အကြောင်းတရား၊ အကျိုးတရားနှစ်မျိုးလုံးမှာ အနာခံလိုက်တာပါပဲ။ တစ်ခု သတိထားရမှာက အကြောင်းတရားမှာသာအနာခံပြီး အကျိုးတရားမှာ အနာမခံသူဟာ အသာစံသူနဲ့ အတူတူပဲဆိုတဲ့ အချက်ပဲ။ အကြောင်းတရားမှာသာ အနာခံပြီး အကျိုးတရားမှာ အနာမခံချင်သူကို ဗုဒ္ဓဘာသာခေါင်းဆောင်းထားတဲ့ ဒေဝဒတ်ရဲ့ တပည့်လို့ ဆိုရမယ်။ သူတို့ဟာ ပညာတတ် လူမိုက်တွေဖြစ်လို့ ရိုးရိုးလူမိုက် အသာစံသူထက်တောင် ပိုကြောက်စရာကောင်းတယ်။

မြန်မာပြည်သားအများစုဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်တဲ့အတွက် ဗုဒ္ဓရဲ့တပည့်တွေပဲ။ ဗုဒ္ဓရဲ့တပည့်အမည်ခံထားရင် ဗုဒ္ဓရဲ့လမ်းစဉ်ကိုပဲ လိုက်ရမယ်။ ဗုဒ္ဓရဲ့လမ်းစဉ်က အကြောင်းတရား၊ အကျိုးတရားနှစ်ခုလုံးမှာ အနာခံတာပဲ။ ဗုဒ္ဓဘာသာဝင်ပါလို့ အမည်ခံထားပါလျက် အသာစံတဲ့လမ်းစဉ်ကို လိုက်မယ်(သို့မဟုတ်) အကြောင်းတရားမှာသာ အနာခံပြီး အကျိုးတရားမှာ အနာမခံဘူးဆိုရင် ဗုဒ္ဓဘာသာ ခေါင်းဆောင်းထားတဲ့ အရှင်ဒေဝဒတ်ရဲ့ တပည့်များလို့ပဲ သတ်မှတ်ရလိမ့်မယ်

မေတ္တာရှင်(ရွှေပြည်သာ)

http://www.dhammadownload.com



## အကျိုးစီးပွားသုံးမျိုးယှဉ်ခဲ့လျှင်

ပထမအနေဖြင့် မိသားစုအကျိုးစီးပွားကို ဆောင်ရွက်ရ၏။ ထို့ နောက် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက်ရ၏။ ထို့နောက် လူသားများ သို့မဟုတ် ကမ္ဘာ့အကျိုးစီးပွားကိုဆောင်ရွက်ရ၏။ အကျိုး စီးပွားသုံးမျိုးစလုံးသည် အချင်းချင်း မှီလျက်ရှိကြ၏။ ထို့ကြောင့် အကျိုးစီးပွားသုံးမျိုးလုံးကို သူ့အတိုင်းအတာနှင့်သူ အလေးအမြတ်ပြုအပ်၏။ မိသားစုအကျိုးစီးပွားကွက်ကွက်ကိုသာဦးတည်၍ဆောင်ရွက်ရန် မဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော မိသားစုအကျိုးစီးပွား၏နောက်ကွယ်၌ အမျိုးသားအကျိုးစီးပွားသည်ရှိပြန်၏။ ယင်း၏နောက်ကွယ်၌ ကမ္ဘာ့အကျိုးစီးပွားသည်ရှိပြန်၏။ ဤသို့လျှင် (၁) မိမိ (၂) မိမိ၏ အမျိုးသား (၃) ကမ္ဘာဟူ၍ ဖြစ်စဉ်များသည် ဝမ္ဘတာအားဖြင့် သုံးမျိုးရှိကြ၏။ သို့ဖြစ်၍ အမျိုးဘာသာ၊ သာသနာအတွက် ဆောင်ရွက်ရာ၌ ဝမ္ဘတာကိုကျော်လွန်ပြီး ဆောင်ရွက်၍မရ။

ထို့ကြောင့် ငါ့အတွက် ကွက်ကွက်လေးကိုသာ ကြည့်ပြီး ဆောင်ရွက်လျှင်လည်း ဝမ္ဘတာကို ကျော်လွန်ဆောင်ရွက်ရာ ရောက်သောကြောင့် အောင်မြင်ရန် ခဲယဉ်း၏။ အကယ်၍ အောင်မြင်ပါကလည်း ပူပူလောင်လောင် အောင်မြင်ခြင်းမျိုးဖြစ်၍ ရေရှည်တည်တံ့ရန် ခဲယဉ်းပြန်၏။ ထို့ကြောင့် မိမိ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်တော့မည်ဆိုလျှင် အမျိုးသား အကျိုးစီးပွားနှင့်ထိပ်တိုက်ရင်မဆိုင်ရလေအောင် ဆင်ခြင်ရ၏။ တစ်ဖန် အမျိုးသားအကျိုးစီးပွားအတွက် ဆောင်

http://www.dhammadownload.com



ရွက်တော့မည်ဆိုလျှင်လည်း ကမ္ဘာ့အကျိုးစီးပွားနှင့် ဆန့်ကျင်ဘက် မဖြစ်ရလေအောင် အမြဲတမ်း သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ ဆင်ခြင်အပ်၏။

ဘာသာအတွက် ဆောင်ရွက်ရာ၌လည်းကောင်း၊ သာသနာတော်အတွက် ဆောင်ရွက်ရာ၌လည်းကောင်း၊ ထိုနည်းအတူ ဓမ္မတာကို မကျော်လွန်ဘဲ မိမိအဆင့်၊ အမျိုးသားအဆင့်၊ ကမ္ဘာ့အဆင့် ဟူ၍ အဆင့်လိုက် ဆောင်ရွက်ရ၏။ ဤသို့ဆောင်ရွက်မှုလည်း ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်ရာရောက်၏။ ငါ့မိသားစုကိစ္စ ငါကောင်းသည့် ထင်သလို လုပ်မည်ဟူသောခံယူချက်မျိုး မရှိကောင်းပေ။ အကယ်၍ ထိုခံယူချက်မျိုးရှိလျှင်လည်း ဗုဒ္ဓဘာသာ ခံယူချက် မဟုတ်။ မတရားသဖြင့် အနိုင်ကျင့်၍ ဆောင်ရွက်ခြင်းမျိုးသာ ဖြစ်၏။

ဒကာများဘက်ကလည်း အမျိုးဘာသာ သာသနာကို မြန်မာနိုင်ငံ၌ တည်ဆောက်ရာတွင် မိမိတို့၏ သန္တာန်၌ ဓမ္မဝိနယကိုသာ အခြေခံအုတ်မြစ်အနေဖြင့် ခံယူထားဖို့လို၏။ အကယ်၍ ဓမ္မဝိနယကို အခြေခံအုတ်မြစ်အဖြစ် ခံယူမထားဘဲ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည်ဖြင့် ကိလေသာ တန်းလန်းရှိသော ပုထုဇဉ်တို့၏ ဝါဒများကိုသာ အခြေခံအုတ်မြစ်အနေဖြင့် ခံယူပြီး အမျိုးဘာသာ၊ သာသနာကို တည်ဆောက်မည်ဆိုပါက မြန်မာနိုင်ငံ၌ စစ်မှန်သော ငြိမ်းချမ်းမှုနှင့် စစ်မှန်သော ချမ်းမြေ့မှုကို ရရှိရန် ခက်ခဲပါ၏။ အဘယ့်ကြောင့်ဆိုသော် ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊

http://www.dhammadownload.com



အရင်းရှင်ဝါဒ စသည်တို့သည် ကိုယ်ကျင့်သိက္ခာမြင့်မားမှု အပေါ်၌ အခြေမခံဘဲ စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာ ကြွယ်ဝမှုအပေါ်၌သာ အခြေခံသောကြောင့်ဖြစ်၏။

အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာမြင့်မားမှုအပေါ်၌ အခြေမခံဘဲ ရရှိလာသော စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာ ကြွယ်ဝမှုသည် အတ္တကို ကြီးသည်ထက်ကြီးအောင်၊ ခိုင်မာ သည်ထက် ခိုင်မာအောင်သာ တည်ဆောက်ပေးနိုင်ပါ၏။ အတ္တကြီးမားလာသည်နှင့်အမျှ အတ္တခိုင်မာလာသည်နှင့်အမျှ ငါ့မိသားစု ကောင်းစားရေးသာ ပဓာနဟူသော ခံယူချက်သည် ခိုင်မာလာ၏။ ထို့ထက်ရင့်လျှင် ငါ့လူမျိုးကောင်းစား ရေးသာ ပဓာနဟူသောအမြင်သည် ခိုင်မာလာ၏။ ကမ္ဘာ့သမိုင်းကို ကြည့်လျှင် ငါ့မိသားစု ကောင်းစားရေးသာ ပဓာနဟူသော သက်ဦးဆံပိုင်စနစ်သည်လည်း ဓမ္မတာနှင့် ဆန့်ကျင်သော ကြောင့် ကျဆုံးခဲ့ရကြောင်း တွေ့မြင်ရ၏။ လူမျိုးကောင်းစားရေး သာ ပဓာနဟူသော ဖက်ဆစ်ဝါဒနှင့် နာဇီဝါဒများသည်လည်း ဓမ္မတာနှင့် ဆန့်ကျင်သောကြောင့် ကျဆုံးခဲ့ရကြောင်း တွေ့မြင် ရ၏။

သို့ဖြစ်လေရာ အတ္တအပေါ် အခြေခံသောဝါဒ ဟူသမျှ သည် ဓမ္မတာနှင့် ဆန့်ကျင်သောကြောင့် စစ်မှန်သော ငြိမ်းချမ်း မှုနှင့် စစ်မှန်သောချမ်းမြေ့မှုကို မဖြစ်စေနိုင်သဖြင့် တစ်ခုသော နေ့၊ တစ်ခုသောအချိန်တွင် မလွဲမသွေ ကျဆုံးမည်ဖြစ်ကြောင်း ယုံမှားသံသယ မရှိအပ်ပါချေ။ အနတ္တအပေါ် အခြေခံသော

http://www.dhammadownload.com



ထေရဝါဒသည်သာလျှင် ဓမ္မတာနှင့် မဆန့်ကျင်သောကြောင့် စစ်မှန်သော ချမ်းမြေ့မှုကို ဖြစ်စေနိုင်သဖြင့် ကမ္ဘာတည်သရွေ့ တည်ရှိမည်ဖြစ်၏။ ထေရဝါဒဗုဒ္ဓဘာသာ သည်သာလျှင် စိတ်ဓာတ်ခိုင်မာမှုနှင့် အသိကြွယ်ဝမှုကို ကိုယ်ကျင့်သိက္ခာ မြင့်မားမှုအပေါ်၌ တည်ဆောက်ထားသောကြောင့် အခြား ဝါဒများက တည်ဆောက်ပေးသောစိတ်ဓာတ် ခိုင်မာမှုနှင့် အသိပညာ ကြွယ်ဝမှုတို့နှင့်မတူဘဲ ဓမ္မတာအရ မိမိ၏ မိသား စုကိုလည်း ကောင်းစားစေ၏။ မိမိလူမျိုးကိုလည်း ကောင်းစား စေ၏။ ကမ္ဘာလောကအတွင်းရှိ လူသားအားလုံးကိုလည်း ကောင်းစားစေ၏။

ထေရဝါဒနှင့် အခြားဝါဒများ၏ အဓိကခြားနားချက်မှာ ဤသို့ ဖြစ်၏။ ထေရဝါဒသည် ဉာဏ်စွမ်းရှိသလောက်၊ ဝီရိယစွမ်းရှိသလောက် ကြိုးစား၍ ရလာသော အကျိုးအမြတ် ဟူသမျှကို လောကအတွက် စွန့်လွှတ်ခြင်း၊ အလောဘ၌ ရသကိုရှာ၏။ အခြားဝါဒများကား ဉာဏ်စွမ်းရှိသလောက်၊ ဝီရိယစွမ်းရှိသလောက် ကြိုးစား၍ ရလာသော အကျိုးအမြတ် ဟူသမျှကို မိမိအတွက် သိမ်းပိုက်ခြင်း၊ လောဘ၌ ရသကို ရှာ၏။ ဤသို့လျှင် ဝါဒနှစ်မျိုးသည် ဦးတည်ချက် ပန်းတိုင်ချင်း ခြားနား၏။

ဆရာကြီးဦးရွှေအောင်

*(၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလထုတ်၊ ဗျာဒိတ်ပန်းမဂ္ဂဇင်းပါ အမျိုးဘာသာ၊ သာသနာဆောင်းပါးမှ)*

http://www.dhammadownload.com



## စာပေသုံးမျိုးနှင့် စာဖတ်နည်းသုံးမျိုး

"စာပေသည် ကွမ်းယာနှင့် တူသောစာ၊ ကြံနှင့် တူသောစာ၊ နွားနို့နှင့် တူသောစာဟု သုံးမျိုးရှိသည်။ ပစ္စက္ခ၊ သံသရာ၊ လောကီ၊ လောကုတ္တရာ ဘာမျှအကျိုးမရှိသော အပစ်အခတ်၊ အညစ်အပတ်၊ ချစ်ကြိုက်ညားကွဲ အကြောင်းအရာများကိုသာ ရေးထားသောစာအုပ် မျိုးသည် အရည်ရော အဖတ်ရော ထွေးပစ်ရသည့် ကွမ်းယာနှင့် တူသောစာပေမျိုးတည်း။ ပစ္စက္ခဘဝနှင့် လောကီအတွက်သာ အကျိုးရှိသော ဘဝပညာ ပေးစာအုပ်များ၊ တက်ကျမ်းစာအုပ်များသည် အရည်ကို မျိုချပြီး အဖတ်ကို ထွေးထုတ်ရသည့်ကြံနှင့်တူသော စာပေမျိုး တည်း။ ပစ္စက္ခ၊ သံသရာ၊ လောကီ၊ လောကုတ္တရာ သုတရသနှစ်မျိုး လုံးပါအောင် ရေးထားသောစာအုပ်မျိုးသည် အရည်ရော အဖတ်ပါ မျိုချရသည့်နွားနို့နှင့် တူသောစာပေမျိုးတည်း။ သက်တမ်းတိုသည့် အချိန်ဖြစ်သောကြောင့် မှန်ကန်သော၊ အကျိုးရှိသော၊ စိတ်ဝင်စား ဖွယ်ကောင်းသော အင်္ဂါသုံးချက် နှင့် ညီသော စာအုပ်များကိုသာ ဦးစားပေး၍ ဖတ်သင့်သည်။

စာဖတ်နည်းသည် စာရေးဆရာ နောက်မှ လိုက်ဖတ် ခြင်း၊ စာရေးဆရာနှင့် ရင်ဘောင်တန်းဖတ်ခြင်း၊ စာရေးဆရာ ကို ကျော်ဖတ်ခြင်းဟူ၍ သုံးမျိုးရှိသည်။ ထိုတွင် စာရေးဆရာ ရေးသလောက်သာ သိခြင်းသည် စာရေးဆရာနောက်မှ လိုက်ဖတ်ခြင်းဖြစ်သည်။ စာရေး ဆရာ၏ ရည်ရွယ်ချက်နှင့် စေတနာကိုပါ သိအောင်ဖတ်ခြင်းသည် စာရေးဆရာကို

http://www.dhammadownload.com



ရင်ဘောင်တန်းဖတ်ခြင်းဖြစ်သည်။ မည်သည့်စာကို ဖတ်ဖတ်၊ အနတ္တဆိုက်အောင် ဖတ်နိုင်ခြင်းသည့် စာရေးဆရာကို ကျော်၍ ဖတ်ခြင်းဖြစ်သည်။ အနည်းဆုံး စာရေးဆရာကို ရင်ဘောင် တန်းဖတ်နိုင်မှသာ စာဖတ်ရကျိုးနပ်ပါသည်။

မေတ္တာရှင်(ရွှေပြည်သာ)

http://www.dhammadownload.com

# ဆရာတော် အရှင်ဇဝန မေတ္တာရှင်(ရွှေပြည်သာ)၏

## ထုတ်ဝေပြီးစာအုပ်များ

၁။ မျက်ရည်မကျခင် သိစေချင်
၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း(၁)
၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း(၂)
၄။ သရဏဂုံအစွမ်း အံ့မခန်း
၅။ မေတ္တာအစွမ်း အံ့မခန်း
၆။ သီလအစွမ်း အံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မဂ်တားဖိုလ်တား အန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာရသစာစုများ (မင်းဟိန်းထိဝ်နှင့်အတူ)
၁၁။ မြန်မာတို့၏အသက်
၁၂။ အရှုံးမရှိသော ဒဿန
၁၃။ Aprofitable Philosophy
၁၄။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၁+၂)
၁၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၃+၄)
၁၆။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (၅+၆)
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ (၁)
၁၉။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ (၂)
၂၀။ မိရိုးဖလာဗုဒ္ဓဘာသာနှင့်
တကယ့်ဗုဒ္ဓဘာသာ (အိတ်ဆောင်)
၂၁။ တကယ့်ဗုဒ္ဓဘာသာနှင့်
သစ္စာလေးပါး (အိတ်ဆောင်)
၂၂။ ကျောင်းအမ နတ်သမီးအလှကြီး (အိတ်ဆောင်)
၂၃။ စုန်လမ်းနှင့်ဆန်လမ်း (အိတ်ဆောင်)

http://www.dhammadownload.com

# ဆရာတော် အရှင်ဇဝန မေတ္တာရှင်(ရွှေပြည်သာ)၏

## “ထုတ်ဝေပြီးစာအုပ်များ”


၂၄။ အသေမြတ်ချင် သေနည်းသင် (အိတ်ဆောင်)
၂၅။ အစာစားရင်း မဂ်ဖိုလ်ရအောင်
ကျင့်ဆောင်ခြင်း (အိတ်ဆောင်)
၂၆။ မေတ္တာဖြင့် စီးပွားရှာခြင်း
၂၇။ သညာသိနှင့် ပညာသိ (သုဒ္ဓဝိပဿနာကျင့်စဉ်)
၂၈။ ဆရာကောင်းကို ရှာဖွေခြင်း
၂၉။ မဂ်ဖိုလ်ရမည့် သမာဓိအဆင့်ဆင့်
၃၀။ ကိုးဆယ့်နှစ်ကမ္ဘာ ဝိုခဲ့ရသူများအကြောင်း
၃၁။ ထေရဝါဒ မှတ်ကျောက်
၃၂။ ကာယကံမေတ္တာ(အိတ်ဆောင်)
၃၃။ စိတ်ဝင်စားဖွယ်ကောင်းသောစာတစ်စောင်နှင့်
အခက်ဆုံးမေးခွန်းသုံးခု(အိတ်ဆောင်)
၃၄။ ဗုဒ္ဓဘာသာခေါင်းဆောင်းထားသော
အရှင်ဒေဝဒတ်၏တပည့်များ
၃၅။ လူဖြစ်ရခြင်း၏အဓိကရည်ရွယ်ချက်
၃၆။ ဖယောင်းတိုင်တစ်တိုင်၏အလင်းရောင်နှင့် ဒဿန ရသ ဝတ္ထုတိုများ
၃၇။ သင် လူတစ်ယောက်ဖြစ်ပြီလား
၃၈။ Willing to let you know before your tear has fallen down
၃၉။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာအတွဲ(၇)
၄၀။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ(၃)
ယခု
လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ အတွဲ(၈)


<u>ဆက်လက်ထွက်ရှိမည့်စာအုပ်</u>


၁။ ဖန်ဆင်းရှင်သုံးဦး